
http://www.cherrythitsar.org



စာအုပ်အမှတ် ( ၉၈ )

Quality Publishing House
အမှတ် ၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၆၄၁၄၊ ၇၂၁၀၆၇၊ ၂၈၂၆၀၄

## ပြည်သူ့သဘောထား

ပြည်ထောင်စု မပြိုကွဲရေး **ဒို့အရေး**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး **ဒို့အရေး**

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **ဒို့အရေး**

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

# စိတ်

နှင့်

# အခြားဝတ္ထုတိုများ

## ဆုရှင်များ

စာမူခွင့်ပြုချက်အမှတ် - ၈၂၁/ ၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၈၅/ ၂၀၀၂ (၁၀)

## စီစဉ်သူ

ကိုမြင့်ထွန်း

## ပုံနှိပ်ခြင်း

ပထမအကြိမ် - (၂၀၀၂၊ နိုဝင်ဘာ)
အုပ်ရေ - (၅၀၀)

မျက်နှာဖုံးပန်းချီ - တင်မောင်မျှင့်
ကာလာခွဲ - ***Alpha***
ကွန်ပျူတာစာစီ - ***Quality***
အတွင်းဖလင် - ***Quality***

## ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈)လမ်း၊ ရန်ကုန်မြို့။

## ထုတ်ဝေသူ

ဦးကျော်ဆန်း (ရဲအောင်စာပေတိုက်) (၀၉၃၂)
အမှတ် (၂)၊ ချွန်း (၁) လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

တန်ဖိုး - ၇၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | စိတ် | .... | ၁ |
| ၂။ | စိတ္တံ စိတ် | .... | ၁၆ |
| ၃။ | စိတ္တဇတရားခံ | .... | ၃၇ |
| ၄။ | အားကစားသမားစိတ် | .... | ၅၃ |
| ၅။ | စိတ်အင်အား | .... | ၇၈ |
| ၆။ | စိတ္တဇရန်ငြိုး | .... | ၉၃ |
| ၇။ | စိတ္တဇခရီးသည် | .... | ၁၀၆ |
| ၈။ | ဆရာဝန်ရှူး | .... | ၁၂၆ |
| ၉။ | ကြောက်စရာရက်ချိန်း | .... | ၁၄၂ |
| ၁၀။ | ကြောက်တမ်းကစားမယ် | .... | ၁၆၁ |
| ၁၁။ | စိတ္တဇဥယျာဉ်မှူး | .... | ၁၈၀ |
| ၁၂။ | သံသရာလည်ခြင်း | .... | ၂၂၀ |
| ၁၃။ | ၁၁ နာရီအော်သံ | .... | ၂၂၈ |

# စိတ်

ဂျပန်က အမေရိကန်နှင့် အင်္ဂလိပ်တို့အား စစ်မကြေညာမီ တစ်လ ခန့်က အတော်အတန် ချမ်းအေးသော နိုဝင်ဘာ ညဥ့်ခုနစ်နာရီခွဲ အချိန် လောက်တွင် မင်္ဂလာဒုံစခန်းနှင့် တစ်မိုင်ခန့်ဝေးသည့် ပြည်လမ်းပေါ်ရှိ လူပြတ် သော နေရာတစ်ခု၌ အသက်အစိတ်ခန့်ရှိ ရုပ်ဆင်းသဏ္ဌာန်နှင့်ပြည့်စုံသော မိန်းကလေးတစ်ယောက်သည် 'အော်စတင်'ကားကလေးတစ်စီးကို ရန်ကုန် ဘက်သို့ ဦးတည်ကာ တစ်ယောက်တည်း မောင်းနှင်လျက်ရှိလေသည်။

တိုက်ကြီးမှ ထွက်ခဲ့ပြီးနောက် နေလုံးပျောက်သည်နှင့်တစ်ပြိုင်နက် ဆီးနှင်းများ ထူထပ်စွာ ကျရောက်လာရာ မိန်းမပျိုသည် မိုင်နှစ်ဆယ့်ငါး၊ သုံးဆယ်နှုန်း မောင်းနှင်လျက်ရှိရာမှ ဆယ့်ငါး၊ နှစ်ဆယ်အထိ လျှော့ချလိုက်ရ ၏။ ထောက်ကြံ့ကို လွန်ခဲ့ပြီးနောက် မင်္ဂလာဒုံနှင့် တစ်မိုင်ကျော်ကျော်ခန့်သာ ဝေးသည့်နေရာသို့ရောက်သောအခါ၌ကား ဆီးနှင်းများသည် မှောင်မည်းသော လမ်းကိုပင် ပိတ်ဆို့လျက်ရှိနေသဖြင့် တစ်နာရီလျှင် ဆယ်မိုင်သာသာခန့်သာ မောင်းသံတော့၏။ လမ်းမှာ ထိုနေရာ၌ အကွေ့အကောက်များသည့်ပြင် ဆီးနှင်း ကလည်း ထူထပ်စွာ ကျလျက်ရှိဖြင့် ကားမီးရောင်များသည် ထူထဲသော ဆီးနှင်းထုကို မတိုးသကဲ့သို့ ရှိတော့၏

"ငါကိုယ်က အတင့်ရဲတာ၊ အိမ်ကအောင်ကျော် ခေါ်လာခဲ့ရ အကောင်း သား၊ နို့ပေမယ့် ဒီလောက် နှင်းကျမယ်ဆိုတာလဲ မသိတော့ အခက်သားပဲ လေ၊ ကြည်ကြည်လင်လင်သာဆိုရင် ခုလောက်ရှိ ရန်ကုန်ရောက်ပြီ၊ ဟင်. . . ကြည့်ပါဦး . . . ရှေ့ကိုဘာမှ မမြင်ရဘူး"ဟု တစ်ကိုယ်တည်း ရေရွတ်ကာ လက်ဝဲဘက်ရှိ သစ်ပင်တစ်ပင်အောက်သို့ ကားကလေးကို ထိုး၍ ရပ်လိုက် လေသည်။

http://www.cherrythitsar.org



မိန်းမပျိုမှာ မြို့ပိုင်ကတော် မသင်းကြိုင် ဆိုသူဖြစ်၍ သာယာဝတီမြို့တွင် နေထိုင်သူဖြစ်၍ ကားကို ကျင်လည်စွာ မောင်းတတ်သူဖြစ်၏။ မြို့ပိုင် ဦးထွန်းတင်၏ ချစ်မြတ်နိုးသော ဇနီးဖြစ်ရာ ဦးထွန်းတင်မှာ ထိုအချိန်က ရန်ကုန်မြို့သို့ ရုံးကိစ္စတစ်ခုနှင့် ရောက်ရှိနေသဖြင့် ကားဖြင့် လာရောက်ကြိုဆိုရန် ဇနီးသည်အား မှာလိုက်၏။ စာရောက်သောအချိန်တွင် ဒရိုင်ဘာ မောင်ကျော်မှာ အဖျားတက်နေသဖြင့် စိတ်မြန်သော မသင်းကြိုင်သည် ကားကလေးကို ထုတ်ပြီးလျှင် ရန်ကုန်မြို့သို့ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ဆီးနှင်းထုကား **(Groun Glass)** 'ဂရောင်းဂလပ်' ခေါ် ထုတ်ချင်းခတ် မမြင်နိုင်သော မှန်ကဲ့သို့ ရှေ့မှ ပိတ်ဆီးလျက်ရှိရာ ထိုနေရာမှာ လူနေအိမ်ခြေလည်း မမြင်ရသဖြင့် မသင်းကြိုင်သည် စိတ်ငယ်သည်ထက် ငယ်၍ လာတော့၏။ ပြည်ဘက်မှ ကားတစ်စီးစီးတွေ့လျှင် အကူအညီတောင်းမည်ဟု စိတ်ကူးမိသော်လည်း တစ်စီးတလေမျှ မတွေ့ရချေ။ မည်မျှလောက် သတ္တိကောင်း၍ စိတ်မြန်သည် ဆိုစေကာမူ ယင်းကဲ့သို့အခါမျိုး၌ မသင်းကြိုင်သည် တုန်လှုပ်ချောက်ချားမိ၏။ မိမိကိုယ်ကိုလည်း ခောင်တရသကဲ့သို့ ဖြစ်မိ၏။ အပျိုကလေးတမျှ လှပလျက်ပင်ရှိသေးသော မိမိ၏ရုပ်ဆင်းသဏ္ဌာန်သည် မိမိအား ပြန်၍ ဘေးအန္တရာယ်ပြုမည်ကို စိုးရိမ်မိ၏။

မသင်းကြိုင်မှာ သေးသေးသွယ်သွယ်ဟုပင် ခန့်မှန်းရသော်လည်း ကျစ်လျစ်တောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်ရှိလျက် အချောအလှကြီးပင် မဟုတ်စေကာမူ ယောကျာ်းများ စွဲမက်လောက်သည့် အချိုးအစားမျိုး ရှိလေသည်။ ထိုအတွင်း လက်ဝဲဘက်ရှိကွင်းပြင်တွင် တစ်ခေါ်လောက် ဝေးသော နေရာမှ မီးရောင်ကလေးတစ်ခုကို မြင်ရသဖြင့် အတော်အတန် အားတက်၍ လာမိ၏။ မီးရောင်မှာ အဆောက်အဦကြီးတစ်ခုမှသော်လည်းကောင်း၊ ရွာတစ်ရွာမှသော်လည်းကောင်း မီးရောင် ဖြစ်ဟန်တူ၏။ မသင်းကြိုင်မှာ ရန်ကုန်သို့ ဤလမ်းမှ မရောက်သည်မှာ တစ်နှစ်ကျော်ခန့်မျှ ရှိနေပြီဖြစ်၍ ဤနေရာတွင် အဆောက်အဦသစ်တစ်ခု တိုး၍နေခြင်း ဖြစ်ကောင်းဖြစ်မည်ဟုလည်း တွေးမိ၏။ ထို့ပြင် မသင်းကြိုင်မှာ ဆီးနှင်းများကြောင့် နေရာကိုလည်း မှန်း၍မရချေ။ မီးရောင်ကလေးကား ဤမျှလောက်ထူထဲသော 'နှင်းတော' ကို ဖောက်ထွက်လာရာ ဓာတ်မီးရောင်တစ်ခု ဖြစ်ရမည်ဟုလည်း ခန့်မှန်းမိ၏။

ပထမဦးစွာ ကားကိုထားခဲ့ရန် စိတ်မချသဖြင့် ချီတုံချတုံ ဖြစ်၍နေမိ၏။ သို့သော် မည်သို့ပင်ဖြစ်စေ။ ထိုမီးရောင်ရှိရာသို့ သွားရောက်ကာ အကူအညီ တောင်းတော့မည်ဟု နောက်ဆုံး သန္နိဋ္ဌာန် ချလိုက်လေသည်။

မသင်းကြိုင်သည် တာလမ်းဘေးသို့ဆင်းခဲ့ရာ မြေမှာ များစွာ မညီညာ လှသော်လည်း ကားမောင်း၍ ဖြစ်နိုင်လောက်သော နေရာဖြစ်သဖြင့် ကား ကလေးကို ပြန်၍စက်နှိုးကာ အောက်ဘက်သို့ ဆင်းချပြီးလျှင် မီးရောင်ရှိရာသို့ တဖြည်းဖြည်း မောင်းခဲ့လေသည်။ ကိုက် ၅၀ ခန့်မျှ မောင်းမိသောအခါ လက်ဝဲဘက်တွင် လမ်းကလေးတစ်ခု တွေ့ရသဖြင့် ထိုလမ်းကလေးအတိုင်း မောင်းခဲ့ရာ မကြာမီ အဆောက်အဦကြီးတစ်ခုရှေ့သို့ ရောက်ရှိလာလေသည်။

ထိုအချိန်၌ကား မော်တော်ကားကလေး၏ နောက်ဘီးတစ်ခုမှာ လုံးဝ လေမရှိတော့သဖြင့် "အင်း... ဒီနေရာရောက်မှ ပေါက်တာပဲ ကျေးဇူးတင်ရ သေးတယ်"ဟု အောက်မေ့ကာ ကြီးမားသော အဆောက်အဦကြီးကို တအံ့ တသြ ကြည့်ရှုလျက် ရှိလေ၏။

အဆောက်အဦကြီးမှာ နှင်းတောထဲ၌ပင် ခံ့ညားထည်ဝါသော အသွင်ကို ဆောင်ကာ မားမားမတ်မတ် တည်ရှိလျက် ရှိလေသတည်း။

မသင်းကြိုင်သည် လက်ဆွဲသားရေအိတ်ကလေးကို ယူ၍ ကားပေါ်မှ ဆင်းကာ ဓာတ်မီးရောင် ထိုးထွက်လျက်ရှိသော မှန်ပြတင်း၏ လက်ဝဲဘက်မှ တံခါးကို ညင်သာစွာ ခေါက်လိုက်လေ၏။ တခဏမျှကြာလတ်သော် ကုလား တစ်ယောက်သည် တံခါးကို ဖွင့်၍ပေးလေသည်။

(ကုလားက ဟိန္ဒူစတန်နီဘာသာဖြင့်) "မား-မဆပ်-ဘာအလိုရှိပါ သလဲ ခင်ဗျာ"

"ဒီမှာ ဘယ်သူနေသလဲ"

"ဆရာဝန် ရှိပါတယ်ခင်ဗျာ။ ဆရာဝန်ကို ကျွန်တော် သွားခေါ်လိုက်ပါ ဦးမယ်၊ ဧည့်ခန်းက စောင့်ပါလား- ဝင်ပါလေ... ဝင်ပါ"

ဒရဝမ်နှင့်တူသော ကုလားကလေးသည် မသင်းကြိုင်အား ဖော်ရွေစွာ ခေါ်သွားပြီးနောက် ဓာတ်မီးခလုတ်တစ်ခုကို ဖွင့်လိုက်ရာ ပေနှစ်ဆယ်ခန့် ကျယ်ဝန်းသော အခန်းတစ်ခု၌ ကုလားထိုင်များ ချထားသည်ကို တွေ့ရသဖြင့် မသင်းကြိုင်သည် ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လေ၏။

http://www.cherrythitsar.org

အခန်းမှာ အလွန်သပ်ရပ်စွာ ရှိနေလျက် အခန်းဒေါင့်၌ စားပွဲတစ်လုံး ရှိပြီးလျှင် ဗီရိုကြီးနှစ်လုံးမှာ နံရံကို ကပ်လျက်ရှိ၏။ ဗီရိုတစ်လုံး၌ စာအုပ်များ ရှိ၍ အခြားဗီရိုတစ်လုံးတွင် ဆေးပုလင်းများ ရှိလေသည်။ ဖြူဖွေးသော ကျောက်ပြားများဖြင့် ပြုလုပ်ထားသည့် မျက်နှာကျက်၌ ဖယောင်းတိုင် တစ်ရာ အားခန့်ရှိ ဓာတ်မီးတစ်လုံးကို မြှုပ်၍ထားပြီးလျှင် နို့ရောင်အုပ်ဆောင်းဖြင့် အောက်ဘက်ကို ဖုံးအုပ်ထားရကား ဖြူနုသော အလင်းရောင်သည် စူးရှခြင်း မရှိဘဲ တစ်ခန်းလုံးကို ကြည်လင်အေးမြသော အလင်းရောင် ပေးလျက်ရှိလေသည်။ အခန်းဒေါင့်လေးဒေါင့်၌ သုံးပေခန့်မြင့်သည့် စင်များပေါ်တွင် စိမ်းလန်းစိုပြည်သော အခက်အရွက်တို့ဖြင့် ဝေဆာလျက်ရှိသော 'တောင်ထန်းပင်' ကလေး လေးပင်သည် သန့်ရှင်းသော ပတ်ဝန်းကျင်ဖြင့် လိုက်လျောလှပေ၏။

"ဆရာဝန်အိမ်ဆိုတာ ဟုတ်မှာပဲ...၊ တယ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် လုပ်ထားတာပဲ...။ အခန်းထဲမှာ ဖုန် တစ်စက်မှ မရှိဘူး။ ပြီးတော့ သိပ် တိတ်ဆိတ်တဲ့ နေရာပဲနော်... ပြီးတော့လဲ—"

ယင်းကဲ့သို့ တစ်ကိုယ်တည်း စဉ်းစားလျက်ရှိရာမှ ဘေးမှ တံခါး တစ်ချပ် ပွင့်သွားပြီးနောက် အသက်လေးဆယ်ခန့်ရှိ အင်္ဂလိပ်ကပြား တစ်ယောက်သည် အသံကြားရသော ရာဘာဖိနပ်ကို စီးပြီးလျှင် အခန်းတွင်းသို့ ဝင်လာလေသည်။ ထိုသူသည် မသင်းကြိုင်အား ဦးညွတ်၍ အရိုအသေပေးကာ နှုတ်ဆက်ပြီးနောက် (အင်္ဂလိပ်ဘာသာဖြင့်) "ဘာကိစ္စ ရှိပါသလဲခင်ဗျာ"

(အင်္ဂလိပ်ဘာသာဖြင့်ပြန်၍) "ကိစ္စတော့ မရှိပါဘူးရှင်၊ အကူအညီ တစ်ခု တောင်းချင်လို့ ဝင်လာတာပါ"

"ဘယ်လိုအကူအညီများ လိုချင်ပါသလဲ ခင်ဗျာ...။ ကျွန်တော်တို့ ကူညီဖို့ အသင့်ပါပဲ"

"ကျွန်မက သာယာဝတီမှာ နေပါတယ်ရှင်။ ကျွန်မယောက်ျားက အခု ရန်ကုန်မှာ ရုံးကိစ္စတစ်ခုနှင့်သွားတော့ ကျွန်မ သူနဲ့တွေ့ရအောင် ညနေ လေးနာရီလောက် အိမ်က ကားကလေးနဲ့ ထွက်လာခဲ့ပါတယ်။ ဒါနဲ့ မှော်ဘီ ရောက်တော့ ကျွန်မမိတ်ဆွေတစ်ယောက်နဲ့ တွေ့ပြီး အတင်း လက်ဖက်ရည်

တိုက်နေတာနဲ့ စကားပြောရင်း လက်ဖက်ရည် သောက်ခဲ့ရသေးတယ်။ ဒါနဲ့ အချိန်တစ်နာရီလောက် နောက်ကျသွားတယ် ဆိုပါတော့ရှင်"

"ဟုတ်ကဲ့..."

"ဒီအတောအတွင်း ရန်ကုန်ဘက်နီးလာလေလေ နှင်းတွေက ထပ်ပြီး ကျလာလေဆိုတော့ ကားရှေ့မှာ ဘာမှ မမြင်ရတော့သလောက်ဖြစ်ပြီး ကျွန်မ လည်း ကားကို ရှေ့ဆက်ပြီးမမောင်းဝံ့တော့ဘဲ ရပ်လိုက်ရပါရောရှင်။ နောက်ပြီး မီးရောင်မြင်တာနဲ့ ဒီကို မောင်းလာခဲ့တာ အရေးထဲ နောက်ဘီးတစ်ဖက် ပေါက်သွားပြန်တယ်"

"အို... ဖြစ်မှ ဖြစ်ရလေဗျာ... ဟုတ်ပါရဲ့ နှင်းက ခုထက်ထိ မကွဲဘူး"

"ကျွန်မ ဘယ်လိုလုပ်ရမှန်း မသိဘူးရှင်"

"အင်း... ကားက ဘီးပေါက်သွားတယ်ဆိုတော့ နှင်းကွဲသွားဦး သွားနိုင်မှာမဟုတ်ဘူး...။ ကျုပ်က ကားလည်း မမောင်းတတ်၊ ကားလည်း မပြင်တတ်၊ နီးနီးနားနားမှာလည်း ကားပြင်တတ်တဲ့လူ မရှိတော့ ဘယ့်နယ်မှ မတတ်နိုင်ဘူး။ ဒါဖြင့်လည်း ဒီမှာပဲ တစ်ည တည်းခိုသွားပါလား ခင်ဗျာ"

မသင်းကြိုင်သည် မဝေခွဲနိုင်သော မျက်လုံးများဖြင့် ထိုသူအား ကြည့်လိုက်ပြီးနောက် မျက်နှာကို နံဘေးဘက်သို့ လှည့်လိုက်လေ၏။ ကပြား တစ်ယောက်ပင် ဖြစ်သော်လည်း အပြောအဆို ယဉ်ကျေး၍ သိမ်မွေ့သော အမူအရာရှိကြောင်း အကဲခတ်လိုက်မိ၏။ အပြင်ဘက်မှ အေးမြသောလေသည် ဝုန်းခနဲ တိုက်ခတ်ကာ မှန်တံခါးများကို ရိုက်ခတ်လေသည်။

"ငါတော့ ဒီမှာပဲ ဒီညတော့ အိပ်မှပဲ ထင်ပါရဲ့လေ"ဟု စဉ်းစားမိ၏။

ထိုအတွင်း ဒရဝမ်ကုလားသည် စားပွဲပေါ်သို့ စားသောက်စရာ အနည်း ငယ်နှင့် အငွေ့တထောင်းထောင်း ထွက်နေသော ကော်ဖီတစ်ပန်းကန်ကို လာ၍ တင်ထားလေ၏။

ဝန်။ "အပြင်မှာ သပ်အေးတာပဲ။ လေကလည်း အတော်ထန်လာ တယ်။ စွပ်ပြုတ်ပူပူကလေးသောက်ပြီး ကော်ဖီ သုံးဆောင်လိုက်ပါဦး ခင်ဗျာ"

ကြိုင်။ "ကျွန်မအတွက် ဒုက္ခမရှာပါနဲ့ရှင်... သိပ်အားနာစရာ ကောင်းတာပဲ"

သို့ပင် ငြင်းဆန်ရသော်လည်း မသင်းကြိုင်မှာ ဝမ်းသာလျက် ရှိနေလေပြီ။ ဤသို့ဖြင့် မသင်းကြိုင်မှာ ဧည့်ဝတ်ကျေပြွန်လှသော ဆရာဝန်၏ တိုက်တွန်းချက်အရ စွပ်ပြုတ်ကို စ၍သောက်လေသည်။ ဆရာဝန်က ပေါင်မုန့်နှစ်ချပ်ပါသော ပန်းကန်ကို မသင်းကြိုင်အနီးသို့ တိုး၍ ပေးလိုက်၏။

"ပေါင်မုန့်ပါ စားပါလေ... ညစာမှ မစားရသေးဘဲ ဝမ်းဟာနေရောပေါ့...။ ညစာ မကျွေးရတာတောင် ကျွန်တော် စိတ်မကောင်းဘူး။ အိမ်မှာလည်း တစ်ယောက်တည်းနေတော့ ကျွန်တော် ဒီလောက်ပဲ ဝတ်ပြုနိုင်ပါတယ် ခင်ဗျာ"

"ရှင်က အားနာစရာ မဟုတ်ပါဘူးရှင်။ ကျွန်မကသာ အားနာဖို့ပါ...။ ရှင်– ဒီမှာ တစ်ယောက်တည်း နေသလား"

"ဟုတ်ကဲ့– ဒီဆေးရုံမှာနေတဲ့ ဆရာဝန်ကတော့ ကျွန်တော်တစ်ယောက်တည်း ရှိပါတယ်...။ လက်ထောက်ဆရာဝန် နှစ်ယောက်ကတော့ ညနေငါးနာရီ ထိုးရင် ပြန်ကြပါတယ်"

"သြော်... ဒီဟာ ဆေးရုံလား"

"ဟုတ်ပါတယ်"

"ဘာဆေးရုံလဲရှင့်"

"စိတ္တဇဆေးရုံပါ ခင်ဗျာ။ ဥရောပတိုက်သားများနဲ့ ကပြားများသာ လက်ခံတဲ့ ဆေးရုံပါပဲ"

"သြော်..."

မသင်းကြိုင်သည် နှုတ်ဖြင့် အားနာကြောင်း ဝတ္တရားရှိသည့်အတိုင်း ပြောရသော်လည်း ပေါင်မုန့်နှစ်ချပ်နှင့် စွပ်ပြုတ်တစ်ပန်းကန်ကို သုံးမိနစ်အတွင်း ကုန်အောင် စားသောက်ပြီးခဲ့လေပြီ။ သို့သော် ကော်ဖီကို ဆက်လက်သောက်လေ၏။ ကော်ဖီ သောက်ပြီးသည်အထိ ဆရာဝန်သည် စကားမပြောဘဲ အခြားဘက်သို့လှည့်ကာ ငြိမ်သက်စွာ ရှိနေလေသည်။

(ကော်ဖီကို အပြီးသောက်လိုက်ပြီးနောက် အိန္ဒြေရစွာဖြင့်)

"အခုလိုဆိုရင် ကျွန်မ ခရီးဆက်ဖို့ မဖြစ်နိုင်တော့ပါဘူး"

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး ခင်ဗျာ။ ရာသီဥတုက ဆိုးဝါးတဲ့အထဲမှာ ကားဘီးတစ်ခုက ပေါက်သွားပြန်တယ်ဆိုတော့ ဒီမှာ ဒီညတည်းခိုဖို့ပဲ

ရှိပါတော့တယ်။ ဒီလိုလုပ်ပေတော့… ကျုပ်အခန်းမှာ ခင်ဗျား အိပ်ပေါ့။ ကျုပ်က အခန်းလွတ်တစ်ခု ရှိပါတယ်။ အဲဒီအခန်းလွတ်မှာ သွားအိပ်မယ်"

"အို… မဟုတ်တာရှင်၊ ဆရာကို ဒုက္ခမပေးချင်ပါဘူး။ အဲဒီဆရာ ပြောတဲ့ အခန်းလွတ်မှာပဲ ကျွန်မ အိပ်ပါ့မယ်"

"ဒီဟာတော့ ခင်ဗျားသဘောအတိုင်းပါပဲ"

"ဩော်… ဒါထက် ဆရာ့စိတ္တဇဆေးရုံအကြောင်း နည်းနည်း ပြောပါဦး"

"ဒီလိုခင်ဗျ။ ဥရောပတိုက်သား မျက်နှာဖြူတွေဟာ အခု တစ်နှစ် နှစ်နှစ်အတွင်းမှာ စိတ္တဇရောဂါဖြစ်တဲ့လူတွေ အတော်များလာတယ်။ အရင်က နှစ်ယောက်၊ သုံးယောက် ရှိတာ။ အခု လူ နှစ်ဆယ်လောက် ရှိလာတယ်။ ဒီတော့– အစိုးရက တိုင်းရင်းသားတွေနဲ့ အတူမထားဘဲ သူတို့ကို သီးခြား ထားရမယ်ဆိုပြီး ဒီအဆောက်အဦးကို ဆောက်တာပေါ့ခင်ဗျာ။ အားလုံး ဆရာဝန်လေးယောက်၊ ဆရာမနှစ်ယောက် ရှိတယ်။ ဆရာဝန်ကြီးက ဥရောပ တိုက်သားအစစ် ခင်ဗျ။ ရန်ကုန်မှာ နေတယ်။ ကျွန်တော်က ဒုတိယ လက်ထောက်။ ကျွန်တော့်နာမည် မစ္စတာ(ကလေတန်)တဲ့။ ကျွန်တော့်လက် အောက်မှာ ကျွန်တော်လိုပဲ ကပြား တတိယလက်ထောက် နှစ်ယောက် ရှိသေး တယ်။ ဒီအဆောက်အဦးမှာ နေတာက ကျွန်တော်တစ်ယောက်ပဲ ရှိတယ်"

"စိတ္တဇရောဂါဆိုတာ ဘာလဲ– ဒေါက်တာရဲ့၊ ရူးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ။ နို့ပေမယ့် တချို့လည်း ရူးမှန်း ရုတ်တရက် မသိရဘူး။ စိတ်ဟာ ခင်ဗျားတို့ ကျွန်တော်တို့နဲ့ မတူဘူး။ ဖောက်ပြန်နေတယ်။ အကောင်းကို မကောင်းထင်တယ်၊ မကောင်းတာကို အကောင်းထင်တယ်။ အဆုံးမတော့ သာမန်လူတစ်ယောက်လို စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်ဟာ လျော့ပါးသွားတာမျိုးပေါ့ ခင်ဗျာ"

"သိပ်ထူးဆန်းတာပဲနော်"

"ဟုတ်ကဲ့ ထူးဆန်းပါတယ်။ တချို့လည်း သူတို့ကိုယ်သူတို့ ကလေး ကလေးအောက်မေ့ပြီး… ပကတိ ကလေးကလေးတစ်ယောက်လို စားသောက် နေထိုင်တယ်။ လူကြီးဘဝက ကလေးဘဝကို လုံးလုံးပြောင်းသွားတာပဲ"

"သိပ်အံ့ဩစရာ ကောင်းတာပဲနော် ဒေါက်တာ"

http://www.cherrythitsar.org

"ဟုတ်တာပေါ့"

"ဒီလိုရူးသွားတာ ဘာဖြစ်လို့လဲ ဒေါက်တာရဲ့"

"အကြောင်းအမျိုးမျိုးကြောင့်ပေါ့ ခင်ဗျာ။ နို့ပေမယ့် အဓိကအကြောင်းကတော့ အတွေးလွန်တာပေါ့။ ဥပမာ ခင်ဗျားဟာ တစ်စုံတစ်ခုကို နက်နက်နဲနဲ တွေးနေရင် ဘေးကလူတစ်ယောက် ပြောတာ ခင်ဗျား မသိဘူး...။ ခင်ဗျားက စိတ်ကူးနဲ့ ခင်ဗျားကို။ သူက 'တောင်'မေးရင်၊ ခင်ဗျားက 'မြောက်' ဖြေချင် ဖြေတယ်။ သူက 'မြောက်'မေးရင် ခင်ဗျားက 'တောင်'ဖြေချင်ဖြေတယ်။ ဒီဟာမျိုးပေါ့...။ အဆုံးမှာတော့ ဦးနှောက်ပေါ့ ခင်ဗျာ"

"သြော်... ဦးနှောက်ကို ထိခိုက်သွားတယ် ဆိုတာမျိုးလား"

"ဟုတ်ပါတယ်... ခင်ဗျား ဆိုက်ကိုလိုဂျီ မဂ္ဂဇင်းတွေ ဘာတွေ မဖတ်ဖူးဘူးလား"

"အမှန်ပြောရမှာဖြင့် မဖတ်ဖူးဘူး ဒေါက်တာ"

"ကျွန်တော်တို့ဦးနှောက်ဟာ အင်မတန် နူးညံ့တယ် မဟုတ်လား။ ဒီတော့ ကျွန်တော်တို့စိတ်တွေက တွေးလိုက်ရင် ဒီအတွေးဟာ အာရုံကြောကလေးတွေကနေပြီး ဦးနှောက်ကို ရောက်သွားတယ်။ သိပ်တွေးရင် သိပ်ရောက်တာပေါ့ခင်ဗျာ။ နည်းနည်းတွေးရင် နည်းနည်းရောက်တယ်။ သိပ်ပြီး သူများထက် ထူးထူးကဲကဲတွေးရင် အဲဒီအာရုံကြောကလေးတွေဟာ အလုပ်လုပ်ရလွန်းလို့ ပျက်သွားတတ်တယ်။ အဆုံးမှာတော့ စက်လိုပေါ့ခင်ဗျာ။ သိပ်ခိုင်းဖန်များရင်၊ ဒါမှမဟုတ်လို့ လုံးလုံးအသုံးမချဘဲနေရင် ပျက်တတ်တာပေါ့။ လူတစ်ယောက်ဟာ လုံးလုံးဘာကိုမှ မတွေးဘဲနေတတ်ရင် ကြာတော့ ဒီအာရုံကြောဟာ အလုပ်မလုပ်ဘဲ ရပ်သွားတတ်တယ်။ ကျွန်တော်ပြောတာက အဆိုးကိုတွေးတာချည်းပြောတာ မဟုတ်ဘူးနော်...။ အကောင်းကိုတွေးတာလည်း အတူတူပဲ။ ဘယ်ဟာဖြစ်ဖြစ် တစ်ဖက်ဖက်ကို စောင်းသွားတတ်တယ်။ ဒီဟာကို စိတ်ဖောက်ပြန်တယ် ခေါ်တာပေါ့... ဒါ ကျွန်တော် သိသလောက် ရှင်းပြတာပဲ။ ကိုင်း... လာ... လာ... ခင်ဗျား အိပ်ဖို့အခန်း ကျွန်တော် လိုက်ပြမယ်"

ဒရဝမ်ကုလားအား ရှေ့မှ မီးအိမ်ဖြင့် လမ်းပြစေလျက် ဒေါက်တာကလေတန်သည် လက်ဆွဲသားရေအိတ်ကလေးကို ကူညီ၍ယူကာ မသင်းကြိုင်

အား ရှေ့မျက်နှာစာ စင်္ကြံတစ်လျှောက်မှ လက်ဝဲဘက် တိုက်ခန်းများရှိရာသို့ စကားတပြောပြောနှင့် ခေါ်သွားလေ၏။ တိုက်ခန်းများမှာ တစ်ခန်းလျှင် အနံ ၁၅ ပေ၊ အလျား ပေ ၂၀ ခန့် ရှိ၍ အလယ်တွင် အလွန်ထူထဲသော သောပတ်လည်တွင် ကြေးဝါကွပ်ထားသည့် သစ်သားတံခါးကြီးများ တပ်ဆင်ထားလေသည်။ ပြူတင်းပေါက်ဟူ၍ကား မရှိဘဲ အုတ်နံရံကြီးသည် အထက်သို့ ပေ ၂၀ ခန့် မြင့်တက်လျက်ရှိ၏။ အပြင်စင်္ကြံလမ်းများ၌ ဓာတ်မီးလုံးများ ရှိသော်လည်း ဖွင့်၍မထားချေ။

အခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ ဒေါက်တာကလေတန်သည် အိတ်ထဲမှ သော့တစ်ချောင်းဖြင့် ထူထဲသောတံခါးကြီးကို ဖွင့်လိုက်လေ၏။ ထို့နောက် အတွင်းမှ လက်လှမ်းမီရာတွင်ရှိသော ဓာတ်မီးခလုတ်ကို ဖွင့်လိုက်ရာ မျက်နှာကျက်တွင် မြှုပ်၍ထားသော နွားနို့ရောင် ပေါင်းချောင်အတွင်းမှ ဓာတ်မီးရောင်သည် တစ်ခန်းလုံးကို လင်း၍သွားစေ၏။ အတွင်း၌ကား ခြေရင်းဘက်တွင် တယောက်အိပ် ကုတင်တစ်လုံး၊ နောက်ဖေးဘက်တွင် အိမ်သာနှင့် ရေချိုးခန်းတစ်ခု ရှိ၏။ အိပ်ရာနံဘေးတွင် ခွေးခြေကလေး တစ်လုံးရှိ၍ အခြားအိမ်ထောင်ပရိဘောဂဟူ၍ တစ်စုံတစ်ရာ မရှိချေ။

ဒေါက်တာ ကလေတန်၏အမိန့်ဖြင့် ဒရဝမ်ကုလားသည် လေးထောင့်မှန်တစ်ချပ်ကို ယူလာပြီးလျှင် ခေါင်းရင်းဘက်တွင် ချိတ်ထားပေ၏။ ထို့ပြင် ရေဘူးတစ်လုံးနှင့် ဖန်ခွက်တစ်ခွက်ကိုလည်း ခွေးခြေပေါ်၌ တင်ထားပေးလေသည်။

"ဒီအခန်းတွေက စိတ္တဇရောဂါစွဲကပ်တဲ့ လူတွေ ထားတဲ့ အခန်းတွေပေါ့နော် ဒေါက်တာ"

"ဟုတ်ပါတယ် ခင်ဗျာ။ ဒီလက်ဝဲဘက်အခန်းတွေက မိန်းမခန်းတွေပါ။ ဟို... လက်ယာဘက်တစ်လျှောက်မှာ ယောကျာ်းခန်းတွေ ရှိတယ်။ ဒီဘက်မှာ အခုအတွင်း လူမမာ တစ်ယောက်မှ မရှိပါဘူး"

"အခန်းကြီးတွေကဖြင့် သိပ်ထူထဲပြီး တံခါးတွေကလည်း သိပ်ခိုင်ခံ့တာပဲနော်"

"ဟုတ်ပါတယ်။ ဒီလိုလုပ်ထားမှပဲ၊ နို့မဟုတ်ရင် စိတ်မချရဘူး။ စိတ်ဖောက်ပြန်တဲ့ လူဆိုတာ လုပ်ချင်တာလုပ်တယ် မဟုတ်လား။ ဒါကြောင့်

ကျွန်တော်တို့မှာ တတ်နိုင်သလောက် ကြိုတင်ပြီး ကာကွယ်ထားရတယ်။ ဒီဟာနဲ့တောင် အခုညနေခင်းကပဲ လူတစ်ယောက် လွတ်သွားသေးတယ်”

“ဘယ်လိုလွတ်သွားပုံလဲ”

“စမစ် ဆိုတဲ့ ဥရောပတိုက်သား ကျက်နာဖြူကောင်ကြီးပေါ့ ခင်ဗျာ။ အစောင့်ကုလားက တံခါးဖွင့်ဝင်တော့ အထဲမှာ လူ မတွေ့တော့ဘူး။ ဒါနဲ့ အိမ်သာထဲဝင်ကြည့်တော့ အိမ်သာထဲမှာလည်း မရှိဘူး။ အချိန်က သိပ်မကြာဘူး တစ်မိနစ်လောက်ပဲ ရှိမယ်။ ဒီအတွင်း အဲဒီလူ ပျောက်သွားတာပဲ။ ဒါနဲ့ ချက်ချင်း ဂါတ်တိုင်၊ မြို့ထဲကဂါတ်တွေကို မင်္ဂလာဒုံကနေပြီး တယ်လီဖုန်းဆက်၊ ပုလိပ်ကားတွေနဲ့ လိုက်ရှာတာ ခုထက်ထိ မတွေ့သေးဘူး။ အဲဒီလိုရှာတုန်းပဲ နှင်းတွေက သိပ်ကျလာတော့ ပုလိပ်ကားတွေလည်း ရှာနိုင်တော့မယ် မထင်ပါဘူး။ ဒီလိုပဲ နေရတာပဲ။ မနက်ကျမှ ဆက်ရှာနိုင်မှာပေါ့”

“အင်္ဂလိပ်လူမျိုးပေါ့ ဟုတ်လား”

“ဥရောပတိုက်သားပေါ့ ခင်ဗျာ– အင်္ဂလိပ်လူမျိုးတော့ မဟုတ်ပါဘူး။ သူက ဟန်ဂေရီယန်လူမျိုး အရပ် ခြောက်ပေနှစ်လက်မ မြင့်တယ်။ တကယ့်ထွားထွားကျိုင်းကျိုင်း ဘီလူးကြီးအတိုင်းပါပဲ။ သူ စိတ်ထွက်လာပြီး စိတ်ရူးပေါက်လာရင် လူ ၄ ယောက် ချုပ်လို့မနိုင်ဘူး။ အထူးသဖြင့် မိန်းမတွေမြင်ရင် စိတ်ထွက်တတ်တယ်”

“မိန်းမတွေမြင်ရင်… ဟုတ်စ… ဘာဖြစ်လို့ပါလိမ့်နော်”

“ဒီလိုခင်ဗျာ ပြောရစေတော့။ အဲဒီ မစ္စတာစမစ်ရဲ့ မိန်းမက အင်္ဂလိပ်ကပြားမကလေး။ အဲ– သူက သင်္ဘောဖောက်ပြီး နောက်ယောက်ျားတစ်ယောက်နဲ့ လိုက်သွားတယ်။ ဒီကထဲကစပြီး သူ စိတ်ဖောက်သွားတာပါပဲ… မိန်းကလေး ချောချောလှလှမြင်တိုင်း သူ့ရန်သူချည်း အောက်မေ့နေတာပဲ… တစ်ခါကလည်း သူနာပြုဆရာမလေးတစ်ယောက် သူ့အနားဖြတ်သွားတော့ အတင်းဖမ်းပြီး လက်လိမ်ချိုးတာ ကံကောင်းလို့ လက်မကျိုးတာပေါ့ ခင်ဗျာ။ လူလေးငါးယောက် မနည်းဝိုင်းပြီး ဆွဲထားရတယ်… နို့ပေမယ့် ဒီလို စိတ်ရူးမပေါက်တဲ့ အခါကျတော့ တကယ့် သိုးကလေးများလို ငြိမ်သက်နေတာပဲ… ကိုင်း… ဟောဒီအခန်းပါပဲ ခင်ဗျားအိပ်ဖို့ ဒရဝမ်ကုလားက ခင်ဗျားဖို့ မှန်လည်း တပ်ပေးထားပြီးပါပြီ။

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်"

"အေးအေးဆေးဆေး စိတ်ချလက်ချအိပ်ပေါ့ဗျာ... မနက်ကျတော့မှ ကားတစ်စီးငှားပြီး ခင်ဗျားယောက်ျားဆီ လိုက်သွားပေါ့... ဒါနဲ့ ဟောဒီ တံခါးကြီးတွေက ပိတ်ထားလိုက်ပြီဆိုရင် အတွင်းကဖွင့်လို့ မရဘူးဗျ– အပြင်ကမှ ဖွင့်လို့ရတယ်– ဒီဘက်တန်းက တစ်တန်းလုံး လူမှမရှိဘဲ။ ခင်ဗျားဖွင့်ချင် ဖွင့်ထားနိုင်တယ်– ပိတ်ချင်လည်း ပိတ်ထားလိုက်မယ်– မနက်ကျတော့ ဒရဝမ် ဖြစ်ဖြစ် ကျုပ်ကိုယ်တိုင်ပဲဖြစ်ဖြစ် လာဖွင့်မှာပေါ့"

မသင်းကြိုင်သည် တံခါးကို ယခုအတိုင်း ဖွင့်ထားရလျှင် ကောင်းမည်လော၊ သို့မဟုတ် အပြင်မှ ပိတ်လိုက်ရလျှင် ကောင်းမည်လောဟု ခေတ္တမျှ တွေဝေစဉ်းစားလျက်ရှိ၏။ ထိုအတွင်း စိတ္တဇဆေးရုံမှ လွန်ခဲ့သော ၅ နာရီခန့်ကပင် လွတ်မြောက်ထွက်ပြေးသွားသည် ဆိုသော 'စမစ်' ဆိုသူ လူ့ဘီလူးကြီးအကြောင်းကို စဉ်းစားမိသောအခါ တံခါးဖွင့်၍အိပ်ရန်ပင် ကြောက်ရွံ့လျက်ရှိတော့၏။

"ပိတ်သာ ထားခဲ့ပါ ဒေါက်တာ... ဒီဟာပဲ ကောင်းပါတယ်"

"ဟုတ်ကဲ့... ပိတ်ခဲ့ပါမယ်။ ပြီးတော့ ဟောဒီမျက်နှာကျက်မှာ တပ်ထားတဲ့ ပေါင်းချောင်နဲ့ ဓာတ်မီးလုံးကတော့ ၈ နာရီ ၄၅ မိနစ်မှာ အလိုလို ငြိမ်းသွားလိမ့်မယ်– ဒါပေမယ့် စားပွဲတင်မီးအိမ်ကလေးကို ဒရဝမ်က ဓာတ်ကြိုးဆက်ထားလိုက်တော့ သဘောအတိုင်း တစ်ညလုံး သုံးနိုင်ပါတယ်"

"ကောင်းပါပြီ ဒေါက်တာ... ကျေးဇူးတင်ပါတယ်"

သို့နှင့် ဒေါက်တာကလေတန်သည် မသင်းကြိုင်အား နှုတ်ဆက်ကာ ထုထဲသော တံခါးကြီးကို အပြင်မှ ပိတ်လိုက်လေသည်။

➜ ➜ ➜

မသင်းကြိုင်သည် နံရံတွင်ကပ်ထားသည့် မှန်ကလေးကို နေသားတကျ ပြင်ဆင်လျက် မိမိအဝတ်အစားနှင့် အလှပြင်ပစ္စည်းကလေးများ ထည့်သော လက်ဆွဲသားရေအိတ်ကလေးကို ဖွင့်ပြီးလျှင်... ဘီးတစ်ချောင်းကို ထုတ်ယူလေသည်။

ထို့နောက် နှင်းများ၊ မှုန်များဖြင့် စိုရွှဲပေကျံလျက်ရှိသော ဆံပင်ကို နောက်သို့ လှန်၍ချလိုက်၏။ သန်စွမ်း၍ အတာင်ငယ် ကောက်ကျစ်လျက်ရှိသော

ဆံပင်များသည် လက်ယာဘက်ပခုံးစွန်းမှ ဖြူဖွေးသောအင်္ကျီကို နောက်ခံ ထားကာ မည်းနက်သော အတွန့်အချိတ်ကလေးများကို ဖြစ်ပေါ်စေလျက်ရှိ၏။ တစ်ခန်းလုံးကား တိတ်ဆိတ်ငြိမ်သက်လျက် ရှိတော့၏။

ထိုအချိန်၌ မျက်နှာကျက်မှ မီးလုံးကြီး ရုတ်တရက် ငြိမ်းသွားရာ မသင်းကြိုင်သည် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ သို့သော် လက်လှမ်းမီ သာသာခန့်တွင်ရှိနေသော စားပွဲတင်မီးအိမ်ကလေးရှိရာသို့ စမ်းသပ်၍သွားပြီး လျှင် ၎င်းမှ မီးခလုတ်ကို နှိပ်လိုက်လေသည်။ ဖယောင်းတိုင် ၂၅ တိုင်အားမျှ သာ ရှိသော်လည်း မီးလုံးကလေး၏ အလင်းရောင်သည် ကုတင်စွန်းဆီသို့ ရောက်ကာ အခန်း၏ အခြားနေရာများတွင် ဝိုးဝါးမျှသာ လင်းလျက်ရှိ၏။ ထို့နောက် ဆံပင်ကို စတင်ဖြီးလေသည်။ ဆံပင်ကလည်း အနည်းငယ်ကောက် သည့်ပြင် နှင်းများဖြင့်လည်း ထိုင်းမှိုင်းလျက်ရှိသောကြောင့် တစ်ခါဖြီးချလိုက် သည်နှင့် 'ဖျတ်ခနဲ' 'ဖျတ်ခနဲ' မြည်သောအသံသည် အပ်ကျသံကိုပင် ကြားရ လုမတတ် ဆိတ်ငြိမ်လျက်ရှိသောအလုံခန်းတွင် အတော်ပင် ကျယ်လောင်လျက် ရှိလေသည်။

"တံခါးကို ပိတ်အထားခိုင်းလိုက်တာ ငါမှားပြီ ထင်တယ်။ တံခါး ကလည်းတော် အပြင်ဘက်ကမှ ဖွင့်လို့ရသတဲ့။ အတွင်းက မင်းတုန်း ထိုးထား နိုင်ရင်လည်း အကောင်းသား"ဟု စိတ်ထဲမှ စဉ်းစားမိ၏။ သို့သော်... လွန်ခဲ့ သော နာရီအနည်းငယ်ခန့်က လွတ်မြောက် ထွက်ပြေးသွားသည်ဆိုသော မျက်နှာဖြူ လူ့ဘီလူး အရူးကြီးအကြောင်းကို စဉ်းစားမိသောအခါ "ပိတ်ထား တာပဲ ကောင်းပါတယ်လေ... ဒီအကောင်ကြီးဟာ ဒီအနီးအနားမှာ ရှိချင် ရှိနေမှာ။ မတော် ညအချိန်မတော်ကြီး ဝင်လာမှဖြင့်..." ဟု ဒေါက်တာ ကလေတန်ပြောသော စမစ်ဆိုသူ ဟန်ဂေရီယန်လူမျိုးကြီးအကြောင်းကို ပြန်၍ သတိရသဖြင့် တံခါးပိတ်ထားသည်ကိုပင် ကျေးဇူးတင်မိပြန်၏။

ယင်းကဲ့သို့ စဉ်းစားမိသည်အတွင်း၌ ဆံပင်ကောက်များကို ငွေဘီးဖြင့် ဖြီး၍ချသော ဖျတ်ခနဲ ဖျတ်ခနဲ အသံများသည် တိတ်ဆိတ်လှသော အခန်းထဲ တွင် ယခင်ကထက်ပင် ကျယ်လောင်၍ လာသည်ဟု မှတ်ထင်ရလေ၏။

မသင်းကြိုင်သည် ခေါင်းဖြီးရင်း မှန်အနီးသို့ ချဉ်းကပ်သွားလေ၏။ သို့သော် မှန်ထဲတွင် တစ်စုံတစ်ရာကို မြင်လိုက်ရသဖြင့် အသက်ရှူပင် မှား၍

သွားမိ၏။ မှန်ထဲတွင်မြင်ရသော အရာသည်ကား မိမိအိပ်မည့် သံကုတင် အောက်မှ ကြီးမားသောလူ၏ လက်ကြီးတစ်ဖက်သည် အပြင်သို့ ထွက်ပေါ် လာသည်ကို မြင်ရခြင်းပင်တည်း။ လက်ဝါးကြီး ထွက်လာပြီးနောက် အမွေး အမှျင်များထူထပ်သည့် လက်မောင်းကြီးသည် ကုတင်ကိုမလျက် အရပ်မြင့်မား သော လူဖြူကြီးတစ်ယောက် ထွက်ပေါ်လာလေသည်။ ပွဲစိမ်စမ်သည့် နှင်းများ ဝေနေချိန်၌ ရှာဖွေသူများအလစ်တွင် ဤအခန်းတွင်းသို့ဝင်ကာ ကုတင် အောက်၌ ပုန်းအောင်းနေခြင်း ဖြစ်ဟန်တူ၏။

မသင်းကြိုင်သည် လူဖြူကြီးကိုကြည့်ကာ ကြက်သေသေလျက် ရှိတော့ ၏။ လူဖြူကြီးကလည်း မသင်းကြိုင်အား စိုက်ကြည့်လျက် ရှိလေသည်။ သို့သော် လူဖြူကြီးသည် မသင်းကြိုင်၏မျက်နှာကို ကြည့်သည်ထက် ဆံပင်နှင့် ဘီးကို သာ၍အာရုံစိုက်လျက် ရှိသည်ကို မသင်းကြိုင် သတိပြုမိ၏။

သို့နှင့် မသင်းကြိုင်သည် ဆံပင်ကို ဘီးဖြင့် နောက်တစ်ကြိမ် ဖျတ်ခနဲ ချဖြီးလိုက်လေသည်။

ထိုအခါ၌ကား လူဖြူကြီး၏မျက်နှာမှာ ကြမ်းတမ်းခက်ထန်၍နေရာမှ တဖြည်းဖြည်း ချို၍လာတော့၏။ ဝံပုလွေ၏သဏ္ဍာန် ရှိသော်လည်း သိုးငယ် ကဲ့သို့ ဘေးအန္တရာယ်ကင်းမဲ့သော အမူအရာကို ပြုလျက်ရှိလေသည်။ နောက် တစ်ကြိမ် ဖြီးလိုက်သောအခါ၌ကား ပြုံးလျက်ပင် ရှိနေလေပြီ။

'ဒေါက်တာကလေတန်' ပြောလိုက်သောစကားများကို မသင်းကြိုင် သည် ပြန်၍ သတိရမိ၏။ ရူးသွပ်သောသူပင် ဖြစ်စေကာမူ ကြမ်းကြုတ်သော စိတ်ကို သူ၏ စိတ်ကြိုက်ဖြစ်သည့် နူးညံ့သောအပြုအမူတစ်ခုဖြင့် ဖုံးလွှမ်းနိုင်က ဘေးအန္တရာယ်ကို ကာကွယ်နိုင်မည် မဟုတ်ပါလော။ ဝံပုလွေကြီးကား မသင်း ကြိုင်က ဆံပင်ကိုဖြီးလိုက်တိုင်း စိတ်ဝင်စားလျက် ရှိနေလေပြီ။ သူသည် မသင်းကြိုင်၏ အချောအလှတည်းဟူသော ရုပ်ရည်ကို မသိရှာချေ။ ကလေးငယ် တစ်ယောက်ပမာ မသင်းကြိုင်၏ တဖျတ်ဖျတ် ဆံပင်ဖြီးချခြင်း၌သာ စိတ်ဝင် စားလျက် ရှိနေလေသည်။

သို့နှင့် မသင်းကြိုင်သည် လှုပ်လည်းမလှုပ်ဝံ့။ နေရာမှ ရွှေ့လျားခြင်း လည်း မပြုဝံ့ဘဲ မိမိ၏ဆံပင်ကိုသာ တဖျတ်ဖျတ်ဖြီး၍ နေရတော့လေရာ

ယင်းကဲ့သို့ ဖြီးနေသမျှ ကာလပတ်လုံး တစ်စုံတစ်ရာ ဘေးမဖြစ်နိုင်ကြောင်းကို သတိပြုမိ၏။ ဤသို့ဖြင့် အချိန်ကုန်အောင် ဆံပင်ကိုဖြီး၍သာ နေရလေသည်။

မသင်းကြိုင်၏လက်များကား အလွန်ညောင်းတွ၍လာပြီးလျှင် တဖြည်းဖြည်း ထုံ၍လာတော့၏။ သို့သော် ဆံပင်ဖြီးခြင်းကိုကား မရပ်ဝံ့ချေ။ အထူးသဖြင့် လုံခြုံထူထဲလှသော အလုံခန်းကြီးထဲတွင် ဖျတ်ခနဲ ဖျတ်ခနဲ မြည်သော အသံသည် ဆိတ်ငြိမ်သောနေရာ၌ အတော်ပင်ကျယ်လောင်စွာ ရှိနေလေသည်။ ထို့နောက် မသင်းကြိုင်သည် ဆံပင်ကိုဖြီးနေသည်မှတစ်ပါး အခြား မည်သည့် အရာကိုမျှ သတိမရတော့ချေ။

→ → →

နံနက် (၆)နာရီ ထိုးပြီးနောက် ဒေါက်တာကလေတန်ကိုယ်တိုင် အခန်းတံခါးကြီးကို လာ၍ဖွင့်ပေးရာ အောက်ပါအတိုင်း ထူးဆန်းစွာ တွေ့ရှိရတော့၏။ မသင်းကြိုင်သည် သူ၏ဆံပင်ကို ဖြည်းညင်းစွာဖြီးလျက်ပင် ရှိနေသေးရာ မျက်လုံးများမှာမူ စိတ္တဇရောဂါ စွဲကပ်သူများကဲ့သို့ စိုက်မိစိုက်ရာ စိုက်ကြည့်လျက် ရှိနေ၏။ မသင်းကြိုင်ကား ခေါ်၍လည်း မထူး၊ ပြော၍လည်း မကြားတော့ချေ။ ရူးသွပ်၍ သွားရှာလေပြီ။ ထူးဆန်းပုံမှာ မသင်းကြိုင်၏ဆံပင်များ ဆွတ်ဆွတ်ဖြူ၍ သွားခြင်းပင်တည်း။

ထိုထက်ထူးဆန်းသော အရာတစ်ခုကို တွေ့မြင်ရသေး၏။ ယင်းသည်ကား မသင်းကြိုင်အိပ်မည့် ကုတင်နဘေး ကြမ်းပြင်ပေါ်တွင် တခေါခေါ အိပ်ပျော်လျက်ရှိသော အရူးကြီး 'ဂျွန်စမစ်'ကို တွေ့ရခြင်းပင်တည်း။

ဒေါက်တာကလေတန်သည် အတန်ကြာ အံ့အားသင့်လျက် ရှိနေရာမှ မသင်းကြိုင်အား အခြားအခန်းတစ်ခုသို့ ညင်သာစွာဖယ်ရှားပြီးလျှင် 'ဂျွန်စမစ်' ကိုမူ ကုလား ၄ ယောက်ဖြင့် မိမိကိုယ်တိုင်ကူညီကာ လက်ထိပ်ခတ်၍ ဖမ်းဆီးလိုက်ရတော့၏။

**သွေးသောက်မဂ္ဂဇင်း**

**စာရေးသူ၏မှတ်ချက်**

ဂျပန်ခေတ်ကုန်ခါနီး၌ ကျွန်တော်သည် မိတ်ဆွေ မြို့ပိုင် ဦးထွန်းတင်နှင့် ကံအားလျော်စွာ ရန်ကုန်တွင် တွေ့ရှိပြီးလျှင် စကားစပ်မိသဖြင့် သူ၏ဇနီးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်များ ဖြူဆွတ်သွားရကြောင်း၊ စိတ်နောက်သွားသည်ကို တစ်နှစ်ခန့်မျှ မြန်မာဆေးဝါးများဖြင့် ကုသယူရကြောင်း၊ ယခုအခါတွင် ကောင်းစွာ ကျန်းမာလာပြီဖြစ်ကြောင်း၊ သို့သော် ခေါင်းဖြီးသောအခါများတွင် အခန်းထဲ၌ သူတစ်ယောက်တည်း မဖြီးဝံ့ဘဲ အနီးတွင် အဖော်တစ်ယောက် ရှိနေမှသာ ဖြီးဝံ့ကြောင်း စသည်ဖြင့် ပြောပြလေသည်။ ယင်းအဖြစ်အပျက်တို့မှာ မည်သူ့အားမျှ တစ်စုံတစ်ရာထိခိုက်ရန် အကြောင်းမရှိသဖြင့် ရေးသားဖော်ပြခြင်း ဖြစ်ပါကြောင်း။

**စာရေးသူ**

### စိတ္တံ စိတ်

ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကြီးသည် စိတ်ဓာတ်အားဖြင့် လွှမ်းခြုံအုပ်စိုး လျက်ရှိရာ 'စိတ်'ကို အကြမ်းဖျင်းအားဖြင့် သိပ္ပံနည်းအရ သုံးမျိုး ပိုင်းခြား ထား၏။ ယင်းတို့မှာ (၁) **Self** ခေါ် အတ္တစိတ် (၂) **Hert** ခေါ် အပေါင်း အသင်းစိတ်နှင့် (၃) **Sex** ခေါ် လိင်စိတ်တို့ ဖြစ်၏။ ယင်းသုံးမျိုးအနက် ပထမဆုံးဖြစ်သော အတ္တစိတ်သည် မူလအရင်းခံဖြစ်ရကား ငါဟူ၍ အစွဲအလမ်း ကြီးသော မာန်မာနတရားတို့သည် ထိုစိတ်မှ ထွက်ပေါ်လာသော အကျိုး အာနိသင်များ ဖြစ်လေသည်။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကြီးသည် ရာခိုင်နှုန်း ၉၀ မျှ စိတ်၏အလိုသို့ လိုက်ပါကြရသဖြင့် အမှန်သို့ စိတ်က ဆွဲဆောင်လျှင် အမှန်ကို ပြုမိကြ၏။ အမှားကို ဆွဲဆောင်လျှင်လည်း အမှားကို ပြုမိတတ်ကြ၏။ အတ္တစိတ်များသည် ကျွန်ုပ်တို့၏စိတ်ကို အသွင်အပြင်အမျိုးမျိုးဖြင့် ဖုံးလွှမ်းအုပ်စိုးလျက် ရှိလေရာ သူတစ်ပါးပြောလျှင် ယုံလွယ်ခြင်း၊ ကြောက်တတ်ခြင်း၊ စိတ်ကောက်ခြင်း စသည်တို့မှာ ယင်းမူလစိတ်မှ ထွက်ပေါ်လာသည့် အချောက်အတက်ကလေး များ ဖြစ်လေသည်။

လူတစ်ယောက်သည် တစ်စုံတစ်ခုကို စွဲစွဲလမ်းလမ်း ရှိနေခဲ့လျှင် ယင်းစွဲလမ်းသောအရာ ကျိုးပဲ့ပျက်စီးသွားလျှင်သော်လည်းကောင်း၊ ပျောက်ဆုံး သွားလျှင်သော်လည်းကောင်း ရပ်တည်နိုင်ခြင်းမရှိအောင် ဖြစ်တတ်လေသည်။

ချစ်ခင်တွယ်တာသော သံယောဇဉ်ကြီးလျှင် ကြီးသလောက် ယုံကြည်စွဲလမ်းမှု ကြီးလျှင် ကြီးသလောက် ထိုသူ၏စိတ်ကို ထိခိုက်တတ်၏။ ထို့ကြောင့်ပင် တစ်ဦးတည်းသော သားငယ်အပေါ်တွင် ချစ်ခြင်းတည်းဟူသော မေတ္တာစိတ် ကြီးမားလွန်းမက ကြီးမားလှသော မိခင်သည် ထိုသားငယ် သေဆုံး (အများ အားဖြင့် ရုတ်တရက်) သွားခဲ့ပါမူ မိခင်၏စိတ်မှာ ဆောက်တည်ရာမရတော့ဘဲ တစ်ခါတစ်ရံ ရုတ်တရက် ရူးသွပ်သွားတတ်လေသည်။

ဒေါက်တာဘွဲ့ရ ပရော်ဖက်ဆာ ဦးခင်မောင်ကျော်သည် ကားကလေးကို ခြံထဲသို့ မောင်းခဲ့၍ လက်ဆွဲသားရေအိတ်ကို ကိုင်ကာ ခြံကြီးအလယ်တွင် ဆောက်လုပ်ထားသော သူ၏စမ်းသပ်ခန်း(ဓာတ်ခွဲခန်း)ကြီး အတွင်းသို့ ဝင်သွား လေရာ ထိုအချိန်မှာ မှောင်စပျိုးပြီဖြစ်၍ လမ်းဓာတ်မီးများပင် စ၍ပေးလေပြီ။ ခြံကြီးမှာ အင်းလျားကန်စပ်တွင် ရှိနေ၍ နောက်ဖေးဘက် အချို့နေရာ၌ ရေများပင် ဝင်နေ၏။ ညနေစောင်း နေဝင်ရီသရောအချိန်များတွင် ငှက်ကလေး များသည် ယင်းကမ်းစပ်နှင့်အနီးရှိ သစ်ပင်များပေါ်သို့ လူးလာပျံသန်းလျက် ရှိနေကြသဖြင့် သာယာလှပေ၏။

ဦးခင်မောင်ကျော် တံခါးကို ပြန်၍ပိတ်ခဲ့ပြီးနောက် ဓာတ်မီးခလုတ်ကို ဖွင့်လိုက်ရာ အခန်းကြီးတစ်ခုလုံး ဝင်းထိန်၍သွားလေသည်။ အခြားသူများမှာ ဤနေရာမျိုး၌ ခေတ်မီတိုက်တစ်ဆောင်ကို ဝင့်ကြွားစွာ ဆောက်လုပ်ထားမည် မုန်သော်လည်း ဦးခင်မောင်ကျော်မှာ မိမိအစွဲအလမ်းကြီးလှသော ဝါသနာကို မစွန့်နိုင်သဖြင့် မည်သည့် တိုက်တာအိမ်ရာမျှ မဆောက်ဘဲ ပတ်ပတ်လည် သွပ်များကာရံ၍ ကျောက်ပြားများကို မိုးထားသည့် ဓာတ်ခွဲခန်းကြီးသာ ဆောက် လုပ်ထားခြင်း ဖြစ်လေသည်။ သူသည် သတ္တဗေဒ ပါရဂူတစ်ယောက်ဖြစ်၍ 'ကိမိလဗေဒ' ပိုးမွှားနှင့်ပတ်သက်သော ပညာကို ကောင်းစွာ ရှာဖွေလေ့လာ လျက် ရှိနေသူဖြစ်၏။ တက္ကသိုလ်နယ်မြေ၌ တိုက်အိမ်တစ်ခု ရရှိထားသော် လည်း သူ၏ဝါသနာအတွက် ကျဉ်းမြောင်းလှသဖြင့် အင်းလျားကန်အနီး၌ မြေတစ်ကွက် ဝယ်ပြီးလျှင် ဆိတ်ငြိမ်အေးချမ်းစွာ အလုပ်လုပ်နိုင်စေရန် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

ဓာတ်မီးခလုတ်ကို ဖွင့်လိုက်၍ တစ်ခန်းလုံး လင်းသွားလျှင်သွားချင်း ကြွက်ဖြူကလေးများသည် ၎င်းတို့လှောင်အိမ်အတွင်း ကြေးနန်းကြိုးများပေါ်တွင်

 http://www.cherrythitsar.org

ထိုမှဤမှ ပြေးလွှားလျက် ရှိကြ၏။ ကြောင်အိမ်ဖြင့် လှောင်ထားသော ကြောင်များသည်လည်း နို့သောက်ချိန်တန်သဖြင့် အော်မြည်လျက်ရှိကြ၏။ ဦးခင်မောင်ကျော်သည် သူ၏ အလုပ်စားပွဲရှိရာသို့ သွားပြီးလျှင် လက်ဆွဲအိတ်ကို တင်ထားလိုက်၏။ ထို့နောက် ပြတင်းပေါက်နံဘေးတွင် စီ၍ထားသော မှန်ဖြင့်ပြုလုပ်ထားသည့် လှောင်အိမ်များရှိရာသို့ သွားပြီးလျှင် မြွေများကို ကြည့်ရှုလျက်ရှိလေသည်။

မြွေများသည် လှောင်ချိုင့်၏ထောင့်များတွင် လိမ်ထွေးလျက် အိပ်ပျော်သကဲ့သို့ ငြိမ်သက်စွာ ရှိနေကြကုန်၏။ သို့သော် ယင်းတို့၏ မျက်လုံးကလေးများကား ဓာတ်မီးရောင်ဖြင့် တောက်ပလျက် ရှိနေ၏။ သို့ပင်ရှိလင့်ကစား မည်သည့်အရာကိုမျှ ကြည့်ရှုနေဟန် မတူချေ။ ပရော်ဖက်ဆာသည် မှန်များအနီးသို့ကပ်၍ ကြည့်ရှုလျက်ရှိရာ နှစ်ခွရှိနေသော လျှာများသည် ခေါက်ပိုင်း၍ ပန်းနုရောင်ရှိလျက် အဖျားတွင် မည်းနက်နေ၏။ ယင်းတို့သည် အပေါ်နှင့် အောက် ဖြည်းညင်းစွာ တွန့်လိမ်လှုပ်ရှားနေ၏။ ထိုခဏ၌ မြွေများသည် သခင်ကို မှတ်မိသကဲ့သို့ ၎င်းတို့၏ တွန့်လိမ်လျက်ရှိသော လျှာများကို ရုပ်သိမ်းလိုက်၏။

ဦးခင်မောင်ကျော်သည် သူဝတ်ထားသော သားရေကျောကင်အင်္ကျီကို ချွတ်လိုက်ပြီးနောက် ဓာတ်မီးဖိုတွင် မီးမွှေးလေ၏။ ထို့နောက် မီးဖိုပေါ်၌ ဒန်အိုးတစ်လုံး တည်ပြီးလျှင် ပဲတောင့်သံဗူးကို ထည့်လိုက်၏။ ဦးခင်မောင်ကျော်မှာ အသက် ၃၆ နှစ်ခန့်သာ ရှိသေး၍ သေးသွယ်သော ကိုယ်လုံးကိုယ်ပေါက် ရှိသူဖြစ်၏။ မျက်လုံးများမှာ မှန်ဘီလူးကို နှစ်ပေါင်းများစွာ အမြဲကြည့်ခဲ့သည့် လက္ခဏာဖြင့် ခပ်ဝါဝါ ရှိနေ၏။ သို့သော် ချိုသာ၍ အေးဆေးငြိမ်သက်သော အမူအရာ ရှိလေသည်။

အချိန်မှာ ဆောင်းဥတုဖြစ်သဖြင့် အခန်းတွင်း၌ပင် အတော်အတန် အေးလျက်ရှိရာ မီးအရှိန်ရ၍ ရေနွေး ဆူလုနီးပါး ရှိလာသောအခါ အနည်းငယ် အပူဓာတ် ရလာ၏။ ဘေးပတ်ဝန်းကျင်တွင် တစ်လုံးစီ စာများကပ်ထားသည့် ဖန်ဘူးကြီးများရှိ၏။ ယင်းတို့သည်ကား ပင်လယ်မှရသည့် ပိုးမွှားသတ္တဝါကလေး အမျိုးမျိုးနှင့် ကျောက်ပန်းကျောက်ခက် စသော သက်မဲ့ရုပ်ကြွင်းများ ဖြစ်၏။

ဦးခင်မောင်ကျော်သည် နံဘေးမှ အခန်းတံခါးတစ်ခုကို ဖွင့်ပြီးနောက် သူ အပန်းဖြေ အိပ်စက်နားနေလေ့ရှိသော အခန်းတွင်းသို့ ဝင်သွား၏။ အခန်းတွင်း၌ကား တစ်ယောက်အိပ် သံကုတင်တစ်လုံး၊ ကုလားထိုင်ခပ်ကြမ်းကြမ်း တစ်လုံး၊ ရွက်ဖျဉ်ကုလားထိုင်တစ်ခုနှင့် စားပွဲကလေးတစ်လုံး ရှိ၏။ စားပွဲပေါ်၌ကား စားပွဲတင်မှန်အိမ်တစ်လုံး ရှိလေသည်။ အခန်းပတ်လည်၌မူ စာအုပ်စင်များ ဝိုင်းထား၍ စင်ပေါ်၌တင်ထားသော စာအုပ်များမှာ ရူပဗေဒ၊ သတ္တဗေဒ၊ ပါဏဗေဒ၊ ကိမိလဗေဒ အစရှိသော ဗေဒအမျိုးမျိုး ပညာရပ်များနှင့်ပတ်သက်သည့် စာအုပ်များနှင့် ဆေးဘက်ဆိုင်ရာ စာအုပ်များ ဖြစ်လေသည်။ သူသည် အခန်းထဲ၌ နောက်ပိတ်ဖိနပ်ကို ချွတ်ထားခဲ့ပြီးလျှင် ကတ္တီပါညှပ်ဖိနပ်ကို စီး၍ အပြင်သို့ ထွက်လာ၏။ ထိုအချိန်ကား ရေနွေးအိုးမှာ ဆူတော့မည်ဖြစ်၍ တစီစီအသံပေးလျက် ရှိနေလေပြီ။

သူသည် သားရေအိတ်ထဲမှ ပုလင်းတစ်လုံးကို ထုတ်ယူ၍ စားပွဲပေါ်သို့ တင်ထားလိုက်ပြီးလျှင် အတွင်းမှငါးများကို ခေတ္တမျှကြည့်နေ၏။ ပုလင်းထဲတွင် ငါးကလေး အကောင်နှစ်ဆယ်ခန့်ရှိရာ ယင်းတို့မှာ လက်ငါးချောင်းရှိ၍ ကြယ်သဏ္ဍာန်ရှိသောကြောင့် ‘စတားဖစ်’(ကြယ်ငါး)ခေါ် အလွန်မာကျောသော အရိုးရှိသည့် ပင်လယ်ငါးမျိုး ဖြစ်လေသည်။

ထိုအချိန်၌ လှောင်အိမ်အတွင်းရှိ ကြွက်များသည် တကျွတ်ကျွတ် မြည်ကာ ပြေးလွှားနေကြသဖြင့် ဦးခင်မောင်ကျော်သည် အိတ်တစ်ခုအတွင်းမှ ဂျုံစပါးအနည်းငယ်ကို လက်ဖြင့် ဆုပ်၍ယူပြီးလျှင် လှောင်အိမ်အပေါ်ရှိ အစာ ကျွေးပေါက်မှ သွန်ချလိုက်ရာ ကြွက်များသည် အစာရှိရာသို့ စုရုံးပြေးလာကြပြီးနောက် စားသောက်လျက် ရှိကြ၏။ သူသည် စင်တစ်ခုပေါ်မှ နွားနို့ပုလင်းကို ယူပြီးလျှင် ကြောင်ထားသော လှောင်ချိုင့်ဆီသို့ သွားပြန်၏။ ထို့နောက် သူသည် အမွေးရှည် ကြောင်အကျားကလေးတစ်ကောင်ကို ထုတ်ယူပြီးလျှင် ခေတ္တမျှ ကျောကိုပွတ်သပ်လျက် ဆေးဓက်သုတ်ထားသည့် သေတ္တာတစ်ခု အတွင်းသို့ နွားနို့ထည့်၍ တိုက်လေသည်။ သူသည် ဓာတ်ငွေ့ဝင်သော ပိုက်လုံးမှ ခလုတ်ကို ပြန်၍ပိတ်လိုက်၏။ အဘယ်ကြောင့်ဆိုသော် ပိုးမွှားတိရစ္ဆာန် သတ်သော ထိုသေတ္တာဓက်ကလေးမှာ ထိုအချိန်တွင် ဓာတ်ငွေ့များ ပြည့်၍ နေပေတော့မည်။

http://www.cherrythitsar.org

ထိုအချိန်၌ ရေနွေးအိုးမှာ ဆူပြီဖြစ်၍ သူသည် ပြုတ်ထားသော ပဲတောင့် ဘူးကို ဖွင့်၍ အံဆွဲအတွင်းမှ ပန်းကန်ပြားတစ်ချပ်ထဲသို့ ပဲတောင့်များကို ထုတ်ယူကာ ပေါင်မုန့်ဖြင့် စားသောက်လျက်ရှိ၏။ ဦးခင်မောင်ကျော်မှာ အလုပ်လုပ်သည့်အတွင်း အဆာပြေ စားသောက်နေသည့် အချိန်၌ပင် ၎င်း၏ ပိုးမွှားတိရစ္ဆာန်များကို စိတ်ဝင်စားစွာ ကြည့်နေတတ်။ ထိုအချိန်၌ ပုလင်း အတွင်းရှိ ကြယ်ငါးကလေးများ၏ လက်တံများမှ အဖြူရည်များ ထွက်နေသည် ကို မြင်ရ၏။

ပဲတောင့်များကို ပေါင်မုန့်နှင့် အဆာပြေစားပြီးသောအခါ သူသည် ပန်းကန်ပြားနှင့် ဇွန်းခရင်းများကို အခန်းနောက်ဖေးသို့ ယူသွားပြီးလျှင် လက်ဆေးကြွေအင်တုံထဲသို့ ထည့်ထားလိုက်၏။ လက်များကို ဆပ်ပြာဖြင့် ဆေးကြောပြီးနောက် အနီးရှိအဝတ်တန်းမှ လက်သုတ်ပုဝါတစ်ခုဖြင့် သုတ်ပြီး လျှင် အလုပ်စားပွဲသို့ ပြန်လာခဲ့၏။ စားပွဲသို့ရောက်သောအခါ အံဆွဲအတွင်းမှ မျက်စဉ်းများခတ်သော ဖန်ပြွန်ကလေးတစ်ချောင်းနှင့် ဆေးပုလင်းတစ်ခုကို ထုတ်ယူပြီးလျှင် စားပွဲပေါ်၌ တင်ထား၏။ တစ်ဖန် စင်ပေါ်မှ အဝကျယ်ပုလင်း ၁၀ လုံးကို ရေအနည်းငယ်စီ ထည့်ပြီးလျှင် စားပွဲပေါ်၌ စီ၍တင်ထားပြန်၏။ ထို့နောက် အဖြူရည်များထွက်နေသည့် ငါးကလေးများကို ကြည့်ရှုနေပြန်လေ သည်။

သို့ရှိစဉ် အိမ်ရှေ့တံခါး လှေကားခုံပေါ်သို့ ဖြည်းညင်းစွာ တက်လာ သော ခြေသံတစ်သံကို ကြားရပြီးလျှင် တံခါးရွက်ကို ခပ်ပြင်းပြင်းခေါက်နေ သည့် အသံကို ကြားရ၏။ ဦးခင်မောင်ကျော်မှာ အနှောင့်အယှက်ကြောင့် သက်ပြင်းချ၍ တစ်ချက် ညည်းညူလိုက်၏။ သို့သော် တံခါးဆီသို့သွားပြီးလျှင် တံခါးကို ဖွင့်ပေးလိုက်လေသည်။

အရပ်မြင့်မြင့် သေးသေးသွယ်သွယ် မိန်းကလေးတစ်ယောက်သည် သိုးမွေးအင်္ကျီ အနွေးထည်တစ်ထည်ကို ဝတ်ကာ တံခါးဝ၌ ရပ်နေသည်ကို တွေ့ရ၏။ ဆံပင်မှာ ဖြောင့်စင်း၍ မီးသွေးတမျှ နက်မှောင်လျက်ရှိပြီးလျှင် အချို့ဆံပင်ကလေးများမှာ နဖူးပြင်ပေါ်သို့ ကပိုကရို ကျနေ၏။ မျက်လုံးများမှာ မည်းမှောင်၍ ဓာတ်မီးရောင်တွင် အရောင်တောက်နေသကဲ့သို့ ထင်ရ၏။ မိန်းကလေးက တစ်စုံတစ်ရာကို ကြိုးစားပြောရသော လေသံမျိုးဖြင့်–

"ဒီမယ်ရှင့်၊ အထဲကို ကျွန်မ တစ်ဆိတ် ဝင်ပါရစေ၊ ရှင့်ကို ကျွန်မ စကားပြောချင်လို့ပါ"

"ကျွန်တော် သိပ်အလုပ်ရှုပ်နေပါတယ် ခင်ဗျာ၊ အလုပ်က အချိန်နဲ့ လုပ်ရတဲ့ အလုပ်ပါ"

သို့သော် ဦးခင်မောင်ကျော်သည် လမ်းဖယ်ပေးသကဲ့သို့ နံဘေးသို့ ခပ်ရိရိ ရှောင်ပေးလိုက်ရာ မိန်းကလေးသည် လျှင်မြန်ဖျတ်လတ်စွာ အိမ်ထဲသို့ ဝင်လာလေသည်။

"ကိစ္စမရှိပါဘူးရှင်၊ ရှင် စကားပြောတဲ့အချိန် ရတဲ့အထိ ကျွန်မ စောင့်နေပါ့မယ်"

ဦးခင်မောင်ကျော်သည် တံခါးကို ပိတ်လိုက်ပြီးနောက် အိပ်ခန်းမှ ကုလားထိုင်တစ်လုံးကို ဆွဲယူပြီးလျှင် အလုပ်စားပွဲနှင့် မနီးမဝေး၌ နေရာပေးလေ၏။ ထို့နောက် မိန်းကလေးအား အနည်းငယ် တောင်းပန်လိုသည့်ဟန်ဖြင့် ဆက်လက်ပြောဆိုလျက် ရှိလေသည်။

"စမ်းသပ်တဲ့အလုပ်က အခု စနေပြီ၊ ဒီတော့ ဆက်လုပ်ရတော့မှာပဲ ခင်ဗျာ့၊ ထိုင်ပါ... ထိုင်ပါ၊ နောက် ခဏကလေးကြာရင် ခင်ဗျားပြောတာ ကျွန်တော် နားထောင်နိုင်ပါလိမ့်မယ်"

မိန်းကလေးသည် ကုလားထိုင်ကို ခပ်မိမိထိုင်လိုက်၏။ ပါမောက္ခ ဦးခင်မောင်ကျော်သည် ငါးလေးများမှထွက်သည့် အဖြူရည်များကို မျက်စဉ်းခတ်သော ဖန်ပြွန်ကလေးနှင့်စုပ်၍ ယူပြီးလျှင် ရေအနည်းငယ်စီ ထည့်၍ ထားသော ပုလင်းများအတွင်းသို့ ထည့်ပေးပြီးနောက် စားပွဲပေါ်ရှိ ပုလင်းအဖြူ ထဲမှ ဆေးရည် တစ်စက်,နှစ်စက်စီထည့်၍ ဖန်ပြွန်ကလေးဖြင့် ရေများကို မွှေပေး၏။

"ဒီလိုခင်ဗျ... ဒီပုလင်းကြီးထဲက ကြယ်ပွင့်ပုံ ငါးကလေးတွေဟာ လိင်အာရုံ ခံစားတတ်တဲ့အရွယ် ရောက်လာတဲ့အခါ ဒီရေကျတဲ့အချိန်မှာ သူတို့ရဲ့ သားမျိုးစေ့ကို လွှတ်ကြတယ်။ ဒီအထဲက အရွယ်ရောက်တဲ့ ငါးကို ရွေးပြီးတော့ ရေထဲကို လွှတ်မယ်။ ဒီပုလင်းတွေထဲကရေက ရိုးရိုးရေ မဟုတ်ဘူး။ ပင်လယ်ရေ ခင်ဗျာ့၊ ပြီးတော့ ပင်လယ်ထဲမှာ ဒီရေကျတဲ့ အခြေအနေမျိုး ရောက်အောင်လည်း ပုလင်းထဲကရေကို လုပ်ထားတယ်။ ဒါကြောင့် ဒီအဝ

http://www.cherrythitsar.org

ကျယ်ပုလင်း ၁၀ လုံးထဲကို တစ်လုံးစီ ဒီငါးတွေကို တစ်ခုစီ ထည့်စမ်းကြည့်မယ်။ ၁၀ မိနစ်ကြာတော့ ပထမပုလင်းထဲကို မင်းသို(ပရုတ်သစ်ဆီ) ထည့်ပြီး ကျွန်တော် သတ်လိုက်မယ်။ နောက် မိနစ် ၂၀ အကြာမှာ ဒုတိယပုလင်းထဲက အစုကို ကျွန်တော် သတ်မယ်။ နောက် မိနစ် ၂၀ ကြာတိုင်း တစ်ခုစီ တစ်ခုစီ သတ်သွားမယ်။ ဒီအခါ ကျွန်တော် ဘာရမလဲဆိုရင် သူတို့တစ်ခုစီဟာ အချိန် ဘယ်လောက်ကြာတဲ့အခါမှာ မျိုးစေ့အဖြစ်က ပေါက်သည်အထိ အချိန်ကို ကျွန်တော် ခန့်မှန်းနိုင်မယ်။ ဒါဟာ ဘိုင်အိုလိုဂျီအတွက် စမ်းသပ်မှုတစ်ခုပဲ ခင်ဗျာ့၊ ပထမအစုပါတဲ့ ပုလင်းကို မှန်ဘီလူးနဲ့ ခင်ဗျား လာကြည့်ချင်ကြည့်ပါလား"

"ဟင့်အင်း မကြည့်ချင်ပါဘူး၊ ကျေးဇူးတင်ပါတယ်"

လူများသည် ဤစမ်းသပ်မှုများကို အလွန်ကြည့်လိုကြ၏။ သို့သော် ယခုမိန်းကလေးမှာ စားပွဲကိုပင် မကြည့်ဘဲ သူ့ကိုသာကြည့်နေသည်ကို တွေ့ရ၏။ တောက်ပြောင်သော မျက်လုံးနက်ကလေး နှစ်လုံးမှာ သူ့ကို ကြည့်နေ၏။ သို့သော် သူ့အား မြင်ဟန်မတူချေ။ မျက်လုံးအလယ်မှ သူငယ်အိမ်နှင့် မျက်ဆံတို့မှာ အလယ်မှခြားနားသော အရစ်မပါဘဲ မည်းမှောင်၍ ဆက်စပ်နေ၏။ သို့ဖြစ်သောကြောင့်သာ ဤသို့ ဖြစ်တန်ရာ၏ဟု ဦးခင်မောင်ကျော် ထင်မိ၏။ ဤသို့ မိန်းကလေးက ငြင်းဆန်သောအခါ မိန်းကလေး ပို၍ကြည့်လိုစိတ်ရှိလာအောင် လုပ်ပြလိုသော ဆန္ဒ ပို၍လာတော့၏။ သို့နှင့် ဦးခင်မောင်ကျော်က ဆက်လက် ပြောပြန်လေသည်။

"ကျွန်တော် အဲဒီလို ၁၀ မိနစ် စောင့်နေတဲ့အချိန်မှာ ကျွန်တော် အခြားအလုပ် လုပ်စရာရှိသေးတယ် ခင်ဗျ။ ဟုတ်တာပေါ့လေ... တချို့လူတွေဟာ ဒါမျိုးကို မကြည့်ချင်ဘူး။ စိတ်ဝင်စားမှု တယ်မရှိကြဘူး။ ဒီတော့ ပျင်းရင် ဟိုအခန်းထဲက ပက်လက်ကုလားထိုင်ပေါ် သွားထိုင်နေပါ့လား။ စာအုပ်တွေလည်း ရှိတယ်။ စားပွဲတင်စာတ်မီးလည်း ရှိတယ်"

"ဟင့်အင်း... မသွားချင်ပါဘူး။ နေပါစေ... ရှင် အားအောင် ကျွန်မ စောင့်နေပါ့မယ်"

မိန်းကလေးသည် စိတ်နှလုံးကို ဒုန်းဒုန်းချထားသကဲ့သို့ လက်နှစ်ဖက်ကို ပေါင်ပေါ်သို့တင်ကာ အေးဆေးငြိမ်သက်စွာ ထိုင်လျက်ရှိလေ၏။ မိန်းကလေး

သည် အခြားသူများ အလွန်ကြည့်လိုသော အရာကို မကြည့်ဘဲနေခြင်းအတွက် ဦးခင်မောင်ကျော်သည် မိန်းကလေး မကြည့်ကြည့်အောင် လုပ်ပြလိုသောဆန္ဒ ယခင်ကထက် ပြင်းပြ၍ လာပြန်၏။

ဦးခင်မောင်ကျော်သည် သစ်သားပုခက်ကလေးကဲ့သို့ အရာဝတ္ထုကလေး တစ်ခုကို ယူခဲ့ပြီးလျှင် စားပွဲပေါ်၌ တင်ထား၏။ အံဆွဲအတွင်းမှ ကတ်ကြေးနှင့် ငါးကလေးများကိုလည်း အသင့်တင်ထား၏။ ထို့နောက် တိရစ္ဆာန်များကို ခါတ်ငွေ့ပေးသတ်သည့် လေလုံသေတ္တာ အနက်ကလေးအတွင်းမှ ပျော့၍ နေသော ကြောင်သေကောင်ကို ထုတ်ယူပြီးလျှင် ယင်းပုခက်ကလေးပေါ်တွင် တင်၍ ခြေထောက်များ၊ လက်များကို ကြိုးဖြင့် ခပ်တင်းတင်း ချည်လေသည်။ ထိုအချိန်၌ မိန်းမပျိုကို မသိမသာ လှမ်း၍ကြည့်ရာ မိန်းမပျိုမှာ တစ်စုံတစ်ရာ ထကြွလှုပ်ရှားခြင်းမရှိဘဲ ယခင်ကအတိုင်းပင် အေးဆေးငြိမ်သက်စွာ ရှိနေသည်ကို တွေ့ရ၏။

ဦးခင်မောင်ကျော်သည် လက်တွင် သားရေလက်အိတ်များကို စွပ်လိုက်ပြီးနောက် ဆရာဝန်တစ်ယောက်၏ ကျည်လည်ခြင်းမျိုးဖြင့် ကြောင်၏လည်မျိုကို လက်သန်းဖျားခန့် ဓားငယ်ဖြင့် ခွဲပြီးလျှင် အတွင်းမှ သွေးကြောတစ်ခုကို လက်မဝက်ခန့် အပြင်သို့ထုတ်လိုက်၏။ ထို့နောက် ကြိုးကလေးတစ်ချောင်းဖြင့် ချည်လိုက်ပြီးလျှင် အံဆွဲအတွင်းမှ ဆေးထိုးအပ်ကိုယူကာ ပုလင်းထဲမှ ဆေးရည်ကို စုပ်ယူပြီးနောက် ထိုသွေးကြောအတွင်းသို့ ဆေးရည်အနည်းငယ် ထိုးသွင်းလိုက်၏။ ဦးခင်မောင်ကျော်သည် မိမိကိုယ်ကို မိမိပြောသကဲ့သို့လည်းကောင်း၊ မိန်းမပျိုအား ပြောသကဲ့သို့လည်းကောင်း တီးတိုးအသံဖြင့် "ဒါက တိရစ္ဆာန်ကို တာရှည်ခံအောင်ထိုးပေးတဲ့ ဆေးမျိုးပဲ... ဒီဟာတွေဟာ ဘိုင်အိုနဲ့ဆိုင်တာ ချည်းပဲ"ဟု ရေရွတ်လိုက်၏။

မိန်းမပျိုအား လှည့်ကြည့်လိုက်သောအခါ ၎င်းမှာ တစ်စုံတစ်ရာ လှုပ်ရှားခြင်းမရှိ။ ကြောင်သေအား စိုက်ကြည့်လျက်ရှိသည်ကိုသာ မြင်ရ၏။ မိန်းမပျို၏မျက်နှာမှာ အဓိပ္ပာယ်ကင်းမဲ့သော မျက်နှာမျိုးဖြစ်၍ မျက်လုံးများသည်လည်း တွေဝေရီမှောင်သကဲ့သို့ ရှိနေလေသည်။ ထိုအချိန်၌ ဦးခင်မောင်ကျော်သည် စားပွဲပေါ်တွင်ချထားသော နာရီကိုကြည့်ကာ "အင်း... ပထမသုတ်အတွက် အချိန်တော်လောက်ပြီ"ဟု တစ်ကိုယ်တည်း ရေရွတ်သူကဲ့သို့ ရေရွတ်

လိုက်ပြီးလျှင် မင်သိုပရုတ်သစ်ဆီဖြင့် ပြုလုပ်ထားသော ဆေးလုံးနှစ်လုံးကို ပထမပုလင်းထဲသို့ ထည့်လိုက်လေသည်။ ဦးခင်မောင်ကျော်မှာ အနီးမှ မိန်းကလေးတစ်ယောက် ရှိနေသဖြင့် အတော်အတန် စိတ်လှုပ်ရှားနေ၏။ ကြွက်များသည် တကျွိကျွိမြည်၍ လာပြန်ပြီးလျှင် လှောင်အိမ်အတွင်းရှိ သံတန်းများပေါ်တွင် ပြေးလွှားနေကြပြန်၏။

ဦးခင်မောင်ကျော်သည် မိန်းမပျိုဘက်သို့ လှည့်လိုက်ပြီးနောက် "အင်း– ခုမှပဲ နည်းနည်းအားတော့တယ်။ မိနစ်နှစ်ဆယ်လောက်တော့ စကားပြောနိုင်ပါပြီ"ဟု ပြောပြီးလျှင် မိန်းမပျို၏မျက်နှာကို မသိမသာ ကြည့်လိုက်မိရာ မေးစေ့မှာ အတော်ပင် တို၍နေသည်ကို မြင်ရ၏။ ထိုအခါမှ မိန်းမပျိုက စကားပြန်၍ ပြောလေသည်။

"ဟုတ်ကဲ့၊ ကျွန်မ စောင့်နေပါတယ်။ ဪ– ဒါထက် ရှင့်မှာ မြွေ မရှိဘူးလာ"

(အတန်ငယ် ကျယ်လောင်စွာဖြင့်) "ရှိပါတယ်ဗျာ... ရှိပါတယ်။ ရက်တယ်ဆနိတ်ဆိုတဲ့ မြွေ အကောင်နှစ်ဆယ်ကျော်လောက် ရှိတယ်"

"ရှင်ပြောတာ ဘာမြွေမျိုးလဲ"

"ရက်တယ်ဆနိတ်ဆိုတာ အမြီးက ခလောက်သံမြည်တဲ့ မြွေမျိုးခင်ဗျ။ ကျွန်တော်တို့နိုင်ငံတော့ မရှိဘူးပေါ့ဗျာ။ ကျွန်တော်က နိုင်ငံခြားက မှာယူတာ။ ဒီမြွေတွေက မြွေဆိပ်ထုတ်ပြီး ဆေးရုံနဲ့ မြွေကုတဲ့ဆရာဝန်တွေကို ကျွန်တော်က ရောင်းနေတာပဲ"

"အဲဒီအထဲမှာ မြွေထီး မရှိဘူးလား"

"ဒီမှာဗျ၊ ကျွန်တော် ပြောရဦးမယ်။ တစ်နေ့တော့ လှောင်အိမ်ထဲမှာ အကောင်ခပ်ကြီးကြီးတစ်ကောင်ဟာ ခပ်ငယ်ငယ်တစ်ကောင်နဲ့ မိတ်လိုက်နေတာ ကံအားလျော်စွာ သွားတွေ့ရတယ်။ ဒါမျိုးဟာ သူတို့ကို ဖမ်းထားတဲ့ အခါမှာ အင်မတန် တွေ့ရခဲတာကလား။ ဒါကြောင့် ဒီအကောင်ကြီးဟာ မြွေထီးကြီးဆိုပြီးတော့ မှတ်ထားတယ်"

"အဲဒီအကောင် ဘယ်မှာလဲ"

"ဟိုပြတင်းပေါက်နားမှာ ကပ်ထားတဲ့ မှန်လှောင်အိမ်ထဲမှာပေါ့"

"ကျွန်မ မကြည့်ရဘူးလားရှင်"

"ကြည့်ရပါတယ်"

ဦးခင်မောင်ကျော် ပြတင်းပေါက်အနီးတွင်ရှိသော မှန်လှောင်အိမ်ကြီး ရှိရာသို့ လျှောက်သွားလေ၏။ လှောင်အိမ်၏အောက်ခံမှာ သဲများခင်းထား၍ မြွေများမှာ ကြိုးများကို ရှုပ်ထွေးစွာ ချထားသကဲ့သို့ တစ်ကောင်နှင့်တစ်ကောင် ရစ်ထွေးလုံးပတ်လျက် ရှိနေကြ၏။ ၎င်းတို့၏လျှာများမှာ အပြင်သို့ထွက်ကာ လေကို ရှူရှိုက်နေသကဲ့သို့ အထက်အောက် နိမ့်ချည်မြင့်ချည် လှုပ်ရှားလျက် ရှိ၏။ ဦးခင်မောင်ကျော်သည် နောက်သို့ ပြန်၍လှည့်လိုက်ရာ မိမိအနီးသို့ ရောက်နေသော မိန်းမကို အံ့ဩစွာ တွေ့ရ၏။ မိန်းမပျိုမှာ ကုလားထိုင်ပေါ်မှ ထ၍လာသော အသံကိုမျှပင် မကြားဘဲ မိမိအနီးသို့ ရုတ်တရက်ရောက်နေ ခြင်းကို အံ့ဩမိ၏။

"ဘယ်ဟာလဲရှင်၊ ရှင်ပြောတဲ့ အထီးဆိုတာ"

ဦးခင်မောင်ကျော်သည် လှောင်ချိုင့်၏ ထောင့်တစ်ထောင့်တွင် တစ်ကောင်တည်း ခွေ၍နေသော အလုံးခပ်ကြီးကြီး မြွေတစ်ကောင်ကို ညွှန်ပြလျက်...

"အဲဒီအကောင်ကြီးပေါ့။ ငါးပေလောက်နီးနီးရှိတယ်။ အမေရိကကို မှာတဲ့အထဲက ပါလာတဲ့ အကောင်ကြီးပဲ။ ကြွက်များ စားလိုက်တာလည်း မပြောနဲ့တော့၊ သူချည်းပဲ။ ဒါကြောင့် အစာကျွေးတဲ့အခါ သူ့ကို တခြား ထုတ်ထားပြီး ခွဲကျွေးရတယ်"

ထိုအချိန်၌ အဆိပ်ပါမြွေကြီးသည် ဦးခေါင်းကို အနည်းငယ်ကြွပြီးလျှင် တစ်ခဏမျှ လျှာကို တစ်လစ်ထုတ်ပြီးနောက် ငြိမ်သက်သွားပြန်၏။

"ဟုတ်ကဲ့လား..."

"ဟုတ်ပါတယ်။ မိတ်လိုက်နေတာ အရင်တစ်ခါ တွေ့ရတယ်ဆိုတာ ဒီအကောင်ကြီးပဲ"

မိန်းမပျိုသည် ငြိမ်၍ကျသွားသော မြွေ၏ဦးခေါင်းပြားကြီးကို စူးစိုက် ကြည့်ရှုလျက် ရှိလေ၏။

"အဲဒါ ကျွန်မကို မရောင်းဘူးလား..."

"ခင်ဗျားကို ရောင်းရမယ်... ဟုတ်စ"

"ဟုတ်ပါတယ်... မြွေမျိုးတွေ ရှင် မွေးပြီး ရောင်းနေတယ်

မဟုတ်လား"

"ဟုတ်ပါတယ်..."

"ဒါဖြင့် ဘယ်လောက်ပေးရမလဲရှင် ပြောပါ..."

"တစ်ရာပါပဲ။ ဒီမြွေမျိုးအကြောင်းကို ခင်ဗျား သိရဲ့လား။ သတိထား နော်၊ ကိုက်တတ်တယ်"

မိန်းမပျိုသည် ဦးခင်မောင်ကျော်၏မျက်နှာကို တစ်ချက် လှမ်း၍ ကြည့်လိုက်၏။

"ကျွန်မ ယူသွားမယ် မကြံပါဘူး။ ဒီမှာပဲ ထားချင်တယ်။ ဒါပေမယ့် ကျွန်မပစ္စည်းဖြစ်တော့ ဒီကို ကျွန်မ မကြာမကြာ လာပြီးကြည့်ချင်တယ်။ အစာလည်း ကျွေးချင်တယ်။ ဒါမှ သူ့သခင်ကို မှတ်မိမှာ"

မိန်းမပျိုသည် လက်ပွေ့အိတ်ကို ဖွင့်ပြီးနောက် ၁၀၀ိ/-တန် စက္ကူ တစ်ချပ်ကို ထုတ်ယူပြီးလျှင် ဦးခင်မောင်ကျော်အား ပေးလေ၏။

"ဒီမှာ ငွေတစ်ရာ။ ဒီမြွေ ကျွန်မပစ္စည်း ဖြစ်ပြီနော်"

(အတန်ငယ်စိုးရိမ်လာလျက်) "ဒီလိုဆိုရင် ခင်ဗျား မဝယ်ဘဲနဲ့လဲ လာအကြည့်နိုင်သားပဲ"

"မဟုတ်ဘူးရှင့်။ ကျွန်မက ကျွန်မပစ္စည်း ဖြစ်ချင်တာ"

"အလို- ဘုရားရေ... ကျုပ် မေ့နေလိုက်တာ။ အချိန်တောင် လွန်သွား ပလား မပြောတတ်ဘူး။ ဟော ၃ မိနစ်တောင် လွန်နေပြီ။ နို့ပေမယ့် ကိစ္စ မရှိပါဘူးလေ"

ဦးခင်မောင်ကျော်သည် စားပွဲသို့သွားရောက်ကာ မင်သိုဆေးလုံးကလေး နှစ်လုံးကို ဒုတိယပုလင်းထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် မြွေလှောင်အိမ် ရှိရာသို့ ပြန်လာခဲ့ရာ မိန်းမပျိုမှာ မြွေကို စိတ်ဝင်စားစွာ ကြည့်ရှု၍နေဆဲပင် ဖြစ်လေသည်။

"သူ ဘာစားသလဲရှင့်"

"ကြွက်ဖြူတွေကို ကျုပ် ကျွေးတယ်။ ဟိုလှောင်ချိုင့်ထဲက မြည်နေတဲ့ ကြွက်တွေပေါ့"

“ဒါဖြင့် ဒီအကောင်ကြီး ဟိုဘက်လှောင်ချိုင့်အလွတ်ထဲ ထည့်ပေးပါလားရှင်။ သူ့ကို အစာကျွေးချင်လို့”

“အစာကျွေးဖို့ မလိုသေးပါဘူး။ ဒီအပတ်ထဲမှာ ကြွက်တစ်ကောင် စားပြီးပါပြီ။ ဒီအကောင်မျိုးဟာ တစ်ခါတလေ သုံးလ လေးလ မစားဘဲ နေနိုင်တယ်။ တစ်ကောင်ဟာ တစ်နှစ်ကျော် ရှိနေပြီ၊ ဘာအစာမှ မစားဘူး”

(တီးတိုးလေသံဖြင့်) “ကျွန်မကို ကြွက်တစ်ကောင် ရောင်းပါလားရှင်”

“သြော်– ခင်ဗျားက ဒီမြွေမျိုး အစာစားတာ ကြည့်ချင်တယ် ဆိုပါတော့။ ကောင်းပါးပြီဗျာ။ ဒီလိုဆိုရင် ကျုပ် ပြပါ့မယ်။ ကြွက်တစ်ကောင်အတွက် ၁၀/– ပေးရလိမ့်မယ်။ တစ်ဖက်ကကြည့်ရင် နွားတိုက်ပွဲကို ကြည့်ရတာထက် ကောင်းသေးတယ်။ တစ်ဖက်ကကြည့်ရင်တော့ မြွေတစ်ကောင်ဟာ ရိုးရိုးညစာစားတဲ့ သဘောပေါ့ဗျာ။ အလုပ်သဘောနဲ့ကြည့်ရင် တစ်မျိုး၊ အပျော်သဘောနဲ့ကြည့်ရင် တစ်မျိုးပေါ့ဗျာ”

ဦးခင်မောင်ကျော်သည် တိရစ္ဆာန်များ တစ်ကောင်နှင့်တစ်ကောင် သတ်ဖြတ်နေသည်ကို အပျော်သဘောဖြင့် ကြည့်လိုသူများအား ရွံရှာမုန်းတီးလှ၏။ သူသည် အားကစားသမားတစ်ယောက် မဟုတ်။ မိမိအလုပ်ကိုသာ ဂရုစိုက်သော ရိုးရိုးသတ္တဗေဒပါမောက္ခကြီး တစ်ယောက်ဖြစ်၏။ ပညာရေးအတွက်သော်လည်းကောင်း၊ သိပ္ပံပညာနှင့်ပတ်သက်၍ ရှာဖွေစမ်းသပ်မှုတစ်ခုအတွက်သော်လည်းကောင်း ထောင်ပေါင်းများစွာသော ပိုးမွှားများ၊ တိရစ္ဆာန်များကို သတ်ဖူး၏။ သို့သော် အပျော်အတွက် သက်သက်ဆိုပါမူ ပုရွက်ဆိတ်တစ်ကောင်၏အသက်ကိုပင် မသတ်ချေ။ ဦးခင်မောင်ကျော်သည် ခိုင်မာရင့်သန်သော ဉာဏ်စိတ်မျိုးရှိသူ တစ်ယောက် ဖြစ်လေသည်။

ထို့ပြင် ဦးခင်မောင်ကျော်မှာ အသက်ပင် ငယ်ရွယ်သော်လည်း အရွယ်ကြီးသောသူများထက်ပင် ရင့်ကျက်သောစိတ်ဓာတ် ရှိသူဖြစ်၏။ တစ်စုံတစ်ခုကို ယုံကြည်လျှင် စွဲစွဲမြဲမြဲ ယုံကြည်တတ်၏။ တစ်စုံတစ်ရာကို လုပ်ကိုင်မည်ဆိုက စည်းစိမ်ကိုလည်းကောင်း၊ အသက်ကိုလည်းကောင်း ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ လုပ်ကိုင်တတ်သူ ဖြစ်၏။ တစ်စုံတစ်ရာ စိတ်ထိခိုက်မှုကိုလည်း အနည်းငယ်မျှ ခံနိုင်သူ မဟုတ်ဘဲ သိပ္ပံပညာတိုးတက်မှုကိုသာ အဓိကထားပြီးလျှင် ယင်းဘာသာရပ်များနှင့်ပတ်သက်၍ ရှပ်ရှပ်ချွံချွံ စမ်းသပ်ရှာဖွေ လုပ်ကိုင်နေသော

http://www.cherrythitsar.org

ပရော်ဖက်ဆာတစ်ဦး ဖြစ်လေသည်။

မိန်းမပျိုသည် အတန်ငယ် ပြုံးယောင်သမ်းသကဲ့သို့သော မျက်နှာဖြင့် ဦးခင်မောင်ကျော်အား လှမ်း၍ကြည့်လိုက်ပြီးလျှင် "ကျွန်မမွေ့ကို ကျွန်မ အစာကျွေးချင်တယ်ရှင့်။ ဒီလိုဆိုရင် ရှင်ပြောသလို ဟိုဘက်က လှောင်အိမ် အလွတ်ထဲ ရွှေ့ဦးမှပဲ"

ပြောပြောဆိုဆိုနှင့် မိန်းမပျိုသည် မြွေလှောင်ချိုင့်အပေါ်ဖုံးမှ အစာ ကျွေးသော အပေါက်ကို ဖျတ်ခနဲ ဖွင့်လိုက်ပြီးလျှင် မြွေကို လှမ်းယူတော့မည် ကဲ့သို့ အတွင်းသို့ လက်လျှိုလိုက်လေ၏။ သို့သော် ဦးခင်မောင်ကျော်မှာ သူ့ထက် ပို၍လျင်မြန်ပြီးလျှင် နေရာမှခုန်၍ မိန်းမပျို၏လက်ကို နောက်သို့ အတင်းဆွဲယူလိုက်လေသည်။ အဖုံးသည် အသံမြည်၍ ပိတ်သွားလေ၏။

(ဒေါသထွက်လျက်) "ခင်ဗျား ဉာဏ်မရှိဘူးလား။ သေချင်တယ် ရင်တယ်။ ဒီအကောင်မျိုး ကိုက်လိုက်ရင် မသက်သာဘူးဗျ"

(မတုန်လှုပ်သောအသံဖြင့်) "ဒါဖြင့်လည်း ရှင်ပဲ ဟိုဘက်လှောင်အိမ်ထဲ ပြောင်းထည့်ပေးပါရှင်"

ဦးခင်မောင်ကျော်သည် အတော်ပင် တုန်လှုပ်သွား၏။ သူသည် မိန်းမ ပျို၏ နက်ရှိုင်းသောမျက်လုံးများကို တတ်နိုင်သမျှ ရှောင်ရှားလျက်ရှိ၏။ ကြွက်တစ်ကောင်ကို မလိုဘဲနှင့် လှောင်အိမ်အတွင်းသို့ပစ်ချရန် မိမိအပေါ်တွင် များစွာအပြစ်ရှိသည်ဟု ယူဆမိ၏။ အခြားအခါများက တစ်စုံတစ်ယောက်က ကြည့်လိုသဖြင့် ကြွက်များကို တစ်ကြိမ်၊ နှစ်ကြိမ် မြွေစာကျွေး၍ ပြဖူးသော် လည်း ထိုညစ်ညမ်းမှု ယင်းကဲ့သို့ဆန္ဒမျိုး မရှိသကဲ့သို့ ဖြစ်နေ၏။ မည်သည့် အကြောင်းကြောင့် ဤကဲ့သို့ ဖြစ်ရသည်ကို သူသည် အဖြေရှာ၍ မရချေ။ အင်အားချင်းမမျှသော သတ္တဝါနှစ်ကောင်အား မပြေးသာသော နေရာအတွင်း၌ အပျော်သဘောဖြင့်သော်လည်းကောင်း၊ ပိုက်ဆံကြေးငွေအတွက်သော်လည်း ကောင်း တိုက်ပေးခြင်းမှာ ကြီးလေးသောအပြစ်တစ်ခုပင် မဟုတ်ပါလော။

ဦးခင်မောင်ကျော်သည် သားရေကြိုးတပ်ထားသည့် ဝှပါသော တုတ်ရှည်တစ်ချောင်းကို နံရံမှ ဆွဲယူလိုက်၏။ ထို့နောက် အပေါ်မှအပေါက်ကို ဖွင့်ပြီးလျှင် မြွေထိုးကြီး၏ဦးခေါင်းကို ချွ၍ထောက်ကာ သားရေကြိုးကို ခပ်တင်း

တင်း ဆွဲလိုက်၏။ ထိုအခါ မြွေသည် တွန့်လိမ်လှုပ်ရှားကာ အမြီးကို ခါလိုက်သဖြင့် တကျွတ်ကျွတ်မြည်သော အသံများကို ကြားရ၏။ ထိုအချိန်၌ပင် မြွေကြီးသည် တုတ်ကို အမြီးအထိ ရစ်ပတ်လိုက်လေသည်။ ထိုအခါ သူသည် အစာကျွေးသော အခြားလှောင်အိမ်မှ အပေါက်ကို လျင်မြန်စွာ ဖွင့်လိုက်ပြီးနောက် မြွေပတ်ထားသော တုတ်ကို ထိုလှောင်အိမ်အတွင်းသို့ ထိုးချကာ မြွေကို လျင်မြန်စွာ ခါချလိုက်လေသည်။ ပထမ၌ မြွေကြီးသည် ပါးပျဉ်းများထကာ မာန်ထောင်လျက် မည်သည့်အရာကိုမဆို ပေါက်တော့မည့်ကဲ့သို့ တရှူးရှူး ရှိနေသော်လည်း တစ်ခဏအကြာတွင် ဦးခေါင်းကို အောက်သို့ချကာ တဖြည်းဖြည်း ငြိမ်သက်သွားတော့၏။

"ကိုင်... ခင်ဗျား မြင်ပြီလား။ ဒီမြွေတွေဟာ ကျုပ်လက်ထဲရောက်တာ အတော်ကြာလို့ ယဉ်နေပြီဗျ။ ကျုပ် ကိုင်မယ်ဆိုတောင် ရတယ်။ နို့ပေမယ့် မြွေကိုကိုင်တဲ့ လူဟာ တစ်နေ့နေ့တော့ ထိတတ်မျိုးပဲ။ ဒါကြောင့် ကျုပ်တော့ မကိုင်ပါဘူး"

ဦးခင်မောင်ကျော်သည် ကြွက်ကို လှောင်အိမ်ထဲသို့ ပစ်ချရန် လက်တွန့်လျက်ရှိ၏။ ထိုအချိန်၌ မိန်းမပျိုသည် အစာကျွေးသော လှောင်အိမ်ရှေ့သို့ ရောက်လာပြီးလျှင် ကြည့်ရှုလျက် ရှိနေပေပြီ။

"ကြွက်တစ်ကောင် ထည့်ပါလေ"

ဦးခင်မောင်ကျော်သည် စိတ်မပါလှဘဲ ကြွက်များထည့်ထားသည့် သံကွန်ချာပတ်ထားသော လှောင်အိမ်ဆီသို့ သွားလေ၏။ ကြွက်များမှာ အစာကျွေးရန် လာရောက်သည်ထင်မှတ်သဖြင့် တစ်ကောင်နှင့်တစ်ကောင် အတင်းတိုးဝှေ့ကာ လှောင်အိမ်၏အလယ်သို့ လာရောက်လာကြလေ၏။

"ငါ ဘယ်အကောင် ယူရပါ့မလဲ။ ဟင်... ဘယ်အကောင်"ဟု ဦးခင်မောင်ကျော်သည် သူယူရမည့်ကြွက်ကို ရွေး၍မရသကဲ့သို့ ချီတုံချတုံ ဖြစ်၍နေတော့၏။ သို့နှင့် သူသည် ခက်ထန်သောမျက်နှာဖြင့် မိန်းမပျို၏ဘက်သို့ လှည့်ကြည့်လိုက်ပြီးနောက်–

"ကြောင်တစ်ကောင်ကို ထည့်လိုက်မယ်လေ။ ဘယ့်နှယ့်လဲ။ အဲဒါမှ တကယ့်တိုက်ပွဲကို ခင်ဗျား မြင်ရမှာ။ ကြောင်က နိုင်မယ်ဆိုရင် နိုင်သွားနိုင်မယ်။

တကယ်လို့ နိုင်သွားရင် မြွေဟာ သေသွားနိုင်တယ်ဗျ။ ခင်ဗျား ကြောင်တစ်ကောင် လိုချင်ရင်လည်း ကျုပ် ရောင်းပါ့မယ်”

“ဟင့်အင်း မလိုချင်ဘူး။ ကြွက်တစ်ကောင်ပဲ ထည့်ပေးပါ။ သူစားတာပဲ ကျွန်မ ကြည့်ချင်တာ”

ဦးခင်မောင်ကျော်သည် ကြွက်လှောင်အိမ်ကို အပေါ်မှဖွင့်ပြီးလျှင် အတွင်းသို့လက်နှိုက်ကာ ကြွက်တစ်ကောင်၏အမြီးကို ဇတ်ခနဲ ဆွဲယူလိုက်၏။ ကြွက်မှာ အတော်ဝသော ကြွက်တစ်ကောင်ဖြစ်၍ အပြင်သို့ ထုတ်ယူလိုက်သည့်အခါတွင် ဦးခင်မောင်ကျော်၏လက်ကို ကိုက်ရန် ကြိုးစားလျက်ရှိ၏။ သို့သော် ရှည်လျားသောအမြီးဖျားကို ဆွဲထားသည့်လက်အား လှမ်း၍ မကိုက်နိုင်ချေ။ တကျိကျိမြည်ကာ တွန့်လိမ်လှုပ်ရှားလျက်သာ ရှိလေသည်။ သို့နှင့် သူသည် အစာကျွေးသော မြွေလှောင်အိမ်ရှိရာသို့ ခပ်မြန်မြန် လျှောက်သွားပြီးလျှင် အပေါ်ဖုံးကိုဖွင့်၍ ကြွက်ကို ချလိုက်လေ၏။ ပါးစပ်မှလည်း “ကဲ– ကြည့်ပေတော့”ဟု မိန်းမပျိုဘက်သို့လှည့်၍ ပြောလိုက်သေး၏။ သို့သော် မိန်းမပျိုကား တစ်စုံတစ်ရာ ပြန်၍မပြောချေ။

မိန်းမပျိုသည် ကိုယ်က ငြိမ်သက်လျက် လျှာကလေးနှစ်ခွကိုသာ လှုပ်ရှားလျက်ရှိသော မြွေကြီးကို စူးစိုက်ကြည့်ရှုလျက်ရှိ၏။ မြွေသည် လျှာကို ထုတ်ချည်သွင်းချည်ပြုလုပ်ကာ လေကို အနံ့ခံသကဲ့သို့ ရှိနေ၏။

လှောင်အိမ်အတွင်း သဲပြင်ပေါ်သို့ကျသွားသော ကြွက်သည် တစ်ပတ်လှည့်လိုက်ပြီးနောက် အမြီးဘက်သို့လှည့်၍ အနံ့ခံသကဲ့သို့ လုပ်၏။ ထို့နောက် အနံ့ခံရင်း လှောင်ချိုင့်ကို ဖြတ်၍ပြေးသွားလေသည်။ ဦးခင်မောင်ကျော်သည် မိန်းမပျိုအားကြည့်လိုက်ရာ မိန်းမပျိုမှာ တစ်ကိုယ်လုံး တောင့်တင်းနေသကဲ့သို့ မလှုပ်မရှက် ရှိနေသည်ကို တွေ့ရ၏။

မြွေသည် ခွေ၍နေသော အပတ်များကို ဖြည်းညင်းငြိမ်သက်စွာဖြေလျက် လျောသွားနေ၏။ လျှာသည် ထွက်ချည်ဝင်ချည် ပြုလုပ်နေ၏။ လှုပ်ရှားမှုများမှာ မည်မျှငြိမ်သက်နေသနည်းဆိုပါမူ လုံးဝ လှုပ်ရှားမနေသကဲ့သို့ ထင်ရ၏။ အခြားဘက်ထောင့်၌မူ ကြွက်ကလေးသည် ပြေးသွားနေရာမှ လှောင်အိမ်ထောင့်ကိုမှီ၍ ပတတ်ရပ်လိုက်ပြီးလျှင် ဦးခေါင်းကိုငုံ့ကာ ရင်ဘတ်မှ အမွေးကလေးများ

ကို လျှာဖြင့်လျက်နေ၏။ မြွေသည် ကြွက်ဆီသို့ တဖြည်းဖြည်းလျှောလာကာ အင်္ဂလိပ်စာလုံး ပုံသဏ္ဌာန်ကဲ့သို့ နောက်ဆုံးတွင် ရှိနေတော့၏။

နှစ်ယောက်စလုံးပင် မြွေကြီး၏လှုပ်ရှားမှုကို စောင့်ကြည့်လျက် ရှိကြ၏။ ဦးခင်မောင်ကျော်၏ကိုယ်ထဲတွင် ယခင်ကထက် သွေးများ ပိုမိုလှုပ်ရှား စီးဆင်းနေသကဲ့သို့ ထင်မိ၏။ သို့နှင့် "ကဲ– ကြည့်စမ်း၊ ပေါက်တော့မယ်။ ဒါကြောင့် ဒီလိုပုံခွေနေတာ။ ဒီမြွေမျိုးဟာ အင်မတန်သတိရှိပြီး ပေါက်တဲ့ နေရာမှာလည်း လျှပ်စစ်လောက်မြန်တယ်။ သူ့အစာကို ဒီလို ပေါက်ပြီးစားရမှ စားတယ်။ သူက ဘယ်လောက်ပင်နိုင်တဲ့ သတ္တဝါဖြစ်ဖြစ် အမှတ်တမဲ့ ဘယ် တော့မှမနေဘူး။ ကြည့်လေ... ကြည့်...ကြည့်... ပေါက်တော့မယ်"

မြွေသည် ထိုအချိန်တွင် လှောင်ချိုင့်၏ အလယ်လောက်တွင် ရောက်လာ၏။ ကြွက်ကလေးသည် ရှေ့သို့ အတန်ငယ်တိုးကာ မြွေဆီသို့ ခပ်မော့်မော့် ကြည့်လိုက်၏။ ထို့နောက် ရုတ်တရက် ပြန်လှည့်ပြီးလျှင် ရင်ဘတ်မှ အမွေး ကလေးများကို လျှာဖြင့် လျက်၍နေပြန်၏။ ထိုအခါ ဦးခင်မောင်ကျော်က "သိပ်ကြည့်လို့ကောင်းတာပဲနော်၊ ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံး မြင်ကွင်းတစ်ခုပါပဲဗျာ"

ဦးခင်မောင်ကျော်၏ကိုယ်တွင်းမှ အကြောများမှာ ပြင်းထန်စွာ တုန် လှုပ်လျက် ရှိလေ၏။

ထိုအချိန်၌ မြွေကြီးသည် ကြွက်နှင့် တဖြည်းဖြည်း နီးကပ်လာလေပြီ။ ၎င်းသည် ဦးခေါင်းကို သဲပြင်ပေါ်မှကြွကာ လက်မအနည်းငယ်မျှ ရှေ့သို့ တိုးချည်တစ်ခါ နောက်သို့ ဆုတ်ချည်တစ်လှည့်ဖြင့် အကွာအဝေးကို တိုင်းကာ ချိန်ဆနေသည့်ဟန်ဖြင့် ချိန်ရွယ်လျက်ရှိ၏။ ဦးခင်မောင်ကျော်သည် များစွာ စိတ်မကောင်းလှဘဲ မိန်းမပျိုဘက်သို့လှည့်၍ ကြည့်လိုက်၏။ မိန်းမပျိုသည် လည်း မှုန်ရီသောမျက်လုံးများဖြင့် များစွာစိတ်မကောင်းဟန်လည်း ရှိလေသည်။

ကြွက်သည် ဦးခေါင်းကလေးဖြင့် မြွေကို မော်၍ကြည့်၏။ ပတပ်ရပ် လျက်ရှိရာမှ ရှေ့လက်များကိုချကာ နောက်သို့ အတန်ငယ်လှည့်လိုက်၏။ ထိုခဏ၌ပင် မြွေသည် ဦးခေါင်းကို နောက်သို့ ၂ လက်မခန့် အရှိန်ယူပြီးလျှင် ရှေ့သို့ ဆတ်ခနဲ ထိုးပေါက်လိုက်လေသည်။ ထိုးပေါက်သည်ဆိုသော်လည်း

http://www.cherrythitsar.org

လျှပ်ပြက်သလောက် လျင်မြန်လှသဖြင့် ရှေ့သို့ ဦးခေါင်း အနိုးငယ်တိုးသွားသည်ကိုသာ ရိပ်ခနဲ မြင်လိုက်ကြရခြင်း ဖြစ်၏။ ကြွက်ကလေးသည် ကျွီခနဲ အသံမြည်လိုက်၏။ မြွေသည်လည်း မူလလာခဲ့သော လမ်းအတိုင်း တရွေ့ရွေ့ ပြန်၍လျှောသွားပြီးနောက် လှောင်ချိုင့်ထောင့်တွင် ငြိမ်သက်စွာ ရှိနေလေသည်။ သို့သော် လျှာနှစ်ခွမှာမူ တစ်ခါတစ်ရံ လှုပ်ရှားလျက်ပင် ရှိနေသေး၏။

ကျော်။ "ဘယ့်နှယ့်လဲ ပေါက်လိုက်ပုံ မသပ်ရပ်ဘူးလား။ ပခုံးနှစ်ဖက်ကြား လက်ပြင်မှာ ထိသွားတယ်။ အစွယ်ရာဟာ နှလုံးသားအထိ ရောက်သွားပြီ"

ကြွက်ကလေးသည် ငြိမ်သက်စွာရှိနေရာမှ ရှိုးခနဲ အသက်ကို တစ်ချက်ပြင်းစွာ ရှူလိုက်ပြီးလျှင် လေထဲသို့ တစ်ထွာခန့်ခုန်လိုက်၍ နံဘေးသို့ လဲကျသွားလေ၏။ ထို့နောက် ခြေလက်များကို ၃ စက္ကန့်မျှ ယက်ကန်ယက်ကန် ပြုလုပ်ကာ နောက်ဆုံး ငြိမ်သက်၍ သေသွားလေတော့၏။

မိန်းမပျိုသည် အိပ်ပျော်နေရာမှ နိုးလာသကဲ့သို့ ရှိလေသည်။ ထို့နောက် မှုန်ရီသောမျက်လုံးများဖြင့် ဦးခင်မောင်ကျော်အား ကြည့်ကာ…

"သူ အခုစားမှာလား ဟင်"

"ဟာ… စားမှာပေါ့၊ စားချင်လို့ သတ်တာဗျ၊ ခြောက်ရုံလှန့်ရုံလုပ်ဖို့ သူသတ်တာမှ မဟုတ်ဘဲ"

မိန်းမပျို၏ နှုတ်ခမ်းတစ်ဖက်မှာ အတန်ငယ် ရွဲ့စောင်းသွားသကဲ့သို့ ထင်ရ၏။ သို့သော် မြွေကြီးကို စိတ်အားထက်သန်စွာ ကြည့်ရှုလျက်…

"သူစားတာ ကျွန်မ ကြည့်ချင်နေတာ"

သို့ပြောဆိုလျက်ရှိစဉ် မြွေကြီးသည် လှောင်ချိုင့်ထောင့်မှ ရှေ့သို့ တရွေ့ရွေ့ တိုးလာပြန်၏။ လည်ပင်းသည်ကား လှမ်း၍ပေါက်ရန် အရှိန်မယူဘဲ ခပ်စင်းစင်းရှိနေ၏။ ကြွက်ဆီသို့ ရောက်သောအခါ ကြွက်၏ကိုယ်ကို လျှာဖြင့် အနည်းငယ်ထိပြီးနောက် ပြန်၍ဆုတ်လိုက်၏။ ထို့နောက် ၎င်း၏အစာဖြစ်သော ကြွက်မှာ အသက်မရှိတော့ပြီဖြစ်ကြောင်း သိသဖြင့် ၎င်း၏မေးစေ့ဖြင့် ကြွက်၏ တစ်ကိုယ်လုံးကို နှုတ်သီးမှ အမြီးဖျားအထိ တစ်ကြိမ်တစ်နှစ်ကြိမ်မျှ ပွတ်သပ်ကြည့်၏။ နောက်ဆုံးတွင် ပါးစပ်ကိုဟကာ မေးရိုးများကို ပြင်လိုက်လေသည်။

ဦးခင်မောင်ကျော်သည် မိန်းမပျိုဘက်သို့ လှည့်ကြည့်လိုက်ရာ ၎င်း၏ စိတ်ဝင်စားသော မျက်နှာထားကို မြင်ရသဖြင့် ရင်ထဲ၌ အတော်ပင် မသက်မသာ ဖြစ်၍သွားလေသည်။

မြွေသည် အသင့်ဖြစ်နေသော ၎င်း၏ပါးစပ်အတွင်းသို့ ကြွက်၏ဦးခေါင်းကို ဆွဲယူစပြုလေ၏။ ဦးခေါင်းမှသည် ရှေ့လက်နှစ်ဖက်ကိုလည်းကောင်း၊ ထိုမှတစ်ဖန် ကိုယ်နှင့် နောက်ပိုင်းကိုလည်းကောင်း လည်ပင်းကြောကြီးများကို လျှော့ချည်တင်းချည်ပြုကာ တဖြည်းဖြည်း မျိုလေတော့၏။ မချိမဆန့် သွတ်သွင်းရသကဲ့သို့ ပျော့အိသော လည်တံသည် တစ်ခါတစ်ရံ တင်းမာဖုထစ်လာပြီးနောက် တစ်ခါတစ်ရံ နိမ့်ကျပျော့အိ၍ သွားလေသည်။

ဦးခင်မောင်ကျော်သည် အလုပ်စားပွဲရှိရာသို့ လျင်မြန်စွာ ပြန်သွားလေ၏။ ထို့နောက် မိမိကိုယ်ကိုမိမိ ပြောသကဲ့သို့လည်းကောင်း၊ မိန်းမပျိုကိုလှမ်း၍ပြောသကဲ့သို့လည်းကောင်း "ကျုပ်အလုပ်တော့ ပျက်ပါပြီဗျာ။ တတိယငါးပုလင်းကိုသတ်ဖို့ အချိန်လွန်သွားပြီ"ဟု ခပ်ကျယ်ကျယ် ပြောလိုက်၏။ ပုလင်းများထဲတွင် ထည့်ထားသော ပင်လယ်ရေကို ကြွေအင်တုံထဲသို့ သွန်၍သွန်ချလိုက်၏။ ကျန်သော ကြယ်ငါးကလေးများကိုလည်း အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်၏။

ဦးခင်မောင်ကျော်၏စိတ်တွင် အလုပ်ပျက်ရသည့်အတွက်လည်းကောင်း၊ မိန်းမပျိုအား အပျော်သက်သက်ကြည့်စေရန် အပြစ်မဲ့သော သတ္တဝါတစ်ကောင်ကို သတ်ဖြတ်ပြရသည့်အတွက်လည်းကောင်း လွန်စွာပင် စိတ်ကိုထိခိုက်မိ၏။ သို့သော် မရိပ်မိစေရန် လောကဝတ်ရှိသည့်အတိုင်း မိန်းမပျိုဘက်သို့လှည့်၍–

"ခင်ဗျား ကော်ဖီသောက်ပါဦးလားဗျာ၊ နည်းနည်းလည်း ချမ်းပါတယ်"

"တော်ပါပြီရှင်၊ မသောက်တော့ပါဘူး၊ အခုပဲ သွားမှာပဲ"

ဦးခင်မောင်ကျော်သည် မိန်းမပျိုဆီသို့ သွားလေ၏။ ထိုအခါ၌ မိန်းမပျိုမှာ မြွေလှောင်ချိုင့်ရှေ့၌ပင် ရပ်လျက်ရှိနေသေး၏။ မြွေကြီးသည် ထိုအချိန်တွင် ကြွက်ကို မျိုလိုက်ပြီဖြစ်၍ ဒီရဲသော ကြွက်မြီးဖျားကလေးမှာ တစ်လက်မခန့်သာ ကျန်ရှိတော့၏။ သူတို့နှစ်ယောက် ကြည့်နေစဉ်၌ပင် မြွေကြီးသည် လည်ပင်းကြောကို တစ်ချက်လှုပ်လိုက်ရာ နောက်ဆုံး ကြွက်မြီးဖျားကလေးပင် ပါးစပ်အတွင်းသို့ရောက်၍ မြွေကြီးလည်း တစ်ခါတည်း ငြိမ်သက်သွားတော့၏။

"သူ အိပ်သွားပြီနော်"

"ဟုတ်တယ်၊ အစာစားပြီးတော့ အိပ်တာပေါ့"

"သူအိပ်ရင် ကျွန်မ ပြန်တော့မယ်။ နို့ပေမယ့် ကျွန်မ မကြာမကြာ လာပြီး ကျွန်မမြွေကို အစာကျွေးမယ်နော်။ နက်ဖြန်လည်း ကျွန်မလာမယ်။ ရှင့်ကြွက်တွေအတွက်လည်း မှတ်ထားပေါ့။ ကျွန်မ ပေးပါ့မယ်။ တစ်ခါတလေ လည်း ဒီအကောင်ကြီးကို ကျွန်မ ယူသွားချင်တယ်ရှင့်"

ဦးခင်မောင်ကျော်သည် စကားပြန်၍ မပြောချေ။ မိန်းမပျို၏ မျက်လုံး များမှာ ယခင်ကထက်ပင် မှိုင်းမှုန်ရီဝေနေသကဲ့သို့ ရှိတော့၏။ မိန်းမပျိုက ဆက်လက်၍...

"ဒီမြွေဟာ ကျွန်မမြွေ ဖြစ်ပြီနော်။ ရှင် မေ့မနေနဲ့ဦး။ ပြီးတော့ သူ့ အထဲက အဆိပ်လည်း ထုတ်မယူရဘူး။ ကျွန်မ လိုချင်တယ်"

ဦးခင်မောင်ကျော်သည် နက်နဲစွာ စဉ်းစားလျက်ရှိရာမှ "ဟုတ်ကဲ့"ဟု တစ်ခွန်းသာ ပြန်ပြောလိုက်၏။

"ကဲ ကျွန်မသွားပြီ..."

ထိုခဏ၌ပင် မိန်းမပျိုသည် မြွေလှောင်အိမ်ကိုတစ်လှည့် ဦးခင်မောင် ကျော်၏မျက်နှာကိုတစ်လှည့် လှမ်းကြည့်ပြီးနောက် အိမ်ရှေ့တံခါးကို ကိုယ်တိုင် ဖွင့်၍ ထွက်သွားလေ၏။ သို့ထွက်သွားရာတွင် အပြင်လှေကားခုံမှ ခြေသံ ကြားရသော်လည်း လမ်းပေါ်သို့ ဆက်လက်လျှောက်သွားသော ခြေသံကိုမူ မကြားရချေ။ ဦးခင်မောင်ကျော်လည်း အိပ်မက်မက်နေရာမှ နိုးလာသောသူ ကဲ့သို့ တွေဝေငေးမော၍နေလေ၏။

"အင်း... မှားပြီ... ငါတော့ မှားပြီ။ ဒီမိန်းမစကား နားယောင်ပြီး အပျော်သက်သက် ကြည့်ချင်တယ်ဆိုလို့ ကြွက်ကလေးကို မလိုဘဲနဲ့ သတ်မိပြီ။ သနားစရာကွယ် ခမျာကြောက်ရွာလွန်းလို့ မျက်လုံးလေး ကျီးကြည့် ကြောင်ကြည့်နဲ့ သူ့ရန်သူကြီးကို ကြည့်နေလိုက်တာ ခုထက်ထိ မျက်စိထဲ မြင်နေသေးတယ်။ ဘယ်သတ္တဝါမျိုးမဆို ကိုယ့်အသက်ကလေးတော့ ကိုယ် နှမြောကြတာဘဲ။ ဒီမိန်းမ သက်သက်လာရှုပ်လို့ ဒီလိုဖြစ်ရတာ။ လောကဓာတ် ပညာနဲ့ပတ်သက်ပြီး သိပ္ပံဘာသာတွေ ရှာဖွေစမ်းသပ်မှုကလွဲလို့ ဘယ်တိရစ္ဆာန် ဘယ်ပိုးမွှားတစ်ကောင်မှ အပျော်သက်သက်သဘောနဲ့ ငါ မသတ်ပါဘူးလို့

ဘုရားမှာ အဓိဋ္ဌာန်ပြုထားတာ။ အခု ငါ သစ္စာဖောက်မိပြီ။ တောက်–ဖြစ်မှဖြစ်ရလေကွယ်။ ငါ တစ်သက်လုံးစောင့်စည်းခဲ့တဲ့ သစ္စာဟာ မိန်းမတစ်ယောက်အတွက် ပျက်ရတော့တာပဲ။ နေဦး...နေဦး... နက်ဖြန် သူဆက်ဆက်လာမယ် ပြောသွားတယ်။ မလာရင်တော့လားကွယ်။ ငါ့အကြောင်းသိမှာပဲ၊ ငါ့စိတ်က တခြားလူရဲ့စိတ်နဲ့ တူတာမဟုတ်ဘူး။ ဒီကောင်မ မလာရင်တော့ ဒီအလုပ်တောင် ဆက်မလုပ်တော့ဘူး”ဟု ဦးခင်မောင်ကျော်သည် တစ်ကိုယ်တည်း ရေရွတ်ညည်းညူမိလေ၏။

➔ ➔ ➔

နောက်တစ်နေ့ ညဉ့် ၁၂ နာရီအထိ ဦးခင်မောင်ကျော်သည် မိန်းမပျိုအား စောင့်မျှော်နေ၏။ သို့သော် အရပ်မြင့်သော မိန်းမကား ပေါ်မလာချေ။ ဒုတိယညဉ့်၌လည်း ဤနည်းအတူ စောင့်နေပြန်ရာ မိန်းမပျို၏ အရိပ်အရောင်ကိုမျှ မမြင်ရချေ။

ဦးခင်မောင်ကျော်၏စိတ်မှာ ယခင်ကထက် ပြင်းထန်လာတော့၏။ အလွန်စိတ်ဓာတ်ရင့်သန်၍ စိတ်ကို တစ်စုံတစ်ရာ ထိခိုက်သည့်အခါ၌လည်း အခြားသူများထက် အဆပေါင်းများစွာပို၍ ထိခိုက်တတ်သည့်အတိုင်း မိမိအဓိဋ္ဌာန် ပျက်သွားသည်ကို ပြင်းစွာနောင်တတရား ရမိတော့၏။ ယခင်ကကြွက်များ, ယုန်များ, ပုံးများ, ကြောင်များ, ဖားများ, တီကောင်များ, ငါးနှင့် အခြားရေသတ္တဝါကလေးများမှစ၍ သတ္တဝါပေါင်းများစွာတို့၏အသက်ကို မြောက်မြားစွာ သတ်ဖြတ်ခဲ့သော်လည်း သိပ္ပံပညာ ရှာဖွေစမ်းသပ်မှုအတွက်သာ သတ်ဖြတ်ခဲ့ခြင်း ဖြစ်ခဲ့၏။ ယင်းပညာရပ်များ တိုးတက်မှုအတွက်ပြုလုပ်ခြင်းဖြစ်၏။ ဆေးပညာရပ်အတွက် တိုးတက်စေရန်နှင့် လူသတ္တဝါများ၏အသက်ပေါင်းများစွာကို ကယ်ဆယ်ရန် ကောင်းသောရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်၏။ ယခုမူ ငွေတစ်ရာ၏မျက်နှာကြောင့်သော်လည်းကောင်း၊ မိန်းမပျို၏ ဆွဲဆောင်မှုကြောင့်သော်လည်းကောင်း၊ အပြစ်ကင်းမဲ့သော ကြွက်ကလေးကိုသတ်လိုက်ရသည့်အတွက် နောင်တကြီးစွာ ရခြင်းဖြစ်၏။

“အင်း... နေပါဦး၊ ဒီမိန်းမထွက်သွားတုန်းက တံခါးပြင်ဘက်ရောက်တော့ လှေကားခုံပေါ်မှာသာ ခြေသံကြားရတယ်။ ဒီနောက် ထွက်သွားတဲ့ခြေသံ

လုံးလုံးမကြားရတော့ဘူး။ မြွေလှောင်အိမ်ကို ငါသွားကြည့်နေတုန်းကလည်း ငါ့နောက်က ဘာမှခြေသံမကြားရဘဲ ဗြုန်းခနဲ ရောက်လာတယ်။ ပြီးတော့ သူ့မျက်စိကလည်း ကြည့်ရတာတစ်မျိုးပဲ။ ငါ့စမ်းသပ်မှုတွေပျက်စီးအောင်၊ ဒါမှမဟုတ်လည်း ငါ့အစီအစဉ်ပျက်အောင် တခြားဘုံကလာတဲ့ မိန်းမများလား မပြောတတ်ဘူး။ ငါကလည်း စိတ်ပညာသမား၊ အတွေးသမားဆိုတော့ သူ ပေါ်မလာတိုင်း တွေးမိတွေးရာ တွေးနေတာ ထင်ပါရဲ့ အင်း...”

ဦးခင်မောင်ကျော်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ အခန်းထဲတွင် စင်္ကြံလျှောက်ရင်း ရောက်တတ်ရာရာ တွေးတောလျက်ရှိလေ၏။

“ငါဟာ ဒီအလုပ်ကို စလုပ်ကတည်းက သတ္တဝါတစ်ကောင်ရဲ့အသက်ကို သိပ္ပံအတွက်သာ သတ်ရင်သတ်မယ်။ ဘယ်အခါမှ အပျော်သဘောနဲ့ ဖြစ်ဖြစ်၊ ငွေရလို့ပဲဖြစ်ဖြစ် မသတ်တော့ပါဘူးလို့ ဘုရားမှာ သစ္စာဆိုထားခဲ့တာ အခုတော့ ငါ့သစ္စာ ပျက်ပြီ ပျက်ပြီ။ နောက်လုပ်လို့လည်း ဘာမှအောင်မြင်မှာ မဟုတ်တော့ဘူး။ ကဲ... ဒီကနေ့ညကစပြီး ဒီအလုပ်ကို သွားပေတော့ကွာ”ဟု ပြောပြောဆိုဆိုနှင့်ပင် စားပွဲပေါ်၌တင်ထားသော စားပွဲတင်ဓာတ်မီးနှင့် ဖန်ပြွန်ချောင်းများကို စာရွက်ဖိသော ခဲလုံးဖြင့် ပေါက်ခွဲလိုက်လေသည်။

နောက်တစ်နေ့၌ ဦးခင်မောင်ကျော်သည် စိတ်ကို တစ်ခါတည်း ပိုင်းဖြတ်လိုက်ပြီးလျှင် သူ၏ စမ်းသပ်ရုံထဲတွင် မွေးမြူထားသည့် ပိုးမွှားမှအစ တိရစ္ဆာန်အားလုံးကို သင့်လျော်သော တောတောင် အရပ်ဒေသများသို့ သွားရောက်ကာ လွှတ်ပစ်လိုက်လေတော့သတည်း။

**မြဝတီမဂ္ဂဇင်း**
**၁၉၆၃ ခုနှစ်၊ ဩဂုတ်လ**

http://www.cherrythitsar.org

သလောဟု စဉ်းစားရန်အချက်မှာ သေသူ၏ရာဇဝင်ကြောင်းနှင့် စွပ်စွဲခြင်းခံရသော တရားခံ၏ရာဇဝင်ကြောင်းတို့ကို ဆက်စပ်နိုင်းယှဉ်ကြည့်ရန် ဖြစ်၏။ ဦးမြမောင်၏အခြေအနေမှာ လောင်းကစားဘက်တွင် အလွန်ဝါသနာပါသူဖြစ်သည့်အတိုင်း မိမိအလုပ်လုပ်စဉ်က စုဆောင်းရရှိခဲ့သမျှ ပစ္စည်းများမှာ မြင်းပွဲတွင်လည်းကောင်း၊ တရုတ်တန်းရှိ ကစားဝိုင်းများတွင်လည်းကောင်း၊ ဂုဏ်သရေရှိ ချိန်းဝိုင်းများတွင်လည်းကောင်း တဖြည်းဖြည်းရှုံးခဲ့ရာ နောက်ဆုံး၌ မိမိရရှိသော ပင်စင်လစာမျှနှင့် မိမိအိမ်ထောင်စု၏ စားဝတ်နေရေးအတွက် အတော်ပင်ကျပ်တည်းသည့် အခြေအနေသို့ ရောက်ရှိလာခဲ့၏။ သို့နှင့် စိတ်ညစ်သောအခါများ၌ ဦးမြမောင်သည် ဇနီးဖြစ်သူအား “ဟေ့– မအေးကြိုင် မင်းဟာ အိမ်တွင်းရေးကို ဘာမှမသိဘူး။ တခြား မင်းကတော်တွေနဲ့ ပျော်ဖို့လောက်ပဲသိတယ်။ တခြားမင်းကတော်တွေကတော့ သူတို့မှာ လက်ရှိလခလည်းရှိတယ်။ ဒေါးကဘီကလည်း ဝင်သေးတယ်။ ဒီဟာတွေတုပြီးနေလို့ ဘယ်ဖြစ်မလဲကွဲ့။ ဒို့မှာ ဘာအခြေခံရှိလို့လဲ။ တစ်လတစ်လရတဲ့ ပင်စင်ကလေးသုံးလေးရာနဲ့ ခြစ်ခြစ်ခြုတ်ခြုတ်နေရတယ် မဟုတ်လား”

“အို… ဒါကတော့ ရှင့်အပြစ်ပဲ ကိုမြမောင်၊ အခု ရှင်ပင်စင်ယူတာ ၂ နှစ်တောင် မပြည့်သေးဘူး။ ကျွန်မစုထားတဲ့ ငွေတစ်သောင်းလည်း ကုန်ပြီ။ လက်ဝတ်လက်စားဆိုလို့လည်း နားမှာ အခုပန်ထားတဲ့ နားကပ်တစ်ရံပဲ အနိုင်နိုင်ကျန်တော့တယ်။ [illegible] မမြမေဆီပေါင်ထားတဲ့ စိန်

Quality Publishing House

သလောဟု စဉ်းစားရန်အချက်မှာ သေသူ၏ရာဇဝင်ကြောင်းနှင့် စွပ်စွဲခြင်းခံရသော တရားခံ၏ရာဇဝင်ကြောင်းတို့ကို ဆက်စပ်နှိုင်းယှဉ်ကြည့်ရန် ဖြစ်၏။ ဦးမြမောင်၏အခြေအနေမှာ လောင်းကစားဘက်တွင် အလွန်ဝါသနာပါသူဖြစ်သည့်အတိုင်း မိမိအလုပ်လုပ်စဉ်က စုဆောင်းရရှိခဲ့သမျှ ပစ္စည်းများမှာ မြင်းပွဲတွင်လည်းကောင်း၊ တရုတ်တန်းရှိ ကစားဝိုင်းများတွင်လည်းကောင်း၊ ဂုဏ်သရေရှိ ချိန်းဝိုင်းများတွင်လည်းကောင်း တဖြည်းဖြည်းရှုံးခဲ့ရာ နောက်ဆုံး၌ မိမိရရှိသော ပင်စင်လစာမျှနှင့် မိမိအိမ်ထောင်စု၏ စားဝတ်နေရေးအတွက် အတော်ပင်ကျပ်တည်းသည့် အခြေအနေသို့ ရောက်ရှိလာခဲ့၏။ သို့နှင့် စိတ်ညစ်သောအခါများ၌ ဦးမြမောင်သည် ဇနီးဖြစ်သူအား "ဟေ့– မအေးကြိုင် မင်းဟာ အိမ်တွင်းရေးကို ဘာမှမသိဘူး။ တခြား မင်းကတော်တွေနဲ့ ပျော်ဖို့လောက်ပဲသိတယ်။ တခြားမင်းကတော်တွေကတော့ သူတို့မှာ လက်ရှိလခလည်းရှိတယ်။ အေးကဘီကလည်း ဝင်သေးတယ်။ ဒီဟာတွေတုပြီးနေလို့ ဘယ်ဖြစ်မလဲကွဲ့။ ဒို့မှာ ဘာအခြေခံရှိလို့လဲ။ တစ်လတစ်လရတဲ့ ပင်စင်ကလေး သုံးလေးရာနဲ့ ခြစ်ခြစ်ခြုတ်ခြုတ်နေရတယ် မဟုတ်လား"

"အို... ဒါကတော့ ရှင့်အပြစ်ပဲ ကိုမြမောင်၊ အခု ရှင်ပင်စင်ယူတာ ၂ နှစ်တောင် မပြည့်သေးဘူး။ ကျွန်မစုထားတဲ့ ငွေတစ်သောင်းလည်း ကုန်ပြီ။ လက်ဝတ်လက်စားဆိုလို့လည်း နားမှာ အခုပန်ထားတဲ့ နားကပ်တစ်ရံပဲ အနိုင်နိုင်ကျန်တော့တယ်။ ဝန်ထောက်ကတော် မမြမေဆီပေါင်ထားတဲ့ စိန်လက်ကောက်ဆိုတာလည်း အခါလည်ကျော်ပြီ။ ရွေးနိုင်ဖို့နေနေသာသာ အတိုးတောင် မနည်းကြံဖန်ပေးနေရတယ်။ မြင်းပွဲနဲ့ကုန်လို့ ပြုတ်ပြုတ်ပြုန်းတာတောင် ရှင် နောင်တမရသေးဘူး။ ဝိုင်းကောင်းကောင်းတွေ့ရင် ထိုင်လိုက်ချင်သေးတယ်။ ကဲ... ဆိုစမ်းပါဦး။ ကျွန်မပြောတာတွေ မဟုတ်ဘူးလားလို့။ အခု လကုန်တော့မယ်။ လဆန်းရင် မမြမေကို အတိုး ၃ လတွက် ဘယ်လိုလုပ်ပြီး ပေးရမယ်ဆိုတာတောင် မသိသေးဘူး။ ရှင်ရတဲ့ပင်စင်နဲ့ ရှေ့လအတွက် လောက်မတဲ့လား။ ကျွန်မဖြင့် နေတောင် မနေချင်ဘူး"

"အေး... မင်းကတော့ မနေချင်ဘူး။ ငါကတော့ သေတောင်သေချင်တယ်ဟေ့ နားလည်လား။ မင်း ဒီလောက်နားပူနေရင် ငါ သေဖြစ်လိမ့်မယ်"

ဤကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် မကြာခဏ ကတောက်ကဆတ် စကားများကြသည့် အကြောင်းများကို အစေခံမကလေးတစ်ယောက်က ထွက်ဆိုသော ထွက်ချက် ရှိ၏။

အိမ်တွင်းမှု အဆင်မပြေသဖြင့် စိတ်ညစ်သောအခါများတွင် အိမ်ထောင်ဦးစီး အိမ်ရှင်ယောကျ်ားတို့မည်သည် ဇနီးဖြစ်သူနှင့် တာရှည်စွာမနေလိုဘဲ စိတ်အေးရာ စိတ်အေးကြောင်း ထွက်ရပ်လမ်း ရှာတတ်သည်မှာ ဓမ္မတာပင်ဖြစ်တော့၏။

သို့နှင့် ဦးမြမောင်သည် အလုပ်လုပ်စဉ်အခါက မိမိလက်အောက်တွင် အလုပ်လုပ်ခဲ့ဖူးသော စာရေးကြီး၏ မိတ်ဆက်ပေးမှုဖြင့် ပါတီတစ်ခုတွင် တွေ့ရသော ဝန်ထောက်ကတော်ကျ မုဆိုးမ တင့်တင့် ဆိုသူနှင့် ရင်းနှီးခဲ့၏။ မကြာမီ အခြားပါတီတစ်ခုတွင် တင့်တင့်နှင့် တွေ့ဆုံပြန်ရာ ဦးမြမောင်က မိမိအိမ်တွင် နေထိုင်ရသည်မှာ မင်းကတော်၏ဆူပူမှုကြောင့် အလွန်ပင် စိတ်မချမ်းမသာဖြစ်မိကြောင်း၊ ယခုကဲ့သို့ အေးချမ်းသောနေရာများတွင် လိမ္မာရေးခြားရှိသူ အမျိုးသမီးတစ်ယောက်နှင့် စကားစမြည် ပြောဆိုနေရသည်မှာ အလွန်ပင် စိတ်ချမ်းမြေ့ရကြောင်း ပြောဆိုလေရာ တင့်တင့်က စနေနေ့ ညချမ်းအချိန်များ၌ သူ၏အိမ်သို့ အလည်အပတ် လာရောက်မည်ဆိုက အေးဆေးစွာ စကားပြောဆိုနိုင်မည်ဖြစ်ကြောင်းနှင့် ဖိတ်ခေါ်လျက် ရှိလေ၏။ တင့်တင့်မှာ ဝန်ထောက်ကြီး သေဆုံးပြီးနောက် ပစ္စည်းဥစ္စာဟူ၍ ပြောပလောက်အောင်မရှိဘဲ 'ဝန်ထောက်ကတော်'ဟူသော ဟိတ်ဟန်လောက်သာ ကျန်ရှိခဲ့၏။ ထိုအချိန်က တင့်တင့်မှာ အရွယ်အားဖြင့် ၃၉ နှစ်မျှသာ ရှိသေး၍ သားသမီးလည်းမရှိပြန်၊ မိမိကိုယ်ကိုလည်း မိမိခေတ်ဆန်အောင် ပြုပြင်တတ်ပြန်ဖြစ်ရကား လှပစွာ ဝတ်စားဆင်ယင်၍ သွားသောအခါများတွင် အပျိုကလေးတမျှ လှပကြော့ယဉ်လှပေ၏။ ဝန်ထောက်ကြီးရှိစဉ်က သိဟောင်းကျွမ်းဟောင်း မိတ်ဆွေအရာရှိများကို အိမ်သို့ဖိတ်ခေါ်ပြီးလျှင် တစ်ခါတစ်ရံ အပျော် ပိုကာဆွဲရာမှအစ ၅၀၀ိ/–၁၈၀၀ိ/–အထိ ချိန်းဝိုင်းကြီးများအဖြစ်သို့ ရောက်ရှိလာတတ်ရာ အထူးသဖြင့် စနေနေ့ညများတွင် မင်းကတော် တင့်တင့်၏အိမ်မှာ အတော်ပင် စည်ကားလျက် ရှိနေလေသည်။

http://www.cherrythitsar.org

တင့်တင့်သည် ရုပ်ရည် လှပကြော့ရှင်း၍ ယောကျ်ားများ စွဲမက်လောက်အောင် ကိုယ်လုံးကိုယ်ပေါက် လှပတောင့်တင်းသူ ဖြစ်ရုံမျှမက စကားပြောဆိုသည့်နေရာမှာလည်း အလွန်ပါးနပ် လိမ္မာလှသဖြင့် သာမန်ယောကျ်ားများအား အမျိုးမျိုးသော ပရိယာယ်ဖြင့် ရှောင်ရှားကာ မိမိအပေါ်တွင် ‘ကျ’လောက်သူများကိုသာ အတော်အသင့် လက်ခံစကားပြောဆိုခဲ့၏။ အရက်ကြိုက်သူကို အရက်ဖြင့်လည်းကောင်း၊ အစားအသောက်ကြိုက်သူကို အစားအသောက်ဖြင့်လည်းကောင်း ဧည့်ခံလေ့ရှိသဖြင့် အပျော်အပါးနှင့် လောင်းကစားကြိုက်သူ အစိုးရအရာရှိများနှင့် ငွေရှင်သောကုန်သည်ပွဲစားများပါမကျန် တင့်တင့်အိမ်သို့ လာရောက်သည့်အချိန်များတွင် ပူပင်သောကများပပျောက်၍ လောကနိဗ္ဗာန်ကို ရောက်နေသကဲ့သို့ ထင်မိကြ၏။ ဧည့်သည်များအား အရက်တန်လျှင် အရက်၊ အစားအသောက်တန်လျှင် အစားအသောက်တို့နှင့် ဧည့်ခံရသဖြင့် စရိတ်စက ကုန်ကျသည် မှန်သော်လည်း ကြေးကောင်းသော ချိန်းဝိုင်းတစ်ခု တစ်ကြိမ် ဖြစ်မည်ဆိုက တစ်လအတွက်တိုက်ရသည့် အရက်ဖိုးနှင့် ကျွေးမွေးစရိတ်များ ကျေရုံမျှမက မိမိအတွက် အသားတင်ငွေ သုံးလေးရာမျှ ပိုက်မိနိုင်သေး၏။

ဦးမြမောင် ရောက်သွားသောည၌ အတော်အသင့် လောင်းကစားကြသောဝိုင်းနှင့် ဆုံမိရာ မင်းကတော် တင့်တင့်သည် ဦးမြမောင်အား တရုတ်ဟင်း အမြည်းအမျိုးမျိုးပါသော အရက်ဝိုင်းဖြင့် ဧည့်ခံလေသည်။ ပြန်ခါနီးတွင် တင့်တင့်၏ အဆွယ်ကောင်းမှုကြောင့် ထိုဝိုင်းသို့ ဝင်၍ထိုင်မိရာ နာရီဝက်ခန့် အကြာတွင် မိမိအိတ်ထဲ၌ လိုရမယ်ရ ထည့်၍ယူခဲ့သော ငွေ ၅၀ိ/– ချော၍ သွားလေသည်။ ဧည့်သည်များ အိတ်ထဲတွင် ငွေများများပါအောင်လည်း ပင်စင်စားအဘိုးကြီးများနှင့် လခစားအရာရှိများကို လခထုတ်ပြီးစအခါများတွင် ချိန်းတတ်လေသည်။

ဤသို့ဖြင့် ဦးမြမောင်သည် စနေနေ့ ညတိုင်းလိုလိုပင် တင့်တင့်အိမ်သို့ ရောက်ရှိခဲ့ရာမှအစ ၃ လခန့်အကြာတွင် တင့်တင့်အား အငယ်အနှောင်းအဖြစ် ထားရန် စကားစခဲ့၏။ ပထမ၌ တင့်တင့်သည် ပရိယာယ်နှင့် ငြင်းပယ်ဟန် ပြုသော်လည်း သားကောင်သည် မိမိထောင်ထားသော ညှတ်ကွင်းတွင် မိလောက်ပြီဖြစ်ကြောင်းသိသည်နှင့် တစ်လလျှင် ငွေ ၁၀၀ိ/–ခန့် မှန်မှန်

Quality Publishing House

ထောက်ပံ့မည်ဆိုက ဖြစ်နိုင်လောက်စရာ အကြောင်းရှိကြောင်းဖြင့် စကားကို မတင်မကျ ပြောဆို လက်ခံခဲ့လေသည်။

ထိုနေ့မှစ၍ ဦးမြမောင်သည် တစ်ပတ်လျှင် ၂ ရက် ၃ ရက်ခန့် တင့်တင့်အိမ်သို့ သွားရောက်ခဲ့ရာ တင့်တင့်ကလည်း လစဉ်ထောက်ပံ့ကြေးငွေသာမက လက်ဝတ်လက်စားကလေးများကိုလည်း မကြာခဏ ပူဆာသဖြင့် ဦးမြမောင်မှာ အမျိုးမျိုးကြံဖန်၍ တင့်တင့်၏အလိုသို့ လိုက်ပါခဲ့ရသည်။

မကောင်းသော သတင်းများမှာ အလွန်ပင် ခရီးသွားမြန်တတ်သည့်အတိုင်း ၆ လမျှ မကြာသေးမီ ထိုသတင်းသည် မင်းကတော် ဒေါ်အေးကြိုင်နားသို့ ပေါက်ရောက်ခဲ့၏။ သို့သော် ဒေါ်အေးကြိုင်မှာ အသက် အတော်ထောက်ပြီဖြစ်၍ ရှေ့နောက် ဆင်ခြင်တိုင်းထွာနိုင်သူတစ်ယောက် ဖြစ်သဖြင့် တစ်ကြောင်း၊ လင်ယောကျ်ား၏ဂုဏ်သိက္ခာကို ဆယ်ရန်မှာ ဇနီးဖြစ်သူတွင် တာဝန်ရှိရမည်ဟူသော အသိစိတ်ကြောင့်တစ်ကြောင်း၊ မိမိမှာ ဇာတိက အလွန်စိတ်ထက်သူတစ်ယောက် ဖြစ်သော်လည်း မိမိကိုယ်တိုင်၌ နှလုံးရောဂါရှိသဖြင့် စိတ်ကို မချုပ်တည်းနိုင်ဘဲ လွှတ်ပေးမည်ဆိုက မိမိကျန်းမာရေးကိုပင် ပြန်၍ထိခိုက်မည်သိသဖြင့်တစ်ကြောင်း၊ ဦးမြမောင်ကို သည်းခံနိုင်သမျှ သည်းခံ၍ လာခဲ့လေသည်။

အခြားအရေးကြီးသော ကိစ္စရပ်တစ်ခုလည်း ရှိသေး၏။ ယင်းသည်ကား ဦးမြမောင်၏ အသက်အာမခံကိစ္စပင် ဖြစ်၏။ ဦးမြမောင်သည် မိမိအသက်ကို ငွေ ၁၅,၀၀၀/-ဖြင့် အာမခံထားရှိခဲ့ရာ အမွေခံ၏အမည်ကို ဇနီးဒေါ်အေးကြိုင်နာမည်ဖြင့် ထားခဲ့လေသည်။ နှစ်စေ့ရန်ကား ၇ နှစ်ကျော်ခန့် လိုသေး၏။

ဦးမြမောင်သည် လွန်ခဲ့သော ၆ လခန့်က ဇနီးဖြစ်သူအား အသိမပေးဘဲ ငွေ ၂၀၀၀-ကျပ်ကို အသက်အာမခံကုမ္ပဏီမှ ချေးယူခဲ့၏။ ထိုငွေ ၂၀၀၀-မှာလည်း မယားငယ်တင့်တင့်အား လက်ဝတ်လက်စားကလေးများ လုပ်ပေးခြင်း၊ လစဉ်ထောက်ပံ့ငွေများ ပေးရခြင်း၊ ယခင်အကြွေးဟောင်းများကို ပေးဆပ်ရခြင်း စသည်တို့ဖြင့် ပျောက်ပျက်ခဲ့လေပြီ။

ဤအချက်သည်လည်း ဇနီးဖြစ်သူက လင်ယောကျ်ားအား အသက်အာမံငွေ ရရှိရေးအတွက် သတ်ခြင်းဖြစ်မည်ဆိုက ဖြစ်နိုင်မည်ဟု ယူဆနိုင်သော အချက်တစ်ချက် ဖြစ်ပေသည်။

အထက်ပါ အချက်အလက်များသည်ကား သေနတ်ဒဏ်ရာဖြင့် ဦးမြမောင် သေဆုံးရသည့် အမှုတွင် ထင်ရှားပေါ်လွင်သော အချက်များနှင့် ဇနီးမောင်နှံတို့၏ ကိုယ်ရေးရာဇဝင်များကို ရဲဘက်မှ စုံစမ်းရှာဖွေ၍ရသော အချက်များ ဖြစ်လေသည်။

➔ ➔ ➔

ဒေါ်အေးကြိုင်သည် စုံထောက်ရဲမှူး ဦးမြဒင် ညွှန်ပြသော ကုလားထိုင်ပေါ်တွင် မငြိမ်မသက် ထိုင်လိုက်၏။ သူ၏မျက်လုံးများမှာ တစ်ခါတစ်ခါတွင် သူဝင်လာခဲ့သော တံခါးပေါက်ဘက်သို့တစ်လှည့်၊ ဦးမြဒင်မျက်နှာသို့တစ်လှည့် ကြည့်ရှုနေသည်ကို တွေ့ရ၏။ လက်များမှာ အတန်ငယ်တုန်ယင်နေပြီးလျှင် မျက်လုံးများမှာလည်း ဂဏှာမငြိမ်သကဲ့သို့ ရှိနေ၏။

ဦးမြဒင်သည် ဒေါ်အေးကြိုင်၏ အမှုအရာများကို အကဲခတ်လိုက်ပြီးနောက် အလွန်အားနာသည့်ဟန်ဖြင့်–

"ကဲ... ဆိုစမ်းပါဦး ဒေါ်အေးကြိုင်၊ ကျွန်တော် ဘယ်လို ကူညီရမယ်ဆိုတာ အမိန့်ရှိပါဦး"

ဒေါ်အေးကြိုင်သည် သက်ပြင်းတစ်ချက် ချလိုက်၏။

"အမှုပြီးကတည်းက ဝေးဝေးလံလံ ကျွန်မ ဘယ်မှမသွားဘူး။ ကျွန်မအိမ်ပြင်ထွက်တာ ဒီဟာ ပထမပဲ ဦးမြဒင်ရဲ့"

ဦးမြဒင်သည် ဦးခေါင်းကို အသာအယာ ညိတ်လိုက်၏။

ဒေါ်အေးကြိုင်၏ မျက်လုံးများမှာ ကြောက်ရွံ့သောစိတ်ဖြင့် ပိုမိုပိုင်းစက်ကျယ်ဝန်းလာသကဲ့သို့ ထင်ရ၏။

"ဒီမယ် ဦးမြင်ဒင် အခုကိစ္စက ရှင့်ဆီကို တယ်လီဖုန်းလည်း မဆက်ဝံ့ဘူး။ တခြားရဲအရာရှိတွေကိုလည်း မပြောဝံ့ဘူး။ ကျွန်မ မြင်နေရတဲ့ 'လူစိမ်းကြီး' သိသွားမှာလည်း စိုးရသေးတယ်"

"ဘာပြောတယ်ဗျ၊ လူစိမ်းကြီး... ဟုတ်လား"

"ဟုတ်ပါတယ် ဦးမြင်ဒင်၊ ဒီလူစိမ်းကြီးဟာ ကျွန်မသွားရာနောက်က တကောက်ကောက်လိုက်နေတယ်။ ဒီဟာကို ရဲဘက်က ကာကွယ်ပေးဦးမှ"

ဦးမြဒင်သည် အံ့သြသည့်အမူအရာဖြင့် နှုတ်ခမ်းကို ကိုက်လျက်ရှိ၏။ ဒေါ်အေးကြိုင်သည် စားပွဲပေါ်တွင်တင်ထားသော သူ၏လက်ဖွေ့အိတ်ကလေးကို ဆွဲယူလိုက်ပြီးလျှင် လက်ကိုင်ပုဝါတစ်ထည်ကို ထုတ်၍ သူ၏နဖူးမှ ချွေးများကို သုတ်လိုက်လေသည်။

“ဘယ်လိုလူစိမ်းကြီးလဲ... ဒေါ်အေးကြိုင်နောက် ဘယ်လိုလိုက်ပုံလဲ၊ တဆိတ် ရှင်းပြစမ်းပါဦး ဒေါ်အေးကြိုင်”

“ဒီလိုရှင့်၊ ကျွန်မကို အပြစ်မရှိဘူးလို့ တရားရုံးက လွှတ်လိုက်ပြီးတဲ့နောက် ၃ ရက်လောက်ကြာတော့ ညနေ နေဝင်ရီသရော ကျွန်မတို့အိမ်နဲ့ ကပ်နေတဲ့ ခေါင်းရင်းဖက်ကခြံက ပြန်လာပြီး ခြေသံလိုလို ကြားရလို့ နောက်လှည့်ကြည့်လိုက်တော့ အစိမ်းရောင်မိုးကာအင်္ကျီကြီးဝတ်လို့၊ အစိမ်းရောင် ဦးထုပ်ကလည်း မျက်နှာတစ်ဝက်လောက် ဖုံးလုမတတ် ဆောင်းထားပြီး မျက်နှာတစ်ခုလုံး ပတ်တီးတွေစီးထားတဲ့ လူတစ်ယောက် ကျွန်မနောက်က လိုက်လာတာ မြင်လိုက်ရတယ်။ ဒါနဲ့ ကျွန်မလည်း သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိတယ်။ ဒီတော့ ကြောက်တာနဲ့ ဝင်းတံခါးကို ကပျာကယာပိတ်ပြီး အိမ်ထဲ ဝင်ပြေးခဲ့ရတာပါပဲ။ အိမ်တံခါးပေါက်နားရောက်လို့ နောက်တစ်ခါ ပြန်လှည့်ကြည့်လိုက်တော့ ဒီလူ မရှိတော့ဘူး။ ကျွန်မတို့အိမ်ခေါင်းရင်းဘက်က ခြံရှေ့မှာ ကားနှစ်စီးသုံးစီး ဝင်လိုက်ထွက်လိုက်လုပ်နေတာ မြင်ရတော့ ဒီကားတွေထဲက တစ်စီးပေါ်မှာပဲ ပါသွားသလား၊ ဒါမှမဟုတ် ကား ကွယ်သွားလို့ သူပျောက်သွားသလားဆိုတာ မသိရဘူး”

“အခုပြောသလိုတော့ အင်မတန်ဆန်းတာပဲ”

“ဆန်းတာတော့ မပြောနဲ့တော့ ဦးမြဒင်၊ အိမ်ထဲရောက်တော့ ကျွန်မဟာ တုန်တုန်ယင်ယင်ဖြစ်နေပြီ။ နှလုံးတုန်နေလို့ သွေးဆေးတစ်ခွက် အရက်နဲ့ ဖျော်ပြီး ကပျာကယာ သောက်လိုက်ရသေးတယ်။ ဒါနဲ့တောင် တစ်ညလုံး ဒီဥစ္စာကြီးချည်း မျက်စိထဲမှာ မြင်နေတာပါပဲရှင်”

“မျက်နှာကိုကော မြင်လိုက်ရသေးသလား”

“အခု ပြောပါပြီကောရှင်။ မျက်နှာမှာ ပတ်တီးတွေစီးထားတော့ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်တော့ ရှိလိမ့်မယ်ထင်ပါရဲ့။ ခပ်လှမ်းလှမ်းက ရုတ်တရက်ကြည့်လိုက်ရလို့ မျက်နှာဖြူဖြူကြီးပဲ မြင်လိုက်ရတယ်”

"လက်တွေဘာတွေကော ကြည့်လိုက်မိသေးသလား"

"လက်တွေကလည်း စိမ်းနေတာပဲ။ ပတ်တီးစီးထားတဲ့ မျက်နှာဖြူထူထူကြီးကလွဲပြီး ကျန်တာတွေအားလုံး စိမ်းနေတာပဲ ဦးမြဒင်။ တကယ် ကြောက်စရာကြီးပါပဲရှင်"

"အတော်ဆန်းတာပဲ ခင်ဗျားကိစ္စက အေးလေ ဆက်ပြောပါဦး။ ခင်ဗျာ့အိမ်ကလူတွေကကော မမြင်လိုက်ဘူးလား"

"စောရင်ဆိုတဲ့ ကောင်မကလေးလည်း ကျွန်မပြန်လာတာမြင်လို့ အိမ်တံခါးပေါက် လာကြိုတယ်။ သူ့ကိုမေးတော့ မမြင်လိုက်ဘူးတဲ့။ ပြီးတော့ ခြံထဲက မာလီကုလားဟာလည်း ဝင်းတံခါးက ကျွန်မဝင်လာတာ ကြည့်နေတာပဲ။ သူ့ကို ကျွန်မက မိုးကာအင်္ကျီအစိမ်းကြီး ဝတ်ထားတဲ့ အရပ်မြင့်မြင့်လူတစ်ယောက် ငါ့နောက်ကလိုက်လာတာ မမြင်လိုက်ဘူးလားလို့ သူ့ကိုမေးကြည့်တော့လည်း ဘယ်သူ့ကိုမှ မမြင်လိုက်ဘူးလို့ ပြောပါတယ်"

စုံထောက်အရာရှိ ဦးမြဒင်၏ မျက်နှာတစ်ဖက်မှာ မသိမသာ အထက်သို့ တက်သွား၏။

"ဒီမိုးကာအင်္ကျီအစိမ်းကြီး ဝတ်ထားတဲ့လူဟာ ဘယ်သူနဲ့များ တူသလဲလို့ကော မထင်မိဘူးလား။ ခင်ဗျားသိတဲ့လူထဲက ဆိုပါတော့"

"သြော်... ပြောရဦးမယ်။ ဦးမြမောင်နဲ့ ခပ်ဆင်ဆင်တူတယ်လို့ ထင်မိတာပဲ ဦးမြဒင်။ ဒို့ပေမယ့် နည်းနည်းပိုပြီး အရပ်မြင့်တယ်လို့ ထင်မိတယ်။ ပြီးတော့ သူ့မှာလည်း မိုးကာအင်္ကျီအစိမ်းကြီးတစ်ထည် ရှိတယ် ဦးမြဒင်။ ဒို့ပေမယ့် ဒီမိုးကာအင်္ကျီကြီးက သူ မဝတ်လို့ ဗီရိုထဲ ခေါက်ထည့်ထားတာ ရှိပါတယ်"

"ဒါနဲ့ မေးရဦးမယ်။ ဒေါ်အေးကြိုင် အခုမြင်ရတယ်ဆိုတာ တကယ်အမှန်ပဲလို့ ထင်သလား"

"အမှန်ပါပဲ ဦးမြဒင်။ စိတ်ကထင်တာ မဟုတ်ပါဘူး။ တကယ်မြင်တာပါ"

ဒေါ်အေးကြိုင်သည် တံခါးဆီသို့ ဖျတ်ခနဲ ပြန်၍လှည့်ကြည့်လိုက်၏။

"ဒါနဲ့ ဒီနောက်ကော မြင်သေးသလား"

"မြင်ပါတယ်ရှင်။ မနက်စောစော ကျွန်မ မျက်နှာသစ်ပြီး အိပ်ခန်းဘေးက သံတိုင်ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်တဲ့အခါ လမ်းကြားထဲကို သုတ်လျှောက်သွားတာ ရိပ်ခနဲ မြင်လိုက်ရတယ်။ ဒီနောက် ပြည်လမ်းကမိတ်ဆွေတစ်ယောက်က တစ်နေ့ ကားနဲ့လာခေါ်လို့ ပြန်ပို့တဲ့အခါ ကျွန်မတို့နောက်က ကားတစ်စီး လိုက်လာတယ်။ ဒါနဲ့ လမ်းမကြီးပေါ်က ကျွန်မတို့အိမ်ဘက် လှည့်အဝင် ဒီကားက ကျွန်မတို့ကားကို ကျော်တက်သွားတဲ့အခါ အဲဒီကားထဲမှာ သူ့ကို ရိပ်ခနဲ မြင်လိုက်ရတယ်။ ကျွန်မတို့ကားကိုတောင် လှည့်ပြီး ကြည့်သွားသလိုပဲ"

"ဒီမယ် ဒေါ်အေးကြိုင်၊ လူတွေဟာ စိတ်ဂဏှာမငြိမ်တဲ့ အခါမျိုးမှာ မဟုတ်တာကို အဟုတ်တင်တတ်ကြတယ်။ ဘာမှမရှိတာကို အရှိ ထင်တတ်ကြတယ်"

စားပွဲပေါ်သို့တင်ထားသော ဒေါ်အေးကြိုင်၏ လက်များမှာ တုန်တုန်ယင်ယင်ရှိနေသည်ကို ဦးမြဒင် သတိပြုလိုက်မိ၏။ သူ၏မျက်နှာမှာလည်း ယခင်ကထက် ဖြူလျော်၍လာသည်ဟု ထင်ရ၏။ ဒေါ်အေးကြိုင်သည် လက်များကို အောက်သို့ချလိုက်ပြီးနောက်–

"ပြီးတော့ အဲဒီနေ့ညကတည်းကစပြီး ဒီလူဟာ မိုးကာအင်္ကျီစိမ်းကြီးတဖျတ်ဖျတ်နဲ့ ကျွန်မတို့အိမ်ဝရန်တာကို လျှောက်နေသလိုလို၊ ပြီးတော့ ကျွန်မအိပ်ခန်းထဲကို မျက်နှာဖြူကြီးနဲ့ ငုံ့ကြည့်နေသလိုလို၊ အိပ်မက်တွေမက်နေတော့တာပါပဲရှင်… တစ်ခါတော့ သူ့မျက်နှာမှာ ပတ်တီးတွေမရှိတော့ဘဲ သူ့ခေါင်းအရိုးစုကြီးဟာ ကျွန်မအခန်းဘေး ပြတင်းပေါက်ကနေပြီး အခန်းထဲကြည့်နေတာ အိပ်မက်ထဲမှာ မြင်လိုက်ရတယ်… ကဲ– ဒါပါပဲရှင်… ကျွန်မတော့ မနေဝံ့ မထိုင်ဝံ့သလို ဖြစ်နေပါပြီ ဦးမြဒင်… ဒါကြောင့် ရဲဘက်က ကျွန်မအသက်ကို ကာကွယ်ပေးပါဆိုတဲ့အကြောင်း အခု ကျွန်မလာပြီး တောင်းပန်တာပါပဲ"

ဦးမြဒင်သည် နဖူးရေများ တွန့်၍သွားအောင် မျက်မှောင်ကုတ်လိုက်ပြီးနောက်…

"ဒီဟာတော့ ကျွန်တော့်အနေနဲ့ မတတ်နိုင်ဘူးထင်တယ် ဒေါ်အေးကြိုင်"

 http://www.cherrythitsar.org

"နို့ပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်မအတွက် တစ်ခုခုတော့ လုပ်ပေးဦးမှပဲ ဦးမြဒင်... ကျွန်မတော့ ဒီဟာကြီးကို သိပ်ကြောက်ပြီး အိပ်ကောင်းချင်းမအိပ်ရ၊ စားကောင်းချင်းမစားရ ဖြစ်နေတာပါပဲရှင်... တစ်ခါလည်းမဟုတ် နှစ်ခါလည်း မဟုတ် သူ့ကို တွေ့နေရတယ်"

"ကဲ... ဒီတော့ ဒီလိုလုပ်လေ... မင်းကြီးဆီကို ကျွန်တော် တယ်လီဖုန်းဆက်ပေးမယ်... သူ့အမိန့်အတိုင်း ကျွန်တော်တို့ နာခံရမှာပဲ"

"ဒီလိုဆိုရင် ကျေးဇူးတင်လိုက်တာရှင်"

"ကဲ– ဒါဖြင့် ခုပဲ ကျွန်တော် မိတ်ဆက်ပေးမယ်"

ဦးမြဒင်သည် တယ်လီဖုန်းကို ကောက်ယူလိုက်ပြီးနောက် နံပါတ်တစ်ခုကို အစီအစဉ်အတိုင်း လှည့်လိုက်၏။

ဒင်။ "ဟုတ်ကဲ့ ကျွန်တော်ပါ၊ ကျွန်တော်မြဒင်ပါ"

(တစ်ဖက်မှအသံ) "ပြောလေ... ဘာပြောချင်လို့လဲ"

"ဒီလိုပါခင်ဗျာ... လွန်ခဲ့တဲ့ လဆန်း ၆ ရက်နေ့က တရားရှင်လွတ်သွားတဲ့ ဒေါ်အေးကြိုင်ဆိုတဲ့ အမျိုးသမီး ကျွန်တော့်ဆီကို ရောက်နေပါတယ်"

"ဒီတော့ ဘာဖြစ်လဲ"

"သူ ပြောတာက သူ့နောက်က အမြဲလူတစ်ယောက် ချောင်းလိုက်နေတယ်တဲ့..."

"ဘယ်လိုလူတစ်ယောက် လိုက်နေတာလဲ..."

"သူပြောတာက မိုးကာအင်္ကျီအစိမ်းကြီး ဝတ်လို့ လူတစ်ယောက်ဟာ သူသွားတိုင်း နောက်မနီးမဝေးက လိုက်နေတယ် ပြောပါတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"သူဟာ ဒီလူကြီးကို အင်မတန်ကြောက်ပြီး မအိပ်နိုင် မစားနိုင် ဖြစ်နေတယ်လို့ ပြောပါတယ်... ပြီးတော့ သူအိပ်တဲ့ အခန်းမှန်ပြတင်းပေါက်ဆီကိုတောင် ရောက်လာပြီး သူအိပ်တဲ့အခန်းထဲကို ချောင်းကြည့်နေတာ တစ်ခါ မြင်လိုက်ရတယ်လို့ ပြောနေပါတယ်"

"ဒီတော့ ဘယ်လိုလုပ်စေချင်သတဲ့လဲ"

Quality Publishing House

"သူ့အသက်ကို ကာကွယ်ပေးဖို့ ကျွန်တော်တို့ရဲဘက်ကို အကူအညီတောင်းနေပါတယ်"

တယ်လီဖုန်းသည် ခေတ္တမျှ ရပ်သွား၏။

ဒင်။ "မှန်ပါတယ် မင်းကြီးခင်ဗျာ၊ သူ့အခြေအနေကတော့ အင်မတန်ကြောက်နေတဲ့ အခြေအနေပါပဲ။ ကျွန်တော်တို့ ဘယ်လို..."

စကားမဆုံးမီ တစ်ဖက်မှအသံသည် ခေတ္တရပ်သွားပြန်၏။

ဦးမြဒင်သည် မျက်ခုံးနှစ်ဖက်ကို တွန့်လိုက်ပြီးနောက်..."

"မှန်ပါတယ် မင်းကြီးခင်ဗျာ... ကျွန်တော် တတ်နိုင်သလောက်တော့ ကြည့်လုပ်ပေးလိုက်ပါမယ်"

ဦးမြဒင်သည် တယ်လီဖုန်းလက်ကိုင်ကို တယ်လီဖုန်းခွက်ထဲသို့ ပြန်၍ချလိုက်ပြီးနောက် ဒေါ်အေးကြိုင်အား စေ့စေ့ကြည့်လိုက်လေသည်။ ထို့နောက်–

"ဒီမယ် ဒေါ်အေးကြိုင်၊ မင်းကြီးပြောတာကတော့ သူဟာ ဘာမှ မတတ်နိုင်ဘူးတဲ့... ခက်တာက ကျွန်မဟာ ဘယ်သူ့ကိုကြောက်နေရလို့ ကာကွယ်ပေးပါ။ ကျွန်မဟာ ဘယ်သူနဲ့ရန်ဖြစ်လို့ ဘယ်သူက ကျွန်မကို လာသတ်ပါလိမ့်မယ်။ ရဲဘက်က ကူညီပါ... ကျွန်မယောက်ျားဟာ စိတ်တစ်မျိုးတစ်မည်ဖြစ်နေလို့ ကျွန်မကို လာသတ်ပါလိမ့်မယ်ဆိုပြီး အဲဒီလို ဘာမှမဟုတ်တဲ့ အကြောင်းကလေးတွေနဲ့ ကျွန်တော်တို့ဆီလာပြီး အကူအညီတောင်းတဲ့လူတွေက တစ်နေ့တစ်နေ့ မနည်းဘူးခင်ဗျာ... ကျွန်တော်ကတော့ ဒေါ်အေးကြိုင်ဟာ ဘာမှမဟုတ်ဘဲနဲ့ အလိုလို စိတ်ချောက်ချားနေတယ်ထင်တယ်... ဘယ်သူကမှလည်း ဒေါ်အေးကြိုင်ကို ရန်မူမယ် မဟုတ်ပါဘူး။ ရန်မူစရာအကြောင်းလည်း မရှိပါဘူး"

ဒေါ်အေးကြိုင်သည် သူ၏နှုတ်ခမ်းများကို ခပ်တင်းတင်းကိုက်လိုက်၏။

"ဒါနဲ့ မေးရဦးမယ်... ဒီလူစိမ်းကြီးရဲ့ ပုံသဏ္ဌာန်ကို ဒေါ်အေးကြိုင် သေသေချာချာ ပြောပြနိုင်သလား"

"ဟင့်အင်း... ဟင့်အင်း... ပြောမပြနိုင်ဘူး။ ကျွန်မ သူ့မျက်နှာကို မမြင်လည်း မမြင်ရဘူး။ ကြောက်လို့ ကြည့်လည်းမကြည့်ဝံ့ဘူး"

"ဒီလိုဆို ကျွန်တော် ဘယ်လိုလုပ်ပြီး တတ်နိုင်ပါ့မလဲ ဒေါ်အေးကြိုင်၊ အင်း..."

http://www.cherrythitsar.org

"ဒါဖြင့် ဘယ်လိုမှ မတတ်နိုင်တော့ဘူးလားရှင်"

(ဦးမြဒင်က အတန်ငယ်စဉ်းစားလျက်)

"အင်း... တစ်ခုတော့ရှိတယ်။ ည(၉)နာရီမှာ ကျွန်တော်တို့စခန်းက ကင်းလှည့်ထွက်တဲ့ လက်နက်ကိုင် ပတ်တရောင်ရဲကားတွေကို ဒေါ်အေးကြိုင်တို့ ခြံနားရောက်ရင် တစ်ပတ်လှည့်ပြီးကြည့်ဖို့ ကျွန်တော် မှာလိုက်မယ်"

"ကောင်းပါပြီရှင်"

"ကဲ... ဒါပဲ မဟုတ်လား... ဒေါ်အေးကြိုင်"

ဒေါ်အေးကြိုင်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ စားပွဲပေါ်တွင်တင်ထားသော လက်ပွေ့အိတ်ကလေးကို တုန်ယင်သောလက်များဖြင့် လှမ်းယူရင်း မတ်တတ်ရပ်ရန် ကြိုးစားလိုက်၏။ သို့သော် မတ်မတ်မရပ်နိုင်ဘဲ ကုလားထိုင် လက်ကိုင်နှစ်ဖက်ကို အားပြုကာ သူ၏ကိုယ်မှာ တစောင်းလည်၍ သွားလေသည်။ ထိုအခါ ဦးမြဒင်လည်း သူ၏ကုလားထိုင်မှ ကပျာကယာ ထလာပြီးနောက် ဒေါ်အေးကြိုင်အား ဖေးမကူညီလျက် ရှိလေသည်။

"ဘယ့်နှယ့်လဲ လူစိမ်းကြီးကို မြင်ရပြန်ပြီလား"

"မမြင်ပါဘူး။ နို့ပေမယ့် ဒီအနီးတစ်ဝိုက်မှာတော့ ဘယ်နည်းနဲ့မဆို သူရှိမှာပဲ။ ရှိမယ်... ရှိမယ်... မုချရှိမယ် ဦးမြဒင်။ အမယ်လေး... ကျွန်မ ဒီဟာကြီးကို ဘယ်နည်းနဲ့ ရင်ဆိုင်ရပါ့မလဲရှင်။ မိုးကာအင်္ကျီထဲက ထွက်နေတဲ့ သူ့လက်ချောင်းကြီးတွေဟာလည်း စိမ်းပြီး ငှက်လက်သည်းလို ချွန်နေတယ်... ဒီလက်သည်းကြီးတွေနဲ့ပေါ့ရှင်... ကျွန်မအိပ်ခန်းက မှန်ပြတင်းပေါက်ကို လာခြစ်နေတာ"

"မကြောက်ပါနဲ့ ဒေါ်အေးကြိုင်၊ ကျွန်တော်လည်း ဒီထက်ပိုပြီး ဘာမှ မတတ်နိုင်တော့ဘူး။ မင်းကြီး အမိန့်ပေးတာလည်း ဒေါ်အေးကြိုင်ကိုယ်တိုင် အကြားသားပဲ။ အခု ပတ်တရောင်ကားက တစ်ညကို နှစ်ခါလောက်လှည့်ပြီး ဒေါ်အေးကြိုင်အိမ်ကို ကြည့်ပေးမယ်ဆိုတာ ကျွန်တော်က မေတ္တာနဲ့ စီစဉ်ပေးတာပါ"

သို့အားပေးလျက်နှင့်ပင် ဒေါ်အေးကြိုင်၏ကိုယ်မှာ ယခင်ကထက် တုန်တုန်ယင်ယင်ဖြစ်လာပြီးလျှင် ၎င်း၏မျက်နှာမှာလည်း ယခင်ကထက် ဖြူရော်၍လာသကဲ့သို့ ထင်ရ၏။

"လာမှာပဲ... လာမှာပဲ။ ဒီအကောင်ကြီး တစ်ညမလာ တစ်ညလာမှာပဲ။ ညမှာ သူလာပြီး အရိုးစုကို ပိတ်စတွေပတ်ထားတဲ့ မျက်နှာကြီးနဲ့ ကျွန်မအခန်းခေါင်းရင်း မှန်ပြတင်းပေါက်က သူ့ခေါင်းကြီး လျှိုဝင်လာမှာပဲ... လာမှာပဲ... လာမှာပဲ..."

"ဘာပဲဖြစ်ဖြစ် ဒေါ်အေးကြိုင် ဒီထက်တော့ပိုပြီး ကျွန်တော် အကာအကွယ် မပေးနိုင်တော့ဘူး"

"အို... ပေးနိုင်ပါတယ်... ဘာဖြစ်လို့ မပေးနိုင်ရမှာလဲ။ ပေးမယ်ဆိုရင်ဖြစ်တာပေါ့ရှင်"

သို့ပြောရင်း ဒေါ်အေးကြိုင်သည် မတ်တတ်ရပ်လျက်ရှိရာမှ တုန်တုန်ယင်ယင်နှင့်ပင် ကုလားထိုင်ပေါ်သို့ ဒယိမ်းဒယိုင် ထိုင်ချလိုက်လေသည်။

"ဘယ်လို အကာအကွယ်ပေးစေချင်သလဲ ဒေါ်အေးကြိုင်"

"ကျွန်မကို ချုပ်ထားလိုက်ရုံပေါ့... အချုပ်ခန်းထက် ပိုပြီးလုံတဲ့နေရာဘယ်ရှိသေးလဲ"

"ဘာဖြစ်လို့ ချုပ်ရမှာလဲခင်ဗျ"

"ကျွန်မယောက်ျားကို ကျွန်မ သတ်လိုက်တယ်လေ"

ဦးမြဒင်မှာ ပါးစပ်အဟောင်းသားနှင့် ကြည့်နေပြီးနောက်...

"ဒီမယ် ဒေါ်အေးကြိုင်... သတိထားမှပေါ့။ ဦးမြမောင်ဟာ သူ့ကိုယ်သူ သတ်သေနိုင်တယ်လို့ ဆေးစာကလည်း ဆိုထားပြီ။ ဒါကိုယုံကြည်လို့တရားသူကြီးကလည်း ခင်ဗျားကို လွှတ်လိုက်ပြီ... ဒါနဲ့..."

"အို... မဟုတ်ဘူး။ ဒါတွေဟာ အလကားဟာတွေ။ ဒီညက သူထိုင်နေတုန်း ကျွန်မက တိတ်တိတ်ကလေး နောက်ကလာပြီး သူ့လက်ထဲကိုင်ထားတဲ့ သေနတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်တယ်။ အဲဒီလို ဆွဲယူလိုက်တော့ သူလည်း အံ့အားသင့်ပြီးကြည့်နေတုန်း သူ့နားထင်နားကပ်ပြီး သေနတ်မောင်းကို တစ်ချက်တည်း ဆွဲလိုက်တာပဲ။ ဒါ အလွယ်ကလေးရယ်"

"နို့ ဆရာဝန်က ဆေးစာနဲ့ သက်သေခံထားတာက..."

"မဟုတ်ပါဘူးရှင်... သေနတ်လက်ကိုင်ရိုးပေါ်မှာ တွေ့ရတယ်ဆိုတဲ့လက်ရာကို ဦးမြမောင်ရဲ့ လက်ရာဖြစ်အောင် ကျွန်မ လုပ်ထားတာပဲ။ ဒါလည်းလွယ်ပါတယ်။ သေနတ်လက်ကိုင်ပေါ်က ကျွန်မလက်ရာတွေကို သေသေချာချာ

အဝတ်နဲ့သုတ်ပြီး သူ့လက်ထဲကို သေနတ်ထည့်ပေးလိုက်တော့ သူ့လက်ရာဖြစ်သွားတာပေါ့။ ကျွန်မယောကျ်ားဟာ လူများရဲ့အမြင်မှာ အင်မတန်ကောင်းပေမယ့် ကျွန်မစိတ်ကို အင်မတန် အနှောင့်အယှက်ပေးတဲ့လူ၊ ကျွန်မကို အင်မတန် စိတ်မချမ်းသာအောင်လုပ်တဲ့ လူတစ်ယောက်ပဲ ဦးမြဒင်။ လူတွေကတော့ သူ့ကို အင်မတန်သိက္ခာရှိတဲ့ လူကြီးလူကောင်းတစ်ယောက်လို့ ထင်နေကြတယ်။ သူကတော့ မယားငယ်ယူ၊ တိတ်တိတ်ပုန်းကစား၊ အိမ်ကို နှစ်ရက်, သုံးရက် ပြန်မလာဘဲနေ၊ ကျွန်မ လက်ဝတ်လက်စားတွေ တိတ်တိတ်ယူပေါင်၊ ကျွန်မစုထားတဲ့ ငွေတစ်သောင်းလည်း တစ်တိတစ်တိနဲ့ ချောပြီ။ နောက်သူက ကျွန်မကို ကွာရှင်းပေးဖို့ပြောတယ်လေ… ကဲ…ဒီဟာတွေ တော်သလား ဦးမြဒင်၊ စဉ်းစားပဲကြည့်ပါတော့။ ကျွန်မမှာရှိနေတဲ့ နှလုံးရောဂါလည်း ဒီဟာတွေကြောင့် ဖြစ်ရတာရှင့်။ တိုင်းပြည်ကို ဘာမှအကျိုးမပြုဘဲ ဒီလောက်တောင် မိန်းမကိုဒုက္ခပေးနေတဲ့ လူတစ်ယောက်ကို ကျွန်မလည်း သည်းမခံနိုင်တဲ့အဆုံး လမ်းရှင်းပစ်လိုက်တာပဲ။ ဒါပဲ… ဒါပဲ၊ ကဲ… ကျွန်မကို ချုပ်ပေတော့…”

ဒေါ်အေးကြိုင်မှာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်၍နေပြီးလျှင် ၎င်း၏အသံမှာလည်း ယခင်ကထက်ပင် တုန်ယင်၍လာတော့၏။ ဒေါ်အေးကြိုင်သည် ပြူးကြောင်သောမျက်လုံးများဖြင့် ဦးမြဒင်အား စူးစူးဝါးဝါးကြည့်လျက်…

“ကဲလေ… ကျွန်မကို ချုပ်လေ ချုပ် ချုပ်”ဟု ဟစ်အော်ကာ သူ၏မျက်လုံးများမှာလည်း စိတ်မနှံ့သောသူတစ်ယောက်ကဲ့သို့ ဝိုင်းဝိုင်းလည်လျက်ရှိလေသည်။

“ဖြေးဖြေးပြောပါ ဒေါ်အေးကြိုင်… စဉ်းစားလဲ စဉ်းစားပါဦး”

“ဘာလို့ စဉ်းစားရမှာလဲ။ ဟုတ်တာပြောတာပဲ။ ဖမ်း… ဖမ်း… ဖမ်းလေ… ချုပ်…ချုပ်… ကျွန်မကို ချုပ်ထားမှ ဒီလူစိမ်းကြီး မလာနိုင်မှာ”

“ဒီမှာဒေါ်အေးကြိုင် ကျွန်တော် တစ်ခုပြောမယ်။ အခု ကျွန်တော့်ကို ဒေါ်အေးကြိုင် ပြောတာတွေဟာ ဥပဒေနဲ့ကြည့်ရင် ဘာမှ မတရားမဝင်ဘူး။ ဒေါ်အေးကြိုင်ရဲ့ ထွက်ချက်ကို ကျွန်တော်က စာနဲ့ရေးယူပြီးတော့ အောက်က ဒေါ်အေးကြိုင်က လက်မှတ်ထိုး၊ သက်သေသက်ကာယနဲ့ပေါ့ ခင်ဗျာ… ဒီလိုမှ

တရားဝင်မှာ… ကဲ– ဒီတော့ ဟိုနောက်ဖက်က ဗီရိုထဲမှာ ပုံစံစာရွက် ကျွန်တော် သွားယူလိုက်ပါရစေဦး…”

ပြောပြောဆိုဆိုနှင့် ဦးမြဒင်သည် ကုလားထိုင်မှထကာ ဒေါ်အေးကြိုင် ထိုင်နေသော ကုလားထိုင်နောက်ဖက်သို့ လျှောက်လာ၏။ ပုံစံစာရွက်များ ထားသော ဗီရိုမှာ ဒေါ်အေးကြိုင်ထိုင်နေသော ကုလားထိုင်ကျောဘက်မှ ၄– ၅ ပေခန့် ဝေး၍ ဦးမြဒင်သည် ဗီရိုရှိရာသို့ သွားရောက်ပြီးနောက် ဗီရိုတံခါးကို ဖွင့်လိုက်လေသည်။

မိုးသည် တဖွဲဖွဲရွာနေရာမှ ပို၍သည်းလာ၏။ ရုံးလုလင်ကလေးသည် အခန်းတွင်းသို့ မိုးပက်မည်စိုးသဖြင့် မှန်ပြတင်းများကို ပိတ်လျက်ရှိ၏။ အချိန်မှာ ရုံးဆင်းရန် ၁၅ မိနစ်သာ လိုတော့သည့်ပြင် အတန်ငယ်အေးလာသဖြင့် ဦးမြဒင်သည် ဗီရိုအတွင်းမှ သားမွေးလည်ပတ်အဖြူကို ယူ၍ လည်ပင်းတွင် ပတ်လိုက်ပြီးနောက် အစိမ်းရောင်မိုးကာအင်္ကျီကို ကိုယ်ပေါ်၌ ထပ်၍ဝတ်လိုက်၏။ အစိမ်းရောင်ပလတ်စတစ် ဖုံးထားသည့် ဦးထုပ်ပျော့ကိုလည်း ဆောင်းလိုက်ပြီးလျှင် ပုံစံစာရွက်တစ်ရွက်ကို ထုတ်ယူလိုက်လေသည်။

ဗီရိုကို ဂျောင်းခနဲ ပြန်၍ပိတ်လိုက်စဉ် ဒေါ်အေးကြိုင်သည် နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ဦးမြဒင်၏နောက်ကျောဘက် မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် “လူစိမ်းကြီး…လူစိမ်းကြီး”ဟု အလန့်တကြား ဟစ်အော်ကာ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီးနောက် ကိုယ်ကို မဟန်နိုင်တော့ဘဲ တမံသလင်းပေါ်သို့ ဒယိမ်းဒယိုင် လဲကျသွားလေသည်။

ထိုအချိန်တွင် အခြားရုံးခန်းဘက်မှလူများ ပြေးလာပြီးလျှင် ဦးမြဒင်နှင့် အတူ ဒေါ်အေးကြိုင်အား ချီမပွေ့ထူကာ နောက်မီကုလားထိုင်တစ်လုံးပေါ် တင်ရန် ကြိုးစားလျက်ရှိကြ၏။ ဦးမြဒင်၏အမိန့်ဖြင့်လည်း ရဲဘက်ဆရာဝန်ထံသို့ တယ်လီဖုန်းဖြင့်ဆက်ရာ ၁၅ မိနစ်ခန့်အကြာတွင် ဆရာဝန် ရောက်လာ၏။ သို့သော် ထိုအချိန်အထိ ဒေါ်အေးကြိုင်မှာ သတိ မရသေးချေ။

ဆေးရုံသို့ ရောက်သောအခါ၌ပင် ဒေါ်အေးကြိုင်မှာ သတိမရတစ်ချက် ရတစ်ချက် ရှိနေသေး၏။ သတိရသောအခါများ၌ ဒေါ်အေးကြိုင်သည် ဝိုင်းစက် လျက်ရှိသော မျက်လုံးများဖြင့် “ဟော… လူစိမ်းကြီး… လူစိမ်းကြီး၊ ကျွမ်ကို

သတ်ရအောင် လာနေပြီ။ ကယ်တော်မူကြပါရှင်…” စသည်ဖြင့် ဂယောင်ချောက်ချား ပြောလျက်ရှိနေ၏။

ရောဂါ၏အခြေအနေအရ နောက်တစ်နေ့တွင် ဒေါ်အေးကြိုင်အား ရန်ကုန်ဆေးရုံကြီးမှ စိတ္တဇဆေးရုံသို့ ပို့လိုက်ရ၏။ ဦးမြမောင် သေဆုံးမှုကို ပြန်ဖွင့်ပြီးလျှင် ဒေါ်အေးကြိုင်၏ အခြေအနေကို စောင့်ဆိုင်းလျက်ရှိရာ ဒေါ်အေးကြိုင်မှာ ဂယောင်ချောက်ချား ပြောနေရုံမျှမက ၎င်း၏ နှလုံးရောဂါကလည်း အခြေအနေ ဆိုးရွားသည်ထက် ဆိုးရွားလာရာ ဆေးရုံသို့ ရောက်သောနေ့မှ ၂၁ ရက်မြောက်သောနေ့တွင် စိတ္တဇနှင့်ယှဉ်သော နှလုံးရောဂါဖြင့် ကွယ်လွန်သွားလေတော့သည်။

**ငွေတာရီမဂ္ဂဇင်း**
**၁၉၆၇ ခုနှစ်၊ မတ်လ**

## အားကစားသမားစိတ်

အချိန်မှာ မိုးမလင်းသေးမီ အချိန် ဖြစ်၏။ ကိုချစ်တင်သည် မော်တော်ဘုတ်၏ဦးဘက်သာ စိုက်၍ကြည့်နေပြီးလျှင် သူ၏မျက်နှာမှာ ခက်ထန်ကြမ်းကြုတ်သော အမူအယာ ပေါ်၍နေလေသည်။ ယခင်အခါများကမူ ကိုချစ်တင်သည် အလွန်ဖော်ရွေ၍ စကားကြွယ်ဝသူတစ်ယောက် ဖြစ်သော်လည်း ကိုထွန်းစိန်နှင့်အတူ မော်တော်ဘုတ်ကလေးနှင့် ထွက်လာသည့်အချိန်မှစ၍ ယခုကဲ့သို့ မျက်နှာထားတင်းကာ နှုတ်ဆိတ်နေခြင်း ဖြစ်လေသည်။

သူ၏သူငယ်ချင်း ကိုထွန်းစိန်သည် ပဲ့ပိုင်းရှိ ထိုင်ခုံပေါ်တွင်ထိုင်ကာ ပင်လယ်ဘက်မှ တဖျတ်ဖျတ် တိုက်ခတ်လျက်ရှိသော မိုးသောက်ယံလေပြည်ကို ခံရင်း ကိုချစ်တင်၏ ထူးခြားသောအမူအရာကို အကဲခတ်လျက် ရှိလေသည်။ ကိုချစ်တင်ကမူ စကားပြောရန် ဝေးစွ နောက်သို့ တစ်ကြိမ်မျှပင် လှည့်၍ မကြည့်ချေ။

သူတို့ရှေ့ ကိုက်အနည်းငယ်တွင် စိမ်းလန်းစိုပြေသော ကျွန်းကလေးသည် သူတို့ရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်ဟု ထင်ရ၏။

ကိုချစ်တင်သည် လက်အိတ်စွပ်ထားသော လက်တစ်ဖက်ဖြင့် 'စတီးရာရင်'ဘီးကို ကိုင်ကာ အခြားလက်တစ်ဖက်ဖြင့် အမိုး၏ ရှက်ဖျဉ်စကြိုးကွင်းကို တင်းကျပ်စွာ ဆွဲထား၏။ ခြေနှစ်ဖက်ဖြင့် ခပ်ကားကားရပ်လျက်ရှိသောကြောင့်

http://www.cherrythitsar.org

စပို့တင်းကုတ်အကွက်ကြီးကိုဝတ်ထားသော သူ၏ကျောပြင်ကြီးမှာ နဂိုထက်ပင် ကျယ်ပြန့်သည်ဟု ထင်ရ၏။

မကြာမီ ကျွန်းကလေးသည် နီးကပ်သည်ထက် နီးကပ်လာပြီးနောက် အင်ဂျင်မှ ပြင်းထန်စွာ အခိုးလွှတ်လိုက်သောအသံကို ကြားရပြီးလျှင် သဲမြေကမ်းစပ်တစ်ခု၌ ကပ်၍ဆိုက်လိုက်ရာ... မော်တော်ဘုတ်ကလေးမှာ အရှိန်ဖြင့် လှုပ်ရှားသွားလေသည်။

(စိန်) "ကျုပ်ဖြင့် ဘာမှ မမြင်ရဘူးဗျို့။ ခင်ဗျားမို့မြင်ရတာ။ မှောင်လိုက်တာကလည်း လွန်ပါရော..."

ကိုချစ်တင်ကား စကား ပြန်၍မပြောချေ။ လက်ကိုင်ဘီးကိုသာ တစ်ပတ်လှည့်လိုက်ပြီးလျှင် မော်တော်ဘုတ်ကို မလှုပ်ရှားအောင် ထိန်းလိုက်လေသည်။ အပြာနုရောင်နောက်ခံရှိသော အပြာရင့်ရောင် ကျွန်းကလေး၏ ရှေ့ပိုင်းမှ သောင်ခုံများသည် ပန်းချီကားပေါ်တွင် အဖြူကြောင်းကလေးများ ဆွဲထားသကဲ့သို့ ရှိနေ၏။ ကမ်းစပ်၏သဲသောင်ပြင်နှင့် နောက်ခံနုန်းမြေ ကိုင်းတောမှာ ၁ မိုင်ခန့် ရှည်၏။ အနံ ကိုက် ၁၀၀ ၏တစ်ဖက်တွင် ပင်လယ် ရှိ၏။ အခြားတစ်ဖက်တွင် ကျွန်းအတွင်းသို့ တိုးဝင်နေသည့် ပင်လယ်ကွေ့ကလေး ရှိလေသည်။

ကျွန်းကလေးမှာ မြိတ်ကျွန်းစုထဲတွင် အပါအဝင် ကျွန်းကလေးဖြစ်၍ တောဘဲများ အလွန်ပေါသော ကျွန်းကလေးဖြစ်၍ ကစားခုန်စား အပစ်အခတ် ဝါသနာပါသော သူငယ်ချင်းနှစ်ယောက်တို့သည် အားလပ်သောနေ့များ၌ လာရောက်အမဲလိုက်လေ့ ရှိသည့်အတိုင်း တောဘဲများပစ်ခတ်ရန် ထိုကျွန်းကလေးသို့ မော်တော်ဘုတ်ဖြင့် လာရောက်ကြခြင်း ဖြစ်၏။

ကိုချစ်တင်မှာ အုတ်နံရံတစ်ခုကဲ့သို့ အားကိုးရသော 'ဖူးဘက်'ဖြစ်၍ ကိုထွန်းစိန်က 'ဖော်ဝပ်' ကစားရာတွင် ခွေး,သမင်ကဲ့သို့ လျင်မြန်၏။ ကိုချစ်တင်မှာ အလေးသမားတစ်ယောက်ဖြစ်ပြီးလျှင် ကိုထွန်းစိန်မှာ လက်ဝှေ့သတ်ချန်ပီယံ ဖြစ်လေသည်။ တိုင်းဘောလုံးပွဲများတွင် ထိပ်တန်းမှ အရွေးခံရသော ဘောလုံးသမားများ ဖြစ်၏။ ဘောလုံးသာမဟုတ် အခြားကစားခုန်စားအမျိုးမျိုးတွင် ဝါသနာပါကြသူများ ဖြစ်သည့်အတိုင်း ညီအစ်ကိုအရင်းကဲ့သို့ ချစ်ခင်ကြ၏။

ကိုချစ်တင်မှာ အသက် ၃၁ နှစ်မျှရှိပြီဖြစ်၍ လွန်ခဲ့သော ၂ နှစ်ခန့်ကပင် မသိန်းနွယ်ဆိုသူနှင့် အိမ်ထောင်ကျခဲ့၏။ ကိုထွန်းစိန်မှာ အသက် ၂၉ နှစ်မျှ ရှိပြီဖြစ်သော်လည်း လူပျိုဘဝနှင့်ပင် ရှိနေသေး၏။ သူတို့ ၂ ဦးစလုံးပင် ပုလဲထုတ်လုပ်ရေးကုမ္ပဏီတစ်ခု၌ အလုပ်လုပ်ခဲ့ရာ ကိုချစ်တင်က လက်ထောက် မန်နေဂျာ ဖြစ်ပြီးလျှင် ကိုထွန်းစိန်မှာ စက်ရုံမှူး ဖြစ်၏။ နှစ်ယောက်စလုံးပင် အားကစားသမားများ ဖြစ်ကြသည့်အတိုင်း လူချစ်လူခင်ပေါများသူများ ဖြစ်လေသည်။

ကိုထွန်းစိန်သည် သေနတ်ထည့်သော သေတ္တာများကို ဖယ်ရှားကာ ထိုင်ရာမှ ထ,လာခဲ့ပြီးနောက်... နံဧက်ဝေလီဝေလင်း၏ သာယာသော ရာသီဥတုကို ငေးမောကြည့်ရှုလျက် ရှိ၏။

မော်တော်ဘုတ်သည် ကဏန်းလက်မကဲ့သို့ ရှိနေသော ကျွန်းဆွယ်ကလေး ၂ ခုစပ်ကြား၌ ကောင်းစွာဆိုက်ပြီး ဖြစ်လေသည်။ ထိုအချိန်၌ တစ်ဖက်သော ကျွန်းဆွယ်ကလေးပေါ်ရှိ ကိုင်းပင်များကြားမှ ဝမ်းဘဲတစ်အုပ်သည် ကောင်းကင်သို့ လန့်၍ပျံသွားလေရာ ကိုထွန်းစိန်ကပင် စကားဆက်၍–

"ကြည့်စမ်းဗျို့ ကိုချင်တင်... ကိုင်းပင်တွေထဲက ဝမ်းဘဲအုပ်ကြီး ပျံသွားတာ... ဒီနေရာပတ်ပတ်လည်မှာတောင် အတော်ပေါတာပဲဗျ။ ကျုပ်တို့ ကော်ဖီတစ်ခွက်စီသောက်ပြီး ထွက်ကြမယ်... ကျုပ်တို့ အချိန်များများရအောင် ဘယ်လိုလုပ်ကြမလဲ..."

မော်တော်ဘုတ် ထွက်စမှစ၍ နှုတ်ဆိတ်ခဲ့သော ကိုချစ်တင်သည် ထိုအခါမှ ပထမစ၍ စကားပြောလေ၏။

(ချစ်) "အချိန်လား... ရှိပါတယ်ဗျာ။ ကျုပ်တို့နှစ်ယောက်အနက်က တစ်ယောက်အတွက် အချိန်အများကြီး ရှိတာပေါ့..."

ထိုစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက်... ကိုထွန်းစိန်သည် ဖျတ်ခနဲ ဖြစ်၍သွား၏။ လျှော့ရဲနေသည့် အကြောအခြင်များသည် ရုတ်ချည်း တင်းမာ၍သွားသကဲ့သို့ ထင်ရ၏။ ပဲ့ပိုင်းတွင် ငြိမ်သက်အေးချမ်းစွာ လိုက်ပါလာသော သူတစ်ယောက်အတွက် ကိုချစ်တင် ပြောလိုက်သော စကားများသည် ပြင်းထန်သောအရှိန်ဖြင့် သူ၏ရင်ဝကို ဝင်၍ဆောင့်သကဲ့သို့ ထင်ရ၏။

(စိန်) "နေပါဦးဗျ။ ခင်ဗျားပြောတဲ့ နှစ်ယောက်အနက်...တစ်ယောက် ဆိုတဲ့စကားက ဘာကိုဆိုလိုတာလဲ... ဘာအဓိပ္ပာယ်လဲ..."

ကိုချစ်တင်သည် ကိုထွန်းစိန်၏အမေးကို တစ်စုံတစ်ရာ ပြန်၍ အဖြေမပေးဘဲ သော့တွဲကို ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်၏။ သူသည် မော်တော်ဘုတ်ပေါ်မှဆင်းကာ ဦးပိုင်းမှကြိုးကို ဆွဲယူ၍ နွံစပ်မြေမာပေါ်၌ စိုက်ထူထားသောငုတ်တွင် ကြိုးကို မြဲအောင်ချည်လေသည်။ ထို့နောက် သေနတ်သေတ္တာများကို သူကိုယ်တိုင် ထမ်း၍ချသွားပြီးလျှင် ကိုင်းတောကလေးအခြားဘက်ရှိ များစွာမဝေးလှသော 'တဲအိမ်ငယ်'ရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလေ၏။ သူ၏အပြုအမူများမှာ မော်တော်ဘုတ် မဆိုက်သေးမီကပင် စိတ်ထဲ၌ကြိုတင်ပြင်ထားသကဲ့သို့ တိကျလှ၏။

မော်တော်ဘုတ်ဆိုက်ကပ်ရာ ကမ်းခြေနှင့် တစ်ဖာလုံခန့်အကွာ၌ သစ်လုံးများ ကာရန်ကာ... အကြမ်းဆောက်လုပ်ထားသော သွပ်မိုးတဲငယ်ကလေး တစ်ခု ရှိ၏။ အတွင်း၌ သစ်သားကုတင်တစ်လုံး ကုလားထိုင်အကြမ်း ၄ လုံး စားပွဲငယ်တစ်လုံးနှင့် ချက်ပြုတ်ရန် မီးဖိုကလေး ရှိလေသည်။ ၎င်းမှာ လွန်ခဲ့သော ၃-နှစ်ခန့်ကပင် ကိုချစ်တင် ဆောက်လုပ်ထားခဲ့သော တဲငယ်ကလေး ဖြစ်လေသည်။

ထိုအချိန်တွင် လင်းရောင်ခြည်များ ပေါ်ထွက်လာပြီဖြစ်သော်လည်း နှင်းများဝေလျက်ပင် ရှိသေး၏။ ယင်းကဲ့သို့ လျှောက်သွားသည်ကို ကိုထွန်းစိန်သည် နောက်မှနေ၍ကြည့်ရင်း ငေးမောကျန်ရစ်ခဲ့လေသည်။ ကြည်နူးဖွယ်ကောင်းသော ကျွန်းကလေး၏ ရာသီဥတုကိုလည်းကောင်း၊ ပတ်ဝန်းကျင်၏ ဆိတ်ငြိမ်သာယာမှုကိုလည်းကောင်း ထိုထွန်းစိန် သတိပြုမိ၏။ ပင်လယ်ဘက်မှ တိုက်ခတ်လာသည့်လေသံနှင့် ကမ်းခြေသို့ လှိုင်းလုံးရိုက်ခတ်သံများကိုသာ နားတွင် ကြားနေရ၏။ ထိုအတွင်း ကိုထွန်းစိန်သည် ယမန်နေ့က ကိုချစ်တင်၏ ဇနီးချောကလေး မသိန်းနွယ်က ဖုန်းဖြင့် သတိပေးလိုက်သော စကားများကို ကြားယောင်လျက် ရှိလေသည်။

→ → →

"ဟဲလို... ကိုထွန်းစိန်... ကိုထွန်းစိန်လား..."
"ဟုတ်ပါတယ်... ဘယ်သူလဲ..."

"ကျွန်မအသံတောင် မကျက်မိတော့ဘူးလား… နွယ်လေ၊ အို… ကျွန်မ ပြောစရာရှိလို့ ကိုထွန်းစိန်ရဲ့"

"ပြောစရာရှိ ပြောလေ…"

"အနားမှာ ဘယ်သူရှိလဲ…"

"ဘယ်သူမှ မရှိပါဘူး…"

"မင်းစေကောင်လေးကော…"

"မရှိပါဘူး နွယ်ရဲ့။ ရုံးခန်းအပြင်မှာ ထိုင်နေတယ်။ အဝေးကြီးပါ…"

"ဒီမှာလေ… ဒီမှာ…"

မသိန်းနွယ်၏အသံမှာ နိမ့်၍ ယခင်အခါများကနှင့်မတူ တုန်တုန်ရီရီ ရှိလှသည်။

"ဒီမှာလေ… ကိုချစ်တင်က ပြောတယ်။ နက်ဖြန် တနင်္ဂနွေနေ့ မဟုတ်လား… ရှင်တို့ အရင်သွားနေကျ ကျွန်းကလေးကို တောဘဲပစ်ရအောင် နက်ဖြန် ရှင့်ကို ခေါ်သွားမယ်တဲ့…"

"အဲလေ… ဘာဖြစ်လဲ…"

"အို… ကိုထွန်းစိန်ကလဲ သိပ်ခက်တာပဲ။ ဟို…ဟို…"

"ပြောလေ မသိန်းနွယ်။ ကိုထွန်းစိန် နားထောင်နေပါတယ်"

"အဲဒီကို ရှင်မလိုက်ပါနဲ့ ကိုထွန်းစိန်။ ဘယ်နည်းနဲ့မှ သူခေါ်တာ မလိုက်ပါနဲ့နော်။ ရှင် တစ်ခုခုကိစ္စရှိလို့ မလိုက်နိုင်ဘူးလို့ ပြောလိုက်။ ရှင် ဖျားလို့ လို့ ပြောလိုက် ဟုတ်လား။ ဘာပဲဖြစ်ဖြစ် ရှင် ကြံဖန်ပြောလိုက်ရှင်"

"ဒီမှာ မသိန်းနွယ်…"

ကိုထွန်းစိန်သည် မသိန်းနွယ်၏မျက်နှာကလေးကိုပင် မြင်ယောင်လာမိ၏။ ဖြောင့်စင်းညီညွတ်သော ငါးရံ့ကိုယ်နှင့် အမြဲပြုံးရွှင်လျက်ရှိသော မျက်လုံးကြီးများကိုလည်းကောင်း၊ နီမြန်းပါးလျပ်သော နှုတ်ခမ်းကလေးကိုလည်းကောင်း၊ တယ်လီဖုန်းကြိုး၏ အခြားတစ်ဖက်စွန်းပေါ်တွင် ပေါ်လွင်လျက်ရှိ၏။ လွန်ခဲ့သော ၂ နှစ်ခန့်က သူသည် မိမိတို့နှစ်ယောက်အနက်၊ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်တောင့်တင်းသော ကိုချစ်တင်ကို ရွေးချယ်ခဲ့၏။ ၎င်းအတွက် ကိုထွန်းစိန်သည် တစ်ခါက အတော်ပင် စိတ်နာခဲ့ဖူး၏။ ယခုသော် စိတ်ပြေခဲ့လေပြီ။

http://www.cherrythitsar.org

"ဒီမှာ မသိန်းနွယ်...အဲဒီလို ကိုချစ်တင် ခရီးထွက်တာ ကောင်းတယ်။ သူ ကောင်းကောင်းနေမကောင်းဘူး မဟုတ်လား။ မကြာခဏ ခရီးထွက်တော့ ပင်ပန်းတာပေါ့။ ကျွန်းပေါ်မှာ တောဘဲပစ်ရင်း နှစ်ယောက်တည်းဆိုတော့ သူ အနားယူဖို့အကြောင်း ကျုပ် ပြောမလို့။ ပြီးတော့..."

(စကားမဆုံးမီ) "အို... အရေးထဲ ဘာတွေပြောနေပါလိမ့်မလဲ။ ဟော... သူ့ပြောနေရတာနဲ့ ကိုချစ်တင် ပြန်တောင်လာပြီ။ ဘယ်နည်းနဲ့မှ သူနဲ့ မသွားပါနဲ့နော်–နော်–နော်"

တယ်လီဖုန်းမှ အသံမှာ ရုတ်တရက် ပြတ်သွားလေသည်။

ယင်းကဲ့သို့ သတိပေးလျက်နှင့်ပင် ကိုထွန်းစိန်သည် ကိုချစ်တင်နှင့် အတူ လူမနေသော ကျွန်းကလေးသို့ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

အရှေ့ဘက်မှ တဖြည်းဖြည်း လင်း၍လာပြီဖြစ်ရာ ကြယ်ရောင်များ သည်လည်း မှေးမှိန်၍ သွားတော့၏။ ကျွန်းကလေး အခြေအနေမှာ ယခင် သူတစ်ခေါက်ရောက်စဉ်အတိုင်း တစ်စုံတစ်ရာ မပြောင်းလဲချေ။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ကိုချစ်တင်နှင့်အတူတစ်ကြိမ်ရောက်ခဲ့ဘူး၏။ ထိုအခါ ကိုချစ်တင်သည် ကိုထွန်းစိန်အား ကျွန်းကလေးကို နံ့စပ်အောင် လိုက်လံပြသ၏။ အမဲလိုက်ခြင်းနှင့် ကစားခုန်စား ဝါသနာပါသူတိုင်း ရှိအပ်သော စိတ်နေ စိတ်ထားကို ပြောပြ၏။ အမဲပစ်သမားများသဘောထား ကြီးမားပုံ၊ ငှက်များ ကိုပင် ချောင်းမြောင်း၍ အလစ်၌ မပစ်ဘဲ ပျံသန်းရန် အခွင့်အရေး ပေးသင့် သလောက်ပေးပြီးမှသာ တိုက်ခိုက်ရပုံစသည်တို့ကို ပြောပြ၏။ တောဘဲများအား မည်ကဲ့သို့ ပစ်ရမည့်အကြောင်းကိုလည်း သင်ကြားပေးလေရာ ကိုထွန်းစိန်မှာ ကိုချစ်တင်ကဲ့သို့ပင် အပစ်အခတ်၌ ကျင်လည်၍လာခဲ့၏။

အစ်ကို၏ ဆုံးမစကားကို နားထောင်သော ညီငယ် တစ်ယောက်ကဲ့သို့ ကိုထွန်းစိန်သည် ကိုချစ်တင်၏ စကားများကို နာယူကာ အစ်ကိုရင်းတစ် ယောက်ကဲ့သို့ ချစ်ခင်လေးစားခဲ့လေသည်။

ထိုသည့်အချိန်မှ အစပြု၍ ယခုတိုင် သူတို့နှစ်ယောက်သည် ဘောကန် ရာတွင် ရှေ့သွားနောက်လိုက် တွဲမိသကဲ့သို့ အမဲပစ်ရာ၌လည်း လွန်စွာမှ ဘက်ညီလှပေ၏။

ထိုနောက် လွန်ခဲ့သော ၂ နှစ်ခန့်လောက်ကမှ ကိုချစ်တင်သည် မသိန်းနွဲ့အား လက်ထပ်လိုက်လေရာ ထိုအခါမှစ၍ သူငယ်ချင်းနှစ်ယောက်တို့မှာ ခပ်တန်းတန်းဖြစ်၍ လာခဲ့လေသည်။ ကိုထွန်းစိန်သည် ကိုချစ်တင်ဇနီးမောင်နှံတို့အား တတ်နိုင်သမျှ ရှောင်ရှားခဲ့ရာ ယင်ကဲ့သို့ ရှောင်ရှားခြင်းမှာ သိုတို့အား မနာလိုဝင်တို၍ မဟုတ်။ မသိန်းနွဲ့၏ မျက်နှာကို မြင်ရလျှင် မိမိအသည်းကို ထိခိုက်လှသောကြောင့် ဖြစ်လေသည်။ မိမိချစ်သူသည် သူတစ်ပါးလက်သို့ ရောက်သွားရသည်ကို ရင်ထုမနာ ဖြစ်မိသည်။ သို့သော် အချိန်သည် အချစ်၏ဝေဒနာကို ကုစားနိုင်သည့်အတိုင်း ရက်လ အတော်ကြာသောအခါမှာ သက်သာရာရခဲ့၏။

လွန်ခဲ့သည့် ၃–၄ လခန့်ကမှ ကိုထွန်းစိန်သည် ကိုချစ်တင်ဇနီးမောင်နှံတို့နှင့် မကြာခဏတွေ့ဆုံခဲ့မိ၏။ ကိုချစ်တင်မှာ မော်လမြိုင်ဘက်သို့ မကြာခဏ ခရီးထွက်ရသဖြင့် မသိန်းနွယ်နှင့် တစ်ကြိမ်နှစ်ကြိမ် စကားပြောခွင့်ရခဲ့၏။

ကိုထွန်းစိန်သည် ယမန်နေ့က မသိန်းနွယ်ပြောလိုက်သော စကားများကို ပြန်ပြောင်းစဉ်းစားရင်း အတွေးနယ်ချဲ့လျက်ရှိရာ တဲအိမ်ကလေးဆီမှ မီးရောင်တစ်ခုကို ရုတ်တရက်မြင်လိုက်မှ ပြန်၍ သတိရလာလေသည်။

→ → →

ကိုချစ်တင်သည် ကော်ဖီများ ဖျော်၍နေပေလိမ့်မည်ဟု ကိုထွန်းစိန် တွေးမိ၏။ သို့သော် သူ တွေးထင်သည့်အတိုင်း မဟုတ်ချေ။

ကိုချစ်တင်သည် ဆီစိမ်ရွက်ဖျင်ကြမ်း ခင်းထားသော စားပွဲရှိ သစ်သားကုလားထိုင်ပေါ်တွင် ထိုင်ကာ နှစ်လုံးပြူးပြောင်းတိုသေနတ်ကို စားပွဲပေါ်၌ အသင့်ချထား၏။ နေပူခံဖော့ဦးထုပ်သည် ရှေ့သို့ ငိုက်စိုက်ကျကာ သူ၏ မျက်နှာအထက်ပိုင်းကို ဖုံးကွယ်လှမတတ် ရှိလေသည်။ စားပွဲတင် ရေနံဆီမှန်အိမ်မှ အလင်းရောင်ဖြာလျက်ရှိရာ စားပွဲ၏အလယ်တွင် ယမ်းတောင့် ၅ တောင့် တင်ထား၏။

တဲအတွင်းသို့ ကိုထွန်းစိန် ဝင်လာသောအခါ သူသည် ကိုထွန်းစိန်အား မျက်နှာချင်းဆိုင်ကုလားထိုင်ကို မေးငေါ့၍ 'ထိုင်လေ'ဟု သံပြတ်နှင့် ပြောလိုက်လေသည်။

ကိုထွန်းစိန်သည် ပထမ အံ့အားသင့်၍သွားသော်လည်း ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။ တဲကလေးအတွင်းမှာ ပင်လယ်ပြင်မှ တိုက်ခတ်လျက်ရှိသော လေကြောင့် အတော်ပင် အေးလျက်ရှိ၏။ စကားပြောလိုက်သော အခါများ၌ ပြောသူ၏ပါးစပ်မှာ အငွေ့များထွက်လာသည်ကိုပင် မြင်နိုင်၏။

စိန်။ "နေပါဦး ကိုချစ်တင်... ခင်ဗျား အခု ဘာဖြစ်တာလဲ... ခင်ဗျားစိတ်ထဲမှာ ဘာများဖြစ်နေသလဲ"

(ကိုချစ်တင်က မော်၍မကြည့်ဘဲ)

"ကျုပ်စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ခင်ဗျား သိတာပေါ့"

ကိုထွန်းစိန်သည် သူ၏လက်များကို စားပွဲပေါ်မှ ပြန်၍မရုပ်သေးဘဲ တင်မြဲ တင်ထား၏။ ကိုချစ်တင်လောက် ကိုယ်လုံးကိုယ်ဖန် မကြီးမားသော်လည်း အရပ်မြင့်၍ ကျစ်လျစ်သိပ်သည်းသော ကိုယ်လုံးကိုယ်ပေါက်ရှိပြီးလျှင် လျင်မြန်ဖျတ်လတ်သော အမူအရာလည်း ရှိသူတစ်ယောက် ဖြစ်လေသည်။

စိန်။ "ခင်ဗျား အခုတလော စိတ်ဟာ တစ်မျိုးဖြစ်နေတယ်လို့ မသိန်းနွယ်က ပြောတယ်... နို့ပေမယ့် ကျုပ်ကတော့ မယုံပါဘူး"

ချစ်။ "ကျုပ် သိတယ်လို့ ခင်ဗျား မထင်ဘူးနော်"

စိန်။ "ဘာများ ထင်စရာလိုလို့လဲ ကိုချစ်တင်"

ချစ်။ "ခင်ဗျား သူ့ကို ချစ်နေတယ်... ဟုတ်တယ်မဟုတ်လား"

ထိုစကားမှာ မေးခွန်း မဟုတ်ချေ။ မှန်ကန်ကြောင်း အတိအကျ ဖော်ပြသော စကား ဖြစ်လေသည်။

မိနစ်ဝက်ခန့်မျှ ကိုထွန်းစိန်သည် ကြောင်၍ ကြည့်နေမိ၏။

စိန်။ "မသိန်းနွယ်ဟာ ခင်ဗျားမိန်းမဗျ... ကိုချစ်တင် သူ ခင်ဗျားကို ချစ်တယ်"

ချစ်။ (လက်သီးကိုဆုပ်လျက်) "အဲဒါက ကျုပ်ကို ခင်ဗျားက ထင်စေချင်တာ မဟုတ်လား။ ဟား...ဟား...ဟား"

စိန်။ "နားထောင် ကိုချစ်တင် သူသာ ခင်ဗျားကိုမချစ်ရင် အဲဒါကို ကျုပ် အခွင့်အရေးယူမှာပေါ့။ အခုတော့..."

"အခုတော့ မယူဘူးလား"

(အတန်ငယ် ဒေါသထွက်လာလျက်” “ကျုပ် မယူဘူးဆိုတာ ခင်ဗျား သိတယ် မဟုတ်လား”

“အခုရက်အတွင်း ခင်ဗျားနဲ့ သိန်းနွယ်နဲ့ မကြာမကြာ တွေ့တယ် မဟုတ်လား”

“ခင်ဗျားကိုရော သူ့ကိုရော နှစ်ယောက်စလုံး တွေ့တာပဲ”

“လွန်ခဲ့တဲ့ တနင်္လာနေ့ညကလေ”

“တနင်္လာနေ့… ဟုတ်စ… သဟာယကလပ်က ထမင်းစားဖိတ်လို့ သွားတယ်လေ… အဲဒါ ဘာဖြစ်လဲ”

“ခင်ဗျား သူ့ကို သန်းခေါင်ကျော် ပြန်ခေါ်လာတယ် မဟုတ်လား”

“တစ်ယောက်တည်းမို့ ကျုပ်က ကားနဲ့ပြန်ခေါ်လာတာ ဘာဖြစ်လဲ”

“ဟုတ်ပါတယ်… အဲဒီတော့ ကျုပ်က အိမ်ရောက်နေပါပြီ။ သိန်းနွယ်ဟာ ၂ နာရီထိုးမှ အိမ်ပြန်ရောက်တယ်။ ဒီတော့ ဘာကြောင့်လဲဆိုတာ ကျုပ် စုံစမ်းရတာပေါ့။ သဟာယကလပ်က ခင်ဗျားတို့ ၁၂ နာရီမှာ ထွက်သွားတယ်ဆိုတာ ကျုပ် သိရတယ်”

ကိုထွန်းစိန်သည် ကုလားထိုင်နောက်မှီကို မီကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

“ဒီမှာ ကိုချစ်တင်… ခင်ဗျားဟာ သိပ်ကလေးဆန်တာပဲဗျာ။ ဓာတ်ဆီ တိုင်မရောက်ခင် တစ်မိုင်လောက်မှာ ဘီးပေါက်သွားတယ်ဗျ… ထောက်စရာ ဂျိုက်လည်းမပါ လူမှာဖြင့် ချွေးတလုံးလုံးနဲ့ ဘီးကို လဲလိုက်ရတာ ဒီအကြောင်း တွေ မသိန်းနွယ်က မပြောဘူးလား”

“ပြောတယ်လေ… ဒီဟာ ထားလိုက်ပါဦး။ ဗုဒ္ဓဟူးနေ့ကကော ညနေ ၅ နာရီခွဲ ခင်ဗျား ဘယ်မှာလဲ”

“ဗုဒ္ဓဟူးနေ့ ဟုတ်လား”

“ခင်ဗျား ကျုပ်ကို လှည့်မယ်မကြံနဲ့ ကိုထွန်းစိန်… ကျုပ်ကို သတင်း ပေးတဲ့လူက ကောင်းကောင်းယုံကြည်စိတ်ချရတယ်”

ထိုအခါမှ ကိုထွန်းစိန် သတိရမိ၏။

“ဗုဒ္ဓဟူးနေ့တုန်းက ဘုရားကအပြန် မသိန်းနွယ်နဲ့တွေ့ပြီး ကရင် ဆော်ဒါတစ်ခွက်စီ ဝင်သောက်ကြတယ်။ ဒါလည်း သူကခေါ်လွန်းလို့ပါ”

http://www.cherrythitsar.org

"ဒါကတော့ ဖြစ်ရမပေါ့"

"ကောင်းပြီ ကိုချစ်တင်... ခင်ဗျား ဒီလောက်တောင် သိနေရင် ကျန်တာတွေအားလုံး ခင်ဗျားသိတာပေါ့။ ခင်ဗျားမိန်းမက ကျုပ်ကိုခေါ်တာက တခြားမဟုတ်ဘူးဆရာ ကျုပ်တို့ စကားပြောချင်လို့။ ခင်ဗျားအကြောင်း ပြောချင်လို့ပဲ။ ခင်ဗျားအတွက် သူဟာ အင်မတန် ကြောက်ကျစိုးရိမ်ရှာတယ်"

ကိုချစ်တင်သည် စားပွဲပေါ်၌တင်၍ထားသော ပြောင်းတိုသေနတ်ကိုသာ စိုက်၍ကြည့်ရှုလျက် ရှိ၏။ စကားတစ်ခွန်းမျှ ပြန်၍မပြောချေ။

ကိုထွန်းစိန်က စားပွဲအစွန်းကို လက်ထောက်ပြီးလျှင် ခါးကိုညွှတ်ကာ...

"ခင်ဗျားဟာ အခုတလော အလုပ်များပြီး အင်မတန် ပင်ပန်းနေတယ် မဟုတ်လား။ တော်တော်ကြာ မော်လမြိုင် သွားလိုက်ရ၊ တော်တော်ကြာ ရန်ကုန် ပြေးလိုက်ရ ပုလဲငုတ်တဲ့ဆီ အင်စပက်ရှင်း သွားရနဲ့ ခင်ဗျားအတွက် အင်မတန် စိုးရိမ်တယ်တဲ့။ ပြီးတော့... အခုတလော ခင်ဗျားက အကြောင်းမဲ့ သက်သက် စိတ်မချမ်းသာမှုတွေ၊ သံသယဖြစ်မှုတွေရှိနေတဲ့ရှိနေတဲ့အကြောင်း လည်း ပြောတယ်။ သက်သာမကင်းဖြစ်နေတဲ့ အဓိကမဏ္ဍိုင်ကတော့ တခြား မဟုတ်ဘူး ကျုပ်ပဲ..."

ကိုချစ်တင်သည် တစ်စုံတစ်ရာ ပြန်၍မပြောချေ။ သူ၏ပါးစပ်မှာ ပျော့ပြောင်းလျော့ရဲခြင်းမရှိ ခပ်စေ့စေ့ရှိနေလျက် အာရုံတစ်ခုတည်းကိုသာ စူးစိုက်နေသည့် ကမ္မဋ္ဌာန်းထိုင်သော သူတစ်ယောက်ကဲ့သို့ မလှုပ်မယှက် ရှိနေ၏။ သူ၏သံသယကို ရှင်းလင်းပယ်ဖျောက်ရန် မတတ်နိုင်ဘိသကဲ့သို့ ရှိနေ၏။ သို့နှင့် တစ်ဖန် ကြိုးစားပြန်လေသည်။

စိန်။ "ဒီမှာ ကိုချင်တင်... ခင်ဗျား ဒေါက်တာသိန်းမောင်ကို သွား ကြည့်ဖို့ကောင်းတယ်ဗျ။ ဒီဟာမျိုးဟာ စိတ်ညစ်မယ်၊ အလုပ်များမယ်ဆိုရင် ဖြစ်တတ်တယ်။ ကိုယ့်စိတ်ထဲမှာ အလိုလိုစိတ်တိုပြီး မဟုတ်တာတွေ ထင်မြင် လာတတ်တယ်။ တခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်ချင်လည်း ဖြစ်မှာပေါ့ ဗျာ...။ မသိန်းနွယ်ပြောတာ မှန်တယ်။ ခင်ဗျားစိတ်ဟာ အရင်ကလို တည်ငြိမ် ခြင်းမရှိဘူး ဖြစ်နေတယ်။ ခင်ဗျာ့ ကြည့်ပါလားဗျာ... လွန်ခဲ့တဲ့ ဒုတိယကမ္ဘာ စစ်ကြီးတုန်းက နေ့ရောညရော မနေမနားတိုက်နေတဲ့ စစ်ဗိုလ်ချုပ်တချို့ဟာ ဘာမှမဖြစ်ဘဲ အလုပ်ပင်ပန်းတာနဲ့ စိတ္တဇရောဂါဖြစ်ပြီး..."

(စကားမဆုံးမီ ဖြတ်၍) “တော်စမ်းပါဗျာ… ဒီလိုစကားမျိုးတွေနဲ့ ကျုပ်ကို သွေးဆောင်လို့မရဘူး ကိုထွန်းစိန်။ ကျုပ်တို့ အခု ဤကွန်းကိုလာခဲ့တာ နှစ်ယောက် မဟုတ်လား။ အဲဒီနှစ်ယောက်အနက်က တစ်ယောက်သာ ပြန်ရမယ်ဗျ။ ဒီအကြောင်း ကျုပ် နက်နက်နဲနဲ စဉ်းစားပြီးပြီ… ကျုပ် အသက်ရှင်နေသမျှ သိန်းနှယ်ကို ဘယ်တော့မှ မကွာဘူး။ ဒီတော့ ခင်ဗျား ဘယ်တော့မှ မရဘူး မှတ်ထား။ ပြီးတော့… ခင်ဗျားရှိနေသမျှလည်း သိန်းနှယ်ရဲ့အချစ်ကို ကျုပ် ဘယ်တော့မှ ပိုင်ပိုင်နိုင်နိုင် မရဘူးဆိုတာလည်း ကျုပ် သိတယ်။ အဲဒီတော့ ကျုပ်တို့နှစ်ယောက်အနက် တစ်ယောက်ယောက် သေမှပဲ ကိစ္စအေးမယ်”

ကိုထွန်းစိန်သည် နေရာမှ ရုတ်တရက်ထလျက်…

“ခင်ဗျား ရူးနေပြီထင်တယ် ကိုချစ်တင်… ပြန်မယ်ဗျာ ကျုပ် ပြန်တော့မယ်…”

“ဘယ်လိုပြန်မှာလဲ… ခင်ဗျား ရေကူးပြီးပြန်မှာလား… မော်တော်ဘုတ်သော့က ကျုပ်ဆီမှာဗျ”

ပြောပြောဆိုဆိုနှင့် ကိုချစ်တင်သည် စားပွဲပေါ်၌တင်ထားသော နှစ်လုံးပြူးသေနတ်ပြောင်းဝကို ကိုထွန်းစိန်ဘက်သို့လှည့်၍ ထားလိုက်လေ၏။ ထိုနောက် ဆက်လက်၍…

“ဒီမှာ ကျုပ်က အိမ်သည် မဟုတ်လား… နို့ပေမယ့် ဘာဖြစ်ဖြစ် ကျုပ်က တရားမျှတမှု ကြိုက်တဲ့လူ။ ဟောဒီမှာ ခင်ဗျားသေနတ်အတွက် ကျည်ဆံ… ကျုပ်မှာရှိတာလဲ ဒီအတိုင်းပဲ။ မပိုလည်း မပိုဘူး၊ မလျော့လည်း မလျော့ဘူး။ အားလုံး နံပါတ် ၂ ချည်းဘဲ။ စရိုပ်ပေမယ့် ကိုက် ၅၀ အကွာမှာရှိတဲ့ ဘဲငန်းတစ်ကောင်ကို ကျအောင်ပစ်နိုင်တယ်… နို့ပေမယ့် ဒီလောက်အဝေးမှာ လူကိုပစ်လို့တော့ မသေဘူးပေါ့။ လူကိုသေနိုင်တဲ့ အကွာအဝေးကတော့ ၁၅ ကိုက်အတွင်းမှာ ဖြစ်ရမယ်… ဒီလိုပေါ့”

ကိုချစ်တင်သည် ပြောင်းဝကို ကိုထွန်းစိန်နှင့် အတန်ငယ်လွှဲလိုက်ပြီးလျှင် မောင်းကို ဖြုတ်လိုက်ရာ လက်ယာဘက်ပြောင်းမှ မီးပွင့်ကာ ‘ဒိုင်း’ခနဲ ကျည်ဆံထွက်သွားပြီးနောက် တဲငယ်နံရံရှိ သစ်လုံးတစ်လုံးတွင် ၁ လက်မခန့် အပေါက်ဖြစ်၍ သွားလေ၏။ ကျွန်းကလေးတစ်ခုလုံး ပဲ့တင်သံ ဟိန်း၍သွားလေသည်။

ချစ်။ "အခုတစ်တောင့် ပစ်လိုက်တော့ ကျုပ်မှာ ယမ်းတောင့် ၄ တောင့်ပဲ ကျန်တော့တယ်။ ခင်ဗျားမှာ ၅ တောင့်"

ယမ်းငွေ့များသည် ကိုထွန်းစိန်နှာခေါင်းအတွင်းသို့ တိုးဝင်သွားလေ၏။

စိန်။ "ဘယ့်နှယ့်လုပ်လိုက်တာလဲ ကိုချစ်တင်။ ကျုပ် ပြောပါဦးမယ် ဗျာ... တကယ်ဆိုတော့..."

စကားမဆုံးမီ ကိုချစ်တင်သည် နေရာမှ ထလိုက်ပြီးနောက်...

"ကျွန်းရဲ့ မြောက်ဘက်စွန်းကို ကျုပ်က သွားမယ်... နေထွက်လာလို့ အလင်းရောင်ကောင်းကောင်း ရတာနဲ့တစ်ပြိုင်နက် ကျုပ် သေနတ်တစ်ချက် ဖောက်လိုက်မယ်။ အဲဒီလိုဖောက်လိုက်တာဟာ ခင်ဗျားကို ပစ်ရအောင် ကျုပ် လာပြီဆိုတဲ့ အထိမ်းအမှတ်ပဲ။ ခင်ဗျားကို ကျုပ်က မိအောင်ပစ်နိုင်လို့ ခင်ဗျား သေသွားရင် မတော်တဆ ဖြစ်ရတာပါလို့ ပြောရုံဘဲ။ ခင်ဗျားက ကျုပ်ကို မှန်အောင်ပစ်နိုင်လို့ ကျုပ်သေသွားရင်လည်း ခင်ဗျားက ဒီအတိုင်း ပြောပေတော့ ကျုပ် တစ်ခု သတိပေးလိုက်မယ်နော်... ဒီသစ်လုံးအိမ်ကလေးထဲမှာတော့ လုံလုံပြီထင်ပြီး အောင်းမနေနဲ့။ မီးနဲ့ရှို့ဖို့ ကျုပ် ဝါသနာမပါဘူး။ နို့ပေမယ့် မတတ်သာရင် ကျုပ် ရှို့ရလိမ့်မယ်"

စိန်။ "နေပါဦး ကိုချစ်တင်... ခင်ဗျား ဒီလောက်ရူးနေရင်လည်း အခုတစ်ခါတည်း ကျုပ်ကို ပစ်ချလိုက်ပါတော့လားဗျ"

တင်။ "မဟုတ်တာဗျာ။ လူတစ်ယောက်လုံးကို မပြောနဲ့ သားကောင် ကိုတောင် ထွက်ပြေးနိုင်ဖို့ အခွင့်အရေးမပေးဘဲ ကျုပ် တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မပစ်ဖူးဘူး... ခင်ဗျားကိုမှ ကျုပ်ကို အခွင့်အရေးမပေးဘဲနဲ့ ပစ်ရ မှာလား"

ကိုချစ်တင်သည် တံခါးကို တွန်း၍ဖွင့်လိုက်၏။ ထို့နောက် ကိုထွန်းစိန် ၏မျက်နှာကို တစ်ခဏမျှ စူးစိုက်ကြည့်နေပြီးလျှင် ရှောင်းခနဲ ပိတ်လိုက်လေ သည်။

စိန်။ "ဒီမှာ... ခဏနေပါဦး ကိုချစ်တင်..."

ကိုထွန်းစိန် ပြောလိုက်သော စကားများမှာ အချည်းနှီးပင် ဖြစ်တော့၏။ တံခါးကိုဖွင့်လိုက်သောအခါ ကိုချစ်တင် မရှိတော့ချေ။ အေးမြသော လေပြည်

သာလျှင် ကိုထွန်းစိန်၏မျက်နှာကို ဆီးကြိုနှုတ်ဆက်လေရာ ထိုအချိန်၌ကား လင်းရောင်ပြေးလျက် ရှိနေလေပြီ။

➙ ➙ ➙

ကိုထွန်းစိန်သည် တံခါးကိုပိတ်ကာ တဲအတွင်းသို့ ပြန်၍ဝင်ခဲ့လေ၏။ သူ၏ပါးစပ်မှာ တံတွေး မရှိတော့သကဲ့သို့ ခြောက်ကပ်လျက် သူ၏ရင်ဘတ်တွင်လည်း သံပြား စည်းနှောင်ထားသကဲ့သို့ တင်းကြပ်ကာ အသက်ရှူပင် ကြပ်နေသကဲ့သို့ ထင်မိ၏။ ဦးနှောက်မှာ ကြည်လင်ခြင်းမရှိ ရှုပ်ထွေးလျက် ထမင်းလုံးတစ္ဆေ ခြောက်ခြင်းကို ခံရသကဲ့သို့ ကိုယ်လက်လှုပ်ရှားရာတွင် တုန်တုန်ချိချိ ရှိနေလေသည်။

ကိုချစ်တင်ကား လူထူးလူဆန်းတစ်ယောက်ဖြစ်ရာ သူ၏စိတ်မှာ ပြင်းထန်သော မြွေဆိပ်နှင့်တူသည့် မသက်သာစိတ်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိလေသည်။

ထိုအကြောင်းများကို မသိန်းနွယ် သိ၏။ ထို့ကြောင့်လည်း ကိုထွန်းစိန်အား ကြိုတင်သတိပေးခဲ့ရာ သူသည် မသိန်းနွယ် သတိပေးချက်ကို ဂရုမမူဘဲ ကိုချစ်တင်ခေါ်ရာသို့ လိုက်ပါလာခဲ့ခြင်း ဖြစ်လေသည်။

"အချိန်ရှိတုန်း ငါ မြန်မြန်လုပ်မှ တော်မယ်။ အခုလိုအေးနေလို့ မဖြစ်ဘူး"ဟု စိတ်ကူးဉာဏ်တစ်ခု ခေါင်းထဲသို့ ဝင်လာ၏။ သို့နှင့်ပင် သူသည် ရပ်မြဲရပ်လျက် ရှိလေသည်။ အကြောအခြင်များဆိုင်းကာ တစ်ကိုယ်လုံးကို ကြိုးဖြင့် တုပ်ထားသကဲ့သို့ ရှိလေ၏။ တဒိတ်ဒိတ် ရင်ခုန်သံကိုပင် နားမှ ကြားရ၏။

နည်းလမ်း နှစ်လမ်းသာ ရှိ၏။ နိုင်အောင်သော်လည်း တိုက်ရမည်။ ထွက်ပြေးသော်လည်း ပြေးရမည်။ သို့သော် မည်သို့ ပြေးအံ့နည်း။ မဖြစ်နိုင်ချေ။ ကိုချစ်တင်သည် မော်တော်ဘုတ်ကို သော့ခတ်ထားခဲ့ပြီးလျှင် သော့ကိုပါ အိတ်ထဲသို့ ထည့်၍ယူသွား၏။ လေသည်လည်း ကမ်းဘက်သို့ အတော် ပြင်းထန်စွာ တိုက်လျက်ရှိလေသည်။

သူသည် သစ်လုံးများ ကာရံထားသော အိမ်ကလေးအတွင်းသို့ ကြည့်ရှုကာ တွေဝေစဉ်းစား၍ နေမိ၏။

http://www.cherrythitsar.org

တဲငယ် သို့မဟုတ် သစ်လုံးအိမ်ကလေးမှာ အတွင်း၌ ၁၁ ပေပတ်လည်ထက် ပို၍မကျယ်ချေ။ အတွင်း၌ သူမြင်ရသော အရာများမှာ သစ်သားစင်နှစ်ခု၊ စားပွဲတစ်လုံး၊ သစ်သားကုလားထိုင် သုံးလုံးအပြင် ထောင့်တစ်ထောင့်၌ တိုလီမိုလီပစ္စည်းကောင်းကလေးများ စုပုံနေ၏။ အခြားထောင့်တစ်ထောင့်၌မူ မျက်နှာသစ်သော ကြွေဇလုံကောင်းတစ်ခု၊ ရေဇလုံတစ်လုံးနှင့် စင်ပေါ်၌ ချိတ်ထားသော အနံထက် အလျားရှည်သည့် မှန်တစ်ချပ် ရှိလေသည်။ အိမ်ကလေး၏ အရှေ့ဘက်နှင့် အနောက်ဘက်၌ကား ပြတင်းပေါက်များ ရှိ၏။

ထိုအချိန်၌ ပြတင်းပေါက်အပေါ်ရှိ လေဝင်ပေါက်မှ အလင်းရောင်သည် အိမ်ကလေးအတွင်းသို့ပင် တိုးဝင်လျက် ရှိနေလေပြီ။ မြောက်ဘက်နံရံတွင် အပေါက် မရှိချေ။ သို့ဖြစ်၍ ၎င်းဘက်တွင် ကိုချစ်တင်သည် မြက်နှင့် ကိုင်းပင်ခြောက်များကို စုပုံကာ မီးတိုက်မည်ဆိုက တိုက်နိုင်၏။

ကိုထွန်းစိန်သည် ကိုချစ်တင်အား မိမိအပေါ်တွင် ယင်းကဲ့သို့ ပြုမူကြံစည်မှုအတွက် အတော်ပင် ဒေါသထွက်မိ၏။ သူကိုယ်တိုင်ကလည်း မသိန်းနွယ်အပေါ်တွင် ချစ်ခင်နေမိသည်ကိုကား မငြင်းနိုင်ချေ။ ယောကျ်ားသည် ယောကျ်ားမှုသာဖြစ်၍ တစ်ခါက ချစ်ခဲ့ဖူးသော အချစ်ကို အပြတ်ဖြတ်ရန်ခဲယဉ်းလှ၏။ သို့သော် သူသည် အချစ်ကို ခိုး၍လည်းမယူ၊ တိုက်၍လည်းမယူ၊ သွေးဆောင်၍လည်း မယူခဲ့ချေ။ ဤမျှလောက် စောင့်စည်းလျှင် တော်လောက်ပေပြီ။ ထိုမှတစ်ခါ ကိုထွန်းစိန်သည် အားကစားသမားတစ်ယောက်ဖြစ်သည့်အတိုင်း မတရားသဖြင့် အနိုင်ယူခြင်းကို ကြိုက်နှစ်သက်သူ မဟုတ်ချေ။ သူသည် ဥပဒေစာမေးပွဲကိုလည်း အောင်မြင်ခဲ့ဖူး၍ မိမိကိုယ်ကို မည်ကဲ့သို့ကာကွယ်ခုခံရမည်ဆိုသော ဥပဒေများကိုလည်း နားလည်သူ ဖြစ်လေသည်။

သူသည် ရွက်ဖျင်အိမ်နှင့် တရိတသေ ထည့်၍ထားသော သေနတ်ကို ဖြည်းညင်းစွာ ထုတ်ယူလေ၏။ စားပွဲပေါ်တွင်ရှိနေသော ယမ်းတောင့်များထဲမှ နှစ်တောင့်ကိုယူပြီးလျှင် ယမ်းအိမ်ထဲသို့ သေချာစွာ ထည့်သွင်းလေသည်။ ဆောင်းရာသီဖြစ်သည့်ပြင် နံနက်စောစောလည်း ဖြစ်သဖြင့် သေနတ်မှ အစိတ်အပိုင်းများသည် အလွန်အေးစက်လျက် ရှိ၏။ ကျန်ရှိသော ယမ်းတောင့်များကိုလည်း သိမ်းယူလိုက်ပြီးလျှင် အိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် မီးအိမ်ကို

ငြိမ်းလိုက်သဖြင့် တဲအတွင်း၌ မှောင်၍သွားလေရာ ကိုချစ်တင် ပစ်ခတ်ထားသော သေနတ်ပေါက်ကလေးမှ အလင်းရောင်ကိုပင်လျှင် မြင်၍နေရသေး၏။

ထိုနောက် သူသည် ချိုး၍ထားသော ပြောင်းတံကို ရောက်ခနဲ ပြန်၍ ပိတ်လိုက်ရာ ထိုအသံသည်ပင် ဆိတ်ငြိမ်သောပတ်ဝန်းကျင်ကို ထိုးဖောက်၍ သွားလေသည်။ သို့ရှိစဉ် အရှုံးအနိုင် ယှဉ်ပြိုင်ပွဲ၏ အထိမ်းအမှတ်ဖြစ်သော သေနတ်သံကို ကျွန်း၏မြောက်ဘက်စွန်းဆီမှ ကြားလိုက်ရလေသည်။

ထိုအသံသည်ပင် သူ့အား ချုပ်ကိုင်ထားသည့် ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ ဝေခွဲမရနိုင်ခြင်း စသည်တို့ကို သူ၏ဦးခေါင်းအတွင်းမှ ခါ၍ ထုတ်လိုက်သကဲ့သို့ ရှိတော့၏။ သူသည် အသက်မသေဘဲ ကျန်ရှိနေလိုက ကိုချစ်တင်ထက် သာလွန်အောင် အကြံ ထုတ်ရပေမည်။ ကိုချစ်တင်ထက် ပို၍ တွေးတောရပေမည်။ ကိုချစ်တင်သည် သေနတ်ပစ်ရာ၌ သူ့ထက် လက်ဖြောင့်သည့်ပြင် ကျွန်း၏အနေအထားကိုလည်း သူ့ထက်ပို၍ နားလည်၏။ ကိုချစ်တင်သည် မိမိကသော်လည်းကောင်း၊ သတ်မည် သို့မဟုတ် မိမိ အသေခံမည်ဟု လမ်းနှစ်လမ်းဖြင့် စိတ်နှလုံးကို ခုန်းခုန်းချထားသူ ဖြစ်သည်။ ဤအချက်များပင် သူ့ထက် တစ်ဘာင်းသာ၍ နေချေပြီ။ သို့သော် တစ်ချက်ကား ကျန်သေး၏။ ကိုချစ်တင်သည် သူ၏ရန်သူဟု သဘောထားသူအား မသတ်နိုင်မီ တွေ့အောင် ရှာဖွေရပေမည်။ ဤအချက်သည်ပင် ကိုထွန်းစိန်၏ အချက်ကောင်းဖြစ်၍ သူသည် နောက်ဆုံးနေရာကောင်းကို ရွေးချယ်ရှာဖွေရပေတော့မည်။

သို့နှင့် ကိုထွန်းစိန်သည် ဖြစ်နိုင်မည့်လမ်းများကို ၁၀ စက္ကန့်မျှ မလှုပ်မယှက် တွေးတောလျက် ရှိလေ၏။ ကျွန်း၏ ပင်လယ်ဘက်ကျသော အပိုင်းမှာ မသင့်လျော်ချေ။ သဲတောင်ပူစာကလေးများမှာ အလွန်နိမ့်၍ ကိုင်းပင်များမှာလည်း ကျိုးတိုးကျဲတဲ ရှိနေလေရာ အကာအကွယ်ယူရန်ပင် ခဲယဉ်းလှလေသည်။ အကယ်၍ နောက်ဆုတ် ခုခံရပါမူလည်း ပင်လယ်မှတစ်ပါး ပြေးပေါက်မရှိပေ။

တစ်ဖက်က စဉ်းစားပြန်လျှင် ကျွန်း၏မြောက်ဘက်တွင် အကာအကွယ်ကောင်း ရှိရုံမျှမက လူများ ကျော်ဖြတ်ရန်ပင် ခဲယဉ်းလှ၏။ သို့သော် ကိုချစ်တင်မှာ ဧဂိုကကြံစည်ထားပြီး ဖြစ်သည့်အတိုင်း ထိုနေရာကိုအားပြုကာ

ခိုအောင်း၍နေမည် မဟုတ်ချေ။ သူသည် မှုန်မွှားသော အလင်းရောင်အောက်၌ သူ၏ 'အမဲ' လွတ်မြောက်မသွားစေရန် သတိကြီးစွာဖြင့် ကျွန်းအလယ်သို့ တဖြည်းဖြည်း လာနေပေတော့မည်။

သို့ဖြစ်ရကား ဖြစ်နိုင်သည့်လမ်း နှစ်လမ်းသာ ကျန်ရှိတော့၏။ ယင်းတို့မှာ အနောက်ဖက်နှင့် တောင်ဘက်စွန်းရှိ ငှက်ပစ်ချုံကွက်လပ်တို့ပင် ဖြစ်လေသည်။

ၗင်းအနက် အနောက်ဖက်မှာ မျှော်လင့်ရန်မရှိချေ။ ထိုချုံကွက်လပ်မှာ တောင်ကုန်းမြင့်ကလေးပေါ်တွင် ရှိနေ၍ ပင်လယ်အောက်ပိုင်းကို ကာကွယ်ထားသော်လည်း အောက်ကျောဘက်၌မူ ကျယ်ပြန့်သော လေဟာပြင် ရှိလေသည်။ သို့အတွက် တောင်ဘက် ငှက်ပစ်ကွက်လပ်ကိုသာ စဉ်းစားရန် ရှိတော့၏။ ကိုထွန်းစိန်သည် အတန်ကြာ တွေဝေစဉ်းစားလျက် ရှိ၏။ ချီတုံချတုံ ရှိနေ၏။ မည်သို့ပင်ဖြစ်စေ ထိုအရပ်သည်သာလျှင် ကာကွယ်ခုခံရန် အကွက်အကွင်းအကျဆုံးသော နေရာ ဖြစ်တော့၏။ ထိုနေရာ၌ မြက်ပင်ကိုင်းပင်များ အလွန်ရှည်ပြီးလျှင် ထူထပ်စွာပေါက်ရောက်လျက် ရှိလေသည်။ သို့သော် ထိုနေရာသို့ ဝင်မိလျှင် ပြန်၍ထွက်နိုင်ရန် လမ်းရှိမည် မဟုတ်ပေ။ ကျွန်း၏ အဆွယ်ကလေးဖြစ်သဖြင့် ထိုနေရာမှာ ကိုက် ၃၀ ပင် ပြည့်မည် မဟုတ်ပေ။

သို့နှင့် ကိုထွန်းစိန်သည် တောင်ဘက်ရှိ ၗင်းငှက်ပစ်ကွက်လပ်ကလေးကိုသာ စိတ်ကူးထဲတွင် မြင်ယောင်လျက် ရှိလေသည်။ ဝမ်းဘဲနှင့် ငှက်များ ချောင်းမြောင်းပစ်သောနေရာမှာ တစ်ဖက်ရပ်တဲငယ်ကလေးသဏ္ဍာန်ဖြစ်၍ မြေပြင်၌မူ ပျဉ်ကြမ်းများ ခင်းထား၏။ ဘေးနှစ်ဖက်စလုံး အပေါက်များဖြစ်၍ အပြင်သို့ထွက်ရန် လမ်းနှစ်လမ်း ရှိ၏။ ထိုလမ်းကလေး နှစ်လမ်းမှာ အပေါ်မှ ကိုင်းပင်ရှည်ကြီးများ ဖုံးအုပ်လျက်ရှိရာ ကိုချစ်တင်သည် ထိုလမ်းနှစ်လမ်းအနက် တစ်လမ်းလမ်းမှ မုချဝင်လာရမည်။ သို့သော် လူတစ်ယောက်သည် လမ်းနှစ်လမ်းစလုံးကို တစ်ချိန်တည်းစောင့်ရန် မဖြစ်နိုင်ချေ။ အရှေ့ဘက်လမ်းမှ စောင့်လျှင် မဖြစ်နိုင်ချေ။ အရှေ့ဘက်လမ်းမှ စောင့်လျှင် အနောက်ဘက်က ဝင်သည်ကို မြင်နိုင်မည် မဟုတ်ချေ။ ထိုအတူ အနောက်ဘက်ကမ်းမှစောင့်လျှင် အရှေ့ဘက်မှ ဝင်လာသည်ကို မမြင်နိုင်ချေ။

ကိုထွန်းစိန်သည် စိတ်ကူးတစ်ခုရပြီးလျှင် အခန်းထောင့်ရှိ မျက်နှာသစ်သော စင်ခုံပေါ်၌ ချိတ်ထားသည့်မှန်ကို ဖြုတ်ယူရာ သံချေးတက်လျက်ရှိသော ဝက်အူနှင့် ကြေးချိတ်များလည်း ချက်ချင်းပြုတ်ထွက်သွားလေသည်။ ထိုနောက် သူသည် သေနတ်နှင့် မှန်ကို တစ်ဖက်စီကိုင်ပြီးလျှင် တဲအိမ်ကလေး အပြင်သို့ ထွက်ခဲ့၏။

တဲအိမ်အတွင်းမှ ထွက်မိလျှင် အေးမြသောလေသည် သူ၏မျက်နှာကို လက်အေးကြီးဖြင့် ရိုက်ခတ်လိုက်ဘိသကဲ့သို့ ခံစားရ၏။ သို့သော် သူသည် ကိုယ်ကို ယို့ပြီးလျှင် ထိုနေရာသို့ရောက်အောင် တစ်ခါတည်း ပြေးလေတော့၏။ ကိုချစ်တင်မှာ ထိုအချိန်၌ သေနတ်ကို အသင့်မောင်းတင်ကာ မြွေဆိပ်ကဲ့သို့ ပြင်းထန်လှသော မနာလိုဝန်တိုစိတ်များဖြင့် မိမိအားပစ်ခတ်ရန် လာ၍နေချေပြီ မဟုတ်ပါလော။ မြွေဆိပ်မှာ ဆေးရှိသော်လည်း ‘မ’နှင့်ပတ်သက်သော ဣဿာ မစ္ဆရိယစိတ်တို့၌ ဆေး မရှိချေ။

လေကလည်း ကိုချစ်တင်ဘက်မှ ကူညီသလို ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် အသံဟူသည် လေစုန်ဘက်သို့ ပါမြဲဖြစ်သည့်အတိုင်း အနည်းငယ်မျှသော မြက်ပင်တို့၏ လှုပ်ရှားသံသည်လည်းကောင်း၊ မိမိ၏ခြေသံကို လည်းကောင်း မုချ ကိုချစ်တင် ကြားလိမ့်မည်ဟု ကိုထွန်းစိန် တွေးမိ၏။ သို့တွေးတောရင်း ကိုထွန်းစိန်သည် ခပ်ကုန်းကုန်း ပြေးလျက်ရှိ၏။

ကိုချစ်တင်၏လက်တွင် ယမ်းတောင့်သုံးတောင့်သည် ကျန်ရှိပေတော့မည်။ မည်သို့ပင်ဖြစ်စေ သူသည် ကိုထွန်းစိန်အား ကိုက် ၅၀–၆၀ အကွာမှ တွေ့မြင်ရပါမူ အနည်းဆုံး တစ်ချက်လောက် စမ်းသပ်၍ပစ်လိမ့်မည်။ ဤအကွာအဝေးတွင် ခဲလုံးများသည် လူတစ်ယောက်အား မသေနိုင်စေငြားသော်လည်း မျက်လုံးကို ထိမှန်ခဲ့ပါမူ ကန်းရချေတော့မည်။ ဤအတွေးအတောများဖြင့် ကိုထွန်းစိန်သည် ဦးခေါင်းကို ပခုံးနှစ်ဖက်ကြားထဲသို့ ပု၍ဝင်နိုင်သမျှ ဝင်အောင် ကာကွယ်ရင်း ပြေး၍နေလေသည်။ သို့ရှိစဉ်ပင် တောဘဲတစ်ကောင်သည် မြေပေါ်မှပစ်လိုက်သော ကျည်ဆံများကို မည်ကဲ့သို့ မြင်လေသနည်းဟူ၍ တွေးတောကာ မိမိဦးခေါင်းတွင် ဘဲတစ်ကောင်၏ အသိဉာဏ် ဝင်ရောက်လာသကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အသိဉာဏ် ဝင်လာလေသည်။

သို့သော် မြူများဆိုင်းနေသော ခပ်မွဲမွဲအရောင် ရှုမြင်ခင်းမှ မည်သည့်အသံမှ ထွက်ပေါ်၍မလာချေ။ ကိုချစ်တင်ကိုလည်း အရိပ်အယောင်မျှ မမြင်ရပေ။

အညိုရောင် မြက်ပင်ရှည်ကြီးများ ဖုံးအုပ်နေသော တောင်ဘက် ငှက်ပစ်ချုံကွယ်ကလေးကို ဝိုင်းရံပေါက်နေသော ကိုင်းတောစပ်သို့ကား ရောက်လာခဲ့ချေပြီ။ သို့နှင့် ကိုထွန်းစိန်သည် ရုတ်တရက် ရပ်လိုက်၏။

"ဒီလူဟာ ငါ့ကိုလိမ်ခေါ်ပြီး ဒီအထဲကများ လှမ်းပစ်လိုက်မှဖြင့်" ဟူသော အတွေးကြောင့် ရုတ်တရက် ရပ်လိုက်ခြင်း ဖြစ်လေသည်။ သို့သော် အချက်ပေးသေနတ်သံကို ပြန်၍သတိရမိ၏။ ကိုချစ်တင်သည် ဤမျှလောက် တိုတောင်းလှသော အချိန်ကလေးအတွင်းတွင် မည်သည့်နည်းနှင့်မျှ ဤနေရာသို့ ရောက်နိုင်မည် မဟုတ်ပေ။ ကိုချစ်တင်သည် အားကစားသမားတိုင်း ရှုံးလျှင် သည်းခံရသည်။ အနိုင်မကျင့်ရ၊ မညစ်ပတ်ရဟူသော ယောကျ်ားပီသသော စိတ်ကို ထားရမည်ဟု သူကိုယ်တိုင် ထိုစိတ်မျိုးကို မွေးမြူရုံမက အခြားသူများ ညစ်ပတ်သည်ကိုပင် ပြင်းထန်စွာ ရွံရှာချလေ့ရှိကြောင်း ကိုထွန်းစိန် သိပြီး ဖြစ်၏။

သို့နှင့် သူသည် လက်ဝဲဘက်လမ်းကလေးကို ရွေးချယ်လိုက်၏။ ထိုလမ်းမှာ လမ်းဆိုရုံမျှသာရှိ၍ ပေ ၅၀ ခန့် ရှည်လျားပြီးလျှင် ၆ ပေမှ ၈ ပေ အထိမြင့်သော မြက်ပင်၊ ကိုင်းပင်ကြီးများဖြင့် ဖုံးအုပ်လျက်ရှိ၏။ အခြားဘက်၌လည်း ဤကဲ့သို့ လမ်းမျိုးကလေးပင် ဖြစ်လေသည်။ ထိုလမ်း ၂ လမ်း ဆုံသောနေရာတွင် ငှက်ပစ်ချုံကွယ်ကလေးတစ်ခု တည်ရှိ၏။ တည်ရှိပုံမှာ ကြိုးစနှစ်ချောင်းကို အလယ်က ဆက်ထားသကဲ့သို့ ငှက်ပစ်ချုံကွယ်ကလေးသည်လည်း လမ်းနှစ်သွယ်က အလယ်မှ ဆက်စပ်ထားသည့်အလား တည်ရှိလေသည်။ ငှက်ပစ်ချုံအတွင်း၌ကား မည်သူမျှ မရှိချေ။ ကိုထွန်းစိန်သည် နံရံသဖွယ်ဖြစ်နေသည့် ကျူပင်များကိုမီရင်း ထူထဲသော အဝတ်အစားများ အောက်မှ ချွေးများပြန်လျက် ရှိလေသည်။ ၎င်းချုံကွယ်ရှေ့တည့်တည့် ပစ်ကွင်း၌ကား ပင်လယ်ရေစပ်ကလေးရှိ၍ ၎င်းတွင် တောဘဲများ အအုပ်လိုက်ကျနေသည်ကို တွေ့မြင်ရလေသည်။ ဘဲအုပ်သည် သူ့ကို မမြင်ကြ။ သူကသာ

ကိုင်းပင်များကြားမှ ဘဲအုပ်ကို မြင်နိုင်လေသည်။ လက်ဝဲဘက်တစ်လျှောက်၌မူ မြက်တောကြီးသည် ပင်လယ်အော်ရေစပ်အထိ ပေါက်နေလေသည်။

တစ်ခါက ငှက်ပစ်သမားတစ်ယောက်သည် ဤငှက်ပစ်ချုံကွယ် ကွက်လပ်မှ တွားသွားပြီးနောက် တောဘဲနက်သုံးကောင်ကို အစာစားနေစဉ် တစ်ချက်တည်းနှင့် ပစ်ချခဲ့ဖူး၏။ ထိုအပြုအမူကို ကိုချစ်တင်မြင်သောအခါ ယင်းကဲ့သို့ ငှက်များ အလျဉ်းပြန်ခွင့်မပေးဘဲ တိတ်တဆိတ် ချောင်းမြောင်း ပစ်ခတ်ခြင်းသည် ကစားခုန်စားသမားတစ်ယောက်၏ ဂုဏ်သိက္ခာကို စော်ကား ရာရောက်သည်ဆို၍ စကားများခဲ့ဖူး၏။ ငှက်ပစ်ခြင်းကိုပင် တစ်ခါတည်း ဖျက်သိမ်းလိုက်ပြီးလျှင် ကမ်းခြေဘက်သို့ ပြန်၍ကူးခဲ့ကြလေသည်။ ကိုထွန်းစိန်သည် ယင်းအဖြစ်အပျက်များကိုပင် ပြန်၍ တွေးတောမြင်ယောင်နေမိ၏။

ထိုခဏ၌ တောဝမ်းဘဲ မြီးသွယ်တစ်စုံ၏ တောင်ပံခတ်သံ ကြားရပြီးလျှင် ငှက်ပစ်ချုံကွက်လပ်ပေါ်သို့ ရောက်ရှိလာရာ ကိုထွန်းစိန်သည် တောဝမ်းဘဲများ မမြင်အောင် ရုတ်တရက် ကိုယ်ကိုပု၍ ပုန်းလိုက်၏။ သို့သော် နောက်ကျခဲ့ချေပြီ။ ဝမ်းဘဲ ဖို–မတို့သည် ကိုထွန်းစိန်အား မြင်လိုက်သဖြင့် ဝုန်းခနဲ လန့်ဖြန့်ပျံသွားလေ၏။ "အလို... ဘုရား...ဘုရား"ဟု ကိုထွန်းစိန်သည် စိတ်ထဲက အောက်မေ့လိုက်မိသေး၏။ အဘယ်ကြောင့်ဆိုသော် ဤအချင်းအရာကိုသာ ကိုချစ်တင် မြင်၍သွားက မိမိရောက်ရှိနေသော နေရာကို ဖော်ပြသကဲ့သို့ ရှိတော့မည်ဟု စိုးရိမ်မိသောကြောင့်ပေတည်း။ ကိုထွန်းစိန်မှာ တောကျွန်းသော လူတစ်ယောက် ဖြစ်ရုံမျှမက အကင်းလည်းပါးလှသော သူတစ်ယောက် ဖြစ်လေသည်။

သို့နှင့် ကိုထွန်းစိန်သည် ငှက်ပစ်ချုံ၏ လက်ယာဘက်ထောင့်မှ ကိုင်းပင်အချို့ကို နုတ်ယူဖြတ်တောက်ပြီးလျှင် ထိုနေရာ၌ မှန်ကို ဒီဂရီ ၄၅ ခန့်ထား၍ စိုက်ထောင်ကာ အခြားတစ်ဖက်မှ မမြင်ရအောင် မြက်ခြောက်စ အချို့ဖြင့် ဖုံးကွယ်ထားလိုက်လေသည်။ ထို့နောက် သူသည် ကွက်လပ်၏ လက်ဝဲဘက်စွန်းသို့ရောက်အောင် တဖြည်းဖြည်း ပြန်၍ထုတ်လာခဲ့၏။ တစ်ဖန် သေနတ်ကိုချထားကာ ပြန်သွားပြီးနောက် မှန်ထဲတွင် မိမိအလိုရှိသော လက်ယာဘက် လမ်းကျဉ်းကလေး၏အရိပ်ကို ကောင်းစွာမြင်ရသည်အထိ ပြုပြင်လျက် ရှိလေသည်။

ကိုချစ်တင်သည် ညာသန်တစ်ယောက် ဖြစ်၏။ အကယ်၍ သူသည် လက်ယာဘက်လမ်းမှသာ ဝင်လာခဲ့ပါမူ ကွေ့သို့ရောက်လျှင် သေနတ်ပြောင်းဝကို လက်ယာဘက်မှ လက်ဝဲဘက်သို့ ဖျတ်ခနဲ လှည့်လိုက်နိုင်မည်။ သူသည် ကျွမ်းကျင်သော ငှက်ပစ်သမားတစ်ယောက်ဖြစ်သဖြင့် ထိုအချက်ကို အထူး သတိထားမည် မလွဲတည်း။ သို့ဖြစ်ရကား ထိုလမ်းမှ ကိုချစ်တင် ဝင်လာမည်မှာ သုံးပုံ နှစ်ပုံ သေချာ၍နေလေသည်။

ယင်းကဲ့သို့ စနစ်တကျ အတွေးကလေးများ ဦးခေါင်းထဲသို့ ဝင်လာသဖြင့် ကိုထွန်းစိန်သည် အသက်ကို ခပ်ပြင်းပြင်းရှုရှိုက်၍ လက်ယာဘက်လမ်း အတိုင်း ၆ ပေခန့် ရောက်အောင် လျှောက်သွားပြီးလျှင် အသာစားစွင့်၍ နေလိုက်လေသည်။ သို့သော် လေတိုက်သံ၊ ရေလှိုင်းရိုက်ခတ်သံတို့မှတစ်ပါး တစ်စုံတစ်ရာ မကြားရချေ။ သို့နှင့် သူသည် အနီးရှိကိုင်းပင်ကြီးတစ်ပင်ကို ခါးလည်လောက်မှကွေး၍ချလိုက်ရာ ၎င်းမှာ လမ်းကလေးကို ကန့်လန့်ဖြတ်ကာ အတားအဆီးတစ်ခု ဖြစ်၍သွားလေ၏။ ထို့နောက် သူသည် သေနတ်ရှိရာသို့ ပြန်လာခဲ့၏။ ထိုအခါ၌မူ ကွေး၍ချထားသော ကိုင်းပင်သည် မှန်ထဲ၌ ရေးရေး ပေါ်လျက် ရှိလေသည်။

ယင်းအချက်သည်ကား လွန်စွာမှ အရေးပါအရာရောက်သော အချက် ဖြစ်ပေလိမ့်မည်။ အကယ်၍ ကိုချစ်တင်သာ ထိုမြက်ပင်နေရာသို့ ရောက်လာပါမူ မုဆိုးနှင့် သားကောင်တို့မှာ ကန့်လန့်ကာကဲ့သို့ ခြားလျက်ရှိသော ကိုင်းမြက်မှတစ်ပါး အခြားအဆီးအတား မရှိတော့ချေ။ ပစ်သူကို မမြင်ရသော်လည်း ဒီးကပ်စွာပစ်လိုက်သော ကျည်ဆံများမှာ မြက်ပင်များကို ကောင်းစွာ ဖောက်ထွင်း၍ အသေအချာ ထိမှန်နိုင်ပေသည်။ ကိုချစ်တင်ကလည်း မည်သည့် နည်းနှင့်မျှ 'မှန်'ကို မြင်သည် မဟုတ်ပေ။ သူ့ရှေ့ရှိသော အခြားလမ်းကွေ့ကိုသာ သူ့အာရုံ စူးစိုက်နေပေလိမ့်မည်။ သို့သော် သူသည် လမ်းကွေ့ကိုပင် ရောက်တော့မည်မဟုတ်။ ကိုထွန်းစိန်၏ သေနတ်ချက်ဖြင့် ထိုနေရာ၌ပင် မှောက် လဲကျရပေတော့မည်။

"ဒီလိုဆိုရင် ဘယ်တော့မှ လူသတ်မှု မဖြစ်နိုင်ဘူး။ အလွန်ဆုံး လူသေမှုပဲ။ လူသေမှုတောင် အင်မတန် တရားနည်းလမ်းကျတဲ့ လူသေမှု။ ပြီးတော့ မသိန်းနွယ်ကလည်း သူ့ယောကျ်ားဟာ အင်မတန် အလုပ်ပင်ပန်း

လွန်းအားကြီးတာနဲ့ အခုတလော ဘယ်လိုဖြစ်မှန်း မသိဘူး။ စိတ်ဂယောင်ချောက်ချား ဖြစ်နေပါတယ်ဆိုတာ သက်သေခံဦးမယ်။ ဒီတော့ ဘာစိုးရိမ်စရာရှိသေးလဲ”ဟု ကိုထွန်းစိန်သည် တစ်ကိုယ်တည်း စိတ်ထဲက ရေရွတ်မိ၏။ မကြာသေးမီကပင် မသိန်းနွယ်ကိုယ်တိုင် မိမိအား “သိပ်ခက်တာပဲ ကိုထွန်းစိန်ရယ်။ အခုတလော ကိုချစ်တင်ဟာ ဘယ်လိုဖြစ်နေမှန်း မသိဘူး။ ကျွန်မကိုဟိုလူနဲ့ထင် ဒီလူနဲ့ထင်လား ထင်ရဲ့။ စကားပြောတာတွေလည်း တစ်ခါတလေ သူငယ်ပြန်သလိုပြောပြီး နားလည်မှု သိပ်နည်းပါးနေတယ်။ စိတ်က တိုလိုက်တာဆိုတာလည်း လွန်ပါရော။ နို့ပေမယ့် လင်သားဆိုတော့ ချစ်ရတော့တာပဲ ကိုထွန်းစိန်ရေ။ ဘယ်တော့မှ နွယ် သူ့ကို မမုန်းရက်ဘူး”ဟု ပြောဖူးသည်များကို ပြန်၍ သတိရမိ၏။

မသိန်းနွယ်ကား သစ္စာရှိရုံမျှမက လင်သားအပေါ်တွင် အလွန်သံယောဇဉ်ကြီးသူတစ်ယောက် ဖြစ်၏။ သို့သော် သို့သော် မည်မျှပင် သံယောဇဉ်ကြီးသည်ဆိုစေ အကယ်၍သာ ကိုချစ်တင် သေသွားခဲ့ပါမူ မသိန်းနွယ်သည် တစ်ခါတည်း လွတ်လပ်တော့မည် မဟုတ်ပါလော။ မိန်းမတို့မည်သည် နီးစပ်ရာသို့ပါမြဲ ဖြစ်သည့်အတိုင်း မိမိ၏ရင်ခွင်သို့ မုချရောက်တော့မည် မဟုတ်ပါလော။

ဤအတွေးအခေါ်များသည် လျှပ်ပြက်လိုက်သကဲ့သို့ ကိုထွန်းစိန်၏ ဦးခေါင်းထဲသို့ ဝင်လာ၏။

ကိုထွန်းစိန်သည် သေနတ်ကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်၏။ သို့သော် ဤသို့တွေးရန် မသင့်လျော်သေးချေ။

ဪ... ငါ ဒီလိုတွေးလို့ မဖြစ်ပေသေးဘူး။ ဒီလိုတွေးရင် လူတစ်ယောက်ကို သက်သက် သေစေလိုတဲ့စိတ်နဲ့ သတ်တာနဲ့တူတယ်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခုခံနိုင်တဲ့ ဥပဒေတွေ လက်လွှတ်သွားတော့မှာပေါ့။ မဖြစ်ဘူး။ မဖြစ်ဘူး။ ဒါဟာ အင်မတန်ညစ်ပတ်တဲ့ အကြံ”

ကိုထွန်းစိန်သည်လည်း အားကစားသမားတစ်ယောက် ဖြစ်သည့်အတိုင်း တရားဥပဒေအရ မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့် ရမှသာ လူတစ်ယောက်အား ပစ်သတ်ရန် တရားရာရောက်သည်ဟု ယူဆမိပြန်၏။ အကယ်၍ မသိန်းနွယ်အား မျှော်လင့်မှန်းထားသောစိတ်ဖြင့် ကိုချစ်တင်အား

ပစ်သတ်ခဲ့ပါမူ ၎င်းသည် တရားမျှတသောပစ်ခတ်မှု မမည်။ လူသတ်မှုကို ကျူးလွန်ရာရောက်ပေတော့မည်။

ထိုအချိန်၌ ငြိမ်သက်၍ ညိုမှိုင်းလျက်ရှိသော ကောင်းကင်ပြင်မှ ပြုံးကြောင်သော မျက်လုံးများဖြင့် ဇီးကွက်တစ်ကောင် ရုတ်တရက် ပေါ်လာလေ၏။ ကိုထွန်းစိန်သည် မလှုပ်မယှက် ငြိမ်သက်လျက်ရှိ၏။ ဆောင်းကာသက္ကလပ် ဦးထုပ်ပျော့ကလေးကို ဆောင်းထားသဖြင့် ဦးခေါင်းကို နောက်အောက်မှ အပေါ်သို့ အတန်ငယ် မော်၍ကြည့်နေလိုက်လေသည်။ ဇီးကွက်သည် အောက်သို့ဆင်းသက်မည့်ကဲ့သို့ ရှိနေရာမှ ရုတ်တရက် လန့်ဖြန့်သွားသည့်ဟန်ဖြင့် နံဘေးသို့ စောင်းတိုးပြန်သွားလေသည်။ ဇီးကွက်သည် တစ်စုံတစ်ရာကို ရုတ်ရက်မြင်လိုက်သဖြင့် လန့်ဖြန့်ပြန်သွားဟန်တူ၏။

မည်သူ ဖြစ်နိုင်မည်နည်း။ ကိုချစ်တင်ပင် ဖြစ်ရပေမည်။

ကိုချစ်တင်ကား လက်ယာဘက်ကမ်းမှပင် တဖြည်းဖြည်း လာ၍နေချေပြီ။ လေးကန်သော ခြေလှမ်းများဖြင့် သူသည် ...မြွေ၏ ငြိမ်သက်ခြင်းဖြင့် တစ်လှမ်းခြင်းနင်း၍နေ၏။ သူ၏မျက်နှာကိုကား မှန်ထဲတွင် ကိုစိန်ထွန်း သဲကွဲစွာ မြင်ရချေ။ သူ၏ ကျယ်ပြန့်သော ကိုယ်လုံးကြီးကိုသာ အစိမ်းနုရောင် လွှမ်း၍နေသော မှန်ထဲ၌ ခပ်ဝါးဝါး တွေ့မြင်ရလေသည်။ သူသည် သတိကြီးစွာဖြင့် တစ်လှမ်းချင်း လာနေ၏။

ကိုထွန်းစိန်သည် သေနတ်ကိုနေရာ မပြောင်းဝံ့ဘဲ လက်ျာဘက်လက်အိပ်ကိုသာ ဖေး၍ချွတ်လိုက်သည်။ သူ၏လက်မကို 'လုံခြုံရေး' **(Safety Catch)** ကို တွန်းလိုက်၏။ သူ၏လက်ညှိုးသည်ကား အေးစက်သော မောင်းပေါ်၌တင်ကာ အသင့်ရှိနေလေသည်။

ကိုချစ်တင်သည် ရန်သူကိုပစ်ခတ်ရန် ချီတက်လာသောဟန်မျိုးဖြင့် ကိုယ်ကိုညွတ်ကာ တစ်လှမ်းချင်း ရှေ့သို့ တိုး၍လာနေ၏။ စောစောက ကိုထွန်းစိန် ကွေး၍ထားသော မြက်ပင်ရှိရာသို့ ရောက်သောအခါ လမ်းပေါ်သို့ ညွတ်ကျနေသော မြက်ပင်ကို သူ၏ လက်ဝဲလက်ဖြင့် ဖယ်ရှားလိုက်လေသည်။ "ကိုင်းလေ... ပစ်ပါတော့လား ပစ်...ပစ်"ဟူသော အသိဉာဏ်၏ တိုက်တွန်းမှုတစ်ခုသည် သူ၏ဦးခေါင်းထဲသို့ ဝင်လာ၏။ ထိုတိုက်တွန်းချက်အရဆိုလျှင် မောင်းကို တစ်ခါတည်း ဖြုတ်လိုက်ရုံသာ ရှိတော့၏။

သို့သော် မောင်းကိုဖြုတ်ရန် အနှောင့်အယှက်တစ်ခု ကာဆီးလျက်ရှိ၏။ ကိုထွန်းစိန် လက်ညှိုးကား တင်းကြပ်စွာ မဆွဲနိုင်ချေ။ ဆွဲလည်း မဆွဲရက်ချေ။ လူတစ်ယောက်သေမှ တစ်ယောက်ရှင်၍ ကျန်ရစ်မည်ဆိုသော အချက်မှာ သူ၏လက်ညှိုးကလေးကို နောက်သို့ အတန်ငယ်မျှ ဆွဲလိုက်ရမည့် အခြေအနေ ပေါ်၌သာ တည်ရှိသည်မှန်သော်လည်း သူ၏ တစ်သက်ပတ်လုံး လေ့ကျင့်လာခဲ့သော စိတ်ဓာတ်က ခွင့်မပြုချေ။

ထိုတစ်မုဟုတ်ချင်း အချိန်ကလေးသည်ကား လွန်စွာမှ အရေးကြီးလှ ပေ၏။ စိတ်က စဉ်းစားရန် အချိန်မရှိ။ လက်ဖြင့်လုပ်ရန်သာ ရှိတော့၏။ ကိုထွန်းစိန်သည် ရုတ်တရက် ခုန်ထလိုက်ပြီးလျှင် ကိုချစ်တင် မြင်နိုင်သော ငှက်ပစ်ချုံကွယ်အစွန်းသို့ရောက်အောင် သူ၏သေနတ်ကို လွှင့်ပစ်လိုက်လေ၏။ ထိုနောက် ကြမ်းပြင်ပေါ်သို့ သူ၏သေနတ် မကျမီပင် လက်ဝဲဘက်လမ်းကလေး အတိုင်း အတန်ငယ် ပြေးသွားလေသည်။ ထိုနေရာ၌ သူသည် ကျောက်ရုပ်ကဲ့သို့ ၃ စက္ကန့်မျှ ရပ်နေမိ၏။ ထိုနောက် ငှက်ပစ်ချုံကွယ်ရှိရာသို့ အေးဆေးရဲဝံ့စွာ ပြန်၍လျှောက်လာလေ၏။

တစ်ဖက်သော အစွန်း၌ကား ကိုချစ်တင်သည် နှစ်လုံးပြူးသေနတ်ဖြင့် ချိန်ကာ ရပ်လျက်ရှိ၏။ မျက်မှောင်ကုပ်လျက် ရှိသဖြင့် သူ၏မျက်လုံးများမှာ ကျဉ်းမြောင်းလျက်ရှိ၏။

"ဟေ့လူ…လူမိုက် သေနတ်တိုကောက်လေ… ဘာကြည့်နေရတာလဲ"

ကိုထွန်းစိန်သည် တစ်စုံတစ်ရာ ပြန်မပြော။ သေနတ်ကိုလည်း ကောက်၍မယူ။ သေနတ်ကိုပင် တက်၍နင်းကာ ကိုချင်တင်ရှိရာသို့ တစ်လှမ်း ချင်း လျှောက်သွားလေ၏။ လက်လှမ်းမီသောနေရာသို့ ရောက်သည်နှင့်တစ်ပြိုင် နက် ကိုထွန်းစိန်သည် မိမိရင်ဝသို့ ချိန်၍နေသော ကိုချစ်တင်၏သေနတ်ပြောင်း ကို လက်ဝဲဘက်လက်ဖြင့် ဖျတ်ခနဲ ဘေးသို့ ဖယ်ရှားလိုက်၏။ ထို့နောက် စက်ရုပ်ကဲ့သို့ တစ်လှမ်းချင်းသွားနေသော ကိုထွန်းစိန်၏ ညာလက်သီးသည် လျှပ်စစ်၏လျင်မြန်ခြင်းဖြင့် ကိုချစ်တင်၏ မေးရိုးပေါ်သို့ 'ခွပ်'ခနဲ ကျရောက် သွားလေသည်။ တစ်သက်လုံး လေ့ကျင့်လာခဲ့သော အကျင့်၊ စုဆောင်းလာခဲ့ သော အင်အားများကို ဤနေရာတွင် အချက်ပိုင်စွာ သုံးလိုက်ခြင်း ဖြစ်လေ

သည်။ ကိုချစ်တင်မှာ ကြံ့ခိုင်တောင့်တင်းသော ကိုယ်ပင် ရှိလင့်ကစား ရှိသမျှအင်အားဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်၍ထားသော လက်ဝှေ့သမားကြီး၏ လက်သီးချက်ကိုကား မခံနိုင်တော့ချေ။ ကိုချစ်တင်သည် လက်မှသေနတ် လွှတ်ကျကာ တစ်ခါတည်း ပက်လက်လန်၍ မြေပေါ်သို့ ကျသွားပြီးနောက် သတိမေ့လျက် ရှိနေတော့၏။

ကိုထွန်းစိန်သည် သူ၏လက်ခေါက်များကို ပြန်၍ကြည့်မိရာ အချို့နေရာများတွင် ကြေလျက် သွေးများထွက်နေသည်ကို တွေ့ရလေသည်။

"ဟား...ဟား...ဟား...မိုက်လှတဲ့ အကောင်ကြီး။ ဒီလိုလုပ်လိုက်မှ နို့ပေမယ့် ဒီအကောင်ကြီးကို သူ့မယားခြေတော်ရင်း ရောက်အောင်ပို့ဖို့က ရှိသေးတယ်... ဩော်...နွယ်နွယ်...နွယ်နွယ်... ဒီဒုက္ခတွေဟာ အားလုံး မင့်အတွက်ကြောင့်ဖြစ်ရတာချည်းပဲ နွယ်နွယ်..."ဟု ကိုထွန်းစိန်သည် အရူး တစ်ယောက်ကဲ့သို့ ပါးစပ်မှ အသံများပင် ထွက်၍သွားမိ၏။

ပထမ တဟားဟား ရယ်မောမိသည်ကို ရုတ်တရက်ရပ်လိုက်ပြီးနောက် ကိုထွန်းစိန်သည် ကိုချစ်တင်၏သေနတ်ကို ငှက်ပစ်ချုံကွယ်နောက်သို့ ပစ်ထား လိုက်၏။ ထို့နောက် သူ့သေနတ်ကိုပါ ပစ်ထားလိုက်လေသည်။

သူသည် ကိုချစ်တင်၏ ကုတ်အင်္ကျီထူကြီးအတွင်းမှ မော်တော်ဘုတ် စက်သော့ကို နှိုက်ယူကာ လူသေကဲ့သို့ မလှုပ်မယှက်ရှိနေသော ကိုချစ်တင်၏ ကိုယ်ကြီးကို ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။ ကိုချစ်တင်၏ဇနီးချော မသိန်းနွယ်အပေါ်တွင် သူ မေတ္တာသက်ဝင်နေသည်ကိုကား မငြင်းနိုင်ချေ။ ယခုလည်း ချစ်လျက်ရှိ၏။ နောင်ကိုလည်း ချစ်နေဦးမည် ဖြစ်၏။ သို့သော် မသိန်းနွယ်သည် ကိုချစ်တင်ကို ချစ်၏။ ကိုချစ်တင်ကို လိုအပ်၏။ ကိုချစ်တင် မရှိလျှင် မဖြစ်နိုင်ချေ။

ထို့နောက် ကိုထွန်းစိန်သည် စိတ်သက်သာရာ ရသွား၏။ ဝမ်းလည်း မြောက်မိ၏။ ဝမ်းမြောက်ခြင်း၏အကြောင်းမှာ ကိုချစ်တင်အား အပြတ်အသတ် နိုင်လိုက်ခြင်းကြောင့်မဟုတ် မဟုတ်။ မိမိစိတ်ကို မိမိ ထိန်းသိမ်းနိုင်ခြင်းကို ဝမ်းမြောက်ခြင်း ဖြစ်လေသည်။

သို့နှင့် သူသည် တုံးလုံးကြီးလဲ၍နေသော လေးလန်လှသည့် ကိုချစ်တင် ၏ကိုယ်ကြီးကို ကြည့်ကာ "တယ်မိုက်တဲ့ ကောင်ကြီးပဲ... ဟော့ကောင်ကြီး

ထလကွာ... အောင်မယ်လေး ဘောသမားတစ်ယောက်လုပ်နေပြီး ဒီလောက် လက်သီးကလေးတောင် မခံနိုင်ဘူးတဲ့ကွယ်... အံ့ပါရဲ့ မင့်ကို အိမ်ပို့မယ်... အိမ်ရောက်မှ မင်း သဝန်ကြောင်မှုတွေ တိုင်ရမယ်”ဟု ပြောပြောဆိုဆိုနှင့်ပင် မနိုင့်တနိုင် ပခုံးပေါ်သို့ ချီမပြီးလျှင် မော်တော်ဘုတ်ရှိရာသို့ ယူဆောင်သွားလေသည်။

မကြာမီ မော်တော်ဘုတ်ကလေးသည် မြိတ်ဘက်ကမ်းခြေသို့ ထွက်ခွာလာခဲ့လေသတည်း။

**သွေးသောက်မဂ္ဂဇင်း**

**၁၉၅၇ ခုနှစ် ဇူလိုင်လ**

http://www.cherrythitsar.org

# စိတ်အင်အား

"ဩော်... အဝင်း... အဝင်း... ပစ်ရမှာလည်း အဆိပ်နဲ့ရွှဲရွှဲ၊ စားရမှာလည်း သလဲနဲ့ရှပ်ရှပ် ပါကလားကွယ်။ ဟော... ဒီနေ့ည သွားပြန်ပြီ။ ကိုယ့်ယောကျ်ား သွားနှုတ်မယ်ဆိုတာ သူအသိသား... တကယ်ဆို ကိုယ့်လင်ကို စောင့်ရှောက်ဖို့ လိုက်လာရမယ် မဟုတ်လား။ အခုတော့ ၆ နာရီတောင် မထိုးသေးဘူး သူ့လင်တွေ လာခေါ်တဲ့ကားနဲ့ လိုက်သွားပါရောလား... ဝတ်ထားလိုက်တာကလည်း အပျိုကလေးရှုံးလို့။ ငါ့မှာတော့ ဒီသွားကိုနှုတ်ဖို့ ရက်ချိန်းပဲ တွက်နေရတယ်။ ကိုယ့်ယောကျ်ားခံစားရမယ့် ဝေဒနာကို နည်းနည်းကလေးမှ ပမာမထားဘူး။ ဝတ်ဖို့...စားဖို့၊ သွားဖို့...လာဖို့၊ လှဖို့...ပဖို့လောက်ဘဲ ဂရုစိုက်နေတယ်။ အင်း... မိန်းမ–မိန်းမ နည်းနည်းကလေးမှ ကောင်းတဲ့ သတ္တဝါမတွေ မဟုတ်ဘူး..."ဟု စဉ်းစားရင်း ကိုမြလှိုင်သည် သွားစိုက်ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိရာမှ မှန်ပြတင်းပေါက်နှင့် သူထိုင်သော ကုလားထိုင်ကြားရှိ ဖယောင်းတိုင်ငါးရာအား ဓာတ်မီးလုံးကို လှမ်း၍ကြည့်လိုက်၏။ သူရောက်ရှိနေသော နေရာမှာ ဆူးလေဘုရားလမ်းရှိ သွားဘက်ဆိုင်ရာဆရာဝန် ဦးဘမောင်၏ အလုပ်ခန်းဖြစ်၍ အထက်ပါအကြောင်းများကို သွားနှုတ်ခါနီး အချိန်ကလေး၌ စဉ်းစားနေခြင်း ဖြစ်လေသည်။

သွားစိုက်ကုလားထိုင်ဆီသို့ ထိုးထားသော ဓာတ်မီးရောင်အတွက် ကိုမြလှိုင်မှာ တစ်ကိုယ်လုံး ချွေးများပျံလျက်ရှိ၏။ နွေအခါလည်းဖြစ်ပြန်

အလွန်လင်းသော စာတ်မီးရောင်ကလည်း ထိုးထားပြန် ဖြစ်သည့်ပြင် မိမိ၏ ဇနီးသည် မခင်ဝင်းအကြောင်းကို စဉ်းစားမိပြန်သဖြင့် ချွေးများမှာ ထွက်သည် ထက် ထွက်လာလေသည်။ သူသည် ကုလားထိုင်၏နောက်သို့ လှည့်၍ကြည့် လိုက်၏။ သို့သော် သွားစိုက်ဆရာဝန်ကို မမြင်ရချေ။ ဦးဘမောင်သည် ကိစ္စတစ်ခု ရှိသဖြင့် အခန်းပြင်သို့ထွက်သွားဟန် တူလေသည်။

ကိုမြလှိုင်သည် စာတ်မီးရောင်ကို ကွယ်သည့်အနေဖြင့် ဦးခေါင်းကို နောက်မှီခေါင်းအုံးလေးပေါ်သို့ အားပါးတရ မှီ၍ချလိုက်ပြီးလျှင် မိမိကိုယ်ကို မိမိ သက်သာနိုင်သမျှ သက်သာအောင်နေကာ ဦးဘမောင်အား စောင့်ဆိုင်း လျက် ရှိလေသည်။

ထိုအချိန်၌ သူ၏သွားဖုံးနှင့် ပါးစောင်တွင် ထိုးထားသော 'နိုဗိုကိန်' ခေါ် ထုံဆေးသည် တန်ခိုးစ၍ ပြတော့၏။ ကိုမြလှိုင်သည် နှုတ်ခမ်းဖျားများကို လျှာဖြင့် မကြာခဏလျက်၍ ကြည့်၏။ အချို့နေရာ၌ အထိအတွေ့အာရုံ မရှိတော့ဘဲ မကြာမီ နှုတ်ခမ်းတစ်ခုလုံး ထုံ၍လာတော့မည့်အဖြစ်ကို သိရပြီး လျှင် နှုတ်ခမ်းများမှာလည်း မိမိနဂိုရင်းစွဲထက် နှစ်ဆမျှ ကြီး၍လာသကဲ့သို့ ထင်မိ၏တော့၏။

သူသည် သစ္စာမရှိသော ဇနီးဖြစ်သူ မခင်ဝင်းအား တစ်ခါတည်း ကွာရှင်းပစ်ရန် မကြာခဏ စိတ်ကူးမိခဲ့၏။ သို့သော် အကြောင်းကြောင်းကို ထောက်ထားသဖြင့် မကွာဖြစ်ဘဲ ရှိခဲ့လေသည်။ သွားနှုတ်ရန် ထုံဆေးပေးထား သည့် အချိန်၌ပင် သူသည် အဝင်းအကြောင်းကို ထပ်ခါတလဲလဲ စဉ်းစားမိ၏။ မိမိမှာ အသက် ၄၀ ကျော်ပြီဖြစ်၍ ဆင်ခြင်စဉ်းစားတတ်သောဉာဏ် အတော်ပင် ပြည့်ဝပြီးဖြစ်ရာ ၂၇ နှစ်မျှသာ ရှိသေးသော မခင်ဝင်း၏ ဖောက်ပြန် မှုများမှာ ငယ်ရွယ်သူတို့ဘာဝ တစ်ကြိမ်တစ်ခါ ဖောက်ပြန်မှုသာဖြစ်၍ မကြာမီ နောင်တတရား ရရှိလိမ့်မည်ဟု ယူဆခဲ့၏။ သို့သော် မခင်ဝင်းကား နောက်သို့ မဆုတ်ဘဲ ရှေ့သို့သာ တိုးခဲ့လေသည်။ ပထမ၌ ကိုမြလှိုင်မှာ စိတ်ကို အတော် အတန်ထိခိုက်လျက် မခင်ဝင်းအပေါ်တွင် ဂရုတစိုက် ရှိနေခဲ့သော်လည်း တစ်ကြိမ်မှ နှစ်ကြိမ်၊ နှစ်ကြိမ်မှ သုံးကြိမ် စသည်ဖြင့် ရှေ့သို့သာ တိုးလျက် ရှိသောအခါ ၎င်း၏အသည်းမှာ ထုံဆေးထိုး၍ ထားဘိသကဲ့သို့ ဂရုတစိုက် လုပ်လိုသော ဆန္ဒများ နည်းပါးသည်ထက် နည်းပါးလာခဲ့လေသည်။

http://www.cherrythitsar.org

ကိုမြလှိုင်ကား စိတ်ပညာသမားတစ်ယောက်ဖြစ်၍ စိတ္တဗေဒဆိုင်ရာ ပညာရပ်များကို လေ့လာလိုက်စားသူ ဖြစ်၏။ နေ့စဉ် ကမ္မဋ္ဌာန်းထိုင်၍ မိမိစိတ်ကို အတော်အတန် ထိန်းချုပ်နိုင်ခြင်း၊ မိမိ၏စိတ်ဓာတ်ကို အခြားသူတစ်ယောက်ထံသို့ ကမ္မဋ္ဌာန်းနည်းအားဖြင့်သော်လည်းကောင်း၊ အနောက်နိုင်ငံမှ 'မက်(စ)မာရစ်ဇင်း' ခေါ် စိတ်ညို့နည်းများဖြင့်သော်လည်းကောင်း စေလွှတ်နိုင်ခြင်း၊ သူတစ်ပါးစိတ်ဓာတ်ကို မိမိထံသို့ရောက်အောင် ဆွဲဆောင်နိုင်ခြင်း စသည်တို့ကို အတော်အတန် လေ့ကျင့်ထားသူ ဖြစ်၏။ တစ်ခါတစ်ရံ မိတ်ဆွေသူငယ်ချင်းများနှင့် တိုင်ပင်ကာ တစ်ယောက်နှင့်တစ်ယောက် အချိန်ကိုက်၍ မိမိ၏စိတ်တန်ခိုးကို လွှတ်ခြင်း၊ မိတ်ဆွေ၏စိတ်ကို ညို့ယူခြင်း စသောအလုပ်များကိုပင် လက်တွေ့စမ်းသပ်ခဲ့ဖူးရာ အတော်အတန် အောင်မြင်ခဲ့ဖူး၏။

သွားစိုက်ကုလားထိုင်ပေါ်တွင် နောက်ဆုံးစဉ်းစားလျက်ရှိသည့် အချိန်၌ နောက်ဖက်မှ တံခါးတစ်ချပ် ပွင့်လာပြီးလျှင် အင်္ကျီရှည်အဖြူဝတ်ထားသော သွားစိုက်ဆရာဝန် ဦးဘမောင် ဝင်လာလေသည်။ ဦးဘမောင်သည် ကုလားထိုင်နောက်မှ ရှေ့သို့ တိုးလာပြီးနောက် သွားစိုက်ကုလားထိုင်နှင့် ဓာတ်မီးရောင်အကြားတွင် ရပ်လိုက်ရာ မိမိမျက်နှာပေါ်သို့ မီးရောင် မရောက်တော့သဖြင့် ကိုမြလှိုင်မှာ အတော်သက်သာရာ ရသွား၏။

ဆရာဝန် ဦးဘမောင်သည်ကား အတော်ပင် အရပ်မြင့်၍ အရပ်နှင့်လိုက်အောင် တုတ်ခိုင်ထွားကျိုင်းသော ကိုယ်လုံးကိုယ်ပေါက် ရှိသူဖြစ်၏။ လက်ကောက်ဝတ်များမှာ ကြီးမား၍ လက်မောင်းတစ်လျှောက် ကြွက်သားကြီးများ အမွှေးအမျှင်များဖြင့် ဖုံးအုပ်လျက်ရှိ၏။

ဝန်။ "ဘယ့်နှယ့်လဲဗျို့... ဆေးထိုးထားတဲ့ မေးရိုး ဘယ်လိုနေသေးလဲ..."

လှိုင်။ "မာပြီး ထုံနေတယ် ဆရာ..."

"ကောင်းတယ်ဗျို့... နုတ်ရမှာက အချိန်အတော်ကလေး ကြာမယ်ဗျ။ နောက်ထပ်တစ်ခါ ထိုးပေးဦးမယ်။ ခင်ဗျား သဘောကျရင်လေ..."

ဆရာဝန် ဦးဘမောင်သည် လက်ယာဘက်နံရံတွင်ရှိနေသော သွားနုတ်ကိရိယာများကို ဆေးဖြင့်ပတ်ထားသည့် မီးဖိုရှိရာသို့ လျှောက်သွားလေသည်။ ထိုအခါ ဓာတ်မီးရောင်သည် ကိုမြလှိုင်၏ မျက်နှာပေါ်သို့ ကျရောက်မြဲ

ကျရောက်လျက် ရှိပြန်၏။ သို့နှင့် သွားနှုတ်ကိရိယာကလေးများကို မီးဖိုပေါ်ရှိ အငွေ့တထောင်းထောင်း ထွက်လျက်ရှိသော ဒန်အိုးထဲမှ သေချာစွာ တစ်ခုစီ ညှပ်ဖြင့်ထုတ်ယူနေသော ဦးဘမောင်အား ကိုမြလှိုင်က ကြည့်လိုက်လေသည်။ ဦးဘမောင်မှာ အရပ်မြင့်၍ တုတ်ခိုင်သော ကိုယ်လုံးကိုယ်ပေါက် ရှိရုံမျှမက လေးထောင့်စပ်စပ်ရှိသော မျက်နှာနှင့် နဖူးပြောင်လျက် ရှိ၏။ နှုတ်ခမ်း၏ နံဘေးတစ်ဖက်တစ်ချက်တွင် ထင်ရှားသော အစင်းအကြောင်းကြီး နှစ်ခုရှိရာ နဖူးပြောင်ကြီးနှင့် ပေါင်းစပ်ကြည့်လိုက်သောအခါ ကြမ်းကြုတ်ခြင်း၊ ခက်ထန်ခြင်း စသော နိမိတ်လက္ခဏာများ ပေါ်လွင်လျက်ရှိ၏။ သူသည် သွားစိုက်သော ဆရာဝန်ထက် နွားသတ်သော သူတစ်ယောက်နှင့် ပို၍တူနေသည်ဟု ကိုမြလှိုင် စိတ်တွင် ထင်မိ၏။ သွားစိုက်ကိရိယာများပေါ်မှ အညစ်အကြေးနှင့် ကူးစက်တတ်သည့် ပိုးမွှားများကိုသုတ်သင်ရန် မီးဖိုပေါ်တွင် တင်၍ထားသော ဒန်အိုးကလေးထဲမှ မီးခိုးငွေ့များသည် ဆရာဝန်ကြီး၏ကိုယ်ကို ရစ်ပတ်ကာ အငွေ့တထောင်းထောင်း ထွက်လျက်ရှိ၏။

ကိုမြလှိုင်သည် ကုလားထိုင်ပေါ်တွင် ထိုင်ချလျက်ရှိရာ မည်သည့်အသံကိုမျှ မကြားရဘဲ ဆိတ်ငြိမ်လျက်ရှိ၏။ ဤသို့ ဆိတ်ငြိမ်လျက်ရှိသည့်အတွင်းမှ သံကို သံချင်းထိသော အသံများကိုသာ မကြာခဏ ကြားရ၏။ ထိုအသံများကား အခြားမဟုတ်။ ခြေထောက်တွင် ဘီးတပ်ထားသည့် မှန်စားပွဲကလေးပေါ်သို့ ဆရာဝန်ဦးဘမောင်က သွားနှုတ်ကိရိယာများ တစ်ခုစီတင်၍နေသော အသံများ ဖြစ်လေသည်။

ဓာတ်မီးရောင်သည် ကိုမြလှိုင်၏မျက်နှာပေါ်သို့ ထိုးမြဲထိုးလျက်ရှိလေရာ နွေရာသီဖြစ်သဖြင့် ကိုမြလှိုင်မှာ ချွေးများ ဒီးဒီးပြန်လျက် ပူအိုက်သောရာသီဥတုကို သတိပြုမိ၏။ ယမန်နေ့ကလည်း ယခုနေ့ကဲ့သို့ပင် အလွန်ပူအိုက်သော နေ့တစ်နေ့ ဖြစ်ခဲ့၍ ယမန်နေ့က အကြောင်းများကို ဆက်လက်စဉ်းစားပြန်၏။

ယမန်နေ့ ထိုအချိန်က ကိုမြလှိုင်သည် အလုပ်,လုပ်ရာမှ အိမ်သို့ ပြန်ရောက်လာရာ စားပွဲပေါ်တွင် မခင်ဝင်းလက်ရေးဖြင့် စာတစ်စောင်ကို တွေ့ရ၏။ မခင်ဝင်းသည် အိမ်သို့ ကိုမြလှိုင် ပြန်မရောက်မီ အပြင်သို့ထွက်သော အခါများ၌ စာတစ်စောင်ကို အမြဲရေး၍ ထားခဲ့လေ့ရှိ၏။ သို့ဖြစ်၍ မခင်ဝင်း ယခုထားခဲ့သော စာကို တွေ့ရခြင်းမှာ ကိုမြလှိုင်အတွက် အဆန်းမဟုတ်

http://www.cherrythitsar.org

တော့ပေ။ စာထဲတွင် မည်သည့်အကြောင်းအရာမျိုးပါမည်, မည်ကဲ့သို့ ဆင်ခြေပေးမည်တို့ကို ကိုမြလှိုင်မှာ ကြိုတင်သိပြီးဖြစ်သဖြင့် စာအိတ်များကို မဖောက်ဘဲ စာများကို မဖတ်ဘဲ ထားခဲ့သည်မှာ များလှလေပြီ။ ယခုစာ၌မူ မခင်ဝင်းက ရေကျော်ဘက်တွင်ရှိနေသော မိမိ၏အဒေါ်တစ်ယောက် အပြင်းအထန်ဖျားနေသဖြင့် ထိုညဉ့် အဒေါ်အိမ်သို့ သွားရောက်အိပ်ရမည်ဖြစ်ကြောင်း ရေးသားထား၏။ သို့သော် ၎င်းမှာ ပရိယာယ်မျှသာဖြစ်၍ အဒေါ်ဆိုသူမှာ သူချစ်သော အခြားယောက်ျားတစ်ယောက် မလွဲဧကန် ဖြစ်ပေလိမ့်မည်။

ထိုအခါ ကိုမြလှိုင်မှာ သည်းမခံနိုင်တော့ဘဲ မှန်ဗီရိုမှ မှန်ကို ရိုက်ခွဲကာ မခင်ဝင်း၏ နိုင်လွန်အင်္ကျီ ၄–၅ ထည်ကို အထပ်လိုက် ဆွဲယူလိုက်ပြီးနောက် တစ်ထည်စီ အစိတ်စိတ်အမွှာမွှာဆုတ်၍ ကြမ်းပေါ်သို့ ပေါက်ချလိုက်၏။ ဤမျှနှင့် အားမရသေးဘဲ ကိုမြလှိုင်သည် သူတို့အိပ်ရာ ကုတင်ဆီသို့ သွားရောက်ကာ မခင်ဝင်း၏ခေါင်းအုံးစွပ်ကို ဆုတ်ဖြဲလိုက်၏။ ကတ္တီပါစောင်ကို ကုတင်ပေါ်မှ ခြေဖြင့် ကန်ချလိုက်၏။ အကယ်၍သာ ထိုအချိန်၌ မခင်ဝင်း ပြန်ရောက်လာခဲ့ပါမူ လည်ပင်းကို ဖျစ်ညှစ်၍သော်လည်းကောင်း တစ်စုံတစ်ခုသော လက်နက်နှင့်သော်လည်းကောင်း သတ်မိပေလိမ့်မည်။

ယခုအချိန်ထိပင် သူသည် မခင်ဝင်းအား သတ်လိုသောစိတ် ပြင်းထန်စွာ ရှိနေသေး၏။

ဆရာဝန်ဦးဘမောင်သည် ဘီးတပ်ထားသော မှန်စားပွဲကလေးကို ကိုမြလှိုင်ထိုင်နေသော ကုလားထိုင်အနီးသို့ရောက်အောင် တွန်းရွှေ့လာ၏။ ကိုမြလှိုင်၏သွားကို နုတ်ရန် အချိန်ရောက်လာလေပြီ။

ကိုမြလှိုင်ကား သွားဖုံးနှင့် ပါးစောင်တွင် ထိုးထားသော ထုံဆေး၏ တန်ခိုးကြောင့် သူ၏မေးရိုးများမှာ မလှုပ်ရှားနိုင်ဘဲ အတွေ့အထိအာရုံ ကင်းမဲ့ကာ ထုံ၍နေ၏။ သို့သော် သူ၏နှလုံးသားမှာမူ မခင်ဝင်းအတွက် အပြင်းအထန်လှုပ်ရှားလျက် ရှိလေသည်။ ဆရာဝန်ဦးဘမောင်သည် တစ်ထွာခန့်ရှိသော ခွဲစိတ်သည့်ဓားကလေးကိုကိုင်ကာ ကိုမြလှိုင်အား ငုံ့၍ကြည့်လိုက်၏။ ဓားကလေးမှာ အဖျား၌ အတန်ငယ်ကောက်ပြီးလျှင် ချွန်ထက်သော အသွားရှိ၍ ထူးဆန်းသော လက်နက်တစ်မျိုးနှင့်လည်း တူလေသည်။

ကိုမြလှိုင်သည် မဟာချင် ဟချင်ဖြင့် ပါးစပ်ကို ဟလိုက်ရ၏။ နှုတ်မည့် သွားမှာ တစ်စုံတစ်ရာ ခံကျင်ခြင်းမရှိဘဲ သွား၏ အမြစ်ခြေရင်း၌ စားပြားဖြင့် ဖိနှိပ်ထားသည်ကိုသာ သိလိုက်ရ၏။ ချွန်ထက်သော အသွားသည် အပေါ်မှ အောက်သို့လည်းကောင်း၊ အောက်မှ အပေါ်သို့လည်းကောင်း လှုပ်ရှားကုတ်ခြစ် သည်ကိုသာ သတိပြုလိုက်မိ၏။ နားထင်မှ ချွေးများသည်လည်း အောက်သို့ စီးကျလျက် ရှိလေသည်။ ထိုအချိန်တွင် တစ်နေရာမှ နာရီထိုးသံတစ်သံကို ကြားရလေရာ တစ်ချက်တစ်ချက်ထိုးလိုက်သော နာရီသံသည် သူ၏ဦးနှောက် အား ပွဲတင်ခတ်၍ပင် သွားလေသည်။

သွားမှာ တစ်မိနစ်ခန့်အတွင်းတွင် နှုတ်၍ ပြီးသွားခဲ့လေပြီ။ ဦးဘမောင် သည် နောက်သို့ အတန်ငယ် ဆုတ်လိုက်ပြီးလျှင် နှုတ်ပြီးသွားကို လက်ဖြင့် ကိုင်ကာ ကိုမြလှိုင်အား ပြလိုက်၏။ သွားမြစ်မှ သွေးများလည်း စီးကျလျက်ပင် ရှိနေသေး၏။

ဝဲ။ "ဘယ့်နှယ်လဲ... ဒီမယ်လေ ခင်ဗျာ့ပါးစပ်ထဲက သွား... ကဲ–ကဲ... ပါးလုတ်ကျင်းပေတော့။ ပြီးပါပြီ..."

ကိုမြလှိုင်သည် လက်ဝဲဘက်တွင်ရှိသော ခုံကလေးပေါ်ရှိ ဖန်ခွက်ထဲမှ ပန်းနုရောင် အရည်များဖြင့် ပါးလုတ်ကျင်းပြီးလျှင် တစ်ပေခန့်မြင့်သော ကြွေထွေးခံကြီးထဲသို့ နှစ်ကြိမ် သုံးကြိမ်မျှ ထွေးထည့်လေ၏။ ထို့နောက် သူသည် ကုလားထိုင်ပေါ်မှ လျောဆင်းကာ ကြမ်းပေါ်တွင် မတ်တတ်ရပ်လိုက် လေသည်။

လှိုင်။ "ကျေးဇူးတင်ပါတယ် ဒေါက်တာ..."

သို့ပြောလိုက်ရာတွင် သူ၏နှုတ်ခမ်းများမှာ ထုံ၍နေရုံသာမက နဂိုထက် နှစ်ဆမျှ ကြီးနေသကဲ့သို့ ထင်ရ၏။ သို့နှင့် သူသည် စကားကို ပီသအောင် မပြောနိုင်သော်လည်း ဆက်လက်၍... "ဒါနဲ့ နောက်ဘယ်တော့ လာရမလဲ ဆရာ"ဟု နောက်ရက်ချိန်းကိုပင် ဆက်လက်မေးလိုက်လေသည်။

➙ ➙ ➙

ထိုအချိန်၌ တံခါးကို အပြင်မှ ခပ်ပြင်းပြင်းခေါက်သံ ကြားလိုက်ရပြီး လျှင် ဆရာဝန် ဦးဘမောင်က တံခါး သွား၍ဖွင့်သည်ကို မြင်လိုက်ရ၏။ ဦးဘမောင်မှာ ကိုယ်လုံးကိုယ်ဖန် ကြီးသော်လည်း တံခါးဆီသို့သွားရာ၌

ခြေများပင် မလှမ်းဘဲ ဒရွတ်တိုက်သွားသကဲ့သို့ မြန်ဆန်လှသည်ဟု ထင်လိုက်မိ၏။ တံခါးကို ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် အခန်းတစ်ခန်းလုံး ဓာတ်ဆီနံ့ ထောင်းခနဲ ထ၍သွားပြီးလျှင် အဝတ်အစားများ စုတ်ပြတ်နေသည့် မိန်းမ တစ်ယောက် အခန်းတွင်းသို့ ခုန်ဝင်လာလေသည်။ မိန်းမမှာ ဖိနပ်မပါဘဲ ခြေထောက်၌ ရွှံ့များလူးနေသည့်ပြင် အချို့နေရာများ၌ သွေးစသွေးနများဖြင့် ပေကျံလျက်ရှိ၏။ ဖားလျားချထားသော ဆံပင်မှာ ရှေ့သို့ အတော်များများ ကျနေသဖြင့် ၎င်း၏မျက်နှာကိုပင် ဖုံးကွယ်လုမတတ်ရှိပြီးလျှင် ပြောင်လက် တောက်ပသော မျက်လုံးနှစ်လုံးသာ ဆံပင်များကြားမှ တောက်ပလျက်ရှိလေသည်။ မျက်လုံးများမှ မျက်ရည်များ ကျလျက်ရှိပြီးလျှင် ထိုမိန်းမသည် တစ်စုံတစ်ယောက်အား တွေ့လိုသည့်ဟန်ဖြင့် ရှာဖွေကြည့်ရှုနေပုံရလေသည်။ သို့ရှိစဉ် ထူးဆန်းစွာဝင်လာသော မိန်းမသည် ၎င်း၏ဆံပင်များကို လက်နှစ်ဖက်ဖြင့် ဆုပ်ဆွဲကာ အတန်ငယ် နံဘေးသို့ ဖယ်ရှားလိုက်၏။

ထိုအခါမှ ကိုမြလှိုင်သည် မိန်းမ၏မျက်နှာကို သေချာစွာ မြင်လိုက်ရလေသည်။ ထိုမိန်းမသည်ကား အခြားမဟုတ်။ သူ၏မိန်းမ မခင်ဝင်းပင် ဖြစ်တော့၏။

မခင်ဝင်းသည် ကိုမြလှိုင်ရှိရာသို့ ဒလကြမ်းပြေးလာရာ ကိုမြလှိုင်သည် နောက်သို့ဆုတ်လိုက်၏။ သို့သော် နောက်ကျခဲ့လေပြီ။ မခင်ဝင်းသည် ၎င်း၏ လက်နှစ်ဖက်ဖြင့် ကိုမြလှိုင်အား သိမ်းကြုံးဖက်ကာ “ဒါလင်–ဒါလင်... အဝင်းကို အပြစ်လွှတ်နော်... အဝင်းကို ချစ်တယ်မဟုတ်လားဟင်... ချစ်ရင် လွှတ်နော်... တောင်းပန်ပါတယ် ဒါလင်ရယ်... အဝင်းအပေါ်မှာ အခွင့်လွှတ်ပါနော်...နော်...”ဟု ရှည်လျားစွာ အော်ဟစ်လိုက်သော အသံသည် တဖြည်းဖြည်း နိမ့်သွားပြီးနောက် မောပန်းစွာ ညည်းညူလိုက်သည့်အသံဖြင့် အဆုံးသတ်လေသည်။

ကိုမြလှိုင်သည် မိမိနောက်ကျောမှ ဖက်ထားသော မခင်ဝင်း၏ လက်မောင်းသားများကို အတင်းဖျစ်ညှစ်ဆုပ်ကိုင်ကာ နံဘေးသို့ ဖယ်ချလိုက်၏။ မခင်ဝင်း၏အသားမှာ အေးအေးစက်စက် နိုင်လှပေ၏။

ယမန်နေ့က မခင်ဝင်း၏အပေါ်တွင် မိမိမည်မျှလောက် ဒေါသထွက်ခဲ့ပုံများသည် သူ၏စိတ်ထဲ၌ မှောင်ထဲတွင် မီးခြစ်လိုက်သကဲ့သို့ ဝင်းခနဲ ပြန်၍

ပေါ်လာ၏။ သို့နှင့် သူသည် ဒေါသအရှိန် မပြေသေးဘဲ ၎င်းအား ရက်စက်ကြမ်းတမ်းစွာ တွန်းပစ်လိုက်ရာ မခင်ဝင်းသည် ဒယိမ်းဒယိုင်နှင့် သွားစိုက်ကုလားထိုင်ပေါ်သို့ ပက်လက်လန်၍ ကျသွားလေသည်။ ထိုအချိန်၌ စာတ်မီးရောင်သည် မခင်ဝင်းအပေါ်သို့ ကွင်းကွင်းကွက်ကွက် ကျရောက်လျက်ရှိရာ လွတ်လပ်စွာရှိနေသော ၎င်း၏လက်မောင်းသားပေါ်တွင် ဆီချေးကဲ့သို့ မည်းနက်သောဆီကွက်များ ပေကျံလျက်ရှိသည်ကို မြင်ရ၏။ ၎င်း၏လက်များမှာ ကုလားထိုင်နံဘေး တစ်ဖက်တစ်ချက်သို့ တွဲရရွဲကျသွားလေ၏။ မျက်လုံးများမှာလည်း မှိတ်၍သွားပြီးလျှင် ပါးစပ်မှ အမြှုပ်တစ်စီစီထွက်၍ တစ်ချက်တစ်ချက် ညည်းညူလျက်ရှိလေရာ ကိုမြလှိုင်သည် စာတ်မီးရောင်ထိုးထားသည့် မခင်ဝင်း၏ ကိုယ်အစိတ်အပိုင်းများကို ငေးစိုက်ကြည့်ရှုလျက် ရှိလေသည်။

လက်ကိုင်ရိုးနှင့် တစ်ထွာခန့်မျှရှိသော ဆရာဝန်၏ ဓားကောက်ကလေးသည် အခြားသွားနှုတ်ကိရိယာများနှင့်အတူ မှန်စားပွဲပေါ်တွင် ရှိနေ၏။ ၎င်းမှာ သွေးများပေကျံလျက် ရှိ၏။ ဓားသွားပေါ်တွင် ရှိနေသည့် မခြောက်သေးသော သွေးများမှာ မိမိနှုတ်သော သွားဒဏ်ရာမှထွက်သော သွေးများပင် ဖြစ်တော့၏။ ကိုမြလှိုင်၏လက်သည် ထိုဓားကလေးရှိရာသို့ တစ်စုံတစ်ခုသော တန်ခိုးသတ္တိ၏ သွေးဆောင်တိုက်တွန်းမှုကြောင့် တဖြည်းဖြည်း ရောက်၍သွားလေ၏။ သူသည် စိတ်ကို မချုပ်တည်းနိုင်တော့ပြီ။

မခင်ဝင်း၏ တစ်ချက်တစ်ချက် ညည်းညူလိုက်သည့် အသံများကြားမှ သွားစိုက်ဆရာဝန်ကြီး၏ "မလုပ်နဲ့ ကိုမြလှိုင်... မလုပ်နဲ့"ဟူသော အသံကို ကိုမြလှိုင် ကြားလိုက်ရ၏။ ယင်းအသံမှာ မိမိအနီးမှမဟုတ်ဘဲ အတော်ဝေးသော အရပ်မှ ထွက်ပေါ်လာသည်ဟု ထင်မိ၏။ အသံများသည် သူ၏နားထဲတွင် တစ်ခွန်းထက်တစ်ခွန်း ကျယ်လောင်လာလျက် မခင်ဝင်း၏ ရှိုက်သံ၊ ညည်းသံများကို ဖုံးအုပ်သွားပြီးလျှင် နားကွဲလုမတတ် မြည်ဟိန်း၍သွားလေ၏။

ကိုမြလှိုင်သည် ဆရာဝန်၏ဓားကလေးကို တင်းကြပ်စွာ ဆုပ်ကိုင်လျက်ရှိ၏။ ထိုအချိန်၌ မခင်ဝင်းသည် မျက်လုံးများကို တဖြည်းဖြည်းနှင့်ဖွင့်ပြီးလျှင် ကိုမြလှိုင်အား ကြည့်လိုက်၏။ ၎င်း၏မျက်လုံးများမှာ ပေါက်တော့မည့်ဆဲဆဲ မြွေဟောက်တစ်ကောင်၏ မျက်လုံးများကဲ့သို့ အဆိပ်အတောက်ဖြင့် ပြည့်လျှမ်းတောက်ပလျက်ရှိ၏။

ထို့နောက် ကုလားထိုင်လက်တန်းများကို အားယူ၍ထောက်ကာ မခင်ဝင်းသည် ကိုမြလှိုင်အား အံကြိတ်လျက်ကြည့်နေလေ၏။ သူ၏လည်ပင်းမှ အကြောများမှာ ထောင်ထနေပြီးလျှင် မခင်ဝင်းသည် ချောင်တွင်ပိတ်မိနေသော သားရဲတိရစ္ဆာန်တစ်ကောင်ကဲ့သို့ နောက်ဆုံးခုခံရန် ဟန်ပြင်လျက် ရှိလေသည်။ သို့နှင့် သူသည် လေးတစ်စင်းမှလွှတ်လိုက်သော မြားတံကဲ့သို့ ကိုမြလှိုင် အပေါ်သို့ ခုန်၍အုပ်လိုက်လေသည်။

သို့သော် ကိုမြလှိုင်မှာ သူ့ထက်ပင် လျင်မြန်သကဲ့သို့ လက်ထဲတွင် ရှိနေသော ဓားဖြင့် မခင်ဝင်း၏ရင်ဝဆီသို့ တည့်တည့်ချိန်၍ ခံလိုက်၏။ ထက်မြက်သောဓားသွားသည် မခင်ဝင်း၏ရင်ညွှန့်နှင့် ထိတွေ့ပြီးနောက် လက်ကိုင်ရိုးအထိ မြုပ်ဝင်သွားလေသည်။ မခင်ဝင်းသည် ကြမ်းပေါ်သို့ ကျသွားပြီးနောက် မလှုပ်မယှက် ရှိနေတော့၏။ အသက်ကား မရှိတော့ချေ။

ထိုအချိန်၌ သံစုံတိုင်ကပ်နာရီမှ ၁၅ မိနစ်အရောက်တွင်ထိုးသော နာရီသံကို ကြားရ၏။

ခုံမြင့်တစ်ခုပေါ်တွင် တင်ထားသော ဓားပွဲတင်ဓာတ်မီးသည် သတ်ပုတ် လှုပ်ရှားမှုများကြောင့် ကြမ်းပေါ်သို့ လျှောကျသွားပြီးလျှင် မီးရောင်စက်ဝိုင်းသည် လည်း ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ ရောက်သွားကာ မခင်ဝင်း၏ အလောင်းပေါ်သို့ ထိုးကျလျက် ရှိနေလေသည်။ ကိုမြလှိုင်၏မျက်နှာမှာ ကြောက်ရွံ့ခြင်းလည်း မရှိ၊ ဝမ်းနည်းခြင်းလည်း မရှိ၊ နောင်တရခြင်းလည်း မရှိဘဲ အေးဆေးငြိမ်သက်သောအမူအရာ ရှိနေ၏။ သူသည် မခင်ဝင်း လဲကျ သွားရာ၌ ဓားကို လက်မှလွှတ်လိုက်သဖြင့် လက်မှလွှတ်သွားရာ ဓားကလေး သည်လည်း ကော်ဇောပေါ်ရှိ အလောင်းနံဘေးတွင် ဓာတ်မီးရောင်ဖြင့် တောက်ပ လျက် ရှိနေလေသည်။

ထိုအခါ၌ ဓားကလေးပေါ်တွင် သွေးများ မရှိတော့ချေ။ မှန်ကန်၍ တရားသောအမှုကို ပြုခြင်းကြောင့် ဓားကလေးမှာ စင်ကြယ်သန့်ရှင်းပြီးလျှင် မည်သည့်မကောင်းမှုကိုမျှ မသိသကဲ့သို့ သန့်ရှင်းစွာရှိနေသည်ကို မြင်ရ၏။

ကိုမြလှိုင်၏စိတ်သည် မိမိခြေရင်းတွင်ရှိနေသည့် အလွန်ထိန်လင်းသော ဓာတ်မီးရောင်၏ ညို့ခြင်းကို ခံရသကဲ့သို့ ငေးမောတွေဝေလျက်ရှိ၏။ ထိုအချိန် ၌... "ဟော့– လူသတ်သမား..."ဟူသော အသံတစ်သံကို ကြားလိုက်ရသဖြင့်

ကိုမြလှိုင်သည် အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်မိ၏။ မခင်ဝင်း၏ အလောင်းပေါ်သို့ ကျရောက်လျက်ရှိသော အလင်းရောင်မှတစ်ပါး တစ်ခန်းလုံးမှာ ခပ်မှောင်မှောင် ရှိနေ၏။ သို့နှင့် ကိုမြလှိုင်သည် အသံလာသောဘက်သို့ ကြည့်လိုက်ရာ အခန်းနံရံကိုကျောပေးလျက် စီတန်းနေသည့် လူဆယ်ယောက်ခန့်ကို မြင်ရ၏။ လူများမှာ အဝတ်စုတ်သာသာမျှသော အင်္ကျီလုံချည်များကို ဝတ်ထားလျက် ဆံပင်များမှာလည်း ဖရိုဖရဲရှိနေပြီး ဖျော့တော့သော မျက်နှာများလည်း ရှိ၏။ သူတို့သည် ရှေ့သို့ မတိုးဝံ့သကဲ့သို့ နံရံကို ကျောဖြင့် ကပ်နိုင်သမျှကပ်ကာ တစ်ယောက်ပခုံးကိုတစ်ယောက် တိုးဝှေ့၍နေကြ၏။

သူတို့အားလုံးပင် ကိုမြလှိုင်အား မျက်တောင်မှျပင် မခတ်သကဲ့သို့ စိုက်၍ကြည့်နေကြရာ ကြောက်ရွံ့၍နေသော အမူအရာများ ရှိ၏။ ထို့ကြောင့်လည်း တစ်ယောက်ကိုတစ်ယောက် တိုးဝှေ့ကာ နံရံနှင့် ကပ်နိုင်သမျှ ကပ်နေကြဟန်တူ၏။ သို့နှင့်ပင် "ဟော့... လူသတ်သမား" ဟု သူတို့အထဲမှ တစ်ယောက်က အော်လိုက်ပြန်၏။

ထိုအတွင်း... "ဒီအကောင်ကိုသတ်"ဟု မိန်းမတစ်ယောက်အသံဖြင့် အော်သံတစ်သံ ကြားရလေရာ ထိုစီတန်းနေသော လူများအားလုံးကပင် "ဒီအကောင်သတ်...ဒီအကောင်သတ်... ဒီအကောင်သတ်..."ဟု သံယောင်လိုက်၍ အော်ကြလေ၏။

ဝိုင်း၍အော်ဟစ်နေသော အသံများသည် ကျယ်လောင်သည်ထက် ကျယ်လောင်လာပြီးနောက်... "ဒီအကောင်သတ်... ဒီအကောင်သတ်"ဟု ဆူညံစွာရှိနေသည့်အတွင်း ၎င်းတို့အထဲမှ ခေါင်းဆောင်နှင့်တူသော သူတစ်ယောက်သည် နံရံဆီမှ အပြင်သို့ထွက်လာ၏။ ထိုသူမှာ လူခပ်ပုပု ခပ်ညှက်ညှက်တစ်ယောက် ဖြစ်၏။ သူ၏ဆံပင်မှာ လက်ဝဲဘက်မျက်လုံးကို ဖုံးအုပ်လု မတတ် အောက်သို့ကျလျက်ရှိ၏။ ရှေ့သို့ သူတို့ခေါင်းဆောင် ထွက်လာသည်ကို မြင်ရသောအခါ နံရံကပ်နေသူများလည်း အားတက်လာသည့်ဟန်ဖြင့် ရှေ့သို့ အတန်ငယ် ရွေ့လျားလာကြ၏။ ခေါင်းဆောင်သည် ကိုမြလှိုင်ရှိရာသို့ တစ်လှမ်းချင်း တိုး၍လာလေရာ နောက်မှလူများသည်လည်း သူတို့ခေါင်းဆောင် နောက်မှ တစ်လှမ်းချင်း လိုက်ပါလာကြသည်ကို ခပ်မှောင်မှောင်ရှိနေသည့် အထဲမှပင် ကိုမြလှိုင် မြင်ရ၏။ ကိုမြလှိုင်သည် နောက်သို့ ခြေတစ်လှမ်း

http://www.cherrythitsar.org

ဆုတ်လိုက်၏။ သို့နှင့် သူသည် အလင်းရောင်ရှိရာ အလောင်းနံဘေးသို့ ရောက်သွားလေသည်။ ခေါင်းဆောင်သည် ကိုမြလှိုင်ရှိရာသို့ တစ်လှမ်းချင်း တိုးလာလေရာ နောက်မှလူများသည်လည်း သွေးငတ်နေသော ဝံပုလွေတစ်အုပ် ကဲ့သို့ "ဒီကောင်သတ်...ဒီကောင်သတ်"ဟု ဟစ်အော်ရင်း သူတို့ခေါင်းဆောင် နောက်မှ ထက်ချပ်လိုက်ပါလာကြကုန်၏။ ကိုမြလှိုင်ကား မည်သို့မျှ မတတ်နိုင် ချေ။ လွတ်မြောက်ရန်နည်းလမ်းလည်း မရှိတော့ပြီ။ လူအုပ်သည် ကိုမြလှိုင် ပြေးပေါက်မရှိအောင် ဝိုင်းရံလျက် ရှိနေပြီဖြစ်ရာ ၎င်းတို့၏မျက်နှာများမှာလည်း အနီးသို့ ကပ်လာလေလေ ကြီးသည်ထက် ကြီးလာလေလေဟု ထင်ရ၏။

ဤကဲ့သို့ ဟစ်အော်နေသည့်အတွင်းမှ "ဟော့ ရပ်လိုက်"ဟူသော တန်ခိုးအာနိသင်နှင့် ပြည့်စုံဟန်ရှိသည့် အသံကြီးတစ်ခုကို နောက်ဖက်မှ ကြားလိုက်ရသဖြင့် ဟစ်အော်နေသောအသံများ တိတ်သွားလေသည်။ သူတို့ အားလုံးလည်း နောက်ဖက်သို့ လှည့်၍ကြည့်လိုက်ကြ၏။ သူတို့နောက်၌ကား အရပ်အမောင်း တုတ်ခိုင်ထွားကျိုင်း၍ သူတို့အပေါ်တွင် မိုးလျက်ရှိသော ပုံသဏ္ဌာန်တစ်ခုကို တွေ့မြင်ကြရ၏။ ထိုသူသည် လည်ပင်းမှ လက်ဖျားနှင့် ခါးအောက်အထိ အင်္ကျီကိုယ်ကြပ်အနက်ကြီးကို ဝတ်လျက် ဘောင်းဘီကြပ် အနက်ကိုလည်း ခြေမျက်စိအထိ ဝတ်ထား၏။ သို့သော် သူ၏ခြေ၌ ဖိနပ် မပါချေ။ ထိုသူကား အခြားမဟုတ်။ သွားစိုက်ဆရာဝန်ကြီး ဦးဘမောင်ပင် ဖြစ်တော့၏။

ဦးဘမောင်သည် သူ၏လက်တွင် လက်ကိုင်ရိုးအနက် တပ်ထားသည့် ပုဆိန်ကြီးတစ်လက်ကို ကိုင်ထားလျက် ပုဆိန်သွားကြီးကို ကြမ်းပြင်၌ ထောက် ထားလေသည်။ ပုဆိန်သွားကြီးမှာ အရောင်တဖိတ်ဖိတ်ထွက်လျက် ပုဆိန်ရိုး၏ အလယ်သာသာလောက်တွင် လက်ဖြင့် ကိုင်ဖန်များသောကြောင့် အတန်ငယ်ပင် ချိုင့်ဝင်လျက် ရှိလေသည်။

လူအုပ်ကြီးသည် တံခါးရွက်နှစ်ချပ်ကို တွန်းဖွင့်လိုက်ဘိသကဲ့သို့ နောက်သို့ ရှဲ၍သွားရာ ကိုမြလှိုင်သည် ဆရာဝန်ကြီးနှင့် ရင်ဆိုင်လျက် ရှိနေ တော့၏။ ထိုအချိန်၌ ကိုမြလှိုင်သည် ဓာတ်မီးရောင်အောက်တွင်ရှိနေလျက် ပုဆိန်ကိုင်ထားသော ဆရာဝန်ကြီးကမူ ဓာတ်မီးရောင် စက်ဝိုင်းအစွန်းအနီးရှိ

ခပ်မှောင်မှောင်နေရာ၌ ရှိနေလေသည်။ ဆရာဝန်ကြီးသည် ရှေ့သို့ တစ်လှမ်း တိုးလာပြီးနောက် "ကဲ...ဒီအကောင်ကို သတ်ရအောင် ဖမ်းကြစမ်း... သူ့များ အသက် သတ်ချင်တဲ့အကောင် သူ့အသက်လည်း ပေးရမယ်ပေါ့"ဟု အမိန့် ပေးသံဖြင့် ပြောလိုက်လေသည်။

ထိုအချိန်၌ မခင်ဝင်း၏အလောင်းမှာ နေရာ၌ မရှိတော့ဘဲ ထိုနေရာ တွင် သစ်နက်တုံးတစ်တုံး အစားရောက်ရှိနေ၏။ သစ်နက်တုံးမှာ အလယ် လောက်၌ အတန်ငယ်ချို့နေပြီးလျှင် ထိုနေရာ၌ သွေးကဲ့သို့ နီမြန်းသောအရည် များဖြင့် ပေကျံလျက်ရှိ၏။ ကိုမြလှိုင်သည် သစ်နက်တုံးကို မျက်နှာမှုကာ ဒူးထောက်၍ ချလိုက်၏။ ထိုအချိန်၌ သူ၏နားထဲတွင် ရာထောင်မကသော ဗုံများ၊ ဆိုင်းဝိုင်းများ တီးနေသကဲ့သို့ ဆူညံသောအသံများကို ကြားလျက်ရှိ၏။

ထိုအချိန်၌ နံရံတွင် ကပ်လျက်ရှိသော လူများထဲမှ ခေါင်းဆောင်ဖြစ် သည့် လူညှက်ကလေးသည် ရှေ့သို့ ထွက်လာပြီးနောက် ကိုမြလှိုင်၏မျက်လုံး များကို အဝတ်တစ်ခုဖြင့် စည်းနှောင်ပေး၏။

ပုဆိန်ကိုင်ထားသော ဆရာဝန်ဦးဘမောင်သည် သူ့ထံသို့ လျှောက်လာ သည်ကိုလည်းကောင်း၊ နံရံတွင်ကပ်နေသည့် လူစုအား ခက်ထန်သောမျက်နှာ ဖြင့် သူက ကြည့်နေသည်ကိုလည်းကောင်း သူ သတိပြုလိုက်မိ၏။ သို့နှင့် ကိုမြလှိုင်သည် စိတ်အားထက်သန်စွာ စောင့်ဆိုင်း၍နေမိ၏။ ထိုအချိန်၌ ဆိုင်းသံ၊ ဗုံသံများသည် ကျယ်လောင်သည်ထက် ကျယ်လောင်လာပြီးလျှင် သန်မာသော လက်ကြီးတစ်ဖက်သည် သူ၏ဇက်ကို နောက်မှကိုင်ပြီးလျှင် သစ်တုံးနှင့် ကပ်သည်အထိ ဖိနှိပ်၍ထားလိုက်၏။ သူ၏အသက်မှာ စက္ကန့် ပိုင်းမျှသာ ကျန်တော့သည်ဖြစ်၍ ကိုမြလှိုင်သည် ဘုရား–တရား–သံဃာ ရတနာသုံးပါးကို အာရုံပြုလျက် ရှိနေ၏။

ထိုခဏ၌ ထက်မြက်အေးစက်သော ပုဆိန်သွားကြီးသည် သူ၏ လည်ကုပ်ပေါ်သို့ ကျရောက်လေရာ... ကိုမြလှိုင်သည် မျက်လုံးများကို စက္ကန့် ဝက်မျှ ဖွင့်လိုက်နိုင်သေး၏။ ထိုခဏ၌ အလွန်လင်းသော အလင်းရောင် တစ်ခုကို မြင်လိုက်ရသဖြင့် မျက်လုံးများကို ပြန်၍မှိတ်လိုက်ရ၏။ ထို့နောက် လေအေးကလေးတစ်ချက် သူ၏မျက်နှာပေါ်သို့ တိုက်ခတ်သွားသည်ကို သိလိုက်ရလေသည်။

➜ ➜ ➜

http://www.cherrythitsar.org

"သတိရလာပြီ...သတိရလာပြီ..."ဟူသော ဆရာဝန် ဦးဘမောင်၏ အသံကို ကြားလိုက်ရပြီးနောက် ကိုမြလှိုင်သည် အမှောင်ထုအတွင်းမှ အလင်းသို့ ခုန်ဝင်လာဘိသကဲ့သို့ နဂိုပကတိအတိုင်း ကောင်းစွာ သတိရလာတော့၏။ သူသည် မျက်လုံးများနှင့် ဖွင့်ကြည့်လိုက်ရာ ကုတ်အင်္ကျီအဖြူကြီးကို ပြန်ဝတ်နေသော ဦးဘမောင်ကို အနီး၌ မြင်ရလေသည်။

လှိုင်။ "ကျွန်တော် ဘာဖြစ်သွားလဲ ဆရာ"

ကိုမြလှိုင်သည် နှုတ်ထားသော သွားနေရာမှ သွေးများ အတော်ပင် ထွက်နေသဖြင့် ရှေ့သို့ ဆက်လက်မပြောနိုင်သကဲ့သို့ ရှိနေ၏။

ဝန်။ "ခင်ဗျား သတိလစ်သွားတယ် ကိုမြလှိုင် အတော်ကြာတယ်... ကျုပ်လည်း အထင်သားကလားဗျာ။ အံဆုံးက အမြစ်ဟာ နှစ်ခွ သုံးခွရှိလို့ အတော်ခက်တာဗျ..."

ကိုမြလှိုင်၏ ကိုယ်တစ်ကိုယ်လုံးမှာ ချွေးများဖြင့် ရွဲရွဲစိုလျက်ရှိ၏။ ထိုအချိန်၌ ဓာတ်မီးကြီးကိုလည်း ငြိမ်းလိုက်ပြီဖြစ်၍ အတော်အတန် သက်သာရာရပြီးလျှင် ကိုမြလှိုင်သည် ပြတင်းပေါက်မှဝင်လာသော လေအေးကလေးကို တစ်ချက်မျှ အားပါးတရ ရှူရှိုက်လိုက်၏။ သူ၏ လည်ပင်းအောက်၌ ခံထားသော အဝတ်မှာ ချွေးများဖြင့် စိုရွှဲလျက်ရှိလေရာ ကိုမြလှိုင်သည် ဦးခေါင်းကို တစ်ချက်မျှ ဆတ်လိုက်၏။

ထိုအချိန်၌ သူ၏ ဦးခေါင်းနှင့် လည်ပင်းကို အဝတ်စိုတစ်ခုဖြင့် ပွတ်သပ်ဖိနှိပ်ပေးနေခဲ့သော သူနာပြုဆရာမသည် အနီးသို့ ချဉ်းကပ်လာပြီးနောက် ကိုမြလှိုင်၏ လက်ကောက်ဝတ်တွင် သွေးစမ်းကာ "သွေးတိုး အတော်ကောင်းလာပြီဆရာ..."ဟု ဦးဘမောင်ဘက်သို့ လှည့်၍ပြောလိုက်၏။ ထိုအချိန်၌ ဦးဘမောင်မှာ တိုင်ကပ်ကြွေအင်တုံထဲတွင် လက်များကို ဆေးကြောကာ အဝတ်ဖြူတစ်ခုဖြင့် သုတ်လျက်ရှိလေသည်။ သူသည် ကိုမြလှိုင်အတွက် အတော်ပင် စိုးရိမ်ဟန်ရှိသည့် လက္ခဏာဖြင့် ဆရာမရှိရာသို့ လျှောက်လာပြီးနောက်...

"ဘယ်နှယ့်လဲ ဆရာမ... အခုအချိန် ကျုပ်တို့ပြောလို့ တော်ပါ့မလား"

မ။ "ကိစ္စမရှိပါဘူး ဒေါက်တာ... ဘာမှ မဖြစ်ပါဘူး။ သွေးကောင်းလာလို့ ခံနိုင်ရည်ရှိပါပြီ..."

ကိုမြလှိုင်သည် ဆရာဝန်ဦးဘမောင်နှင့် ဆရာမအား တစ်ယောက် တစ်လှည့်စီ မျက်နှာကိုကြည့်ရှုလျက် ရှိလေသည်။ သူတို့သည် မိမိအား ပြောမည်ဆိုသော စကားမှာ မည်ကဲ့သို့စကားမျိုး ဖြစ်လေသနည်း...။

သူသည် သွေးအားနည်းသူတစ်ယောက်ဖြစ်၍ သွားနှုတ်ပြီးနောက် သတိလစ်သွားသည့်အတွင်း ရှည်လျားသော အိပ်မက်ကြီးကို မြင်မက်ခဲ့လေရာ သူ၏စိတ်များမှာ ထိုအိပ်မက်ကြီးကို ပြန်၍သတိရကာ တွေတွေဝေဝေ ရှိနေသေး၏။

ဆရာဝန်ဦးဘမောင်သည် ဖြူစင်သော မျက်နှာသုတ်ပုဝါတစ်ထည်ဖြင့် သူ၏လက်ချောင်းများကို တစ်ချောင်းစီ သေချာစွာသုတ်လျက်ရှိရာမှ ကိုမြလှိုင် အနီးသို့ လျှောက်လာပြီးလျှင် ၎င်းအား တစ်စုံတစ်ရာပြောရန် ဟန်ပြင်လိုက်၏။ ကိုမြလှိုင်ကား မျက်နှာကိုမော့ကာ ဦးဘမောင်ပြောမည့် စကားကို စောင့်ဆိုင်းလျက်ရှိလေသည်။

ဝန်။ "ခင်ဗျား သတိလစ်သွားတုန်း... ကျောက်တံတားဌာနက တယ်လီဖုန်းလာတယ်..."

ဦးဘမောင်သည် အထက်ပါစကားကို တစ်ခွန်းချင်းပြောလေရာ ကိုမြလှိုင်မှာ ယခုကဲ့သို့ ဦးဘမောင်က မပြောချင်ပြောချင် တစ်လုံးချင်း ပြောနေသည့်အတွက် ပိုမိုအံ့အားသင့်လျက် ရှိလေသည်။

"သတိထားပြီး နားထောင်နော် ကိုမြလှိုင်။ ခင်ဗျားမိန်းမဟာ မတော် တဆ ကားမှောက်ပြီး သေရှာပြီတဲ့ဗျ..."

ကိုမြလှိုင်က ပို၍အံ့အားသင့်လျက် "ဘာဗျ"

"ခင်ဗျားမိန်းမ ကားမှောက်ပြီး သေရှာပြီ... အချိန်က ၇ နာရီလောက် မှာတဲ့... ခင်ဗျား ကျုပ်ဆေးခန်းမှာ ဒီအချိန်လောက် ရှိလိမ့်မယ် ထင်တဲ့ အကြောင်း ခင်ဗျားမိန်းမက မသေခင်ကလေး ပြောသွားတဲ့အတွက် သူတို့လည်း ချက်ချင်းပဲ ကျုပ်ဆီကို ဖုန်းဆက်ပါတယ်တဲ့... ၇ နာရီဆိုတော့ ခင်ဗျား သတိလစ်သွားတဲ့ အချိန်လောက်ပေါ့ဗျာ..."

ကိုမြလှိုင်သည် စကားတစ်ခွန်းမျှမပြောဘဲ ကြယ်ရောင်များ တောက်ပ လျက်ရှိသော ကောင်းကင်ကို မှန်ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်ရှုလျက် ရှိလေ၏။

လှိုင်။ "ဟုတ်တယ် ဒါနဲ့ပဲ တူပါတယ်..."

ကိုမြလှိုင်သည် တစ်လုံးချင်း ပြန်ပြောရင်း သူ၏ အိပ်မက်ရှည်ကြီးကိုလည်းကောင်း၊ ဆရာဝန်ဦးဘမောင်၏ သွားစိုက်ခန်းသို့ မလာမီက ဇနီးဖြစ်သူ မခင်ဝင်းအား တွေ့ရာလက်နက်ဖြင့် တစ်ခါတည်း ထိုးသတ်လိုသောစိတ်များ ပေါ်ပေါက်လာခဲ့ပုံကိုလည်းကောင်း၊ သွားနုတ်လျက်ရှိစဉ်က မခင်ဝင်းသွားမည့် အရပ်များကို စိတ်ထဲက မှန်းဆ၍စဉ်းစားကာ မခင်ဝင်းအကြောင်းကိုသာ နက်နက်နဲနဲ မိမိ စဉ်းစားနေမိပုံကိုလည်းကောင်း ဆက်စပ်စဉ်းစားလျက် ရှိလေ၏။ ထို့နောက် "အင်း..."ခနဲ သက်ပြင်းတစ်ချက်ချကာ ခေါင်းငိုက်စိုက် ကျသွားလေသည်။

ကိုမြလှိုင်အား နောက်တစ်နေ့၌ပင် ဆရာဝန်များ၏ စမ်းသပ်တွေ့ရှိချက်အရ စိတ္တဇဆေးရုံသို့ ပို့ရလေသည်။

**သွေးသောက်မဂ္ဂဇင်း**
**၁၉၅၂ ခုနှစ်၊ ဧပြီလ**

# စိတ္တဇရန်ငြိုး

သုနာပြုဆရာမ အမာစိန်သည် အခြားဆရာမများထက်ပို၍ ချောမော လှပသည်ဟု မဆိုနိုင်သော်လည်း စကားအပြောအဆို ဣန္ဒြေရပုံ ဆင်ယင် ထုံးဖွဲ့ပုံနှင့် အဝတ်အစား သပ်ရပ်ပိရိပုံတို့မှာ ဆရာမအချင်းချင်းက အတုခိုး လောက်ပေသည်။ အလုပ်ဝတ္တရား ရှိသည့်အခါ ဝတ်ဆင်နေကျဖြစ်သော ၎င်း၏ အပြာရင့်ရောင်လုံချည်၊ ကုတ်အင်္ကျီအဖြူ၊ ခေါင်းစည်းဦးထုပ်အဖြူ တို့မှာ အစွန်းအကွက်ဟူ၍ အနည်းငယ်မျှမရှိ။ အရောင်မှိန်ခြင်း ဟောင်းနွမ်းခြင်း မရှိ ပကတိ အသစ်စက်စက်ကဲ့သို့ အစဉ်မပြတ် ခေါက်ရိုးကျိုးလျက် တောင့်တင်း သပ်ရပ်စွာ ရှိနေ၏။

သုနာပြုဆရာမ စာမေးပွဲ အောင်မြင်ပြီးနောက် ရန်ကုန်ဆေးရုံကြီးတွင် ၃ နှစ်မျှ ဒုတိယအဆင့်အတန်းသို့ ရောက်သည်အထိ အလုပ် လုပ်ခဲ့၏။ အိမ်ထောင်ကျသောအခါ ဆေးရုံကြီးမှထွက်၍ မဂိုလမ်းရှိ ကုလားဆေးတိုက် တစ်တိုက်တွင် အကူအညီဆရာမအဖြစ်ဖြင့် အလုပ်လုပ်ကိုင်လျက်ရှိစဉ် ယောက်ျားဖြစ်သူ သေဆုံးသွားရာ အိမ်ထောင်၏တာဝန်ကို တစ်ယောက်တည်း သယ်ပိုးထမ်းရွက်ရတော့သည်ဖြစ်၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် "ညဥ့်သုနာပြုဆရာမ"အလုပ်ကိုလည်း လက်ခံလုပ်ကိုင်လျက် ရှိလေသည်။

အမာစိန်မှာ သွက်လက်ချက်ချာသူတစ်ယောက်လည်းဖြစ်ပြန်၊ ဆေးရုံ ကြီးတွင် အနေကြာ၍ ဆရာဝန်ကြီးများနှင့်လည်း ခင်မင်ရင်းနှီးပြန်ဖြစ်ရကား

တစ်လလျှင် ပျမ်းမျှခြင်း အနည်းဆုံး ၁၀ ရက် ၁၅ ရက်ခန့်မျှ အော်ဒါများ ရရှိသဖြင့် အတော်ပင် ဝင်ငွေကောင်းခဲ့လေသည်။

လူနာအား "ညဥ့်လုံးပေါက်" ပြုစုစောင့်ရှောက်ရသည့် အလုပ်မှာ အခကြေးငွေကောင်းသလောက် တာဝန် ကြီးလေးလှ၍ ဆေးစပ်ခြင်း၊ ဆေးတိုက်ခြင်း၊ အဖျားအပူချိန် တိုင်းထွာခြင်း၊ တစ်ခါတစ်ရံ ဆေးထိုးပေးရခြင်း၊ လူနာ၏အရိပ်အကဲကို စောင့်ကြည့်ရခြင်း၊ ၂ နာရီလျှင် တစ်ကြိမ် သို့မဟုတ် ၃ နာရီလျှင် တစ်ကြိမ် သတ်မှတ်ထားသည့် အချိန်အတိုင်း အရေးကြီးလျှင် ကြီးသည့်အတိုင်း သက်ဆိုင်ရာတာဝန်ခံတို့အား အစီရင်ခံရခြင်း၊ အကြောင်းကြားရခြင်း စသည်တို့ကို တိကျစွာ တာဝန်ယူ ဆောင်ရွက်ရလေသည်။

အမာစိန်သည် ထိုနေ့ည (၈)နာရီတွင် လူနာတစ်ယောက်အား ညဥ့်လုံးပေါက် ပြုစုစောင့်ရှောက်ရန်အတွက် ဆေးရုံဆရာဝန်ကြီး ဒေါက်တာ မီနွန်ထံမှ "အော်ဒါ"ရသဖြင့် အလုပ်သွားရန် မိမိအိမ်ခန်းထဲတွင် ပြင်ဆင်လျက် ရှိလေသည်။ နှင်းပွင့်ကရိမ်ကို အောက်ခံ၍ "မက်ဖက်တာ"ပေါင်ဒါမွှေးကို ညီညာစွာ လိမ်းကျံပြီးနောက် လုံချည်၊ အင်္ကျီနှင့် ခေါင်းစည်းဦးထုပ် စသည်တို့ကို သပ်ရပ်စွာ ဝတ်လေ၏။ ထိုနောက် ကိုယ်လုံးပေါ်မှန်တွင် ကိုယ်ကို လှည့်ပတ်ကြည့်ရှုပြီးလျှင် အင်္ကျီနှင့် လုံချည်ကို တင်းတင်းရင်းရင်းဖြစ်အောင် ပြင်ဆင်လေသည်။ ရဲသားသည် မိမိ၏ယူနီဖောင်းဖြင့်လည်းကောင်း၊ စစ်သားသည် မိမိ၏လက်နက် မိမိ၏စစ်ဝတ်တန်ဆာတို့ဖြင့်လည်းကောင်း ဂုဏ်သိက္ခာနှင့် အဆောင်အယောင်ကို ဖန်တီးသကဲ့သို့ အလုပ်ဝတ္တရားတွင်လည်း ဆရာမယူနီဖောင်းဝတ်စုံသည် မိမိ၏ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းဖြစ်သည်ဟု ယူဆကာ အလှပြင်ရာတွင် သနပ်ခါး၊ ပေါင်ဒါ၊ ရေမွှေး စသည်တို့ကို ဂရုစိုက်သလောက် ယူနီဖောင်း၏သပ်ရပ်မှုကို ဂရုစိုက်သူ ဖြစ်လေသည်။ ထို့ကြောင့်လည်း အမာစိန်သည် အလုပ်သွားခါနီး၌ မိမိကိုယ်ကို ကိုယ်လုံးပေါ်မှန်ထဲတွင် နောက်ဆုံး လှည့်ပတ်ကြည့်ရှုလိုက်ခြင်း ဖြစ်၏။

ထိုနေ့ နေ့လည်က သူ အလုပ်လုပ်နေသော ဆေးတိုက်သို့ တယ်လီဖုန်းဆက်၍ခေါ်သော ဆရာဝန်ကြီး ဒေါက်တာမီနွန်၏ စကားများကို နားထဲတွင် ကြားယောင်လျက် ရှိသေး၏။ ဆရာဝန်ကြီး၏အသံမှာ ခန့်ညားတည်ကြည်၍ ရှိသေလေးစားလောက်သော အသံ ဖြစ်လေသည်။

"ဒီမှာ ဆရာမ… ဒီနေ့ည (၈)နာရီတိတိ ရန်ကုန်ဆေးရုံကြီး အထူးခန်းမှာ အလုပ်ဝင်ဖို့ရှိတယ်… ကျုပ်လူနာက ဘယ်လိုမှ မလုပ်မယှက်နိုင်ဘူး။ ကိစ္စက သိပ်ဆိုးတဲ့ကိစ္စ၊ မျှော်လင့်စရာ မရှိသလောက်ဘဲ ဆိုပါတော့။ နိုပေမယ့် တတ်နိုင်သမျှ ပြုစုရုံပေါ့လေ… ဒီလိုဆိုရင် ကိုယ့်အလုပ်ဝတ္တရား ကျေပြွန်တာပဲ။ ဒီလူ အသက်ရှင်နေတာတောင် အင်မတန် ကံကောင်းတယ်လို့ ဆိုရမယ်…" ဟိုဘက်ကားက လူတွေတော့ အားလုံး ပွဲချင်းပြီးပဲ"

အမာစိန်၏ နှလုံးသားများသည် အပေါ်သို့ ခုန်တက်လာသကဲ့သို့ မှတ်ထင်ရ၏။ ယခင်အတိတ်က အဖြစ်အပျက်များသည် စိတ်ထဲတွင် အသစ်ပြန်၍ ပေါ်လာသကဲ့သို့ လွန်ခဲ့သော ၅ နှစ်ခန့်က အဖြစ်အပျက်တစ်ခုကို ပြန်၍ သတိရမိ၏။ "သြော်… ကိုဘထွန်း… ကိုဘထွန်း ၅ နှစ်တောင် ရှိသွားရှာပြီ"ဟု စိတ်ထဲက ရေရွတ်လိုက်မိ၏။ ထို့နောက် ဒေါက်တာမိန္ဒန်အား ပြန်၍ပြောလေသည်။

"ဟုတ်ကဲ့ဒေါက်တာ… ကျွန်မ လာနိုင်ပါတယ်… ည (၈)နာရီမှာ ကျွန်မ ရှိပို့ လုပ်ပါ့မယ်"

ထိုအခါက အမာစိန်သည် မိမိ၏ရင်ခုန်သံကိုပင် ကြားရမလောက် တုန်လှုပ်မိခဲ့၏။

အလုပ်ဝတ္တရားကို ဆောင်ရွက်ရာတွင် တွေ့မြင်သူတိုင်း ရိုသေလေးစားစေရန် ယူနီဖောင်းကို မှန်ရှေ့၌ သပ်ရပ်စွာပြင်ဆင်ပြီးနောက် အောက်ထပ်သို့ ဆင်းခဲ့လေ၏။ အချိန်မှာ ၇ နာရီ ၄၅ မိနစ်မျှ ရှိခဲ့လေပြီ။

အမာစိန်သည် သုံးဘီးကားတစ်စီးကို လက်ပြခေါ်လိုက်ပြီးနောက် ဆေးရုံကြီးသို့ မောင်းစေ၏။ ကားပေါ်၌ပင် လွန်ခဲ့သော ၅ နှစ်ခန့်က သေဆုံးသွားခဲ့သော မိမိ၏လင်ယောကျ်ားကို သတိရလျက်ရှိ၏။

ဆေးရုံကြီးသို့ ရောက်သောအခါ မိမိကို စောင့်မျှော်နေသော ဒေါက်တာမိန္ဒန်အား တံခါးဝအဒီး၌ပင် အခန့်သင့် တွေ့ရလေသည်။ ဒေါက်တာမိန္ဒန်မှာ ဝဝတုတ်တုတ် 'ဂင်တို'ဖြစ်၍ ဦးခေါင်းတွင်လည်း အလယ်၌ ဆံပင်မပေါက်ဘဲ 'ထိပ်ပြောင်' ဖြစ်လေသည်။ အမာစိန်က စကားပြောသောအခါ အင်္ဂလိပ်ဘာသာဖြင့် ပြော၏။

တာ။ "ဒီမှာ ဆရာမ"

စိန်။ "ဟုတ်ကဲ့ ဒေါက်တာ"

"လူနာရဲ့နာမည်က မောင်ဘမောင်တဲ့။ ဒီကနေ့မနက် အစောကြီးပဲ ရောက်လာတယ်... သူ့ကားက ပုဇွန်တောင်ဘက်မှာ တခြားကားတစ်စီးကို ဝင်တိုက်ပြီး ဟိုဘက်ကားကလူတွေတော့ နေ့လည်က ကျုပ်ပြောတဲ့အတိုင်းပဲ"

"အားလုံးပဲ သေတယ်လား ဒေါက်တာ"

ဒေါက်တာမိန္ဒနှ်က ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

တာ။ "ဒီလူမှာရတဲ့ ဒဏ်ရာတွေကိုတော့ မပြောနဲ့တော့... ပေါက်ပြဲသွားတာတွေ၊ ကြေမွသွားတာတွေ၊ ခေါင်မှာ ဒဏ်ရာတွေ အားလုံး ရစရာမရှိဘူး။ ဒါတောင် ကိုယ်ထဲမှာ ဘယ်လောက်များ အတွင်းကြေကြေပြီး ထိခိုက်သွားတယ်ဆိုတာ မသိသေးဘူး။ ဒီတော့ သည်လောက်တောင် ဒဏ်ရာရတဲ့လူကို ပတ်တီးနဲ့ နေသားတကျဖြစ်အောင် စည်းထားရရုံကလွဲပြီး အခုအနေ ဘယ်လိုမှ မတတ်နိုင်သေးဘူး"

အမာစိန်သည် စုတ်တစ်ချက်မျှ သပ်လိုက်ပြီးနောက်–

"အထူးခန်းလား ဒေါက်တာ"

"ဟုတ်တယ် ပထမထပ်၊ အခန်းနံပါတ် ၁၃၊ ဆရာမအနေနဲ့တော့ အခုအခါမှာ လုပ်စရာများများ မရှိလှပါဘူး... ဆေးစာအညွှန်းတော့ ကျုပ်ထားခဲ့ပြီ။ နိုပေမယ့် တစ်ခုရှိတာက သူ့ကို အချိန်မှန်မှန် သတိနဲ့စောင့်ကြည့်ဖို့ပဲ။ သူ့အပူချိန်ကို အချိန်မှန်ယူဖို့ပဲ။ သူနဲ့တော့ ဘယ်နည်းနဲ့မှ စကားပြောနိုင်မယ် မဟုတ်ဘူး"

"ကိုယ်အင်္ဂါအားလုံး သေနေသလား... ဒေါက်တာ"

"အိုဒီတာကတော့ ခဏပါပဲ... နိုပေမယ့် သူဟာ လှုပ်လည်း မလှုပ်နိုင်ဘူး... စကားလည်း မပြောနိုင်ဘူး... နက်ဖြန်ကျရင်တော့ အစာကို အောက်က သွင်းပေးကောင်း ပေးရလိမ့်မယ်"

"ဆရာ့ဆီက ကျွန်မ အလုပ်မရတာ အတော်ကြာပြီနော်... ကျွန်မကို အခုလို သတိရတာ ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဒေါက်တာ မိန္ဒနှ်သည် နှုတ်ခမ်းများကို အနည်းငယ်တွန့်လိုက်ကာ ပြုံးသည်ဆိုရုံမျှ ပြုံးလိုက်၏။ ထို့နောက် ရင့်ကျက်သောမျက်နှာသို့ ပြောင်းလဲသွားပြန်၏။

တာ။ "မင်း အခုပြောမှ မနှစ်က ကားချင်းတိုက်မိတဲ့ ကပြားမကို သွားပြီး သတိရမိတယ်ကွယ်… တစ်ကိုယ်လုံး တစ်လက်မမှမကျန်ဘူး ပတ်တီး စည်းထားရတာလေ… နို့ပေမယ့် အခုအမှုမှာ အဲဒီမိန်းမတုန်းကလို မဖြစ်ပါ စေနဲ့လို့ ဆုတောင်းရတာပဲ ဆရာမ"

"ဟုတ်တာပေါ့ ဒေါက်တာ… ဒါထက် သူက ဝင်တိုက်လိုက်တဲ့ ကားပေါ်က လူတွေကော…"

"ဆရာ ပြောပြီးပါပြီကော… သူတို့ကိုတော့ ဘယ်နည်းနဲ့မှ ကျုပ်တို့ မကယ်နိုင်တော့ဘူး… ကိုင်း…ကိုင်း… လူနာဆီသွားပေတော့– ပထမထပ် အခန်းနံပါတ် ၁၃ ပဲ"

ဆရာဝန် ဒေါက်တာမိန့်မှန် ထွက်သွားသောအခါ သူနာပြုဆရာမ အမာစိန်သည် လှေကားအပေါ်ထပ်သို့ သွက်လက်စွာ တက်သွားပြီးနောက် စင်္ကြံတစ်လျှောက်သို့ ခန့်ညားစွာ လျှောက်သွား၏။ ထို့နောက် အထူးခန်း အခန်းနံပါတ် (၁၃)သို့ ရောက်သောအခါ ခပ်ဖြည်းဖြည်း ဝင်သွားလေသည်။

ထိုအချိန်က အလုပ်ဝတ္တရားကျနေသူမှာ ဆေးရုံကြီးမှ ဆရာမမေရီ ဆိုသူဖြစ်၍ မေရီသည် အခန်းတွင်းသို့ဝင်လာသော အမာစိန်အား ပြုံး၍ နှုတ်ဆက်လိုက်လေ၏။ ထိုအခါ အမာစိန်က "ဆရာမရဲ့ အလုပ်ဝတ္တရားကို ကျွန်မ ယူပါတယ်ရှင်"ဟု ပြောရာ မေရီသည် ဦးခေါင်းကို တစ်ချက်မျှ ဆတ်လိုက်ပြီးနောက် "ကျေးဇူးတင်ပါတယ်ရှင်"ဟု ခပ်တိုးတိုး ပြန်၍ပြောပြီး လျှင် အခန်းတွင်းမှ ထွက်သွားလေ၏။

ဖြူဖွေးသော အိပ်ရာခင်းပေါ်တွင် လူနာသည် မတုန်မလှုပ် ဆန့်ဆန့် ကြီးရှိနေလျက် အကယ်၍ အနီးသို့သာ ချဉ်းကပ်မကြည့်ဘဲ ဖြည်းညင်းသိမ်မွေ့ စွာ အသက်ရှူနေသည်ကို မတွေ့ရပါက အလောင်းကောင်တစ်ခုဟုသာ ထင်မှတ်ရန်ရှိ၏။ ပတ်တီးများဖြင့် ခြေထောက်မှ ဦးခေါင်းအထိ စည်းနှောင် ထားရာ အီဂျစ်ပြည်နယ်တွင် တူးဖော်တွေ့ရှိရသော "ဖာရောက်"ခေါ် ရှေးဘုရင် များ၏ အလောင်းကောင်ကြီးနှင့် တူလှပေ၏။ ခြေနှင့် လက်များတွင် သွေးစ သွေးနများသည် အချို့နေရာများ၌ တစ်လက်မမျှပင် အသားမပေါ်ဘဲ တင်းကြပ်စွာ စည်းနှောင်လျက်ရှိ၏။ အလွန်ကြောက်မက်ဖွယ်ကောင်းသော အနိဋ္ဌာရုံ ရှုမြင်ခင်းတစ်ခုပါပေ။ မျက်လုံးနှစ်လုံး ရှိသည့်အနက် တစ်လုံးကိုပင်

http://www.cherrythitsar.org

ဖုံးအုပ်စည်းနှောင်ထားရာ ကျန်တစ်လုံးသာ လူ့လောကကြီးနှင့် အဆက်အသွယ် ရှိနေသကဲ့သို့ လွတ်လပ်စွာ ကျန်၍နေလေသည်။

ဆရာမ အမာစိန်သည် လူနာအနီးသို့ ချဉ်းကပ်ကြည့်ရှုရာ ထိုလွတ်လပ်သော မျက်လုံးတစ်လုံးပင် မှိတ်၍နေသည်ကို တွေ့ရ၏။ ထိုခဏ၌ အမာစိန်သည် ကုတင်ခြေရင်းဘက် လက်ရမ်းကိုမှီ၍ လူနာအား ကြည့်ရှုလျက်ရှိရာ သူ၏စိတ်ထဲတွင် သနားကြင်နာစိတ်လည်း မရှိ၊ မည်သည့်စိတ်မျိုးမှ မရှိချေ။

လူနာအနီးသို့ ချဉ်းကပ်နားထောင်ရာ အသက်ရှူသံကလေးကို သဲ့သဲ့ကြားလိုက်ရ၏။ အသံမှာ ဖြည်းညင်းစွာ လေချွန်လိုက်သော အသံကလေးကဲ့သို့ ဦးခေါင်းရှိ ထိုတစ်ပေါက်တည်းသော အပေါက်ကလေးမှ ထွက်လာသကဲ့သို့ ထင်ရ၏။

ထိုအခါ အမာစိန်သည် နှုတ်မှမထွက်ဘဲ စိတ်ထဲမှ "နာမည်ကကိုဘမောင်တဲ့။ သူမောင်းတဲ့ကားနဲ့ တခြားပရိုက်ဗိတ်ကားတစ်စီး ဝင်တိုက်ပြီး ဟိုကားပေါ်က လူတွေတော့ တစ်ယောက်မှ ရှင်မှာမဟုတ်ဘူး။ သူကတော့ ဘုရားသခင် မ,လို့ အသက်ရှင်ပြီး ကျန်ရစ်ခဲ့တယ်"ဟု ရေရွတ်တွေးတောရင်း လက်ဝဲဘက်လက်တွင် ပတ်ထားသော ရွှေလက်ပတ်နာရီကလေးကို မြှောက်၍ ကြည့်လိုက်၏။ အချိန်မှာ ၈ နာရီ ၁၀ မိနစ်မျှသာ ရှိသေး၏။ တစ်နာရီခန့်မျှ စောင့်၍နေရဦးမည်။ အကယ်၍ လူနာ မျက်စေ့မပွင့်လျှင် နောက်ထပ်တစ်နာရီခန့် စောင့်ကောင်း စောင့်ရပေဦးမည်။ ထိုနှင့်မျှ လူနာ မနိုးခဲ့သော် မိမိက နိုးရပေမည်။

အမာစိန်သည် လူနာနှင့် စကားပြောလိုလှ၏။ စကားပြောရန်လည်း လွန်စွာ စိတ်အားထက်သန်လျက် ရှိလေသည်။

၈ နာရီ မိနစ် ၃၀ တွင် လူနာ၏ညည်းသံကို သဲ့သဲ့ကြားရ၏။ သို့နှင့် အမာစိန်သည် ခေါင်းရင်းဘက်သို့ လျှောက်သွားကာ ကုတင်ဘေးတွင် ကိုယ်ကို မတ်မတ်ရပ်လိုက်၏။ ထို့နောက် လူနာ၏မျက်လုံးပေါက်ကို စူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။

လူနာ၏မျက်လုံးမှာ ပွင့်၍လာ၏။

ထိုအခါ အမာစိန်သည် ဝမ်းမြောက်ခြင်းဖြင့် အတန်ငယ် တုန်လှုပ်သွားပြီးနောက် လေသံအေးအေးဖြင့်...

http://www.cherrythitsar.org


"ဒီမှာလေ ကျွန်မနာမည် အမာစိန်ပဲရှင့်။ ဒီညအတွက် ရှင့်ကိုပြုစုဖို့ ကျွန်မကို ငှားထားတာ ကျွန်မပြောတာ ကြားလား ဦးဘမောင်... ရှင်ဟာ အခုလို အသက်ရှင်နေတာ ကံကောင်းတယ်...၊ ရှင့်ကို ကားတိုက်တာ ကျွန်မ ကြားပြီးပြီ။ တခြားလူတွေတော့ ရှင့်လို ကံမကောင်းရှာကြဘူး။ ကျွန်မ အခုပြောတာ ရှင် နားလည်ရဲ့လား...၊ နားလည်တယ်မဟုတ်လား..."

လှုပ်လပ်နေသော တစ်လုံးတည်းသော မျက်လုံးက မျက်တောင်ခတ်လိုက်၏။ အမာစိန်က အားမလိုအားမရ ဆက်လက်၍..."ရှင် အခုလို စကားမပြောနိုင်တာ သနားစရာပဲရှင်...။ ရှင်ကတော့ သိပ်ပြောချင်လိမ့်မယ်ဆိုတာ ကျွန်မ သိတယ်... ဟုတ်တယ်မဟုတ်လား။ နို့ပေမယ့် စကားပြောနိုင်ရုံနဲ့တော့ သေတဲ့လူဟာ ဘယ်တော့မှ ပြန်မရှင်ဘူး"

သူ၏လက်များသည် အတန်ငယ်အေးလာသဖြင့် အမာစိန်သည် လည်ပင်းမှ ကော်တိုက်ထားသော လည်ပင်းကော်လာကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်၏။ ထို့နောက် မဝေခွဲနိုင်သကဲ့သို့ တုန်ရီသောအသံဖြင့်–

"ရှင် ကျွန်မပြောတာ ကြားလား ဦးဘမောင်... ကြားတယ် မဟုတ်လားဟင်"

လူနာ၏ကိုယ်မှ လေချွန်သံကဲ့သို့ အသက်ရှူသံကလေး ထွက်လာ၏။ မျက်လုံးတစ်လုံးသည်လည်း ပြူး၍ အမာစိန်အား စိမ်းစိမ်းကြည့်နေ၏။

စိန်။ "ရှင် ကျွန်မပြောတာကြားရင် မျက်လုံးကို ခဏကလေး ပိတ်လိုက်စမ်း"

မျက်လွှာသည် အောက်သို့ကျကာ တစ်ခဏမျှ မျက်လုံး ပိတ်သွားပြီးနောက် ပြန်၍ ပွင့်လာလေသည်။

"အင်း... ဦးဘမောင် အခုလို ရှင် နားလည်တယ်ဆိုတာ ကျွန်မ သိပ်ဝမ်းသာတာပဲ။ မနှစ်တုန်းက ကျွန်မပြုခဲ့ရတဲ့ ကပြားမကတော့ ဘာမှ မသိဘူး... လုံးလုံးကို သတိမရတော့ဘူး... အဲဒါ သနားစရာပဲ ကျွန်မတော့ သူ့ကို သိပ်သိစေချင်တယ်။ ကျွန်မပြောတာ အကုန်လုံးကြားပြီး နားလည်စေချင်တယ်။ အဲဒီတော့မှ သာပြီး အရသာရှိတာ ဦးဘမောင်ရဲ့"

ထို့နောက် ယခင်ကထက် တည်ငြိမ်သောအသံဖြင့် ဆက်လက်၍ "ဒေါက်တာမိန္ဒန်ကတော့ ရှင့်အတွက် ဆေးညွှန်းတွေ ထားခဲ့ပါတယ်။ နို့ပေမယ့်

ရှင့်ကို ကျွန်မ ဘယ်လိုပြုစုမယ်ဆိုတာ သူ နားမလည်ရှာဘူး… ရှင့်ကို ကျွန်မ ဘယ်လိုဂရုစိုက်မယ်ဆိုတာ မသိရှာဘူး ဦးဘမောင်… ရှင့်အတွက် ကျွန်မ ဆောင်ရွက်စရာ ကိစ္စကြီးတစ်ခုကို ဆောင်ရွက်ခဲ့မယ်။ ကျေးဇူးတရား ဆိုရင်လည်း ဟုတ်ကဲ့ အဲဒါ အခုထက်ပိုပြီး ရှင့်ကို စိတ်ချမ်းသာအောင် လုပ်နိုင်သေးတယ်။ ဘာလဲဆိုတာ ရှင် သိရဲ့လားဟင်”

အမာစိန်သည် အသံထွက်အောင် တီးတိုး ပြုံးရယ်လိုက်၏။ ထို့နောက် လူနာအနီးသို့ ယခင်ကထက် ပို၍နီးကပ်စွာ ချဉ်းကပ်ပြီးလျှင် ပတ်တီးစည်း၍ ထားသော နားနားသို့ သူ၏နှုတ်ခမ်းကိုကပ်၍ “ရှင့်ကို ကျွန်မ သတ်မလို့ရှင် သတ်မလို့ ဦးဘမောင် နားလည်လား”

တစ်လုံးတည်းသော မျက်လုံးလေးသည် ကြောက်ရွံ့တုန်လှုပ်သွားသည့် ဟန်ဖြင့် လည်၍သွားသကဲ့သို့ ထင်မှတ်ရ၏။

အမာစိန်က ဆက်လက်၍ “ဘာဖြစ်လို့လဲဆိုတာ သိတယ်မဟုတ်လား ဦးဘမောင်… ဒီပြင်လူတွေ အကုန်သေကုန်ပြီ ရှင်သိလား… သေတာမှ ကြေမှုပြီး သေကြရတယ်။ တာဝန်က ရှင့်တာဝန်၊ နို့ပေမယ့် ရှင်ကတော့ မသေသေဘူး။ ရှင်ကတော့ ရှင်နေတယ်။ အဲဒါ တရားနိုင်ပါ့မလား ဦးဘမောင်၊ ဒီဟာ ရှင် အားလုံးသိပါတယ်။ သေခြင်းက ချမ်းသာပေးနိုင်တယ်။ ဒါပေမယ့် ချမ်းသာမပေးနိုင်တာက ကျွန်မ”

မျက်လုံးကလေးသည် ကြောက်ရွံ့ခြင်း ပြင်းစွာလည်၍ သွားပြန်၏။

အမာစိန်က ခပ်ထေ့ထေ့ပြုံးကာ လေသံဖြင့် “ဪ… ရှင် ကြောက်သလား။ အင်း ကြောက်မှာပေါ့လေ… စဉ်းစားဖို့ အချိန်ရတာကိုး။ သေတာဟာ ကြောက်စရာမရှိပါဘူး ဦးဘမောင်ရဲ့။ လူတွေဟာ အချိန်ရရင် သေခြင်းတရား ကို ကြောက်ကြတာပဲ။ ရှင်ကတော့ အခု ကျွန်မပြောလို့ စဉ်းစားဖို့ အချိန် ရတာကိုး။ ဒီတော့ ကြောက်တာပေါ့။ ကျွန်မ ပြောတာ မဟုတ်ဘူးလား… ဦးဘမောင် မဟုတ်ဘူးလား…”

အမာစိန်သည် မျက်မှောင်ကြုတ်ကာ ဆက်လက်၍ “အရင်နှစ်က ကပြားမကတော့လေ သူ ဘာဖြစ်မယ်ဆိုတာ ဘာမှမသိဘူး။ ဘယ်သိမလဲ။ ကျွန်မက အခုလိုမှ သတိမပေးဘဲကိုး။ ဒီတော့ ကျွန်မလည်း ကျွန်မ လုပ်စရာ ရှိတာ ကျွန်မ လုပ်ရုံပေါ့။ နို့ပေမယ့် အဲဒီလိုသေခါနီး သူမ သိသွားတာ

ကျွန်မ သိပ်ဝမ်းနည်းတာပဲ။ သူ ဘာကြောင့် သေရတယ်ဆိုတာ အမှန်တော့ သူ သိသွားဖို့ကောင်းတယ် ဦးဘမောင်ရဲ့”

အမာစိန်သည် နောက်သို့ ပြန်၍လှည့်လိုက်ရာ စားပွဲတင်မှန်ဝိုင်းထဲ၌ မြင်ရသော မိမိအရိပ်ကိုပင် လန့်ဖျပ်သွားသဖြင့် ဖျတ်ခနဲ ဖြစ်၍သွား၏။ ထို့နောက် လူနာ၏အိပ်ရာဘက်သို့လှည့်ကာ ဆက်လက် ပြောဆိုပြန်လေသည်။ သို့သော် သူ၏အသံမှာ ရန်ငြိုးတည်းဟူသော အဆိပ်ဖြင့်ပြွမ်းကာ ခက်ထန်၍ နေလေသည်။

“ဘာကြောင့်လဲဆိုတာ ရှင်ကတော့ သိချင်နေမှာပေါ့ ဟုတ်တယ် မဟုတ်လား… ကိုဘထွန်းကြောင့်ရှင့်၊ ကိုဘထွန်းကြောင့်။ ကျွန်မယောကျ်ား ကိုဘထွန်းကြောင့် သိပြီလား။ ရှင်လိုလူမျိုးပေါ့ သူ့ကိုသတ်တာ။ ဘုရားသခင်မှ သိမယ်… ရှင်တောင် ဖြစ်ချင်ဖြစ်မယ်… ဒိုင်းဆို တစ်ချက်တည်းနဲ့ တစက္ကန့်တည်းနဲ့ အသက် ပါသွားရှာတာပဲ။ တောက် ငါးနှစ်ရှိပြီ၊ ငါးနှစ်၊ ကျွန်မ အချစ်ကို ကျွန်မလက်ထဲက အတင်းဆွဲယူသွားတယ်… ငါးနှစ်ဟာ ကျွန်မ စိတ်ထဲမှာ ငါးမိနစ်ပဲ ရှိသေးတယ်… မမေ့ဘူး… မမေ့ဘူး… မမေ့နိုင်ဘူး။ ကျွန်မ ဘယ်တော့မှ မမေ့နိုင်ဘူး…”

လူနာ၏ တစ်လုံးတည်းသော မျက်လုံးသည် မျက်ရိပ်ပြရန် ကြိုးစား လျက်ရှိ၏။

အမာစိန်က ဆက်လက်၍ “ကျွန်မက ရှင်တို့လိုလူမျိုးတွေကို စောင့်နေတယ် ဦးဘမောင်… ရှင်တို့က ကားသစ်လေးတွေ မောင်းရရင် နားထင် သွေးရောက်နေတာပဲ… ကိုယ့်ကိုယ်ကိုယ် ဝင်ကြီးများ အောက်မေ့နေသလား မပြောတတ်ဘူး… အရှိန်းသွေးကြီး၊ အရှိန်းမောင်း၊ အရှိန်းတိုက် နောက်ဆုံး အရှိန်းသေပေါ့ရှင်… အရင်နှစ်က ကပြားမကလည်း ဒီလိုပေါ့။ သူ့ကားသစ် ကြီး ဝယ်ပြီးခါစ အရှိန်းမောင်းပြီး ဟိုဘက်ဂျစ်ကားပေါ်မှာပါတဲ့ လင်ရော၊ မယားရော၊ နို့စို့ကလေးရော ချောက်ထဲကျပြီး အားလုံး သေရှာပါလေရောလား ရှင့်… နို့ပေမယ့် ဘုရားသခင်က သူ့အသက်ကို ချမ်းသာပေးတယ်လေ… တစ်ကိုယ်လုံး ဒဏ်ရာတွေရပေတဲ့ မသေဘူး။ ဒါက ဘုရားသခင်ရဲ့ အလိုကိုး။ အဲဒီလို ဘုရားသခင်က ဒဏ်မခတ်တော့ ကျွန်မကပဲ ဒဏ်ခတ်…”

စကားမဆုံးမီ အခန်းတံခါး ပွင့်လာပြီးနောက် တရုတ်ဆရာဝန်လေး ဒေါက်တာချန်တိတ်သည် အခန်းတွင်းသို့ ဝင်လာ၏။ ထို့နောက် အမာစိန်အား ပြုံးရွှင်နှုတ်ဆက်လျက်...

"ဟဲလို ဆရာမ လူနာ ဘယ့်နှယ်နေသေးသလဲ"

စိန်။ "ကိစ္စမရှိပါဘူး ဒေါက်တာ။ ဒီအတိုင်းပါပဲ။ ဘာမှ ထူးထူး ခြားခြား မဖြစ်ပါဘူး"

ဒေါက်တာ ချန်တိတ်သည် လူနာ၏မျက်လုံးဆီသို့ ငုံ့၍ကြည့်ကာ

"သူ နိုးနေတယ်ထင်တယ် ဆရာမ"

အမာစိန်က တုန်ရီသောအသံဖြင့် "ဟုတ်ကဲ့"

"ဆရာမအသံတွေ တုန်နေတယ်။ နည်းနည်းအေးတယ် ဆရာမ ဟိုဘက်က ပြတင်းပေါက် နည်းနည်းပိတ်ထားရင်ကောင်းမယ်"

"ဟုတ်ကဲ့ ဒေါက်တာ ကျေးဇူးတင်ပါတယ်"

"အိုကေ ဂွဒ်နိုက်"

ဒေါက်တာချန်တိတ်သည် အမာစိန်အား လက်ကိုမြှောက်၍ နှုတ်ဆက်ပြီးနောက် အခန်းထဲမှ ထွက်သွားလေရာ အမာစိန်သည် လူနာရှိရာ ကုတင်နံဘေးသို့ ပြန်၍လှည့်လာခဲ့လေသည်။

(အမာစိန်က စကား မဆုံးသေးဘဲ ဆက်လက်၍) "သူ့ကို ပြောပြချင်တယ် ဟုတ်စ၊ ကျွန်မ သိပါတယ်... နို့ပေမယ့် ဘုရားသခင်က ဒီလို မဖြစ်စေရဘူး ဦးဘမောင်... ရှင်ဖြစ်ချင်တာက တစ်မျိုး... ဘုရားသခင် စီစဉ်ပေးတာက တစ်မျိုး..."

(အမာစိန်သည် လက်ပတ်နာရီကလေးကိုကြည့်လျက်) "ကိုးနာရီ တောင် ထိုးတော့မယ်... နောက်နာရီဝက်ကြာရင် ရှင် ဆေးထိုးရလိမ့်မယ် အသင့်ပြင်ထား ဦးဘမောင်"

အမာစိန်သည် ကုတင်ဘေးရှိ ကြိမ်ကုလားထိုင်ပေါ်တွင် အပန်းဖြေ ထိုင်ချလိုက်၏။ ထို့နောက် လွန်ခဲ့သောငါးနှစ်ခန့်က သေဆုံးသွားသော မိမိ၏ ယောကျ်ား ကိုဘထွန်းအကြောင်း ပြန်ပြောင်းအောက်မေ့ကာ အပန်းဖြေရင်း ခေတ္တမျှ တွေဝေမိန်းမောလျက် ရှိလေသည်။

ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးသကဲ့သို့ သတိပြန်၍ ရလာသောအခါ အချိန်မှာ ၉ နာရီ ၂၅ မိနစ်မျှပင် ရှိခဲ့လေပြီ။ သို့နှင့် သူသည် လူနာရှိသော ကုတင်ဆီသို့ လှမ်း၍ကြည့်လိုက်ရာ "ပတ်တီးကောင်ကြီး"သည် လှုပ်ရှားရန် ကြိုးစားလျက်ရှိသည်ကို မြင်ရ၏။

အမာစိန်သည် ကုလားထိုင်မှ ဖျတ်ခနဲ ထလိုက်ပြီးလျှင် ကုတင်အနီးသို့ ချဉ်းကပ်သွားသောအခါ လူနာ၏ တစ်လုံးတည်းသော မျက်လုံးဦး အညိုရောင် မျက်ဆံကလေးမှာ ထိတ်ထိတ်ပျာပျာ ရှိနေသည့်ဟန်ဖြင့် အရူးမျက်လုံးကဲ့သို့ ဝိုင်း၍နေသည်ကို မြင်ရ၏။

ထို့နောက် အမာစိန်က သနားသကဲ့သို့ ညည်းညူဟန်ဖြင့် ဆက်လက်၍ "မဟုတ်ဘူး ဦးဘမောင် မလှုပ်နဲ့... မလှုပ်နဲ့ အခုအချိန်မှာ ဘာမှ မလုပ်နိုင်တော့ဘူး။ နောက်ကျနေပြီ။ အခု ဦးဘမောင်ကို ကျွန်မ ဆေးထိုး ပေးတော့မယ်။ ဘာမှ မနာပါဘူး ဦးဘမောင်ရဲ့။ ဘယ်လိုမှ မနေပါဘူး။ ဟိုကပြားမတုန်းကလည်း ဒီလိုပဲ ဆေးလည်းထိုးပေးပြီးရော အိပ်ပျော်သွားရာက ကိစ္စချောသွားတာပဲ။ အခုလည်းဒီလိုပေါ့ ဦးဘမောင် ကျွန်မ တာဝန်ခံပါတယ်"

ကြောက်လန့်လျက်ရှိသော လူနာ၏မျက်လုံးသည် လက်လျှော့လိုက်သကဲ့သို့ ပြန်၍ပိတ်သွားလေ၏။

(အမာစိန်သည် မိမိကိုယ်ကို မိမိပြောသကဲ့သို့) "အဲဒီလိုမှပေါ့... ဟုတ်ပြီ...ဟုတ်ပြီ"

ဆေးထိုးအပ်သည် ၎င်းအား ကိုင်ဆောင်ခွင့်ရှိသူက သင့်မြတ်သော ဆေးဝါး၊ ကောင်းမြတ်သောစေတနာဖြင့် လူနာတစ်ဦးအား ထိုးပေးသောအခါ ထိုသူ၏အသက်ကို ကယ်ဆယ်နိုင်သကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်သော ရည်ရွယ် ချက်ဖြင့် ထိုးပေးခဲ့ပါမူ အချိန်အနည်းငယ်အတွင်း အသက်ကို သေဆုံးစေ နိုင်၏။

ဆရာမ အမာစိန်ကား အလုပ်ဝတ္တရားကို မကျေပွန်ရုံမျှမက ဆန့်ကျင် ဘက်ဖြစ်သော ရည်ရွယ်ချက်၊ ယုတ်မာလှသော စေတနာဖြင့် လူနာအား ဆေးထိုးပေးချေတော့မည်။

ပြောပြောဆိုဆိုနှင့် အမာစိန်သည် အနီးရှိစားပွဲပေါ်တွင် တင်ထားသော လက်ပွေ့အိတ်ကို လှမ်းယူလိုက်ပြီးလျှင် ဆေးရည်ပုလင်းကလေးတစ်လုံးနှင့်

ဆေးထိုးအပ်ကို ထုတ်ယူကာ ပုလင်းကလေးထဲမှ ဆေးရည်များကို အပ်တံဖြင့် တဖြည်းဖြည်းစုပ်ယူလျက် ရှိလေသည်။ ထို့နောက် အမာစိန်သည် အပ်တံကို ညာဘက်လက်ဖြင့်ကိုင်ကာ လူနာ၏လက်မောင်းကို ဘယ်ဘက်လက်ဖြင့် မလိုက်၏။

ထိုခဏ၌ "ပတ်တီးကောင်ကြီး"သည် ဖြန်းခနဲ အိပ်ရာမှထ၍ ထိုင်လိုက်ပြီးနောက် ပတ်တီးများအကြားမှ တစ်လုံးတည်းသော မျက်စိဖြင့် အမာစိန်၏မျက်နှာကို စားတော့ ဝါးတော့မည်ကဲ့သို့ စူးစူးဝါးဝါးကြည့်ရှုလျက် ရှိလေသည်။ ၎င်း၏ လက်ဝဲဘက်လက်သည် ဆေးထိုးအပ်ကို မြဲမြံစွာ ဆုပ်ကိုင်ထားလိုက်ပြီးနောက် လက်ယာဘက်လက်ဖြင့် ဦးခေါင်းမှ ပတ်တီးစများကို လျင်မြန်စွာ ဖြေချလျက် ရှိလေ၏။

အမာစိန်သည် ကြက်သေသေလျက်ရှိရာမှ ရုးသွပ်လုမတတ် ကြောက်ရွံ့ကာ ငယ်သံပါအောင် အော်လိုက်ပြီးနောက် အခန်းထဲမှ တစ်ခါတည်း ထွက်ပြေးလေ၏။ တံခါးပေါက်ဝတွင် ဒေါက်တာမိန္ဒနှင့်အား ဝင်၍တိုးမိသောအခါမှ ရပ်တန့်တားလေသည်။

တာ။ "ဘာဖြစ်တာလဲ ဆရာမ... ဘာဖြစ်တာလဲ"

စိန်။ "ကျွန်မ ကြောက်တယ် ဒေါက်တာ... ကျွန်မ သွားပါရစေ...၊ ကျွန်မ စောင့်ခကိုလည်း မလိုချင်တော့ပါဘူး။ ကျွန်မသွားဖို့သာ ခွင့်ပြုပါတော့"

တာ။ "နေပါဦးလေ... နေပါဦး... ဘာဖြစ်ကြတာလဲ ဆရာ့ကို ပြောစမ်းပါဦး"

ဒေါက်တာမိန္ဒနှင့်မှာ မျက်နှာပြုံးဖြည်းဖြည်းဖြင့် အမာစိန်အား အခန်းတွင်းသို့ ပြန်၍ခေါ်ခဲ့ရာ ထိုအချိန်၌ လူနာသည် ပတ်တီးများအားလုံးကို ဖြေချလိုက်ပြီးနောက် ကုတင်အောက်သို့ဆင်းကာ သံမံတလင်းပေါ်၌ပင် မတ်တတ်ရပ်လျက် ရှိနေလေပြီ။ လူနာ၏မျက်နှာမှာ မြန်မာ မဟုတ်ဘဲ အသားနီစပ်စပ်ရှိသော ဗိုလ်ကပြားတစ်ယောက်ပင် ဖြစ်တော့၏။

သူသည် ဒေါက်တာမိန္ဒနှင့်ဘက်သို့ လှည့်ကြည့်လိုက်ပြီးနောက် တည်ငြိမ်ပြတ်သားသော အသံဖြင့် "ဟုတ်ပါတယ် ဒေါက်တာ... ကျွန်တော်ထင်တဲ့ အတိုင်းပါဘဲ... ကျွန်တော့်မိန်းမ မာဂရက် သေရရှာတာဟာ သူ ဆေးထိုး

သတ်လိုက်တာပါပဲ။ ကားတိုက်မိတဲ့ ဒဏ်ရာကြောင့် သေတာ မဟုတ်ပါဘူး။ သူ့လက်ချက်ဆိုတာ ကျွန်တော် ယုံကြည်ပါပြီ။ အခု ကျွန်တော့်ကိုယ်တွေ့ပါပဲ”

ဒေါက်တာမီနွန်လည်း သက်ပြင်းတစ်ချက်ချကာ ဦးခေါင်းကို ညင်သာစွာ ဆတ်လိုက်၏။

ပြား။ “ကျွန်တော် မခံနိုင်ဘူး ဒေါက်တာ... ဒီကိစ္စ ပုလိပ်ကို တိုင်ရလိမ့်မယ်”

တာ။ “ဒါတော့ ခင်ဗျားသဘောပေါ့ မစ္စတာဒေးဗစ်... ကျုပ် ဘာမှ ဝင်ပြီးမစွက်ချင်ဘူး”

လူနာဟန်ဆောင်သူ ဗိုလ်ကပြား မစ္စတာဒေးဗစ်သည် ဆေးရုံကြီးမှနေ၍ ကျောက်တံတားဌာနသို့ တယ်လီဖုန်းဖြင့် အကြောင်းကြားရာ ၁၀ မိနစ်အတွင်း၌ပင် ရဲအရာရှိတစ်ယောက် ရောက်ရှိလာ၍ သူနာပြုဆရာမ အမာစိန်အား ဖမ်းဆီးလိုက်လေသည်။

အထက်ပါအမှု၌ ဆရာမအမာစိန်မှာ ဗိုလ်ကပြား ဒေးဗစ်အပေါ်တွင် “ကားမောင်းကြမ်းသဖြင့် အပြစ်မရှိသူများကို ဝင်တိုက်သူ”ဟု မှတ်ထင်ကာ အဆိပ်ဆေးထိုး၍ သတ်ရန်ကြံစည်မှုဖြင့် ထောင်ဒဏ် ၃ နှစ် ကျခံရလေသည်။

ဗိုလ်ကပြားမအား ယမန်နှစ်က ဤကဲ့သို့ပင် ဆေးထိုးသတ်ခဲ့သည် ဆိုသော အမှုမှာမူ တရားလိုဘက်မှ အလောင်းကိုတူးဖော်၍ သက်သေပြနိုင်ခြင်းလည်းမရှိ၊ အခြားအထောက်အထားသက်သေခံချက်လည်း မရှိသဖြင့် တရားရှင်လွှတ်လိုက်၏။

**ရှုမဝမဂ္ဂဇင်း**

**၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ**

# စိတ္တဇခရီးသည်

ရန်ကုန်မြို့ ကန်တော်ကလေးရပ်ကွက် အုတ်မြောင်းကြီးနှင့် မျက်နှာချင်းဆိုင် တစ်နေရာ၌ အပေါ် ၁၂ ခန်း၊ အောက် ၁၂ ခန်းမျှရှိသည့် တန်းလျားကြီးတစ်ခု ရှိ၏။ ထိုတန်းလျားကြီး၏ အိမ်နံပါတ်မှာ တစ်ခုတည်းသာ ဖြစ်သော်လည်း အခန်းနံပါတ်ကလေးများကိုမူ လေးထောင့် သစ်သားပြားကလေးများပေါ်တွင် ၁-၂-၃-၄ အစီအစဉ်အတိုင်း ဆေးနီဖြင့် ရေးထား၏။ အပေါ်ထပ်များမှာ အတော်ပင်မြင့်၍ နံပါတ် တစ်ခုနှင့်တစ်ခုအကြားတွင် လှေကားတစ်စင်းကျ တပ်ဆင်ထားရာ အပေါ်ထပ်များသို့ ယင်းမတ်စောက်သော လှေကားများဖြင့် တက်ရ၏။

ထိုတန်းလျားရှည်ကြီးမှာ တရုတ်, ကုလား, မြန်မာမှစ၍ လူမျိုးပေါင်းစုံ နေထိုင်သည့်အတိုင်း တစ်ခန်းနှင့်တစ်ခန်းသော်လည်းကောင်း၊ အပေါ်နှင့် အောက်သော်လည်းကောင်း သိသူ အလွန်နည်းပါးလေသည်။

တစ်နေ့သော နံနက် ၁၀ နာရီအချိန်ခန့်တွင် အသက် ၅၀ ၏ ပတ်ဝန်းကျင်လောက်ဟု ခန့်မှန်းရသော အဝတ်ကောင်း အစားကောင်းများဖြင့် သပ်ရပ်စွာ ဝတ်ဆင်ထားသော သူတစ်ယောက်သည် မြောက်ဘက်မှ တောင်ဘက်သို့ တဖြည်းဖြည်းလျှောက်လာ၏။ သူ ဝတ်စားထားပုံ၊ သူ၏အမူအရာ ဟန်ပန်ကို ကြည့်ခြင်းဖြင့် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်ဟန်

တူသည်။ တန်းလျားရှည်ကြီးအောက်ထပ်ရှိ အခန်းတစ်ခန်းမှ မပုဆိုသူ မိန်းမ တစ်ယောက်သည် အိမ်ရှေ့၌ ပျဉ်ပြားတစ်ချပ်ပေါ်တွင် အဝတ်လျှော်နေ၏။ ၎င်းနှင့် တစ်ခန်းသာခြားသော အခန်းမှ ဦးရွှေမောင်ဆိုသူသည် တံခါးပေါက် အနီးရှိ ပက်လက်ကုလားထိုင်တွင် ထိုင်ကာ သတင်းစာ ဖတ်နေ၏။ အများ အားဖြင့် တန်းလျားရှည်ကြီး၏ အောက်ထပ်အခန်းများမှာ ပိတ်ထား၏။ တန်းလျားထောင့်ခန်းကလေးမှာ ကုလားကုန်စုံဆိုင် တစ်ဆိုင်ဖြစ်၍ ထိုအချိန်က လူသူကင်းရှင်းလျက် ရှိ၏။ လမ်းပေါ်၌လည်း လူသွားလူလာ နည်းပါးလေ သည်။

ခန့်ညားသပ်ရပ်စွာ ဝတ်ထားသော လူကြီးသည် ကုလားကုန်စုံဆိုင် ကလေးဘက်မှ တောင်ဘက်သို့ တဖြည်းဖြည်း လျှောက်လာ၏။ သို့လျှောက် လာရင်း သူသည် အခန်းနံပါတ်များကို သေချာစွာ ကြည့်၍လာခဲ့လေသည်။

အပေါ်ထပ်ရှိ အခန်းနံပါတ် ၉ နှင့် တည့်တည့်နေရာသို့ ရောက်သော အခါ သူသည် မိမိရှာဖွေသော နံပါတ်ကို တွေ့သည့်လက္ခဏာဖြင့် ၎င်းအခန်း လက်ယာဘက်ရှိ လှေကားထိပ်နှင့် မနီးမဝေးတွင် ရပ်လိုက်၏။

ထိုသူ ဤကဲ့သို့ လမ်းပေါ်၌ရပ်နေသောအခါ သတင်းစာဖတ်နေသော ဦးရွှေမောင်နှင့် အဝတ်လျှော်နေသော မပုတို့က ၎င်းအား အတော်အတန် သတိပြုလိုက်မိ၏။ အရွယ်အားဖြင့် ၎င်းမှာ ၅၀ ခန့်ရှိ၍ ပိန်ကြုံသော လူကြီး တစ်ယောက် ဖြစ်၏။ ဆံပင်တို့မှာ နဖူးဆံစနှင့် နားထင်ဆားတစ်ဖက်တစ်ချက် တွင် ဖြူစပြုနေလေပြီ။ ပါးများချိုင့်ဝင်လျက် လည်ပင်းလည်ကုပ်နှင့် လက် ဖဝါးများမှာ အကြောပြိုင်းပြိုင်းထနေ၏။ သို့သော် သွားလာပုံနှင့်တကွ ဟန်ပန် အမူအရာများမှာ ဖျတ်လတ်သွက်လက်၍ ယဉ်ကျေးသိမ်မွေ့ဟန်လည်း လက္ခဏာ ရှိလေသည်။

သို့ရှိစဉ် အထက်ထပ်အခန်းနံပါတ် (၉)မှ တံခါး ပွင့်လာပြီးလျှင် အသက် ၄၀ ကျော်ခန့်ရှိ လူတစ်ယောက်သည် လှေကားမှဆင်းလာ၍ အောက်ဆုံးထစ် လှေကားခုံသို့မရောက်မီ လှေကား ၃–၄ ထစ်လောက်မှ လှမ်း၍...

အိမ်ရှင်။ "ဘာအလိုရှိပါသလဲ ခင်ဗျာ... ဘယ်သူ့ကို တွေ့ချင်ပါ သလဲ"

လူကြီး။ “ကျုပ် ခင်ဗျားကို စောင့်နေတာပဲ”

“အပေါ်တက်ပါဦးလား ခင်ဗျာ”

“မလိုပါဘူး”

“ကျွန်တော် ဘယ်လိုကူညီနိုင်ပါသလဲ”

လမ်းပေါ်မှ လူပိန်ကြီးသည် အဖြေ ပြန်၍မပေးချေ။ သူသည် အခန်း နံပါတ် ၉ မှ ဆင်းလာသူကိုသာ မျက်တောင်မခတ် စိုက်၍ကြည့်နေပြီးနောက်–

“ကျုပ် ဝမ်းနည်းပါတယ်ဗျာ။ ကျုပ်ဟာ ခင်ဗျားရန်သူ မဟုတ်ပါဘူး။ ခင်ဗျားနဲ့ အဆက်အသွယ်လည်း မရှိဘူး။ ခင်ဗျားအပေါ်မှာ ဘာရန်ငြိုးမှလည်း မရှိဘူး ယုံပါတော့ဗျာ။ ကျုပ် တကယ်ဝမ်းနည်းပါတယ်”

သို့ပြောဆိုပြီးနောက် လူပိန်ကြီးသည် ရှေ့သို့ ဆက်မပြောတော့ဘဲ နေရာ၌ပင် ရပ်လျက်ရှိ၏။ သူ၏လက်ယာဘက်လက်ကို လက်ဝဲဘက် ရင်စေ့ အင်္ကျီအောက်သို့ နှိုက်လိုက်၏။ ထို့နောက် တံခါးထဲတွင် ဝှက်၍ယူလာသော အနက်ရောင် ခြောက်လုံးပြူးသေနတ်ကလေးဖြင့် လှေကားပေါ်တွင် ရပ်နေသော အိမ်ရှင်အား ၃ ချက်ဆင့်၍ ပစ်လိုက်လေသည်။

အိမ်ရှင်သည် လှေကားပေါ်မှ ထိုးကျလာပြီးလျှင် လှေကားခုံ သမံတလင်းပေါ်မှတစ်ဆင့် လမ်းစပ်အထိရောက်လာကာ အချိန်အနည်းငယ်မျှ တွန့်လိမ်လူးလှိမ့်ရှားပြီးနောက် ငြိမ်သက်၍ သွားတော့၏။ သွေးများကား လှေကား ပေါ်နှင့် လှေကားခုံ သမံတလင်းပေါ်တွင် ခြင်းခြင်းနီလျက် ရှိလေသည်။ အထက်ပါ အခြင်းအရာများကို သတင်းစာဖတ်နေသော အိမ်မှီးချင်း ဦးရွှေမောင် နှင့်တကွ ထိုလှေကားနှင့် တစ်ခန်းခြားရှိ မပုတို့က ကောင်းစွာ မြင်လိုက်ကြရ လေသည်။

သေနတ်သံများကို ထိုအိမ်တန်းလျားရှည်ကြီးရှိ အခန်းအားလုံးမှ လူများ ကြားလိုက်ရ၏။ အချို့မိန်းမကြီးများ ယောင်၍အော်လိုက်ကြ၏။

မှုခင်းဖြစ်ပွားသော နေ့မှာ ဇန်နဝါရီလ ၂၃ ရက် တနင်္လာနေ့ ဖြစ်၏။ ထိုအချိန်က ရဲကြပ်ကြီး ဘိုနီ လူဆိုးလက်ချက်ဖြင့်ကျဆုံး၍ အခမ်းအနားနှင့် သင်္ဂြိုဟ်ပြီးသည်မှာ ရက်သတ္တပတ်ပင် မလည်သေးသဖြင့် လူများသည် သေနတ်သံကြားလျှင် တထိတ်ထိတ် တလန့်လန့် ရှိနေကြကုန်၏။

သို့နှင့် အဆိုပါတန်းလျားရှည်ကြီးရှိ လူများသည် မိမိတို့အခန်းများကို လျင်မြန်စွာ ပိတ်လိုက်ကြ၏။ သို့သော် မည်သူမျှ ဟစ်အော်ခြင်း မပြုချေ။

→ → →

(.........)ဌာနမှ တာဝန်ခံ ရဲအရာရှိ ဦးစိန်သည် ဆရာဝန်ကြီး 'ဒေါက်တာ ဦးထွန်းမြတ်'ထံသို့ တယ်လီဖုန်း ဆက်လေသည်။

ဒေါက်တာ ဦးထွန်းမြတ်မှာ စိတ်ပညာပါရဂူတစ်ယောက်ဖြစ်၍ စိတ္တဇဆေးရုံတွင် လက်ထောက်ဆရာဝန်အဖြစ်ဖြင့် ၃ နှစ်ခန့် အလုပ်လုပ်ခဲ့ဖူး၏။ ထို့နောက် လွတ်လပ်စွာ နေထိုင်လိုသည့်အတိုင်း စိတ္တဇဆေးရုံ ဆရာဝန်အလုပ်မှ ထွက်ပြီးလျှင် စိတ်ဝေဒနာ စွဲကပ်သူများအား လက်ခံကုသသည့် ဆေးဆိုင်နှင့် ဆေးကုခန်းဌာနတစ်ခု ဖွင့်လှစ်ထားသူ ဖြစ်လေသည်။

ရဲဘက်မှလည်း စိတ်ရောဂါနှင့်ပတ်သက်သည့် 'မှုခင်း'များ ရှိက ဒေါက်တာဦးထွန်းမြတ်၏ အကြံဉာဏ် အကူအညီကို ယူလေ့ရှိ၏။ သို့နှင့် ဦးထွန်းမြတ်မှာ ရဲဌာနအသီးသီးမှ ရဲမှူးများ၊ တာဝန်ခံအရာရှိများနှင့် လက်ပွန်းတတီးဖြစ်ကာ ခင်မင်ရင်းနှီးခဲ့လေသည်။ အရေးကြီးလျှင် ကြီးသည့်အလျောက် ဦးထွန်းမြတ်သည် ရဲဌာနများသို့ ကိုယ်တိုင် လာရောက်ကူညီတတ်၏။

ဤသို့လျှင် စိတ္တဇဗေဒဆရာဝန် ဦးထွန်းမြတ်၏ စစ်ချက်မှတ်တမ်းများမှာ ရုံးတော်အထိ သက်သေခံဝင်လျက် ယင်းစစ်ချက်မှတ်တမ်းတို့မှ တစ်ခါတစ်ရံ ထူးခြားဆန်းကြယ်သည့် ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်လာတတ်လေသည်။

ဦးထွန်းမြတ်သည် ထိုနေ့နံနက်တွင် မိမိဆေးတိုက်သို့ သွားမည်ဟု အဝတ်အစားများလဲနေစဉ် တယ်လီဖုန်းခေါင်းလောင်းသံ ကြားရသဖြင့် တယ်လီဖုန်းလက်ကိုင်ကို ကောက်ယူနားထောင်လေသည်။

မြတ်။ "ဟုတ်ပါတယ် ကျုပ်ပါပဲ။ ခင်ဗျား ဘယ်သူလဲ"

"ကျွန်တော် (.........) ရဲဌာနက ဦးစိန်ပါ"

"ဩော် ဦးစိန်လား... ဘယ့်နှယ် စောစောစီးစီး ဘာကိစ္စများလဲဗျာ"

"ကိစ္စက ဆရာကြီးအကြိုက်ကလေးပါ။ ဆရာကြီးကိုယ်တိုင် ကြွစေချင်ပါတယ်။ ကျွန်တော် စောင့်နေပါ့မယ်"

"အမှုက ဘာအမှုလဲ ဦးစိန်ရဲ့"

"သေနတ်ပစ်မှုပါ ဆရာကြီး"

"ဟာ သေနတ်ပစ်မှုဖြစ်ပြန်ပြီ ဟုတ်စ။ လူသေသလား"

"အပစ်ခံရတဲ့လူ သေတယ် ဆရာကြီး"

"အလိုလေး ဘုရားရေ... ဘိုနီအမှုက ၁၄ ရက်နေ့ ဖြစ်တယ်။ သူ့အသုဘ ချပြီးတာ ရက်တောင်မလည်သေးဘူး။ အခုတစ်မှု ထပ်ဖြစ်ပြန်ပြီလား ဗျာ... လူတွေ ဘာဖြစ်နေပြီလဲ။ ကြောက်စရာပါလားဗျို့။ အခုတရားခံက ဘယ်သူလဲ။ မြန်မာလား... ကုလားလား... တရုတ်လား..."

"မြန်မာလူမျိုးဘဲ ဆရာကြီးရဲ့။ သူ့နာမည်က ဦးတက်ထွန်းတဲ့။ မြောင်းကြီးလမ်းက တန်းလျားရှည်ကြီးမှာ ဦးမောင်မောင်ကြီးဆိုတဲ့လူကို ပစ်သတ်တဲ့အမှုပဲ ခင်ဗျ"

"ရဲဘက်ကများ ထိခိုက်သေးသလား"

"မထိခိုက်ပါဘူး ဆရာကြီး။ အခုတရားခံက သူ့ကိုယ်သူ အဖမ်းခံပါတယ်။ သက်သေ ၂ ယောက်ရှေ့မှာ သူပစ်တဲ့ သေနတ်ကို ခြေရာလက်ရာ ပျက်မှာ စိုးတယ်ဆိုပြီး သူ့အင်္ကျီအိတ်ထဲက လက်ကိုင်ပုဝါတစ်ထည်နဲ့ ထုပ်လိုက်ပြီး လူတစ်ယောက်ကို ကျွန်တော်တို့ဌာန တယ်လီဖုန်း အဆက်ခိုင်းတယ် ဆရာကြီးရဲ့"

"တရားခံတွေလုပ်တတ်တဲ့ အလှည့်အပတ်မျိုးလားမှ မသိဘဲ။ ရည်ရွယ်ချက်က ဘာတဲ့လဲ။ ရန်ငြိုးလား"

"ရန်ငြိုးလည်း မဟုတ်ဘူး ဆရာကြီးရဲ့။ သူပစ်သတ်တဲ့ လူကို အရင်က တစ်ခါမှလည်း မမြင်ဖူးဘူးတဲ့။ နာမည်တောင် မသိဘူးတဲ့ ဆရာကြီးရဲ့။ သူပြောပုံက သူ့စိတ်ထဲမှာ ဒီလူကို မသတ်ဘဲမနေနိုင်အောင် ဖြစ်လာလို့ ပစ်သတ်ရပါတယ်တဲ့။ သူ့စိတ်ချမ်းသာမှုအတွက် လုပ်ရတာပါလို့ ပြောနေတယ်။ အတော်တော့ ဆန်းတာပဲ ဆရာကြီး"

"တခြားတစ်စုံတစ်ယောက်ကများ ခိုင်းတာလား"

"ကျွန်တော်တော့ ဒီလိုမထင်ပါဘူး ဆရာကြီး။ ဆရာကြီးတွေးတဲ့အတိုင်း ရန်ငြိုးများ ဖြစ်လေရော့သလား မပြောတတ်ပါဘူး"

"သူ ပြောပုံ ဆိုပုံ လေသံကော"

"လူပုံကြည့်ရတာတော့ လူကောင်းပဲခင်ဗျ။ အင်္ဂလိပ်စာတတ် လူကြီး လူကောင်းတစ်ယောက် ပုံပန်းပဲ။ နို့ပေမယ့် သူပြောပုံက အင်မတန်ဆန်းတော့ စိတ်မနှံ့တဲ့သဘောမျိုး သက်ရောက်အောင် အမှုမှာ ဒီအချက်နဲ့ ကာကွယ်နိုင် အောင် လုပ်နေတယ် ထင်ပါတယ်။ ဆရာကြီးလာရင် ရှင်းသွားပါလိမ့်မယ် ဆရာကြီး"

"ကောင်းပြီလေ၊ ကျုပ် အခုပဲ လာခဲ့ပါ့မယ်"

➙ ➙ ➙

မကြာမီ ဒေါက်တာဦးထွန်းမြတ်သည် ရဲဌာနသို့ရောက်လာရာ အပြင် ခန်းရှိ ရဲအုပ်နှင့် ရဲသားများက အရိုအသေပြုကာ အတွင်းခန်းရှိ ရဲအရာရှိ ဦးစိန်အခန်းသို့ ညွှန်ပြသည့်အတိုင်း အခန်းတွင်းသို့ ဝင်သွားလေ၏။ ဦးစိန်က ကုလားထိုင်မှထ၍ ကြိုဆိုလေသည်။ ဦးစိန်မှာ အသက် ၅၀ သို့ ချဉ်းကပ်နေပြီ ဖြစ်၍ ပွင့်လင်းသောမျက်နှာ ရှိ၏။ ဣန္ဒြေရ၍ ဖြောင့်မတ်တည်ကြည်သော အသွင်အပြင်ရှိ၏။ မျက်လုံးများမှာ စူးရှပြီးလျှင် စကားပြောသောအခါများတွင် ပရိယာယ်မသုံးဘဲ ပွင့်ပွင့်လင်းလင်းနှင့် တဲ့တိုးပြောဆိုတတ်သူတစ်ယောက် ဖြစ်လေသည်။

စိန်။ "စီးကရက် သုံးဆောင်ပါဦး ဆရာကြီး"

ဒေါက်တာ ဦးထွန်းမြတ်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက် လေသည်။

(ဦးစိန်က ဆက်လက်၍)။ "သူ့အပြင် ပုံပန်းသဏ္ဌာန်ကြည့်ရတော့ နည်းနည်းကလေးမှ စိတ်မနှံ့ပုံ မပေါ်ဘူး။ နို့ပေမယ့် သူပြောတဲ့စကားတွေက ကြည့်လေ ဆရာကြီး။ အခုသေတဲ့လူဟာ ဘယ်သူမှန်းတောင် သူ မသိဘူး။ နို့ပေမယ့် သူ့စိတ်ထဲမှာ ဒီလူ မသတ်ရ မနေနိုင်အောင် ဖြစ်လာတယ်။ ဒါကြောင့် သူ့စိတ်ချမ်းသာမှုအတွက် လုပ်ရပါတယ်ဆိုတော့ ဒီစကားတွေဟာ ရိုးရိုးလူသတ်မှုတရားခံ ပြောတဲ့စကားတွေ မဟုတ်ဘူး ခင်ဗျ။ ဒီတော့ ဆရာ ကြီးလည်း တီးခေါက်ကြည့်ပါဦးလေ"

"အင်း... အခုဘယ်မလဲ"

"အချုပ်ထဲမှာ ထည့်ထားတယ်။ ဟော့ မောင်ကြိုင်နဲ့ မောင်ရွှေ တရားခံ ကို လက်ထိပ်ခတ်ပြီး ထုတ်ခဲ့စမ်းဟေ့..."

မကြာမီ ရဲသားနှစ်ယောက်သည် တရားခံ ဦးတက်ထွန်းအား လက်ထိပ်ခတ်၍ ရဲအရာရှိ၏စားပွဲသို့ ခေါ်ခဲ့ကြလေ၏။ ဦးတက်ထွန်းသည် သူ့အတွက်ပေးသော ကုလားထိုင်ပေါ်တွင် ကျုန်ခြေရစွာ ထိုင်လေသည်။

အခန်းထဲတွင် နှစ်ယောက်ချင်း အေးဆေးစွာ မေးမြန်းစစ်ဆေးနိုင်ရန် ရဲမှူးဦးစိန်လည်း အပြင်ခန်းသို့ ထွက်သွားလေသည်။

တရားခံမှာ အသက် ၅၀ ကျော်ခန့် ရှိပြီဖြစ်၍ ဘန်ကောက်လုံချည် သက္ကလပ်တိုက်ပုံအင်္ကျီ အတွင်းခံ ပိုးရုပ်အင်္ကျီ နိုင်လွန်ခြေအိတ်ဖြင့် ဝတ်ဆင်ထားသော အညိုရောင်ရှူးဖိနပ် စသည်တို့ဖြင့် သပ်ရပ်သိုက်မြိုက်စွာ ရှိနေ၏။ အတော်ပင်ပိန်ကြုံသော လူတစ်ယောက်ဖြစ်၍ နားထင်နှင့် ပါးများမှာ အတော်အတန် ချိုင့်ဝင်လျက် လည်ပင်းလည်ကုပ်နှင့် လက်များမှာ အကြောများပြိုင်းပြိုင်းထလျက်ရှိ၏။ သို့သော် အမူအရာနှင့် ဟန်ပန်တို့မှာ ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်ကဲ့သို့ ယဉ်ကျေးသိမ်မွေ့စွာ ရှိနေလေသည်။

သူသည် ဒေါက်တာဦးထွန်းမြတ် ညွှန်ပြသော စားပွဲမျက်နှာချင်းဆိုင်ဘက်ရှိ လက်တန်းမပါသော ကုလားထိုင်၌ ငြိမ်သက်စွာ ထိုင်လိုက်လေသည်။ ရဲသားတစ်ယောက်လည်း အခန်းလိုက်ကာတံခါးဝအပြင်တွင် သေနတ်ထမ်းကာစောင့်လျက်ရှိလေသည်။

ဦးထွန်းမြတ်က တရားခံအား တည်ငြိမ်အေးဆေးသော အမူအရာဖြင့်

"ကျုပ်က ဆရာဝန်တစ်ယောက်ပါ။ ဦးတက်ထွန်းနဲ့ စကားကလေးနည်းနည်းပါးပါး ပြောချင်လို့ပါပဲ"

တရားခံသည် ရုတ်တရက် စကား ပြန်၍မပြောချေ။ ဤကဲ့သို့ ဆိတ်ငြိမ်စွာ ရှိနေသည့်အတွင်း ဦးထွန်းမြတ်သည် တရားခံ၏အမူအရာ မျက်နှာပုံပန်း ကြည့်ပုံရှုပုံတို့ကို အတော်အကဲခတ်ရန် အချိန်အနည်းငယ် ရရှိလေသည်။

တရားခံ ဦးတက်ထွန်း၏မျက်နှာမှာ ပကတိလူကောင်းကဲ့သို့ရှိနေ၍ တစ်စုံတစ်ရာ ထူးခြားခြင်း မရှိပေ။ နဖူး အတန်ငယ်မောက်၍ ပိရိသောပါးစပ်ရှိနေ၏။ သို့သော် မျက်လုံးများတွင် နက်နဲစွာ တွေးတောကြံဆခြင်း၊ တွေဝေခြင်း အရိပ်အရောင်များ အတန်ငယ် လွှမ်းမိုးလျက်ရှိသည်ဟု ထင်ရ၏။

တရားခံ ဦးတက်ထွန်းသည် အတန်ငယ် ပြုံးရုံမျှ ပြုံးလိုက်၏။ သို့သော် သူ၏ 'အပြုံး' မှာ စိတ်ပျော်ရွှင်မှု မပါ၊ အနှစ်သာရမရှိသော ပြုံးခြင်းမျိုး ဖြစ်လေသည်။

ဒေါက်တာ ဦးထွန်းမြတ်က စီးကရက်ကိုဖွာကာ ဦးတက်ထွန်း၏ မျက်လုံးကိုလည်းကောင်း၊ 'အပြုံး'ကိုလည်းကောင်း၊ နက်နဲစွာ အကဲခတ်လျက် ရှိလေသည်။

တရားခံသည် နက်ရှိုင်းသော ပြုံးခြင်းမျိုးဖြင့် "ကျုပ်နာမည်က ဦးတက်ထွန်းတဲ့။ အသက် ၅၃ နှစ်၊ အိမ်ထောင်မရှိဘူး၊ လူလည်း ကျန်းမာပါတယ်၊ ပြီးတော့ ကျုပ် စိတ်ကောင်းပါတယ်ဗျာ"

(ဒေါက်တာ)။ "ခင်ဗျား ခုတင်ကပဲ လူတစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်လိုက်တာ သိသလား"

(ခံ)။ "ကျွန်တော် သိပါတယ်။ သူ့နာမည် ဦးမောင်မောင်ကြီးလို့ ပြောကြပါတယ်။ ဒီလူ အခုလို ကံဆိုးမိုးမှောင် ဖြစ်သွားရတာ ကျွန်တော် ဝမ်းနည်းပါတယ် ခင်ဗျာ။ ဒီလူဟာ သတိလစ်ပြီး လမ်းထဲမှာ သေနတ်နဲ့ လျှောက်ရမ်းတော့မယ့်ဆဲဆဲပဲ ခင်ဗျ။ ဒါကြောင့် ကျွန်တော် အခုလုပ်လိုက်တာဟာ အမှန်အားဖြင့်တော့ လူကိုသတ်တာ မဟုတ်ပါဘူး ခင်ဗျာ။ လူသတ်မှု ကျူးလွန်မယ့်ဆဲဆဲ တရားခံတစ်ယောက်ကို ကြိုတင်ပြီး ကာကွယ်စီရင်လိုက်ခြင်းပါပဲ"

(ဒေါက်တာ)။ "နေပါဦး ဦးတက်ထွန်းရဲ့။ ဒီလူရဲ့နာမည်တောင်မှ ခင်ဗျားမသိဘဲနဲ့ ဒီလို သူလုပ်မယ်ဆိုတာတွေ ခင်ဗျား ဘာဖြစ်လို့ သိရသလဲ"

ခံ။ "ဒါက ဒေါက်တာကို အများကြီး ရှင်းလင်းပြဖို့ လိုပါတယ်ခင်ဗျာ။ ကျွန်တော့်ရဲ့ရှင်းပြချက်ကို ယုံကြည်ဖို့, မယုံကြည်ဖို့ဆိုတာလည်း ဒေါက်တာရဲ့ စိတ်နေသဘောထားနဲ့ အတွေးအဆပေါ်မှာ တည်ရှိနေပါတယ်။ ကျွန်တော်ဟာ စိတ်ပညာကို နှစ်ပေါင်း ၂၀ ကျော်ကျော် လေ့လာခဲ့ဖူးတယ်။ အိန္ဒိယပြည်သွားပြီး ဒါဂျီလင်နဲ့ ဟိမဝန္တာတောင်ခြေမှာရှိတဲ့ ယောဂီတွေဆီမှာ တစ်နှစ်ကျော်ကျော်လောက် စိတ်ပညာအတတ်ကို လေ့လာခဲ့ဖူးတယ်။ အဲဒီလို နေခဲ့တုန်းက ကသ္မီယပြည်မှာ 'အထင်ပေါက် အမြင်ပေါက်' ယောဂီကြီးတစ်ဦးနဲ့ တွေ့ပြီး ၇ ရက်လောက် ကမ္မဋ္ဌာန်းထိုင် ကသိုဏ်းရှု လုပ်ခဲ့ဖူးတယ်။ တစ်ခါတော့ ဂူတစ်ခုထဲမှာ ကမ္မဋ္ဌာန်းထိုင်နေတုန်း ဖျတ်ခနဲ သတိလစ်သလိုဖြစ်သွားပြီး ကျွန်တော့်ရှေ့က ကသိုဏ်းဝန်းထဲမှာ အဖြစ်အပျက်တစ်ခုကို ရုပ်ရှင်ပြသလို မြင်လိုက်ရတယ်။ ဘာရယ်လို့တော့ မပြောတတ်ဘူး။ နို့ပေမယ့် နောက်

တနင်္ဂနွေ တစ်ပတ်လောက်အကြာ မီးရထားနဲ့ ကာလကတ္တားကို ပြန်လာတဲ့ အခါမှာ မီးရထားဘူတာရုံထဲမှာ ကုလားတစ်ယောက်က မီးရထားပုလိပ် တစ်ယောက်ကို ကျွန်တော့်မျက်စိအောက်တွင်ပဲ ဓားနဲ့ ထိုးသတ်လိုက်တယ်။ ဒီတော့ ကျွန်တော်လည်း ဒီလိုဟာမျိုးကို တစ်ခါ ငါ ဘယ်မှာ ကြုံဖူးခဲ့သလဲလို့ ပြန်စဉ်းစားတော့ ရုတ်တရက် စဉ်းစားလို့မရဘူး ခင်ဗျ။ နောက်မှ တဖြည်းဖြည်း ပေါ်လာတယ်။ ကသ္မီယပြည်က ယောဂီကြီးဆီမှာ နိသျှည်းခံပြီး ကမ္မဋ္ဌာန်းကို အားထုတ်ခဲ့စဉ်တုန်းက ဂူထဲမှာ ရုပ်ရှင်ပြသလို ဖျတ်ခနဲ ကျွန်တော့်မျက်စိထဲမှာ မြင်ခဲ့ရတဲ့ အဖြစ်အပျက် ဖြစ်နေတာကိုး ခင်ဗျ...။ အမှန်ကတော့ ဒီအဖြစ် အပျက် မဖြစ်ပျက်ခင် ၁၀ ရက်လောက်က ကြိုတင်ပြီး ကျွန်တော့်မျက်စိထဲမှာ တစ်ကြိမ် မြင်ခဲ့ဖူးတာပဲ။ ကျွန်တော်ဟာ စိတ်မနှံ့တဲ့လူတစ်ယောက် မဟုတ်ပါ ဘူး ဒေါက်တာ။ ကျန်းကျန်းမာမာနဲ့ စိတ်ကောင်းတဲ့ လူတစ်ယောက်ပါ။ အဲဒါကို ဒေါက်တာက မယုံကြည်ဘူးဆိုရင် ကျွန်တော့်ကို ရှေ့ဆက်လက်ပြီး မေးပေမယ်လို့ ဒေါက်တာ အချိန်ကုန်ရုံ ရှိမှာပါပဲ”

ဒေါက်တာဦးထွန်းမြတ်သည် ဦးခေါင်းကို တစ်ချက် ဆတ်လိုက်ပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လိုက်လေသည်။

ဒေါက်တာ။ “ကောင်းပါပြီလေ ခင်ဗျား စိတ်ပညာဘက်မှာ လေ့လာဖူး တယ်ဆိုတာ ကျွန်တော် ယုံကြည်ပါပြီ။ ကိုင်း... ဒီတော့ ‘အထင်အမြင်’တို့ ‘အတွေးအခေါ်’တို့ကို အသာထားပြီး ဒီကနေ့မနက် ဖြစ်ပျက်တဲ့ အကြောင်း ခြင်းရာ အဖြစ်အပျက်တွေသာ တဆိတ် ပြောစမ်းပါဦး။ ဒီတော့ အခုသေတဲ့ လူ ဦးမောင်မောင်ကြီးအကြောင်းနဲ့ ပတ်သက်လို့ ခင်ဗျားက ရိုးရိုးလူများရဲ့ သာမန်အသိတဲ့ ဘာပိုသိတယ်ဆိုတာ”

ခံ။ “ဟုတ်ကဲ့ ပြောပါ့မယ်ခင်ဗျာ။ ဒါ့ထက် အမြင်ပေါက်တယ်ဆိုတာ ဒေါက်တာ ယုံသလား၊ ဒေါက်တာ လေ့လာဖူးသလား”

ဒေါက်တာ။ “ယုံတာ, မယုံတာ ထားပါလေ။ ကျုပ်ကိုင်တိုင်တော့ မလေ့လာဖူးဘူး။ ဒီတော့ အချိန်မကုန်ရအောင် ခင်ဗျား စောစောကပြောတဲ့ အတိုင်း သေတဲ့လူ ဦးမောင်မောင်ကြီးဟာ သတိလစ်သွားပြီး လမ်းထဲက လူတချို့ကို သေနတ်နဲ့ လျှောက်ပစ်နေတာ ခင်ဗျား ဘယ်လိုမြင်ရသလဲ။ အဲဒါ ပထမ ပြောစမ်းပါဦး”

ခံ။ "ဘယ်လိုမြင်ရတယ်ဆိုတဲ့ အကြောင်းကို မပြောခင် လွန်ခဲ့တဲ့ ၃ လလောက်က ဖြစ်ပျက်ခဲ့တဲ့ သာဓကတစ်ခုကို ကျွန်တော် ပြောပါရစေဦး။ အဲဒါက အချိန်လည်း မကြာသေးဘူး။ ပြီးတော့ ဖြစ်တာကလည်း ရန်ကုန်မှာ ဖြစ်တဲ့ ကိစ္စဆိုတော့ သာပြီး နီးစပ်ပါတယ်။ တစ်ညတော့ ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေတစ်ယောက်ဟာ အင်းယားဂါးဒင်းမှာ ညစာစားပြီး သူက ကားနဲ့ ကျွန်တော့်အိမ်ကို လိုက်ပို့ပါတယ်။ ကျွန်တော့်အိမ်ရောက်တော့ ၁၁ နာရီ ထိုးနေပြီ။ ညဉ့်နက်တာနဲ့ သူလည်း မဆင်းတော့ဘူး။ တစ်ခါတည်း ပြန်သွားတယ်။ ဒါနဲ့ အပြင်သော့ခလောက်ကို ကျွန်တော်က သော့ဖွင့်ပြီး အိမ်ထဲ ဝင်မလို့လုပ်တုန်း တံခါးရွက်ပေါ်မှာ အိမ်ရှေ့ကထိုးနေတဲ့ လမ်းမီးတိုင်မီး ရောင်ဟာ တစ်ခါတည်း ပျောက်သွားပြီး တံခါးရွက်တစ်ခုလုံး မှောင်သွားတယ်။ အဲဒီမှောင်တဲ့အပေါ်မှာ ဘာမြင်ရတယ် ထင်သလဲ။ ကျွန်တော့်ကို ကားနဲ့ လိုက်ပို့တဲ့ ကျွန်တော့်မိတ်ဆွေဟာ သူ့အိမ်နဲ့ ၄ ဖာလုံလောက်ဝေးတဲ့ နေရာမှာ ရှေ့မီးမပါဘဲ မောင်းလာတဲ့ ထရပ်ကားကြီးတစ်စီးနဲ့ တစ်ခါတည်း ခေါင်းချင်း ဝင်ဆောင့်ပြီး သူ့ကားကလေးဟာ စိစိညက်ညက်ကြေပြီး လမ်းဘေးမြောင်းထဲ ကျသွားတာ မြင်လိုက်ရတာပါပဲ။ ဒီနောက် ကြည့်နေရင်းပဲ တံခါးရွက်ပေါ်မှာ အလင်းရောင် ပြန်ပေါ်လာတော့ ကျွန်တော်လည်း "ဟာ ငါ့စိတ်က ထင်လို့ ထင်ပါရဲ့။ မဖြစ်နိုင်တာဘဲလို့ အောက်မေ့လိုက်မိသေးတယ်" ဒါနဲ့ ညနာရီပြန် ၂ ချက်လောက်မှာ ခေါင်းရင်းအိမ်က တယ်လီဖုန်းရှိတာနဲ့ ကျွန်တော့်ကို ဆေးရုံကြီးက တယ်လီဖုန်းပြောချင်တယ်ဆိုပြီး လာနှိုးတယ်။ ကျွန်တော်လည်း တယ်လီဖုန်း သွားနားထောင်တော့ ကျွန်တော့်ကို ညက ကားနဲ့လိုက်ပို့တဲ့ မိတ်ဆွေရဲ့မိန်းမ ဖြစ်နေတယ်ခင်ဗျ။ သူ့ယောက်ျားဟာ ည ၁၁ နာရီခွဲလောက်က ကားချင်းတိုက်ရာမှာ ကားမှောက်ပြီး ဆုံးရှာပြီတဲ့။ အခု အလောင်းက ဆေးရုံကို ရောက်နေတဲ့အကြောင်းကို ပြောရှာတယ်။ အဲဒီဟာကလေးမျိုးတွေ ကျွန်တော် မကြာမကြာ မြင်နေရ တွေ့နေရတယ် ခင်ဗျ။ နို့ပေမယ့် ကျွန်တော် ဘယ်သူ့ကိုမှ မပြောခဲ့ဘူး။ ပြောဖို့လည်း အခါအခွင့် မရခဲ့ဘူး။ ခုမှပဲ ဒေါက်တာက အခုသေနတ်ပစ်မှုနဲ့ စစ်တော့မှ ပြောခွင့်ရပေတော့တယ်။ ပြောလည်း ပြောချင်လှပါပြီ ခင်ဗျ။ အခု ပြောရတာ ကျွန်တော့်ဝမ်းထဲက ဝန်ထုပ်ကြီးတစ်ခု ကျသွားသလိုပါပဲ"

ဒေါက်တာ။ "နေပါဦး ဦးတက်ထွန်း၊ အခုလို အမြင်ပေါက်တယ် ဆိုတာ ဘယ်လိုအချိန်အခါမျိုးမှာ ဘယ်လိုပုံသဏ္ဍာန်နဲ့ ပေါ်လာတတ်သလဲ ဆိုတာ ပြောစမ်းပါဦး"

ခံ။ "အချိန်အခါရယ်လို့တော့ မရှိပါဘူးခင်ဗျာ။ သူ ပေါ်ချင် ပေါ်လာ တတ်တယ်လို့ ပြောရမှာပါပဲ"

ဒေါက်တာ။ "ဒါဖြင့် နေ့ခင်းကြောင်တောင် အိပ်မက်မက်တဲ့ သဘော မျိုးလား"

ခံ။ "ဒီလိုဆိုချင်လည်း ဆိုနိုင်ပါတယ် ဒေါက်တာ။ နို့ပေမယ့် ကျွန်တော်တို့အိပ်နေတုန်း ရိုးရိုးအိပ်မက်,မက်သလို အိပ်မက်မက်တာတော့ မဟုတ်ဘူး ခင်ဗျ။ ဒီဟာ ပေါ်လာချင်တဲ့အခါမယ် ကျွန်တော့စိတ်ထဲမှာရှိတဲ့ အာရုံငါးပါးဟာ တစ်ခါတည်း ပြတ်သွားပြီး ကျွန်တော်ရှေ့မှာမြင်ရတဲ့ မြင်ကွင်း ဟာ မှောင်အတိကျသွားသလို ထင်ရတယ်။ ပြီးတော့မှ ကျွန်တော် အခုတင်က ပြောခဲ့တဲ့ အဖြစ်အပျက်တွေဟာ မြင်ကွင်းထဲမှာ ပေါ်လာတော့တာပဲ။ အဲဒီ အချိန်အခါမှာ ကျွန်တော်ဟာ ဘာမှ သတိမရတော့ဘူး။ ဒီကျွန်တော့်ရှေ့မှာ မြင်ရတဲ့ မြင်ကွင်းကိုပဲ အာရုံစူးစိုက်နေမိတော့တယ်။ နောက်တစ်ခုကလည်း အဲဒီအချိန်အခါမှာ ကျွန်တော့်ကိုယ်ကြီးတောင်ပျောက်ပြီး လေထဲမှာပဲ လွင့်ပါနေ သလိုလို အင်မတန် ပေ့ါပါးနေတယ်လို့ ထင်ရတယ်။ ရုပ်,နာမ် ၂ ပါးရှိတဲ့ အနက် ရုပ်ဟာ လုံးလုံးပျောက်ပြီး နာမ်ဓာတ်တစ်ခုကသာ အသိအမြင်ကို ပေးနေတဲ့ လက္ခဏာပဲခင်ဗျ။ ဒီထက် နားလည်အောင်တော့ ကျွန်တော့်အနေနဲ့ ရှင်းမပြတတ်ပါဘူး ဒေါက်တာ။ လူသာမန်တို့ နားလည်မှုရဲ့အပြင်က ထိုး ဖောက်ဝင်ရောက်လာတဲ့ အခိုက်အတန့်မျှဖြစ်တဲ့ ဒိဗ္ဗစက္ခုဉာဏ်တစ်မျိုးလို့ ခေါ်မလား မပြောတတ်ဘူး"

ဒေါက်တာ။ "အင်းလေ... ခင်ဗျားရဲ့ အမြင်နက်နဲမှုက အတော် ထူးဆန်းတာပဲ"

တရားခံက ဆက်လက်၍..."အဲဒါ အခုတစ်ကြိမ်သာ မဟုတ်ဘူး ဒေါက်တာ။ လွန်ခဲ့တဲ့ မေလ ၇ ရက်နေ့က သရက်မြို့အောက် ထုံးတောင် နားမှာ 'တိမ်နန်း'သင်္ဘော နစ်ခဲ့တဲ့ ကိစ္စတုန်းကလည်း ဒီလိုပဲ။ မေလ ၄ ရက်နေ့က ကျွန်တော် သရက်မြို့ကိုရောက်နေတော့ ဒီသင်္ဘောပျက်မှာကို

ကျွန်တော် တင်ကြိုပြီး မြင်ခဲ့တယ်။ ကျွန်တော့်မျက်စိထဲမှာ မြင်တာနဲ့ နောက် သတင်းစာတွေထဲမှာ ပါလာတာတွေနဲ့ ကိုက်နေတာပဲ။ နောက်ဆုံး ပြောရဦးမယ်။ လွန်ခဲ့တဲ့ ၂ ပတ်လောက်က သိမ်ဖြူလမ်းမြောက်ဘက် ပြည်ထောင်စုကလပ်နားမှာ လူဆိုးက ဘတ်စ်ကားပေါ်ကဆင်းပြီး ဝိုင်ယာလက်ကားက ဆင်းလာတဲ့ ရဲကြပ်ကြီးကို စတင်းဂန်းနဲ့ပစ်တဲ့ ကိစ္စမှာတောင် အမှုမဖြစ်ခင် ၇ ရက်လောက်က ကျွန်တော်ရဲ့အမြင်ထဲမှာ ပေါ်လာပြီး ကျွန်တော် မြင်ရတယ်။ ဒါပေမယ့် ပစ်တဲ့လူဆိုးရော၊ အပစ်ခံရတဲ့ ရဲဘက်ကလူတွေကိုရော ကျွန်တော် မသိဘူး။ အမှတ်လည်း မထားမိဘူး။ အဲဒီလို ကျွန်တော့်အမြင်ထဲ ဝင်လာတဲ့ အရိပ်အရောင်တွေဟာ တစ်ခုမှ ကောင်းတာမရှိဘူး ခင်ဗျ။ သင်္ဘော ပျက်တာတွေ၊ မီးရထား မှိုင်းဗုန်းထိတာတွေ၊ လေယာဉ်ပျံ ပျက်ကျတာတွေ၊ ကားချင်းတိုက်တာတွေ၊ သေနတ်ပစ်မှုတွေ အားလုံး မကောင်းတဲ့ အနိဋ္ဌာရုံတွေ ချည်းပါပဲ ခင်ဗျာ။ ပြီးတော့ ဖြစ်မယ့် နေရာ၊ နေ့၊ ရက်၊ အချိန်၊ နာရီ တိတိကျကျ ခင်ဗျ။ ကျွန်တော်နဲ့လည်း ဘာမှဆိုင်တာတွေ မဟုတ်ဘူး။ ဒီလိုဖြစ်တာ ရောဂါတစ်မျိုးပဲလား မပြောတတ်ပါဘူး ခင်ဗျာ"

ဒေါက်တာ။ "ဖြစ်ချင်လည်း ဖြစ်နိုင်တယ် ဦးတက်ထွန်း၊ ဒီအကြောင်း ဆရာဝန်များနှင့်ကော တိုင်ပင်ဖူးသလား"

ခံ။ "မတိုင်ပင်ဖူးပါဘူး ခင်ဗျာ။ နို့ပေမယ့် ကျွန်တော်ဟာ အိန္ဒိယက ပြန်လာကတည်းက ဒီဟာတွေကို မကြာခဏဆိုသလို မြင်ရတာနဲ့ စိတ်ဟာ တစ်မျိုးဖြစ်ပြီး တစ်ခုခုကို မြင်ရပြီးတဲ့နောက် ၁၀ ရက် ၁၅ ရက် မအိပ်နိုင် မစားနိုင် ဖြစ်ခဲ့ပါတယ်"

ဒေါက်တာ။ "အမြင်ပေါက်တယ်ဆိုတာ တစ်နည်းတော့ မကောင်းဘူး လားဗျာ"

ခံ။ "ဘယ်ကလာ ကောင်းရမလဲ ခင်ဗျာ။ မမြင်ချင် မတွေ့ချင်တဲ့ အနိဋ္ဌာရုံတွေကို မြင်တွေ့နေရတာ ကောင်းတယ်လို့ ဆိုနိုင်မလား ဒေါက်တာ။ ဒီလို စပြီးဖြစ်ကတည်းက ကျွန်တော်ဟာ ဘယ်မှ မသွားမလာဘူး။ အပေါင်း အသင်းတွေလည်း ရှောင်နိုင်သမျှရှောင်၊ သာမှုနာမှုတွေနဲ့လည်း ဝေးနိုင်သမျှ ဝေးအောင် လုပ်နေတော့တာပါပဲ။ ဒီတော့ လူရယ်လို့သာ ဖြစ်နေတယ် လူရာမဝင်သလို ဖြစ်နေတော့တာပဲ ဒေါက်တာ"

ဒေါက်တာဦးထွန်းမြတ်မှာ အကယ်ပင် စိတ်ကို ထိခိုက်လျက် တရားခံအတွက် ဝမ်းနည်းမိသကဲ့သို့ ရှိတော့၏။ ဉာဏ်ပညာထက်မြက်၍ ခေတ်ပညာတတ်တစ်ယောက် ဖြစ်ပါလျက် ယခုကဲ့သို့ ထူးဆန်းသော စိတ်ရောဂါမျိုး စွဲကပ်နေသည်ကို သနားမိတော့၏။

ဒေါက်တာ။ "စီးကရက် သောက်ပါဦးလေ ဦးတက်ထွန်း။ စကားပြောရတာ အတော်မောနေပြီ"

တရားခံ ဦးတက်ထွန်းသည် ဒေါက်တာဦးထွန်းမြတ် တည်သော စီးကရက်ကို မီးညှိ၍ သောက်လေ၏။ သို့သော် သူ၏လက်များမှာ အဆမတန် တုန်ယင်လျက် ရှိလေသည်။

ဒေါက်တာ။ "ဒါနဲ့ အခု ဦးမောင်မောင်ကြီး ပစ်သတ်တဲ့အကြောင်း ဆက်ပြောပါဦး"

ခံ။ "ဒီလိုခင်ဗျ။ တစ်နေ့က အဲဒီမြောင်းကြီးလမ်းက တန်းလျားရှည်ကြီး အခန်းနံပါတ် ၉ နဲ့ကပ်လျက်ရှိတဲ့လှေကားက အရပ်မြင့်မြင့် အသားဖြူဖြူ နှာခေါင်းချွန်ချွန် လူတစ်ယောက် လှေကားက ဆင်းလာတယ်။ သူ့လက်ထဲမှာ ခြောက်လုံးပြူးတစ်လက် ကိုင်လို့။ သူ့မျက်လုံးတွေ ကြည့်ရတာလည်း ပြူးတူးကြောင်တောင်တောင် စိတ်မနှံ့သလိုပါပဲ။ အမူအရာကလည်း ဂဏှာမငြိမ်ဘူး။ ဆင်းလာလို့ အောက်ဆုံးလှေကားထစ်နဲ့ ၃ ထစ်လောက်အကွာမှာ မတော်တဆ ခြေချော်ပြီး လိမ့်ကျသွားတယ်။ နို့ပေမယ့် သမံတလင်းနံ့ပေါ် လည်းရောက်ရော ကဗျာကယာပြန်ထပြီး လမ်းဘက်ကိုလှည့် သေနတ်နဲ့ ပစ်တော့တာပါပဲခင်ဗျာ။ ဒီအခါ တန်းလျားနဲ့ မျက်စောင်းထိုးလောက်မှာ ရဲဘက်က ကားတစ်စင်း ရပ်နေတယ်ခင်ဗျ။ သူပစ်လိုက်တဲ့ သေနတ်ဟာ အဲဒီကားနားမှာရပ်နေတဲ့ ရဲသားနှစ်ယောက်အနက်က တစ်ယောက်ကိုထိပြီး ပွဲချင်းပြီး သေသွားပါလေရော။ ကျန်တဲ့ရဲသားတစ်ယောက်ကတော့ ကားနောက်မှာ ကဗျာကယာဝပ်လိုက်ပြီး သူ့ကို ပြန်ပစ်တာပဲ ခင်ဗျ။ နို့ပေမယ့် သူ့ကို မထိဘူး။ ဒါနဲ့ ဒီလူဟာ ဒီလိုနဲ့ မနေသေးဘူး။ လမ်းပေါ် လျှောက်ပြေးပြီး တောင်ပစ်မြောက်ပစ်နဲ့ ၂ ချက် ၃ ချက်ပစ်တာ အစွန်ဆုံးအခန်းက လူတစ်ယောက်ကိုမှန်ပြီး အဲဒီလူ သေသွားတယ်။ ပြီးတော့ အိမ်ပေါ်ထပ်က မိန်းမတစ်ယောက်လည်း လက်မောင်းကို မှန်သွားတယ်။ ဒီအခါကျမှ ကျန်တဲ့

ရဲသားက နောက်တစ်ချက်ပစ်လိုက်တဲ့ ကျည်ဆန်ဟာ သူ့ကို မှန်တော့တယ်။ သူလည်း သေတာပါပဲ။ ပစ်တဲ့အချိန်က ၄ နာရီခွဲ ခင်ဗျ”

ဒေါက်တာ။ “အင်း… ခင်ဗျားအမြင်က တကယ့် အသေးစိတ်ကလေး တွေပါ သေချာတာပဲ။ အချိန်ကို ဘယ်လိုလုပ်သိသလဲ”

ခ်။ “စိတ်ထဲမှာ အလိုလို ပေါ်လာပါတယ်”

ဒေါက်တာ။ “ဒါကြောင့် တကယ်ဖြစ်မယ့် ကိစ္စကို ခင်ဗျားက မဖြစ် ရအောင် ကြိုတင်ပြီး ကာကွယ်လိုက်တယ် ဆိုပါတော့”

ခ်။ “ဟုတ်ပါတယ် ဒေါက်တာ၊ ဒါပါပဲ”

ဒေါက်တာ။ “ဒီလိုဆိုရင် ရဲကို ဘာဖြစ်လို့ မတိုင်သလဲဗျ”

တရားခံသည် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

ခ်။ “တိုင်ရင်ကော ယုံပါ့မလား ဒေါက်တာ။ ဒီလူ ရူးနေလို့ ပြောတာ လို့ ပြောမှာပေါ့”

ဒေါက်တာ။ “ဒါဖြင့်လည်း ဖြစ်မယ့်အချိန်ထိအောင် ဘာဖြစ်လို့ စောင့်မနေသလဲဗျ။ အမှန်တော့ ခင်ဗျားသာ သွားပြီးစောင့်နေရင် သူတို့ဖြစ်မယ့် ကံကြမ္မာကို ခင်ဗျားလက်နဲ့ ပြောင်းလဲပစ်နိုင်မယ်ထင်လို့ပေါ့။ ဟုတ်တယ် မဟုတ်လား”

ခ်။ “ဟုတ်ပါတယ် ဒေါက်တာ။ ပြီးတော့လည်း ဒီလို စောင့်နေရ လောက်အောင် ကျွန်တော် သွေးမရဲဘူးခင်ဗျ။ တကယ်လို့ စောင့်နေရင် ကျွန်တော်ဟာ တစ်ခါတည်း သတိလစ်သွားလိမ့်မယ်လို့ ထင်တယ်”

ဒေါက်တာ။ “အရင်တုန်းကကော ဖြစ်မယ့်ကိစ္စတွေကို မဖြစ်ရအောင် ခင်ဗျား ကြိုတင်ပြီး ကာကွယ်ဖို့၊ ဒါမှမဟုတ် ပြောင်းလဲဖို့ ကြိုးစားဖူးသလား”

ခ်။ “ဒီလိုတော့ မကြိုးစားဖူးပါဘူး။ အခုတစ်ခါတော့ ဖြစ်ပွားမယ့် ကာယကံရှင်တွေသာမက ကျွန်တော့်အဖို့ပါ ကံကြမ္မာက ဖန်တီးလာတာနဲ့ တူပါတယ်။ ဒါပါပဲခင်ဗျာ။ ကျွန်တော်ပြောတာကို ရဲဘက်ကလည်း ယုံမှာ မဟုတ်ဘူး။ တရားသူကြီးကလည်း ယုံမှာမဟုတ်ဘူး။ ဒီတော့ သူရဲ့စီရင်ချက် အတိုင်း ခံရုံ ရှိတော့တာပါပဲ ဒေါက်တာ”

➛ ➛ ➛

http://www.cherrythitsar.org

ထိုနေ့ညနေ ၄ နာရီခွဲသာသာလောက်တွင် ဒေါက်တာဦးထွန်းမြတ်သည် မိမိ၏ဆေးတိုက်မှ ပြန်ခဲ့ပြီးနောက် ဌာနသို့ ပြန်လာ၏။ ဦးစိန်၏အခန်းထဲတွင် လိမ္မော်ရည်များကိုသောက်ရင်း အပန်းဖြေကာ စကားပြောလျက်ရှိစဉ် ရဲအုပ်တစ်ယောက်သည် အခန်းတွင်းသို့ လူတစ်ယောက်ကို သွင်းလာလေသည်။

ထိုအချိန်မှာ (၄း၅၀) နာရီ ရှိပြီဖြစ်၍ ရဲအုပ်က ယခုနံနက် လူသတ်မှုဖြစ်ပွားခဲ့သော မြောင်းကြီးလမ်း တန်းလျားရှည်ကြီးရှေ့၌ပင် ၄ နာရီခွဲလောက်က နောက်ထပ်လူသတ်မှုတစ်ခု ဖြစ်ပွားပြန်ကြောင်း၊ ယခုခေါ်လာသူမောင်စိန်နက်ဆိုသူမှာ ထိုအမှုတွင် မျက်မြင်သက်သေဖြစ်၍ စစ်ဆေးရန်ခေါ်လာခြင်းဖြစ်ကြောင်း၊ ယခုအမှုတွင် ရဲသားစံရွှေမှာ သေနတ်ပစ်ခံရသဖြင့် သေဆုံးသွားပြီဖြစ်ကြောင်း၊ လမ်းထဲတွင် အရပ်သားတစ်ယောက်လည်း တရားခံ၏ကျည်ဆန် သင့်ပြီးလျှင် သေဆုံးသွားကြောင်း၊ တန်းလျားအပေါ်ထပ် အခန်းတစ်ခန်းမှ မိန်းမတစ်ယောက်သည်လည်း လက်မောင်းတွင် ဒဏ်ရာရသွားကြောင်း၊ သေနတ်နှင့် ပစ်သောသူမှာလည်း ကျန်ရှိသောရဲသားက နောက်ထပ်ပစ်မှု မကျူးလွန်နိုင်စေရန် ခုခံကာကွယ်ရင်း ပစ်ချလိုက်ရသဖြင့် သေဆုံးသွားကြောင်းဖြစ်၍ မောကြီးပန်းကြီး ပြောပြလေသည်။

စိန်။ “ဟိုက် ဘာတွေဖြစ်ကုန်ကြပြန်ပြီလဲဟေ့– ဘယ့်နှယ်ကွာ... မနက်ကတစ်မှု စစ်တောင်ပြီးမယ် မကြံသေးဘူး။ အခု နောက်တစ်မှု ဖြစ်လာပြန်ပြီလားကွ။ လူတွေ ရူးကုန်ပြီထင်တယ်ဟေ့... ရူးကုန်ပြီ... နေပါဦး အခု မြောင်းကြီးလမ်းကို ဘယ်သူလိုက်သွားလဲ”

ရဲအုပ်။ “ရဲမှူး ဦးစောအောင်နဲ့ မောင်စံတို့၊ ဖိုးသားတို့ လိုက်သွားကြပြီ ဆရာ”

စိန်။ “အင်း တယ်ဟုတ်နေမှပဲကွယ်။ လူတွေဟာ ထစ်ခနဲရှိ ဘာရယ်လို့မဟုတ်ဘူး။ လက်ထဲမှာရှိတဲ့ လက်နက် သုံးပစ်လိုက်ကြတာပဲ။ နေပါဦးကွ အခု အိမ်ပေါ်ကဆင်းလာပြီး သေနတ်နဲ့ စပစ်တဲ့လူက ဘယ်သူတဲ့လဲ”

ရဲအုပ်။ “နာမည်တော့ ကျွန်တော် မသိရသေးပါဘူး ဆရာ။ နို့ပေမယ့် မနက်ကသေတဲ့လူနဲ့ ညီအစ်ကိုဆို ထင်ပါရဲ့။ လူချင်းက ခပ်ဆင်ဆင်လို့ ပြောကြတာပဲ ဆရာ၊ သူတို့လာမှ သိရမှာပဲ”

စိန်။ "ဟော့ ဘယ်လိုဟာတွေလဲကွ"

ထို့နောက် ဦးစိန်သည် ရဲအုပ် ခေါ်လာသော သက်သေဘက်လှည့်၍–

စိန်။ "ခင်ဗျားနာမည် ဘယ်သူဗျ"

သက်။ "ကျွန်တော့်နာမည် မောင်စိန်နက်ပါတဲ့ ခင်ဗျာ"

စိန်။ "ကိုင်း... ကိုစိန်နက် ခင်ဗျားမြင်တာ တဆိတ် အကုန်လုံး ပြောစမ်းပါဦးဗျာ"

သက်။ "ဒီလိုပါခင်ဗျာ။ အဲဒီတန်းလျားရှည်ကြီး အခန်းနံပါတ် ၁၁ မှာနေတဲ့ ဦးမောင်မောင်လေးဆိုတဲ့လူဟာ ကျွန်တော်နဲ့ အင်မတန်ခင်တဲ့ မိတ်ဆွေပါ။ ဒီလူက ခြေတစ်ဖက် ကောင်းကောင်းမသန်ဘူး ခင်ဗျ။ ဒုက္ခိတ ပါပဲ။ သူ့အစ်ကို ဦးမောင်မောင်ကြီးကို မှီခိုစားသောက်နေရရှာပါတယ်။ ဒါနဲ့ ဒီနေ့ညနေ ၄ နာရီလောက် ကျွန်တော် သူ့အိမ် ရောက်သွားပြီး စကားစမြည်ပြောရင်း လက်ဖက်ရည်ကြမ်း သောက်နေတုန်း မျက်နှာချင်းဆိုင် လမ်းဘက်မှာ ကားတစ်စီးထိုးရပ်သံလည်း ကြားလိုက်ရော ဗြုန်းဆို ဦးမောင် မောင်လေးဟာ အံဆွဲထဲက ဖ–လုံးပြူးသေနတ် ဆွဲယူပြီး လှေကားက ဒိုင်းဒိုင်း ပါအောင် ဆင်းပြေးတာပါပဲခင်ဗျာ။ ကျွန်တော်လည်း ပထမအံ့အားသင့်ပြီး နေရာက သူ့ကို လိုက်ပြီးဆွဲမယ်လုပ်တုန်း သူဟာ သံတလင်းနဲ့ ၃ ထစ် လောက်အကွာရောက်တော့ ဒလိမ့်ခေါက်ကွေး ကျသွားပါလေရော။ နဂိုက လည်း ခြေတစ်ဖက်က ကောင်းကောင်းမသန်ဘဲကိုး ခင်ဗျ။ နို့ပေမယ့် သံ တလင်းခုံပေါ်ရောက်တော့ ကပျာကယာ လူးလဲထပြီး အဲဒီလမ်းတစ်ဖက်မှာ ရပ်ထားတဲ့ ကားဆီ တစ်ခါတည်း ထိုးပစ်တာပါပဲ ခင်ဗျာ။ ကားကလည်း ရဲဘက်က ကားမှန်း ကျွန်တော်ဆင်းလာမှ သိပါတယ်။ ကျွန်တော်လည်း နောက်ကလှမ်းပြီး သူ့ကိုဖက်မယ် ကြံပါသေးတယ်။ ဒါပေမယ့် သေနတ်က ၂ ချက် ထွက်သွားပြီ။ တစ်ချက်က ရဲသားတစ်ယောက်ကို ထိသွားတာ မြင်လိုက်ရပါတယ်။ ရဲသားဟာ နေရာမှာ တုံးခနဲ လဲသွားရှာတာပါပဲ။ ကျွန်တော်လည်း နောက်က အတင်းလိုက်ပြီးတော့ဆွဲဖို့ ကြိုးစားပါသေးရဲ့။ နို့ပေမယ့် မြန်လိုက်တာခင်ဗျာ ခြေတစ်ဖက်မသန်လို့သာ တော်တော့တယ်။ ဒီတော့ ကျွန်တော်လည်း သူ့နောက်က အတင်းလိုက်ပြီး "ဟေး ကိုမောင် မောင်လေး... ကိုမောင်မောင်လေး မလုပ်ပါနဲ့လေ... မလုပ်ပါနဲ့"လို့ ပြောပြော ဆိုဆို

သူ့နောက်က ပြောလိုက်သေးတယ်။ ဒါပေမယ့် ဦးမောင်မောင်လေးဟာ တန်းလျားထောင့်စွန်းဘက်ဆီ နောက်ထပ် ၂ ချက် ထိုးပစ်လိုက်တယ်။ တစ်ချက်က အောက်ထပ်က ဆန်ရောင်းတဲ့ ဦးညိုဆိုတဲ့ အဘိုးကြီး မှန်သွားပြီး နောက်တစ်ချက်က အပေါ်ထပ် ဝရန်တာမှာ အဝတ်လှန်းနေတဲ့ မိန်းမ တစ်ယောက်လက်ကို မှန်သွားတယ်။ သူလည်း ရှေ့လျှောက်ပြီးအပြေး နောက်က ဆူဆူညံညံလူသံတွေနဲ့အတူ 'ဒိုင်း'ခနဲ သေနတ်သံတစ်ချက်လည်း ကြားလိုက်ရရော သူလည်း လမ်းပေါ် ဗုံးခနဲ လဲသွားတာပါပဲ။ ကျန်တဲ့ ရဲသားတစ်ယောက်က ပစ်တာနဲ့ တူပါတယ်။ ကျွန်တော်ကတော့ ရှေ့ဘက် လှည့်နေလို့ နောက်က ဘယ်သူပစ်လိုက်တယ်ဆိုတာ သေသေချာချာတော့ မသိဘူး။ နို့ပေမယ့် ဝိုင်းလိုက်လာတဲ့ လူအုပ်ရှေ့က သေနတ်ရှည်တစ်လက် ကိုင်လာတဲ့ ရဲသားကို မြင်ရတာပါပဲ။ ကျွန်တော် တစ်ခု အံ့သြတာက ဦးမောင်မောင်လေးရဲ့ ညာဘက်ခြေထောက်ဟာ မွေးကတည်းက သိမ်နေလို့ ချိုင်းထောက်မပါဘဲ လမ်းမလျှောက်နိုင်တဲ့လူဟာ အခုတော့ လှေကားက တဒိုင်းဒိုင်း ပြေးဆင်းသွားပြီး လမ်းပေါ်မှာ အတော်ဝေးဝေး လျှောက်ပြေးသွား နိုင်တာ ကျွန်တော်တော့ သိပ်ပြီးအံ့သြသွားတာပဲ ခင်ဗျာ"

စိန်။ "နေပါဦးဗျ။ ဦးမောင်မောင်လေးဆိုတဲ့လူက ဘယ်သူလဲ။ သူက ဘာလုပ်သလဲ"

သက်။ "သူက ဂျပန်လက်ထက်မှာ ပစ္စည်းဥစ္စာ အတော်အတန် စုဆောင်းမိပြီး အင်္ဂလိပ်တက်လာတော့ အေးအေးနေတော့တာပါပဲ။ နို့ပေမယ့် မနှစ်တစ်နှစ်က အရောင်းအဝယ်လုပ်တာ အတော်ရှုံးပြီး အခုတော့ သူ့အစ်ကို ကိုပဲ မှီခိုပြီးနေထိုင်ရတဲ့ လူတစ်ယောက်ပါ"

စိန်။ "သူ့အစ်ကိုက ဘယ်သူလဲ"

သက်။ "မနက်က သေနတ်ပစ်ခံရပြီး သေသွားတဲ့ ဦးမောင်မောင်ကြီး ပေါ့ ခင်ဗျာ။ သူတို့က အမြွှာပူးမွေး၊ မျက်နှာချင်းလည်း ချွတ်စွပ်ထားသလို တူပါတယ်။ မနက်က သူ့အစ်ကို သေနတ်ပစ်ခံရတာနဲ့ စိတ်ဂယောင် ချောက်ချား ဖြစ်သွားတာများလား မပြောတတ်ပါဘူး"

စိန်။ "အလို ဘုရားရေ မနက်ကသေတဲ့လူနဲ့ အခုလူနဲ့ အမြွှာပူးမွေး ဟုတ်စ။ ဘယ်လိုဟာတွေလဲ"

ထိုအခါ မျက်မြင်သက်သေ ကိုစိန်နက်၏ ထွက်ချက်များကို အစအဆုံး နားထောင်လျက်ရှိသော ဒေါက်တာဦးထွန်းမြတ်သည် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေရာမှ ဦးစိန်အနီးရှိ ကုလားထိုင်တစ်လုံးပေါ်သို့ ဝင်၍ထိုင်လိုက်ပြီးလျှင် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ကာ "ကိုင်း ဒီလောက် စစ်ရင် တော်လောက်ပါပြီ ဦးစိန်။ ကျုပ် သဘောပေါက်ပါပြီ" ဟု ပြောလိုက် လေသည်။

➜ ➜ ➜

ညနေခင်းတွင်ဖြစ်ပွားသော သေနတ်ပစ်မှုမှ သေသူအလောင်းများနှင့် ဒဏ်ရာရသော မိန်းမအား ဆေးရုံသို့ပို့ခြင်း၊ သေသူများအား ဓာတ်ပုံရိုက်ယူ ခြင်း၊ အခင်းဖြစ်ပွားရာ ရှုခင်းနှင့်တကွ အခင်းဖြစ်ပွားသည့်နေရာ၌ အတိုင်း အထွာများယူခြင်း ကိစ္စများကို နေမဝင်မီပင် ရဲဘက်က ဆောင်ရွက်ပြီးစီး လေသည်။

နောက်တစ်နေ့၌ ဦးစိန်သည် လူသတ်မှု ၂ မှုမှ သက်သေစစ်ချက်များ၊ မှုခင်းဖြစ်ပွားရာ အတိုင်းအထွာမြေပုံများ၊ ဓာတ်ပုံများ စသည်တို့ကို အမှုတွဲ ပြည့်စုံအောင် စီစဉ်လျက် ရှိလေ၏။

နောက်တစ်နေ့နေ့လယ်၌ ဒေါက်တာဦးထွန်းမြတ်သည် တရားခံ ဦးတက်ထွန်း အစစ်ခံချက်များကို အမှုတွဲ၌ထည့်သွင်းရန် ရောက်လာလေသည်။

သို့နှင့် ဦးစိန်လည်း ယမန်နေ့ ညနက်ခင်းက ဖြစ်ပွားခဲ့သည့် ပထမ လူသတ်မှုနှင့်ပတ်သက်၍ တရားခံ၏ ထွက်ချက်အကြောင်းကို ပြန်ပြောင်း နှီးနှောလျက် ရှိလေသည်။

စိန်။ "ကျွန်တော်တော့ သဘောကို မပေါက်သေးပါဘူး ဒေါက်တာ။ ဦးတက်ထွန်းရဲ့ ထွက်ချက်က သူ့မျက်စိရဲ့ မြင်ကွင်းထဲမှာ ပေါ်လာတယ်ဆိုတာ ညနေမှာဖြစ်ပွားတဲ့ ဒုတိယအမှုအတိုင်းပါပဲကလား"

မြတ်။ "အင်းလေ... အဲဒါကို သူ မြင်တာပေါ့ ဦးစိန်ရဲ့။ ဒီတော့ သူက ဒီအမှု မဖြစ်ရအောင် ကာကွယ်မယ်ဆိုပြီး မနက် ၁၀ နာရီလောက်မှာ တန်းလျားဘက်ကိုလျှောက်လာတော့ အခန်းနံပါတ် ၉ က ဦးမောင်မောင်ကြီး က သူ့အခန်းကို ကြည့်နေတယ်ထင်ပြီး ဆင်းအလာမှာ ဦးတက်ထွန်းက သူ့'အမြင်'ထဲက လူပဲဆိုပြီး ပစ်ချလိုက်တာပဲ။ အမှန်တော့ သူ့အမြင်ထဲက

လူက ညနေမှာဖြစ်ပွားတဲ့ ဒုတိယအမှုက လူဗျ။ လူချင်း အမြွှာပူးဆိုတော့ ရုပ်ချင်းကလည်း တူနေတာပေါ့ဗျာ။ မနက်ကသေသွားတဲ့ ဦးမောင်မောင်ကြီးက ကံဆိုးချင်တော့ သူ့အခန်းကို ဘာဖြစ်လို့ ဒီလူ စိုက်ကြည့်နေရသလဲဆိုပြီး လှေကားက ဆင်းမေးရာမှာ အပစ်ခံရရှာတယ်။ တရားခံ ဦးတက်ထွန်းရဲ့ 'ကသိုဏ်းဝန်း'ထဲမှာ ပေါ်လာတဲ့လူက ဦးမောင်မောင်ကြီး မဟုတ်ဘူးဗျ။ ဦးမောင်မောင်ကြီးရဲ့ညီအရင်း အမြွှာပူး ဦးမောင်မောင်လေးကိုဗျ။ နို့ပေမယ့် အမြွှာပူးညီအစ်ကိုဆိုတော့ ရုပ်ချင်းကလည်းတူနေ၊ ဆင်းလာတာကလည်း ဒီလှေကားကပဲ ဆင်းလာတော့ သူ့စိတ်ထဲမှာ ဒီလူပဲထင်ပြီး ပစ်ချလိုက်တာပဲ"

စိန်။ "ဟုတ်ပြီဆရာကြီး ဟုတ်ပြီ။ ဒါကြောင့် မနက်က သေနတ်ပစ်ခံရတဲ့လူနဲ့ ညနေမှာ ရဲကားကို အိပ်ပေါ်ထပ်က ဆင်းပစ်တဲ့လူနဲ့ မျက်နှာချင်း တူတယ်လို့ ပြောတာကိုး ဟုတ်ပြီ။ ဟုတ်ပြီ... လက်စသတ်တော့ ဦးမောင်မောင်ကြီးဟာ သူ့ညီ ဦးမောင်မောင်ကလေးအတွက် သက်သက်ဝင်ပြီး ခံစားသွားရတာကိုး"

မြတ်။ "သူပြောတဲ့အတိုင်းဆိုရင်တော့ သူ လူမှားပစ်တာ အမှန်ပဲ ဦးစိန်။ မှားမယ်ဆိုရင်လည်း မှားလောက်စရာပါဗျာ။ အမြွှာပူးညီအစ်ကိုဆိုတော့ မျက်နှာချင်းကလည်း တူတယ်။ ပြီးတော့ လှေကားကလည်း ဒီလှေကားကပဲ ဆင်းလာတယ်"

စိန်။ "ဟုတ်ပါပြီ ဆရာကြီး၊ ကျွန်တော် သဘောပေါက်ပါပြီ။ နို့ပေမယ့် ဘာပဲဖြစ်ဖြစ် သူရဲ့အပြုအမူဟာ ရာဇဝတ်မှုကို ကျူးလွန်ရာ ရောက်တာပဲ ဒေါက်တာ"

မြတ်။ "ဟုတ်တာပေါ့လေ"

စိန်။ "နို့ပေမယ့် ဥပဒေသဘောအရ မိမိအသက်ကိုဖြစ်စေ၊ သူတစ်ပါးအသက်ကိုဖြစ်စေ ရန်မူဖို့လာတဲ့လူကို အသက်သေသည်အထိ ကာကွယ်နိုင်တယ် ဆိုပေမယ့် သူ့ထင်မြင်ရုံသက်သက်နဲ့ လူတစ်ယောက်ကို ပစ်မသတ်နိုင်ဘူး မဟုတ်လား ဆရာကြီးရဲ့။ ဒီအချက်တစ်ခုတည်းနဲ့ ဥပဒေ ကင်းလွတ်ချက် မရနိုင်ပေဘူး"

မြတ်။ "ဒါပေမယ့် သူ့ရဲ့အမြင်ဟာ ညနေမှာဖြစ်မယ့် အဖြစ်အပျက်နဲ့ ကိုက်ညီနေတော့ သူပြောတဲ့ 'ကသိုဏ်းပေါက်မှု'ကို ကျုပ် ထောက်ခံရလိမ့်မယ်"

http://www.cherrythitsar.org


စိန်။ "ဒါဖြင့် အခုလို ကသိုဏ်းဝန်းထဲမှာ သူ ထင်မြင်လာတယ် ဆိုတာတွေ ပြီးတော့ ရှေ့မှာဖြစ်မယ့်အကြောင်းတွေကို သူ ကြိုတင် မြင်ရတယ်လို့ ပြောတာတွေဟာ ဆရာကြီးတို့ ကျွန်တော်တို့စိတ်နဲ့ မတူဘူးပေါ့"

မြတ်။ "မတူဘူး ဦးစိန်၊ မတူဘူး။ ကမ္မဋ္ဌာန်းမှာ အလေ့အကျင့်ရ,ထားတဲ့ လူတစ်ယောက်ဟာ သူတကာထက်ပိုပြီး အထင်အမြင်မှာ ထက်သန်တယ်"

စိန်။ "ဒါဖြင့် တရားခံဟာ စိတ်မနှံ့ဘူးပေါ့"

မြတ်။ "စိတ်မနှံ့ဘူးလို့လည်း မပြောနိုင်ဘူး။ နို့ပေမယ့် **Normal** ခင်ဗျားတို့ ကျွန်တော်တို့လို မှန်တမ်းတော့ မဟုတ်ဘူး"

စိန်။ "သူပြောတဲ့အတိုင်းကော ဖြစ်နိုင်ရဲ့လား ဆရာကြီး"

မြတ်။ "ဖြစ်နိုင်တယ် ဦးစိန်။ ခင်ဗျားတို့ ကျုပ်တို့ ဉာဏ်မမီလို့ မဖြစ်နိုင်ဘူးလို့ ထင်တဲ့အရာတွေ တကယ်ဖြစ်လာတာတွေ အများကြီးရှိတယ်"

ထိုအမှု၌ တရားခံ ဦးတက်ထွန်းအား ပုဒ်မ ၃၀၂ ဖြင့် တင်ပို့သော်လည်း စိတ်ပါရဂူ ဒေါက်တာဦးထွန်းမြတ်၏ ထောက်ခံချက်အရ ကြိုးမိန့် (အကြီးဆုံးအပြစ်ဒဏ်) မပေးဘဲ စိတ္တဇဆေးရုံ၌ ၃ နှစ်နေရန် အမိန့် ချမှတ်လိုက်လေသည်။

**မြဝတီမဂ္ဂဇင်း**

**၁၉၆၁ ခုနှစ်၊ ဇွန်လ**

# ဆရာဝန်ရှူး

မှောင်မိုက်သော ညဥ့်တစ်ညဥ့်တွင် သမိုင်းလမ်းဆုံနှင့် ခရီးတစ်မိုင်ကျော်ကျော်မျှသာဝေးသော မြေနီလမ်းကြားကလေးတစ်ခု၌ 'ဖိယက်' ကားကလေးတစ်စီးသည် ခပ်ဖြည်းဖြည်း မောင်းနှင်လျက်ရှိ၏။ အချိန်မှာ ညဥ့် ၉–နာရီကျော်ကျော်မျှသာ ရှိသေးသော်လည်း ဆီးနှင်းများ အဆမတန်ကျရောက်နေသဖြင့် ကားခေါင်းမီးရောင်ဖြင့်ပင် ရှေ့သို့ ခပ်လှမ်းလှမ်း မမြင်နိုင်ဘဲ ရှိလေသည်။ ထိုနေ့မှာ နတ်တော်လပြည့်ကျော် (၆)ရက်နေ့ ဖြစ်သဖြင့် လရောင်လည်း မရှိ။ ပကတိ မည်းမှောင်လျက်ရှိရာ ထိုနေရာတွင် လမ်းမှာ ကလေး ၃–၄ ခု ရှိသဖြင့် ကားကလေးသည် မည်သည့်လမ်းသို့ လိုက်ရမည်မသိဘဲ စမ်းတဝါးဝါး ရှိနေ၏။ ဆီးနှင်းများကလည်း ပို၍သာကျလာလေသည်။

ပထမလိုက်သွားသော လမ်းကလေးမှာ လယ်ကွင်းများဆီသို့ ရောက်သွားသောအခါ လမ်းပျောက်သွားသဖြင့် ကားမောင်းသူသည် ကားကို လှည့်၍ ပြန်ခဲ့ရ၏။ ဒုတိယလမ်းကလေးသည်လည်း ဤနည်းအတိုင်းပင်ဖြစ်သဖြင့် ပြန်၍လှည့်လာခဲ့ရပြန်၏။ အချိန်မှာ နာရီဝက်ခန့်မျှ ကုန်ခဲ့လေပြီ။ တတိယလမ်းကို တစ်ဖန်လိုက်ပြန်၏။ သို့သော် ထိုလမ်းမှာ ၅ ဖာလုံခန့် ရောက်သောအခါ ပထမလမ်းနှင့် ပေါင်းစပ်သွားသည်ဟု ထင်ရ၍ ကားမောင်းသူသည် မိမိလာလမ်းသို့ ပြန်၍လှည့်ခဲ့ပြန်၏။ အမှန်ကိုကား မသိချေ။ ကားမောင်းသူ

သည် ပြည်လမ်းမကြီးပေါ်သို့တက်သည့် လမ်းစကိုပင် ရှာမတွေ့နိုင်ဘဲ မျက်စိလည်လျက် ရှိနေလေသည်။

ညဉ့်ဥက်လေ လေအေး၍လာလေလေဖြစ်ပြီးလျှင် ဆီးနှင်းများမှာလည်း လွန်ခဲ့သော နာရီဝက်ခန့်ကထက် ပို၍ကျလာသဖြင့် ကားစာတ်မီးရောင်သည်ပင် ဆီးနှင်းများအတွင်းသို့ ထိုးဖောက်ဝင်ရောက်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ရှိတော့၏။ ဤသို့ တတိယအကြိမ် ပြန်၍လှည့်လာခဲ့ပြီးနောက် မိမိယခင်က စ၍ထွက်ခဲ့သောနေရာသို့ ပြန်၍ရောက်သောအခါ ကားမောင်းသူသည် သက်ပြင်းတစ်ချက်ချကာ ကားကလေးကို လမ်းဘေးတွင် ထိုး၍ ရပ်လိုက်ပြီးနောက်၊ "အင်း... ငါတော့ ဒီလူ့စကား နားထောင်ပြီး ဖြတ်လမ်းကနီးတယ်ဆိုလို့ လိုက်လာမိတာ အခုတော့ မျက်စိလည်ပြီး အချိန်ကုန်နေတော့တာပဲ။ ပထမလာခဲ့တဲ့လမ်းအတိုင်းသာ ပြန်လာခဲ့မယ်ဆိုရင် အခုလောက်ရှိ အိမ်ပြန်ရောက်ပြီ။ အင်း ဒီလူ့စကား နားထောင်မိတာ မှားတာပဲ။ ဒါကြောင့် လူကြီးများက အရင်လို လမ်းအိုမလိုက်နဲ့လို့ ပြောခဲ့တယ်မဟုတ်လား"ဟု တစ်ကိုယ်တည်း ညည်းညူပြီးနောက် ကားကလေးကို ပြန်၍ စက်နှိုးလိုက်၏။ ထို့နောက် ရှေ့သို့ ထိုလမ်းကလေးအတိုင်း ဆက်လက်လိုက်သွားပြန်လေသည်။

➜ ➜ ➜

ကားမောင်းသူမှာ ယူနီဗာစီတီရိပ်သာတွင် နေထိုင်သော ကထိကဆရာကလေး ကိုစံရွှေဆိုသူဖြစ်၍ ဇနီးဖြစ်သူ နွဲ့နွဲ့ရီ၊ သားကလေး မောင်အေးရွှေတို့နှင့်အတူ သမိုင်းရွာထဲမှ မိတ်ဆွေဖြစ်သူ ဦးဘစောနှင့် ဇနီးတို့က ညစာစားရန် ဖိတ်ထားသဖြင့် လာခဲ့ခြင်းဖြစ်၏။ (၈)နာရီအချိန်တွင် ညစာစားပြီးကြ၍ တစ်နာရီခန့်မျှ စကားစမြည်ပြော၍ နေကြပြီးနောက် ဇနီးဖြစ်သူ နွဲ့နွဲ့ရီမှာ ဦးဘစောနှင့် ဇနီးတို့က နောက်တစ်နေ့မှ လိုက်ပို့မည်ဟု ဆွဲထားသောကြောင့် နေရစ်ခဲ့ရပြီးလျှင် မိမိတစ်ယောက်တည်း ပြန်လာခဲ့ခြင်းဖြစ်၏။

ဆရာကလေး ကိုစံရွှေမှာ အသက် ၃၀ မျှသာ ရှိသေးသော်လည်း ယူနီဗာစီတီသို့ ရောက်သည့်နှစ်က ကျန်းမာရေးနှင့် ကိုယ်လက်လှုပ်ရှားမှုများကို ပေါ့ပေါ့တန်တန်နေခဲ့ပြီးလျှင် စာကိုသာ အပတ်တကုတ် ကြိုးစားခဲ့သဖြင့် မျက်စိများ တဖြည်းဖြည်းမှုန်၍လာခဲ့ပြီးနောက် ဥပစာအထက်တန်းသို့ ရောက်သောအခါ ၄–ဒီဂရီ (အနုတ်လက္ခဏာ)မျှရှိသော မျက်မှန်ကို တပ်ခဲ့ရ၏။

http://www.cherrythitsar.org

ထို့နောက် ကျန်းမာမှု ချို့တဲ့လာသည်ကို ဂရုမစိုက်ဘဲ စာကိုသာ ဆက်လက်ကြိုးစားလာခဲ့ပြန်ရာ ဝိဇ္ဇာတန်းကို ဂုဏ်ထူးဖြင့် အောင်ပြီးသောအချိန်၌မူ ကျန်းမာရေးချို့တဲ့မှုကြောင့် တစ်လမျှ ဆေးရုံသို့တက်၍ အနားယူ၏။ မျက်စိမှာလည်း ယခင်ကထက် မှုန်၍လာပြီးလျှင် ၆ ဒီဂရီမျှထူသော မျက်မှန်ကို တပ်၍ နေရလေပြီ။ အမှန်သော် ကိုစံရွှေမှာ ပညာရေးတွင် ထူးချွန်သလောက် ကျန်းမာရေးတွင် ချို့တဲ့သူ ဖြစ်သည်ဟု ဆိုရပေမည်။

နဂိုရုပ်ရည် သွင်ပြင်အားဖြင့်လည်း ကိုစံရွှေမှာ ခွန်အားဗလ မရှိလှဘဲ သေးသေးသွယ်သွယ် လူဗလံကလေးတစ်ယောက်ဖြစ်သဖြင့် မိမိ၏ကားကို မိမိမောင်းရန်ပင် အတော်ကြိုးစား၍ သင်ကြားတတ်မြောက်ခဲ့ရသူ ဖြစ်၏။ သို့ဖြစ်၍ ဇနီးဖြစ်သူ နွဲ့နွဲ့ရီသည် တစ်ယောက်တည်းပြန်သွားသော ခင်ပွန်းသည်အား စိတ်မချနိုင်ဘဲ "မောင်တစ်ယောက်တည်းပြန်လို့ ဖြစ်ပါ့မလားမောင်ရယ်၊ မောင်ကလည်း မျက်စိ ကောင်းကောင်းသန်တာမဟုတ်ဘူး"ဟု ပြောလိုက်သော စကားများကို သတိရနေမိ၏။ သို့သော် မိမိ၏ကားကလေးမှာ အသစ်စက်စက် ဖြစ်သည့်ပြင် စက်အလွန်ကောင်းသဖြင့် လမ်းတွင် စက်ချို့ယွင်းရန် အကြောင်း မရှိသည်ကို အားကိုးသည့်အတိုင်း တစ်စုံတစ်ရာ စိတ်နှောင့်နှေးခြင်းမရှိဘဲ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

➙ ➙ ➙

ရှေ့သို့ နှစ်ဖာလုံခန့် သွားမိသောအခါ လမ်းကလေး၏ ဘေးတစ်ဖက် တစ်ချက် ခြံနှင့် အိမ်ကလေးများမှာ မိမိ ပထမလာစဉ်က တွေ့ခဲ့ရသော အိမ်ကလေးများမဟုတ်ဟု ထင်မိ၏။ သို့ရှိစဉ် မိမိရှေ့ ကိုက်သုံးဆယ်ခန့်အကွာ တွင် ဆိုင်ကလေးတစ်ဆိုင်ကဲ့သို့ အပြင်သို့ မီးရောင် ထိုးထွက်နေသည်ကို မြင်ရသဖြင့် ကိုစံရွှေသည် ထိုနေရာနှင့် မနီးမဝေးသို့ရောက်အောင် မောင်းသွား ပြီးနောက် ကားကလေးကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်၏။ ထို့နောက် ကားပေါ်မှ ဆင်းပြီးလျှင် မီးရောင်ရှိရာသို့ လာခဲ့လေသည်။ ရောက်သောအခါ မိမိထင်သည့်အတိုင်း ကုလားလက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ဖြစ်၍ ဆိုင်ရှင်ကုလားသည် တံခါးတစ်ချပ်ကိုပင် စ၍ပိတ်စပြုနေလေ ပြီ။ သို့သော် ကိုစံရွှေဝင်လာသည်ကို မြင်သဖြင့် ခေတ္တရပ်တန့်လိုက်၏။

(ရွှေ) "ဒီမှာ ကာကာ... ကော်ဖီပူပူတစ်ခွက် ပေးစမ်းပါ။ သမိုင်းလမ်းဆုံထိအောင် ဘယ်လမ်းက သွားရသလဲကွဲ..."

(ကာ) "ဘယ်ကိုလဲ ဆပ်... သမိုင်းလမ်းဆုံကိုလား..."

"အေး... ဟုတ်တယ်..."

"ဒီလိုဆိုရင် ဆပ် လမ်းမှားပြီ... ဒီလမ်းက အုတ်ကျင်းဘက်ကိုသွားတဲ့လမ်းပဲ... နောက်ကို ပြန်လှည့်ပြီး လမ်းမှတ်တိုင်ရောက်တော့ ဘယ်ဘက်ကို ချိုးပြီးသွား ဆပ်..."

"အေးကွယ်... ကျေးဇူးတင်ပါတယ်"

ထိုအချိန်၌ ကော်ဖီ ရောက်လာ၍ ကိုစံရွှေသည် ကော်ဖီပူပူကို သောက်လျက် ရှိနေလေသည်။ သို့သော် လမ်းမှန်သို့ မရောက်မချင်း စိတ်မအေးနိုင်သဖြင့် ယခင်အခါများကဲ့သို့ အေးဆေးစွာ မသောက်နိုင်ဘဲ ကော်ဖီကို ပန်းကန်ပြားထဲသို့ထည့်၍ အမြန်သောက်ပြီးလျှင် ပိုက်ဆံတစ်မတ်ကို ခုံပေါ်သို့ ပစ်ထားခဲ့ပြီးနောက် ဆိုင်ထဲမှ ထွက်လာခဲ့လေ၏။ ထိုအချိန်တွင် ဆီးနှင်းများ ပို၍ကျလာသဖြင့် ကားရှိရာကိုပင် မမြင်နိုင်သလောက် ရှိလေ၏။ ကားအနီးသို့ ရောက်သောအခါ သူသည် တံခါးလက်ကိုင်ကိုလှည့်ရန် အပြင်မှ လှမ်း၍ ကိုင်လိုက်ရာ ဤကဲ့သို့ ကိုင်လိုက်သည်နှင့်တစ်ပြိုင်နက် တံခါးသည် ရုတ်တရက် ညင်သာစွာ ပွင့်သွားသဖြင့် ကိုစံရွှေမှာ အံ့အားသင့်၍ သွား၏။ ဤမျှသာမက ကားထဲမှ "အပေါ်တက်လေ... ခင်ဗျား ကထိကကိုစံရွှေ မဟုတ်လား"ဟု မေးလိုက်သော လူတစ်ယောက်၏အသံကို ကြားလိုက်ရသဖြင့် ဆရာကိုစံရွှေမှာ လန့်ဖျပ်၍ပင် သွားမိတော့၏။ မိမိကားထဲ၌ မောင်းသူထိုင်သော နေရာဘေးတွင် လူတစ်ယောက် ထိုင်နေသည်ကို ထူးဆန်းစွာ တွေ့ရှိရလေသည်။ ထိုသူ ထိုင်နေသောနေရာမှာ မှောင်ရိပ်ဘက်ကျနေသဖြင့် မျက်နှာကို ကောင်းစွာ မမြင်ရသော်လည်း မီးရောင်ဘက်ကျသော လက်ဝဲဘက်မျက်နှာတစ်ခြမ်းမှာ ပြူးကြောင်သော မျက်လုံးရှိ၍ အတန်ငယ်ရှည်လျားသော မုတ်ဆိတ်မွေးနှင့် ပါးမြိုင်းမွေးများ ရှိ၏။ ဆရာကိုစံရွှေမှာ မည်သို့မျှ မတတ်နိုင်ဘဲ ကားပေါ်သို့ တက်ရလေသည်။

ထိုသူသည် ဆရာကိုစံရွှေမှာ သက်တူရွယ်မျှလောက်သာရှိမည် ဖြစ်သော်လည်း အရပ်ထောင်ထောင်မောင်းမောင်းနှင့် ခွန်အားဗလကောင်းသူ လူရွယ်

တစ်ယောက် ဖြစ်၏။ ဆရာဝန်များ ဝတ်လေ့ရှိသော အင်္ကျီအဖြူခပ်ရှည်ရှည်ကို ဝတ်ထား၍ 'နားကြပ်'တစ်ဖက်သည်ပင် လက်ဝဲဘက်အိတ်အတွင်းမှ အတန် ငယ်ထွက်နေသည်ကို လှမ်း၍မြင်လိုက်ရ၏။ သို့သော် အင်္ကျီမှာ အတော်ပင် ညစ်နေ၍ ချပ်ချပ်ယပ်ယပ်လည်းမရှိဘဲ ပွရောင်းရောင်းရှိနေပြီးလျှင် လက်ဖျား များမှာ အတော်ပင် ဟောင်းနွမ်းစုတ်ပြတ်လျက် ရှိနေသည်ကို မြင်ရ၏။ ဆံပင်မှာလည်း အတော်ပင်ရှည်နေပြီးလျှင် ကျီးကန်းသိုက်ကဲ့သို့ ရှုပ်ထွေးလျက် ရှိ၏။ ဒရိုင်ဘာခန်းမှ မှေးမှိန်သော မီးလုံးကလေး၏ အလင်းရောင်တွင် ဆရာကိုစံရွှေသည် အထက်ပါအချင်းအရာများကို အကဲခတ်လိုက်မိလေသည်။

(ရွှေ) "ခင်ဗျား ကျုပ်နာမည်ကို ဘယ့်နှယ့်သိသလဲ..."

သို့ပြောရင်း ဆရာကိုစံရွှေသည် နောက်ဖက်ထိုင်ခုံတွင် ခပ်မှိုမှို ထောင်၍ ထားသော မိမိ၏ လက်ဆွဲသားရေအိတ်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။ အိတ်ပေါ်၌ မိမိ၏နာမည်ကို ပုံနှိပ်ရေးထိုးပြီးလျှင် ပလတ်စတစ်ဖြင့် ဖုံးထား သည်ကို သတိပြုမိသောကြောင့် ပြန်၍ကြည့်လိုက်ခြင်း ဖြစ်၏။ သို့သော် ထိုသူစိမ်းသည်ကား အနည်းငယ်မျှ လှည့်၍မကြည့်ချေ။

(စိမ်း) "ခင်ဗျားကို ကျုပ် သိတာပေါ့ဗျာ။ ကျုပ်ကို တွေ့ဖူးပါတယ်။ နို့ပေမယ့် ဘယ်မှာတွေ့ဖူးတယ်ဆိုတာတော့ ခင်ဗျား မှတ်မိမယ် မဟုတ်ဘူး..."

ဆရာကိုစံရွှေသည် လက်ယာဘက်နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ မေးစေ့ကို လက်ဖြင့်သပ်ရင်း ခေတ္တမျှ တွေဝေစဉ်းစားလျက် "နို့ပေမယ့် ခင်ဗျားမျက်နှာကို ကျွန်တော် မြင်ဖူးတယ် မထင်ပါဘူးဗျာ။ ဒါထက် ခင်ဗျားက ကားနဲ့လိုက်ချင်လို့ ဆိုပါတော့..."

(သူစိမ်းက ဦးခေါင်းကိုညိတ်လျက်) "ဟုတ်ပါတယ်ဗျာ။ ကျေးဇူးပါပဲ။ အုတ်ကျင်းမှာ ကျုပ်အိမ် ရှိပါတယ်။ အဲဒီကျတော့ ကျုပ်ကိုချခဲ့ပြီး လမ်းမကြီး အတိုင်း ပြန်မောင်းသွားရုံပေါ့ဗျာ။ ခင်ဗျားကားကလေးက အင်မတန် ကောင်း တာပဲ တယ်မကြာပါဘူး..."

"အဲဒီကို ရောက်ဖို့မပြောနဲ့ သမိုင်းလမ်းဆုံတောင် ရောက်အောင် မသွားနိုင်လို့ ခက်နေတယ်။ နှင်းတွေကလည်း သိပ်ကျနေတယ် မဟုတ်လား"

"နို့ပေမယ့် ကျုပ် လမ်းသိတယ်။ ကျုပ် ပြပေးမှာပေါ့"

ဆရာကိုစံရွှေသည် ကားကလေးကို စက်နှိုးလိုက်၏။

http://www.cherrythitsar.org


“အမှန်ပြောရရင် ကျွန်တော်ဟာ မျက်စိလည်နေတယ်ဗျ။ လမ်းမကြီးကို မရောက်နိုင်ဘဲ ဖြစ်နေတယ်။ ခင်ဗျားပြောတဲ့ နေရာရောက်ရင် ချခဲ့ရုံပေါ့”

“ကျေးဇူးပါပဲ မိတ်ဆွေ… ကျုပ်က ဒေါက်တာသာကျော်တဲ့ မှတ်ထား။ ကဲ– မောင်းလေး ကျုပ် လမ်းပြမယ်…”

သူစိမ်းသည် ကိုစံရွှေအား ကားကို ကွေ့စေပြီးလျှင် နောက်ဘက်သို့ ပြန်မောင်းစေ၏။ ကားထွက်၍ နှစ်ဖာလုံခန့် သွားမိသောအခါ မှတ်တိုင်တစ်ခုသို့ရောက်၍ ဒေါက်တာသာကျော်က လက်ဝဲဘက်သို့ ချိုး၍မောင်းစေသဖြင့် ဆရာကိုစံရွှေလည်း ၎င်းပြောသည့်အတိုင်း မောင်းရလေ၏။ ဤသို့ မောင်းသွားလျက်ရှိစဉ် ဆရာကိုစံရွှေလည်း ထိုသူ့အား မည်သည့်အခါက မည်သည့်နေရာတွင် တွေ့ဖူးလေသနည်းဟု စဉ်းစားလျက်ရှိ၏။ သို့သော် စဉ်းစား၍မရချေ။ အံ့အားသင့်ခြင်းနှင့် ကြောက်ရွံ့ခြင်းများ အတော်ပင် ပြေ၍သွားပြီးဖြစ်၍ ဆိတ်ငြိမ်လျက်ရှိရာမှ စကားပြောလိုစိတ်များ ပေါ်၍လာတော့၏။ သူစိမ်းပြင်ပြင် မျက်နှာရှိ၍ မည်သည့်အခါက တွေ့ဖူးမြင်ဖူးသည်ကို စဉ်းစား၍မရနိုင်သော သူတစ်ယောက်က သိဟောင်းကျွမ်းဟောင်းတစ်ယောက်ကဲ့သို့ မိမိအား ပြောဆိုနေသည်ကိုလည်း အံ့အားသင့်မိ၏။

(ရွှေ) “ဒါထက် ဒေါက်တာဟာ ဘယ်ဘက်မှာ ပိုပြီး လေ့လာပါသလဲ”

“သုတေသနဘက်မှာပေါ့ ဆရာရဲ့။ မနုဿဗေဒနဲ့ပတ်သက်တဲ့ ဘာသာရပ်ကို ကျုပ်က အထူးလေ့လာတယ်… နောက်တော့ ကျုပ် သေသေချာချာ ပြောပြမယ်ပေါ့ဗျာ…”

“ကျွန်တော်တို့ချင်း တွေ့ဖူးတယ်ဆိုတာကော ဘယ်တုန်းကလဲ ဒေါက်တာ…”

“ကျုပ်က ဘယ်တုန်းကလဲလို့မှ မပြောဘဲ ဆရာရဲ့။ တွေ့ဖူးတယ်လို့သာ ပြောတာပဲ။ ဒီဟာလည်း နောက်တော့ ကျုပ် ပြောပြပါမယ်လေ…”

သို့နှင့် ကားကလေးသည် တစ်နာရီလျှင် ၁၀ မိုင်ခန့်နှုန်းဖြင့် တဖြည်းဖြည်း ပြေးသွားလျက်ရှိလေရာ လမ်းခွဲကလေးများသို့ ရောက်သောအခါတိုင်း ဒေါက်တာသာကျော်သည် ‘လက်ဝဲဘက်မောင်း လက်ယာဘက်လှည့်’ စသည်ဖြင့် လမ်းပြလျက် ရှိလေသည်။ ရှေ့သို့ တစ်မိုင်ခွဲခန့် ဆက်လက်မောင်းသွားမိသောအခါ သူတို့သည် လမ်းခွဲတစ်ခုမှ တဖြည်းဖြည်းတက်ခဲ့ပြီးနောက် သမိုင်း

http://www.cherrythitsar.org

လမ်းဆုံသို့ ရောက်လာခဲ့လေ၏။ ထိုအခါ ဆရာကိုစံရွှေသည် ရန်ကုန်ဘက်သို့ ပြန်နိုင်ပြီဖြစ်ကြောင်း ကောင်းစွာသိပြီဖြစ်၍ "ကဲ– ဒေါက်တာ ကျွန်တော် အားလည်းနာပါတယ်ဗျာ။ ဒီကပဲ ခင်ဗျား ဆင်းပါတော့... အုတ်ကျင်းဘက် သွားတဲ့ကားတွေ ဒီနေရာမှာ ရပါလိမ့်မယ်... ကျွန်တော်လည်း မျက်စိလည် နေတာနဲ့ တစ်နာရီခွဲလောက် သက်သက်အချိန်ကုန်သွားတယ်"ဟု ဆရာဝန် ဘက်သို့ လှည့်၍ ပြောလိုက်လေ၏။

ဤသို့ ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ဒေါက်တာသာကျော်၏ မျက်လုံးများမှာ ယခင်ကထက် ပြူးကြောင်လာလျက် လက်တစ်ဖက်ကို သူ၏ လက်ယာဘက်အိတ်ထဲသို့ နှိုက်လိုက်၏။

"ဒီမယ် ဆရာကိုစံရွှေ... ကျုပ်မှာ သေနတ်တော့ မပါဘူးဗျ။ နို့ပေမယ့် သေနတ်လောက် ခရီးရောက်တဲ့ လက်နက် ပါတယ်။ ဘာလဲ သိလား... သင်တုန်းဓားဗျ။ ကျုပ်ပြောတာ မယုံမရှိနဲ့။ ပြီးတော့လည်း ဒီဓားကိုကိုင်ဖို့ ကျုပ်က ကောင်းကောင်းလည်း ကျင်လည်တယ်။ ကဲ ဘာမှမပြောနဲ့။ ကျုပ်က မောင်းဆိုတဲ့ဘက်သာ မောင်းပေတော့"

ပြောပြောဆိုဆိုနှင့်ပင် ဒေါက်တာသာကျော်သည် အိတ်ထဲမှ လက်ကိုင် အနက် တပ်ထားသည့် သင်တုန်းဓားတစ်လက်ကို တဖြည်းဖြည်း ဆွဲထုတ် လိုက်လေသည်။ ခွန်အားဗလကောင်း၍ နိုင်ထက်စီးနင်း လုပ်လိုဟန်တူသော သူစိမ်းတစ်ယောက်လက်တွင် ကိုင်ထားသောလက်နက်မှာ သာမန် သင်တုန်း ဓားတစ်လက်ပင် ဖြစ်သော်လည်း ဤအချိန်အခါမျိုးတွင် ကြောက်မက်ဖွယ် ကောင်းသော လက်နက်တစ်ခုပင် မဟုတ်ပါလော။

(ကျော်) "ဘယ့်နှယ်လဲ ဆရာ ယုံပြီမဟုတ်လား။ ကဲဗျာ ဒီတော့ ဒီဓားကို ကျုပ် အသုံးမပြုပါရစေနဲ့"

ဆရာကိုစံရွှေသည် မည်သို့မျှ မတတ်နိုင်ဘဲ စိတ်ထဲတွင် အံကြိတ်ကာ မခံချည့်မခံသာ ဖြစ်၍နေမိ၏။ မိမိ၌ လက်နက်တစ်စုံတစ်ရာ မပါသည့်ပြင် ခွန်အားဗလ မမျှသောသူအား လက်ချည်းသက်သက်ဖြင့် ပြန်လည်ခုခံရန်လည်း အကျိုးရှိမည် မဟုတ်ပေ။ လမ်းဆုံနံဘေး တစ်ဖက်တစ်ချက်ရှိ ဆိုင်ကလေး များမှာလည်း ပိတ်၍နေပြီဖြစ်သည့်ပြင် လမ်းများပေါ်၌လည်း လူပြတ်နေပြီ ဖြစ်ကြောင်း တွေ့ရ၏။

ဒေါက်တာသာကျော်သည် ကားကလေးကို ရန်ကုန်ဘက်သို့ ခေါင်းပြန်၍လှည့်သွားပြီးလျှင်... "ကဲ ဒီဘက်သွား... အုတ်ကျင်း သွားချင်တယ်ဆိုတာ ကျုပ် အလကားပြောနေတာ... ကျုပ် အလုပ်လုပ်တဲ့ ဓာတ်ခွဲခန်းက ဟိုမှာ မရှိဘူး။ ဒီဘက်မှာ ရှိတယ်... ကဲ- မောင်းပေတော့။ ခပ်မြန်မြန်မောင်း အချိန်မရှိဘူး"ဟု အမိန့်ပေးနေသဖြင့် ဆရာကိုစံရွှေသည် ရန်ကုန်ဘက်သို့ ဦးလှည့်၍ မောင်းရပြန်လေ၏။ သို့သော် မည်သို့ပင်ဖြစ်စေ ရန်ကုန်ဘက်သို့ မောင်းနှင်လာခဲ့ရသည့်အတွက် ယခင်ကထက် အတန်ငယ်ပို၍ စိတ်သက်သာရာ ရမိလေသည်။

ဆရာကိုစံရွှေသည် ဒေါက်တာသာကျော်အား အကြိမ်နှစ်ကြိမ်မျှ အမှတ်မထင် လှမ်း၍ကြည့်မိရာ ဒေါက်တာသာကျော်နှင့် အကြည့်ချင်းဆုံနေသဖြင့် မျက်နှာ လွှဲလိုက်ရ၏။ ဒေါက်တာသာကျော်သည် သင်တုန်းဓားကို အကျႌအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီ ဖြစ်သော်လည်း အိတ်တွင်းသို့နှိုက်ထားသော လက်ကိုမူ ပြန်၍မရုပ်သိမ်းသေးချေ။

(ကျော်) "ဒီမယ်ဆရာ ကျုပ်ကို ခင်ဗျား ကောင်းကောင်း နားမလည်သေးဘူး ထင်တယ်။ ကျုပ် လိုချင်တာက ခင်ဗျားပဲဗျ... ခင်ဗျားကို ဓာတ်ခွဲခန်း ခေါ်သွားရမယ်။ ကျုပ်သာ မဟုတ်ဘူး။ ခင်ဗျားကို စိတ်ဝင်စားနေတဲ့လူတွေ အများကြီးရှိတယ်။ အို... ကားကို မရပ်နဲ့လေ... အချိန်မရှိဘူး"

ဆရာကိုစံရွှေသည် ဘရိပ်အုပ်လိုက်သဖြင့် ကားကလေးသည် အတန်ငယ် ရပ်သွား၏။ မိမိသည် မည်ကဲ့သို့ထူးဆန်းသော လူတစ်ယောက်နှင့် လာ၍တွေ့နေလေသနည်းဟု စဉ်းစားမိ၏။ ဒေါက်တာသာကျော်ဆိုသူအပေါ်တွင် ယခင်ကထက် မသင်္ကာခြင်း၊ ကြောက်ရွံ့ခြင်းများ ဖြစ်ပေါ်လာတော့၏။ သို့နှင့် ကားကလေးကို ခေတ္တရပ်လိုက်ခြင်း ဖြစ်လေသည်။

(ရွှေ) "ဒီမှာ ဒေါက်တာ ကျုပ်ကို ရှေ့မသွားခင်မှာ ကျုပ် နားလည်အောင် ခင်ဗျား ရှင်းပြရလိမ့်မယ်။ ကျုပ်က လမ်းမှားပြီး အုတ်ကျင်းရွာဘက်က ကုလားလက်ဖက်ရည်ဆိုင်ရှေ့မှာ ကားရပ်ထားတုန်း ခင်ဗျားဟာ ကျုပ်မသိဘဲနဲ့ ကားပေါ်ကို တက်နေတယ်... ကျုပ် မမျှော်လင့်ဘဲ ဒီနေရာကို ရောက်နေတယ်ဆိုတာ ခင်ဗျား ဘယ့်နှယ့်လုပ်သိသလဲ..."

ဒေါက်တာသာကျော်သည် သက်ပြင်း ချလိုက်၏။

(ကျော်) "အကျိုးအကြောင်းတွေ ခင်ဗျားကို စုံစုံလင်လင် ကျုပ် ရှင်းပြမနေနိုင်ဘူး။ ပြောဖို့လည်း အချိန် မရှိဘူး။ ခင်ဗျားအကြောင်းကို ကျုပ် ကောင်းကောင်းသိတယ်။ ခင်ဗျား ဘယ်သွားတယ်၊ ဘယ်လာတယ် ဆိုတာ ကျုပ် အကုန်သိတယ်။ နို့ပေမယ့် ဘယ်လိုသိသလဲဆိုတာတော့ ကျုပ် မပြောနိုင်ဘူး..."

(ရွှေ) "ကျုပ်ကို ခင်ဗျားခေါ်သွားမယ်ဆိုတာက ဘယ်ကိုလဲ... ဘာလုပ်ဖို့လဲ..."

ဒေါက်တာသာကျော်သည် ဆရာကိုစံရွှေ၏ မျက်နှာကို ကြောက်မက်ဖွယ်ကောင်းသော မျက်လုံးများဖြင့် တည့်တည့်ကြီးကြည့်လိုက်၏။ ထို့နောက် ခက်ထန်တင်းမာသောအသံဖြင့်...

"ကျုပ်တို့က ခင်ဗျားကို လိုချင်နေတယ်ဗျ။ ခင်ဗျားဟာ သင်္ချာကထိက တစ်ယောက် မဟုတ်လား။ သင်္ချာဘက်ကလူတွေကို ကျုပ်တို့ကသာ လိုချင်တယ်။ ကာလကတ္တားမှာ ဂေါ်ဒီဆန်ဂါရီဆိုတဲ့ သင်္ချာပါရဂူကြီးရဲ့ခေါင်းကို သူ မသေခင်ကတည်းက ဆရာဝန်ကြီးတစ်ယောက်က သူသေတဲ့အခါ ခွဲစိတ်ကြည့်ဖို့ ဝယ်ထားတယ်ဆိုတာ ခင်ဗျားလည်း ကြားဖူးမှာပေါ့။ ခင်ဗျား တစ်ယောက် မဟုတ်ဘူး။ ခင်ဗျားလို စမ်းသပ်ရမယ့်လူတွေ ကျုပ်တို့မှာ အများကြီးရှိတယ်။ ဒီတော့ ခင်ဗျားကို နံပါတ်ဝမ်းနေရာကထားပြီး စမ်းသပ်ဖို့ အခွင့်အရေးပေးတာပဲ..."

"ကျုပ်ကို စမ်းသပ်မယ် ဟုတ်စ။ အလိုလေး ဘုရား... ဘုရား..."

ဆရာကိုစံရွှေ၏ မျက်လုံးများသည် ကြောက်ရွံ့ခြင်းဖြင့် ချာချာလည်၍ သွားသကဲ့သို့ ရှိလေ၏။ ဆရာဝန် ပြောလိုက်သော စကားများကို မယုံနိုင်သကဲ့သို့ ရှိတော့၏။ မိမိသည် ထိုစကားကို အကယ် ကြား၍နေခြင်းလော၊ သို့မဟုတ် ထမင်းလုံးတစ္ဆေ ခြောက်နေသည်ကို ခံနေရခြင်းပေလောဟု စဉ်းစားမိ၏။ ကားလက်ကိုင်စတီယာရင်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားမိ၏။ သို့ရှိစဉ် ဒေါက်တာသာကျော်၏ အသံအောကြီးကို ဆက်၍ ကြားရပြန်လေသည်။

"တစ်နည်းဆိုတော့ ခင်ဗျားဟာ ပထမဆုံး အစမ်းသပ်ခံရမယ့်လူပေါ့။ နို့ပေမယ့် ဒီလိုခံရတဲ့အတွက် ပိုက်ဆံကြေးငွေ တစ်စုံတစ်ရာရဖို့တော့ ကျုပ် ကတိမပေးနိုင်ဘူး။ ပေးဖို့လည်း လိုမယ် မထင်ပါဘူးလေ..."

ဆရာကိုစံရွှေသည် ရှေ့ပိုင်းက မော်တော်ကားတံခါးကိုဖွင့်ရန် လက်တစ်ဖက် လှမ်းလိုက်၏။ သို့သော် ဆရာဝန်မှာ သူ့ထက် လျင်မြန်သဖြင့် လှမ်းသောလက်ကို ပြုတ်တူဖြင့်ညှပ်သကဲ့သို့ သန်မာသော သူ၏လက်ကြီးဖြင့် ဆုပ်ကိုင်ထားလိုက်လေသည်။

"ဒီမယ် ဆရာကိုစံရွှေ ဒါမျိုးတွေ မလုပ်ပါနဲ့ဗျာ။ ကျုပ်က ခင်ဗျားထက် လက်မြန်တယ်ဗျ။ ခင်ဗျားဟာ ဦးနှောက်ကောင်းတဲ့ လူတစ်ယောက်ဆိုတာ ကျုပ် မငြင်းပါဘူး။ နို့ပေမယ့် ခင်ဗျားဟာ ကိုယ်လက်လှုပ်ရှားခြင်း နည်းပါးတဲ့အတွက် ဘာမှ ခွန်အားဗလ မရှိဘူး။ ဘယ်နည်းနဲ့မှ ကျုပ်ကို မယှဉ်နိုင်ဘူး။ ပြီးတော့ နေရာတွင် ဗုန်းခနဲ လဲသေနိုင်တဲ့ ခင်ဗျားလည်ပင်းက သွေးကြောကို တစ်ချက်တည်းဖြတ်နိုင်တဲ့ လက်နက်ကလည်း ကျုပ်အိတ်ထဲမှာ ပါတယ်။ ဘယ့်နှယ်ဗျာ နှစ်ရှည်လများ ကျုပ် ကြံစည်လာတဲ့ ကိစ္စဟာ ခင်ဗျား ဒီလို လုပ်ရုံနဲ့ ပျက်ရတော့မှာလား။ ဒီမှာကြည့်စမ်း ကိုစံရွှေ... ခင်ဗျား ဒီလိုလုပ်ရင် ဒီဓားကို သုံးရလိမ့်မယ်။ ပြီးတော့ လက်နက်ချင်းပဲဖြစ်ဖြစ်၊ လူချင်းပဲဖြစ်ဖြစ် ကျုပ်ကို ခင်ဗျား ဘယ်နည်းနဲ့မှ မယှဉ်ပြိုင်နိုင်ဘူးဆိုတာလည်း သတိပြုအုံးမှပေါ့။ ဒီမှာ– သင်တုန်းဓား ကြည့်..."

ဆရာကိုစံရွှေသည် မိမိ၏ ကြောက်ရွံ့သောစိတ်များကို ပြန်၍ ထိန်းသိမ်းလိုက်၏။ မိမိထက် ခွန်အားဗလကြီးမား၍ လက်ထဲတွင်လည်း လက်နက်အသင့်ရှိနေသူ တစ်ယောက်အား အကြမ်းကိုင်၍သော်လည်းကောင်း၊ ထွက်ပြေး၍သော်လည်းကောင်း လွတ်နိုင်မည်မဟုတ်ကြောင်း အတန်ငယ် သတိပြန်၍ရလာ၏။

"ဒီမယ်ဗျ– ဒေါက်တာ... ခင်ဗျားနဲ့ ခင်ဗျားအပေါင်းအဖော်တွေ ကြံတဲ့ အကြံဟာ အင်မတန် ဆိုးဝါးယုတ်မာတဲ့ အကြံဘဲ... ဒီလိုကြံပြီးတဲ့နောက် ခင်ဗျားတို့ကော လွတ်မှာတဲ့လား"

"ဒီဟာ ခင်ဗျားအလုပ် မဟုတ်ပါဘူးလေ... ကျုပ်တို့ ကြံစည်တာဟာ ကျုပ်တို့ရဲ့ကိုယ်ကျိုး မဟုတ်ဘူး။ တိုင်းပြည်ရဲ့အကျိုးဗျ။ ကျုပ်တို့ရဲ့ ရှာဖွေစမ်းသပ်မှု၊ ကျုပ်တို့ရဲ့ သုတေသနပြုမှုဟာ တစ်နည်းနည်းနဲ့ တိုင်းပြည်အတွက် အကျိုးရှိစေရမယ်။ ကျုပ်တို့ နစ်နာချင် နစ်နာပေစေ..."

"ကျုပ် သေတောင် ကျုပ် မော်တော်ကားက ကျန်ရစ်သေးတယ်… ခင်ဗျားတို့လည်ပင်းကို ကြိုးကွင်းစွပ်ပြီးသားပဲ"

"ခင်ဗျားက ကျုပ်တို့ကို လူမိုက်လူအတွေမျှား ထင်နေသလား။ မထင်လေနဲ့ ဆရာရေ့… ကမ္ဘာပေါ်က ခင်ဗျား ပျောက်သွားသလို ခင်ဗျာ့မော်တော်ကားလည်း တစ်ခါတည်း ပျောက်သွားမှာပဲ"

ဒေါက်တာသာကျော်သည် တင်းကြပ်စွာ ဆုပ်ကိုင်ထားသော သူ၏လက်ကို ကျောပေးလိုက်၏။

"ကဲလေ မောင်းမှာသာ မောင်းပါ။ အချိန်ကုန်ပါတယ်။ ကျုပ်ပြောတဲ့လမ်းအတိုင်း မောင်း… မောင်းဆိုရင် မောင်း။ ကျုပ်က ရပ်ဆိုရင် ရပ်"

ဆရာကိုစံရွှေသည် ကားလက်ကိုင်အဝိုင်းပေါ်သို့ လက်တင်ကာ ခေတ္တမျှ စဉ်းစားတွေဝေလျက် ရှိ၏။ သို့သော် ကားကို စက်မနှိုးသေးချေ။ ဆရာဝန်ရူးများ၏လက်ထဲတွင် မိမိအား သေသည်အထိ စမ်းသပ်မှုပြုခြင်းကို ခံရသည်ထက် ယခုလောလောဆယ် သင်တုန်းဓားကို ရင်ဆိုင်လိုက်ရသည်က ပို၍ကောင်းလေမည်လောဟု စဉ်းစားမိ၏။

"ဟေ့လူ စက်နှိုးလေ… ဘာလုပ်နေတာလဲ…"

ဆရာကိုစံရွှေသည် တစ်စုံတစ်ရာ ပြန်၍မပြောနိုင်ဘဲ ငိုင်လျက်ပင် ရှိနေသေး၏။ ထိုအခါ ဒေါက်တာသာကျော်သည် ဆရာကိုစံရွှေ၏ စိတ်ထဲက အကြံကို သိသကဲ့သို့–

"ခင်ဗျားက ကျုပ်ကို အခု ပြန်သတ်ဖို့ စဉ်းစားနေတာလား… ဟုတ်တယ်မဟုတ်လား ဆရာ…"

ဆရာကိုစံရွှေသည် မတုန်မလှုပ် အံကြိတ်လျက်ပင် ရှိနေသေး၏။

"ဒီမယ် ဆရာ ကျုပ် တစ်ခုပြောမယ်… ဆရာ့မှာ မိန်းမရှိတယ် မဟုတ်လား… ဆရာ့မိန်းမလည်း သင်္ချာကို ဂုဏ်ထူးနဲ့အောင်တဲ့ မိန်းမ တစ်ယောက်ပဲ။ ဒီလိုမိန်းမမျိုးကိုလည်း ကျုပ်တို့ စမ်းသပ်ကြည့်ချင်သေးတယ်… ဒီတော့ ဆရာလွတ်သွားရင် ဆရာ့မိန်းမဟာ ကျုပ်တို့လက်ထဲ ရောက်ပြီးသားပဲ။ အဲဒါလည်း ထည့်ပြီး စဉ်းစားပေတော့…"

ဆရာကိုစံရွှေသည် မိမိကား ထွက်ခါနီးတွင် "မောင်တစ်ယောက်တည်း ပြန်လို့ ဖြစ်ပါ့မလား မောင်ရယ်… မောင်ကလည်း မျက်စိ ကောင်းကောင်း

သန်တာ မဟုတ်ဘူး…” ဟု ကန့်ကွက်ရ ပြောလိုက်သော ဇနီးနွဲ့နွဲ့ရီ၏ မျက်နှာကို ကွက်ခနဲ ပြေး၍မြင်မိ၏။ မိမိအသက်ထက် ဇနီးသည်၏အသက်ကို ပို၍ စိုးရိမ်မိတော့၏။ သို့နှင့် မည်သို့ပင်ဖြစ်စေ မိမိ ရှေးဦးစွာ ခုခံကာကွယ်ရမည့် ဝတ္တရားရှိသည်ဟု ယူဆသည့်အတိုင်း ကားကို ဆက်လက်မောင်းရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။ သို့နှင့် စက်ကို ဆောင့်နှိုးလိုက်လေသည်။

“ကိုင်း… ပြော ဘယ်ဘက် မောင်းရမလဲ…”

“ဒီဘက်မောင်းလေ…”

ဒေါက်တာသာကျော် ညွှန်ပြသောဘက်သို့ ကားကလေးသည် တဖြည်းဖြည်း ထွက်သွားလေရာ ထိုအချိန်၌ နှင်းများသည် ယခင်ကထက် အတန်ငယ် ကွဲစပြုပြီ ဖြစ်သော်လည်း ရှေ့သို့ ကောင်းစွာ မမြင်ရသေးချေ။ သို့နှင့်ပင် ဆရာကိုစံရွှေသည် ၁၀ မိုင်နှုန်းမှ ၁၅ မိုင်နှုန်းသို့လည်းကောင်း၊ ၎င်းမှ ၂၀၊ ၎င်းမှ ၂၅၊ ၎င်းမှ ၃၀ အထိ မောင်းနှင်လျက် ရှိလေ၏။ သူသည် ထိုဆရာဝန်၏လက်ထဲမှ မည်သည့်နည်းနှင့်မျှ လွတ်နိုင်တော့မည်မဟုတ်ကြောင်း သိရှိပြီး ဖြစ်၏။ သူ၏ တိုတောင်းလှသောဘဝမှ အတွေ့အကြုံများသည် သူ၏ရှေ့တွင် ရုပ်ရှင်ပြနေသကဲ့သို့လည်းကောင်း၊ အိပ်မက်ထဲတွင် အလွန်လေးလံသော ကားကြီးတစ်စင်းကို မောင်းနှင်နေရသကဲ့သို့လည်းကောင်း ထင်မိ၏။ ချစ်ဇနီးဖြစ်သူ နွဲ့နွဲ့ရီနှင့် သားကလေး မောင်အေးရွှေတို့၏ မျက်နှာသည် ကားရှေ့မှန်ထဲတွင် ရိပ်ခနဲ ပေါ်လာပြီးနောက် ဖျတ်ခနဲ ပျောက်၍သွားသကဲ့သို့ ထင်မိ၏။ တစ်ခါတစ်ရံ သတိလစ်သွားသကဲ့သို့ဖြစ်ကာ ကားလေးသည် ကတ္တရာစေး လမ်းပေါ်မှ မည်သည့်အရာကိုမျှ ရှောင်တိမ်းရခြင်းမရှိဘဲ ခံသေး ရှုံ့များထဲသို့ မကြာခဏ ကားဘီးတစ်ဖက် ကျသွား၏။ မလိုဘဲနှင့်လည်း ဘက်ထရီဟွန်းကို နှိပ်လိုက်မိ၏။

ထိုအချိန်တွင် မျက်နှာချင်းဆိုင်ဘက်မှလာသော ကားကြီး ကားငယ်များသည် သူတို့၏ ကားကလေးကို ရှီခနဲ ရှီခနဲ ဖြတ်သန်းသွားကြ၏။

“ဟော့လူ လက်ဝဲဘက် ကပ်မောင်းလေ… အဲ ဟုတ်ပြီ”

မိုင် ၃၀ မှ ၃၅ အထိ တက်၍ သွားပြန်၏။ ကိုစံရွှေသည် ဘက်ထရီ ဟွန်းကို ကျယ်လောင်စွာ ဆွဲ၍နှိပ်လိုက်၏။

“ဟော့ ဆရာ… ရှေ့မှာ ဘာမှမရှိဘဲနဲ့ ဘာဖြစ်လို့ ဟွန်းတီးတာလဲဗျ”

ဆရာကိုစံရွှေသည် ဟွန်းကို လွှတ်လိုက်ပြီးနောက် မိုင် ၄၀ နှုန်းအထိ တိုး၍မောင်းပြန်၏။ ကားကလေးသည် ကတ္တရာစေးလမ်းမှ နံဘေးသို့ အနည်းငယ် ကျသွားသောအခါများ၌ ပြင်းထန်စွာ ခုန်ပေါက်တိမ်းစောင်း၍ သွားလေ၏။ ဒေါက်တာသာကျော်၏ လက်တစ်ဖက်သည် ဆရာကိုစံရွှေ၏ ပခုံးစွန်းကို တင်းကြပ်စွာ ဖျစ်လိုက်ပြီးနောက်–

"ဟေ့လူ ဖြည်းဖြည်းလုပ်... ခင်ဗျားဟာ မြန်လွန်းတယ်... ဒီမယ် ဆရာ ကျုပ် တစ်ခုပြောမယ်။ ခင်ဗျားရော ကျုပ်ရော ကားမှောက်လို့ သေသွားလည်း ခင်ဗျားမိန်းမဟာ သက်သာမယ် မဟုတ်ဘူးဗျ... ကျုပ်ရဲ့ အပေါင်းအဖော် ဆရာဝန်တွေက ကျန်ရစ်သေးတယ်"

ထိုအချိန်၌ ဆရာကိုစံရွှေ၏စိတ်ထဲတွင် အခြား မည်သည့်အရာမျှ မရှိဘဲ ကားကို လျင်မြန်သည်ထက် လျင်မြန်အောင် မောင်းလိုသော စိတ်တစ်ခုသာ ရှိနေသကဲ့သို့ ထင်မိ၏။ သို့နှင့် တိုး၍မောင်းရန် ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် "ဟေ့လူ ရပ်... ရပ်... လက်ဝဲဘက်ကပ်ရပ်ရောက်ပြီ။ ဟိုမှာ ကျုပ်လူတွေ စောင့်နေတယ်..."

သို့နှင့် ကိုစံရွှေသည် အိပ်မက် မက်နေစဉ် တစ်စုံတစ်ယောက်က မိမိအား လှန့်လိုက်၍ နိုးသွားသကဲ့သို့ ရုတ်တရက် ကားကလေးကို လက်ဝဲဘက်သို့ တိုး၍ရပ်လိုက်ရ၏။ လက်ဝဲဘက်ရှေ့၌ကား သရက်ပင်အုပ်ကြီးတစ်ခုကို တွေ့မြင်ရပြီးလျှင် ၎င်း၏နောက်၌ မြင့်မားသော အုတ်တံတိုင်းကြီးတစ်ခုကိုလည်းကောင်း၊ ထိုအုတ်တံတိုင်းအလယ်တွင် သံတံခါးကြီးများ ပိတ်ထားသော အပေါက်တစ်ခုကိုလည်းကောင်း တွေ့မြင်ရ၏။ ကားရပ်သောနေရာနှင့် မနီးမဝေး လမ်းနံဘေးတွင် ယူနီဖောင်းများဝတ်ထားသည့် လူတစ်စုသည် မိမိတို့ကား ဆိုက်ရောက်သည်ကို ကြိုဆိုနေသကဲ့သို့ ရှိနေသည်ကိုလည်း တွေ့မြင်လိုက်ရလေသည်။

ကိုစံရွှေသည် ကားတံခါးကို ဖွင့်ပြီးနောက် အောက်သို့ဆင်းလိုက်ရာ လက်ထဲတွင် တုတ်များကိုင်ထားသည့် လူစုကို မြင်လိုက်ရသဖြင့် "အင်း ငါ့ကို စမ်းသပ်ဖို့ ဆရာဝန်တွေက ခိုင်းတဲ့လူတွေနဲ့ တူတယ်။ ခက်လိုက်တာကွယ်... အနားမှာ ဘယ်ရဲသားမှလည်း မမြင်ဘူး။ ကယ်တော်မူပါဗျို့... ကယ်တော်မူပါ..."ဟု အသံကုန် ဟစ်အော်လိုက်၏။ မိမိအနီးတွင် ရောက်လာ

သော ဒေါက်တာသာကျော်အားလည်း နောက်ဆုံးတောင်းပန်သော ကြည့်ခြင်းမျိုးဖြင့် ကြည့်လိုက်မိ၏။ သို့သော် ဒေါက်တာသာကျော်သည် တစ်စုံတစ်ရာမပြောဘဲ ဆရာကိုစံရွှေ၏ ဦးခေါင်းကို နောက်ဖက်မှနေ၍ လက်သီးဖြင့် တစ်ချက်တည်း ပြင်းထန်စွာ ထိုးချလိုက်ရာ ကိုစံရွှေသည် သတိမေ့ကာ မြေပေါ်သို့ လဲကျသွားလေ၏။ ဤကဲ့သို့ လဲမကျမီအချိန်ကလေး၌ပင် "ဟော့ ဖမ်း…ဖမ်း…ဖမ်း ဒီကောင် မလွတ်စေနဲ့ မိအောင်ဖမ်း"ဟူသော အသံများကို ကြားလိုက်ရသေး၏။

➙ ➙ ➙

ကထိက ကိုစံရွှေမှာ အချိန်မည်မျှ ကြာသည်အထိ သတိမေ့နေသည်ကို မသိချေ။

သတိရ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ မိမိမျက်စိရှေ့တွင် မော်တော်ကားလည်း မရှိ။ ဆီးနှင်းများ ကျနေခြင်းလည်း မရှိဘဲ မှန်ပြတင်းပေါက်တစ်ခုမှ တိုးဝင်လာသော နေရောင်များကိုသာ တွေ့မြင်ရ၏။ ထို့ပြင် မိမိမှာ ဖြူစင်သောအိပ်ရာခင်းများ ခင်းထားသည့် သံကုတင်တစ်လုံးပေါ်၌ ရောက်နေပြီးလျှင် ကိုယ်ပေါ်၌လည်း စောင်တစ်ထည် လွှမ်းခြုံထားသည်ကို တွေ့ရ၏။ ဦးခေါင်း၌ကား အလွန် နာကျင်ကိုက်ခဲလျက် ရှိနေလေသည်။

ဆရာဝန်ကဲ့သို့ ခံ့ညားသပ်ရပ်စွာ ဝတ်ထားသော လူတစ်ယောက်သည် ဆရာကိုစံရွှေ၏လက်ကို ယုယစွာကိုင်လျက် "ဘယ့်နှယ်နေသေးသလဲ ဆရာ တော်တော်သက်သာပြီလား၊ ကျွန်တော်က ဆရာဝန် ဦးစိန်မောင်ပါ။ မနေ့ညက ဆရာဟာ ဦးခေါင်းမှာ အတော်ပြင်းပြင်းထန်ထန် ဒဏ်ရာတစ်ခုရသွားတာ အခုမှ ဆရာ သတိရလာတယ်…" ဟု ပြောသံ ကြားလိုက်ရ၏။

ကိုစံရွှေသည် ယမန်ညက အဖြစ်အပျက်များကို ပြန်၍သတိရလျက်

"ခင်ဗျားတို့ ကျုပ်ကို ဘာလုပ်ကြမလို့လဲဟင်…"

(ဆရာဝန်က ပြုံးလျက်) "ဘာလုပ်ကြမလဲလို့ မေးတယ် ဟုတ်လား ဆရာ။ ကျွန်တော်တို့က ဆရာ့ကို သက်သာနိုင်သလောက် သက်သာအောင် လုပ်၊ သက်သာတော့ အိမ်ပြန်ပို့၊ ဒါပါပဲ ဆရာ…"

"ကျွန်တော် အိမ်ကိုပြန်ရမယ် ဟုတ်စ"

ဆရာဝန် ဦးစိန်မောင်သည် ဦးခေါင်းကို တစ်ချက်ညိတ်၍ ပြုံးလိုက်၏။

 http://www.cherrythitsar.org

"ဟုတ်ပါတယ်"

"ဒါဖြင့် ကျွန်တော် အခု ဘယ်ရောက်နေတာလဲ"

"ဆရာလေး ရောက်နေတာ စိတ္တဇဆေးရုံထဲက အခန်းတစ်ခန်းကို ရောက်နေတယ်။ မနေ့ညက (၁၁)နာရီလောက်မှာ ကျွန်တော်တို့ စိတ္တဇဆေးရုံက လူနာတစ်ယောက်ကို ကားနဲ့တင်ပြီး ဆရာလေးပဲ လာပြီး ပြန်ပို့တယ် မဟုတ်လား"

"အလို ဘုရားရေ... ကျွန်တော်ကပဲ ပြန်ပို့တယ် ဟုတ်လား... နေပါဦး ဒီလူက ဒေါက်တာတို့ဆေးရုံက လူနာတစ်ယောက်လား"

(ဦးစိန်မောင်က ဦးခေါင်းကိုညိတ်လျက်) "ဟုတ်တယ် ဆရာလေးရဲ့ ဒီလူက သာကျော်တဲ့။ ကျွန်တော်တို့ဆေးရုံမှာ ကုနေတဲ့ လူနာတစ်ယောက်ပဲ... သူက ဆေးကျောင်းသားတစ်ယောက်။ ပထမနှစ်စာမေးပွဲ ရှုံးလို့ စိတ်ကို ထိခိုက်ပြီး စိတ်မနှံ့ ဖြစ်သွားရှာတယ်။ ရှုံးတာက ဆရာဝန်ရှုး ရှူးတာပေါ့ ခင်ဗျာ... သူ့ကိုယ်သူ ဆရာဝန်နဲ့ တူနိုင်သလောက်တူအောင် အဝတ်အစား ဝတ်၊ သူ့ကိုယ်သူ ဒေါက်တာသာကျော်ဆိုပြီး ကြွက်ကလေးတွေ ဖမ်း၊ ဗိုက်ခွဲ၊ တီကောင်တွေ ဖမ်းခွဲ၊ ဖားတွေ ဖမ်းခွဲ၊ လက်ထဲမှာ ဓားမရှိတော့ မုန့်သေတ္တာပုံးက သံဖြူပြားကို ဓားလုပ်ပြီး ခွဲတာပါပဲခင်ဗျာ။ ဒါနဲ့ မနေ့ကမနက် ထွက်မပြေးခင် ကျွန်တော်တို့အထဲက ဆရာဝန်တစ်ယောက်ရဲ့ စားပွဲထဲက မှတ်ဆိတ်ရိတ်တဲ့ သင်တုန်းဓား ခိုးသွားပြီး အစောင့်တွေအလစ် ထွက်သွားတာ ပါပဲ ခင်ဗျာ။ ကျွန်တော်တို့လူတွေ တစ်နေ့လုံး လိုက်ရှာတာ မတွေ့ဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော်တို့ဟာ မကြံတတ်နိုင်အောင်ဖြစ်နေတုန်း ညကျတော့ ဆရာလေး ကားနဲ့ပါလာတာ တွေ့ရတာပါပဲ... ဆရာလေးနဲ့ ဆွေမျိုးသားချင်းတော်လို့သာ သူ့ကို ခေါ်ခေါ်လာပြီးပြန်ပို့တယ် အောက်မေ့နေတာကို ခင်ဗျ... ဒီနောက် ကားဆိုက်လို့ အရိပ်အကဲ ကြည့်နေတုန်း ဆရာလေးရဲ့နောက်စေ့ကို လက်သီးနဲ့ သူက တစ်ချက် ဖြန်းခနဲ ထိုးလှဲလိုက်တော့မှ သူ့ကို ကျွန်တော်တို့ အကြမ်းဝိုင်းချုပ်ပြီး ဖမ်းကြရတော့တာပါပဲခင်ဗျာ... လက်စသတ်တော့ ဆရာလေးက သူ့ကို ဖမ်းလာတာ မဟုတ်ဘဲ သူက ဆရာလေးကို ဖမ်းလာတာကို ခင်ဗျ။ အင်း... ရယ်စရာ ကောင်းနေပါပြီ"

"ကျွန်တော်ကားကော ဒေါက်တာ"

"ရှိပါတယ်ခင်ဗျာ… ကျွန်တော်တို့ သိမ်းထားပါတယ်… ဆရာလေး နေကောင်းမှ ကျွန်တော်တို့ လိုက်ပို့ပါမယ်…"

ထိုအချိန်တွင် အခြားဆရာဝန်တစ်ယောက်နှင့် ဆရာမတစ်ယောက် ဝင်လာသဖြင့် ဒေါက်တာ ဦးစိန်မောင်က အကျိုးအကြောင်း ပြောပြသောအခါ အားလုံး ဝိုင်း၍ရယ်မောလျက် ရှိနေကြလေသည်။

**သွေးသောက်မဂ္ဂဇင်း**

**၁၉၆၃ ခုနှစ်၊ ဩဂုတ်လ**

# ကြောက်●ရာ့ရက်ချိန်း

ညောင်ပင်သာရွာကလေး၏ အရှေ့ဘက် ရွာသင်္ချိုင်း မြေပုံဟောင်း တစ်ခုအနီးတွင် အသက် ၃၀ ကျော်ခန့်ရှိ ရုပ်ရည် အတော်အတန် မွန်ရည် သန့်ပြန့်သော လူရွယ်တစ်ယောက်သည် "သင်္ချိုင်းမြေပုံ"ကို ဝိုင်းရံစိုက်ထား သည့် ယိုးဒယားနှင်းဆီပင်ကလေးများကို မြေတောင်မြှောက်ပေးကာ နံဘေးမှ ပေါင်းမြက်များကို သုတ်သင်လျက်ရှိ၏။

တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ ဝေလီဝေလင်းအချိန်ဖြစ်၍ ဆီးနှင်းများ ထူထပ်စွာကျလျက်ရှိရာ ရွာကလေးနှင့်တကွ ပတ်ဝန်းကျင်သည် သင်္ချိုင်းမြေပုံကဲ့သို့ပင် တိတ်ဆိတ်လျက် ရှိသည်။

ထိုသူ၏ ဝိုင်းစက်သောမျက်နှာမှာ ဖြူဖတ်ဖြူရော် ရှိနေလျက် ဂဏှာ မငြိမ်သော မျက်လုံးများသည်လည်း ပုစွန်မျက်လုံးများကဲ့သို့ ရှေ့သို့ ပြူးထွက် လျက်ရှိ၏။ သူသည် ကြောက်ရွံ့ထိတ်လန့်ဖွယ် တစ်ခုကို မျှော်လင့်နေသကဲ့သို့ မကြာခဏ နောက်သို့လည်းကောင်း၊ ဘေးသို့လည်းကောင်း ကြည့်ရှုလျက်ရှိ၏။ သို့သော် မည်သည့်အရာကိုမျှ မမြင်ရချေ။ သူ၏ နောက်မနီးမဝေးတွင်ကား ပြိုကျနေသော သင်္ချိုင်းအုတ်ပုံတစ်ခု၊ အသုံးမပြုသော ရေတွင်းပျက်မှ ပိုက်လုံး အကြီးအငယ်များကို စု၍ထားသော အပုံတစ်ခု အရောင်အဆင်းပျက်၍နေသော ဂုံအိတ်စုတ်တစ်လုံးမှတစ်ပါး မည်သည့်အရာမျှ မရှိချေ။ သူသည် မည်သည့်

အရာကို ကြောက်ရွံ့၍နေသနည်း၊ မည်သည့်အရာကို မျှော်လင့်၍နေလေသနည်း။

ယိုးဒယား နှင်းဆီပင်ကလေးများ ဝိုင်းရံစိုက်ထားသော သချိုင်းရာကလေးမှာ အပေါ်မှ အုတ်ချပ်များဖြင့် သမံတလင်း ကိုင်ထားသော်လည်း အချို့နေရာတွင် ကွဲအက်နေပြီဖြစ်၍လည်းကောင်း၊ ခွက်၍နေသော အပိုင်းများတွင် ရေညှိများတက်၍နေသည်ကို ထောက်သဖြင့် သချိုင်းဟောင်းတစ်ခုဖြစ်တန်ရာ၏။

ဆယ်အိမ်ခေါင်း ဦးဘိုးတုံးသည် ထိုနေ့က မြို့သို့သွားရန် ကိစ္စရှိသဖြင့် ရွာသချိုင်းဖြတ်လမ်းမှ လျှောက်၍လာခဲ့ရာ သချိုင်းပျက်အုတ်ပုံကြီးအနီးသို့ ရောက်သောအခါ ထိုသူကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် ကိုယ်ရှိန်သတ်ကာ အုတ်ပုံကို ကွယ်လိုက်ပြီးနောက် ထိုသူ၏ အရိပ်အကဲကို ကြည့်၍နေလေသည်။

သချိုင်းဟောင်းတစ်ခုကို ယင်းကဲ့သို့ နံနက်ဝေလီဝေလင်းအချိန်၌ အမှိုက်သရိုက်များကို ဖယ်ရှားလျက် ပန်းပင်ကလေးများကို ပြုပြင်၍နေခြင်းကား ထူးဆန်းလှ၏။ ဦးဘိုးတုံးသည် ထိုသူအား မျက်တောင်မခတ်ဘဲ စိုက်၍ကြည့်နေလေသည်။ ဦးဘိုးတုံးမှာ ထိုရွာသားဇာတိဖြစ်သဖြင့် ရွာရှိလူအားလုံးကို သိသည့်အတိုင်း ထိုသူ၏မျက်နှာကို ဆီးနှင်းထုအတွင်းမှ ဖြတ်၍ ကောင်းစွာမမြင်ရသေးသော်လည်း ထိုသူ၏ ပုံပန်းသဏ္ဌာန်အားဖြင့်ပင် သူစိမ်းတစ်ယောက်ဖြစ်ကြောင်း ကောင်းစွာသိရှိလေပြီ။

ဦးဘိုးတုံးသည် ရှေ့သို့အနည်းငယ် တိုး၍သွားရာ ထိုသူစိမ်းသည် ဦးဘိုးတုံး၏ ခြေသံများကို ကြားသဖြင့် ဖျတ်ခနဲ လှည့်၍ကြည့်လိုက်၏။ ထိုအကါမှ သူ၏မျက်နှာမှာ ပို၍ဖြူသွားပြီးလျှင် မျက်လုံးများသည် ပို၍ပြူးကြောင်ကြောင် ဖြစ်သွားလေသည်။

တုံး။ "ဒီမှာမောင်ရင်... သေတဲ့လူက မောင်ရင့်ရဲ့ ဆွေမျိုးလား၊ မိတ်ဆွေလား..."

"မဟုတ်ပါဘူး ခင်ဗျာ"

သူစိမ်းသည် ဦးဘိုးတုံး၏အမေးကြောင့် ဖျတ်ခနဲ လန့်သွား၏။

တုံး။ "သိလို့လား"

"မသိပါဘူး"

http://www.cherrythitsar.org

သုစိမ်း၏မျက်လုံးများမှာ ကြောက်ရွံ့ခြင်း၏ အရိပ်ယောင်ကို အစွမ်းကုန် ဆောင်လျက်ရှိရာ ညိုသောမျက်ရစ်များနှင့် ချို့ဝင်လျက်ရှိသော မျက်လုံးအိမ်များမှာ ရက်ပေါင်းအတော်ကြာမျှ အအိပ်အနေ မမှန်သည့်အဖြစ်ကိုလည်းကောင်း၊ စိတ်သောကရောက်ခြင်း လက္ခဏာကိုလည်းကောင်း ဖော်ပြလျက် ရှိလေသည်။

ထိုအခါ ဦးဘိုးတုံးက သုစိမ်းအား…

"ထိုင်ပါဦးလေ…" ဟု ပြောလိုက်သဖြင့် ထိုသူသည် ဦးဘိုးတုံး၏ စကားကို လိုက်နာကာ ခံဘောင်းရှိ အခြားသချိုင်းရာ အုတ်ပုံပျက်တစ်ခုပေါ်တွင် ထိုင်ချလိုက်လေသည်။ ဦးဘိုးတုံးကလည်း သူနှင့် မနီးမဝေးတွင် ထိုင်လိုက်၏။

သုစိမ်း။ "ဦးတော်ဟာ သိပ်ပြီး လူတစ်ဖက်သားကို ကြင်နာတတ်ပုံ ရတယ်"

တုံး။ "အင်း… မောင်ရင် ထင်သလိုပါပဲ"

သုစိမ်း။ "ဒီလိုဆိုရင်… ကျွန်တော် ပြောချင်တယ် ခင်ဗျာ၊ ပြောချင်တယ်…ပြောချင်တယ် ရင်လေးလွန်းလို့ပါ ခင်ဗျာ…"

သုစိမ်းသည် ဤနေရာတွင် စကားကို ရပ်လိုက်၏။ သူ ပြောမည့် စကားများမှာ စိတ်မချမ်းမြေ့ဖွယ် စကားများဖြစ်မည်ကို သိသော်လည်း ဦးဘိုးတုံးသည် လွှဲရှောင်၍ မရနိုင်တော့ဘဲ နားထောင်ရမည်ဖြစ်၏။ ထိုသူ ပြောမည်ကို တားဆီး၍လည်း ရမည်မဟုတ်ချေ။

"အခုလို ဖွင့်ပြောရမယ့် လူတစ်ယောက် အခန့်သင့်လာတွေ့ရတာ ကံကောင်းတာပဲ…"

သုစိမ်းသည် လက်မှ မြေမှုန့်များကို ခါချလိုက်ပြီးလျှင် စိတ်ကို ထိန်းထားရမည့် မာနဖြင့် လက်ဝါးနှစ်ဖက်ကို ပွတ်သပ်လျက် ရှိလေသည်။

"ကျွန်တော့်ရာဇဝင်က လွန်ခဲ့တဲ့ ၃–၄ နှစ်လောက်က ပဲခူး ရွှေမော်ဓော ဘုရားကို ဘုရားဖူးသွားရင်းက စခဲ့ပါတယ်ခင်ဗျာ။ အဲဒီနေ့ဟာ ကျွန်တော့် တစ်သက်မှာ ကံအဆိုးဆုံးနေ့ပါပဲ။ ကျွန်တော်နဲ့ ကျွန်တော့်ရည်းစား ခင်ဒေါင်း နွယ်ဟာ တစ်နေ့လုံးလျှောက်လည်၊ ဘုရားတွေလည်ဖူး နောက်ဆုံး ရွှေမော်ဓော ဘုရားစောင်းတန်းက ဆင်းလာတော့ မြည်းလှည်း စောင့်နေတုန်း မိုးကလေးက တဖျောက်ဖျောက် ကျလာတာနဲ့ သစ်ပင်ရိပ်တစ်ခုအောက်မှာ ခိုရင်း ကျွန်တော့် ရည်းစားက လမ်းဘေးတစ်ဖက်က အိမ်ဖေါက်မှာ ဆွဲထားတဲ့ ဆိုင်းဘုတ်ကလေး

တစ်ခု သွားမြင်တာကို ခင်ဗျ… ဆိုင်းဘုတ်က "ဒေါ်မြသွေး လက္ခဏာဆရာမကြီး ဇတ်ဖေဒင်ဟောသည်"တဲ့…

"ဒါနဲ့ သူက အစ်ကိုကြီး ကျွန်မတို့ မိုးလည်းခိုရင်း အပျင်းပြေဝင်ပြီး ဖေဒင်မေးရအောင်လို့ ပြောတာကို ခင်ဗျ။ မိုးကလည်း သူပြောမှ နည်းနည်းပိုပြီးသည်းလာ… ကျွန်တော်တို့မှာ ထီးလည်းမပါတော့ ကျွန်တော်လည်း ပထမ သဘောမတူပေမယ့်… မိုးလည်းခိုရအောင်ဆိုပြီး သဘောတူလိုက်ပါတယ် ခင်ဗျာ…။ အိမ်ဆိုပေမယ့် တန်းလျားရှည်တစ်ခုက အခန်းကလေးတစ်ခုပါပဲ။ ဇ်သေးကအခန်းတွေမှာတော့ ကုလားကုန်စုံဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်ကလေးတွေပေါ့ ခင်ဗျာ–

အခန်းကလေးက ကျဉ်းကျဉ်းပါပဲ။ ၁၅ ပေလောက်ပဲ ကျယ်ပါလိမ့်မယ်။ အိမ်ရှေ့ဖိနပ်ချွတ်မှာ ခုံတန်းလျားတစ်ခု ကုလားထိုင်ခပ်ဟောင်းဟောင်း ၂ လုံး ရှိတယ်ခင်ဗျ။ အတွင်းဘက်ကိုတော့ အဖြူတစ်တန့် အနီတစ်တန့် သရက်ထည် ကန့်လန့်ကာတစ်ခု ကာထားတယ်။ အနေအထိုင်မြင်ရတာ အတော်ဆင်းဆင်းရဲရဲပါပဲ။ အိမ်ရှေ့က ကုလားထိုင်ပေါ်မှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်လောက်ရှိမယ့် မိန်းမကြီးတစ်ယောက် ထိုင်နေတာ တွေ့ရတယ်။ ဒါနဲ့ ကျွန်တော့်ရည်းစားက လက္ခဏာဆရာမ ဒေါ်မြသွေးနဲ့ တွေ့လိုကြောင်း၊ ဖေဒင်မေးလိုကြောင်းပြောတော့ အမယ်ကြီးလည်း လောကွတ်ပျူငှာနဲ့ ကျွန်တော်တို့ကို အပြင်ခုံတန်းလျားမှာပဲ နေရာထိုင်ခင်းပေး၊ အိမ်ထဲ ခဏဝင်သွား၊ တစ်ခါ ပြန်ထွက်လာပြီး ကျွန်တော်တို့ကို အိမ်အတွင်းဘက်ဝင်ဖို့ ခေါ်တာကိုခင်ဗျ။ ဒီတော့ ကျွန်တော်တို့လည်း အိမ်ထဲ ဝင်လိုက်သွားရတယ်။ ကန့်လန့်ကာနောက်မှာတော့ သင်ဖြူး တစ်ချပ်၊ နှစ်ချပ် ခင်းထားပြီး အတွင်းဘက်မှာ ဇာခန်းဆီးတပ်ထားတဲ့ အခန်းကလေးတစ်ခု တွေ့ရပြန်ပါတယ်။ အဲဒီအခန်းကလေးထဲမှာ ဖေဒင်တို့၊ လက္ခဏာတို့ကြည့်ရတာကို ခင်ဗျ…"

"ခဏကြာတော့ မိန်းမတစ်ယောက် ထဘီအနီကို ဝတ်ပြီး အခန်းထဲက ထွက်လာတယ်။ ဆံပင်ကို ဖားလျားချပြီး ခေါင်းမှာလည်း နှင်းဆီအနီပွင့်တစ်ပွင့် ပန်ထားတယ်။ အင်္ကျီအဖြူလက်ရှည်ဝတ်ပြီး ပိုးစအနီတစ်ခုကိုလည်း လည်ပင်းမှာ စည်းထားတယ်။ အသက်ကတော့ ကျွန်တော့်စိတ်ထင် ၄၀ ကျော် ၅၀ အတွင်းလောက်ပါပဲ။ မျက်နှာက အင်မတန် အိခြေရပြီး အထူးသဖြင့် သူ့

မျက်လုံးတွေဟာ တောက်ပတဲ့အရောင်တွေ ထွက်နေသလို အောက်မေ့ရတယ်။ ကျွန်တော့်ရည်းစားကို ပထမကြည့်ပြီး ကျွန်တော့်ကိုကြည့်လိုက်တာ ကျွန်တော် တောင် သူ့ကိုကြောက်သလိုလို၊ ကျောထဲက စိမ့်လာသလိုလို အောက်မေ့လိုက်မိတယ်။ သူ့မျက်လုံးတန်ခိုးနဲ့ပဲ တူပါတယ်။ အခန်းထဲ အဝင်ခိုင်းတဲ့အခါ ခင်ဒေါင်းနွယ်ဟာ အခန်းထဲဝင်ဖို့ ကြောက်နေသလိုပဲ။ ဒါနဲ့ ကျွန်တော်က ဝင်လိုက်မယ်လုပ်တော့ "တစ်ယောက်တည်း ဝင်ခွင့်ရှိတယ်။ နှစ်ယောက် မဝင်ရဘူး"လို့ ခပ်ပြတ်ပြတ်ပြောလိုက်တယ်။ ဒါနဲ့ ကျွန်တော်ဟာ အပြင်မှာ စောင့်နေရစ်ရတယ်ခင်ဗျ"

"ခင်ဒေါင်းနွယ်ကို သူ ဘာတွေဟောလိုက်မလဲ– မိန်းမဆိုတာ ဘာပဲ ပြောပြော အင်မတန် ယုံကြည်တတ်တာကလားဆိုပြီး ကျွန်တော် စိတ်ပူမိတယ်။ ဒါနဲ့ ကျွန်တော်လည်း အထဲမှာ ဗေဒင်ဟောနေတုန်း အပြင်က ထိုင်စောင့်နေရ တာကိုခင်ဗျ။ အဲဒီလို စောင့်နေတဲ့အခါ အပြင်စားပွဲကလေးပေါ်မှာ စာရင်း စာအုပ်လို စာအုပ်ကြီးတစ်အုပ် တင်ထားတာနဲ့ ဆွဲပြီးကြည့်မိတယ်။ ဒီစာအုပ် ကြီးက သူဟောလိုက်တဲ့ လူတွေဆီက ပေးလိုက်တဲ့စာတွေကို မူလအတိုင်း စက္ကူအထူပေါ်မှာကပ်ပြီး ခေါင်းစဉ် "အယ်(လ)ဘမ်"လို့ လုပ်ထားတဲ့ စာအုပ်ကို ခင်ဗျ။ သူဟောလိုက်တဲ့အတိုင်း မှန်ကန်တဲ့အကြောင်းတွေ ရေးထားတယ်။ တချို့လည်း သူ ဟောလိုက်တဲ့အတိုင်း အိမ်ထောင်ဘက် တွေ့တဲ့အကြောင်းတွေ၊ ချစ်သူနဲ့ကွဲတဲ့အကြောင်းတွေ၊ သားသမီးရတဲ့အကြောင်းတွေ၊ ဥစ္စာပျောက်ကို ပြန်ရတဲ့အကြောင်းတွေ၊ လင်ဆုံးသွားတဲ့ အကြောင်းတွေ၊ မယား ဖောက်ပြန် သွားတဲ့အကြောင်းတွေ၊ စုံနေတာပါပဲခင်ဗျာ။ တချို့လည်း မတော်တဆ ထိခိုက်နာကျင်မှုတွေ တွေ့ရတဲ့အကြောင်းလည်း ပါရဲ့။ ကောင်းတာရော၊ မကောင်းတာရော စုံနေတာပဲ။ စိတ်ဝင်စားစရာတော့ အတော်ကောင်းပါတယ်။ အထဲမှာ ကျွန်တော့်ရည်းစားကို ဟောနေတာတွေတော့ သေသေချာချာ မကြားရ ပါဘူး။ နားစွန်နားဖျားလောက်သာ ကြားရပါတယ်။ ဒါနဲ့ ၁၅ မိနစ်လောက် ကြာတော့ ကျွန်တော့်ရည်းစားလည်း အခန်းထဲက ထွက်လာတယ်။ နောင်နှစ်ခါ လက်ထပ်ရလိမ့်မယ်ဆိုတဲ့အကြောင်း ပြောလိုက်သတဲ့ခင်ဗျ။ ဘယ်သူဘယ်ဝါနဲ့ လက်ထပ်ရလိမ့်မယ်ဆိုတာတော့ မပြောလိုက်ဘူးတဲ့။ နို့ပေမယ့် ကျွန်တော်နဲ့ လက်ထပ်ရလိမ့်မယ်ဆိုတာတော့ သူ ယုံကြည်ပါတယ်လို့ ပြောတာကိုခင်ဗျ...

ဒါနဲ့ သူထွက်လာပြီး ကျွန်တော့်ကို "ကိုင်း– ကိုဘစိုး... သွားပြီး လက္ခဏာ ကြည့်ချေလေ... ကိုဘစိုးအလှည့်ပဲ ကျွန်တော့်တယ်"လို့ ပြောတာကို ခင်ဗျ။ ကျွန်တော်ဟာ ဗေဒင်တွေ လက္ခဏာတွေ မယုံကြည်ပါဘူးခင်ဗျာ။ မေးဖို့လည်း ဝါသနာမပါပါဘူး။ နို့ပေမယ့် ကျွန်တော့်ရည်းစားက အတန်တန်တိုက်တွန်း လေတော့ အခန်းထဲ ဝင်သွားမိတယ်..."

"အခန်းကလေးက အတွင်းဘက်မှာ မှောင်လို့ ခင်ဗျ။ ခေါင်းရင်း ဘက်မှာ ရေနံဆီစားပွဲတင် မှန်အိမ်အကလေးတစ်လုံး ထွန်းထားတယ်။ အလင်း ရောင်ဆိုလို့ အဲဒီအလင်းရောင်ကလေးတစ်ခုပဲ ရှိတယ်။ အဲဒီမှန်နားမှာ ဆရာမ ထိုင်နေတာကို မှန်အိမ်မီးရောင်နဲ့ သူ့မျက်နှာကိုမြင်ရတာ ကျွန်တော်ဖြင့် ကြယ်သီးမွေးညင်း ထမိတယ်ခင်ဗျာ။ မိန်းမရဲ့ရုပ်က သနားကမားပေမယ့် သူ့ခေါင်းမှာပန်ထားတဲ့ ပန်းပွင့်အနီရောင်နဲ့ လည်ပင်းမှာစည်းထားတဲ့ ပိုးစ အနီရောင်နဲ့ဟာ တစ်ခါတည်း ရောစပ်ပြီး သူ့အသား ခပ်ဖြူဖြူပေါ်မှာ သွေးရောင်တွေ လျှမ်းနေသလိုပဲ မျက်လုံးနှစ်လုံးကလည်း အမှောင်ထဲမှာ ကြောင်မျက်စိက အလင်းရောင်တွေ ထွက်နေသလိုပဲ။ ကျွန်တော် ဝင်လာတာ မြင်တော့ ကုလားထိုင်တစ်လုံးကို လက်ညှိုးထိုးပြလိုက်လို့ ကျွန်တော် ထိုင်ရ တယ်။ ပြီးတော့ အိမ်ခန်းထဲ ဝင်သွားတဲ့အခါ အတွင်းဘက်က ဆီချက်သလိုလို ဈော်ကြော်သလိုလို ဘာနံ့ကြီးမှန်း မသိပါဘူးခင်ဗျာ။ နံလိုက်တာလည်း လွန်ပါရော။ ကျွန်တော်လည်း မကြာမကြာ နှာခေါင်းပိတ်မိတယ်။ ကျွန်တော့်ကို စိုက်ပြီးကြည့်လိုက်တာ သူ့အမြင်ဟာ ကျွန်တော့်ကိုယ်ကို ဖောက်ထွင်းပြီး မြင်သလိုပါပဲ။ လက္ခဏာကြည့်ရုံဆိုရင် ၅/– တစ်သက်လုံးအတွက် ဟော စာတမ်း လုပ်ပြီး ဟောရမယ်ဆိုရင် ၁၀/–လို့ ပြောတော့ ကျွန်တော်လည်း တစ်ယောက်ကြည့်ပြီးမှ မထူးပါဘူး။ ပိုက်ဆံအပိုကုန်တာပဲဆိုပြီး လက္ခဏာ ရိုးရိုးပဲ ကြည့်ပါတော့ ခင်ဗျာလို့ ပြောလိုက်တယ်။ အခန်းထဲဝင်မိလို့သာ ပြောလိုက်ရတယ်။ စိတ်ကတော့ မပါလှပါဘူး... ဒါနဲ့ ကျွန်တော့်ကို သူ့အနား လက်ရပ်ခေါ်ပြီး ကျွန်တော်ရဲ့ ညာဘက်လက်ဖဝါးကို ဖြန့်ပြီး ၁ မိနစ်လောက် ကြည့်နေတယ်...

ဒီနောက် ကျွန်တော့်နေရာ ပြန်ထိုင်တဲ့အခါ သူက "ရည်းစားနဲ့ တွေ့ရတယ်ဆိုတဲ့ လူဟာ ဗေဒင်မေးဖို့တောင် မလိုဘူး။ အင်မတန် စိတ်အေး

နေတာပဲ။ ဒါပေမယ့် အေးချည်တစ်ခါ ပူချည်တစ်လှည့် ဆိုတာလိုပေါ့။ အပူလာတဲ့အခါလည်း လာဦးမှာပဲ” အဲဒီလိုပြောလိုက်တာဟာ ကျွန်တော့်ကို ပြောနေတာထက် သူ့ကိုယ်သူ ပြောနေတယ်လို့ ထင်ရတယ်ခင်ဗျ။ ဒီနောက် ကျွန်တော် နောက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ တစ်ခုစီတစ်ခုစီ ပြောလိုက်တာခင်ဗျား လွန်ခဲ့တဲ့ သုံးလေးနှစ်က အဖြစ်အပျက်ရော၊ ငယ်ငယ် တုန်းက အဖြစ်အပျက်တွေရော မှန်လိုက်တာလဲ မပြောပါနဲ့တော့… ဘယ် လောက်ထိအောင် အသေးစိတ် မှန်သလဲဆိုရင် လွန်ခဲ့တဲ့ ၆ လလောက်က ဖြစ်ခဲ့တဲ့ ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကလေးကိုတောင် သူ သိတယ်။ အဲဒီလို ကျွန်တော်ရဲ့ နောက်ဖြစ်တွေကို လျှောက်ပြီးဟောလိုက်တာခင်ဗျာ တစ်သီကြီးပါပဲ…

ဒါနဲ့ ကျွန်တော်က “ဆရာမကြီးရယ် ကျွန်တော့်ရဲ့ နောက်ဖြစ်တွေ ဟောလိုက်တာ တော်လောက်ပါပြီ။ ရှေ့ဖြစ်မယ့် ရှေ့ဖြစ်ကိုလည်း ဟောဦးမှ ပေါ့”လို့ ရယ်သလို မောသလိုနဲ့ ပြောလိုက်တယ်ခင်ဗျ။ အဲဒီလို ပြောလိုက် တာက သူဟောတာတွေ ကျွန်တော် သိပ်ပြီး အယုံအကြည်မရှိလှဘူး ဆိုတဲ့ အကြောင်းလည်း သူသိအောင် ပြောလိုက်တာပဲ။ နို့ပေမယ့် သူက နည်းနည်း ကလေးမှ ပြန်ပြီးမပြုံးဘူး။ သူ့မျက်လုံးနှစ်လုံးဟာ ကြောင်တစ်ကောင်ရဲ့ မျက်လုံးလို နည်းနည်းကျဉ်းသွားသလို ထင်လိုက်ရတယ်။ နှုတ်ခမ်းဟာလည်း ပိပိရိရိဖြစ်ပြီး အိန္ဒြေ နည်းနည်းမှမပျက်ဘူး… ဒီနောက် သူက ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်ပြီး “ရှင်ရဲ့အနာဂတ်ကို ကျွန်မ ဖတ်လို့မရဘူး။ ရှင် သဘောမကျလို့ ရှင်ပေးထားတဲ့ငွေကို ပြန်လိုချင်ရင် ပြန်ပေးပါ့မယ်လို့ ပြောတာကို ခင်ဗျ။ ဒီတော့ ကျွန်တော်လည်း စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားပြီး “မဟုတ်ပါဘူး ခင်ဗျာ။ လက္ခဏာဆရာတစ်ယောက် လုပ်နေပြီး အနာဂတ်ကို မဟောဘူးဆိုတာ ဥပမာ ချစ်ရေး၊ ကြိုက်ရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ကျန်းမာရေး ကိစ္စ၊ အဲဒီလို တစ်ခုနှစ်ခု ဟောလိုက်ရင် ပြီးတာပါပဲ။ ငွေကိုလည်း ကျွန်တော် ပြန်မလိုချင်ပါဘူး”လို့ ပြန်ပြောလိုက်တယ်…

“ဒီတော့ ဆရာမကြီးလည်း ကျွန်တော့်ကို တစ်ခါခေါ်ပြီး ကျွန်တော့်ရဲ့ လက်ကို မီးရောင်နားကပ်ပြီး မှန်ဘီလူးနဲ့ တစ်ခါကြည့်ပြန်တယ်။ ဒီတစ်ခါ တော့ မလှုပ်မရှက် စိုက်ကြည့်နေတာ (၂)မိနစ်လောက်ကြာတယ်… ဟော…

ဟော… မြင်ရပြီ၊ မြင်ရပြီ… သေချာပါတယ် ဂဏန်းက (၈)ဂဏန်း ဒီဘက်က တန်ဆောင်မုန်းလတဲ့။ လပြည့်နေပုံထောက်တော့ လပြည့်ကျော်ပဲ။ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့… ဟုတ်ပြီ… ဟုတ်ပြီ… ခုနှစ်တော့ မပါဘူး။

ကျွန်တော်က "ဪ– တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့လို့ မြင်ရလား"

"ရက်နဲ့ လကတော့ ဟုတ်ပါပြီ ဆရာမကြီးရယ်… ခုနှစ်ကကော"

"ခုနှစ်ကတော့ မသေချာဘူး မထင်ရှားဘူး"

"ကောင်းပါပြီခင်ဗျာ… ကျေးဇူးတင်ပါတယ်။ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့မှာ ကျွန်တော်လက်ထပ်ဖို့ မြင်တယ်ဆိုပါတော့"

"မဟုတ်ဘူးရှင့် ကျွန်မဆိုလိုတာက ရှင်သေမယ့်နေ့ရက်ကို ပြောတာ"

"အလို ဒီလိုပဲ ဟောရသလားဗျာ"

"လက်ပေါ်မှာ ထင်နေတဲ့အတိုင်း ဟောရတာကို ရှင့်"

"အဲဒီလို ကျွန်တော်တို့ အပြန်အလှန် ပြောနေကြပါတယ်ခင်ဗျာ… ဒီလို ဟောလိုက်တော့ ဗေဒင်ကို မယုံဘူးဆိုပေမယ့် ကျွန်တော့်စိတ်ကို အတော် ထိခိုက်သွားပါတယ်…"

ဤနေရာသို့ရောက်လျှင် မောင်ဘစိုးဆိုသူ ထူးဆန်းသောသူစိမ်း၏ အမူအရာမှာ အကယ်ပင် ကြောက်ရွံ့တုန်လှုပ်သွားကြောင်း ဦးဘိုးထုံး သတိပြု၏။ ထို့နောက် မောင်ဘစိုးက ဆက်လက်၍…

"ဒါနဲ့ ကျွန်တော်ကလည်း မေးလက်စရှိမှ မထူးတော့ပါဘူးဆိုပြီး ဒီလိုဆိုရင် ဆရာမ ဆိုလိုတာက ခုနှစ်သက္ကရာဇ်သာ အမှန်မပြောနိုင်တာ နို့ပေမယ့် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ တစ်နေ့မှာ ကျွန်တော် သေလိမ့်မယ် ဆိုပါတော့"

"ဟုတ်တယ်"

"ဒါဖြင့် အသက်အရွယ်ကြီးလို့ သေမှာလား"

"မဟုတ်ဘူး။ ရှင်ဟာ သေခြင်းတရားကို ပြင်းပြင်းထန်ထန်ကြီး တွေ့ရလိမ့်မယ်။ လူသူ အင်မတန်ရှင်းလင်းပြီး ဆိတ်ငြိမ်တဲ့ နေရာတစ်ခုမှာ တွေ့ရလိမ့်မယ်။ အခန်းထဲ ရှင် ဝင်လာကတည်းက ဒီဟာတွေ ကျွန်မ မြင်တယ်။ ဒါကြောင့် မပြောချင်လို့ ကျွန်မဟာ ရှင့်အနာဂတ်ကို မမြင်ရဘူးလို့ ပြောနေတာ"

 http://www.cherrythitsar.org

ဒါနဲ့ သူ့စကား နည်းနည်းလွန်သွား သိလိုထင်ပါရဲ့ ခင်ဗျာ။ လက္ခဏာဆရာကြီးက ဆက်ပြီး... "ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဘာပဲဖြစ်ဖြစ် အခွင့်အရေးဆိုတာ ရှိစမြဲပဲ။ အဆိုးရှိရင် အကောင်းလည်း ရှိရမယ် မဟုတ်လား။ ကျွန်မဆိုလိုတာက ကံကြမ္မာလို့ ထင်ရပေမယ့် ကံကြမ္မာမဟုတ်ဘဲ သတိထားပြီး ရှောင်ကြဉ်ရမယ့် အချက်လောက်သာ ဖြစ်ချင်ဖြစ်တတ်တယ်"

အဲဒီလိုပြောလိုက်တော့ ကျွန်တော်ဟာ စိတ် အတော်သက်သာရာ ရသွားတယ်ခင်ဗျ။

"ရှောင်ကြဉ်ရမယ့် အချက်ဆိုတာက ဘာလဲ... ဒီဟာက သေသေချာချာ မသိရရင် အခက်သားကလား ခင်ဗျာ။ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့မှာ ကျွန်တော် ဘာကိုသတိထားပြီး နေရမှာလဲ၊ ဘာကို ရှောင်ကြဉ်ရမှာလဲ ဆရာမကြီးရဲ့"

"အဲဒီလို မေးလိုက်တော့ သူလည်း အတော်စိတ်ရှုပ်သွားတဲ့ လက္ခဏာနဲ့ ကျွန်တော့်လက်ကို တစ်ခါဖြန့်ပြီး စိုက်ကြည့်နေလိုက်တာ ကျွန်တော့်စိတ်ထင် ၅ မိနစ်လောက် ကြာလိမ့်မလား မပြောတတ်ဘူး။ နဖူးမှာ ချွေးတွေ စို့လာတာတောင် မြင်ရတယ်။ ဒီအထိ အာရုံစိုက်ပြီး သူ့ပညာစွမ်းကို အားထုတ်နေတာနဲ့ တူပါတယ်ခင်ဗျာ။ ပြီးတော့မှ အင်မတန် အင်အားကြီးမားတဲ့ တန်ခိုးတစ်ခုဟာ အဲဒီနေ့မှာ ရှင့်ကို အုပ်စိုးနေတယ်။ အဲဒါဟာ ရှင့်ရဲ့ရန်သူပဲ... နေပါဦး ကျွန်မ မြင်ရသလောက် ပြောရမယ်ဆိုရင် ပြောင်းတံလိုလို အခေါင်းပေါက်နဲ့ အရာဝတ္ထုတစ်ခုပဲရှင့်။ အင်း... ဟုတ်တယ်၊ နို့ပေမယ့် ဘာရယ်လို့တော့ ကျွန်မ အတိအကျ မပြောနိုင်ဘူး။ ပြောင်းလိုလို ဝိုင်းဝိုင်းအခေါင်းပေါက်နဲ့ ဝတ္ထုပစ္စည်းများ ရှင် နေ့တိုင်းလုပ်နေတဲ့ အလုပ်မှာ ရှိသလား"

"မရှိပါဘူး ခင်ဗျား... ကျွန်တော်က ငွေစာရင်းဘက်က ရုံးအုပ်စာရေးကြီး အလုပ်လုပ်တာပဲ။ ဂဏန်း တွက်ရတယ်။ အမှုတွဲတွေ ထိန်းရတယ်။ ခင်ဗျားပြောတဲ့ ခေါင်းပေါက်လိုလို၊ ပြောင်းတံလိုလိုဆိုတာနဲ့ ဘာမှ မပတ်သက်ပါဘူး"

"အေးလေ... မပတ်သက်ရင်လည်း ပြီးတာပေါ့။ နို့ပေမယ့် ကျွန်မ မြင်သမျှတော့ ဒါပါပဲ။ အဲဒီနေ့မှသာ သတိဝီရိယထား နေရုံပေါ့"

"စကားလက်စလည်း ဖြတ်လိုက်ရော ကျွန်တော်လည်း အပြင်ကို ချက်ချင်း ထွက်လာခဲ့တာပဲ... အပြင်ဘက်ရောက်မှ အဲဒီ ငြိုးစီစီအနံ့ကြီးဟာလည်း ပျောက်သွားတော့တယ်"

http://www.cherrythitsar.org


"ဒီနောက် ကျွန်တော်တို့နှစ်ယောက် ထွက်လာခဲ့ပြီး မြင်းလှည်းကလေး ရတာနဲ့ ဘူတာရုံကို တစ်ခါတည်း တန်းလာခဲ့ကြပါတယ် ခင်ဗျာ"

➜ ➜ ➜

"ဒီနောက် ကျွန်တော်နဲ့ ခင်ဒေါင်းနွယ်တို့လည်း တဖြည်းဖြည်း တစ်ယောက်နဲ့တစ်ယောက် သဘောချင်း မတိုက်ဆိုင်တာ သိလာပြီး ကွဲကြပါတယ် ခင်ဗျာ... လက္ခဏာဆရာ ဟောလိုက်တဲ့အတိုင်း နောက်တစ်နှစ်လောက် အကြာမှာ သင်္ဘောစာရေးတစ်ယောက်နဲ့ အကြောင်းပါသွားတယ်။ ကျွန်တော်တော့ ဒီအတိုင်းပဲ အိမ်ထောင်မပြုဘဲ နေခဲ့တယ်...

"ဒါနဲ့ ကျွန်တော်လည်း အဲဒီနေ့ကစပြီး သူ ဟောလိုက်တာကို သတိရတိုင်း စိတ်မချမ်းသာ ဖြစ်မိတယ်ခင်ဗျာ။ ဗေဒင်ကို အယုံအကြည်မရှိဘူး ဆိုပေမယ့် သူ ဒီလိုပြောလိုက်တာ စိတ်ထဲမှာ အစွဲတစ်ခုဖြစ်ပြီး ငါ မေ့လို့ပဲ လက္ခဏာကြည့်မိတယ်။ မကြည့်ဘဲနေရရင် တော်လေသားလို့ အောက်မေ့မိတယ်။ နို့ပေမယ့် လွန်ပြီးကိစ္စကို မတတ်နိုင်တော့ဘူး။ နို့ပေမယ့် အခုတော့ ဖြစ်ပြီးပါပြီလေ... ကြောက်စရာ မရှိတော့ပါဘူး။ ကျွန်တော့်အသက်ကိုလည်း စိုးရိမ်ဖို့ မလိုတော့ပါဘူး"

သူစိမ်းဖြစ်သူ မောင်ဘစိုးသည် ဦးဘိုးတုံး၏ နားနားသို့ကပ်ကာ ရင်းနှီးစွာ ပြောလိုက်ဘိသကဲ့သို့ ပြောလိုက်၏။ သို့သော် သူ၏ ပြုံးကြောင်သော မျက်လုံးများတွင် ကြောက်ရွံ့လျက်ရှိသော အသွင်အပြင်ကား လျော့ပါးသွားဟန် မရှိသေးချေ။ ထို့နောက် ဆက်လက်၍ ပြောပြန်လေသည်။

"အဲဒီတော့ ကျွန်တော့်အဖြစ်ကို စဉ်းစားပဲ ကြည့်ပါတော့ခင်ဗျာ။ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့ ဆိုတာရယ်၊ ပြောင်းတံလိုလို ဝိုင်းဝိုင်း အခေါင်းပေါက်နဲ့ ကိရိယာတစ်ခုကိုလည်း သတိပြုရမယ်ဆိုတဲ့ စကားတွေကို အစဉ်အမြဲ သတိရနေတယ်... ပြောင်းတံလိုလို အခေါင်းပေါက်နဲ့ လက်နက်ဆိုတော့ သေနတ်ပြောင်းကလွဲပြီး ဘာမှမရှိဘူး။ နို့ပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ တန်ဆောင်မုန်းလပြည့်လောက်ကျလာရင် ဘယ်မှမသွားဘဲ အိမ်ထဲမှာ ကုပ်နေတော့တာပဲ။ အနည်းဆုံး ခွင့် ၃–၄ ရက်တော့ ယူတယ်။ တစ်ခါတလေလည်း တစ်ပတ်လောက် ခွင့်ယူပြီး အိမ်ထဲမှာချည်း ကုပ်နေမိတယ်။ ဒီဟာတောင် ကိုယ့်စိတ် ကိုယ်မလုံနိုင်ဘူး ခင်ဗျ။ ဟိုနေ့က ချွတ်ခနဲ

http://www.cherrythitsar.org

ကြား ထကြည့်မိတယ် ခင်ဗျာ... သေနတ်နဲ့ တိတ်တိတ်ပုန်း ချောင်းပစ်တဲ့ အမှုတွေ သတင်းစာထဲမှာ ဖတ်ဖူးလေတော့ ဒီဟာတွေပဲ တွေးပြီးနေမိတယ်။ ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်နဲ့ ဝန်ကြီးတွေကို အတင်းဒလကြမ်း ဝင်ပြီးပစ်လို့ မရှုမလှကျဆုံးရတဲ့ ကိစ္စကြီး ပြန်ပြီး သတိရမိတယ်။ မမျှော်လင့်ဘဲ ပြစ်ရတဲ့ သေနတ်ပစ်မှုတွေ အများကြီးပါ ခင်ဗျာ... ဒီဟာတွေပဲ တစိမ့်စိမ့် တွေ နေမိတယ်..

"ဒီလိုနဲ့ တစ်နေ့လုံး အချိန်ကုန်ခဲ့ပြီး ညတိုင် အိပ်လို့တောင် မပျော်ဘူး။ နောက်လပြည့်ကျော် ၉ ရက်နေ့ မိုးလင်းလာမှပဲ စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်မိ တော့တယ်။ ဒီလောက်တောင် စိတ်ဒုက္ခရောက်လှပါတယ် ခင်ဗျာ... ဗြုန်းခနဲ သေသွားတာ မကြောက်လှပါဘူး။ လူဆိုတာ သေရမှာချည်းပါပဲ။ နို့ပေမယ့် သေမင်းက ရက်ချိန်းပေးပြီး ကိုယ့်ဆီလာနေတာကိုတော့ မကြောက်ဘဲမနေနိုင် ဘူး ခင်ဗျ... အဲဒီတန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ ရောက်လာပြီလား ဆိုရင် အသက်အန္တရာယ်ဟာ တောင်က လာနိုးနိုး၊ မြောက်က လာနိုးနိုးနဲ့ တခြားလူအနေနဲ့ကြည့်ရင် ကျွန်တော်ဟာ အရူးတစ်ယောက်ပါပဲ ခင်ဗျာ...

ဒါကြောင့် အဲဒီနေ့မတိုင်ခင် တစ်နည်းနည်းနဲ့ ကြံဖန်ပြီး အလုပ်က အခွင့်ယူ အိမ်မှာနေလို့ မလုံခြုံဘူး ထင်တဲ့အခါမှာ လုံခြုံမယ်ထင်တဲ့ နေရာ သွားပြီး နေရတော့တာပါပဲခင်ဗျာ။ တစ်ခါတလေလည်း ငါဟာ ဘာမဟုတ်တဲ့ နတ်ကတော် ဧတ်ရူးတစ်ယောက်က ပြောလိုက်တဲ့စကား အဟုတ်ကြီးမှတ်နေ မိတာ ငါ အသုံးမကျလို့ဘဲလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပါတယ်။

"၃ နှစ်လောက် ကြာသွားတော့ ကြောက်စိတ် နည်းနည်းပြေသွားပြီး အစွဲအလမ်းတွေဟာ လျော့ပါးသွားတယ်... ဒါနဲ့ တစ်နေ့ အိမ်ရှေ့ပြတင်း ပေါက် ထွက်ပြီး မုန့်ကလေးတစ်ချပ်နဲ့ မှတ်ဆိတ်ရိတ်နေတုန်း လက္ခဏာ ဖတ်လိုက်တဲ့အတိုင်း ကျွန်တော်ရဲ့သေမင်းကို သွားမြင်မိတာကို ခင်ဗျ။ လက်စ သတ်တော့ ကျွန်တော်ရဲ့သေမင်းဟာ ကျွန်တော်နဲ့ မဝေးလှဘူး။ ကျွန်တော်တို့ အိမ်နဲ့ ကပ်နေတဲ့ စက်ရုံကြီးက ခေါင်းတိုင်ကြီးဟာ ကျွန်တော်နေတဲ့အိမ်ဘက် ကို ယိုင်ပြီး အပေါ်က မိုးနေလိုက်တာ နေ့ပြိုမလား၊ ညပြိုမလား မသိဘူး။ ဒါဟာ ဧကန္တ ကျွန်တော်ရဲ့ သေမင်းပဲလို့ တွေးမိတာကို ခင်ဗျာ။ ဒီဟာကြီးရဲ့ အန္တရာယ်ကိုလည်း တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ဆိုရင် ရှောင်မှ

ဖြစ်မယ်။ ဒါကြောင့် ကျွန်တော်ဖြင့် တန်ဆောင်မုန်းလပြည့် ရုံးပိတ်ရက်လောက် ကစပြီး အနည်းဆုံး ၁၀ ရက် ၁၂ ရက်လောက်တော့ အခွင့်ယူလိုက်တာပဲ။ မတတ်သာလို့ ရှိးရှိးခွင့်မရရင် တစ်နည်းနည်းနဲ့ အကြောင်းပြပြီး လစာမဲ့ခွင့် ဖြစ်ဖြစ် ယူလိုက်တယ်။ ကိစ္စက သေရေးရှင်ရေး ဆိုတော့ လုပ်ရတော့တာပဲ ခင်ဗျ…”

သူစိမ်း မောင်ဘစိုးသည် ဦးဘိုးတုံးအား မိမိစကားကို ထောက်ခံစေလို သည့် သဘောဖြင့် ကြည့်လိုက်၏။ သို့သော် ဦးဘိုးတုံးသည် တစ်စုံတစ်ရာ ထောက်ခံခြင်းမပြုဘဲ မောင်ဘစိုး၏ မျက်နှာကိုသာ စိုက်၍ကြည့်ရှုလျက် ရှိ လေသည်။ ဆီးနှင်းများလည်း ကျလျက်ပင် ရှိသေး၏။

ကိုဘစိုးက ဆက်လက်၍…

“ကျွန်တော်ဟာ အရင်က ဒီလောက် အစွဲအလမ်းကြီးတဲ့ လူတစ် ယောက် မဟုတ်ပါဘူး ခင်ဗျာ… နို့ပေမယ့် အဲဒီလို ကျွန်တော့်အသက်နဲ့ ပတ်သက်လို့ ဟောလိုက်တဲ့နေ့ကစပြီး ဘယ်လောက်ပဲ အမှတ်မဲ့နေတယ်ဆိုဆို တန်ဆောင်မုန်းလဆန်းလာရင်ပဲ ဒီဟာကို သတိရလာပြီး အိမ်မှာမနေချင် တော့ဘဲ ထွက်ပြေးချင်စိတ်တွေ ပေါ်လာတော့တာပဲခင်ဗျ… ဒါနဲ့ တစ်နေ့တော့ စိတ်ကူးပေါက်ပြီး ကျွန်တော် သွားချင်တဲ့နေရာ၊ ကျွန်တော် သွားချင်တဲ့အချိန် သွားရအောင် မော်တော်ကား တစ်ပတ်ရစ်ကလေးတစ်ခု ဝယ်လိုက်တယ်။ အဖိုးလည်း သိပ်မများလှပါဘူး။ ငွေပေးတဲ့နေရာမှာလည်း လွယ်ကူအောင် လစဉ်အရစ်ကျနဲ့ ပေးရပါတယ်… အဲဒီကားကလေး ရကတည်းက တန်ဆောင် မုန်းလပြည့်ကျော် ၁ ရက် ၂ ရက်ကျရင်ပဲ ကျွန်တော့်ရဲ့ပစ္စည်းကလေးတွေ ရှိစုမဲ့စု ယူ၊ စားရေရိက္ခာကလေး ဘာကလေး လုံလောက်အောင် တင်ပြီး ခရီးထွက်တော့တာပါပဲ ခင်ဗျာ…

“အဲဒီလို ကားကလေးနဲ့ ခရီးထွက်တာ ဒီတစ်ခါတော့ ပြည်ဘက်ကို မသွားဘဲ တောင်ငူဘက်ကို သွားဦးမှပဲဆိုပြီး ထွက်ခဲ့တာကိုခင်ဗျ။ ကားနဲ့ သွားတယ်ဆိုပေမယ့် ကျွန်တော်က မြို့ကြီးပြည်ကြီးတွေ မဝင်ဘူး။ အင်မတန် မလွှဲမကင်းသာမှ ဝင်တယ်။ လူစည်ကားတဲ့နေရာတွေ တတ်နိုင်သမျှ ရှောင်ခဲ့ တယ်။ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းတွေ့လို့ စခန်းချချင် ချနေတာပဲ။ ဒါနဲ့ အဲဒီအခါတုန်းက တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့ကတည်းက

အိမ်ကထွက်လာပြီး ထောက်ကြန့်မှာ တစ်ညအိပ်၊ ပဲခူးနားက ရွှေလေ့မှာ တစ်ညအိပ်၊ ညောင်လေးပင် တစ်ညအိပ်၊ ပြွန်တန်ဆာမှာ တစ်ညအိပ်ပြီး လပြည့်ကျော် (၇)ရက်နေ့ ညနေမှာ ထွက်လာခဲ့တာ ကညွတ်ကွင်းကို ည ၁၀ နာရီကျော်ကျော်လောက်မှ ရောက်လာတယ်။ ဆောင်းဦးပေါက်လည်းဖြစ်ပြန် ရွာကလေးကလည်း ငယ်ပြန်ဆိုတော့ တစ်ရွာလုံး တိတ်ဆိတ်နေတာပဲ။ ဘုတာ ရုံဘက်မှာသာ မီးမြင်တာနဲ့ လာခဲ့တော့ ဘုတာရုံက ထမင်းဆိုင်ကလေး မပိတ်သေးဘူး။ ဒါနဲ့ ထမင်းစား၊ ကညွတ်ကွင်းမှာ အိပ်ချင်တဲ့စိတ် မရှိလေ တော့ ဖြူးရောက်အောင်ပဲ မောင်းမယ်ဆိုပြီး လာခဲ့တာကိုခင်ဗျ။ ကျွန်တော်က ပေတရာလမ်းကြီးအတိုင်း မလာဘဲ ကြိုးဝိုင်းနားကပ်ပြီး ဖောက်ထားတဲ့ လမ်း ကလေးက မောင်းလာတယ်ခင်ဗျ။ ဒီလမ်းကလေးဟာ “ဇဟား”ရွာကဖြတ်ပြီး ဖြူးအရှေ့ဘက်ကမြို့ထဲကို တစ်ခါတည်း ဖြတ်ဝင်နိုင်တယ်။ ဖြူးမှာ စစ်မဖြစ်ခင် ၄–၅ နှစ်လောက်က ကျွန်တော် နေခဲ့ဖူးလို့ သိတယ်။ အဲဒီလမ်းကလေးအတိုင်း မောင်းလာခဲ့တာ တစ်မိုင်လောက်ရှိသေး... အင်ဂျင် ဒုက္ခပေးတာပါပဲခင်ဗျာ။ နို့ပေမယ့် ကိုယ်သွားချင်တဲ့နေရာ ရောက်ချင်တဲ့ဇောနဲ့ ပြင်လိုက်တာ ၂ နာရီ ထိုးပြီးလောက်မှ ကောင်းသွားတော့တယ်။ အတော်အေးလာတဲ့ ရာသီမှာ ချွေးဒီးဒီးကျအောင် ပြင်ရတာပါပဲ။ ဒါပေမယ့် မောရကောင်းမှန်း မသိဘူးခင်ဗျ။ ဒါနဲ့ ကြိုးဝိုင်းဘေးက လမ်းကလေးအတိုင်း မောင်းသွားလိုက်တာ (၁)နာရီ ကျော်ကျော်လောက် မောင်းမိတော့ လမ်းကလေးဟာ အရင်ကအတိုင်း မဟုတ် တော့ဘဲ တဖြည်းဖြည်း ကျဉ်းမြောင်းလာတယ်။ ချိုင့်တွေ ဖုန်တွင်းတွေလည်း အရင်ကထက် ပိုများလာတာ တွေ့ရတယ်။ ဒီတော့မှ ငါ လက်ယာဘက်ကို မလိုက်မိဘဲ ရွာနားကပ်နေတဲ့ လက်ဝဲဘက်လမ်း လိုက်မိတာ လမ်းများ မှားသလားဆိုပြီး သံသယဖြစ်မိတယ်။ နို့ပေမယ့် ခရီးက အတော်လွန်လာပြီ။ လမ်းကလည်း အင်မတန်ကျဉ်းဆိုတော့ နောက်ပြန်လို့ မဖြစ်တော့ဘူး။ ဒါနဲ့ ဇွတ်မှိတ်ပြီး လမ်းကြမ်းလျက်သားနဲ့ ရှေ့ကို တိုးမောင်းလာတာ ၂ ဖာလုံလောက် ရောက်တော့ လမ်းဟာ ကျွန်တော့်ကားကလေးတစ်စီး မောင်းရရုံလောက်ပဲ ရှိတော့တယ်။ မှောင်လိုက်တာ ပိန်းလို့။ နှင်းတွေကလည်း ကျလိုက်တာ မပြောနဲ့တော့။ ချမ်းလိုက်တာလည်း လွန်ပါရော။ အင်း... ငါတော့ မှားပြီ။ ကိုယ့်အိမ်ကိုယ့်ရာ စိတ်အေးလက်အေး

နေနိုင်ရက်သားနဲ့ ဘာမဟုတ်တဲ့ စုန်းရူး နတ်ရူး မှော်ရူး မိန်းမတစ်ယောက်ရဲ့ စကားကို ယုံကြည်ပြီး ထွက်လာခဲ့ တာ ငါ့လောက်မိုက်တဲ့လူ ဘယ်မှာရှိမလဲလို့ တွေးမိပါတယ်ခင်ဗျာ…

"မိုးသောက်ဘက် နီးလေလေ နှင်းတွေကလည်း ကျလာလေလေ… နှင်းပိတ်ပြီး လမ်းစကိုလည်း မမြင်ရတော့ဘူး။ လက်ဝဲဘက်က နည်းနည်း တောရှင်းပြီး ချုံဖုတ်တွေ မြင်ရတယ်ခင်ဗျ။ လက်ယာဘက်မှာတော့ ကြီးဝိုင်း တောအုပ်ကြီးပဲ ရှိတယ်… ဒါနဲ့ ဟယ်… ခုမှဖြင့် မထူးတော့ပါဘူး။ ငါလည်း ပင်ပန်းလှပြီး တစ်မှေးမှလည်း မအိပ်ရသေးဘူး။ ရောက်တဲ့နေရာ တစ်မှေး လောက်ပဲ မှေးရ,မှေးရဆိုပြီး စက်ကို တစ်ခါတည်း ရပ်ပစ်လိုက်တယ်။ ရှေ့ကိုဆက်ပြီး မမောင်းနိုင်မယ့်အတူတူ ဒီနေရာမှာပဲ စခန်းချတော့မယ်ဆိုပြီး စိတ်ကို သန္နိဋ္ဌာန် ချလိုက်တယ်။ ဒီနောက် ကားပေါ်တက်၊ အပေါ်ကုတ်အင်္ကျီ ထပ်ဝတ်၊ ပုလင်းထဲက 'ရမ်'ကလေး တစ်ကျိုက်လောက်မော့၊ သက္ကလပ် စောင်ကြီးခြုံပြီး ကားနောက်ပိုင်းမှာ အသာကလေး လှဲနေလိုက်တယ် ခင်ဗျ။ ချမ်းလိုက်တာလည်း ခိုက်ခိုက်တုန်နေတာပဲ…

"စောင်နဲ့ကွေးပြီး မျက်စိကို မှေးလိုက်ရုံ ရှိသေး… အင်း… ငါ သေရမယ့်ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်)နေ့တော့ မိုးလင်းလာပြီ ဆိုတဲ့ဟာ သွားပြီးသတိရလိုက်မိတယ်။ နို့ပေမယ့် ဒီမိန်းမကြီး ပြောလိုက်တာက ဒီနေ့မှာ အင်မတန် အင်အားကြီးမားတဲ့ တန်ခိုးသတ္တိတစ်ခုဟာ ကိုယ့်အပေါ်မှာ အုပ်စိုးနေလိမ့်မယ်။ အင်မတန် ဆိတ်ငြိမ်တဲ့နေရာမှာ သေခြင်းတရားကို တွေ့ရ လိမ့်မယ်လို့သာ ပြောလိုက်တာ။ ငါ သေလိမ့်မယ်လို့ တိတိကျကျပြောတာ မဟုတ်ဘူး။ အဲဒါကို ရှောင်ကြဉ်ဖို့၊ သတိထားဖို့သာ ပြောလိုက်တာပဲ။ ပြီးတော့ ဆိတ်ငြိမ်တဲ့နေရာ ဆိုတာလည်း ဒီနေရာထက် ဆိတ်ငြိမ်တဲ့နေရာတွေ အများကြီးရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ် အားပေးရတာကို ခင်ဗျ…။ ဒီလို စိတ်ကို တင်းပေမယ့် အချိန်ကလည်း မနက် ၃ နာရီ ၄ နာရီ ရောက်နေတဲ့ နေရာကလည်း သစ်တောကြီးဝိုင်းကြီးနားမှာ လူစလူနလည်း မတွေ့၊ ရွာက လည်း အဝေးကြီးဆိုတော့ ငြိမ်လိုက်တဲ့အမျိုး ဆိုတာလည်း သစ်ရွက် တစ်ရွက် လေတိုက်သံတောင် မကြားဘူး။ ဒီတော့ အတော်ပဲ စိတ်အားငယ်မိပါတယ် ခင်ဗျာ… အိမ်ပေါ်ကို ပြိုကျမတတ် မိုးနေတဲ့ စက်ခေါင်းတိုင်ကြီး ကြောက်တာနဲ့ ထွက်ပြေး

လာခဲ့တာ အခု တောကြီးထဲမှာ ဒုက္ခများ ရောက်မှာလားလို့ ကြံပြီး တွေးမိပြန်ပါတယ်...။

"ပြီးတော့ အဲဒီအချိန်မှာ ကျွန်တော် တစ်ခု စဉ်းစားမိတာက ဒီနေရာ ဟာ ဆိတ်ငြိမ်ပြီးနေပေမယ့် ကျွန်တော်ထင်တဲ့အတိုင်း သက်ရှိသတ္တဝါ ကင်းမဲ့ တဲ့ နေရာ မဟုတ်ဘူး။ အနီးပတ်ဝန်းကျင်မှာ သက်ရှိသတ္တဝါတစ်ကောင်ကောင် ရှိနေသလိုလို ဘာလိုလို ကိုယ့်လိပ်ပြာ ကိုယ်မလုံ ဖြစ်မိတယ်ခင်ဗျ။ နတ်များ နှိုးဆော်သလားတော့ မပြောတတ်ဘူး။ နာရီကြည့်လိုက်တော့ ၃ နာရီ ၃၅ မိနစ်ပဲ ရှိသေးတယ်။ လကလေးကလည်း ဝင်လုဝင်ခင် ရွှေဝါရောင်တောက်ပြီး ချုံတွေနောက်ကို တဖြည်းဖြည်း ဝင်နေတယ်။ စိတ်ချမ်းသာတဲ့ လူတွေအတွက် တော့ လွမ်းဆွတ်ကြည်နူးစရာကောင်းတဲ့ အချိန်ကလေးလို့လည်း ခေါ်နိုင်တာပ ခင်ဗျ...။

"အဲဒီလိုနေတုန်း ဗြုန်းခနဲ ကျွန်တော်ရဲ့ရှေ့ လက်ဝဲဘက်ချုံပုတ် ခပ်မြင့်မြင့်ဆီက 'ဝါး'ခနဲ အော်လိုက်တဲ့ အသံတစ်သံ ကြားလိုက်ရတာကို ခင်ဗျ... အို ကျွန်တော့်ရီးတွင်းချဉ်ဆီထဲ စိမ့်ဝင်သွားသလို အောက်မေ့လိုက်ရ တယ်။ လူပဲလား... တောရိုင်းတိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ အသံပဲလား မပြောတတ်ပါဘူးခင်ဗျာ... ကြက်သီးမွေးညင်းတွေ ထပြီး ကျွန်တော့်ခေါင်းဟာ ပုတ်လောက် ကြီးသွားတယ် ထင်ရတယ်...။

"အို...ဒီနေရာမှာ လူတော့ မဟုတ်နိုင်ပါဘူး။ တိရစ္ဆာန်တစ်ကောင်ပဲ ဖြစ်ရမယ်။ ကြီးဝိုင်းဆိုတော့ ခွေးအတို့၊ ကျားသစ်တို့ ရှိတာပေါ့လို့ ကိုယ့်ကိုယ် ကိုယ် အားပေးသလို စိတ်ထဲက ရေရွတ်လိုက်မိတယ်။ နို့ပေမယ့် အသံတစ်သံ က "ဒါပဲ...ဒါပဲ...ဒါဟာ နင့်သေမင်းပဲ။ နင် ပြေးလို့မလွတ်ဘူး"လို့ ပြောနေ သလိုပဲ။ ကျွန်တော့်တစ်ကိုယ်လုံးဟာ တစ်ဆတ်ဆတ်တုန်ပြီး နဖူးကချွေးတွေ လည်း ရွှဲနေတာပဲ။ အပေါက်ကနေပြီး အသံကြားတဲ့ဘက်ကို ကြည့်ဖို့တောင် ခွက်တစ်ဆယ်လေးကို မ,ရသလို အတော်အားယူပြီး ကြည့်ရတယ်။ ကြည့်တော့ ဘာမှ မမြင်ပါဘူးခင်ဗျာ။ အဝါရင့်ရောင် သန်းနေတဲ့ အလင်းရောင်ခပ်မှုန်မှုန်ကို နောက်ခံထားပြီးပေါ်နေတဲ့ ချုံပုတ်ကြီးထဲ မြင်ရတယ်... ဒါနဲ့ ဧကန္တ လူတော့ မဟုတ်ဘူး။ လရောင်ကိုကြည့်ပြီး ခွေးအများဟာ အူတတ်သကဲ့သို့ ခြောက် တစ်ခုလည်း ရှိသေးတယ်။ အရူးများဟာ ဒီလို လရောင်ကို မြင်ရတဲ့အခါ

အရှုးထတတ်တယ်ဆိုပဲ။ နို့ပေမယ့် ရှာကဝေးလို့ အရှုးလည်း မဟုတ်နိုင်ပါဘူး လို့ တစ်ခါ စဉ်းစားမိပြန်တယ်။ အသံကတော့ အင်မတန် ကြောက်စရာ ကောင်းတဲ့ အသံမျိုးလို့ ထင်လိုက်တာပဲ ခင်ဗျ…။

“ဒီအချိန် လရောင်ကလေးကလည်း ဝင်လာ နှင်းကလေးကလည်း အတော်ကွဲသွားတော့ ရှေ့သွားရမယ့်လမ်းကလေးကို နည်းနည်းမြင်ရလာတယ် ခင်ဗျ… ဒါနဲ့ ကျွန်တော်လည်း ဒီနေရာမှာ နေရတာတော့ ကားမောင်းပြီး သွားနေရတာက တော်လိမ့်ဦးမယ်ဆိုပြီး ကားကို ကပျာကယာ စက်နှိုးထွက်ပါ လေရောခင်ဗျာ။ အဲဒီလိုလည်းထွက်ရော ချုံပုတ်နောက်က လူတစ်ယောက်ရဲ့ အရိပ်ဟာ မားခနဲ ထလာပြီး ဒီလူဟာ ချုံထဲက လမ်းပေါ် ပြေးထွက်လာတာ မြင်ရတာကိုခင်ဗျ… လက်တစ်ဖက်ကို မြှောက်ပြီး ကျွန်တော့်ကို ဘာပြောမှန်း မသိဘူး… ပြောလိုက်တယ်။ ဘောင်းဘီတိုနဲ့ ဂျာကင်အင်္ကျီကို အညိုရောင်နဲ့ အဝတ်အစားက ခပ်စုတ်စုတ်ပါပဲ… ဒါပေမယ့် သူ့လက်ထဲမှာ သေနတ်ကြီးနဲ့ ခင်ဗျ။ သေနတ်က ကျွန်တော့်ဘက်ကိုတော့ ချိန်မထားပါဘူး။ နို့ပေမယ့် ဘယ်အခါမဆို ချိန်နိုင်တာကိုကို။ ဒီတော့မှ ကျွန်တော့်စိတ်ထဲ လက္ခဏာ ဆရာမကြီး ဟောလိုက်တဲ့ ‘ပြောင်းလိုလို ဝိုင်းဝိုင်း အခေါင်းဆေါက်နဲ့ လက်နက်’ ဆိုတာ ဒါပါကလား။ ဒီကနေ့ဟာလည်း တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက် နေရာကလည်း အင်မတန် ဆိတ်ငြိမ်တဲ့နေရာ… ဟုတ်ပြီ…ဟုတ်ပြီ… သူဟာ ငါ့သေမင်းပဲ။ လက်စသတ်တော့ သေခြင်းနဲ့ ရင်ဆိုင်တွေ့လိမ့်မယ်ဆိုတာ ဒီဟာပဲကိုး။ ကိုင်း… ဒီတော့ သူ မပစ်ခင် ငါက လက်ဦးအောင် ကြိတ်လိုက် မှပဲ ဆိုပြီး ဂီယာကို ဆောင့်နင်းလိုက်တော့ ကားဟာ အရှိန်နဲ့ တိုးသွားလိုက် တာ ဒီလူလည်း ကားလက်ဝဲဘက်ဘီးအောက် ဝင်သွားပြီး ‘အင့်’ခနဲ တစ်ချက် တည်း အော်လိုက်တဲ့အသံကလွဲလို့ ကျွန်တော်လည်း မွှန်ထွန်သွားပြီး ဘာသံမှ မကြားရတော့ပါဘူးခင်ဗျာ…။

“ရှေ့ကိုက် ၅၀ လောက်မှာ လမ်းကလေးဟာ တစ်ဖက်ကို တစ်ပေ လောက်စောင်းပြီး ကျဉ်းလိုက်တာကလည်း ကျွန်တော့်ကားဘီး လွတ်ရုံကလေး ပဲရှိတယ်။ တစ်ဖက်တစ်ချက်မှာလည်း ၁၀ ပေလောက်နက်တဲ့ ချောက်ကြီး ခင်ဗျ။ ဟိုဘက်ရောက်မှ ကျွန်တော် သတိပြုမိတယ်။ ဒီလောက် လမ်းကျဉ်း ကလေးကို ကား ဘာမှမဖြစ်ဘဲ ဖြတ်လာနိုင်တာ ကျွန်တော်ဖြင့် အံ့သြလို့

မဆုံးဘူး။ ကြောက်စိတ်က တိုက်တွန်းနေတော့ ရှေ့မှာရှိတဲ့ အန္တရာယ်ကို မမြင်နိုင်ဘူးပေါ့ ခင်ဗျာ...။ မျက်စိမှိတ်ပြီး ဆင်ကန်းတောတိုး ဖွတ်မောင်းခဲ့တာပဲ...။

အလင်းရောင်ကလေးကလည်း ပေါ်လာပြီး နည်းနည်း ခေါင်းအေးသွားတော့မှ ကျွန်တော် စဉ်းစားမိတယ်... ဒီလူဟာ ငါနဲ့ ညှိုးသူရန်ဘက်လည်း မဟုတ်။ သူ့ကိုလည်း ငါက ဘာမှမလုပ်ဘဲနဲ့ လက်တစ်ဖက်ကို သူ မြှောက်ပြီး အော်လိုက်တာဟာ ရှေ့မှာ ကား သွားလို့မရဘူး၊ လမ်းပျက်နေတယ်ဆိုတဲ့ အကြောင်း ငါ့ကို သတိပေးမလို့ ထွက်လာတာများလား။ ငါလည်း သေနတ် ပြောင်းကို မြင်ရုံနဲ့ အကြောက်ကြီးပြီး ဘာမှမဆင်ခြင်ဘဲ ဒလကြမ်း ကားနဲ့ တိုက်ပြီး သတ်ခဲ့တာ ငါမှားပြီ။ ဒီလူဟာ လူဆိုးသူခိုးတွေ ပစ်ဖို့ပဲ ချောင်းနေသလား။ ဒါမှမဟုတ်ရင်လည်း တောကောင်တစ်ကောင်ကောင်ပစ်ဖို့ ချောင်းနေသလား မပြောတတ်ဘူး။ အကျိုးအကြောင်း သိရအောင်ဆိုပြီး ကျွန်တော် နောက်လှည့်ပြန်ဦးမယ် စိတ်ကူးမိသေးတယ်ခင်ဗျ...

နို့ပေမယ့် နောက်ကျနေရောပေ့။ ပြီးတော့လည်း ငါဟာ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ကိုယ့်အသက်ကို ကာကွယ်ဖို့ ဒီလိုလုပ်မိပါတယ် ပြောရင်လည်း ဘယ်သူကမှ ယုံမှာမဟုတ်ဘူး။ ဘယ်တရားသူကြီးကမှ ကင်းလွတ်ချက်ပေးနိုင်မှာ မဟုတ်ဘူး... ဟယ်... သူ့ထိုက်နဲ့သူ့ကံ နေပေစေတော့ဆိုပြီး နောက်ကို တောင် လှည့်မကြည့်တော့ဘဲ တစ်ခါတည်း သုတ်ခြေတင်ပြီး တွင်တွင်ကြီး မောင်းလာခဲ့တာကို ခင်ဗျ။ ဒီနောက် မိုးလင်းလာပြီး ကျွန်တော့်လက်ယာဘက် တစ်မိုင်ကွာလောက်မှာ ရွာကလေးတစ်ရွာ မြင်ရတယ်။ လက်ယာဘက် ရှန်းရှန်း ရှေ့တည့်တည့် ၂ မိုင်ကွာလောက်မှာ သစ်ပင်အုပ်ကြီးတွေနဲ့ မှိုင်းမှိုင်းကြီး မြင်ရတော့မှ ကျွန်တော်ဟာ လမ်းမှန် ရောက်လာပြီး ညိုညိုမှိုင်းမှိုင်း မြင်ရတာဟာ 'ဖြူး'မြို့ဖြစ်တဲ့အကြောင့် သိရတယ်။ ဖြူးကို ခဏဝင်ဖို့ ညက ကြံရွယ်ထားပေမယ့် မဝင်တော့ပါဘူး။ မီးရထား ခုံးကျော်ကလေးဖြတ်၊ ပြည် ရန်ကုန် လမ်းမကြီးပေါ်တက်၊ ဒီအတိုင်းမောင်းခဲ့တာ တောင်ငူကို ၉ နာရီခွဲလောက် ရောက်လာတာပါပဲ...

တောင်ငူရောက်တော့မှ ရွှေဆံတော်ဘုရားကြီး ပထမ ဝင်ဖူးပြီး ကိုယ့်စိတ်ကို ငြိမ်အောင် မနည်းထိန်းပြီးတဲ့နောက်မှ အုတ်ကြွတ်တန်းမှာရှိတဲ့ သူငယ်

ချင်းတစ်ယောက်အိမ် သွားတည်းရတယ်။ အဲဒီအိမ်မှာ တစ်နေ့လုံး တစ်ညလုံး စိတ်ချလက်ချ အိပ်လိုက်တာ နောက်တစ်နေ့ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့ မနက်မိုးလင်းခါမှ 'ဟင်း'ခနဲ သက်ပြင်းတစ်ချက် ချလိုက်မိပါတယ် ခင်ဗျာ။ အင်း ငါတော့ ပြောင်းဝကလည်း လွတ်လာပြီ။ လူသတ်မှုကလည်း လွတ်လာပြီ။ ဘယ်သူမှ ငါ ကားနဲ့တိုက်သတ်တာ မြင်တာလည်းမဟုတ်ဘူး။ ငါ့နောက်ကိုလည်း ဘယ်သူမှ ခြေရာခံလိုက်နိုင်မှာ မဟုတ်ဘူးဆိုပြီး ဒီအခါမှ စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်ရတာကို ခင်ဗျ… ထူးဆန်းတာက ဒီမိန်းမကြီး ဟောလိုက်တာ မမှန်ဘူးလည်း မဆိုနိုင်ဘူး။ အင်မတန် ဆိတ်ငြိမ်တဲ့နေရာမှာ သေခြင်းတရားနဲ့ ရင်ဆိုင်တွေ့လိမ့်မယ်ဆိုတာ သူဟောတဲ့ တန်ဆောင်မုန်း လပြည့်ကျော် (၈)ရက် ဆိုတာလည်း ကိုက်နေတာပဲ။ ပြောင်းတံလိုလို အခေါင်း ပေါက်နဲ့ ဝိုင်းဝိုင်းလက်နက်တစ်ခု ဆိုတာလည်း ဟိုလူ့လက်ထဲမှာ ကိုင်လာတဲ့ သေနတ်ကို ဆိုလိုတာပဲ။ တစ်ခု သူ ဟောလိုက်တာကလည်း ကံကြမ္မာဆိုတာ ဘယ်လိုပဲ ကိုယ့်ဆီကိုလာနေပေစေ ကာကွယ်ဖို့ လွတ်မြောက်ဖို့ အခွင့်အရေး တစ်ခုခုတော့ ရှိတာပဲ ဆိုတဲ့ အစိပ္ပာယ်ပါတယ် ခင်ဗျ။ အခုကိစ္စမှာ ကြည့်ပါ လား။ ကျွန်တော် ကာကွယ်လိုက်လို့ ကျွန်တော့်အသက် လွတ်မြောက်ပြီး သူ သေသွားရတယ် လုပ်ရတော့တာပဲ ခင်ဗျ။ ကိုယ့်အသက်ထက် သူများ အသက်တော့ ပိုပြီး မခင်နိုင်တော့ဘူး…

တစ်ခု ဝမ်းနည်းစရာကောင်းတာက လပြည့်ကျော် ၁၀ ရက်နေ့ ရန်ကုန်ပြန်ရောက်လို့ နောက်တစ်နေ့ သတင်းစာတွေထဲမှာ မြင်ရတော့မှ သာပြီး စိတ်မကောင်းဖြစ်မိတာကိုခင်ဗျ… သူငယ်က ညောင်ပင်သာရွာက သူငယ်ဆိုပဲ။ အဲဒီနေ့ညက ကြိုးဝိုင်းစပ်မှာ ကျားသစ်တစ်ကောင်ဟာ သောင်း ကျန်းပြီး ရွာထဲလာ ကြက်တွေဆွဲ၊ ဘဲတွေဆွဲ ဆွဲလေတော့ ဒီကျားသစ်ကို ပစ်ရအောင် ချောင်းနေတဲ့ သူငယ်ဆိုပဲ။ သနားစရာကောင်းလိုက်လေ ခင်ဗျာ ကျွန်တော်ရဲ့ အစွဲအလမ်းကြောင့် ခမျာ သက်သက်မဲ့ သေသွားရရှာတယ်…

ဒီကတည်းကစပြီး ကျွန်တော်လည်း နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်း လပြည့်ကျော် (၈)ရက်နေ့ကျရင် သူ့သင်္ချိုင်းကလေးရှိတဲ့ နေရာရောက်အောင် လာပြီး သူ့သင်္ချိုင်းမြေပုံပေါ်မှာ ပန်းခွေတစ်ခွေဖြစ်ဖြစ် မတတ်သာတဲ့အဆုံး ပန်းပွင့်ကလေးတစ်ပွင့်ဖြစ်ဖြစ် လာပြီးချထားတယ်ခင်ဗျ… ဒါဟာ ကျွန်တော်ရဲ့

နှစ်စဉ်နှစ်တိုင်းပြုလုပ်တဲ့ နိစ္စဒူဝအလုပ်ကြီးပဲ... ခများ ကျွန်တော်ရဲ့ဒဏ်ကို ဝင်ပြီး ခံသွားရှာတာကို ခင်ဗျ”

“ပုလိပ်ကို တိုင်ချင်လည်း တိုင်ပါတော့ ခင်ဗျား။ ဒီဟာ ကျွန်တော့် အဖြစ်အပျက်ပါပဲ”

“မတိုင်ပါဘူး... ကျုပ်က ဘာဖြစ်လို့ တိုင်ရမှာလဲ”

ဦးဘိုးတုံးသည် နေရာမှ အတန်ငယ် ထ၍သွားကာ ပိုက်လုံးဟောင်းများ စုပုံထားသည့် အပုံထဲမှ တစ်တောင်သာသာခန့်ရှိ ပိုက်လုံးတစ်လုံးကို ဆွဲယူလိုက်လေသည်။

ထို့နောက် ကျားနာတစ်ကောင်ကဲ့သို့ မောင်ဘစိုးအား ခုန်၍အုပ်ပြီးလျှင် ဦးခေါင်းကို ပိုက်လုံးဖြင့် တစ်ချက်တည်း တအားရိုက်ချလိုက်ရာ သေဘေးကို ပြေး၍ မလွတ်ရှာသော မောင်ဘစိုးသည် သချိုင်းမြေပုံပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွားရှာလေ၏။

“ငါ့သား သတ်တဲ့အကောင်၊ အခုမှပဲ လက်စားချေရတော့တယ်ကွယ်” ဟု ရေရွတ်ကာ ဦးဘိုးတုံးသည် ဘူတာရုံဘက်သို့ ထွက်သွားလေသည်။

**သွေးသောက်မဂ္ဂဇင်း**
**၁၉၅၉ ခုနှစ်၊ မတ်လ**

# ကြောက်တမ်းကစားမယ်

စစ်ကဲ မောင်ထော်လေးလမ်း၌ အတော်အတန် ခမ်းနားသပ်ရပ်သော ၂ ထပ်တိုက်ကလေးတစ်လုံးမှာ တစ်နေ့သောညဥ့်၏ လူခြေတိတ်အချိန်လောက် အိမ်နောက်ဘေးဘက်ရှိ မီးဖိုတံခါးအနီး၌ အသက် (၈)နှစ်ကျော် (၉)နှစ်ခန့်ရှိ သူငယ်လေးယောက်သည် မီးဖိုထဲ၌ စကားပြောသံများကို နားထောင်လျက် ရှိ၏။ ဇင်ဘောင်းဘီအပြာကလေးမှာ အသွေးအရောင် မရှိလောက်အောင် မွဲခြောက်နေပြီးလျှင် အစိမ်းရောင် ပေါ်ပလင်အင်္ကျီကလေးမှာလည်း ခေစား၍ ဖြု့ဖတ်ဖြု့လျော်ဖြစ်ကာ လည်ပင်းနှင့် လက်ဖျားများတွင် ဖွာရယာကြဲအောင် စုတ်ပြတ်လျက်ရှိ၏။ ရက်ပေါင်းအတော်ကြာမျှ မညှပ်ရသေးသော ဆံပင်တို့သည် သူဝတ်သော အင်္ကျီလည်ပင်းကဲ့သို့ ဖွာလျက်ရှိလေရာ အလုံးစုံ ခြုံ၍ ကြည့်ရသော် အထူးသဖြင့် မိခင်၏ စောင့်ရှောက်ယုယမှု ကင်းမဲ့ဟန် လက္ခဏာ ရှိ၏။ သို့သော် ရုပ်ရည်သွင်ပြင်အားဖြင့်ကား ပါးလျပ်သောနှုတ်ခမ်းကလေးနှင့် စွင့်စွင့်ကားကားရှိနေသော နားရွက်ကလေးနှစ်ဖက်ကို ကြည့်ရုံမျှနှင့်ပင် သွက်လက်ခြင်း၊ ဖျတ်လတ်ခြင်း၊ အကင်းပါးခြင်း လက္ခဏာတို့ကို သိသာနိုင်ပေသည်။ ကျယ်ပြန့်သော ရင်အုပ်ကလေးသည် စုတ်ပြဲသော အင်္ကျီအောက်မှ ခပ်ကြွကြွရှိနေရာ လက်မောင်းကလေးများသည်လည်း ပြည့်ပြည့်ဖြိုးဖြိုး လုံးလုံးကျစ်ကျစ် ရှိနေ၏။

မီးဖိုထဲမှ ကြားရသောအသံမှာ ယောကျ်ားတစ်ယောက်အသံနှင့် မိန်းမတစ်ယောက်အသံ ဖြစ်၍ မိန်းမသံမှာ သူ့မိထွေး မအေးကြွယ်အသံ ဖြစ်ပြီးလျှင်

ယောက်ျားဖြစ်သူ၏အသံကို မသိချေ။ ပြောနေသော စကားသံများမှာလည်း ပကတိ ပြောနေကြစကားသံများကဲ့သို့ မဟုတ်ဘဲ ခပ်တိုးတိုး၊ ခပ်အုပ်အုပ် ပြောနေကြသောအသံမျိုး ဖြစ်လေသည်။

(ကျားသံ) "သူ သိသွားရင်တော့..."

(မိထွေးအသံ) "ဘာမှမသိပါဘူး ကိုသောင်းတင်ရဲ့။ တကတည်း အစိုးရိမ်ကြီးနေလိုက်တာ အိမ်ပေါ်ထပ်မှာ အိပ်နေတယ်။ အိပ်နေတာတောင် အတော်ကြာပြီ"

"နိုးချင် နိုးနေမှာပေါ့ မအေးကြွယ်။ နိုးပြီး အောက်ထပ် ဆင်းလာမယ်။ တို့ပြောတာ နည်းနည်းပါးပါး ကြားချင်ကြားသွားမယ်"

ယောက်ျား၏အသံမှာ ကြောက်ရွံ့ဟန်ဖြင့် အတန်ငယ် တုန်လှုပ်လျက် ရှိ၏။

(မိထွေး) "မဟုတ်တာပဲ ကိုသောင်းတင်... ဒီကလေးက ရိပ်မိပါ့ မလား။ ဘာမှသိတတ်သေးတဲ့ အရွယ်မှ မဟုတ်ဘဲ။ ကျွန်မပြောတာ ယုံပါ။ ဒီကောင် ဘာတစ်ခုမှ မသိပါဘူး"

မိထွေး၏အသံကား ယောက်ျား၏ ကြောက်စိတ်ကို ပြေပျောက်အောင် အားပေးသကဲ့သို့သော 'လေ'မျိုး ရှိလေသည်။

(ယောက်ျားအသံ) "နို့ပေမယ့် ဒီအကောင်ကလေးက အကောင်ဆန်း ကလေး မအေးကြွယ်။ အင်မတန် အကင်းပါးတဲ့ ကောင်လေး။ သိပေမယ့် စကားနည်းလို့ ဘာမှ လျှောက်မပြောဘူး ဆိုတာလည်း ဟုတ်ချင် ဟုတ်ပါ လိမ့်မယ်"

ဤနေရာတွင် တံခါးအပြင်မှ နားထောင်နေသော သူငယ်လေးက ပြုံးလိုက်၏။

(မိထွေး) "ကိုသောင်းတင်ကလည်း တွေးချင်ရာတွေ သက်သက် လျှောက်တွေးနေတာပဲ။ စိတ်ကောင်းသေးရဲ့လား"

ထိုအချိန်၌ ယောက်ျားက မိန်းမအား တစ်စုံတစ်ရာ ထိပါးပုတ်ခတ် လိုက်သကဲ့သို့ အသံနှင့်အတူ "အို... ကိုသောင်းတင်ကလဲ"ဟူသော အသံ တစ်သံ ခပ်ကျယ်ကျယ် ကြားလိုက်ရ၏။

ယောက်ျားက မိန်းမအား သတိပေးလိုသဖြင့် ပါးစပ်ကို လက်ဝါးဖြင့် ပိတ်လိုက်သကဲ့သို့ ဂူးဂူးဝါးဝါး မကွဲမပြား အသံတစ်ခုကို ခပ်အုပ်အုပ် ကြားရလေ၏။ ထိုခဏ၌ ရုတ်တရက် မီးဖိုတံခါး ပွင့်လာပြီးလျှင် အပေါ်အင်္ကျီအနက် ဝတ်ထားသော ယောက်ျားတစ်ယောက် ထွက်လာလေသည်။ အသားဖြူ၍ ခက်ထန်ကြမ်းကြုတ်သော မျက်နှာ ရှိပြီးလျှင် မျက်လုံးများမှာလည်း မမှောင့်တမှောင် အလင်းရောင်၌ပင် ဒေါသဖြင့် မီးများ ပွင့်ထွက်မတတ် တောက်ပလျက် ရှိလေသည်။

ထိုလူကြီးသည် နားထောင်နေသော သူငယ်လေး၏ ပခုံးနှစ်ဖက်ကို တင်ကြပ်စွာ ဖျစ်ညှစ်လိုက်ရာ ချွန်ထက်သော လက်သည်းများမှာ ကလေး၏ ပခုံးသားထဲသို့ ဝင်၍သွားလုမတတ် ရှိတော့၏။

"ဟောဒီမှာ တွေ့နေပြီ... ကိုယ် အစက မပြောဘူးလား။ မအေးကြွယ် ဒီအကောင်လေး အပြင်က ကိုယ်တို့ပြောတာ နားထောင်နေတယ်"

သူငယ်ကလေးသည် ကြောက်ရွံ့သောမျက်နှာနှင့် လူကြီး၏မျက်နှာကို မော်ကြည့်ပြီးနောက် ထိုမှတစ်ဖန် မိထွေး မအေးကြည်၏မျက်နှာကို ကြည့်လိုက်လေသည်။

"ဟဲ့... ပြုံးချို၊ နင် ဘယ်တုန်းက ရောက်နေလဲ"

"အခုပဲ ရောက်တယ် မမ"

"ဟုတ်ပါတယ် ကိုသောင်းတင်... ပြုံးချို အခုမှ ရောက်လာတာပါ။ ကြည့်ပါလား အိပ်မှုန်မွှားနဲ့ အိပ်ရာထဲက ထလာတာ ဘာဖြစ်လို့ အိပ်ပြီးမှ ထလာရတာလဲ"

"ကျွန်တော့်ဘောလုံး ပေးပါ မမ"

ပြုံးချို၏ ပါးစပ်ကလေးမှာ ခပ်စူစူနှင့် ပိပိရိရိ ရှိလှ၏။ မှန်ကန်ခြင်း၊ မိမိကိုယ်ကို မိမိ ယုံကြည်ခြင်းလက္ခဏာများ ပေါ်လွင်လျက်ရှိ၏။

"ကျွန်တော့်ဘောလုံး ပေးပါ မမ"

"ကိုင်း... သူ့ဘောလုံး ယူသွားပါစေ ကိုသောင်းတင်"

ထိုအခါမှ ကိုသောင်းတင်သည် သက်ပြင်းတစ်ချက်ချကာ ဇွန်ကဲ့သို့ ကုတ်ထားသော လက်နှစ်ဖက်ကို လွှတ်လိုက်ပြီးလျှင် တံခါးပေါက်နံဘေးသို့ အတန်ငယ် တိမ်းပေးလိုက်၏။

ပြုံးချိုသည် လူကြီးများ မမြင်အောင် ငုံ၍ ပြုံးလိုက်ပြီးလျှင် သူ၏ ကစားစရာများထားသော သစ်သားဗီရိုဟောင်းတစ်ခုဆီသို့ ပြေးသွားပြီးလျှင် သားရေဘောလုံးကလေးကို ယူပြီးနောက် တံခါးဆီသို့ ပြန်လာလေ၏။

(ကြွယ်) "ကိုင်း… ရပြီလားမောင်"

(ချို) "ဟုတ်ကဲ့ မမ"

"နင်ဟာ အင်မတန်ကဲတယ်။ ကစားစရာတောင် ပိုက်ပြီး အိပ်ချင်တယ်"

ထိုအခါ ကိုသောင်းတင်က ကြားဖြတ်၍

"ဟေ့ ပြုံးချို"

"ခင်ဗျာ"

"မင်း အခန်းထဲ တစ်ယောက်တည်းအိပ်ရတာ မကြောက်ဘူးလား"

"မကြောက်ဘူး"

"ညမှာကော နိုးသေးလား"

"မနိုးဘူး"

"အသံတွေ ဘာတွေကော ထူးထူးဆန်းဆန်း အသံတွေလေ၊ စကားပြောသံတွေ ဆိုပါတော့ကွယ်။ အဲဒါတွေကော ကြားရလား"

ပြုံးချိုက ဦးခေါင်းကို ရမ်းလိုက်၏။ ထို့နောက် သမံတလင်းပေါ်သို့ ဘောလုံးကလေးကို ပေါက်လိုက်ကာ လက်ဖြင့် တော့၍ ကစားနေလေသည်။

"တစ်…နှစ်…သုံး…"

(ကြွယ်) "သွားတော့ ပြုံးချို… သွားတော့ ညဉ့်နက်ပြီ သွားအိပ်ချေ"

ပြုံးချိုသည် ညင်သာစွာ ခေါင်းညိတ်လိုက်ပြီးလျှင် မီးဖိုထဲမှ ပြေးထွက်သွားလေရာ စကားပြော၍ ကျန်ရစ်ခဲ့သော အသံများသည် သူ၏နားထဲတွင် တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့လေ၏။ ယောက်ျားက ခပ်ကျယ်ကျယ်နှင့် အရင်စလိုပြော၏။ မိန်းမက နှေးနှေးနှင့် ချိုချိုသာသာ တီးတိုး၍ပြော၏။ ပြုံးချိုသည် မီးဖိုဆီသို့ တစ်ချက်မျှ ပြန်၍လှည့်ကြည့်ပြီးနောက်… လှေကားထစ်များပေါ်တွင် ဘောလုံးကလေးကို တစ်ထစ်ကျော်တော့ရင်း အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။ ပါးစပ်မှ ဝမ်းတူးသရီး ရေရွတ်သံများနှင့် လှေကားထစ်များပေါ်သို့ နင်းသွားသံများပင် ဆိတ်ငြိမ်သော အိမ်ထဲတွင် ကျယ်လောင်လှပေ၏။

ပြုံးချိုသည် သူ၏အိပ်ခန်းထဲသို့ ဝင်၍ အိပ်ရာထဲတွင် ခေတ္တထိုင်နေ၏။ ထို့နောက် ကုတင်ပေါ်တွင် ခြေတွဲလွဲချလိုက်ကာ ကြမ်းပြင်ပေါ်သို့ ဘောလုံးကို တော့ချည်ဖမ်းချည် ပြုလုပ်နေ၏။ အခန်းတံခါးကိုကား မပိတ်ခဲ့ချေ။ သူသည် ပြတင်းပေါက်မှ မည်းမှောင်သော ကောင်းကင်ကို ငေးမောကြည့်ရှုလိုက်ရာ သူ၏ မျက်လုံးများမှာ စဉ်းစားဟန်ဖြင့် တည်ငြိမ်လေးနက်သော အသွင်ကို ဆောင်လျက်ရှိ၏။ မျက်နှာထားမှာလည်း အရွယ်နှင့်မလိုက်အောင် ရင့်ကျက်စွာ ရှိနေသကဲ့သို့ မှတ်ထင်ရလေ၏။

ပြုံးချိုကား သူ၏ဦးနှောက်ကလေးထဲတွင် ပေါ်လာသော အကြောင်းအရာများကို တရေးရေး ပြန်၍တွေးတောမိလေ၏။

ပထမ တွေးမိသောအရာမှာ သူ၏မိခင်ကြီး ဖြစ်၏။ မိခင်ကြီးကား သေဆုံးရှာလေပြီ။ သူ့ဖခင်ပြောသော စကားများကို အမှတ်ရ၏။ "ပြုံးချို... မင့်အမေတော့ မရှိတော့ဘူး... မင်း... မမိုက်နဲ့နော်...ကောင်းကောင်းနေ..."

"ဟုတ်ကဲ့ ဖေဖေ..."

"ဘယ်နေရာမှာဖြစ်ဖြစ် ယောကျ်ားဆိုတာ သတ္တိရှိရမယ်။ ခွန်အား ဗလနဲ့ ပြည့်စုံရမယ်"

"ဟုတ်ကဲ့ ဖေဖေ... ဒါကြောင့် ကျွန်တော် ဘောလုံးကန်တယ်၊ အားကျင့်တယ်... ပြေးတယ်..."

"အေး... ကောင်းတယ်။ ပြီးတော့ တစ်ခု ရှိသေးတယ်။ ယောကျ်ားဆိုတာ ဘယ်နေရာမှာဖြစ်ဖြစ် ဉာဏ်ထုတ်ရမယ်။ ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်... နားလည်လား သား"

"ဟုတ်ကဲ့ ဖေဖေ... ကျွန်တော် နားလည်ပါပြီ"

"ပြီးတော့ အခု မိန်းမ ယူရတော့မယ်။ မင့်မေမေ မရှိတော့ဘူး မဟုတ်လား...။ မိန်းမယူတယ်ဆိုတာ မင်း အသက်ကြီးရင် နားလည်လာလိမ့်မယ်။ ပြီးတော့လည်း ဖေဖေက မကြာမကြာ ခရီးထွက်နေရတော့ အိမ်မှာ ကြည့်ဖို့ ထိန်းသိမ်းဖို့ မိန်းမရှိမှ ဖြစ်တာ သားရဲ့"

"ဟုတ်ကဲ့"

"ဒီတော့ ဖေဖေ အိမ်မှာမရှိတဲ့အခါ ငါ့သားဟာ မိထွေးပြောတဲ့စကား နားထောင်နော်... ကြားလား သား...။ သူကလည်း မင်းကို ချစ်ပါလိမ့်မယ်

ကွယ်...”

“ဟုတ်ကဲ့ ဖေဖေ”

“မင်းဟာ တခြားကလေးတွေထက် ဉာဏ်ထက်တယ်ကွဲ့။ ဒီတော့ ဖေဖေပြောတဲ့ စကားတွေ ဘယ်တော့မှ မမေ့နဲ့”

“ဟုတ်ကဲ့ ဖေဖေ ကျွန်တော် မမေ့ပါဘူး”

ပြုံးချိုသည် ဖခင်ဖြစ်သူ ဦးဖိုးကြင် ဆုံးမသော စကားများကို ကြား ယောင်လျက်ရှိ၏။ ထိုနေ့က အိမ်တွင် ဦးဖိုးကြင် မရှိချေ။ အလုပ်ကိစ္စနှင့် နယ်သို့ ဆင်းသွားသောနေ့ ဖြစ်၏။

ပြုံးချိုသည် သေသူမိခင်ကြီး၏ မျက်နှာကိုလည်းကောင်း၊ မိမိအား အလွန်ချစ်သော ဖခင်ကြီး၏မျက်နှာကိုလည်းကောင်း တရေးရေး မြင်ယောင် လျက် ရှိ၏။

သို့သော် မိခင်ကြီးကား မရှိတော့ပြီ။

ပြုံးချိုသည် မအေးကြွယ်အား ‘မိထွေး’ဟူ၍ သိ၏။ မိခင်ကြီး သေဆုံး ပြီးနောက် အိမ်သို့ အပိုမိန်းမတစ်ယောက်အဖြစ်ဖြင့် ရောက်လာသူဖြစ်၏။ အဝတ်အစား ဝတ်ပုံမှာလည်း သူ့မိခင်ကဲ့သို့ ခံ့ခံ့ညားညားမရှိဘဲ အဝတ် အနည်းငယ်မျှသာ ဝတ်၏။ အလွန်ပါးလှပ်သော အဝတ်များကိုသာ ဝတ်၏။ အထူးသဖြင့် ညဥ့်အချိန်များတွင် ကိုယ်ကို အထူးသဖြင့် လိမ်းကျံခြယ်လှယ်၏။ သူ့မိခင်အိပ်သော နေရာတွင် ဝင်၍အိပ်၏။ သူ့အား ဖခင်ကြီးရှေ့၌သာ ပြုံးပြုံးရွှင်ရွှင်ခေါ်ငင်၍ ဖခင်ကြီး မရှိသည်နှင့်တစ်ပြိုင်နက် မျက်နှာထားဖြင့် ပြောဆိုကြိမ်းမောင်းလေ့ ရှိ၏။ သူ၏မျက်လုံးများမှာ အလွန်စူး၍ ကြီးကန်း မျက်လုံးကဲ့သို့ ဂဏှာမငြိမ်ပဲ ရှိ၏။

အခြားအကြောင်းအရာများလည်း ပြုံးချို၏ဦးခေါင်းထဲသို့ ဝင်လာပြန် ၏။ သူ့ဖင်ကြီးထံ မအေးကြွယ်က ပိုက်ဆံကြေးငွေ တောင်းပုံများ၊ အနည်းငယ် မျှသာ ရသည့်အတွက် ဖခင်ကြီးအပေါ်တွင် ဆူပူပုံများ၊ ဖခင်ကြီး၏ အရေးပေး ပုံများ ဖြစ်၏။

ထို့နောက် ဖခင်ကြီး မရှိသည့် အချိန်များတွင် မအေးကြွယ်ထံ မကြာ ခဏ လာ၍လည်ပတ်တတ်သော အသားဖြူဖြူနှင့် ခက်ထန်ကြမ်းကြုတ်သော မျက်နှာရှိသည့် ကိုသောင်းတင်ခေါ် ဧည့်သည်အကြောင်းကို ဆက်လက်စဉ်းစား

http://www.cherrythitsar.org


နေ၏။ ထိုသူမှာ ဖခင်ကြီး ခရီးထွက်တိုင်း အိမ်သို့ လာတတ်၏။ အဝတ်အစားကောင်းများကို ဝတ်လာ၏။ မအေးကြွယ်က လောကွတ်ပျူငှာ ဆီးကြိုဧည့်ခံ၏။ အစားအသောက်များ ကျွေး၏။ သူတို့ တီးတိုးစကား ပြောလေ့ရှိ၏။ ထိုအခါမျိုးတွင် မိထွေး၏မျက်နှာမှာ အလွန်ချိုလှ၏။ သို့သော် သူ့အား အနီးသို့လာလျှင် ကြိမ်းမောင်းထုတ်၏။ ဧည့်သည်ကလည်း မျက်စောင်းထိုး၍ ကြည့်၏။ သူ့ဖခင်ကြီး မရှိသော နေ့တစ်နေ့တွင် အိမ်ပေါ်မှ ထမင်းစားရန် ဆင်းလာရာ ဧည့်သည့်နှင့် မိထွေးသည် ထမင်းစားခန်းထဲတွင် ကုလားထိုင် ၂ လုံးပေါ်၌ နီးကပ်စွာ ယှဉ်ထိုင်နေသည်ကို တွေ့ရ၏။ မိထွေး မအေးကြွယ်သည် အပါးဆုံး အင်္ကျီလက်ပြတ်တစ်ထည်ကို ဝတ်ထား၏။ အပျိုကလေးကဲ့သို့ လှပစွာ လိမ်းကျံထား၏။ သူ ဝင်လာသည်ကို မြင်သောအခါ လူချင်း အနည်းငယ် ခွဲလိုက်၏။ ထို့နောက် မအေးကြွယ်က...

"ဒီကောင်လေး ခုထက်ထိ ထမင်း မစားရသေးဘူးလား... သွား... မီးဖိုထဲ။ ကိုယ့်ဟာကိုယ် ခူးစားချေ"ဟု ပြောလိုက်၏။ ထိုနေ့ညနေ သူ ကျောင်းမှ ပြန်လာသောအခါ သူ့အား အိမ်တွင် ဖခင်ကြီးမရှိကြောင်း၊ ခရီးထွက်သွားကြောင်းဖြင့် ပြောပြ၏။

ယင်းကဲ့သို့ ပြောပြသည်မှာ ၃–၄ ရက်ခန့် ရှိလေပြီ။

ပြုံးချိုသည် မအိပ်သေးဘဲ ဘောလုံးကလေးကို ကြမ်းပြင်ပေါ်သို့ ပေါက်လိုက်ပြီးလျှင် ဝမ်း...တူး...သရီး... ရေရွတ်ကာ တော့၍ နေပြန်၏။ ထို့နောက် မိမိပန်းနုစ်ဖက်ကို သံညှပ်ကဲ့သို့ ကုပ်လိုက်သော ကိုသောင်းတင်ဆိုသူ ဧည့်သည် လူကြီးအကြောင်းကို စဉ်းစားပြန်၏။ လူကြီးသည် မိမိအား အဘယ်ကြောင့် ကြောက်ရွံ့နေလေသနည်း။ ထိုလူကြီး၏ မျက်လုံးများတွင် မိမိကို ကြည့်လိုက်တိုင်း အဘယ်ကြောင့် အကြောက်လက္ခဏာများ ပေါ်၍နေရသနည်း။ မိမိအား ထိုလူကြီး ကြောက်ရွံ့နေသည်ကိုပင် ပြုံးချိုသည် စိတ်ပျော်ရွှင်ဖွယ် တစ်ခုဟု ထင်မိ၏။

တစ်ခါက မိမိသည် ချုံတစ်ခုအကွယ်မှ တိတ်တဆိတ် ခုန်ထွက်ပြီးနောက် သူစိမ်းတစ်ယောက်အား 'ဝါး'ခနဲ ခြောက်လှန့်ဖူး၏။ ထိုအခါ လူကြီးသည် ကြောက်ရွံ့သည့် လက္ခဏာကို တစ်စုံတစ်ရာမပြဘဲ ပြုံးပင် ပြုံးလိုက်သေး၏။ ထို့နောက် သူ၏ဦးခေါင်းကို ယုယစွာ ပွတ်သပ်ခဲ့ပြီးလျှင်

ထွက်သွားလေသည်။

ယခုမူ ဧည့်သည် ကိုသောင်းတင်ဆိုသော လူကြီးသည် မိမိအား အလွန်ကြောက်ရွံ့၏။ အဘယ်ကြောင့် ဤကဲ့သို့ ကွာခြင်းခြင်း ရှိလေသနည်း။

ပြုံးချိုသည် မိမိ ချောင်းမြောင်း နားထောင်နေသော မီးဖိုအတွင်းမှ စကားများကို ပြန်၍တွေးတောမိ၏။ ဦးခေါင်းကို ကုပ်ခြစ်ကာ သူ၏ ဖွာရယာ ကြဲနေသော ဆံပင်ကလေးများကို ဖွလိုက်၏။ “ဒီလူကြီး ဘာဖြစ်လို့ ငါ့ကို ဒါလောက် ကြောက်နေရတာလဲ။ တစ်ခုခုကို ငါ သိတယ်ထင်လို့ ငါ့ကို သူ ကြောက်နေတာနဲ့တူတယ်... ဟုတ်ပါတယ်...ဟုတ်ပါတယ်...”ဟု ရေရွတ်လိုက်၏။

ထိုနောက် သူသည် ပြုံးလိုက်ကာ ဘောလုံးကလေးကို တော့၍ နေပြန်၏။

တစ်ယောက်ကိုတစ်ယောက် ကြောက်၍နေခြင်းကား ကစားခြင်း တစ်မျိုးပင် ဖြစ်၏။ တစ်ယောက်ကိုတစ်ယောက် အနိုင်ယူရန် မြင့်မြတ်သော ကစားနည်းမျိုးပင် ဖြစ်ပေသည်။ သူ့အား ဧည့်သည့်ကြီးက ဆက်လက်၍ ကြောက်နေသည်ကိုပင် ပြုံးချိုသည် ဝမ်းသာသကဲ့သို့ ဖြစ်မိလေသည်။ သို့သော် ဧည့်သည်ကြီးက မိမိအား ကြောက်ရွံ့ရသည့် အကြောင်းရင်းကို ပြုံးချိုသည် နားမလည်ချေ။

ပြုံးချိုသည် အိပ်ချင်လာသည်နှင့် သူ့ဖခင်က သွန်သင်ထားသည့်အတိုင်း အောက်ထပ်သို့ဆင်းပြီးလျှင် မိထွေးဖြစ်သူ မအေးကြွယ်အား လက်အုပ်ချီ၍ ကန်တော့၏။ ထိုအခါ မအေးကြွယ်သည် တစ်စုံတစ်ရာ ဆုမွန်တောင်းခြင်း မပြုဘဲ အေးစက်သော မျက်နှာဖြင့် “အေး... သွားအိပ်ချေတော့”ဟု တစ်ခွန်းသာ ပြောလိုက်၏။ ထိုအခါက ဧည့်သည်ကြီးသည် အရက်ပုလင်းတစ်လုံးကို ဖွင့်ကာ စားပွဲပေါ်၌တင်ထားသော ဖန်ခွက်ထဲသို့ အရက်ကို ထည့်နေ၏။ မီးဖိုခန်းထဲသို့ ပြုံးချို ဝင်လာသောအခါ တစ်ချက်မျှပင် မျက်စောင်းထိုး၍ ကြည့်လိုက်သေး၏။ ပြုံးချိုသည် အိမ်ပေါ်သို့ ပြန်တက်လာပြီးနောက် အိပ်ရာ ပေါ်တွင်လှဲကာ မိခင်ကြီးရှိစဉ်က အကြောင်းများကို ပြန်လည်စဉ်းစားမိ၏။ အိပ်ရာဝင်များ၌ ဖခင်ကြီးကို ရှေးဦးစွာ ကန်တော့ပြီးနောက် မိခင်ကြီးကို ကန်တော့ရ၏။ ထိုအခါ မိခင်ကြီးက ကရုဏာသက်သောမျက်နှာဖြင့် “ငါ့သား

ဘုန်းကြီးပါစေ… သက်ရှည်ပါစေ… အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေ။ မိနဲ့ ဖနဲ့ အိုအောင်မင်းအောင် ပေါင်းရပါစေ”ဟု ဆုတောင်း၏။ ထို့နောက် နဖူးပြင်ကို ယုယစွာ နမ်းရှုပ်ပြီးလျှင် “သားသား အိပ်ချေတော့လေ”ဟု ပြောလိုက်သေး၏။ မိမိ၏မိခင်ကြီးနှင့် အနေအထိုင် အပြောအဆိုမှစ၍ အစစ အရာရာ ကွာခြားလှသော မိထွေးဖြစ်သူအား မုန်းတီးမိ၏။ ဖခင်ကြီး၏ မျက်မှောက်၌သာ မိမိအပေါ်တွင် ချစ်ဟန်ဆောင်လျက် ဖခင်ကြီး ကွယ်သည်နှင့် တစ်ပြိုင်နက် မိမိအား တစ်စုံတစ်ရာ ဂရုမစိုက်သော မိထွေးအား တွေး၍ စိတ်နာမိ၏။ ထိုအခါ သွားလေသူမိခင်ကြီးကို သတိရကာ မျက်ရည်များပင် လည်လာမိ၏။

ပြုံးချိုသည် အိပ်၍မပျော်ချေ။ အိပ်ရာခင်းနှင့် စောင်များသည် အေးစက်လျက်ရှိ၏။ အိပ်အပြင်၌ကား လေသည် အတော်ပင် တိုက်ခတ်လျက်ရှိရာ ပွင့်နေသော မှန်ပြတင်းပေါက်မှ ဝင်လာသော လေသည် ခန်းဆီးများနှင့် ခြင်ထောင်ကိုပါ လှုပ်ရှားစေလျက်ရှိ၏။ အိမ်အောက်ထပ်၌ကား ဧည့်သည်နှင့် မိထွေးသည် စကားပြော၍ နေကြ၏။ မည်သည့်စကားများကို ပြောနေသည် မသိရသော်လည်း အသံများကိုမူ မကွဲမပြား ခပ်အုပ်အုပ် ကြားရ၏။ ယောကျ်ား၏အသံမှာ ဖြည်းညင်းသာယာပြီးလျှင် ခပ်အုပ်အုပ် ရှိနေလေသည်။ ယောကျ်ားကြီး ကြောက်ရွံ့နေသည်ကိုပင် ပြုံးချိုသည် နားမလည်နိုင်ချေ။

အချိန်များသည် တဖြည်းဖြည်း ရွေ့လျားကုန်လွန်၍ သွား၏။ သို့သော် ပြုံးချိုကား အိပ်၍ မပျော်သေးချေ။ ဧည့်ခန်းခေါင်းရင်းဘက်နံရံတွင် ချိတ်ထားသော တိုင်ကပ်နာရီကြီးမှ တစ်ချက်ချက်မြည်သံကို ကြားရပြီးလျှင် ၁၀ နာရီ၊ ထို့နောက် အတော်ကြာသောအခါ ၁၁ နာရီ ထိုးသံကိုပင် ကြားလိုက်ရ၏။ ပြုံးချိုသည် နာရီထိုးသံများကို အသေအချာ ရေတွက်နေလေသည်။

လေသည် တိုက်ခတ်လျက်ပင် ရှိသေး၏။ ထို့နေ့မှာ ဘင်္ဂလားပင်လယ် အော်တွင် မုန်တိုင်းငယ် တစ်ခုရှိ၍ ရန်ကုန်မြစ်ကို ကျော်ဖြတ်တိုက်ခတ်လာသော တောင်လေသည် အတော်အတန် ပြင်းထန်လျက် ရှိ၏။ အိမ်နှင့် မျက်နှာချင်း ဆိုင်ဘက်တွင်လည်းကောင်း၊ အိမ်နောက်ဖေးဘက်၌လည်းကောင်း၊ သစ်ပင်ကြီး တစ်ပင်စီ ရှိသဖြင့် သစ်ရွက်အုပ်များကို လေမွှေ့သဖြင့် တရှဲရှဲမြည်နေသော အသံများကို ကြားရ၏။ တစ်ကြိမ်တွင် အိမ်နောက်ဖေးရှိ သစ်ပင်ကြီးကို

http://www.cherrythitsar.org

သစ်ကိုင်းခြောက်တစ်ခု မြေပေါ်သို့ ကျသွားသံကိုပင် ကြားလိုက်ရလေသည်။ ထိုနောက် "ကျွိ"ခနဲ မြည်သံတစ်ခုကို ကြားလိုက်ရပြန်၏။

သို့သော် နောက်ဆုံးကြားလိုက်ရသော "ကျွိ"ခနဲ မြည်သံကား အိမ်အပြင်မှ မဟုတ်ချေ။ လှေကားဆီမှလာသော အသံဖြစ်၍ ပိုးချိုသည် ခေါင်းထောင်၍ ထလိုက်၏။ လှေကားမှ တတိယလှေကားထစ်မှာ ရိုးရိုးနင်းသောအခါ အသံမထွက်ဘဲ အသံမမြတ်အောင် ကြိတ်၍နင်းသောအခါများတွင် "ကျွိ"ခနဲ မြည်တတ်ကြောင်း ပိုးချို သိပြီးဖြစ်၏။ တစ်စုံတစ်ယောက်သောသူသည် အိမ်ပေါ်သို့ ခြေသံ မကြားအောင် တက်လာခြင်း ဖြစ်ဟန်တူ၏။ မည်သူပေနည်း၊ မည်သည့်အတွက် တက်လာခြင်း ဖြစ်လေသနည်း။

ပိုးချိုသည် အိပ်ရာမှ ဖြည်းညင်းစွာ ထ၍ ထိုင်လိုက်၏။ တံခါးဆီသို့ကြည့်သော်လည်း အမှောင်ထု လွှမ်း၍နေသဖြင့် တစ်စုံတစ်ရာ မမြင်ရချေ။ တံခါးမှာ စေ့ရုံမျှ စေ့ထားလျက်နှင့်ပင် အပြင်မှအရောင်ဟူ၍ ဝင်၍မလာပေ။ သို့နှင့် အသံကြားရာဆီသို့ နားများစွင့်လျက် ရှိလေသည်။

ခြေသံသည် လှေကားထိပ်မှ ကြမ်းပြင်ပေါ်သို့ ရောက်လာ၍ ခြေကိုဖွ၍နင်းသော အသံမျိုးကဲ့သို့ ခပ်အုပ်အုပ်အသံမျိုးကို ကြားရ၏။ အခန်းနံရံကိုလက်ဖြင့် ပွတ်တိုက်စမ်းသပ်လာသော အသံများကိုလည်း ကြားရ၏။

ပိုးချိုသည် ပြုံးလိုက်၏။

ဇော်သည်ကြီးအား သူသည် ကြောက်အောင်ပြုလုပ်ခဲ့ရာ ယခုအချိန်တွင် သူ့အား ဇော်သည်ကြီးက ပြန်၍ကြောက်အောင် လုပ်လိမ့်မည်ဟု ထင်မိ၏။ ကစားသည်ဆိုခြင်း၌ တစ်ယောက်တစ်ပြန် ပြုလုပ်ခြင်းသည် အစဉ်အလာပင် မဟုတ်ပါလော။ ဤသို့ ပြုလုပ်ခြင်းသည် "ကစား"ခြင်း၏ စည်းကမ်းများပင် ဖြစ်ပေသည်။

ပိုးချိုသည် အတန်ငယ်ပြုံးကာ အိပ်ရာမှ လျောဆင်းလိုက်၏။ ထိုနောက် တံခါးဆီသို့ အသံမကြားအောင် ခြေဖျားထောက်၍ သွားပြီးလျှင် တံခါးပွင့်သွားသော်လည်း သူ့အား မမြင်နိုင်အောင် တံခါးရွက်တစ်ခုနောက်ကွယ်တွင် ပုန်း၍နေလိုက်၏။

ထိုခဏ၌ တံခါးသော့အိမ် လက်ကိုင်ကို အပြင်မှ ဖြည်းညင်းစွာလှည့်သံကို ခပ်သဲ့သဲ့မျှ ကြားလိုက်ရပြီးလျှင် တံခါးရွက်များသည် အတွင်းဘက်သို့

http://www.cherrythitsar.org


တဖြည်းဖြည်း ပွင့်လာလေသည်။ သူ့ဘက်မှ တံခါးရှက်သည် သူ၏အသား ကိုပင် ညင်သာစွာ လာ၍ထိလေသည်။ ပြုံးချိုသည် အသက်ကိုပင် အောင့်၍ နေလိုက်မိ၏။ ဖြည်းညင်းစွာ ရှူလိုက်သော လူကြီး၏အသက်ရှူသံကိုပင် ကြားရလေပြီ။

ထိုအချိန်၌ ၂ ယောက်စလုံး အသက်ရှူများ ရပ်သွားသကဲ့သို့ ရှိ၏။

ထိုနောက် ခြေကြီးတစ်ဖက် အခန်းတွင်းသို့ ဝင်လာပြီးလျှင် အခြား ခြေကြီးတစ်ဖက် ရောက်လာပြန်၏။ ထိုအခါ ပြုံးချိုသည် မရယ်မိစေရန် ပါးစပ်ကိုပင် လက်ဝါးဖြင့် အုပ်ထားလိုက်ရလေသည်။

သို့သော် ပြုံးချို၏ ရွှင်ပြုံး၍ ကလေးဆန်လှသော မျက်နှာကလေးမှာ ချက်ချင်း ပြောင်းလဲသွားရလေသည်။ ပြုံးချိုသည် ပါးစပ်ကို ဟေး၍ကြည့်ရင်း ကြက်သေသေ၍ နေမိလေသည်။ အဘယ်ကြောင့်ဆိုသော် ဆိတ်ငြိမ်လျက် ရှိသည့်အတွင်းမှ ခြေလှမ်းကြီးများသည် တဖြည်းဖြည်း တိုးသွားပြီးနောက် အိပ်ရာအနီးသို့ ရောက်သောအခါ ညှော်သည်ကြီးသည် ညာဘက်လက်ကို မြှောက်လိုက်၏။ ထိုခဏ၌ပင် ပြုံးချို သိလေပြီ။ သူမြှောက်လိုက်သော လက်၌ ကြယ်ရောင်များဖြင့် အတန်ငယ်လင်းနေသော အလင်းရောင်တွင် ဝင်းခနဲ လက်၍သွားသော ဓားသွားတစ်ခုကို မြင်လိုက်ရသောကြောင့်ပေတည်း။ လူကြီး သည် သူ့အား ပြန်၍ကစားခြင်းမျိုး မဟုတ်ချေ။

ပြုံးချို၏ အလန့်တကြား ငယ်သံပါအောင် အော်လိုက်သောအသံသည် တစ်အိမ်လုံး လွှမ်း၍သွားလေ၏။ လူကြီးသည်ပင် သူ့နောက်မှ ရူးရူးစွာ ဟစ်အော်လိုက်လေသည်။ ပြုံးချိုသည် အခန်းထဲမှ အပြင်သို့ ထွက်ပြေးလေ၏။ အခန်းပြင်၌ကား လွန်စွာမှောင်လျက် ရှိလေရာ မည်သည့်အရာဝတ္ထုကိုမျှ မမြင်ရချေ။ အမှောင်ထုကား ကြီးမားလှပေ၏။ သူ့နောက်မှ ညှော်သည်ကြီးကား ထက်ချပ်လိုက်လာ၏။ တစ်ကြိမ်တွင် ကုလားထိုင်တစ်လုံးကို ဝင်၍တိုက်သံ ကြားလိုက်ရ၏။

ပြုံးချိုသည် လှေကားထိပ်သို့ ရောက်၍နေချေပြီ။ အောက်ထပ်သို့ ဆင်းပြေးရန်သာ ရှိတော့၏။ သို့သော် အောက်ထပ်လှေကားရင်းမှ မိန်းမ တစ်ယောက်၏အသံဖြင့် "ဘယ့်နှယ်လဲမောင်၊ ကိစ္စတုံးခဲ့ပြီ မဟုတ်လား"ဟု လှမ်း၍ မေးလိုက်သဖြင့် ပြုံးချိုသည် အောက်သို့ မဆင်းဝံ့တော့ဘဲ တံခါးဖုံးနှင့်

နံရံကြားထဲမှဝင်ကာ စေ့၍ထားသော ပြတင်းပေါက်ကို ကျော်ပြီးလျှင် ဝရန်တာသို့ ရောက်သွားလေ၏။ ပြုံးချိုကား သူ "တူတူပုန်း"တမ်း ကစားစဉ်က ပုန်းနေကျနေရာ "လိုက်တမ်းပြေးတမ်း"ကစားစဉ်က ပြေးနေကျ နေရာများဖြစ်သဖြင့် လွန်စွာပင် ဖျတ်လတ်ကျင်လည်လှပေ၏။ လူကြီးကား အိမ်ရှေ့တံခါးပေါက်ကြီးကိုဖွင့်ကာ သူ့နောက်မှ ထက်ချပ်လိုက်လာလေသည်။

ပြုံးချိုသည် ဝရန်တာမှ နောက်ဖေးဘက်သို့ ပတ်၍ ပြေးခဲ့ပြီးနောက် အိမ်ခေါင်မိုးသို့တက်သော လှေကားကျဉ်းကလေးဆီသို့ တက်လေ၏။ သို့သော် မျက်နှာကျက်ကို ပိတ်၍ထားသော လေးထောင့်ပေါက်သို့ ရောက်သောအခါ အပေါက်ပိတ် လေးထောင့်ပျဉ်ချပ်မှာ အတော်အတန် လေးသည့်ပြင် ဖုန်များဖြင့် ကြပ်၍နေသဖြင့် ရုတ်တရက် ဖွင့်၍မရချေ။ လူကြီးကား အိမ်ရှေ့ဝရန်တာမှ နောက်ဖေးဘက်သို့ လှည့်၍လာနေချေပြီ။

ပြုံးချို၏ရင်ထဲ၌ကား တဒိတ်ဒိတ် ဖြစ်နေ၏။ နှလုံးခုန်ခြင်းမှာ သူ၏ ရင်ပတ်ကလေးကိုပင် နာကျင်စေသကဲ့သို့ ရှိ၏။ နဖူး၌ ချွေးများ စို့၍နေပြီးလျှင် သူ၏လက်ကလေးများမှာ တုန်တုန်ရီရီ ဖြစ်၍နေ၏။ သို့သော် ပြုံးချိုကား အလျှော့မပေးချေ။

သို့နှင့် ပြုံးချိုသည် အောက်သို့ တစ်ထစ်ဆင်းကာ အံကိုက်နေသော တံခါးရွက်ကို အလယ်မှ ခေါင်းနှင့်ပင့် ခြေကန်ဖွင့်လေရာ ပျဉ်းပြားချပ်မှာ မကြာမီ ပွင့်သွားလေ၏။ သို့နှင့် သူသည် မျက်နှာကျက်အတွင်းသို့ ဝင်ပြီးလျှင် ဗျက် ၂ လက်မသာရှိသော ပျဉ်ချပ်ကို နင်းကာ လေးထပ်တိုက်ရှိသောဘက်သို့ တဖြည်းဖြည်း လျှောက်သွားလေ၏။ ထိုအချိန်၌ကား လူကြီးသည် လှေကားခြေရင်းသို့ပင် ရောက်၍နေလေပြီ။

ဤကဲ့သို့ လျှောက်သွားခြင်းမှာ လေးထပ်တိုက် နံရံနှင့်ကပ်လျက် မျက်နှာကျက်၏ အတွင်းဘက်မှ ၄ ပေပတ်လည်ရှိ မီးခံကျောက်ပြားကို ဘောင်ခတ်၍ အပေါက်လုပ်ထားသော နေရာရှိကြောင်း ပြုံးချို သိပြီးဖြစ်လေသည်။ ထိုအပေါက်ကို ဖွင့်နိုင်လျှင် တိုက်ခေါင်မိုး လသာခန်းသို့ ရောက်သွားမည်ဖြစ်၏။ ထိုတံခါးဆီသို့ ရောက်သွား၍ ပြုံးချိုသည် အံဖုံးတံခါးကို ဖွင့်လေရာ သံချိတ်များမှာ သံချေးတက်၍နေဟန်ဖြင့် မပွင့်ဘဲ ရှိနေ၏။ ပြုံးချိုသည် လက်သည်းကလေးများ ပဲ့သည့်တိုင်အောင်ပင် သံချိတ်များကို ကုပ်ဆွဲဖွင့်လျက်

ရှိလေရာ ချွေးများမှာလည်း တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက် ရှိနေတော့၏။ ထိုခဏ၌ မျက်နှာကျက်အတွင်းဘက်သည် ရုတ်တရက် ဓာတ်မီးရောင်ဖြင့် လင်းသွား၏။ မျက်နှာကျက်အတွင်းဘက်၌ အရေးအကြောင်းရှိက ရနိုင်ရန် ဖယောင်းတိုင် ၁၆ တိုင်အား မီးလုံး ပွင့်သွားခြင်း ဖြစ်လေသည်။ သူ့နောက်သို့ လိုက်လာသော ဧည့်သည်ကြီးအား မိထွေးသည် အောက်ထပ်မှနေ၍ မီးဖွင့်ပေးကာ ကူညီနေသည့် လက္ခဏာ ရှိလေသည်။ လူကြီးကား မျက်နှာကျက် အဝင်ပေါက်မှ ခေါင်းပြူ၍လာလေပြီ။

မီးရောင် လင်းသွားသောအခါမှ ပြီးချီသည် သူ့အမှားကို သူ ပြန်၍ သတိပြုမိ၏။ အပေါ်လသာခန်းသို့တက်သော အုံဖုံးတံခါးမှ မိမိဖွင့်နေသော ဘက်သည် “အဖျား”ဘက် မဟုတ်ဘဲ “အရင်း”ဘက် ဖြစ်နေသည်ကို တွေ့ရ၏။ အရင်းဘက်မှာ အသေပိတ်ထား၍ အဖျားဘက်၌ ချိတ်ကလေး နှစ်ခုဖြင့် ချိတ်ထားလေသည်။ သို့နှင့် အဖျားဘက်မှ ချိတ်ကလေးနှစ်ခု ၂ ခုကို တအားဆွဲ၍ ဖွင့်လိုက်ရာ တံခါးသည် အပေါ်သို့လန်၍ ပွင့်သွားလေ၏။ ထိုအခါ ပြီးချီလည်း တံခါးဘောင်နှစ်ဖက်ကို လက်ဖြင့် အားပြုထောက်ကာ လသာခန်း သမံတလင်းပေါ်သို့ ခုန်တက်လိုက်လေသည်။ အချိန်များစွာ မရှိချေ။ လူကြီးကား အတော်ပင် နီးကပ်လာလေပြီ…

ထိုနောက် ပြီးချီသည် လသာခန်းတစ်လျှောက် လေးထပ်တိုက်နံရံ ဘက်သို့ လျှောက်၍ပြေးလေ၏။ လသာခန်း၏ ထောင့်စွန်းအုတ်တံတိုင်းမှ ၂ ပေခွဲခန့်မြင့်သော နေရာ၌ အခြားတိုက်ဘက်မှ တိုက်စွန်းသည် အပြင်သို့ တောင်ဆုပ်ခန့် အစွန်းထွက်နေ၏။ ထိုတိုက်စွန်းကို ဖောက်၍ချထားသော ရေပိုက်တစ်ခု ရှိလေရာ ထိုရေပိုက်ကို တွယ်ကပ်၍ တက်နိုင်က ၄ ထပ်တိုက်၏ ဒုတိယအထပ် နောက်ဖေး လသာခန်းသို့ ရောက်နိုင်၏။ သို့သော် မိမိတို့ တိုက်ခေါင်မိုး အုတ်တံတိုင်းမှ ထိုပိုက်လုံးရှိသော နေရာသို့ ရောက်အောင် ၅ ပေခန့် လျှောက်သွားရပေမည်။

ပြီးချီသည် အုတ်တံတိုင်းပေါ်သို့ တက်လိုက်၏။ ထိုနောက် ၂ ပေခွဲခန့် မြင့်သော အစွန်းကို လက်ဖြင့် ကုတ်၍တက်ပြီးလျှင် ပိုက်လုံးဆီသို့ရောက်အောင် နံရံကို လက်များဖြင့် အားပြုကာ တစ်လှမ်းချင်း လျှောက်လေ၏။ မကြာမီ ပိုက်လုံးရှိရာသို့ ရောက်သွားပြီးလျှင် ပြီးချီသည် လူတစ်ရပ်သာသာခန့်သာ မြင့်သော ပိုက်လုံးကို တက်လေ၏။

နောက်မှလိုက်လာသော လူကြီးလည်း ပြုံးချို၏ အတုကိုယူကာ တိုက်စွန်းကို တဖြည်းဖြည်းလျှောက်၍ လာနေလေပြီ…

ပြုံးချိုမှာ အလွန်ဆော့၍ အတက်အချက်တွင် ကျင်လည်သော ကလေးတစ်ယောက် ဖြစ်သည့်အတိုင်း လူတစ်ရပ်သာသာမျှမြင့်သော ပိုက်လုံးကို ကောင်းစွာ တက်နိုင်ပြီးလျှင် ၄ ထပ်တိုက်၏ ဒုတိယထပ် အပေါ်လသာခန်းနောက်ဖေးဆောင်သို့ ကောင်းမွန်စွာ ရောက်သွားလေ၏။ သို့သော် ဤမျှနှင့် မပြီးသေးချေ။ နောက်မှလိုက်လာသော ရန်သူသည် ပိုက်လုံးကို တွယ်၍တက်စပြုနေလေပြီ။

လေးထပ်တိုက် ဒုတိယထပ် အပေါ်လသာခန်းသို့ ရောက်သောအခါ ပြုံးချိုသည် ပြေးရန်နေရာကို ရှာဖွေရပြန်ရာ တိုက်နံ့ဘေးမှကပ်၍ အပေါ်ဆုံးထပ်သို့ မတ်စောက်စွာတက်သွားသော သံလှေကားတစ်ခုကို မြင်ရသည်နှင့် ထိုလှေကားမှ အပေါ်ဆုံးထပ်သို့ တက်လေ၏။ ထိုအချိန်၌ လတစ်ခြမ်းပဲ့ကလေးသည် တိမ်တိုက်များကြားမှ ထွက်ပြူစပြုလာပြီဖြစ်၍ တိုက်ခေါင်မိုးများပေါ်တွင် ငိုးဝါးမှုလင်းလျက် ရှိလေသည်။ သို့သော် လူကြီး၏ရန်က လွတ်မည်မဟုတ်သေးချေ။ ထိုအချိန်တွင် လူကြီးသည် ယင်းသံလှေကားကလေးမှ တက်၍လိုက်ရန် ပြင်ဆင်နေသည်ကို မြင်ရ၏။

အပေါ်ဆုံးထပ်၏ အပေါ်၌ကား အုတ်တံတိုင်းများ ပတ်လည်ဝိုင်းနေသော ခေါင်မိုးစောက်သာရှိ၍ လှေကားထိပ်သို့ ရောက်သောအခါ ပြုံးချိုသည် ခေါင်မိုး၏ဇာတိသို့ ရောက်သွားလေ၏။ အခြားနည်းလမ်းကား မရှိတော့ချေ။ ခေါင်မိုးထိပ်တစ်လျှောက်ကို လျှောက်သွားရန်သာ ရှိတော့၏။ သို့နှင့် ပြုံးချိုသည် အိမ်ခေါင်မိုးထိပ်တစ်လျှောက် ခပ်ကုန်းကုန်းလုပ်ကာ တစ်ခါတစ်ရံ လက်ဖြင့် အားပြုထောက်လျက် လျှောက်သွားလေ၏။ ထိုအချိန်၌ လူကြီးမှာ သံလှေကားထိပ်မှတက်ကာ ခေါင်မိုးပေါ်သို့ပင် ရောက်လာချေပြီ။ အမိုးဆုံးလျှင် အောက်သို့ ခုန်ချရန်မှတစ်ပါး ဆက်လက်ပြေးရန် လမ်း မရှိတော့ချေ။ လူကြီးလက်မှ လွတ်မြောက်လျှင် ပြီးစေတော့ဟူသော သဘောဖြင့်သာ ကိုယ်လွတ်ပြေးခဲ့ခြင်းဖြစ်ရာ ပြုံးချိုသည် ခေါင်မိုးဆုံးလျှင် ကောင်းစွာ သတိရတော့၏။ အမိုးအစွန်းသို့ ရောက်ရန် ၂ တောင်ခန့်သာ လိုတော့၏။ နောက်မှ တရှူးရှူး တရှားရှား လိုက်လာသော လူကြီးသည်လည်း မိမိနှင့် (၆)ပေခန့်သာ ဝေးတော့၏။

"ဟဲ့ ကောင်လေး… ရပ်နေလေ မပြေးနဲ့"ဟူသော နောက်မှ လူကြီး၏အသံကို ကြားရလေရာ ထိုအသံကြောင့်ပင် ပြုံးချိုသည် နောက်သို့မျှ လှည့်မကြည့်ဘဲ ခပ်သုတ်သုတ် တိုး၍သွားလေ၏။ အစွန်းနှင့် တစ်တောင်ခန့်သာဝေးသော နေရာသို့ရောက်လျှင် ပြုံးချိုသည် ရန်သူ့လက်တွင် အမိခံမည့်အစား၊ ထပ်မံ၍ တစ်မျိုး စွန့်စားဦးမည်ဟူသော အကြံကလေးတစ်ခု ဖြစ်ပေါ်လာ၏။ မည်ကဲ့သို့ စွန့်စားရမည်ကိုလည်း ချက်ချင်း စိတ်ကူးပေါက်၍ လာလေသည်။

အမိုးမှာ မြေအုပ်ကြွပ် အခုံးများဖြစ်၍ ယင်းဆင်ခြေလျှောအမိုးကို တွယ်ကပ်ဆင်းရန် ဖြစ်လေသည်။ ပြုံးချိုသည် ရှေ့တွင် မည်သည့်အခက်အခဲနှင့် ရင်ဆိုင်ရမည် မတွေးဘဲ ကလေးတို့ဘာဝ လွတ်မြောက်မှုကိုသာ တွေးခြင်း ဖြစ်လေသည်။ သို့နှင့် သူသည် အုတ်ကြွပ်ခုံး၏ တစ်ခုနှင့်တစ်ခု ဆက်ကြောင်း ကလေးများကို အားပြု၍ကိုင်ကာ ဆင်ခြေလျှောရှိနေသော အမိုးကို တဖြည်းဖြည်း နောက်ပြန်ဆင်းလေ၏။ အလေးချိန်ဖြင့် လျှောကျမသွားစေရန် ဝမ်းဗိုက်ကိုလည်း အမိုးနှင့် ကပ်နိုင်သမျှ ထိကပ်ထားရ၏။ ပြုံးချိုသည် ရှေ့ မည်ကဲ့သို့ ပြုလုပ်မည် မစဉ်းစားဘဲ တဖြည်းဖြည်း နောက်ပြန်ဆင်းလေ၏။

နောက်မှလိုက်လာသော လူကြီးသည်လည်း အလျှော့မပေးချေ။ သူ ရောက်နေသော နေရာနှင့်တည့်တည့် ပြုံးချိုနည်းအတိုင်း အုတ်ကြွပ်ခုံးအဆက် များကို အားပြုကိုင်ကာ အမိုးကို ဝမ်းဗိုက်ဖြင့်ကပ်၍ လျှောဆင်းလာလေသည်။ ယင်းအလုပ်သည်ကား မလွယ်ကူလှချေ။ အလျား (၉)လက်မသာရှိသော အုတ်ကြွပ်အဆက်တစ်ခုကို တစ်ကြိမ်မျှ စမ်းသပ်ကိုင်တွယ်၍ အောက်ဘက်သို့ ခြေကုပ်လည်းရအောင် စမ်းသပ်ပြီးမှသာ တစ်လှမ်းချင်း နောက်ဆုတ်ဆင်းရခြင်း ဖြစ်လေသည်။ ဤကဲ့သို့ ခရု၏သွားခြင်းမျိုးဖြင့် တရွေ့ရွေ့ဆင်းလာရာ ပြုံးချို၏ ခြေထောက်များမှာ အုတ်တံတိုင်း သမံတလင်းကိုပင် ထိလုမတတ် ရှိနေလေပြီ။

လူကြီးသည်လည်း ပြုံးချို၏ လက်ယာဘက်တလံသာသာ ဝေးသော နေရာမှ တဖြည်းဖြည်းလျှောဆင်းလျက် ရှိလေရာ ဆင်းသက်သည့်နှုန်းမှာ ပြုံးချိုလောက် မမြန်သဖြင့် အပေါ်နားကျကျတွင် ရှိနေသေး၏။

အုတ်တံတိုင်းမှာ အပေါ်မျက်နှာပြင်တွင် ဇက်အားဖြင့် တစ်ထွာခန့်သာ ကျယ်ပြန့်သဖြင့် ထိုအုတ်တံတိုင်းသို့ ရောက်လျှင်လည်း လမ်းဆုံး၍ နေချေပြီ။ ပြုံးချိုသည် အုတ်တံတိုင်း သမံတလင်းကို ခြေဖျားကလေးဖြင့် စမ်းမိလေ၏။

ထိုခဏ၌ လက်ယာဘက်လက်ဖြင့် ကုတ်တွယ်ထားသော အုတ်ကြွပ်ခုံ၏ ထိပ်သည် အတန်ငယ်ဆွေးမြည့်နေသဖြင့် ရုတ်တရက် ပဲ့ကျသွားလေရာ လက်ဝဲဘက်လက်သည်လည်း ကိုယ်၏အလေးချိန်ကို မထိန်းနိုင်တော့ဘဲ ပြုတ်ကျသွားလေ၏။ သို့လျှောကျသွားရာ ပြုံးချိုသည် ပထမ သတိလစ်သကဲ့သို့ ဖြစ်သွားပြီးနောက် ရုတ်တရက် ပြန်၍သတိရကာ ဆွဲမိဆွဲရာ လက်နှစ်ဖက်ဖြင့် ကုပ်ထားလိုက်၏။ သူ ကုပ်ထားသောအရာမှာ အုတ်တံတိုင်းထိပ် မျက်နှာပြင် ဖြစ်လေရာ လမ်းမဘက်သို့ မျက်နှာမူသောဘက် ဖြစ်လေသည်။ ကိုယ်မှာကား လေဟာပြင်ဘက်တွင် တွဲရရွဲကျလျက် ရှိလေ၏။

ပြုံးချိုသည် ဇောချွေးများပြန်ကာ တစ်ကိုယ်လုံး တုန်လှုပ်လျက် ရှိလေ၏။ သို့သော် အောက်သို့ တစ်ခါတည်း ကျမသွားစေရန် ခပ်ချောချောရှိနေသော အုတ်တံတိုင်းမျက်နှာပြင်ကိုပင် အားပြု၍ ကိုင်ထားရလေသည်။ အလွန်မောပန်း၍နေရုံမက လက်ကလေးနှစ်ဖက်မှာလည်း သံချိတ်များကို ပင်ပန်းကြီးစွာ ဖွင့်ခဲ့ရသဖြင့် အချို့နေရာများတွင် ပွန်းပဲ့နေပြီဖြစ်ရကား ဤအခြေအနေ၌ ကိုယ်အလေးချိန်ကို အချိန်တာရှည်စွာ ထိန်းမ,၍ထားရန် တတ်နိုင်တော့မည် မဟုတ်ချေ။

ထိုအချိန်၌ လူကြီးသည် ပြုံးချို၏ အခြေအနေမှန်ကို တွေ့မြင်သွားပြီဖြစ်၍ ပြုံးချိုရှိရာသို့ ကိုယ်ကို တဖြည်းဖြည်းစောင်းလှည့်ကာ တရွေ့ရွေ့ လာလျက် ရှိလေ၏။

ပြုံးချို၏အခြေအနေကား အဆိုးဝါးဆုံး အကြပ်တည်းဆုံး အခြေအနေပင် ဖြစ်တော့၏။ တစ်ဖက်တွင် သူ့အား သတ်ရန်လိုက်လာသော ရန်သူရှိ၍ အခြားတစ်ဖက် ၃ ပေခန့်သာဝေးသော နေရာတွင် တိုက်၏အစွန်း ရှိနေ၏။

ထိုခဏ၌ အောက်မှ အော်သံတစ်သံ ခပ်သဲ့သဲ့ ကြားလိုက်ရ၏။ ထိုနောက် အခြားအော်သံတစ်သံ၊ နောက်ထပ် ခပ်ကျယ်ကျယ်အော်လိုက်သော အသံတစ်သံကို ကြားရ၏။ ထိုခဏတွင် အောက်မှ လက်နှိပ်ဓာတ်မီးရောင်များ အပေါ်သို့ ထိုးလာသည်ကို မြင်ရပြီးလျှင် လူများပြေးလွှားသံ၊ ဟစ်အော်သံများကို ကြားရ၏။

ထိုအချိန်၌ လူကြီးသည် တစ်ကိုယ်လုံး လှည့်နိုင်ပြီဖြစ်၍ သူ၏ လက်ကြီးသည် ပြုံးချိုကုပ်၍ထားသော နေရာဆီသို့ တရွေ့ရွေ့ လာနေသည်ကို

မြင်ရ၏။ ထိုလူကြီးက အောက်မှလူစုအား "ကိစ္စမရှိဘူး။ အသာနေကြဗျို့… မကြာခင် မိမှာပဲ။ ကျုပ် ချခဲ့မယ်"ဟု လှမ်း၍ပင် အော်လိုက်သေး၏။ သို့သော် သူ၏ လှုသတ်လက်ကြီးကား ပြုံးချို၏လက်ကလေးများကို ဖြုတ်ချရန် တရွေ့ရွေ့ လာ၍နေလေပြီ။

ပြုံးချိုသည် ၃ ပေခန့်မျှသာဝေးသော တိုက်စွန်းဘက်သို့ တဖြည်းဖြည်း ရွေ့လျားရန် အားထုတ်၏။ သို့သော် တစ်ကြိမ်အားထုတ်လျှင် လက်မဝက်ခန့်သာ ရွေ့လျားနိုင်၏။ လက်များမှာ ကိုက်ခဲလာလျက် အထူးသဖြင့် လက်ဆစ်ကလေးများသည် ထုံကျင်၍လာပြီးလျှင် တစ်ဆစ်စီ ပြုတ်ကျသွားတော့မည်ကဲ့သို့ ရှိလေသည်။ ပြုံးချိုသည် ဦးခေါင်းကို အတန်ငယ်ငဲ့ပြီးလျှင် အောက်သို့ ငုံ့ကြည့်လိုက်ရာ မှုန်မွှားသော လရောင်အောက် မည်းနည်းသော လူစုလူခဲကြီးကို လည်းကောင်း၊ ဓာတ်မီးများထိုးကာ ရွေ့လျား၍နေသော မော်တော်ကားများကို လည်းကောင်း၊ အပေါ်သို့ထိုးကြည့်နေသည့် ဝင်းလက်သော ဓာတ်မီးရောင်များ ကိုလည်းကောင်း တွေ့မြင်ရ၏။

လူကြီး၏လက်ကား တစ်လက်မထက် တစ်လက်မ ပို၍နီးလာလေပြီ။

ပြုံးချိုသည် ငယ်သံပါအောင် ဟစ်အော်လိုက်၏။

(အောက်မှအသံတစ်သံ) "ဟဲ့ ကလေး ငြိမ်ငြိမ်နေ…"

(အခြားအသံ) "ဟိုလူကြီး လာနေပြီ… ငြိမ်ငြိမ်သာနေ မကြောက်နဲ့နော်… ကလေး"

(အသံတစ်သံ) "အောက်ငုံ့မကြည့်နဲ့"

လူကြီး၏လက်သည်ကား တစ်ပေသာသာခန့်သာ လိုတော့သဖြင့် ပြုံးချိုသည် အားယူ၍ ရွေ့လိုက်ပြန်၏။

(အသံများ) "ဟဲ့ ကလေး… မလှုပ်နဲ့လေ… ငြိမ်ငြိမ်နေ…"

(အသံများ) "ကိစ္စမရှိဘူး… မကျနိုင်ပါဘူး"

(အသံတစ်သံ) "လှေကားရှိမှ ဖြစ်မယ်… လှေကား ရှာကြပါဗျို့"

(အသံများ) "မီးသတ်ကား လာနေပြီ"

ထိုအချိန်၌ တိုက်စွန်းမှ ၆ လက်မခန့်သာ လိုတော့၏။ လူကြီး၏ လက်ကား (၈)လက်မ (၁၀)လက်မခန့်သာ ဝေးတော့၏။ အောက်မှအသံများကား ဆူညံ၍နေလေသည်။

ထိုခဏ၌ လူကြီး၏ ခုန်၍အုပ်လိုက်သော လက်လှမ်းကို မြင်သဖြင့် မောင်ပြိုးချိုသည် နောက်ဆုံးအားယူ၍ ရှေ့လိုက်ရာ လက်ဝဲဘက်လက်သည် အုတ်နံရံနှင့်ဆက်သော ထောင့်ပေါ်သို့ပင် တည့်တည့်ကြီး ရောက်သွားလေ၏။ လက်များမှာ ယခင်ကထက် ကိုက်ခဲလာပြီးလျှင် အတွင်းအဆစ်များ ပြုတ်ထွက်တော့မည်ကဲ့သို့ ပြင်းစွာသော ဝေဒနာကို ခံစားလိုက်ရ၏။ သို့သော် လက်ကလေးများကို မလွှတ်ဘဲ ကုတ်မြဲ ကုတ်၍ထားလိုက်၏။ ကလေး၏လက်များကို ခုန်၍အုပ်လိုက်သော လူကြီးမှာ အောက်သို့ ခေါင်းလှည့်နေရသဖြင့် တစ်ကြောင်း၊ မိမိကိုယ်အလေးချိန်ကို မဟာန်နိုင်သဖြင့်တစ်ကြောင်း၊ ဒေါသမွှန်နေသဖြင့်တစ်ကြောင်း လက်တစ်ဖက်သည် တံတိုင်းမျက်နှာပြင်ကို ကျော်၍ လေပေါ်တွင် ထောက်လိုက်မိသည်ဖြစ်ရကား ပြိုးချို၏အနီးမှကပ်ကာ အားလွန်၍ အောက်သို့ ကျသွားလေ၏။ "ဟာ"ခနဲ တစ်ခဲနက်အော်သံကိုပင် ပြိုးချိုကြားလိုက်ရ၏။ အောက်မှ လူထုကြီးသည်လည်း ဆူညံ၍ သွားလေသည်။ မိမိလက်ကလေးများမှာလည်း ဆက်လက်ဆုပ်ကိုင် မထားနိုင်တော့ဘဲ လွှတ်လိုက်ရတော့မည်ကဲ့သို့ ရှိလေ၏။

သို့သော် ထိုခဏ၌ပင် မီးသတ်လှေကားကြီးသည် အပေါ်သို့ ထိုးတက်လာပြီးလျှင် မီးသတ်ဗိုလ်တစ်ဦး၏ သန်မာသောလက်ထဲတွင် ပြိုးချိုသည် သတိမေ့၍ ပါသွားလေသည်။

➛ ➛ ➛

မြေပြင်သို့ ရောက်သောအခါ ပြိုးချိုသည် မီးသတ်ဗိုလ်၏ရင်ခွင်ထဲ၌ပင် ကောင်းစွာ သတိပြန်၍ရလာ၏။ လူထုကြီးသည် ပြိုးချိုအား စိုးရိမ်သောမျက်နှာဖြင့် ကြည့်ရှုလျက်ရှိ၏။ တိုက်ပေါ်မှ လိမ့်ကျသေဆုံးသွားသော လူကိုလည်း သနားကြကုန်၏။ သို့သော် ပြိုးချိုက လူကြီးသည် မိမိအား အိပ်ရာထဲတွင် ဓားမြှောင်နှင့်ထိုးသတ်ရန် ကြံစည်ကြောင်း၊ ထိုမှ လက်လွှတ် ထွက်ပြေးရသည်တွင် မိမိနောက်သို့ ထက်ကြပ်မကွာ လိုက်လာကြောင်း၊ ၄ ထပ်ပေါ်ရှိ အမိုးအုတ်တံတိုင်းတွင် လျှောက်ပြေးနေရသည်မှာလည်း သူ တွန်းချမည်ကို ကြောက်ရွံ့သဖြင့် ပြေးရခြင်းဖြစ်ကြောင်းများနှင့်တကွ၊ သေသူလူကြီးနှင့် မိမိ၏ မိထွေး အဆက်အသွယ်များကိုပါ သွက်လက်စွာ ရှင်းလင်းပြောပြသောအခါမှ လူထုကြီးမှာ "သြော်...ဒီလိုကိုး..."ဟု သဘောပေါက်ကြလေသည်။

http://www.cherrythitsar.org


လူတစ်ယောက်သည် ရှေ့သို့ အတန်ငယ် တိုးထွက်လာပြီးနောက် သေသူ၏မျက်နှာကို ကြည့်ကာ... "ဒီအကောင် ကျုပ် သိပါတယ်ဗျာ။ ရုပ်ကလေးက နည်းနည်းချောတော့... သူ့ရုပ်နဲ့ ဇာန်းပြပြီး တကယ့် 'ဝါလား' တွေကို ချိုင်နေကျအကောင်။ ဒီတစ်ခါတော့ ကိစ္စချောရှာပြီ"ဟု ပြောလိုက်လေသည်။

လူထုကြီးကား အချိန်ကုန် မခံချေ။ ဝိုင်ယာလက်ကားများ မကြာမီ ရောက်ရှိလာ၍ မအေးကြွေအား ဖမ်းဆီးတော့၏။

ထိုညဥ့်၌ ပြုံးချိုသည် အရပ်လူကြီးအိမ်၌ ထွေးနွေးစွာ အိပ်ရ၏။ မအေးကြွေမှာ ဘားလမ်းအချုပ်ထောင်၌ အိပ်ရ၏။ ကြာသမား မောင်သောင်းတင်မှာ သူ့အမှုကို သူ စီရင်လိုက်ပြီဖြစ်၍ ဆေးရုံကြီး ရင်ခွဲခန်း၌ အိပ်ရ၏။

**သွေးသောက်မဂ္ဂဇင်း**
**၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ**

Quality Publishing House

http://www.cherrythitsar.org

# စိတ္တဇဥယျာဉ်မှူး

တစ်နေ့တွင် ဟံသာဝတီ သတင်းစာ၌ အောက်ပါ ကြော်ငြာတစ်ခု ပါရှိလေသည်။

“မြန်မာပြည်နှင့်တကွ အာရှတိုက်ရှိ သီးပင် ပွင့်ပင်စသော သစ်ပင် အမျိုးမျိုးများကို စိုက်ပျိုးခြင်း၊ ရှာဖွေခြင်း၊ သုတေသနပြုလုပ်ခြင်း စသော ကျွန်ုပ်၏ လုပ်ငန်းများကို ကူညီရန် ဒေါက်တာဘွဲ့ရ ရုက္ခဗေဒ ပါရဂူ တစ်ယောက် အလိုရှိသည်။ လစာငွေမှာ အစိုးရ သတ်မှတ်သော နှုန်းထားထက် မနည်းစေဘဲ အစားအသောက်နှင့်တကွ နေထိုင်ရန်ကိုပါ တာဝန်ယူမည်။ အိမ်ထောင်မရှိသောသူများနှင့် အရပ်သေးသို့ ခရီးသွားနိုင်သူများအား ပိုမို အခွင့်အရေးပေးမည်။ ယခု မေလမကုန်မီ အောက်ပါအမည်ပါ ပုဂ္ဂိုလ်ထံ ညနေ ၄ နာရီမှ ၆ နာရီအတွင်း လူကိုယ်တိုင် လာရောက်တွေ့ဆုံ လျှောက်ထား ရမည်”

ဒေါက်တာမြတ်သင်း **M.A** (ဆေးတက္ကသိုလ်)

**(F.R.G.S.)** ရုက္ခဗေဒပါရဂူ

ခေတ္တစထရင်းဟော်တယ်

ကမ်းနားလမ်း

ရန်ကုန်။

အထက်ပါကြော်ငြာအရ ကျွန်တော်သည် မေလ ၃၀ ရက်နေ့ ညနေတွင် ကြော်ငြာရှင်နှင့် တွေ့ဆုံရန် ကမ်းနားလမ်းရှိ စထရင်းဟော်တယ်သို့ သွားရောက်ခဲ့ပါကြောင်း။

ကျွန်တော်မှာ ယခင်အစိုးရလက်ထက်က ရန်ကုန်တက္ကသိုလ်တွင် ရက္ခဗေဒပါမောက္ခတစ်ယောက် ဖြစ်ခဲ့ရာ ကိစ္စတစ်ခုတွင် ကျောင်းသားများနှင့် အဆင်မပြေ ဖြစ်ခဲ့သဖြင့် အလုပ်မှ တစ်ခါတည်း နုတ်ထွက်လိုက်ပြီးလျှင် ယခင်က စုဆောင်းရရှိထားသည့် ငွေကလေးဖြင့် အေးချမ်းစွာ စားသောက် နေထိုင်ခဲ့သူ ဖြစ်ပါသည်။ မကြာမီက ဇနီးသည် သေဆုံးသွားပြန်ရာ အလုပ် အကိုင် အဆင်မပြေသည့်အထဲတွင် မိန်းမဖြစ်သူက တစ်ဖန် သေဆုံးသွားပြန် သဖြင့် စိတ်ပြေလက်ပျောက်ဖြစ်စေရန် တစ်ကြောင်း၊ မိမိဝါသနာထုံသော အလုပ်ဖြင့် ဝင်ငွေရမည်ဖြစ်သောကြောင့် တစ်ကြောင်း ဤအလုပ်ကို လျှောက် ထားရန် စိတ်ကူးပေါက်ခဲ့ခြင်း ဖြစ်လေသည်။

ဟိုတယ်သို့ရောက်၍ ဧည့်ခန်း၌ ထိုင်မိသောအခါ ကျွန်တော်လည်း ဘွိုင်ကုလားလေးတစ်ယောက်အား ဒေါက်တာ မြတ်သင်းဆိုသူနှင့် တွေ့လို ကြောင်း၊ ၎င်းအခန်းသို့ လိုက်ပြရန်အကြောင်း ပြောရ၏။ သို့ပြောဆိုလျက်ရှိစဉ် အဝတ်အစား သားနားသပ်ရပ်လျက် ဥပဓိရုပ်ကောင်းလှသော အသက် ၄၀ ကျော် ၅၀ ခန့်ရှိ လူတစ်ယောက်သည် ကျွန်တော်အနီးသို့ ရောက်လာ၍ ကျွန်တော့်အား နှုတ်ဆက်လိုသည့်ဟန်ဖြင့် ခပ်ပြုံးပြုံးကြည့်သည်ကို တွေ့ရ၏။ ထိုအခါ ဘွိုင်ကုလားလေးက ကျွန်တော် တွေ့လိုသော ဒေါက်တာမြတ်သင်း ဆိုသူမှာ ထိုပုဂ္ဂိုလ်ပင်ဖြစ်ကြောင်း ပြောပြပြီးလျှင် ကျွန်တော်တို့အား ဦးညွှတ်၍ ထွက်သွားလေ၏။

ဒေါက်တာမြတ်သင်းသည် ကျွန်တော်၏အင်္ဂါရုပ်ကို အကဲခတ်ဟန်ဖြင့် မသိမသာ ကြည့်ပြီးနောက် "ထိုင်ပါ မိတ်ဆွေ... အလုပ်အတွက် တွေ့ချင်လို့ မှတ်တယ်"

"ဟုတ်ပါတယ်...။ ကျွန်တော့်နာမည်က မောင်သာထက်ပါတဲ့"

"ဩ ဒေါက်တာသာထက် ဆိုပါတော့"

"မှန်ပါတယ်"

"နာမည်ရှေ့က ဒေါက်တာ တပ်ခေါ်တာ စိတ်မရှိပါနဲ့နော်။ တချို့က 'ဒေါက်တာ' တပ်ခေါ်မှ ကြိုက်တယ်။ တချို့ကလည်း ရှေ့က 'ဦး'တပ်ပြီး ခေါ်စေချင်တယ်"

http://www.cherrythitsar.org

"ကိစ္စမရှိပါဘူးခင်ဗျာ။ ကျွန်တော့်ကိုတော့ ဘယ်လိုခေါ်ခေါ် အရေး မကြီးပါဘူး"

လူချင်း မသိကျွမ်းသေးဘဲ တွေ့ခါစ၌ ဤကဲ့သို့ ပြောဆိုပုံမှာ အရော ဝင်လွန်းလှသည်ဟု စိတ်ထဲက အောက်မေ့မိ၏။

"ကောင်းပါတယ်... ကောင်းပါတယ်...။ ကျုပ်နာမည်တော့ သတင်း စာတွေထဲပါလို့ သိပြီးရောပေါ့။ ဦးမြတ်သင်းတဲ့ ဒေါက်တာမြတ်သင်းလို့လည်း ခေါ်ကြတယ်"

"ဟုတ်ကဲ့ ကြော်ငြာတဲ့အလုပ်ကို ကျွန်တော် လျှောက်ပါတယ် ခင်ဗျာ"

"ခင်ဗျား တက္ကသိုလ်မှာ ပါမောက္ခအဖြစ်နဲ့ ဘယ်နှစ်နှစ် ကြာခဲ့သလဲ"

"မန္တလေးမှာ ၁ နှစ်၊ ရန်ကုန်မှာ ၃ နှစ်၊ ဟောဒါ ကျွန်တော့်လက်မှတ် နဲ့ ထောက်ခံစာတွေပါပဲ"

ကျွန်တော်သည် အမှုထမ်းစာအုပ်နှင့်တကွ စာမေးပွဲအောင်လက်မှတ် များကို ထုတ်ပြရာ ဒေါက်တာမြတ်သင်းသည် စာရွက်များကို လှန်သည့်ဆိုရုံမျှ လှန်လှောကြည့်ရှုပြီးနောက်–

"တော်လောက်ပါပြီ ဒေါက်တာသာထက်။ လာဗျာ... ဟိုအပြင်က စားပွဲကို။ ဒီနေရာမှာ လူရှုပ်ပါတယ်"

ဒေါက်တာမြတ်သင်းသည် ကျွန်တော့်အား အပြင်ဝရန်တာနှင့် ကပ် လျက်ရှိသော စားပွဲတစ်လုံးသို့ ခေါ်သွားရာ ကျွန်တော်လည်း ၎င်းနောက်မှ လိုက်ပါသွားရလေ၏။ ထိုစားပွဲပတ်ဝန်းကျင်၌ကား အတန်ငယ် လူပြတ်သဖြင့် စားပွဲနှစ်လုံးကြား၌ သင်္ဘောသားနှင့်တူသော အင်္ဂလိပ်လူမျိုး နှစ်ယောက်သာ အရက်သောက်ရင်း စကားပြောဆိုလျက် ရှိနေလေသည်။ စားပွဲ၌ ထိုင်မိကြသော အခါ ဒေါက်တာ မြတ်သင်းသည် ဘွိုင်ကုလားအား ဝီစကီနှင့် ဆော်ဒါယူခဲ့ရန် အမိန့်ပေးလိုက်ပြီးလျှင် အိတ်ထဲမှ ရွှေစီးကရက်ဘူးကလေးကို ထုတ်ပြီးနောက် ကျွန်တော့်အား တစ်လိပ်တည့်၍ သူကိုယ်တိုင် တစ်လိပ်ကို ပါးစပ်၌ တပ်လိုက် ၏။ ထိုနောက် 'ရှန်ဆင်' အမျိုးအစား ခတ်မီးခြစ်ကလေးကို ထုတ်ပြီးလျှင် ကျွန်တော့်အား မီးညှိ၍ ပေးလေသည်။

ထိုအခါမှ ကျွန်တော်လည်း သူ၏ လက်ဝဲဘက် လက်သူကြွယ်တွင် ဝတ်၍ထားသော လက်စွပ်ကို သတိပြုမိ၏။ ကျောက်မှာ အဖြူပေါ်တွင် အညိုရောင် ရုက်သန်းကာ လူ၏မျက်လုံးနှင့် တူပြီးလျှင် အလယ်တွင် အနက် ဝိုင်းကလေးတစ်ခုသည် အရေလည်လျက် ရှိ၏။ ကျောက်ကို ပလက်တီနန်ခေါ် ရွှေဖြူဖြင့် ကွင်းထားလေသည်။ နှင်းပွင့်တမျှ ဖြူဆွတ်လှသော ပိုးရုပ်အင်္ကျီ ပေါ်တွင် ပိုးအနက်ရင်ဖုံးကို ကြယ်သီးတပ်၍ ဝတ်ထား၏။ ပန်းနုရောင် ဘန်ကောက်လုံချည် အသစ်ချပ်ချွတ်နှင့် အညိုနုရောင် ရှူးဖိနပ်ကို ဝတ်ဆင်ထား၏။ သူ၏မျက်လုံးများမှာ ကြည်လင်တောက်ပရုံမျှမက နက်ရှိုင်းသော အဓိပ္ပာယ်ဖြင့် ကြည့်ရှုလျက်ရှိရာ ကျွန်တော့်မှာ သူ၏အကြည့်ကိုပင် မခံဝံ့ သကဲ့သို့ မျက်နှာချင်းဆိုင်တိုင်း မျက်နှာကို အခြားဘက်သို့ လွှဲလိုက်ရလေသည်။ အလုံးစုံ ခြုံ၍ကြည့်သော် ဒေါက်တာမြတ်သင်းမှာ လူချောလူခန့်တစ်ယောက်ပင် ဖြစ်သော်လည်း သူ၏မျက်လုံးများနှင့် အဓိပ္ပာယ်ကင်းမဲ့သော ကြည့်ရှုပုံတို့ကိုမူ မည်သည့်အကြောင်းကြောင့် မသိ။ ကျွန်တော် ရွံရှာမုန်းတီးမိ၏။ သူ၏ ချိုသာသောအသံ၊ သူ၏လောကဝတ် ကျေပွန်မှု၊ သူ၏ ယဉ်ကျေးသော အမူအရာတို့မှာ လူကြီးလူကောင်းတစ်ယောက် ပီသလှသော်လည်း ကျွန်တော်၏စိတ်ထဲ၌မူ လိပ်ပြာမသန့်သကဲ့သို့ အတန်ငယ် ယနမကောင်း ဖြစ်မိလေသည်။

ဝီစကီ အနည်းငယ်စီ သောက်ကြပြီးနောက် ဒေါက်တာမြတ်သင်းသည် ဘွိုင်ကုလားကိုခေါ်၍ ညစာစားခန်း၌ ညစာနှစ်ပွဲ ပြင်ထားရန် အမိန့်ပေးလိုက်လေသည်။

သင်း။ "ဒီနေ့ည ခင်ဗျားကို ကျုပ် ညစာ ကျွေးပါရစေဗျာ"

ကျွန်တော်။ "ကိစ္စမရှိပါဘူး ဒေါက်တာ"

"အလုပ်နဲ့ မဆိုင်ပါဘူးဗျ။ မိတ်ဆွေအဖြစ်နဲ့ ကျုပ်က ကျွေးတာပါ။ လက်ခံပါ"

"ဒါဖြင့်လည်း ကောင်းပါပြီဗျာ"

"ဒီနေ့ညနေ ခင်ဗျား လာလိမ့်မယ်ဆိုတာ ကျုပ် အသိသားပဲ။ ဒါကြောင့် အောက်ဆင်းလာပြီး ခင်ဗျားကို မျှော်နေတာ"

"အလို ဘာကြောင့် သိရတာလဲ ခင်ဗျာ"

ထိုစကားကို ကြားလိုက်ရသောအခါ တစ်စုံတစ်ရာ ချိန်းချက်ထားခြင်း မရှိဘဲ ကျွန်တော်လာမည့်အကြောင်း ကြိုတင်သိနေသည် ဆိုခြင်းကို အံ့ဩမိလေ၏။

"ခင်ဗျားက အံ့ဩသလား"

"ပြောပါဦးဗျာ"

"ဒီနေ့ ဘယ်နှစ်ရက်လဲ"

"သုံးဆယ်"

"ကျုပ် ကြော်ငြာက နက်ဖြန် ‌ေဘာက်ဆုံးပဲဇော်"

"ဟုတ်ပါတယ်"

"ခင်ဗျားတို့မြို့မှာ ကျုပ်ကြော်ငြာတဲ့ အရည်အချင်းရှိတဲ့လူ ဘယ်နှစ်ယောက် ရှိလို့လဲ။ (၄)ယောက်ပဲ ရှိတယ် မဟုတ်လားဗျ။ တစ်ယောက်က အစိုးရပညာတော်သင်အဖြစ်နဲ့ နိုင်ငံခြားသွားနေတယ်ဗျာ။ တစ်ယောက်က တက္ကသိုလ်မှာ အလုပ်လုပ်နေဆဲဗျာ။ တစ်ယောက်ကတော့ အသက်ပြည့်လို့ ပင်စင်ယူလိုက်ရပြီဗျာ။ ဒီတော့ အရွယ်ကောင်းတုန်း ပညာထက်သန်တုန်း အလုပ်လက်မဲ့ဖြစ်နေတာ ခင်ဗျားတစ်ယောက်ပဲ ကျန်တော့တယ် မဟုတ်လားဗျ။ ဒါကြောင့် လျှောက်ချင်းလျှောက်ရင် ကျုပ်က ကြော်ငြာတဲ့အလုပ်ကို ခင်ဗျားတစ်ယောက်တည်း လျှောက်မဲ့သူ ရှိတော့တယ် မဟုတ်လား။ နက်ဖြန်တော့ ကြော်ငြာရက် စေ့တဲ့နေ့ဆိုတော့ ကျုပ်က လက်မခံတော့ဘူးလို့ ငြင်းချင်ငြင်းမယ်။ ဒါကြောင့် ခင်ဗျားဟာ လာမယ်ဆိုရင် ဒီကနေ့ညနေ လာမယ်လို့ ကျုပ် တွက်တာပေါ့။ ဘယ့်နှယ်လဲ ကျုပ်ပြောတာ မမှန်ဘူးလား ဒေါက်တာသာထက်"

ကျွန်တော်သည် မည်သို့မျှ ပြန်မပြောဘဲ ဦးခေါင်းကိုငြိမ့်၍ ပြုံးလိုက်လေသည်။

"ဗမာပြည်က သစ်ပင်တွေအကြောင်းတော့ အတော်လေ့လာခဲ့ဖူးတယ်နော်"

"ဟုတ်ကဲ့ လေ့လာခဲ့ဖူးပါတယ်။ ကျွန်းသစ်တွေအကြောင်းနဲ့ပတ်သက်လို့ စုံစမ်းရေးအဖွဲ့ ကော်မရှင်ကို ကျွန်တော် ခေါင်းဆောင်ခဲ့ဖူးပါတယ်"

"ဟုတ်လိုက်လေဗျာ။ ကြိုက်ပြီဗျို့။ ဒီလို ဖျတ်လတ်သွက်လက်တဲ့ သူမှ ကျုပ်က လိုချင်တာဗျ။ ကဲ– ဒီတော့ ဘယ်နေ့လောက် စပြီး အလုပ်ဝင်နိုင်မလဲ"

"ဒီဟာကတော့ ဒေါက်တာ့သဘောပါ။ ကျွန်တော်ကတော့ အားပါတယ်"

အလုပ်လျှောက်ထားသူမှာ ကျွန်တော်တစ်ယောက်တည်းသာ ရှိသည့်ပြင် ကျွန်တော့်မှာလည်း အရည်အချင်းနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်သည့်အတိုင်း ကျွန်တော့်အား ခန့်ထားလိုက်လေသည်။ အလုပ်မှာ မည်သည့်အလုပ်မျိုး ဖြစ်လေသနည်း။

"ရန်ကုန်မှာ မဟုတ်ဘဲ အရပ်ဝေးသွားပြီး လုပ်ရရင်ကော လုပ်နိုင်ရဲ့နော်..."

"လုပ်နိုင်ပါတယ်"

"ဘယ်နေ့မဆို အလုပ်ဝင်နိုင်တယ် ဆိုပါတော့"

"ဝင်နိုင်ပါတယ်"

"ခင်ဗျား နောက်ဆုံးရခဲ့တဲ့ လခက ဘယ်လောက်ဗျ"

"ကိုးရာ့ငါးဆယ်"

"ဒါဖြင့် ကျုပ်တို့က ၁၀၀၀ က စကြတာပေါ့ဗျာ။ ဟုတ်ကဲ့လား... စာရေးသောက်ရေးအတွက်လည်း ကျုပ်က တာဝန်ယူပါ့မယ်"

"ကောင်းပါပြီခင်ဗျာ။ ဒါထက် ကျွန်တော်လုပ်ရမယ့် အလုပ်သဘော ပြောပါဦး"

"ဒီလိုဗျ။ ကျုပ်က နိုင်ငံခြားမှာ ၁၀ နှစ်လောက်ကြာပြီးမှ ပြန်လာတယ်။ အစိုးရအလုပ်လည်း မလုပ်တော့ဘူး။ ငွေလျော်လိုက်တယ်။ ရန်ကုန်မှာလည်း မနေဘူးဆိုတော့ ကျုပ်ကို လူသိနည်းကြတာပေါ့။ ဒါပေမယ့် ခင်ဗျားတို့ အကြောင်းကိုတော့ ကျုပ်က ကောင်းကောင်းသိတယ်။ ဘယ့်နှယ်လဲဗျာ... အစိုးရကလည်းဗျာ ကိုယ့်မှာ ရှိရင်းစွဲ သစ်တောတွေ၊ လယ်ယာချောင်းမြောင်းတွေ၊ သစ်သီးဥယျာဉ်တွေကို တိုးတက်အောင်မလုပ်ဘဲ ဘာမဟုတ်တဲ့ အုန်းပင်တွေ လျှောက်စိုက်လိုစိုက်၊ အထူးသဖြင့် ကျုပ်က ကျွန်းသစ်တွေ အမြောက်အမြား ထွက်သင့်သလောက် မထွက်တာ ပြောချင်ပါတယ်။ ကျွန်းသစ်ရဲ့

တန်ဖိုးဟာ ဘယ်လောက်ရှိသလဲဆိုတာ ခင်ဗျားတို့ ကျုပ်တို့ သိတယ်မဟုတ်လား။ ကျွန်းသစ်ဟာ ကျုပ်တို့နိုင်ငံမှာ ရာဇဝင်နဲ့ အစချီပြီးလာတာ ဒေါက်တာသာထက်ရဲ့"

"ဟုတ်ပါတယ် ဒေါက်တာ"

"ဘယ်အချိန်လောက်က စခဲ့တယ် ထင်သလဲ"

"ခင်ဗျားပဲ ပြောပါဦးဗျာ"

"၁၆ ရာစုနှစ် အတွင်းကတည်းက စခဲ့တယ်ဗျ။ ၁၈ ရာစုလောက်မှာ ပြင်သစ်သင်္ဘောတွေဟာ ဗမာနိုင်ငံ သန်လျင်၊ ရန်ကုန် စတဲ့ သင်္ဘောကျင်းတွေမှာ ဆောက်ယူခဲ့တဲ့အကြောင်း ပြင်သစ်ရာဇဝင်မှာ အထင်အရှား ရှိတယ်"

"ဟုတ်ကဲ့"

"အခု ဗမာနိုင်ငံမှာ ကျွန်းသစ်တွေ ပေါက်ထပ်စိုက်နိုင်တဲ့ မြေဧက ပေါင်း ဘယ်လောက်ရှိတယ် ထင်သလဲ။ တခြားအသုံးမကျတဲ့ သစ်တွေတော့ ရတာပေါ့။ ဘယ်လောက်ရှိတယ် ခင်ဗျား ထင်သလဲ"

"ကျွန်တော် သတိ မထားမိပါဘူး"

"စတုရန်းမိုင် တစ်သိန်းသုံးသောင်းကိုးထောင်ကျော် ရှိတယ်ဗျ။ ဒီဟာတွေမှာ ချက်ချင်း ကျွန်းပင်တွေ စိုက်ပေးရမယ်။ ကျုပ်သိသမျှ လျှောက်ပြောရရင် မပြီးပါဘူးဗျာ…"

"ဟုတ်တာပေါ့…"

"ပြီးတော့ ကျွန်းပင်တွေကို ကြီးထွားအောင် လုပ်တဲ့နည်းတွေ၊ အသားပိုပြီးကောင်းအောင် လုပ်တဲ့နည်းတွေ အများကြီးရှိတယ်။ နှောသားကို အရောင်နီလာအောင် လုပ်တဲ့နည်းတွေ၊ ရှားသားကို ဖြူလာအောင် လုပ်တဲ့နည်းတွေ၊ အို… ကျုပ်တို့ ရုက္ခဗေဒလောကဟာ ကျယ်ဝန်းပါတယ်ဗျာ။ ပြောလို့ မကုန်နိုင်ပါဘူး။ ဩော်… ဒါထက် ခင်ဗျားလုပ်ရမယ့် အလုပ်အကြောင်း နည်းနည်းပါးပါး ပြောရဦးမယ်။ ကျုပ်က နိုင်ငံခြားက ပြန်လာတော့ အစိုးရအလုပ် မလုပ်ဘဲ ကျုပ်မိဘကလည်း ပိုက်ဆံချမ်းသာတာနဲ့ ကျုပ်ကိုယ်တိုင် ဗမာနိုင်ငံက သစ်ပင်ဝါးပင်တွေအကြောင်း သုတေသန လုပ်မယ်ဆိုပြီး အနှောင့်အရှက်လည်းကင်း၊ အေးအေးဆေးဆေးလည်း အလုပ်လုပ်နိုင်အောင် မြိတ်ကျွန်းစုထဲ အပါအဝင်ဖြစ်တဲ့ ကျွန်းကလေးတစ်ကျွန်းကို အစိုးရဆီက အပိုင်ဝယ်ထားတယ်ဗျ။

ကျုပ်ကိုယ်တိုင် ရှာပြီး ကျုပ်သဘောကျ ဝယ်ထားတဲ့ နေရာပေါ့ဗျာ။ ခင်ဗျား ဘိတ်ကို ရောက်ဖူးသလား”

“မရောက်ဖူးပါဘူး”

“မြိတ်ကျွန်းစုတွေထဲက ကျွန်းတွေကိုကော ဘယ်ရောက်ဖူးမလဲ”

“ဟုတ်တယ်… မရောက်ဖူးပါဘူး”

“ကျွန်းကလေးတွေ အများကြီးဗျ။ မှိုလို ပေါက်နေတာပဲ။ အများကြီး အများကြီး…”

“ဟုတ်ကဲ့… ကြားတော့ ကြားဖူးပါတယ်။ မရောက်ဖူးပါဘူးဗျ”

“အဲဒီ ကျွန်းတွေထဲက ကျွန်းတစ်ကျွန်းပေါ့။ လူသူလေးပါးနဲ့ ကင်းဝေးပြီး ကိုယ်လုပ်ချင်တာ အေးအေးဆေးဆေး လုပ်နေနိုင်တဲ့ နေရာပေါ့။ မြိတ်နဲ့ ၄၅ မိုင် ဝေးတယ်။ အဲဒီမှာ ကျုပ် အလုပ်လုပ်နေတာကို ခင်ဗျား ကူညီဖို့ပဲ”

“ဟုတ်ကဲ့…”

“ကဲ… ဒီတော့ ခင်ဗျားကို ကျုပ်အကူအညီအဖြစ်နဲ့ အလုပ်ခန့်လိုက်ပြီ။ ဇွန်လ ၇ ရက်နေ့က စပြီး အလုပ်ဝင်ရမယ်။ ခင်ဗျား သွားဖို့ဟာက ဘိတ်ကို ဇွန်လ ခြောက်ရက်နေ့ အရောက်သွားပြီး အဲဒီနေ့ည ၄ နာရီမှာ ကျုပ် မော်တော်ဘုတ်နဲ့ ခင်ဗျားကို လာခေါ်လိမ့်မယ်။ သင်္ဘောဆိပ်ကနေ စောင့်ပေတော့။ အင်း… စရိတ်စကအတွက်တော့ ငွေ ၃၀၀/– ထုတ်ပေးမယ်။ လကုန်တဲ့ အခါကျမှ ခင်ဗျား လခထဲက နှိမ်မယ်။ ဘယ့်နှယ်လဲ တော်ပြီလား”

“တော်လောက်ပါပြီ”

“ဒီကနေ့ မေလ ၃၀ ရက်ဆိုတော့ ခင်ဗျား ပြင်ပိုဆင်ဖို့နဲ့ သွားဖို့ လာဖို့ တစ်ပတ် အချိန်ရပါတယ်”

“ဟုတ်ကဲ့… လုံလောက်ပါတယ်”

“ဇွန်လ ၆ ရက်နေ့ ညနေ ၄ နာရီတိတိဗျနော်။ သင်္ဘောဆိပ်က စောင့်ရမယ်။ အဝါရောင် မော်တော်ဘုတ်ကလေးတစ်စင်း လာခေါ်လိမ့်မယ်။ ဦးပိုင်းမှာ အစိမ်းဝိုင်းကြီးနှစ်ခု ပါတယ်။ မောင်တော်မောင်းတဲ့လူက ဆီစိမ်းမိုးကာအကျႌအစိမ်းနဲ့ နာမည်က စိန်ထူးတဲ့။ ခင်ဗျာ့နာမည်ကိုလည်း ကျုပ် ပြောထားလိုက်သေးတယ်။ ဘယ့်နှယ်လဲ သေချာရဲ့လား”

“သေချာပါတယ် ခင်ဗျာ”

ဒေါက်တာမြတ်သင်းသည် ညစာအပြီးသတ် ကော်ဖီကို တစ်ကျိုက်ချင်းမှ သောက်ရင်း စကားပြောလျက် ရှိလေ၏။ ထိုနောက် အင်္ကျီအိတ်ထဲမှ စာအုပ်ကလေးတစ်အုပ်ကို ထုတ်ယူပြီးလျှင် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ထုတ်ယူရန် ၃၀၀ိ/– တန် ချက်လက်မှတ်တစ်စောင်ကို ရေးပြီးနောက် ကျွန်တော့်အား ပေးအပ်လေသည်။

ကျွန်တော်သည် ညဉ့် ၉ နာရီထိုးတွင် ဟိုတယ်မှ ပြန်သွားလေရာ လမ်းတွင် ထူးဆန်းသော ဒေါက်တာမြတ်သင်းအကြောင်းကို စဉ်းစားရင်း အိမ်သို့ ရောက်ခဲ့လေ၏။

နောက်တစ်နေ့၌ ကျွန်တော်လည်း စောင်နှင့် အနွေးထည်များ မိုးကာအင်္ကျီ၊ မိုးတွင်းစီးဖိနပ်၊ ဆေးဝါးအနည်းငယ်မှစ၍ လိုအပ်သော ပစ္စည်းများကို ဝယ်ယူပြီးလျှင် ဘိတ်သို့လိုက်ရန် ပြင်ဆင်လျက် ရှိလေ၏။

➙ ➙ ➙

အချိန်ရှိသဖြင့် တစ်ကြောင်း၊ ပင်လယ်ခရီးထွက်လိုသဖြင့် တစ်ကြောင်း သင်္ဘောဖြင့် လိုက်ခဲ့ရာ ဇွန်လ ၅ ရက်နေ့ ညနေတွင် မြိတ်သို့ ကောင်းမွန်ချောမောစွာ ရောက်ခဲ့၏။

သို့နှင့် တစ်ရက်မျှ နားနေပြီးသော် နောက်တစ်နေ့ ညနေ ၃ နာရီခွဲတွင် သင်္ဘောဆိပ်သို့ လာခဲ့၍ ကျွန်တော်လည်း သင်္ဘောဆိပ်တွင် ဆိုက်ကပ်ထားသမျှ မော်တော်ဘုတ်ကလေးများကို လိုက်လံကြည့်ရှုလျက် ဒေါက်တာမြတ်သင်း ပြောသော အဝါရောင်ပေါ်တွင် ဦးပိုင်း၌ အစိမ်းဝိုင်းသုတ်ထားသော မော်တော်ဘုတ်ကို မတွေ့ရချေ။ ပင်လယ်ကူးသင်္ဘောကြီးများနှင့်တကွ ကုန်တင်ကုန်ချ ပြုလုပ်လျက်ရှိသော ကတ္တူကြီးများ၊ စက်လှေများ၊ မော်တော်ကလေးများ၊ သမ္ဗာန်ကြီးများမှာ ဝင်ချည်ထွက်ချည် ရှိနေသည်ကို မြင်ရ၏။

ထိုအချိန်တွင် မိုးအနည်းငယ် ကျလာသဖြင့် ကျွန်တော်လည်း မိုးကာအင်္ကျီဝတ်ကာ အဆောက်အဦတစ်ခုအမိုးကို ခိုရင်း စောင့်မျှော်ကြည့်ရှုလျက် ရှိရာ ၄ နာရီထိုးရန် သုံးမိနစ်အလိုအထိ မည်သည့်အဝါရောင်မော်တော်ဘုတ်ကိုမျှ မမြင်ရချေ။ သို့သော် ၄ နာရီထိုးရန် တစ်မိနစ်အလိုသို့ ရောက်သောအခါ ဦးပိုင်းတွင် အစိမ်းလုံးခြယ်ထားသော အဝါရောင် မော်တော်ဘုတ်ကလေး တစ်စင်း ကွယ်၍နေသော နေရာတစ်ခုမှ ရုတ်တရက် ထွက်ပေါ်လာပြီးလျှင်

ဘောတံတားတစ်ခုအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်ကို မြင်ရ၏။ သို့နှင့် ကျွန်တော်လည်း ဘောတံတားပေါ်သို့ ပြေးတက်ကာ ၎င်းအား လက်ကိုင်ပုဝါတစ်ထည်ဖြင့် ဝှေ့ရမ်းပြလေရာ မော်တော်ဘုတ်မောင်းသမားသည် ကျွန်တော် လက်ပြသည်ကို မြင်သည့်ဟန်ဖြင့် လက်တစ်ဖက်ကို ရမ်း၍ပြပြီး နောက် ကျွန်တော် ရပ်နေသော နေရာအနီးသို့ မော်တော်ဘုတ်ကို ဆိုက်ကပ် ပေးလေ၏။ ထိုသူမှာ ဆီစိမ်မိုးကာအင်္ကျီအစိမ်းကို ဝတ်ထားပြီးလျှင် မျက်မှန် အနက်ဝိုင်းကြီးကိုလည်း တပ်ဆင်ထားလေသည်။ ထို့နောက် ကျွန်တော့်အား "ရန်ကုန်က ဒေါက်တာသာထက် ဆိုတာလားဗျာ" ဟု လှမ်း၍မေးလေသည်။

ကျွန်တော်က ဟုတ်ကြောင်းပြော၍ ပစ္စည်းကလေးများကို သင်္ဘောဆိပ်မှ တရုတ်ကဖီးဆိုင်တစ်ဆိုင်တွင် အပ်ထားကြောင်း၊ ခေတ္တစောင့်ဆိုင်းရန် အကြောင်း ပြောရာ ထိုသူသည် ဦးခေါင်းကို တစ်ချက် ဆတ်လိုက်၏။ သို့နှင့် ကျွန်တော်လည်း အိပ်ရာလိပ်၊ သားရေသေတ္တာနှင့် လက်ဆွဲအိတ်များကို ယူခဲ့လေ၏။ ဘောတံတားသို့ ရောက်သောအခါ ထိုသူလည်း ကျွန်တော်၏ ပစ္စည်းများကို မော်တော်ဘုတ်ပေါ်သို့ ကူညီတင်ပေးလေ၏။ ချက်ချင်းလိုပင် မော်တော်ဘုတ်လည်း ထွက်လေ၏။

ထိုအခါမှ ကျွန်တော်လည်း သူ၏မျက်နှာကို အသေအချာကြည့်မိရာ ၎င်းမှာ အသားညို၍ မျက်နှာတစ်ခုလုံးတွင် အမာရွတ်များမှာ လက်မဖွေရာများ ကဲ့သို့ အစင်း၊ အကြောင်း၊ အကွေ့အချိုးပ်များဖြင့် ပြည့်လျက်ရှိသည်ကို ထူးဆန်းစွာ တွေ့ရလေသည်။ ခပ်ဝေးဝေးမှကြည့်လျှင် 'ပရဲ' ထိုးထားသော ချင်းအမျိုးသားတစ်ယောက်နှင့်ပင် တူလေသည်။

ကျွန်တော်။ "ကျွန်းကလေးက ဘယ်လောက်ဝေးသလဲ"

ထိုသူ။ "၄၃ မိုင် ရှိတယ်"

"ဒါဖြင့် အတော်မိုးချုပ်မှ ရောက်မှာပဲ"

"မြန်မြန်မောင်းရင် နေဝင်ချိန် ရောက်ပါတယ်"

မော်တော်ဘုတ်ကလေးသည် ပင်လယ်ပြင်ဘက်သို့ ဖွင့်ထွက်ကာ အနောက်မြောက်စူးစူးသို့ လျင်မြန်စွာ ပြေးလျက် ရှိလေသည်။

"ကျုပ်နာမည်က စိန်ထူးတဲ့ဗျ"

"ဟုတ်ကဲ့... ဆန်းတယ်ဗျာ။ နာမည်ကို ပြောတာပါ"

"ဒီနာမည်မျိုး ကြားဖူးလို့လား"

"ကြားဖူးသလိုပဲ"

"ကျုပ်က မော်လမြိုင်ဘက်ကပါ။ အရင်က လူဆိုးတစ်ယောက်ပေါ့။ စစ်တပ်နဲ့ ဝိုင်းဖမ်းလို့ ပေါင်မှာ သေနတ်မှန်ပြီး ရေထဲ ခုန်ချပြေးခဲ့ရတယ်။ ဒေါက်တာမြတ်သင်း ကယ်ထားပေလို့ အသက်ချမ်းသာရာ ရတယ်။ ကျုပ် အသက်သခင် ကျေးဇူးရှင်ကြီးပေါ့။ အခုတော့ အစိုးရက ကျုပ်ရုပ်ကို မမှတ်မိ တော့ပါဘူး။ ကျုပ်ပါလို့ပြောတောင် ယုံမှာမဟုတ်တော့ဘူး။ ရုပ်ရော ဘဝရော ပြောင်းနေပါပြီ။ သူ့ထမင်းစား၊ သူခိုင်းတာလုပ်၊ အခုတော့ အေးအေးပါပဲ"

မော်တော်ဘုတ်ကလေးသည် တဖြည်းဖြည်း လျင်မြန်လာလျက် ၅ မိုင် ၆ မိုင်ခန့်မျှ ရောက်သောအခါ ယခင်ကထက်ပင် ပို၍မြန်လာ၏။ စိန်ထူးသည် ကျင်လည်စွာ မောင်းနှင်လျက် ရှိလေသည်။

မောင်တော်ဘုတ် ထွက်စမှပင် မိုးဖွဲကလေးများ ပျောက်သွားပြီးလျှင် နေသာ၍လာသဖြင့် ပင်လယ်ပြင်သည် ကြည်လင်ငြိမ်သက်လျက် ရှိလေရာ မော်တော်ကလေးသည် ပြင်းစွာသောအဟုန်ဖြင့် အနောက်စူးစူးသို့ ပြေးသွား လျက် ရှိလေ၏။ အညိုနှင့် လိမ္မော်ရောင် ရောစပ်လျက်ရှိသော တိမ်တောင် တိမ်လိပ်များသည် နေရောင်ဖြင့် တောက်ပလျက်ရှိရာ တစ်ခါတစ်ရံ မှေးမှိန်၍ သွားစေ၏။ မကြာမီ ကျွန်တော်တို့ရှေ့ လက်ဝဲဘက် ခပ်ယွန်းယွန်း၌ ညိုမှိုင်း သော ကျွန်းကလေးတစ်ကျွန်းကို မြင်ရလေရာ မော်တော်ဘုတ်သည် ထိုကျွန်းဆီ သို့ ဦးတည်၍ မောင်းနှင်လျက် ရှိလေသည်။ ထိုအချိန်များအတွင်း ကျွန်တော် သည် မော်တော်မောင်းသူ စိန်ထူးအကြောင်းကို စဉ်းစားလျက်ရှိလေရာ စိန်ထူး ကမူ စကားတစ်ခွန်းမျှ မပြောချေ။

၁၅ မိနစ်ခန့် ကြာလတ်သော် မော်တော်ဘုတ်သည် ကျွန်းကလေးနှင့် ကိုက် ၂၀၀ ခန့်သာ ဝေးတော့သဖြင့် ညိုမှိုင်းမှုန်ဝါးသော ရှုမြက်ခင်းသည် တဖြည်းဖြည်း ပြောင်းလဲသွားကာ စိမ်းလန်းစိုပြေကာ ပေါက်နေသောသစ်ပင် များကို ကွဲပြားစွာ မြင်လာရတော့၏။ မကြာမီ ကျွန်တော်တို့သည် ကမ်းခြေသို့ ရောက်လာပြီပြစ်၍ စိန်ထူးသည် ကျွန်းဆွယ်ကလေးကဲ့သို့ ပင်လယ်တွင်းသို့ ထိုးထွက်လျက်ရှိသော အငူစွန်းကလေးထိပ်၌ မော်တော်ဘုတ်ကို ကျင်လည်စွာ ဆိုက်ကပ်ပေးလေသည်။

ထူး။ "ကဲ… ဆရာလေး ကုန်းတက်ပေတော့။ ပစ္စည်းတွေ ကျွန်တော် သယ်ခဲ့ပါမယ်"

ကျွန်တော်။ "ကောင်းပါပြီဗျာ၊ ကျေးဇူးတင်ပါတယ်"

ကျွန်တော်သည် မော်တော်ဘုတ်ပေါ်မှ ဆင်းခဲ့၍ အပေါ်သို့တက်သော ဆင်ခြေလျှောလမ်းကလေးကို တက်စပြုလေရာ ကိုစိန်ထူးမှာ မော်တော်ဘုတ်ကို ကျောက်ချ၍ ခိုင်မြဲအောင် ချည်ခဲ့ပြီးလျှင် ကျွန်တော်၏ ဝန်စည်စလယ်များကို ယူ၍ ရှေ့မှ လမ်းပြခေါ်သွားလေသည်။ ကျွန်း၏ကမ်းခြေမှာ အတော်အတန် ကျောက်များထူထပ်၍ အချို့နေရာများတွင် ၁၀ ပေ၊ ၁၅ ပေခန့်မြင့်သော ကျောက်ဆောင်များသည် ရေစပ်နှင့် ကိုက်အနည်းငယ်မျှ ဝေးသောနေရာတွင် စီတန်းလျက်လည်းကောင်း၊ ကျွန်းဆွယ်နှင့် ကမူစွန်းကလေးများအချို့မှာ ပင်လယ်ရေပြင်ဘက်သို့ ထိုးထွက်လျက် အချို့လည်း ကမ်းခြေအတွင်းသို့ တိုးဝင်လျက်လည်းကောင်း ရှိနေလေသည်။

၁၀ မိနစ်ခန့် လျှောက်သွားမိသောအခါ ကျွန်တော်တို့သည် ကျောက်တုံးများဖြင့် ပြုလုပ်ထားသည့် နံရံတွင် တပ်ဆင်ထားသော သံတံခါးကြီးတစ်ခုကို တွေ့ရ၏။ ကျောက်တုံးနံရံကြီးမှာ ၁၂ ပေခန့် မြင့်၍ နံရံပေါ်တွင် သံတိုင်များ စိုက်ကာ သံဆူးကြိုးများ ကာထားသေး၏။ တံခါးကြီးရှေ့သို့ ရောက်သောအခါ ကိုစိန်ထူးသည် ကျွန်တော်၏ပစ္စည်းများကို ချထားပြီးလျှင် နံရံရှိ ခလုတ်တစ်ခုကို နှိပ်လိုက်လေ၏။ ချက်ချင်းလိုပင် သံတံခါးကြီး ပွင့်သွားပြီးနောက် လူကြီးတစ်ယောက်သည် ကျွန်တော်တို့အား စိမ်းစိမ်းကြည့်ကာ မတ်တတ်ရပ်လျက် ရှိလေသည်။ သူ၏ ခြေအားအကြား နှားမတန်းကလေးခန့်ရှိသော ခွေးကြီးတစ်ကောင်သည် ကျွန်တော်တို့အား ဟိန်းလျက်ရှိ၏။ လူကြီးမှာ အရပ် ၆ ပေခွဲခန့်မြင့်၍ အရပ်နှင့်လိုက်အောင် ကိုယ်လုံးကိုယ်ဖန် ကြီးမားလျက် လက်မောင်းကြီးများမှာလည်း ထင်းတုံးကြီးများကဲ့သို့ မာကျောတောင့်တင်းလှ၏။ ဦးခေါင်းတွင် ဆံပင်တစ်ပင်မျှ မပေါက်ဘဲ မျက်နှာထားမှာလည်း အလွန်တင်းမာ ခက်ထန်လှလေသည်။ သူသည် ခွေးကြီး၏လည်ပင်း၌ သံခွေ စွပ်၍ ချည်ထားသော သံကြိုးကို ကွင်းတစ်ခုဖြင့် လက်တစ်ဖက်က ကိုင်ထား၏။ အခြားလက်တစ်ဖက်တွင် သော့တွဲကြီးတစ်ခု ရှိ၏။

ကိုစိန်ထူးသည် ကျွန်တော်၏ သားရေအိတ်ကို မ,ရင်း ကျွန်တော့်အား လက်မတစ်ချောင်းဖြင့် ညွှန်ပြလျက် "ဒီဆရာက ဧည့်သည်ပါ။ ဖိုးထောင်ကြီးရဲ့ ခွေးကြီးကို ဖယ်ပေးလိုက်ပါ"ဟု ပြောလိုက်သောအခါမှ ဖိုးထောင်ကြီးဆိုသူ လူ့ဘီလူးကြီးသည် ခွေးကြီးကို နံဘေးသို့ ဆွဲထားလိုက်လေသည်။

အတွင်းသို့ ကျွန်တော်တို့ရောက်သောအခါ 'ဖိုးထောင်ကြီး'သည် သံတံခါးကြီးကို ပိတ်လိုက်၏။ ထိုနောက် ကျွန်တော်တို့ဘက်သို့ လှည့်လိုက်ရာ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးကို ထိုအခါမှ ပို၍ထင်ရှားစွာ မြင်ရတော့၏။ သူသည် စိန်ထူးကိုကြည့်၍ သွားပေါ်အောင် ပြုံးလိုက်သည်တွင် လက်မ၏ လက်သည်းခွံခန့်ရှိ၍ ဝါကြန့်ကြန့်အရောင်ရှိသော သွားကြီးများကို မြင်လိုက်ရ၏။ လက်ပြင်မှာ ခပ်ကုန်းကုန်း ရှိနေသော်လည်း ရင်အုပ်ကြီးမှာ အဆမတန် ကြီးမားလေသည်။

ကျွန်တော်တို့သည် ကျောက်ခဲနှင့် ကျောက်စရစ်များ ခင်းထားသော ခြေသွားလမ်းကလေးအတိုင်း လျှောက်ခဲ့ကြရာ၊ ဘေးတစ်ဖက်တစ်ချက်ရှိ သစ်ပင်များကို ထိုအခါမှ ဂရုစိုက်ကြည့်မိ၏။

သစ်ပင်များမှာ ကျွန်တော်သိသော သစ်ပင်အမျိုးအစားများပင် ဖြစ်သော်လည်း တည်နေပုံ၊ ပေါက်နေပုံတို့မှာ လွန်စွာပင် ထူးဆန်းလှတော့၏။ အချို့သည် ကွေး၍လည်းကောင်း၊ အချို့ လိမ်ကောက်၍လည်းကောင်း၊ အချို့ မြေပေါ်တွင် တုံးလုံးလဲလျက်လည်းကောင်း၊ အချို့ အခြားသစ်ပင်ခွကြားများ၌ အမြစ်တွယ်လျက် အောက်သို့စိုက်ကာ ဇောက်ထိုးမိုးမျှော်ဖြစ်လျက်လည်းကောင်း၊ မမြင်ဖူးသော ပုံသဏ္ဌာန်အမျိုးမျိုးကိုဆောင်ကာ ထူးဆန်းစွာ ပေါက်နေသည်ကို မြင်ရ၏။ ထိုအချိန်၌ နေလုံး ကွယ်ပျောက်သွားပြီ ဖြစ်သော်လည်း အနောက်ဘက်မှ အလင်းရောင်သည် ကျောက်တံတိုင်းအတွင်းရှိ ဥယျာဉ်မှ သစ်ပင်များပေါ်သို့ တိုးလျက် ရှိနေသေးသဖြင့် မြင်နိုင်၏။ သစ်ပင်များမှာ သဘာဝအတိုင်း မဟုတ်ဘဲ အထူးအဆန်းကြိုက်သော အနုပညာသည်တစ်ဦး လက်ဖြင့် "ကရော်ကမယ်" ပြုလုပ်ထားသကဲ့သို့ ရှိနေလေသည်။ ပထမ ကျွန်တော်သည် အံ့သြလျက်ရှိရာမှ ကြောက်ရွံ့၍ပင် လာမိ၏။ ကျွန်တော့်အား မော်တော်ဘုတ်ဖြင့် ခေါ်လာသော ကိုစိန်ထူးဆိုသူ မျက်နှာတွင် အမာရွတ် အပြည့်ဖြင့် လူအား ယနေမကောင်း ရှိနေရာမှ ခြောက်ပေခွဲမြင့်သော ခေါင်းပြောင်

"ဖိုးထောင်ကြီး"နှင့် ခွေးကြီးကို တွေ့ရသောအခါ တဖြည်းဖြည်း ကြောက်စိတ်များ ဝင်၍လာမိခြင်း ဖြစ်လေသည်။ ထို့နောက် သစ်ပင်များ ပေါက်နေပုံကို မြင်ရသောအခါ ကျောထဲတွင် စိမ့်၍လာမိ၏။ သို့သော် ကျွန်တော်သည် မဆုတ်သာတော့ဘဲ ရှေ့သို့သာ တိုးရပေတော့မည်။ ထူးဆန်းသော အရာများကား ဤမျှနှင့် မပြီးသေးချေ။

ကျွန်တော်သည် သစ်ပင်ကြီးများ ရှိသောဘက်မှ ပန်းပျိုးခင်းများနှင့် မြက်ခင်းများ ရှိသောဘက်သို့ လှည့်၍ကြည့်လိုက်၏။ သာမာန်ဥယျာဉ်များ၌ ပန်းပျိုးခင်းများကို 'နန္ဒင်းမကင်းကွက်' 'လေးထောင့်' 'အဝိုင်း' 'ကြယ်ပွင့်' စသည်ဖြင့် စိတ်ကူးယဉ်သလောက် ပြုလုပ်ထားတတ်ကြပေရာ ကျွန်တော် ယခုမြင်ရသော ပန်းပျိုးခင်းများမှာမူ 'လူ၏ဦးခွံ'ပုံ 'လက်ဖြန့်ရိုး'ပုံ 'ကင်းမြီးကောက်'ပုံ 'မြွေ'ပုံ 'ပါးစပ်နှင့်သွားများ' 'မျက်လုံးနှင့်မျက်ဆံ'ပုံ စသည်တို့ ဖြစ်လေသည်။

ထို့နောက် မြက်ခင်းကို ကြည့်မိပြန်ရာ ပို၍ထူးဆန်းသည်ကို တွေ့ရ၏။ မြက်ခင်းမှာ တိရိစ္ဆာ ကိုက်ဖြတ်ထားလျှင် အလွန်သန့်သော်လည်း အရောင်မှာ အစိမ်း မဟုတ်ချေ။ မြေဖြူ့ကဲ့သို့ ဆွတ်ဆွတ်ဖြူ့လျက် ရှိလေသည်။ အလုံးစုံခြုံ၍ ပြောရမည်ဆိုသော် ဤနေရာရှိ သစ်ပင်မှန်သမျှမှာ ရုက္ခဗေဒဘက်တွင် အလွန် ကျွမ်းကျင်နားလည်၍ အဆန်းအပြား မဟုတ်မဟတ်ကြိုက်တတ်သော အနုပညာသည်တစ်ယောက်က သဘာဝကို ကျော်လွန်၍ လူမြင်လျှင် ကြောက်ရွံ့တုန်လှုပ်လောက်အောင် ထူးထူးခြားခြား လက်ဆော့၍ ထားသည်နှင့် တူပေ၏။

မြေနီလမ်းကလေး ဆုံးသောအခါ ကျွန်တော်တို့သည် ညိုမှိုင်းသော အဆောက်အဦကြီးတစ်ခုရှေ့ တံခါးဝသို့ ရောက်လာကြ၏။ အဆောက်အဦကြီးမှာ အလွန်ရှေးကျသော ပုံသဏ္ဌာန်မျိုးဖြစ်၍ တံခါးများမှာ သံဖြင့် ပြုလုပ်ထားလေသည်။ ဖိုးထောင်ကြီးသည် တံခါးဘေး၌ တပ်ထားသော လူခေါ်ခေါင်းလောင်းဘုကလေးကို နှိပ်လိုက်၏။

ချက်ချင်းလိုပင် မလွယ်တံခါးတစ်ခု ပွင့်လာ၍ အရပ်ပုပုလူတစ်ယောက်သည် ကျွန်တော်တို့အား အတွင်းမှနေ၍ ခေတ္တ ကြည့်ရှုပြီးနောက် တံခါးပွင့်သွားလေသည်။ ထိုအချိန်ကား အလင်းရောင် လုံးဝမရှိတော့ပြီဖြစ်၍ တံခါးဖွင့်ပေးသူသည် လက်ဆွဲမီးအိမ်တစ်လုံးဖြင့် ကျွန်တော်တို့အား ရှေ့မှလမ်းပြ၍

ခေါ်သွားလေသည်။ ကျွန်တော်၏ပစ္စည်းများကို သယ်ယူလာသော စိန်ထူးနှင့် ဖိုးထောင်ကြီးတို့မှာ လက်ဝဲဘက်ရှိ အခန်းတစ်ခုထဲသို့ ဝင်ကာ ပျောက်ကွယ်သွားလေသည်။

ထိုသူသည် ကျွန်တော့်အား ခန်းမကျယ်ကြီးတစ်ခုကို ဖြတ်၍ ခေါ်သွားပြီးနောက် သစ်သားတံခါးကြီးတစ်ခုကို တွန်းဖွင့်လေရာ တံခါးပွင့်သွား၍ ဧည့်ခန်းတစ်ခုအတွင်းသို့ ရောက်လာ၏။ ဧည့်ခန်းမှာ ထောင့်တစ်ခုစီမှ မီးကို မမြင်ရသော အလင်းရောင်တစ်ခုဖြင့် ထွန်းလင်းလျက် ရှိ၏။

ဧည့်ခန်းမှာ ၂၅ ပေ ပတ်လည်ခန့်ကျယ်၍ သစ်သားနက်ဖြင့် သမင်ချိုခ်ထားသော ကုလားထိုင် ၈ လုံး ရှိ၏။ အလယ်၌ ဘဲဥပုံစားပွဲပေါ်၌ အလှတင်ထားသော ကြွေအိုးထဲတွင် ၂ ပေခန့် အမြင့်ရှိသော သစ်ပင်တစ်ပင် ရှိ၏။

သစ်ပင်မှာ ကျွန်တော် မမြင်ဖူးသော အပင်တစ်မျိုးဖြစ်၍ အပွင့်များပွင့်နေ၏။ ပန်းပွင့်များမှာ မျက်လုံးနှင့် သဏ္ဍာန်တူလေသည်။ အနက်ရောင်ခန်းလုံးပြည့် ကော်ဇောတစ်ချပ် ခင်းထားရာ တစ်ခန်းလုံးမှာ တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော အသွင်တစ်မျိုးကို ဆောင်လျက်ရှိလေသည်။

အခန်း၏ အလင်းရောင်တွင်းမှ ကျွန်တော်လည်း လိုက်ပို့သူ၏မျက်နှာကို အမှတ်မဲ့ကြည့်မိရာ ကျွန်တော့်မှာ အံ့သြခြင်းမက အံ့သြလျက် ခြေတစ်လှမ်းပင် နောက်သို့ ဆုတ်လိုက်မိ၏။ အကြောင်းမူကား ကျွန်တော့်အားလိုက်ပို့သူ၏ မျက်နှာမှာ ခွေး၏မျက်နှာကဲ့သို့ ဖြစ်နေသောကြောင့်ပင်တည်း။ နှာခေါင်းနှင့် ပါးစပ်တို့မှာ ခွေးနှုတ်သီးကဲ့သို့ ငေါထွက်လျက် အစွယ် ၄ ချောင်းတို့သည် နှုတ်ခမ်းအောက်မှ အပြင်သို့ အထက်အောက် ထွက်နေ၏။ နားရွက်နှစ်ဖက်မှာ အထက်သို့ ခပ်ချွန်ချွန် တက်နေပြီးလျှင် မျက်လုံးနှစ်လုံးတို့မှာလည်း သေးကျကျ ခပ်လျားလျားရှိနေလေသည်။ တစ်သက်နှင့်တစ်ကိုယ် ဤမျှလောက် ထူးဆန်းသော လူတစ်ယောက်၏မျက်နှာကို မမြင်ဖူးသဖြင့် ကျွန်တော်လည်း ခေတ္တမျှ ကြက်သေသေလျက် ကြည့်နေမိ၏။ ထိုသူ၏အမည်မှာ 'ခွေးပုကြီး'ဖြစ်၍ ထမင်းချက်နှင့် စားပွဲထိုးအလုပ်ကို လုပ်ရကြောင်း နောင်အခါမှ သိရ၏။ ကျွန်တော်ကား ထူးဆန်းသောသူများ နေထိုင်ရာ တိုင်းပြည်တစ်ပြည်သို့ ရောက်လာလေပြီလောဟု အောက်မေ့မိ၏။

၂ မိနစ်ခန့်အကြာတွင် အခန်းတစ်ဖက်မှ တံခါးတစ်ခု ပွင့်လာပြီးလျှင် ကိုင်းမပါသောမျက်မှန်ကို တပ်လျက် သားမွေးအင်္ကျီရှည်ကို ဝတ်ထားသော ဒေါက်တာမြတ်သင်းသည် အလွန်ဖော်ရွေသော မျက်နှာဖြင့် "လာဗျို့... ဒေါက်တာသာထက်၊ ထမင်းစားခန်းထဲ လာဗျာ"ဟု ဆီးကြိုနှုတ်ဆက်ကာ ဧည့်ခန်းနှင့် ကပ်လျက်ရှိသော အခန်းတစ်ခုထဲသို့ ခေါ်သွားလေသည်။

ထိုအခန်းမှာ ထမင်းစားခန်းဖြစ်၍ အခန်းအလယ်၌ ၆ ယောက်ထိုင် စားပွဲတစ်လုံးရှိရာ ဖြူစင်သော စားပွဲခင်းပေါ်တွင် ထမင်းပန်းကန်ပြား နှစ်ချပ် ချထားလေသည်။ အခန်းမှာ အစိမ်းအနုရောင် ဆေးသုတ်ထားပြီးလျှင် တစ်ဖက် တစ်ချက်၌ ပန်းချီကားများ ချိတ်ထား၏။ ကုလားထိုင် ၂ လုံးကို မျက်နှာချင်း ဆိုင် ချထားလေသည်။ အခန်းထောင့်တွင် ပက်လက်ကုလားထိုင် ၂ လုံး ရှိ၏။

"ထိုင်ဗျာ ဒေါက်တာသာထက်။ ခင်ဗျား အချိန်မှန် ရောက်လာတာ သိပ်ဝမ်းသာတာပဲ။ ကျုပ်တို့ တစ်ခါတည်း ထမင်းစားလိုက်ကြရအောင်... ခင်ဗျားလည်း ဆာရော့မယ်"

အခန်းထောင့်တွင် ရေခဲသေတ္တာတစ်လုံးရှိ၍ ၎င်းဘေး၌ ကျောက်စားပွဲ ကလေး တစ်လုံးရှိရာ စားပွဲပေါ်၌ ဖန်ခွက်များ တင်ထားလေသည်။

"ကဲ– ဆိုစမ်း ဒေါက်တာသာထက်။ ဝီစကီလား... ရှယ်ရီလား... ကျုပ်တော့ နည်းနည်းမိုးအေးလို့ ဝီစကီပဲ သောက်မယ်"

"ကျွန်တော်တော့ ရှယ်ရီ သောက်ပါမယ်"

ဒေါက်တာမြတ်သင်းသည် ကျွန်တော့်အား ရှယ်ရီ တစ်ဖန်ခွက် ထည့် ပေး၍ သူကိုယ်တိုင် ဝီစကီကို ဆော်ဒါဖြင့်စပ်လျက် တစ်ကျိုက်ချင်း သောက်နေ လေသည်။

"ဘယ့်နှယ့်လဲ ရှယ်ရီ။ ဘယ့်နှယ်နေသေးသလဲ။ ပီနန်ကလာတဲ့ ရှယ်ရီ ဗျ။ ဝယ်ချင်းတိုင်း ဝယ်လို့မရဘူး။ အဆင်သင့်တဲ့အခါ ကျုပ်က ၁၂ ဒါဇင် လောက် ဝယ်ထားတာ"

"ကောင်းပါ့ခင်ဗျာ။ တကယ်ကောင်းပေတယ်"

"စီးကရက် သောက်ဦးဗျာ။ ငါးသုံးလုံးတော့ မရှိဘူးဗျို့။ ဂိုးလ်ဖလိပ်ပဲ"

"တော်ပါပြီ ခင်ဗျာ"

ဒေါက်တာမြတ်သင်းသည် ပန်းနုရောင် ပိုးရုပ်အင်္ကျီအောက်ခံလျက် အပေါ်မှ သားမွေးလောင်းကုတ်အင်္ကျီကို ဝတ်ထားရာ သူ၏အသားရေ၊ သူ၏ ဝင့်ထယ်ခံ့ညားသော မျက်နှာနှင့် လိုက်လျောလှပါပေ၏။ ကျွန်တော်သည် ယေကျားထဲတွင် သူကဲ့သို့ 'ယောကျ်ားချော'ချော၍ ခံ့ညားသူတစ်ယောက်ကို မမြင်ဘူးချေ။ သို့သော် တစ်ခါတစ်ရံ သူကြည့်လိုက်သော မျက်လုံးများကိုမူ ကြောက်ရွံ့မိလေ၏။

တစ်ခဏမျှ ကြာလတ်သော် ဒေါက်တာမြတ်သင်းသည် စားပွဲပေါ်ရှိ ခေါင်းလောင်းကလေးကို နှိပ်လိုက်ရာ ကျွန်တော်၏ လက်ဝဲဘက်ခံဘေးမှ တံခါးတစ်ချပ် ပွင့်လာ၍ အလွန်လှပသော မိန်းမပျိုတစ်ယောက် ဝင်လာလေသည်။ အမျိုးသမီးလေးမှာ အသက် ၂၅ နှစ်ခန့်မျှရှိ၍ ဝါဝင်းသော အသားအရေ ရှိပြီးလျှင် ရှည်ကော့သော မျက်တောင်နှင့် ကြည်လင်သော မျက်လုံးကြီးများသည် အဆင်ပြေသောမျက်နှာကို ကျက်သရေရှိအောင် ဖန်တီးပေးသကဲ့သို့ ရှိလေသည်။ သူသည် ကျွန်တော့်အား မသိမသာ ယဉ်ကျေးစွာ လှည့်ကြည့်လိုက်၏။

သင်း။ "ဟော့– မမြတ်နွယ် ထမင်းပြင်ကွယ်... ဒို့များ စားကြမယ်"

နွယ်။ "ဟုတ်ကဲ့ အစ်ကိုကြီး"

မမြတ်နွယ်ဆိုသူ အမျိုးသမီးလေးသည် ဒေါက်တာမြတ်သင်းအား ဦးညွှတ်ပြီးနောက် ချက်ချင်းပင် ပြန်၍ဝင်သွားလေသည်။ ကျွန်တော့်စိတ်ထဲ၌မူ "မြို့ဆန်၍ ယဉ်ကျေးသိမ်မွေ့သော မိန်းကလေးတစ်ယောက်သည် အဘယ်ကြောင့် ဤနေရာသို့ ရောက်နေလေသနည်း"ဟု စဉ်းစားလျက် ရှိ၏။ ဒေါက်တာမြတ်သင်းက ကျွန်တော့်ဘက်သို့လှည့်၍ "မမြတ်နွယ်က မိန်းမချော တစ်ယောက်ပေါ့ဗျာ"ဟု ဖျတ်ခနဲပြောလိုက်ရာ ၎င်းမှာ ကျွန်တော့်စိတ်ထဲမှ စိတ်ကူးကိုပင် ဖောက်ထွင်း၍ မြင်လေသလောဟု ဖျတ်ခနဲ လန့်၍သွားမိ၏။ ပါးစပ်မှ ခပ်ပြုံးပြုံးပြောလိုက်ခြင်း ဖြစ်သော်လည်း ဝင်းလက်သော ရွှေမျက်မှန် အောက်မှ မျက်လုံးများတွင် ခက်ထန်သော အမူအရာရှိကြောင်း ကျွန်ုပ် သတိပြုမိ၏။

ထမင်းစားပွဲပြီး၍ မမြတ်နွယ် ဝင်လာရာ ဒေါက်တာမြတ်သင်းက "ဒီမယ် မမြတ်နွယ်... ဟောဒါက ရန်ကုန်က ဒေါက်တာသာထက်တဲ့။

ရက္ခဖေဒ ပါမောက္ခပေါ့။ ဆရာ့အလုပ်ကို ကူညီရအောင် လာတာလေ”ဟု မိတ်ဆက်ပေး၏။

နွယ်။ “ဟုတ်ကဲ့ ဆရာ”

ကျွန်တော်။ တွေ့ရတာ ဝမ်းသာပါတယ် မမြတ်နွယ်”

သင်း။ “ဒေါက်တာသာထက်ဖို့ ကော်ဖီ ယူခဲ့ပါကွယ်”

“ဟုတ်ကဲ့”

“ဆရာ့အတွက်တော့ နို့တစ်ခွက်ပဲ ပေးပေတော့”

မကြာမီ မမြတ်နွယ်သည် ဒေါက်တာမြတ်သင်းအတွက် နို့တစ်ခွက်နှင့် ကျွန်တော့်အတွက် ကော်ဖီတစ်ခွက် ယူလာလေသည်။ ဒေါက်တာမြတ်သင်း လက်သို့ နို့ခွက်ကို လှမ်း၍ပေးလိုက်ပြီးလျှင် ကျွန်တော်ထိုင်သော ကုလားထိုင် ဆီသို့ လှည့်၍လာပြီးနောက် ကော်ဖီခွက်ကို စားပွဲပေါ်သို့ လှမ်း၍တင်လိုက်၏။ ဤသို့ တင်လိုက်ရာတွင် စားပွဲစွန်း၌ တင်ထားသော လက်သုတ်ပုဝါကလေးကို မတော်တဆ လက်ဖြင့် ခိုက်မိပြီးလျှင် ကြမ်းပေါ်သို့ ကျသွားလေသည်။ ထိုအခါ ကျွန်တော်ရော သူပါ လက်သုတ်ပုဝါကို ငုံ့၍ကောက်ကြရာ ထိုခဏ၌ မမြတ်နွယ်သည် ကျွန်တော်၏လက်ထဲသို့ စာရွက်ကလေးတစ်ခုကို ထိုးထည့်လိုက်သဖြင့် ကျွန်တော်လည်း စာရွက်ကလေးကို လက်ဖြင့်ချေ၍ လုံးလိုက်ပြီးလျှင် ဒေါက်တာမြတ်သင်း မမြင်အောင် အိတ်ထဲသို့ ထည့်ထားလိုက်လေ၏။

ကော်ဖီနှင့် နို့များကို သောက်ပြီးနောက် ကျွန်တော်တို့လည်း ပက်လက်ကုလားထိုင်များပေါ်တွင် စီးကရက်များ သောက်ရင်း ထမင်းလုံးစီလျက်ရှိကြရာ တခဏမျှကြာလတ်သော် ဒေါက်တာမြတ်သင်းက–

“ဒီမယ်ဗျ ဒေါက်တာသာထက်၊ အလုပ်ကလေးတစ်ခု ကျုပ် လုပ်စရာ ရှိသေးတယ်။ ဒီတော့ အခန်းထဲမှာ ခင်ဗျားနေချင်သလောက်နေ၊ အိပ်ချင်တဲ့ အခါကျမှ ဟောဒီစားပွဲက ခေါင်းလောင်းကလေး နှိပ်လိုက်ရင် ‘ခွေးပုကြီး’ လာပြီး ခင်ဗျားအိပ်ခန်းကို လိုက်ပြလိမ့်မယ်။ အပေါ်ထပ်မှာ ခင်ဗျားအတွက် အိပ်ခန်း ပြင်ထားပြီးပြီ။ ခင်ဗျားအိပ်ခန်းမှာ အားလုံး အပြည့်အစုံရှိတယ်။ ကဲ– နေရစ်ပေတော့… ကျုပ်သွားပြီး ဒေါက်တာသာထက် ဂွတ်နိုက်”

“ဂွတ်နိုက်”

နာရီဝက်ခန့် ကြာလတ်သော ကျွန်တော်လည်း ပျင်းရိလာသည်နှင့် ခေါင်းလောင်းကလေးကို နှိပ်လိုက်ရာ 'ခွေးပုကြီး' ရောက်လာလေသည်။ သူသည် ကျွန်တော်၏ရှေ့တွင် ကလေးငယ်ပမာ ကြောက်ရွံ့သည့်ဟန်ဖြင့် ဦးခေါင်းကိုငုံ့လျက် ရှိလေရာ ကျွန်တော်က အိပ်ခန်းကို လိုက်ပြရန် ပြောသော အခါ သူသည် ဦးခေါင်းကို တစ်ချက် ဆတ်လိုက်ပြီးနောက် ကျွန်တော့်အား တိုက်ကြီး၏အပေါ်ထပ်သို့ ခေါ်သွားလေ၏။ အခန်းကျယ်ကြီးတစ်ခုကို ဖြတ်ပြီး လျှင် ဝရန်တာတစ်ခုကို တွေ့၍ ခြေရင်းဘက်သို့ ခေါ်သွားပြီး အခန်းတစ်ခုကို ဖွင့်၍ပေးလေ၏။

ခွေးပုကြီး ပြန်သွားပြီးနောက် ကျွန်တော်လည်း အိပ်ခန်းကို ကြည့်ရှု လျက်ရှိရာ ခေါင်းရင်းဘက် မှန်ပြတင်းတစ်ခုနှင့်ကပ်လျက် တစ်ယောက်အိပ် သံကုတင်မှာ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတို့ဖြင့် အသင့်ပြင်ထား၏။ ကုတင်ပေါ်တွင် ရေနွေးအိတ်နှင့်တကွ ခြေရင်းဘက်တွင် ဖောက်ဖေးအိုးပါမကျန် တွေ့ရလေရာ အိမ်ရှင်၏ လောကဝတ်ကျေပုံကို စဉ်းစားမိ၏။ အနီးရှိစားပွဲ ပေါ်တွင် ငွေသေတ္တာကလေးဖြင့် စီးကရက်များ ထည့်ထား၏။ နံရံနှင့်ကပ်ထား သော ဓာတ်မီးလုံးမှာ ခရမ်းရင့်ရောင် မီးစလောင်းဖြင့် အုပ်ထားလေသည်။ ကုတင်အနီးတွင် အညောင်းဆန့်ရန် ပက်လက်ကုလားထိုင်တစ်လုံး ရှိသေး၏။ ကျွန်တော်၏ သားရေသေတ္တာနှင့် အိပ်ရာလိပ်တို့မှာ အခန်းထောင့်တစ်ခုတွင် နေသားတကျ ရှိနေရာ ကျွန်တော်လည်း ဒေါက်တာမြတ်သင်း၏ လောကဝတ် ကျေပွန်ပုံကို ထောက်ခြင်းဖြင့် ဤမျှလောက် သဘောထားကောင်းသူ တစ်ယောက်သည် မကောင်းမှုကို ပြုပါမည်လောဟု သံသယ ဖြစ်မိပြန်၏။

ညဥ့်အိပ်ရန် အဝတ်များလဲသောအခါ ကျွန်တော်လည်း စီးကရက် တစ်လိပ်ကိုယူ၍ မီးညှိရန် အင်္ကျီအိတ်ထဲသို့ ဓာတ်မီးခြင်ကို နှိုက်ယူလိုက်ရာ လက်ထဲတွင် စက္ကူစုတ်ကလေးကို လုံးထားသော အလုံးလေး ပါလာသဖြင့် ထိုအခါမှ ကျွန်တော့်လက်ထဲသို့ မမြတ်နွယ် ထည့်ပေးလိုက်သော စာရွက် ကလေးကို သတိရလေသည်။ သို့နှင့် မီးရောင်အောက်တွင် စာရွက်ကလေးကို ဖြန့်ကြည့်ရာ ခဲတံဖြင့် အလျင်စလို ရေးခြစ်ထားသော အောက်ပါစာများကို တွေ့ရလေသည်။

“ကျွန်မနာမည်ရင်းက ကြူကြူသင်း ပါတဲ့ရှင်၊ မော်လမြိုင်မြို့က ရုပ်ရှင်ဓာတ်လိုက်မင်းသမီး တစ်ယောက် ဖြစ်ပါတယ်။ ကျွန်မကို ကားတစ်ကားရိုက်ဖို့ဆိုပြီး စပေါ်ပေး လိမ်ခေါ်လာတယ်။ သတိရှိပါရှင်။ ဒီနေရာက မြန်မြန်ထွက်သွားပါ။ ရဲဘက်ကို အကူအညီတောင်းပြီး ကျွန်မတို့ကို အမြန်ဆုံး လာကယ်လှည့်ပါ။ တခြား ဒုက္ခသည်တွေလည်း ရှိသေးတယ်။

ကြူ”

ကျွန်တော်၏စိတ်တွင် အချက် ၃ ချက် ရှင်းလင်းသွားလေပြီ။ ပထမအချက်မှာ မမြတ်နွယ်ခေါ် ကြူကြူသင်းသည် အမှန်ကိုပြောခြင်း ဖြစ်ရမည်။ ဒုတိယအချက်မှာ မော်တော်ဘုတ်သမား စိန်ထူးသည်လည်း အမှန်ကို ပြောခြင်းဖြစ်၍ မမြတ်နွယ်၏ အဖြစ်အပျက်ကို ထောက်ခံလျက် ရှိသည်။ တတိယအချက်မှာ ကျွန်တော်သည် ဤနေရာမှ လွတ်မြောက်ရန် ကြံစည်ရမည်။ သို့နှင့် ကျွန်တော်လည်း ပိတ်ထားသော အခန်းတံခါးကို ထ၍ဖွင့်ကြည့်ရာ အပြင်မှ သော့ခတ်ထားသည်ကို တွေ့ရ၏။ ထိုအခါ ကျွန်တော်၏စိတ်မှာ ယခင်ကကဲ့သို့ သံသယဖြစ်ခြင်း၊ တွေးတောကြောက်ရွံ့ခြင်းများ မရှိတော့ဘဲ “ဘယ်နည်းနဲ့ဖြစ်ဖြစ် ငါ လွတ်မြောက်ရမည်”ဟူသော ယုံကြည်ချက်တစ်ခုကိုသာ စွဲမြဲလျက်ရှိတော့၏။ ကျွန်တော်ကိုယ်တိုင်လည်း သစ်ပင်များအကြောင်းနှင့် သတ္တဗေဒအကြောင်းကို ကျွမ်းကျင်သည့် ပါမောက္ခတစ်ယောက်ဖြစ်ရာ ဒေါက်တာမြတ်သင်း၏ အကြံအစည်ကို အစမှအဆုံးတိုင် သိအောင် ပြုတော့မည်ဟု စိတ်နှလုံး ဒုန်းဒုန်းချလိုက်တော့၏။ ကျွန်တော် တွေ့ခဲ့ရသည့် ကြောက်မက်ဖွယ်ကောင်းသော ဥယျာဉ်ကြီးကိုလည်းကောင်း၊ ‘ခွေးပုကြီး’ ‘ဖိုးထောင်ကြီး’ စသော လူထူးလူဆန်းများအကြောင်းကိုလည်းကောင်း၊ ကျွန်တော့်စိတ်ထဲတွင် အစွဲကြီးစွဲ၍နေသော မမြတ်နွယ်၏အကြောင်းကိုလည်းကောင်း၊ အပ်ချည်အမျှင်တန်းသကဲ့သို့ တစ်သီကြီးပင် အိပ်ချင်လာသည်နှင့် ခရမ်းရောင် ဓာတ်မီးပွင့်ကို ငြိမ်းလိုက်ကာ အိပ်ရာပေါ်သို့ လှဲချလိုက်လေ၏။

➙ ➙ ➙

နောက်တစ်နေ့နံနက် အိပ်ရာမှနိုး၍ ကျွန်တော်၏နာရီကို ကြည့်ရာ ၆ နာရီနှင့် ၁၀ မိနစ်မျှသာ ရှိသေး၏။ အခန်းမှာ မှောင်၍နေပြီးလျှင်

အိမ်ကြီးတစ်အိမ်လုံးမှာ တစ်ခါတစ်ရံ အဝေးမှ စက်ဥသြများ မှုတ်သကဲ့သို့ အသံမျိုးများကို မကွဲမပြား ကြားရသည်မှတစ်ပါး တိတ်ဆိတ်လျက် ရှိလေသည်။ အိပ်ရာထဲတွင် ခေတ္တလှဲနေပြီးနောက် နောက်ထပ် အိပ်မပျော်သည်နှင့် အိပ်ရာမှထပြီးလျှင် မျက်နှာသစ်၍ အဝတ်အစားများ လဲ၏။ ထို့နောက် သော့ပိတ်ထားသော အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် စင်္ကြံလျှောက်၍ နေမိလေသည်။

၇ နာရီခွဲတွင် အပြင်မှ တံခါးသော့ဖွင့်သံ ကြားရပြီးလျှင် တံခါးပွင့်သွား၍ မမြတ်နွယ်သည် လက်ဖက်ရည်နှင့် ပေါင်မုန့်များ၊ ထောပတ် ဒိန်ခဲများ ပါသော ငွေလင်ဗန်းကလေးကို ကိုင်၍ အခန်းတွင်းသို့ ဝင်လာရာ ကျွန်တော်က ဆီးကြိုယူလိုက်ပြီးလျှင် စားပွဲပေါ်သို့ တင်ထားလိုက်လေသည်။

ကျွန်တော်။ "ကိုင်း... မမြတ်နွယ် ပြောစမ်းပါဦး"

ကျွန်တော်က အခန်းတံခါးကို ထ၍ပိတ်မည် ပြုသောအခါ မမြတ်နွယ်က–

"မပိတ်နဲ့ အစ်ကိုကြီး... မပိတ်နဲ့ ဒီအတိုင်း နေပါစေ"

"နေပါဦး မမြတ်နွယ်ရဲ့။ ကျုပ်အိပ်တဲ့အခန်းကို အပြင်က ဘာဖြစ်လို့ သော့ခတ်ထားရသလဲ"

"ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးလည်း ဒီမှာရှိတဲ့ တခြားလူတွေလို သူ့အဖမ်းကို ခံနေရတဲ့လူမို့ပေါ့။ အစ်ကိုကြီးဟာ သူ့အကျဉ်းသား ဖြစ်နေပြီ"

"ဘာ ကျုပ်က သူ့အကျဉ်းသား ဟုတ်လား...။ ကျုပ် သွားချင်ရာ သွားမှာပေါ့"

"အစ်ကိုကြီး အထင်လွဲပြီ။ အစ်ကိုကြီး ဘယ်မှ မသွားနိုင်တော့ဘူး"

"ဘာဖြစ်လို့ မသွားနိုင်ရမှာလဲ အစ်ကိုကြီး ဒီကိုအလာတုန်းက အဝင် အထွက်ကို အားလုံးကြည့်ခဲ့တယ်"

"ကျောက်နံရံကြီးကလည်း မြင့်ကမြင့်နဲ့။ အပေါ်မှာ သံဆူးကြိုး လျှပ်စစ် ဓာတ်အား လွှတ်ထားလိုက်သေးတယ်။ အတွင်းမှာလည်း သူ ဖန်ဆင်းထားတဲ့ ကြောက်စရာ့သတ္တဝါကြီးတွေက နေ့ရောညပါ စောင့်နေကြသေး"

"ဘာပြောတယ်။ သတ္တဝါကြီးတွေ သူလုပ်ထားတာ ဟုတ်လား။ သူ ဖန်ဆင်းထားတယ်ဆိုတာက ဘာကိုဆိုလိုတာလဲ မမြတ်နွယ်"

"ဖိုးထောင်ကြီးဆိုတဲ့ လူ့ဘီလူးကြီး တွေ့ခဲ့တယ် မဟုတ်လား။ ခြသေ့်နဲ့ စပ်ကျတယ်ဆိုတဲ့ ခွေးခြသေ့်ကြီးကော မြင်ရဲ့မဟုတ်လား… ခွေးမျက်နှာ ဖြစ်နေတဲ့ ခွေးပုကြီးဆိုတဲ့ ထမင်းချက်သမားလည်း ရှိသေးတယ်"

"သူတို့ကို အစ်ကိုကြီး မြင်ခဲ့ပါတယ်"

"ဒီသတ္တဝါကောင်တွေဟာ သူလုပ်ထားတာချည်းပဲ အစ်ကိုကြီးရဲ့။ ဒီပြင်တောင် ရှိသေးတယ်"

မမြတ်နှယ် ကြောက်ရွံ့လွန်းလှသဖြင့် တစ်ကိုယ်လုံး တုန်လှုပ်လျက် ရှိလေ၏။ ထိုနောက် ဆက်လက်၍–

"ဒီဟာတွေဟာ သူ့အောင်မြင်မှုတွေပေါ့ အစ်ကိုကြီးရဲ့။ သူ မအောင်မြင်တာတွေလည်း ရှိသေးတယ်။ အဲဒါတွေက ဥယျာဉ်ထဲက သစ်ပင်တွေပေါ့။ ဥယျာဉ်လို့တောင် ခေါ်ဖို့မကောင်းဘူး။ မကောင်းဆိုးဝါးပင်တွေ ပေါက်နေတဲ့ တောကြီးလို့ ခေါ်ဖို့ကောင်းတယ်။ အဲဒါတော့ သူက သူ့ဥယျာဉ်ကို 'စိတ္တဇ ဥယျာဉ်'တဲ့လေ။ မအောင်မြင်ရင် အရှင်လတ်လတ် မြေမြှုပ်ပစ်လိုက်တာပဲ။ မြှုပ်ပြီး အဲဒီနေရာက ထူးထူးဆန်းဆန်း သစ်ပင်ပေါက်အောင် ဆေးနဲ့ လုပ်ယူတယ်။ ဘယ့်လောက်များ ကြောက်စရာကောင်းသလဲလို့"

မမြတ်နှယ်သည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ကျွန်တော့်အနီးသို့ ချဉ်းကပ်လာရာ ကျွန်တော့်မှာ တစ်စုံတစ်ရာ မစဉ်းစားနိုင်တော့ဘဲ အားနွဲ့သူ တစ်ဦးကို အားပေးသည့်အနေဖြင့် သူ၏ကိုယ်ကလေးကို ပွေ့ဖက်ထားလိုက်မိ၏။ ထိုအချိန် မမြတ်နှယ်မှာ ဖြီးလိမ်းပြင်ဆင်ခြင်းမရှိဘဲ အပြာနုရောင် နိုင်လွန်လက်တိုအင်္ကျီ ကြယ်ပြာရောင် သရက်ထည် ပွင့်ထိုးလုံချည်ကို ရိုးရိုးကလေးဝတ်လျက် ဆံပင်ကို ဆံမြိတ်တွဲထုံးကာ နောက်မှ ရွှေဘီးကလေးဖြင့် ကုတ်ထားရာ ဤကဲ့သို့ "ရိုးရိုးနှင့်ယဉ်ယဉ်"ကလေးမျှ ရှိနေသည်ကိုပင် ကြည့်၍ကောင်းလှ၏။ ပေါင်ဒါနံ့ကလေးများသည် ကိုယ်မှ တသင်းသင်း လှိုင်လျက်ရှိ၏။ ပထမတွေ့စကပင် ကျွန်တော်သည် မမြတ်နှယ်အား စွဲလမ်းလျက်ရှိခဲ့ရာ ယခုကဲ့သို့ အခန်းထဲတွင် နီးနီးစပ်စပ် တွေ့ရသောအခါ စိတ်ကို ချုပ်တီး၍ မရနိုင်အောင် ရှိတော့၏။

"အဲဒီတော့ ကျွန်မအလှည့်လည်း တစ်နေ့တော့ ရောက်လာမှာပဲ။ ဘယ်နေ့လဲသာ မသိတယ်"

"ဒီလောက်လည်း မကြောက်ပါနဲ့ဦးလေ"

"မဟုတ်ဘူး...မဟုတ်ဘူး အစ်ကိုကြီး မသိဘူး။ ဒီလူက ပညာတတ်သလောက် မဟုတ်မဟတ်တာ ကြံကြံဖန်ဖန် လုပ်တတ်တဲ့လူ"

"မမြတ်နွယ်ဟာ သိပ်လှတာပဲနော်"

"အို... အစ်ကိုကြီးကလဲ"

ကျွန်တော်သည် မမြတ်နွယ်အား ကျောမှ သိုင်း၍ဖက်ထားပြီးလျှင် ရင်ချင်းအပ်၍ ထားမိ၏။ မွေးကြိုင်သော ပါးပြင်နုကလေးကို ကျွန်တော်၏ ပါးနှင့် ကပ်၍ထားမိ၏။ သူကလည်း ကျွန်တော်၏ခါးကို ခပ်တင်းတင်း ဖက်ထားရာ တစ်ယောက်က အားကိုးသည်ကို တစ်ယောက်က အားပေးနေသည်ဟူသော အဓိပ္ပာယ်ကို နှစ်ယောက်စလုံး နားလည်ကြလေသည်။ မမြတ်နွယ်သည် မျက်လုံးကလေးများ မှေးလျက်ရှိရာမှ ကျွန်တော်၏မျက်နှာကို ကြည့်လျက်–

"အစ်ကိုကြီး မသိဘူးနော်... ကျွန်မက သိတာ။ ကျွန်မ ဒီရောက်တာ နှစ်လ ရှိပြီ။ ရုပ်ရှင်ကားတစ်ကား ရိုက်ဖို့ရှိတယ်ဆိုပြီး စပေါ် ၅၀၀ိ/– ပေးခေါ်လာတာ။ ဒီကျမှ တနေ့ရွှေ့ တစ်နေ့ရွှေ့နဲ့ နောက်တော့မှ မဟုတ်မှန်း သိတယ်။ ဒီလူက လူချောလူခန့်တစ်ယောက် မဟုတ်လား အစ်ကိုကြီးရဲ့။ နို့ပေမယ့် စိတ်က လူချောသလောက် စိတ်ယုတ်မာရှိတဲ့လူ၊ ပညာတတ်သလောက် မဟုတ်မဟတ် ကြံကြံဖန်ဖန် လုပ်တတ်တဲ့လူ၊ သစ်ပင်ဟာ လူလို အသက်ရှိတာပဲတဲ့။ ဒါကြောင့် သစ်ပင်ကို အရင်လုပ်ကြည့်ရဦးမယ်ဆိုပြီး ပန်းပွင့်လှလှပွင့်တဲ့အပင်ကို မလှအောင်၊ အဖြူကို အနက်ဖြစ်အောင်၊ ညိုပုပ်ပုပ် ဖြစ်အောင် လုပ်နိုင်သတဲ့။ သူ စမ်းသပ်ထားတာတွေ အများကြီးပေါ့။ ဇောက်ထိုးပေါက်နေတာတွေ၊ တစ်ပင်ပေါ်တစ်ပင် ကျော်တက်နေတာတွေ၊ တစ်ပင်ကို တစ်ပင် လိမ်နေတာတွေ၊ လူကိုင်လိုက်တိုင်း အသက်ဝင်သလို လှုပ်နေတာတွေ၊ ညကျရင် နာမောင်းထွက်ပြီး တွေ့ရာလိုက်ပတ်တာတွေ၊ အို... အများကြီးပါပဲ။ ဘယ်လိုလူမျိုးရယ်လို့ မပြောတတ်ပါဘူး အစ်ကိုကြီးရယ်... သူ့မျက်စိနဲ့ မြင်သမျှ လောကကြီးတစ်ခုလုံးမှာရှိတဲ့ 'အလှ'တွေကို ဖျက်နေတာပါပဲ။ အရုပ်ဆိုးအောင်၊ ကြောက်စရာကောင်းအောင်၊ ရွံစရာကောင်းအောင် လုပ်နေတာပဲ။ ဒီကမ္ဘာကြီးတစ်ခုလုံး အရုပ်ဆိုး အကျည်းတန်တွေ၊ ကြောက်စရာ

လန့်စရာတွေ၊ သဘာဝမဟုတ်အောင် ဖန်တီးထားတာတွေ ပြည့်နေတာ သူ မြင်ချင်တယ် ထင်ပါရဲ့။ တစ်နေ့တစ်နေ့ အဲဒီလို သစ်ပင် အသစ်အဆန်း ရအောင် ထွင်နေတာပဲ။ တိုက်သေးမှာ အဖြူပွင့်ကြီးတွေ ပွင့်နေတဲ့ သစ်ပင် တစ်ပင် ရှိတယ်။ ပန်းပွင့်က လူရဲ့ခေါင်းခွံနဲ့ တစ်ထေရာတည်းပဲ။ အပင်က အပွင့်ကတော့ လူ့လက်ချောင်းတွေနဲ့တူတယ်။ နားထောင်စမ်း... နားထောင် စမ်း အစ်ကိုကြီး...”

ကျွန်တော် နားထောင်သဖြင့် ကြားရသောအသံမှာ ညဉ့်က ကြားရ သော အသံမျိုးပင် ဖြစ်သော်လည်း အတန်ငယ် ကျယ်လောင်ပြီးလျှင် ဝေဒနာ ခံစားရသူများ စုရုံး ညည်းညူနေသကဲ့သို့ တစီစီမြည်သောအသံ ဖြစ်လေသည်။

“သူလုပ်တာတွေအားလုံး မမြတ်နွယ်ကို ဖွင့်ပြောသလား”

“ပြောတယ် အစ်ကိုကြီးရဲ့။ ဒီလိုလုပ်ရရင် ဒီလိုပြောရရင် ကျေနပ်တာ ပဲ။ ဒီတော့ ကျွန်မကိုလည်း အရုပ်ဆိုးအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် တစ်နေ့နေ့ လုပ်တော့မှာပဲ၊ မကြာပါဘူး”

မမြတ်နွယ်သည် မျက်ရည်များကျကာ ကျွန်တော်၏ခါးကို တင်းကြပ် စွာ ဖက်ထားလျက် သူ၏ဦးခေါင်းကို ကျွန်တော်၏ရင်ခွင်ထဲသို့ ထိုးထွင်းထား လေရာ ကျွန်တော်လည်း အားပေးသည့်အနေဖြင့် “မကြောက်ပါနဲ့ မမြတ်နွယ်၊ သင်း လုပ်ဝံ့ လုပ်ပါစေ။ အစ်ကိုကြီးတစ်ယောက်လုံး ရှိပါသေးတယ်”ဟု ပြောရင်း သူ၏ကျောကလေးကို ယုယစွာ ပွတ်သပ်ပေးလျက် ရှိလေသည်။

ထိုခဏ၌ အပြင်မှ ခြေသံလိုလို ကြားလိုက်ရသဖြင့် မမြတ်နွယ်၏ ပခုံးပေါ်မှ ကျော်၍ကြည့်လိုက်ရာ တံခါးဝတွင် ရပ်နေသော ဒေါက်တာ မြတ်သင်း၏ မျက်နှာကို မြင်လိုက်ရလေသည်။ သူလည်း ကျွန်တော်တို့ နှစ်ယောက်၏ မြင်လိုက်ရလေသည်။ သူလည်း ကျွန်တော်တို့နှစ်ယောက်၏ အမူအရာကို မရိပ်မိသည့်ဟန်ဖြင့် ကျွန်တော့်အား...

“ဘယ့်နှယ်လဲ ဒေါက်တာသာထက်... လက်ဖက်ရည် သောက်ပြီးပြီ မဟုတ်လား။ ဒီကနေ့မနက် ၈ နာရီ အလုပ်စ,ချင်တယ်ဗျာ။ ကဲ– ဒီတော့ ခင်ဗျား အဆင်သင့်ဖြစ်ရင် ကျုပ်ဆီ လာခဲ့ပေတော့။ မမြတ်နွယ်က ကျုပ် စာကြည့်ခန်းကို လိုက်ပို့ပါလိမ့်မယ်”

http://www.cherrythitsar.org

သူသည် ချာခနဲ လှည့်ထွက်သွားရာ ကျွန်တော်က မမြတ်နွယ်၏ လက်ကို ယုယစွာဆွဲလျက် "ကဲ… ဘယ့်နှယ့်လုပ်ကြမလဲ မမြတ်နွယ်၊ ကျုပ်တို့ကိုတော့ လက်ပူးလက်ကြပ် မိသွားပြီ။ ဘယ်လိုဖြစ်ကြမလဲ မသိဘူး"

"ဘယ်လိုမှမဖြစ်ဘူး အစ်ကိုကြီး။ သူ့မှာတော့ ဘာမှမထူးဘူး။ သူက သူ့ကိုယ်သူ ဘုရား ထင်နေတယ်။ ဘယ်သူ့ကိုမှ သူ ဂရုမစိုက်ဘူး။ ကျွန်မတို့ တတွေက သူ ပြုပြင်ရာခ်ရမယ့် သတ္တဝါတွေလို့ သူ့စိတ်ထဲမှာ ထင်နေတယ်"

ကျွန်တော်သည် လက်ဖက်ရည်ကို ကပျာကယာ ကျိုက်၍ချလိုက်၏။

"ကိုင်း မမြတ်နွယ်… ကျုပ်ကို သူ့ဆီ ခေါ်ပြီးသွားပေတော့။ ဘာမှ မကြောက်နဲ့။ ဒီအကောင်ကို သတ်ရချင် သတ်ရပေ့စေ"

မမြတ်နွယ်သည် ကျွန်တော့်အား ချစ်ခင်အားပေးသည့် မျက်နှာဖြင့် ကျွန်တော်၏ ပခုံးနှစ်ဖက်ကို ခပ်ညှစ်ညှစ် ဆုပ်ကိုင်ထားရာ ကျွန်တော်သည် သူ၏မေးကလေးကို ဆွဲ၍ မျက်နှာကို မော့လိုက်ပြီးလျှင် ကျွန်တော်၏နှုတ်ခမ်း များဖြင့် အားပါးတရ ဖိ၍ထားမိ၏။

မမြတ်နွယ် ခေါ်သွားသဖြင့် သူ၏စာကြည့်ခန်းနှင့် အလုပ်လုပ်သော အခန်းသို့ ရောက်သောအခါ ဒေါက်တာမြတ်သင်းသည် ကုတ်အင်္ကျီအဖြူကို ဝတ်လျက် စားပွဲ၌ထိုင်ကာ အလုပ်လုပ်နေသည်ကို တွေ့ရ၏။ စားပွဲပေါ်၌ကား စာအုပ်များ၊ ပိုးမွှားကြည့်သော မှန်ဘီလူးနှင့် ဆေးပုလင်းများ၊ အရက်ပျံမီးခွက် တစ်ခုနှင့် ဓာတ်ခွဲခန်းများတွင် တွေ့ရသော အခြားကိရိယာတန်ဆာပလာကို တွေ့မြင်ရလေသည်။ သူ၏ ဥပဓိရုပ်၊ သူ၏ ယဉ်ကျေးဖော်ရွေသော စကား အပြောအဆိုတို့ကို ထောက်ခြင်းဖြင့် ဤမျှလောက် ဉာဏ်ပညာကြီးသူ တစ်ယောက်က မမြတ်နွယ် ပြောသည့်အတိုင်း သဘာဝ၏အလှအပကို အရုပ် ဆိုးအောင်၊ ပျက်စီးအောင် ဖန်တီးပြုလုပ်နေသည် ဆိုခြင်းကို ကျွန်တော့်မှာ မယုံကြည်နိုင်အောင်ပင် ရှိတော့၏။ သို့သော် မမြတ်နွယ်ကလည်း လိမ်၍ ပြောမည် မဟုတ်သည့်ပြင် ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရသော သူ၏တပည့် တပင်း လူထူးလူဆန်းများနှင့် သဘာဝကို ဆန့်ကျင်လျက်ရှိသည့် သစ်ပင် များကို မြင်ခဲ့ရသည်ဖြစ်၍ ဤလူအား စောင့်၍ကြည့်မှတော်မည်ဟု အောက်မေ့ မိ၏။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့မှာ သူ၏လက်ခုပ်တွင်းတွင် ရှိနေသကဲ့သို့ ဖြစ်နေရကား ကျွန်တော်၏အခြေအနေမှာ အချိန်မရွေး ဘေးအန္တရာယ်ပြုနိုင်

သည့် သူရူးတစ်ယောက်အား ၎င်းက လက်မဦးနိုင်အောင် စောင့်ကြပ်ထိန်းသိမ်း နေရသည့် အခြေအနေမျိုးသို့ ရောက်ရှိနေ၏။ သို့ဖြစ်ရကား သူ မရိပ်မိစေဘဲ သူ၏အပြုအမူကို အလိမ္မာဖြင့် စောင့်ကြည့်ရန်သာ ရှိတော့၏။ အကယ်၍ ကျွန်တော်၏အကြံကို ရိပ်မိသွားလျှင်လည်း သက်သာမည် မဟုတ်ချေ။

ဒေါက်တာမြတ်သင်းသည် စားပွဲတွင် အလုပ်လုပ်လျက် ရှိရာမှ ကျွန်တော့်အား မျက်မှန်အတွင်းမှ မျက်လုံးများကို လှန်၍ကြည့်ကာ မျက်နှာထား ခပ်ပြုံးပြုံးဖြင့်–

“ဒီမယ် ဒေါက်တာသာထက် ခင်ဗျား မမြတ်နှယ်ကို လက်ထပ်ဖို့ မကောင်းဘူးလား”ဟု ရုတ်တရက် မေးလိုက်သဖြင့် ကျွန်တော့်မှာ ဖျတ်ခနဲ လန့်၍သွားပြီးလျှင် အံ့သြ၍နေမိ၏။ ဒေါက်တာမြတ်သင်းက ဆက်လက်၍–

“မမြတ်နှယ်က လှပါတယ်ဗျ။ အတော်လည်း ချစ်စရာကောင်းတဲ့ သူငယ်မပါ။ ခင်ဗျားတို့နှစ်ယောက်စလုံးလည်း အရွယ်က အရွယ်ကောင်းတွေ မဟုတ်လား။ မနေ့ညကရော ဒီကနေ့မနက်ရော ခင်ဗျားတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိနေပြီဆိုတာ ကျုပ်မြင်ရလို့ သိပါပြီ။ ပြီးတော့ ကျုပ်ပိုင်နက်အတွင်းမှာ သူနဲ့သင့်လျော်မယ့် ယောကျ်ားဆိုလို့ ခင်ဗျား တစ်ယောက်ပဲ သူ့မျက်စိထဲမှာ ကြည့်မြင်တာ။ ဒီတော့ လက်ထပ်လိုက်ပေါ့ ဗျာ မဟုတ်လား…ဟဲ…ဟဲ…”

ရယ်ပင် ရယ်လိုက်သော်လည်း ဒေါက်တာမြတ်သင်း၏ မျက်လုံးအစုံမှာ ကျွန်တော်၏တစ်ကိုယ်လုံးကို ချို၍ ကဲ့ရဲ့ခြင်း၊ မလိုမုန်းတီးခြင်း၊ မနာလို ဝန်တိုခြင်းတို့ဖြင့် ကြည့်နေဘိသကဲ့သို့ ရှိသည်ဟု ကျွန်တော် ထင်မိ၏။ ကျွန်တော့်မှာ မျက်နှာမထားတတ်အောင် ရှိနေသော်လည်း နှုတ်ကမူ တစ်စုံ တစ်ရာ ပြန်၍မပြောချေ။

(ဒေါက်တာမြတ်သင်းက ဆက်လက်၍) “ခင်ဗျာ့အခန်းထဲမှာ ကျုပ် မြင်ရတာရယ်၊ ပြီးတော့ အခု ဘာမျှပြန်မပြောဘဲ နှုတ်ဆိတ်နေတာရယ် ထောက်တော့ ခင်ဗျား သဘောတူပြီလို့ ကျုပ် ယူဆတယ်။ ကဲ– ဒီတော့ ဒီကနေ့ကစပြီး ၇ ရက်အကြာမှာ ခင်ဗျားလက်ထပ်ဖို့ အသင့်ပြင်ပေတော့။ လက်ထပ်ပေးဖို့၊ ရွတ်ဖို့ ဖတ်ဖို့ အဘိုးကြီးတစ်ယောက်လည်း ကျုပ်မှာ ရှိတယ်။ အဲ– သူက လက်ထပ်ပေးလိမ့်မယ်။ ခင်ဗျား အခုလို လက်ထပ်လိုက်မယ်

ဆိုတော့ ကျုပ်အလုပ်အတွက် နည်းနည်းပါးပါးတော့ နှောင့်နှေးသွားမယ်ပေါ့ဗျာ။ နို့ပေမယ့် ကိစ္စမရှိပါဘူး။ ပြီးတော့ တစ်ခုရှိတာက ခင်ဗျားက လက်ထပ်မယ့် သတို့သားဆိုတော့ လက်မထပ်ခင် အချိန်အတွင်းမှာ အလုပ်လုပ်ခိုင်းလို့လည်း မတော်ပေသေးဘူး။ နောက်တစ်ခုရှိတာက မင်္ဂလာကိစ္စအတွက် မမြတ်နွယ်ကိုလည်း ပြင်ဆင်ပေးဖို့ ရှိသေးတယ်။ ကိစ္စမရှိပါဘူးလေ။ သူ့ကို ပြင်ဆင်တဲ့အတွက်တော့ ကျုပ်တာဝန် ထားပါ”

နောက်ဆုံးပြောလိုက်သော စကားများမှာ မမြတ်နွယ်နှင့် နှစ်ယောက်ချင်းတွေ့စဉ်က ပြောခဲ့သော စကားများနှင့် များစွာဆီလျော်နေသဖြင့် ကျွန်တော့်မှာ ကြက်သီးမွေးညင်းများပင် ထ၍သွားမိတော့၏။ ထိုအခါမှ ကျွန်တော်သည် စကားကို စ၍ပြောတော့၏။

ကျွန်တော်။ “ကိစ္စမရှိပါဘူး ဒေါက်တာ။ ကျွန်တော် ဒီကနေ့မနက်ပဲ အလုပ်စပြီး ဆင်းပါ့မယ်။ ဒီလိုလာတာ အလုပ်လုပ်ရအောင် လာတာပဲ”

“အို... မဟုတ်တာ ဒေါက်တာသာထက်။ အလုပ်အကြောင်း ပြောမနေပါနဲ့တော့။ မင်္ဂလာဆောင်တဲ့နေ့အထိ ခင်ဗျား အနားယူပါ”

ထိုအခါ ကျွန်တော်လည်း ဤကဲ့သို့ အလုပ်မလုပ်ဘဲနေရသည့် အချိန်များတွင် ကျွန်တော်၏ အကြံအစည်များ အထမြောက်နိုင်ရန် ပိုမိုအခွင့်အရေး ရလိမ့်မည်ဟု ယုံကြည်မိလေသည်။ သို့နှင့် ကျွန်တော်က “ကောင်းပါပြီ ဒေါက်တာ။ ဒါထက် အိမ်ပတ်ဝန်းကျင်နဲ့ ဥယျာဉ်ထဲကို ကျွန်တော် တဆိတ်လောက် လျှောက်ကြည့်ပါရစေ”

“ကြည့်ပါဗျာ...ကြည့်ပါ။ ခင်ဗျား သွားချင်တဲ့နေရာ သွားပါ။ ခင်ဗျားအတွက် ဘာမှ အတားအဆီး မရှိပါဘူး။ ဒီနေရာကို ခင်ဗျားလည်း စိတ်ဝင်စားပါလိမ့်မယ်။ ကဲ– ကျုပ်လည်း လက်စနဲ့ အလုပ်ကလေး ဆက်လုပ်ပါရစေဦး”

ကျွန်တော်သည် အခန်းထဲမှ ထွက်ခဲ့လေ၏။ ဒေါက်တာမြတ်သင်းသည် မည်ကဲ့သို့ စိတ်ရှုပေါက်၍ ကျွန်တော်နှင့် မမြတ်နွယ်တို့အား ဘုမသိဘမသိ လက်ထပ်ပေးလိုလေသနည်း။ ကျွန်တော်တို့နှစ်ယောက်ချင်း ချစ်ခင်နှစ်သက်သည် ထားဘိဦး။ ဤမျှလောက် လျင်လျင်မြန်မြန် လိုက်လျောခြင်းကိုမူ ကျွန်တော်သည် မစဉ်းစားနိုင်အောင် ရှိတော့၏။ မမြတ်နွယ် ပြောခဲ့သော

စကားများနှင့်ဆက်စပ်ကာ တွေး၍ ကြောက်ရွံ့မိခဲ့၏။ မမြတ်နွယ်မှာ ယခုမှ တွေ့ရသော ကျွန်တော့်အား ချစ်ခင်နှစ်သက်သည် ဆိုစေကာမူ ဒေါက်တာ မြတ်သင်းက ယခုကဲ့သို့ အဆောတလျင် ပြုလုပ်လိုက်ခြင်းကို များစွာ အံ့ဩ ရှာပေမည်။ သို့သော် ဤအကြောင်းကို သူသည် သိကောင်းမှ သိပေဦးမည်။ သို့ဖြစ်၍ ကျွန်တော်သည် မမြတ်နွယ်အား ချက်ချင်းပင်တွေ့လိုသော စိတ်များ ပေါ်ပေါက်လာ၏။ သို့သော် ၎င်းအား မည်သည့်နေရာတွင်မျှ မတွေ့မမြင်ရချေ။

ကျွန်တော်သည် အခန်းများကို ဝင်ရောက်ကြည့်ရှု၏။ သို့သော် မည်သူ့ ကိုမျှ မတွေ့ရချေ။ သူပြောလိုက်သည့်အတိုင်း ကျွန်တော်သည် တိုက်ကြီး အတွင်းရှိ နေရာမှန်သမျှကို သွားလာဝင်ထွက်နိုင်ခဲ့သည် မှန်၏။ သို့သော် ကျောက်တံတိုင်းကြီးအတွင်း၌ ရှိနေသမျှ ကာလပတ်လုံး လွတ်မြောက်ခြင်းကို စိတ်ကူးမျှပင် မထည့်နိုင်သေးချေ။ အမှန်သော် မမြတ်နွယ် ပြောသည့်အတိုင်း ကျွန်တော်သည် သူ၏ အကျဉ်းသားတစ်ယောက်ပင် ဖြစ်နေပြီ မဟုတ်ပါလား။

တိုက်ကြီးမှာ အလွန်ကျယ်ဝန်းသဖြင့် အခန်းခန်းအဆောင်ဆောင်နှင့် လှေကားများ၊ ဝရန်တာများ၊ အထပ်ခိုးများ၊ မြေတိုက်များဖြင့် ပြည့်လျက်ရှိရာ ကျွန်တော်လည်း တစ်ခန်းပြီးလျှင် တစ်ခန်း ဝင်ရောက်ကြည့်ရှုလျက် ရှိလေ၏။ အခန်းကျယ်တစ်ခုသို့ ဝင်ရောက်ကြည့်ရှုသောအခါ အခန်းအလယ်တွင် အလျား ၆ ပေ အနံ ၃ ပေခန့်ရှိရာ စားပွဲရှည်တစ်လုံးကို တွေ့ရပြီးလျှင် အနီးရှိ စားပွဲကလေးပေါ်၌ ဓား၊ ကပ်ကြေး၊ ခက်ရင်း၊ လွှ၊ ပတ်တီး၊ ကြေးခွက်နှင့် အပ်များ စသည်ဖြင့် လူကို ခွဲစိတ်သော ကိရိယာများကို တွေ့ရ၏။ အနီးရှိ စင်များပေါ်တွင် ဆေးပုလင်းများ၊ ဖန်ပြွန်များကို တွေ့မြင်ရလေသည်။ ဒေါက်တာမြတ်သင်းကား ရုက္ခဗေဒ၊ သတ္တဗေဒပညာများသာမက လူကို ခွဲစိတ်နိုင်သည့် ဆရာဝန်တစ်ယောက်လည်း ဖြစ်ပေသည်။

ထိုအခန်းမှ ထွက်ခဲ့၍ အခြားတစ်ခုသို့ ရောက်သောအခါ ကျွန်တော်၏ နားတွင် ယမန်ညဦးက ကြားရသော တစီစီမြည်နေသည့် လူ့သံများ ညည်းညူ နေသကဲ့သို့ အသံများကို ရုတ်တရက် ကြားလိုက်ရသဖြင့် ကျွန်တော်လည်း ကြက်သီးမွေးညှင်းများ ထကာ ပတ်ဝန်းကျင်ကို ကြည့်ရှုမိ၏။ သို့သော် မည်သည့်အရာကိုမျှ မတွေ့မမြင်ရချေ။ အခန်းတွင်းမှ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ထိုအသံများသည် ပျောက်သွားပြီးလျှင် အခန်းတွင်းသို့ ပြန်ဝင်မိ

http://www.cherrythitsar.org

သည်နှင့်တစ်ပြိုင်နက် ထိုအသံများကို ကြားရပြန်၏။ သို့သော် အမြဲမဟုတ်ချေ။ တစ်ခါတစ်ရံ အခန်းတွင်းတွင် မည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်လျက် အခန်းပြင်သို့ ထွက်သောအခါ ကြားရပြန်၏။ တစ်စုံတစ်ယောက်သောသူသည် ယင်းအသံများကို အချိန်အပိုင်းအခြားနှင့် ဖြစ်ပေါ်လာရန် ဖန်တီးနေခြင်း ပေလော မပြောတတ်ပေ။ သို့သော် ကျွန်တော့်မှာ လိပ်ပြာမလုံဘဲ တစ်စုံတစ်ယောက်သည် ကျွန်တော့်နောက်မှလိုက်၍ ကျွန်တော့်အား ချောင်းမြောင်းကြည့်ရှုနေသည်သို့ ထင်မိ၏။

ယင်းနေရာမှ ထွက်ခဲ့၍ လက်ဝဲဘက်ရှိ အခန်းတစ်ခန်းမှ တံခါးကို တွန်း၍ဖွင့်လိုက်ရာ အခန်း၏လက်ဝဲဘက်တွင် သံတိုင်များဖြင့် ပြုလုပ်ထားသည့် လှောင်အိမ်ကြီးတစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်ရ၏။ လှောင်အိမ်အတွင်း၌ ကား အရပ် ၅ ပေခန့်ရှိ မြောက်ဖြူကြီးတစ်ကောင်သည် ထိုမှ၍မှ လှုပ်ရှား လျက်ရှိရာမှ ကျွန်တော့်ကို မြင်လိုက်ဟန်ဖြင့် ကျွန်တော့်ဘက်သို့ မျက်နှာမူလိုက် ၏။ သို့ ချဉ်းကပ်ကြည့်ရှုရာ ယင်းမှာ ကျွန်တော် ထင်သည့်အတိုင်း မျောက် မဟုတ်ဘဲ အမွေးဖြူများပေါက်နေသည့် လူတစ်ယောက်ပင် ဖြစ်တော့၏။ မျက်နှာမှာ မျောက်နှင့် တူလှသော်လည်း ခြေလက်အင်္ဂါတို့မှာ လူအတိုင်းပင် ဖြစ်၏။ ယင်းသည် ကျွန်တော့်ကို မြင်သောအခါ သံတိုင်များကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ သူ၏ ညှိုးငယ်သောမျက်နှာမှာ မျက်ရည်များ ကျနေသည်ကို မြင်ရ၏။ စကားပင် မပြောနိုင်သော်လည်း ယင်းအား ကယ်ဆယ်ရန် ကျွန်တော့်အား တောင်းပန်နေသကဲ့သို့ မျက်နှာမျိုးဖြင့် ကြည့်ရှုလျက်ရှိရာလေသည်။

ကျွန်တော်သည် များစွာ စိတ်မကောင်းဖြစ်ကာ ထိုအခန်းမှ ထွက်ခဲ့ပြီး နောက် သစ်ပင်ထူး၊ သစ်ပင်ဆန်းများကို အပေါ်မှ မှန်အမိုးဖြင့် စိုက်ထားသည့် နေရာသို့ ရောက်လာ၏။ သစ်ပင်မျိုးမှာ များစွာစုံလင်လျက် ထူးဆန်းသော ပုံသဏ္ဌာန်ရှိသည့် အသီးအပွင့်များ သီးပွင့်လျက်ရှိရာ မည်သည့်အပင်ကိုမျှ ကျွန်တော် ယခင်က မမြင်ဖူးချေ။ အလယ်ဗဟိုလောက်တွင် လူ၏ လက်ဖြန့် ရိုးကဲ့သို့ နှစ်မွှာထွက်၍နေသော အကိုင်းများမှ ထိပ်ဖျားတွင် လူ၏ဦးခေါင်းခွံနှင့် တူသည့် အသီးကလေးများ သီးလျက်ရှိ၏။ ကျွန်တော်သည် ထိုသစ်ပင်အနီးသို့ ချဉ်းကပ်ကာ ငေးမောကြည့်ရှုနေမိ၏။ ထိုခဏ၌ တစ်စုံတစ်ခုသော အရာဝတ္ထု သည် ကျွန်တော်၏ခြေခုံပေါ်သို့ တက်လာပြီးနောက် ကျွန်တော်၏ ခြေကျဉ်း

ဝတ်ကို ရစ်ပတ်စပြုလေရာ ကျွန်တော်လည်း ထိုအခါမှ ပါးစပ်မှဟစ်အော်ကာ လန့်၍ ခုန်လိုက်မိ၏။ လက်မလုံးခန့်ရှိ နီညိုညိုအရောင်ရှိသော နွယ်တစ်ခုသည် ကျွန်တော်ခုန်လိုက်သောအခါမှ ပြေ၍သွားပြီးလျှင် ခြေထောက်မှာ လွတ်သွားလေသည်။ နွယ်ကြီးမှာ ဝမ်းဗိုက်ဘက်တွင် ဖြူ၍ အပေါ်တွင် နီညိုညိုအကွက်များ ရှိပြီးလျှင် ပန်းအိုးကြီး ၂ လုံးကြားသို့ တရွေ့ရွေ့ ဝင်သွားလေသည်။ သို့နှင့် ကျွန်တော်လည်း မှန်ခန်းတွင် တာရှည်စွာမနေတော့ဘဲ နံဘေးရှိ အုတ်လှေကားကလေးမှ တက်သွားရာ ဝရန်တာတွင် ဒေါက်တာမြတ်သင်းကို ဝင်၍တိုးမိ၏။ သူ၏လက်ထဲ၌ကား အစိမ်းရောင် ဆေးရည်များရှိသော ဖန်ပြွန်ကလေးတစ်ခုကို ကိုင်ထားလေသည်။

ဒေါက်တာမြတ်သင်းသည် အနည်းငယ်မျှ အံ့ခြေမပျက်ဘဲ ဆေးရုံကြီးထဲတွင် ဆရာဝန်နှစ်ယောက် တွေ့၍ နှုတ်ဆက်သည့်ဟန်မျိုးဖြင့် မျက်နှာကို ခပ်ပြုံးပြုံးထားကာ–

“ဘယ့်နှယ်လဲ ဒေါက်တာသာထက်... တော်တော်စုံစုံလင်လင် ကြည့်ခဲ့ပြီ မဟုတ်လား”

“ကြည့်ခဲ့ပါပြီ...”

“ကဲ... တစ်ခါရီတိတိ ထမင်းစားခန်းထဲမှာ နေ့လည်စာ ပြင်ထားတယ်နော်... လာခဲ့ပေတော့”

သူသည် ကျွန်တော့်အား ဆက်လက်မပြောလိုဟန်ဖြင့် လျင်မြန်စွာ ထွက်သွားလေရာ ကျွန်တော်လည်း အခန်းသို့ ပြန်ဝင်ခဲ့လေ၏။ ရေမိုးချိုး၍ အဝတ်အစားလဲပြီးနောက် ထမင်းစားခန်းသို့ သွားရောက်ရာ ဝရန်တာအထွက်တွင် အခန်းတွင်းမှ ထွက်လာသော မမြတ်နွယ်နှင့် အခန့်သင့် တွေ့ရလေသည်။ ကျွန်တော်သည် သူ၏လက်ကလေးများကို ယုယစွာ ကိုင်ဆွဲထားလိုက်မိ၏။

“ဒီမယ် မမြတ်နွယ်... အစ်ကိုကြီး တစ်ခု ပြောစရာ...”

“ကျွန်မ သိပါပြီ အစ်ကိုကြီးရယ်... သူက ပြောပြီးပါပြီ။ ဒီတော့...”

မမြတ်နွယ်သည် ဦးခေါင်းကို အနည်းငယ် ခါရမ်းလိုက်ပြီးလျှင် မျက်ရည်များပင် လည်လာ၏။

“တစ်နည်းအားဖြင့်လည်း ကောင်းတာပဲ မမြတ်နွယ်ရယ်။ ဒီတော့ အစ်ကိုကြီးနဲ့ နှစ်ယောက်တိုင်ပင်ပြီး လွတ်မြောက်ဖို့”

"ဟုတ်တော့ ဟုတ်ပါတယ်။ နို့ပေမယ့် အစ်ကိုကြီးနဲ့ ကျွန်မကို ဒီလို လက်ဆက်ပေးတာလည်း အကောင်းမဟုတ်ဘူး ထင်တယ်။ သူ့အကြံ တစ်ခုခု ရှိလိမ့်ဦးမယ်"

"ဟုတ်တယ် မမြတ်နွယ်... အစ်ကိုကြီးလည်း ဒီလို တွေးမိတာပဲ။ နို့ပေမယ့် ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးတို့က မသိဟန် ဆောင်နေရမယ်။ သူ စီမံတာ ဝမ်းမြောက်တဲ့အမူအရာ ပြပြီး..."

စကားမဆုံးမီ ကျွန်တော်တို့နောက်မှ "ဩော်... လက်စသတ်တော့ လက်ထပ်မဲ့ စုံတွဲပါကလား။ တယ်ပြီး ရှေ့သွားနောက်လိုက် ညီပါဗျာ..."ဟု ဒေါက်တာမြတ်သင်း၏အသံကို ကြားလိုက်ရသဖြင့် ကျွန်တော်တို့လည်း တတ်နိုင်သမျှ ဟန်ဆောင်လိုက်ကြရ၏။

ဒေါက်တာမြတ်သင်းက ဆက်လက်၍–

"၇ ရက်ဆိုတာ မကြာပါဘူး။ ဒီကနေ့တစ်ရက် နုတ်လိုက်ရင် ၆ ရက်ပဲ လိုပါတော့တယ်။ ကဲ– ဒေါက်တာသာထက် နေ့လည်စာ စားလိုက်ကြရအောင် တစ်နာရီထိုးပြီ"

နေ့လည်စာစားရန် စားပွဲ၌ ထိုင်မိကြသောအခါ ကျွန်တော်လည်း ဒေါက်တာမြတ်သင်း၏ လောကွတ်ပျူငှာ လုပ်သည်များကို မလွှဲသာသဖြင့် လက်ခံပြောဆို၍ နေရသော်လည်း စိတ်ထဲက အမုန်းကြီးမုန်းလျက် ရှိလေ၏။ စိတ်ယုတ်မာရှိ၍ ကင်းပါးလှသော သူတစ်ယောက်အား မိမိ၏အတွင်းစိတ်ကို မရိပ်မိစေရန် စကားပြောရခြင်းကား ကျွန်တော့်အတွက် လွယ်ကူသောအလုပ် မဟုတ်ပေ။ သို့နှင့် ကျွန်တော်လည်း တတ်နိုင်သမျှ ဟန်ဆောင်ပြီးလျှင် အကြောင်းတစ်ခုပြ၍ စားပွဲမှ လျင်မြန်စွာထ၍ ကျွန်တော်၏အခန်းသို့ ပြန်ခဲ့လေ၏။

ထိုအချိန်မှစ၍ မမြတ်နွယ်အား မတွေ့ရတော့ချေ။ မမြတ်နွယ်မှာ ထိုတိုက်ကြီးတွင် မနေတော့သကဲ့သို့ အရိပ်အရောင်မျှပင် မမြင်ရတော့ချေ။ ကျွန်တော်တို့အတွက် အစားအသောက်များကို "ခွေးပုကြီး"ပင် လာရောက် တည်ခင်းသဖြင့် ဒေါက်တာမြတ်သင်းမှာ မုချ အကြံတစ်မျိုး ရှိလေပြီဟု ကျွန်တော် ရိပ်မိ၏။ ဤသို့ဖြင့် ရက်သတ္တပတ်သည် ပျင်းရိငြီးငွေ့ဖွယ် ကောင်းစွာ ကုန်လွန်၍သွားလေ၏။

http://www.cherrythitsar.org


၈ ရက်မြောက်သောနေ့ ည ၁၂ နာရီအချိန်၌ ကျွန်တော့်အား တစ်စုံတစ်ယောက်က နှိုးသဖြင့် အိပ်ရာမှ နိုးလာရာ ဒေါက်တာမြတ်သင်းသည် ကျွန်တော် ကုတင်အနီး၌ ရပ်နေသည်ကို တွေ့ရ၏။ သူ၏နောက်၌မူ 'ဖိုးထောင်ကြီး' ပါရှိလေသည်။ ရုတ်တရက် ဒေါက်တာမြတ်သင်းသည် ကျွန်တော်၏ လက်ဝဲဘက်လက်မောင်းကို ဖေးမကိုင်တွယ်၍သွားရာ ကျွန်တော်လည်း အိပ်မက်,မက်၍နေသော သူတစ်ယောက်ကဲ့သို့ ၎င်းခေါ်ရာသို့ လိုက်ပါသွားရလေ၏။ ဤကဲ့သို့ ခပ်ဖြည်းဖြည်း ဆက်လျှောက်သွားကြစဉ် ပထမ ရူးရှူး အော်ဟစ်လိုက်၍ နောက် ညည်းတွားကာ တဖြည်းဖြည်း ပျောက်ကွယ်သွားသော ထူးဆန်းသော အသံတစ်သံကို ကြားလိုက်ရ၏။

ထိုအခါ ဒေါက်တာမြတ်သင်းက "အင်း... အို... မျောက်ဖြူကောင် ကောင်းကောင်းမအိပ်ဘူးနဲ့တူတယ်"ဟု ပြောလိုက်ရာ ထိုအခါမှ ကျွန်တော် နေ့လည်က တွေ့ခဲ့ရသော လှောင်ချိုင့်အတွင်းမှ လူမျောက်၏ အော်သံ ဖြစ်ကြောင်း နားလည်တော့၏။ ဒေါက်တာမြတ်သင်းက ဆက်လက်၍ "ဟုတ်တယ်ဗျ။ ဒီမျောက်ဖြူကောင်က ကနေ့ညမှ ထူးထူးခြားခြား ပိုအော်နေသလဲ မပြောတတ်ပါဘူး။ လက်ထပ်ပွဲလုပ်မှာ သိပြီး ခင်ဗျားကို မနာလိုလို့များလား ဗျာ... ဟဲ... ဟဲ..."

သို့ပင် ဒေါက်တာမြတ်သင်းက ရယ်စရာ ပြောလိုက်သော်လည်း ကျွန်တော့်မှာ မရယ်နိုင်ချေ။

ကျွန်တော်တို့သည် အဖြူရောင် ဆေးသုတ်ထားသော စင်္ကြံတစ်ခုမှ ကွေ့၍လျှောက်လာရာ အတန်ငယ်သွားမိသော် ခုံးတံခါးတစ်ခုသို့ ရောက်လာ၍ ဖိုးထောင်ကြီးသည် လက်ထဲမှ သော့တွဲဖြင့် တံခါးကြီးကို ဖွင့်လေ၏။ အခန်းမှာ ပေ ၂၀ x ၃၀ ခန့် ကျယ်ဝန်း၍ ကြမ်းပြင်တစ်ခုလုံး ကော်ဇောများ ခင်းထားရာ ခေါင်းရင်းဘက်တွင် တစ်ထွာခန့်မျှမြင့်သော စင်မြင့်ရှိ၍ ထိုစင်မြင့် အလယ်၌ အဝတ်နက်များဝတ်ထားသော သဏ္ဌာန်တစ်ခု ငြိမ်သက်စွာ ထိုင်နေသည်ကို မြင်ရ၏။ အခန်းထဲတွင် ဓာတ်မီးတစ်လုံးသာ ထွန်းထားသဖြင့် မီးရောင်မှာ မှေးမှိန်စွာ ကျရောက်လျက်ရှိရာ အရာဝတ္ထုများကို မကွဲမပြားသာ မြင်ရ၏။ အဝတ်နက် ဝတ်ထားသော သဏ္ဌာန်ရှေ့၌ ငွေဖလားကြီး တစ်လုံးရှိ၍ ငွေဖလားထဲတွင် ပန်းများ ထိုးစိုက်ထား၏။

အခန်းတွင်းသို့ ကျွန်တော် ရောက်ပြီးနောက် မမြတ်နွယ်သည် အခြားဘက်အခန်းထဲတွင် ကျွန်တော် တွေ့ခဲ့ရသည့်အတိုင်း ထူထဲသော ဇာပုဝါတစ်ခုကို ခေါင်းမြီးခြုံလျက် ဝင်လာရာ ဒေါက်တာမြတ်သင်းသည် ကျွန်တော်၏လက်ယာဘက်လက်ကို မမြတ်နွယ်၏ လက်ဝဲဘက်လက်ဖြင့် တွဲစေပြီးလျှင်စင်မြင့်ပေါ်သို့ ခေါ်ဆောင်သွားလေ၏။ ထို့နောက် ကျွန်တော်တို့အား အဝတ်နက်များ ဝတ်ထားသော အဘိုးကြီးနှင့် မျက်နှာချင်းဆိုင်ဝဲယာ ထိုင်စေပြီးသော် ဒေါက်တာမြတ်သင်းသည် ကျွန်တော်တို့နှစ်ယောက်၏ လက်ယာဘက် လက်နှစ်ဖက်ကို ဆွဲယူ၍ လက်ချင်းယှက်စေပြီးနောက် အဘိုးကြီးအား ပေးအပ်လေ၏။ ထိုအခါ အဘိုးကြီးသည် သူ၏လက်ယာဘက်လက်ဖြင့် ကျွန်တော်တို့၏လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီးနောက် ငွေဖလားကြီးအတွင်းရှိ ရေတွင် နှစ်၍သူ၏အခြားလက်ဖြင့် ဖလားထဲမှ ပန်းတစ်ခက်ကို ယူပြီးလျှင် ကျွန်တော်တို့နှစ်ယောက်ကိုယ်ပေါ်သို့ ရေစင်များ ပက်ဖျန်းကာ ပါးစပ်မှ တစ်စုံတစ်ရာကိုခပ်တိုးတိုး ရွတ်ဆိုလျက်ရှိ၏။ မည်သည်ကို ရွတ်ဆိုသနည်းဟူမူ ကျွန်တော်သဲကွဲစွာ မကြားရချေ။ ထို့နောက် ကျွန်တော်တို့ လက်နှစ်ဖက်ကို ပြန်၍ရုပ်သိမ်းစေပြီးလျှင် ဤတွင် အခမ်းအနား ပြီးစီးလေသည်။

အခမ်းအနား ပြီးသည်နှင့်တစ်ပြိုင်နက် အဝတ်နက်များ ဝတ်ထားသောအဘိုးကြီးသည် အခန်း၏ အခြားတံခါးတစ်ခုမှ ထွက်သွားလေရာ အခန်းထဲတွင် ဒေါက်တာမြတ်သင်း၊ ဖိုးထောင်ကြီး၊ ကျွန်တော်နှင့် မမြတ်နွယ်တို့သာကျန်ရစ်ခဲ့လေ၏။ ထိုအခါ ဒေါက်တာမြတ်သင်းက–

"အင်း... အခမ်းအနားတော့ ပြီးသွားပေပြီ ဒေါက်တာသာထက်ဧည့်ပရိသတ်တော့ မရှိဘူးပဗျာ။ ကျုပ်တို့အိမ်မှာ လုပ်တယ်ဆိုတော့ ကျုပ်တို့အိမ်သားပဲ ရှိတာပေါ့။ နို့ပေမယ့် ကျုပ်နဲ့ ဟောဒီက ဖိုးထောင်ကြီးတို့ရှေ့မှာလက်ထပ်တယ်ဆိုတော့ ဒီနှစ်ယောက်နဲ့ပဲ သက်သေခံ လုံလောက်ပါပြီ။ ကဲ–ကဲ– ခင်ဗျားတို့ကို အခန်းအပ်မယ်။ လာကြပေတော့"

ဒေါက်တာမြတ်သင်း၌ မည်ကဲ့သို့ အကြံ ရှိလေသနည်း။ မည်သည့်အကြံဖြင့် ကျွန်တော်တို့နှစ်ဦးအား ဤအချိန်မတော်ကြီးတွင် လက်ထပ်ပေးလေသနည်း။ ရှေ့တွင် မည်ကဲ့သို့ ဖြစ်လေဦးမည်နည်း စသဖြင့် ကျွန်တော်သည်အဆက်မပြတ် စဉ်းစား၍နေမိ၏။ သူပြောသော စကားများကိုပင် သဲကွဲစွာ

မကြားလိုက်သကဲ့သို့ ရှိ၏။ ကျွန်တော်၏စိတ်ထဲတွင် တန်ခိုးအင်အား ကြီးမား လှသော အရာတစ်ခုသည် ကျွန်တော့်အား ပြန်၍မေးမြန်းခြင်း၊ ချေပခြင်း မပြုနိုင်အောင် ဟန့်တား၍ ထားဘိသကဲ့သို့ နှုတ်ဆိတ်၍နေမိ၏။ မမြတ်နွယ် ထံမှလည်း တစ်စုံတစ်ရာ အသံမကြားရချေ။ သို့နှင့် ကျွန်တော်တို့လည်း သူခေါ်ရာသို့ လိုက်ပါသွားရလေသည်။

ကျွန်တော်တို့အား အခိုးကြီး ထွက်သွားသောတံခါးမှ ခေါ်သွားလေရာ အခြားအခန်းတစ်ခုသို့ ရောက်သွားလေ၏။ ထိုအခန်းမှာလည်း မီးရောင်ခပ်မှိန်မှိန်သာ ထွန်းထားလျက် နံရံထောင့်တွင် နှစ်ယောက်အိပ် ကြေးကုတင်ကြီး တစ်လုံးကို မြင်ရ၏။ ကုတင်ပေါ်၌ကား စောင်၊ မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင် မှစ၍ မင်္ဂလာလက်ထပ်ပွဲများတွင် အလှပြထားဘိသကဲ့သို့ သပ်ရပ်လှပစွာ ဆင်ပြင်ထားလေသည်။ သို့သော် ကျွန်တော့်မှာ မင်္ဂလာကိစ္စကို အနည်းငယ်မျှ မစဉ်းစားမိဘဲ ဒေါက်တာမြတ်သင်း၏ အကြံမှာ ဤနေရာတွင် အဆုံးသတ်လေ မည်လော၊ အဆုံးသတ်ခဲ့လျှင် မည်သို့ပေနည်း စသည်ဖြင့် စဉ်းစားရင်း သတိကြီးစွာဖြင့် နေမိ၏။

ဒေါက်တာမြတ်သင်းသည် ကျွန်တော်တို့အနီးမှ နောက်သို့ အတန်ငယ် ဆုတ်လိုက်ပြီးနောက်–

"ကဲ– ဒေါက်တာသာထက် ခင်ဗျားတို့ကို အခန်းအပ်လို့တော့ ပြီးပြီ။ ဒီတော့ ခင်ဗျားရဲ့ဇနီး အသစ်စက်စက်ကလေးကို နမ်းပြစမ်းဗျာ… ကျုပ်တို့ ကြည့်စမ်းပါရစေ"

"မတော်တာဗျာ။ ခင်ဗျားတို့သွားတော့ နမ်းမှာပေါ့"

"ဘာပြောတယ်ဗျ။ ကျုပ်တို့သွားမှ နမ်းမယ် ဟုတ်စ။ ခင်ဗျားပြောတာ အဓိပ္ပာယ်မရှိပါဘူးဗျာ။ ဒါဟာ ကျုပ်တို့ကျွန်းမယ် အစဉ်အလာဗျ။ မင်္ဂလာ လက်ထပ်ပွဲလုပ်ရင် ဆွေမျိုးညာတိတွေ၊ မိတ်ဆွေသင်္ဂဟတွေ တစ်ညလုံး ဒီလိုပဲ ပြောဆိုပျော်ရွှင်နေကြရတယ်။ ကဲဗျာ… ကျုပ်တို့မသွားခင် အထိမ်း အမှတ်သဘောကလေးနဲ့ဖြစ်ဖြစ် နမ်းလိုက်စမ်းပါ၊ နမ်းလေဗျာ…"

ဤပညာတတ်အရူးတစ်ယောက်အား အခန်းတွင်းမှ ထွက်သွားရန် သူ ပြောသည့်အတိုင်း ကျွန်တော်၏ ဇနီးလောင်းအား နမ်းပြရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ သို့နှင့် ကျွန်တော်လည်း မမြတ်နွယ်အနီးသို့

ချဉ်းကပ်ကာ သူ၏ ဖြူဖွေးနုထွတ်သော ပါးပြင်ကလေးကိုလည်းကောင်း၊ သန္တာသွေးကဲ့သို့ နီမြန်းသော နှုတ်ခမ်းကလေးများကိုလည်းကောင်း နမ်းရှုံ့ရန် ဦးခေါင်းပေါ်တွင် ခြုံ၍ထားသော ဇာပုဝါကို ညင်သာစွာ ဆွဲချလိုက်၏။ ထိုခဏ၌ ဒေါက်တာမြတ်သင်းမှာ အတော်ပင် စိတ်ထဲက ဝမ်းမြောက်လှသည့် လက္ခဏာဖြင့် တစ်ကိုယ်လုံး တုန်လှုပ်သွားလေသည်။ ကျွန်တော့်ကိုယ်တိုင်မှာလည်း မိုးကြိုးထိမှန်သကဲ့သို့ တုန်လှုပ်၍သွားလေသည်။ အကြောင်းမူကား ဇာပုဝါအောက်မှ ထွက်ပေါ်လာသော မျက်နှာမှာ နှုတ်ခမ်းဟူ၍ မရှိဘဲ ပါးစပ်တွင်းမှ သွားများ ပေါ်ထွက်နေပြီးလျှင် မျက်လုံးအိမ်များ၌လည်း မျက်ခွံများ မရှိဘဲ ပြူးထွက်လျက်ရှိသည်ကို မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။ အခွဲအစိတ်တွင် ကျွမ်းကျင်သော ဆရာဝန်ရူးတစ်ယောက်၏ လက်ရာဖြင့် ဖန်တီးပြုလုပ်ထားဟန် လက္ခဏာရှိ၏။ မျက်လုံးကြီးများမှာ မျက်ခွံမရှိဘဲ ကျွန်တော့်အား ပြူးကြောင်စွာ ကြည့်လျက်ရှိရာ နှုတ်ခမ်းသားမရှိသော ပါးစပ်မှလည်း ဖြူဖွေးသော သွားကြီးများသည် အပြင်သို့ ငေါထွက်နေဘိသကဲ့သို့ ထင်ရ၏။ မိန်းမချောတစ်ယောက်၏ အမြတ်တနိုး အဖိုးထိုက်တန်လှသော အလှသည်ကား သူ၏ဘဝတစ်သက်တွင် ပျောက်ကွယ်၍ သွားခဲ့လေပြီ။ ထိုအလှနှင့်အတူ "အချစ်"တရားတည်းဟူသော ဘဝသည်လည်း တစ်ခါတည်း ဆုံးရှုံးရလေပြီ။ ကျွန်တော်သည် ဇာပုဝါကို ပြန်၍အုပ်ပေးလိုက်ပြီးနောက် ထိုကြောက်မက်ဖွယ် ကောင်းသော မျက်နှာကြီးအနီးမှ ကိုယ်ကို ရုတ်တရက် ပြန်၍ဆုတ်လိုက်၏။ ဤကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးကို ရုတ်တရက် တွေ့လိုက်ရသဖြင့်တစ်ကြောင်း၊ မမြတ်နွယ်ကို သနားလွန်းလှသဖြင့်တစ်ကြောင်း တစ်ခဏမျှ ကြက်သေသေလျက် ရပ်နေမိ၏။ ယင်းကဲ့သို့ရှိနေစဉ်အတွင်း ဒေါက်တာမြတ်သင်း၏ ရယ်မောသံကို ကြားလိုက်ရလေသည်။

"ဘယ့်နှယ်လဲ ကိုယ့်လူ နမ်းလေဗျာ။ ဘာကြောင့် ငိုင်ကြည့်နေတာလဲ။ ခင်ဗျားမိန်းမ ခင်ဗျားနမ်းတာ ဘာဖြစ်သလဲ၊ ဟား... ဟား..."

ဒေါက်တာမြတ်သင်း၏ စကားပြောသံကို သူ၏ရယ်မောသံနှင့်အတူ ကြားလိုက်ရသော်လည်း ကျွန်တော်သည် စကားပြန်၍ မပြောနိုင်ချေ။ ကျွန်တော်ကိုယ်တိုင်မှာ ဝိညာဉ်ကင်းမဲ့သော ကျောက်ရုပ်ကဲ့သို့ ရပ်တည်လျက်

ရှိနေလေသည်။ ဒေါက်တာမြတ်သင်းသည် ရယ်မောလျက်ရှိရာမှ မျက်နှာကို တင်းတင်းထားလိုက်ပြီးလျှင် ဖိုးထောင်ကြီးဘက်သို့လှည့်၍–

"ဟေ့ ဖိုးထောင်ကြီး ငါ သိပြီကွဲ့။ သတို့သမီးနဲ့ သတို့သားက ရုပ်ချင်းမတူပေဘဲကိုးကွဲ့။ သတို့သမီး အရုပ်ဆိုးနေရင် သူနဲ့တော်တဲ့ သတို့သားမှ ဖြစ်လိမ့်မယ်ထင်တယ် ဖိုးထောင်ရဲ့။ အင်း... ဒီလိုဆိုရင်လည်း ဘက်ညီအောင် လုပ်ပေးရတာပေါ့ကွယ်..."

(ဒေါက်တာမြတ်သင်းသည် ကျွန်တော့်ဘက်သို့ တစ်ဖန်လှည့်၍)

"ကိုင်း ဒေါက်တာသာထက်... ကျုပ် ခွဲစိတ်တဲ့အခန်း ခင်ဗျား သိတယ် မဟုတ်လား။ အဲဒီကို သွားကြမယ်။ ခင်ဗျားရော ခင်ဗျားဇနီးလောင်းရော ဘက်ညီသွားအောင် ကျုပ် လုပ်ပေးပါ့မယ်... ကဲ– လာ... လာ..."

ကျွန်တော်သည် ကောင်းစွာ သတိရလာ၏။ သူ၏ အကြံအစည်များကို ကောင်းစွာ သတိရလာ၏။ သူ၏ အကြံအစည်များကို ကောင်းစွာ နားလည်ပေပြီ။ ကျွန်တော်သည် လက်သီးများကိုဆုပ်ကာ ကြုံ့ကြုံ့ခိုင်ခိုင်ရပ်လိုက်၏။

သင်း။ "ဖိုးထောင်ကြီး ဘာကြည့်နေတာလဲ... ဆွဲခေါ်လေကွာ"

ဖိုးထောင်ကြီးသည် လှုပ်ရှား၍လာ၏။ သို့သော် ဒေါက်တာမြတ်သင်းက လက်ပြလိုက်သဖြင့် ခေတ္တရပ်ဆိုင်းသွားလေသည်။ ထိုအချိန်၌ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မမြနွယ်သည် ကျွန်တော်ရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်လာလေရာ နောက်သို့ ခြေတစ်လှမ်း ဆုပ်လိုက်မိ၏။

သင်း။ "ဟား...ဟား... သတို့သားက မနမ်းတော့ သတို့သမီးက နမ်းမလို့ ထင်ပါရဲ့ကွယ်... ခဏနေဦးဟေ့ ဖိုးထောင်..."

ထိုအချိန်၌ ဇာပုဝါအုပ်ထားသော မမြတ်နွယ်သည် ကျွန်တော်အနီးသို့ တရွေ့ရွေ့ ချဉ်းကပ်လာပြီးလျှင် ကျွန်တော်၏ခါးကို သူ၏လက်တစ်ဖက်ဖြင့် နောက်မှ သိမ်း၍ဖက်လိုက်ရာ ကျွန်တော့်မှာ တွန့်ခနဲ ဖြစ်သွားလေသည်။ သို့သော် နောက်ကျောဘက်မှ သူ၏လက်ဖြင့် မာကျောသော အရာကလေး တစ်ခုကို ကျွန်တော့်လက်တွင်းသို့ ထိုးသွင်းပေးနေသဖြင့် ကျွန်တော်က လှမ်းယူလိုက်ရာ ပစ္စတိုကလေးတစ်လက် ဖြစ်သည်ကို တွေ့ရ၏။ ထိုအခါမှ ထမင်းစားခန်းသို့ ကျွန်တော်လာစဉ် ဒေါက်တာမြတ်သင်း၏ စားပွဲအံဆွဲ၌ တစ်စုံတစ်ရာ ရှာဖွေနေသည်ကို ပြန်၍သတိရမိ၏။

ကျွန်တော်သည် နောက်သို့ပစ်ထားသော လက်ဖြင့် သေနတ်ကလေးကို ဝှက်၍ ကိုင်ထားရာ ထိုအချိန်၌ သတို့သမီးသည်လည်း နောက်သို့ ဆုတ်သွားလေပြီ။

ကျွန်တော်သည် ဒေါက်တာမြတ်သင်းအား ကြည့်လိုက်ရာ မျက်နှာ ပြောင်းသွားသည်ကို မြင်ရ၏။

"ဖိုးထောင်... ဖမ်းစမ်း၊ ဖမ်းပြီး... အမှုန့်ချေပစ်လိုက်... ဖမ်း...ဖမ်း"

ဖိုးထောင်ကြီးသည် နပမ်းသမားတစ်ယောက်ကဲ့သို့ လက်များကို ကားကာ ကျွန်တော်ရှိရာသို့ လာလေရာ ကျွန်တော်မှာ လူ့ဘီလူးကြီးနှင့် ရင်ဆိုင်၍ နေရလေပြီ။ ကျွန်တော်ကား သတိပေး၍ ညှာတာရန် အချိန် မရတော့ချေ။ သေနတ်မောင်းကို ၃ ချက်ဆင့်၍ ဆွဲလိုက်လေ၏။ ကျည်ဆံများ သည် ချက်ကောင်းကိုထိမှန်ရာ လူ့ဘီလူးကြီးသည် တတိယအချက်တွင် ဟစ်အော်ခြင်းပင် မပြုနိုင်ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။ ထိုအခါ ၌ကား ကျွန်တော်နှင့် ဒေါက်တာမြတ်သင်း နှစ်ယောက်သာ မျက်နှာချင်းဆိုင် ကျန်ရစ်ခဲ့လေ၏။

"ဟေ့– ဒေါက်တာအရူး၊ မင်းလည်း သေဖို့သာပြင်ပေတော့။ မင့်ကို လည်း ငါ သတ်ရလိမ့်မယ်"

ထိုအချိန်၌ ဒေါက်တာမြတ်သင်းသည် လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ထားရာ ကြမ်းပြင်ပေါ်သို့ထိုင်ပြီးလျှင် မသတ်ရန် ကျွန်တော့်အား အမျိုးမျိုး တောင်းပန်လျက် ရှိလေ၏။ မျက်နှာအမူအရာမှာလည်း ယခင်က ယုတ်မာရူးမိုက်သော မျက်နှာ မဟုတ်တော့ဘဲ ကြောက်ရွံ့တုန်လှုပ်ကာ တောင်းပန်တိုးလျှိုး၍နေသော အသွင်အပြင်သို့ ပြောင်းသွားတော့၏။ သူသည် ကြမ်းပြင်ပေါ်၌ကုန်းကာ ကျွန်တော့်အား ဝပ်၍ တောင်းပန်သည့်ဟန်ဖြင့် ကျွန်တော်၏ ခြေထောက်များကို သူ၏လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်တော့မည် ပြုလေ၏။ ထိုအချိန်တွင် တိုက်ကြီး၏ အတွင်းအပြင် ပတ်ဝန်းကျင်မှ ယခင်က ကြားဖူးခဲ့သော အသံမျိုးများကဲ့သို့ ထူးဆန်းကြောက်မက်ဖွယ်ကောင်းသော အသံအမျိုးမျိုးကို ကြားရသဖြင့် ကျွန်တော်လည်း ငေးမောကာ ခေတ္တမျှ နားစိုက်နေမိ၏။

အမှန်သော် ယခုကဲ့သို့ ခေတ္တ ငေးစိုက်နေမိခြင်းမှာ လက်ထဲတွင် ကိုင်ထားသော မြေပွေးကို ခေတ္တမျှ လွှတ်ပေးထားလိုက်သည်နှင့် တူလေသည်။ ဒေါက်တာမြတ်သင်းသည် ဤသို့ ကြမ်းပြင်ပေါ်တွင် ခပ်ကုန်းကုန်းရှိနေရာမှ ဖျတ်ခနဲထ၍ မတ်တတ်ရပ်လိုက်ကာ သူ၏ အင်္ကျီအိတ်တစ်နေရာတွင် ဂုက်ယှု လာဟန်တူသော ဓားချွန်ကလေးဖြင့် ကျွန်တော်၏ရင်ဝဆီသို့ ထိုးစိုက်လိုက်၏။ သို့သော် ခေါင်းမြီးခြုံထားသော မမြတ်နှယ်မှာ ကျွန်တော်ထက် မျက်စိရှင်သဖြင့် ကျွန်တော့်ကို ရှေ့မှဝင်၍ ဒေါက်တာမြတ်သင်း၏ ဓားကို ဆွဲလိုက်၏။ သို့သော် မဆွဲနိုင်တော့ဘဲ ပြင်းထန်သောဓားချက်သည် မမြတ်နှယ်၏ ရင်ပေါ်သို့ ကျသွားလေသည်။

မမြတ်နှယ်သည် ကြမ်းပြင်ပေါ်သို့ လဲကျသွားရှာလေရာ ထိုအချိန်၌ ကျွန်တော်တို့မှာ စိတ်ကို မချုပ်တီးနိုင်တော့ဘဲ သေနတ်ကလေးတွင် ကျန်ရှိ နေသော ကျည်ဆံအားလုံးကို ဒေါက်တာမြတ်သင်း၏ ဦးနှောက်တွင်းသို့ ပစ်သွင်းလိုက်လေ၏။

တိုက်ကြီးအတွင်းနှင့် အဒီးပတ်ဝန်းကျင်ရှိ သူ ဖန်တီးထားသော မကောင်းဆိုးဝါး သတ္တဝါများသည် သူတို့အရှင်သခင် သေသည်ကို သိသကဲ့သို့ အသံများ ရုတ်တရက် တိတ်သွားလေသည်။ ထိုခဏ၌ ကျွန်တော်တို့ ဝင်လာခဲ့ သော တံခါးမကြီး ပွင့်လာပြီးလျှင် မိန်းကလေးတစ်ယောက် ပြေးဝင်လာရာ ထိုမိန်းကလေးကား အခြားမဟုတ်။ ကျွန်တော်နှင့်လက်ထပ်မည့် ကျွန်တော့် အချစ် 'မမြတ်နှယ်'ပင် ဖြစ်လေသည်။

ကျွန်တော်၏ မျက်စိများကိုပင် ကျွန်တော် မယုံနိုင်ချေ။ သို့သော် သူသည်ကား ပကတိ အလှမပျက်သော ကျွန်တော်၏အချစ် မမြတ်နှယ်အစစ် ပင် ဖြစ်တော့၏။ သူသည် ကျွန်တော်၏ရင်ခွင်ထဲ ပြေးဝင်လာရာ ကျွန်တော် လည်း တင်းကြပ်စွာ ဖက်ထားလိုက်မိ၏။

"ဘယ်လိုလဲ အချစ်ရယ်... ပြောစမ်းပါဦး။ ဟိုမှာ သေသွားရှာတာ မမြတ်နှယ် ထင်နေတာ အချစ်ရဲ့"

"သေသွားတဲ့ မိန်းမက သူ့မိန်းမ အစ်ကိုကြီးရဲ့။ ကျွန်မနဲ့ အသားရော ကိုယ်လုံးကိုယ်ပါက်ရော အတူတူလိုပဲ။ ကျွန်မနဲ့ အကိုကြီးနဲ့ တစ်ယောက်နဲ့ တစ်ယောက် တကယ်မေတ္တာရှိနေတယ်ဆိုတာလည်း သူ မခံနိုင်ဘူး။ အလိုလို

 http://www.cherrythitsar.org

ဝန်တိုမစ္ဆရိယ ဖြစ်နေတယ်။ သူကလည်း သူ့မိန်းမကို မုန်းတယ်။ သူ့မိန်းမက လည်း သူ့ကိုမုန်းတယ်။ ဒါပါပဲ အစ်ကိုကြီးရယ်... ဒီပြင်ဟာတွေ နောက်မှ ပြောကြပါစို့ အချိန်မရှိဘူး။ ကျွန်မတို့ မြန်မြန်ပြေးကြမှ ဖြစ်မယ်"

မမြတ်နွယ်သည် သတိကြီးစွာဖြင့် ဖိုးထောင်ကြီးခါးမှ သော့တွဲကြီးကို ဖြုတ်ယူခဲ့ပြီးလျှင် ကျွန်တော်တို့လည်း ပေါ့ပါးသော ပစ္စည်းကလေးများကိုသာ ယူနိုင်ခဲ့၍ မိုးမလင်းမီ ပင်လယ်ကမ်းစပ်သို့ ရောက်ခဲ့ကြလေသည်။

ကမ်းစပ်တွင် ဆိုက်ကပ်ထားသော ဒေါက်တာမြတ်သင်း၏ မော်တော် ဘုတ်ကလေးနှင့်တကွ ၎င်းအပေါ်တွင် စောင့်အိပ်နေသော မော်တော်ဘုတ် မောင်းသမား စိန်ထူးကိုပါ တွေ့ရ၍ ကျွန်တော်က အကျိုးအကြောင်း ပြောပြ သောအခါ စိန်ထူးမှာ သူကိုယ်တိုင် လွတ်မြောက်ပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကျွန်တော်တို့အား 'မြိတ်'သို့ အရောက်လိုက်ပို့ရန် သဘောတူလေ၏။ ဤသို့ ကျွန်တော်တို့မှာ ဤကျွန်းမှ လွတ်မြောက်ခဲ့လေသည်။

ဤမျှနှင့် ကျွန်တော်တို့ အဖြစ်အပျက်မှာ မပြီးသေးပါ။ ကုသိုလ်ကံ အကျိုးပေးနှင့် အကုသိုလ်ကံ အကျိုးပေးတို့သည် တစ်ခါတစ်ရံ ဆက်တိုက် လာတတ်၏။ တစ်ခါတစ်ရံလည်း တစ်လှည့်စီ လာတတ်၏။

ကျွန်တော်တို့ အဖြစ်အပျက်ကို အကျဉ်းချုပ်မျှ ဆက်လက်ရေးသား ရမည် ဆိုသော် ကျွန်တော်တို့သည် ထိုကျွန်းမှ မော်တော်ဘုတ်ဖြင့် ထွက်ခဲ့ပြီး နောက် 'အယ်(လ)ဖင်စတုန်း' ကျွန်း၏ အနောက်မြောက် ၁၀ မိုင်ခန့်အကွာ တွင် မိုးသက်မုန်တိုင်းမိသဖြင့် မော်တော်ဘုတ်ပျက်ရာ ကံကောင်းထောက်မ သဖြင့် ကျွန်တော်တို့နှစ်ယောက်သည် အသက်ကယ်ဘောတစ်ခုကို ရရှိခဲ့၏။ နှစ်ယောက်စလုံး ရေကူးတတ်သူများ ဖြစ်သည့်ပြင် လှိုင်းလေများလည်း မကြာမီ ငြိမ်သက်သွား၍ တစ်နာရီခန့်မျှ ပင်လယ်တွင် မျောပါလျက် ရှိနေပြီးနောက် နံနက် ၈ နာရီခန့်တွင် တရုတ်ပြည်သွား ပင်လယ်ကူးသင်္ဘောတစ်စင်းက ကယ်ပြီးနောက် ဘန်ကောက်မြို့တွင် ချထားခဲ့၏။ ပထမမော်တော်ဘုတ်နှင့် ထွက်လာစဉ်က ကျွန်းတွင် ဒုက္ခခံနေရသူအား ရဲအကူအညီဖြင့် သွားရောက် ကယ်ဆယ်ရန် စိတ်ကူးခဲ့သော်လည်း အခြေအနေအရ မကယ်နိုင်တော့ဘဲ ကမ္မသကာ ဥပေက္ခာပြုလိုက်ရတော့၏။

ထိုအခါမှ ကျွန်တော်လည်း ယိုးဒယားသံအမတ်ကြီးထံ သွားရောက်ပြီးလျှင် အကျိုးအကြောင်း ရှင်းလင်းပြောပြရာ ၎င်း၏အကူအညီဖြင့် ရန်ကုန်သို့ ကောင်းမွန်ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ပါကြောင်း။

ရန်ကုန်သို့ ပြန်ရောက်၍ တစ်ပတ်ခန့်အကြာတွင် ကျွန်တော်သည် မမြတ်နွယ်အား လက်ထပ်လိုက်ပါသည်။

❑

# သံသရာလည်ခြင်း

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ၁၉၃၂-၃၅ ခုနှစ် ပတ်ဝန်းကျင်၌ စပါးဈေးများ အဆမတန် ကျဆင်းပြီးလျှင် ဆင်းရဲသားများလက်၌ ငွေအလွန်ကျပ်တည်းနေသည့် ဘေးကြီးနှင့် လူတိုင်းလိုပင် တွေ့ကြုံခဲ့ကြရ၏။ အထူးသဖြင့် စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတဆရာတို့မှာ ထိုဘေးကြီး၏ဒဏ်ကို အများဆုံး ခံစားကြရသူများ ဖြစ်သည့်အတိုင်း တစ်နေ့သော ညနေစောင်း၌ ပန်းချီဆရာ ကိုစိန်လွင်သည် မိမိ၏ အိတ်ထဲတွင်ရှိသော မတ်စေ့တစ်စေ့ကို စမ်းသပ်ကြည့်ရှုကာ အထက်ပါ အကြောင်းများကို စဉ်းစားလျက်ရှိလေ၏။

ထိုနေ့အတွက် ညစာ မစားရသေးသော်လည်း လမ်းထိပ်ထမင်းဆိုင်မှ ထမင်းကြွေးမှာ သုံးကျပ်ကျော်ကျော်မျှ တင်ရှိနေပြီဖြစ်၍ ဖရေဇာလမ်းထောင့်ရှိ ထမင်းဆိုင်သို့လည်း မသွားဝံ့ဘဲ ရှိတော့၏။ မိမိလက်ခံပြီး အလုပ်များမှာလည်း မပြီးပြတ်သေးသည့်အပြင် စရန်အဖြစ် ယူ၍သုံးထားသော ငွေများမှာလည်း အတော်ပင်များနေပြီဖြစ်၍ နောက်ထပ်ရရန် မျှော်လင့်ချက်တစ်စုံတစ်ရာ မရှိတော့ချေ။

ထိုအချိန်က တစ်မတ်တန် ဝတ္ထုမျက်နှာဖုံးတစ်ပုံအတွက် ၅ ကျပ်မျှလည်းကောင်း၊ အတွင်းပုံနှင့် တစ်ကြောင်းဆွဲ ပုံကြမ်းများအတွက် ၃ ကျပ်မျှလည်းကောင်း အခကြေးငွေရရှိရာ နာမည်ကြီး ပန်းချီဆရာများအတွက် 'ရရစားစား' ဘဝမှပင် မတက်နိုင်ကြချေ။ ကိုစိန်လွင်မှာ အတော်အတန် နာမည်

ရပြီး ပန်းချီဆရာတစ်ယောက်ဖြစ်၍ ၃၁ လမ်းတွင် တိုက်ခန်းကလေးတစ်ခန်းကို တစ်လလျှင် ၁၀/– ဖြင့် ငှားရမ်းနေထိုင်ခဲ့သူ ဖြစ်၏။ လူပျိုတစ်ယောက် ဖြစ်သည့်အတိုင်း အိမ်မှ ထွက်သည့်အခါ သော့ခလောက်ကို အစောင့်ထားခဲ့၍ ထမင်းကိုလည်း လမ်းထိပ်ရှိ ကုလားဆိုင်တစ်ဆိုင်တွင် စားလေ့ရှိ၏။ ဆိုင်ရှင် ကုလားကြီးကလည်း သဘောကောင်းပြီးလျှင် ကိုစိန်လွင်ကိုလည်း မျက်မှန်း တန်းပြီး ဖြစ်သည့်အတိုင်း လက်ငင်းမပေးနိုင်သည့်အခါ စာရင်းစာအုပ်တွင် အကြွေး မှတ်သားထားခဲ့လေသည်။ ထို့အပြင် အခကြေးငွေ ရသည့်အခါများ တွင်လည်း လုံးလုံးခဲခဲ မရတတ်ဘဲ လီ၍ရတတ်သောကြောင့် လဆန်းသော အခါများ၌ အိမ်လခ ၁၀/– ကိုပင် တစ်ခါတစ်ရံ မပေးနိုင်ဘဲ အကြွေးတင်ခဲ့ ရလေသည်။

ကိုစိန်လွင်သည် စားပွဲပေါ်၌ အခန့်သင့် တွေ့ရသော ထိုနေ့ထုတ် သူရိယ သတင်းစာကို အမှတ်မထင် လှန်လှောကြည့်မိရာ ရေကျော်ရပ်၊ မြောင်းကြီးလမ်းမှ စာရေးဆရာ အောင်သိဒ္ဓိ ဆိုသူအား အိမ်လခ မပေးနိုင်သဖြင့် အိမ်ရှင်က တရားစွဲဆိုထားခြင်းဟူသော သတင်းတစ်ပုဒ် တွေ့ရသဖြင့် စိတ်ပျက် လက်ပျက်ဖြစ်ကာ သတင်းစာကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်လေသည်။

ထိုညဉ့်အဖို့ မိမိ၌ လက်ကျန်ရှိသေးသော ပိုက်ဆံတစ်မတ်သည် ဖရေဇာ လမ်းရှိ ဈေးပေါပေါရောင်းသော ကုလားဆိုင်တစ်ဆိုင်တွင် သွား၍ စားမည် ဆိုက တစ်နပ်စာအတွက် ကောင်းစွာ ဖူလုံသေး၏။ မည်သူမျှလည်း သိမည် မဟုတ်ပေ။ နာမည်ရပန်းချီဆရာတစ်ယောက်ကို ၆ ပြား ၁ မူးနှင့် ဝသော ကုလားထမင်းဆိုင်၌ တွေ့ခြင်းသည်လည်း ထူးဆန်းသော အရာတစ်ခု မဟုတ်ပေ။

သို့သော် မိမိ၏ ဂုဏ်ကိုသာမက အနုပညာလောကကိုပါ တစ်နည်း အားဖြင့် ထိခိုက်စေမည့် အကြောင်းများကို စဉ်းစားမိသောအခါ ငွေကြေး ကျပ်တည်းလှသော ခေတ်ကြီးကို အမျိုးမျိုး စိတ်နာပြီးလျှင် ယူကျုံးမရ ဖြစ်မိရှာ၏။ ယခုလတ်တလော အရေးကြီးသည့်ကိစ္စမှာ မိမိနေသော အခန်းရှင် အဒေါ်ကြီးအား အခန်းခကျန်ငွေ ၁၀/–ကို နောက်တစ်နေ့ပေးရန် ချိန်းထား သဖြင့် အကယ်၍ မပေးနိုင်က မိမိအား ထုံးစံအတိုင်း တရားစွဲဆို၍ နှင်ချတော့ မည့်ကိစ္စ ဖြစ်လေသည်။

သို့သော် မိမိစိတ်ကို ချမ်းသာစေရန်အတွက် အချက် ၂ ချက်ကား ရှိသေး၏။ ပထမအချက်မှာ စဉ့်အိုးတန်းပွဲစားကြီး ဦးဘထွား ဆိုသူထံမှ ၎င်း၏ဓာတ်ပုံကို ပုံတူပုံကြီးချဲ့၍ ဆွဲပေးခအတွက် ကျန်နေသော ငွေ ၁၀/ မှာ နောက်တစ်နေ့နံနက်၌ ရရန်ရှိ၍ ဒုတိယအချက်မှာ ဆူးလေဘုရားစာအုပ်ဆိုင် တစ်ဆိုင်မှ ဝတ္ထုစာအုပ် မျက်နှာဖုံးတစ်ခု ရေးပေးရမည့်အတွက် စရန် ၂ ကျပ်ကို ထိုနေ့နံနက်ပင် လာ၍ပေးပါမည်ဟူသော အချက်များ ဖြစ်လေသည်။

ကိုစိန်လွင်၏စိတ်ကူးမှာ ဦးဘထွားထံမှ ငွေ ၁၀/– ရလျှင် ၎င်းငွေကို အခန်းလခပေး၍ ဝတ္ထုမျက်နှာဖုံးရေးခ စရန်ငွေ ၂ ကျပ် ရသောအခါ ထိုနေ့အဖို့ ပျော်ရွှင်စွာ သုံးစွဲရတော့မည်ဟု စိတ်ကူးထား၏။ သို့ဖြစ်ရကား ထိုညဉ့်အဖို့ 'ကုလားဟိုတယ်' မှ 'တမူးဒင်နာ'ကို မြိန်ရှက်စွာ စားသောက်ပြီးလျှင် ချမ်းမြေ့စွာ အိပ်စက်ရလေ၏။

နောက်တစ်နေ့နံနက်၌ ကိုစိန်လွင်သည် ဆူးလေဘုရားစာအုပ်ဆိုင်မှ လူကိုလည်းကောင်း၊ စဉ့်အိုးတန်းမှ ပွဲစားကြီး ဦးဘထွားကိုလည်းကောင်း မျှော်၍နေမိရာ မိမိအိမ်ရှေ့ အနီးအနားတွင် လန်ချားများရပ်တိုင်း အခန်းပေါက်ဝသို့ ထွက်၍ကြည့်မိလေ၏။ ၈ နာရီထိုးသော်လည်း တစ်စုံတစ်ယောက်မျှ ပေါ်၍မလာချေ။ တိုက်ရှင်အဒေါ်ကြီးမှာ ၉ နာရီ ချိန်းထားသဖြင့် ၉ နာရီဘက်သို့ နာရီလက်တံ ရွေ့၍သွားတိုင်း ရင်ထဲတွင် တထိတ်ထိတ် ဖြစ်၍ နေမိ၏။

ကိုစိန်လွင်မှာ ထိုအချိန်အထိ လက်ဖက်ရည် မသောက်ရသေးသော်လည်း လက်ဖက်ရည်ကို သတိရသည်ထက် ပွဲစားကြီး ဦးဘထွားကို သာ၍ သတိရမိ၏။

၈ နာရီ ခွဲသောအခါ သူငယ်ကလေးတစ်ယောက်သည် အခန်းထဲသို့ ပြေးဝင်လာ၍ ကိုစိန်လွင် လက်ထဲသို့ ငွေ ၅/– ထည့်ပြီးနောက်–

"ကျွန်တော်တို့အစ်ကိုက ဒီငွေ ၅/–ပဲ ယူထားပါဦးတဲ့ ခင်ဗျ"

"မင်းက ကိုသွယ်ညီလား..."

"ဟုတ်တယ်ခင်ဗျ"

"သူ နှစ်ကျပ် ပေးမယ်လို့ သေသေချာချာ ပြောပြီးသားပဲကွယ်"

"ဟုတ်တယ် ခင်ဗျ။ နို့ပေမယ့် ဈေးရောင်းမကောင်းလို့ ဒါပဲ ယူပါဦးလို့ မှာလိုက်ပါတယ်"

"အေးကွယ် ကောင်းပြီ။ ကျေးဇူးတင်ပါတယ်။ မင်းအစ်ကို ပြောလိုက်ပါတော့"

သူငယ်ကလေး ထွက်သွားသောအခါ ကိုစိန်လွင်သည် စဥ့်အတိုးတန်းသို့သွားရန် အချိန်မရှိသည်ကို စဥ်းစားပြီးလျှင် နံနက်စောစောက သွား၍ ငွေမတောင်းမိသည်ကို ဝမ်းနည်းမိ၏။

သို့သော် နာရီလက်တံသည် ၉ နာရီထိုးရန် ၁၅မိနစ်မျှ လိုတော့သည်ဖြစ်၍ နှုတ်သီးကောင်းသော တိုက်ရှင်အဒေါ်ကြီးအား ယခုတစ်ကြိမ်တွင် တတ်နိုင်သမျှ တောင်းပန်ရတော့မည်ဟု အောက်မေ့ကာ လမ်းထိပ်သို့ စိတ်ပြေလက်ပျောက် ထွက်ခဲ့ပြီးလျှင် လက်ဖက်ရည်သောက်ပြီးနောက် အိမ်ခန်းသို့ပြန်ခဲ့လေ၏။

မြို့စားများ ပျက်ကွက်တတ်သလောက် မြို့ရှင်တို့သည် အချိန်မှန်တတ်သည်ဖြစ်ရာ အိမ်ရှင်မိန်းမကြီးသည် ကိုစိန်လွင်၏ အခန်းသို့ ၉ နာရီနှင့် ၅ မိနစ်တွင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်၍လာခဲ့လေသည်။

"ဘယ့်နှယ်လဲ မောင်... ဒီတစ်ခါ ပျက်ဦးမှာလား"

"အားနာစရာတော့ ဖြစ်နေပြီကော ဒေါ်ဒေါ်။ လူတစ်ယောက်က ကျွန်တော့်အပေါ်မှာ စကားဖျက်တော့ ကျွန်တော်ကတစ်ဆင့် ဒေါ်ဒေါ့်အပေါ်မှာ ဖျက်ရတာပဲ ဒေါ်ဒေါ်ရဲ့"

"လူတစ်ယောက် စကားဖျက်တာ မဖျက်တာ အဒေါ် နားမလည်ဘူးလေ။ အရင်လကကျန်တဲ့ ငွေ ၁၀/– မပေးဘူး ပေးမယ် ပြောပါ"

"အခု ပြောပြီကော ဒေါ်ဒေါ်... ဟိုလူ့ဆီက ရမှ အဒေါ့်ငွေကို ကျွန်တော် ပေးနိုင်မှာပဲ ဒေါ်ဒေါ်ရဲ့..."

"ကိုင်း... မောင်စိန်လွင်... ဒေါ်ဒေါ် တစ်ခုပြောမယ်..."

"ပြောပါ ဒေါ်ဒေါ်..."

"မင်း ဒီလိုချည်း ရက်ချိန်းပေးနေတာ ၄ ခါ ရှိပြီကွယ့်"

"မှန်ပါတယ် ခင်ဗျ..."

"ဒီတစ်ခါ နောက်ဆုံးပဲကွယ့်နော်။ ဒီကနေ့ည ၁၀ နာရီကို အဒေါ်လာခဲ့မယ် ကြားလား..."

"နက်ဖြန်ထိအောင်တောင် မဆိုင်းနိုင်တော့ဘူးလား ခင်ဗျာ"

"မဆိုင်းတော့ဘူးဟေ့... နက်ဖြန်မနက်ကျရင် ရုံးတင်တော့မယ်။ ဒီဟာ နောက်ဆုံးပဲ"

အိမ်ရှင်အဒေါ်ကြီး ဆင်းသွားပြီးနောက် ကိုစိန်လွင်သည် စဥ့်အိုးတန်းသို့ သွားပြီးလျှင် ဦးဘထွားထံမှ ငွေ ၁၀/– ကို တောင်းလေ၏။ ထိုအခါ ဦးဘထွားက မိမိမှာ စကားပျက်ရသည့်အတွက် အထူးဝမ်းနည်းကြောင်း၊ ပွဲစားဟု အမည်ခံ၍ အလုပ်လုပ်နေသော်လည်း တစ်ခါတစ်ရံ ငွေ ၁၀/– ပင် အလွန်ခဲယဥ်းကြောင်း၊ ယခုညတွင် မည်သည့်နည်းနှင့်မျှ မရနိုင်ကြောင်း၊ သို့သော် နောက်တစ်နေ့ညတွင် ဆက်ဆက်ရမည့်အကြောင်း ပြောဆိုတောင်းပန်လွှတ်လိုက်ရာ ကိုစိန်လွင်လည်း စိတ်ပျက်ပျက်နှင့် အိမ်သို့ ပြန်ခဲ့ရလေ၏။

နံနက်စာ စားသောက်ပြီးနောက် ကိုစိန်လွင်သည် ဝတ္ထုမျက်နှာဖုံးအတွက် စ၍ ရေးဆွဲလေရာ စိတ်ကူးဖြင့်လုပ်ရသော အလုပ်တို့မည်သည် စိတ်လက်ပျော်ရွှင်မှသာ လက်က ပါတတ်သည့်အတိုင်း စိတ်ထင်သလောက် မပေါက်ဘဲ ရှိနေသည်ကို တွေ့ရသဖြင့် ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် ပစ်လှဲကာ စီးကလက်တစ်လိပ်ကို မီးညှိသောက်ပြီးနောက် အကြံထုတ်လျက် ရှိနေလေ၏။

အကယ်၍ ဝတ္ထုအတွက် မျက်နှာဖုံးကို ညနေ၌ အပြီးရေးဆွဲပေးနိုင်စေကာမူ ကိုသွယ်သည် ကျန်ငွေကို ပေးနိုင်မည် မဟုတ်ချေ။ ကိုသွယ့်ထံမှ ငွေရသော်လည်း အိမ်လခပေးရန် မလောက်သေးကြောင်းကိုလည်း စဥ်းစားမိလေ၏။

ထိုအချိန်တွင် အကြံတစ်ခုရသည်နှင့် မိမိနှင့် အခန်းချင်း ကပ်လျက်နေသော အခန်းမှ စာရေးကြီး ဦးဘမောင်ထံ သွားပြီးလျှင် တစ်ဆယ်တန် ငွေစက္ကူတစ်ချပ်မှ အတွင်းစာလုံးများကို ပုံတူရေးဆွဲရန်ဟု အကြောင်းပြပြီးလျှင် ခေတ္တတောင်းရာ ဦးဘမောင်လည်း ငွေစက္ကူအသစ်တစ်ချပ်ကို ချောမောစွာ ပေးလိုက်လေ၏။ ထိုအခါ ကိုစိန်လွင်သည် အခန်းတံခါးများကို လုံခြုံအောင် ပိတ်ပြီးနောက် 'ဘင့်'ခေါ် ငွေစက္ကူနှင့် အတူဆုံး၊ အကောင်းဆုံး စက္ကူတစ်ချပ်

ကို တစ်ဆယ်တန်နှင့် အတိအကျ တိုင်း၍ဖြတ်ပြီးလျှင် ၎င်းအပေါ်၌ တစ်ဆယ်တန်ငွေစက္ကူနှင့်တူအောင် ကူးယူရေးဆွဲလျက် ရှိလေ၏။

ဝတ္ထုရေးဆရာနှင့် ပန်းချီဆရာတို့မှာ ငွေကို ဘန်းပြ၍ နိုင်းစေခြင်းခံရသော အခါ၌လည်းကောင်း၊ ထိုက်တန်သလောက် အဖိုးသားနားရသော အခါတို့၌လည်းကောင်း လွန်စွာပင် စိတ်ပါလျက် မိမိတို့၏ လက်စွမ်းကို အစွမ်းကုန် ပြတတ်ကြမြဲ ဖြစ်လေရာ ကိုစိန်လွင်သည်လည်း တစ်နေ့လုံး စိတ်ပါလက်ပါ ကူးယူရေးဆွဲလျက် ရှိလေ၏။ အရောင်စပ်ရာ၌ပင် အလွန်သတိပြု၍ မတူ,တူအောင် တတ်နိုင်သမျှ ကြိုးပမ်းလျက် ရှိလေသည်။

နေ့လည်သို့ ရောက်သောအခါ လက်ဖက်ရည် သောက်ရန်ကိုပင် သတိ မရတော့ဘဲ ဆက်လက်ရေးဆွဲပြန်ရာ ညနေ ၆ နာရီ ထိုးသောအခါ အနည်းငယ် အချောသတ်ရန်မျှသာ ကျန်တော့၏။ ထို့နောက် ညစာကို လျင်မြန်စွာ စားသောက်ပြီးလျှင် မိမိရေးဆွဲသော ပုံတူစက္ကူကို နောက်ဆုံး အချောသတ်လျက်ရှိရာ ည၌ ၈ နာရီ ထိုးသောအခါ၌ကား ငွေစက္ကူအစစ်နှင့် တစ်သွေမတိမ်းတူလှသော ငွေစက္ကူတစ်ချပ်ကို ရရှိလေ၏။ ထိုအခါ ကိုစိန်လွင်သည် ဦးဘမောင်၏ ၁၀/-တန် စက္ကူကို ပြန်၍ပေးလိုက်ပြီးနောက် မိမိ၏ လက်စွမ်းကို ချီးမွမ်း၍မကုန်နိုင်အောင် ရှိလေသည်။ ငွေစက္ကူအစစ်နှင့်တူအောင် အဖျားများကို အနားသတ်ပုံ၊ ရေစာကိုပင် ငရဲမီးဆေးတစ်မျိုးဖြင့် ထည့်နိုင်ပုံ တို့မှာ အံ့သြလောက်ပေ၏။

၉ နာရီနှင့် ၅ မိနစ်ခန့်၌ တံခါးကိုခေါက်သံ ကြားသဖြင့် ဖွင့်လိုက်ရာ အချိန်မှန်လှသော အိမ်ရှင်မိန်းမကြီးနှင့် တံခါးဝတွင် ပက်ပင်းပါ တိုးမိလေသည်။

“အဆင်သင့်လိုက်တာ ဒေါ်ဒေါ်ရယ်... ကျွန်တော်ပြောတဲ့လူ အခုတင်ကပဲ လာပြီး ငွေပေးသွားတယ်”

“ကောင်းပါလေရဲ့ကွယ်...”

“ရော့- ဒေါ်ဒေါ်...”

အိမ်ရှင်မိန်းမကြီးသည် ကိုစိန်လွင်ပေးသော ငွေစက္ကူကို ခေါက်၍ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးလျှင် တိုက်ပေါ်မှ ဆင်းသွားလေရာ ကိုစိန်လွင်

မှာ ရယ်လည်းရယ်ချင်၊ အစိုးရအပြစ်ဒဏ်ကိုလည်း ကြောက်ရွံ့ကာ အမျိုးမျိုးတွေးတောရင်း ရင်ထဲတွင် တထိတ်ထိတ်နှင့် ကျန်ရစ်ခဲ့လေ၏။

ထိုအချိန်သည်ကား ပူအိုက်သော နွေရာသီဖြစ်သဖြင့် ကိုစိန်လွင်မှာ မအိပ်နိုင်သေးဘဲ အိမ်ရှေ့ပြတင်းပေါက်များကို ဖွင့်ကာ စီးကရက်တစ်လိပ်ကို သောက်ရင်း လမ်းဘက်သို့ ကြည့်နေစဉ် လန်ချားတစ်စီးသည် တိုက်ရှေ့သို့ ဆိုက်လာပြီးနောက် ပွဲစား ဦးဘထွားသည် အခန်းတွင်းသို့ ဝင်လာလေ၏။

"ဘယ့်နှယ်လဲ… အတော်တောင် ညဉ့်နက်သွားပြီ။ ဘယ်က လှည့်လာတာလဲ ဦးရဲ့…"

"မောင့်ငွေကလေး ပေးရအောင် တမင်ဝင်လာခဲ့တာပဲ မောင်ရေ့… နို့မောင်က ဒီကနေ့ည အင်မတန် အသုံးလိုတယ်ဆို…"

"မှန်ပါတယ် ခင်ဗျာ…"

"ရုပ်ရှင်ကအပြန် ငွေ ၁၀/– ရစရာရှိတာနဲ့ ဝင်ပြီးတောင်းတာ အခန့်သင့်ပဲရလာတော့ မောင့်မှာလည်း အင်မတန် အသုံးလိုနေတယ်ဆိုတာနဲ့ နက်ဖြန်ထိအောင် မဆိုင်းတော့ဘဲ လမ်းလည်းကြုံတာနဲ့ ဝင်လာတာပဲ မောင်ရေ့"

"ကျေးဇူးတင်ပါတယ် ဦးရယ်…"

"ဦးက လက်ထဲ ငွေရှိရင် မနေတတ်ဘူး မောင်ရဲ့။ ပေးစရာရှိရင် ပေးရမှ စိတ်အေးတယ်… ရော့– မောင့်ငွေတစ်ဆယ်"

ဦးဘထွားသည် ၁၀/–တန် စက္ကူတစ်ချပ်ကို ကိုစိန်လွင့်လက်သို့ လှမ်းပေးလိုက်၏။ လက်ထဲသို့ ငွေစက္ကူ ရောက်သည်နှင့်တစ်ပြိုင်နက် ထိုစက္ကူမှာ အိမ်ရှင်အဒေါ်ကြီးအား မိမိပေးလိုက်သော ငွေစက္ကူအတုဖြစ်ကြောင်း ချက်ချင်းပင် သိလိုက်လေသည်။

သို့သော် ကိုစိန်လွင်သည် တစ်စုံတစ်ရာမပြောဘဲ ငွေစက္ကူကိုသာ ရုပ်အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်ပြီးနောက်–

"ဟုတ်တယ် ဦးရဲ့။ ငွေများဟာ ကိုယ်က ရစရာရှိရင် ဂျီရိ,ဂျာရိနဲ့ တော်တော်နဲ့ မရနိုင်ဘူး။ ပေးစရာရှိရင်သာ မျောမျောခေါ်ခေါ် ပေးလိုက်ရတာ"

"ဟုတ်တယ် မောင်… ဒီလိုပါပဲ။ အခုလည်း မိန်းမတစ်ယောက်က မြင်းကျွေးဖို့ ကျုပ်ဆီက ကုလားပဲဝယ်တာ တစ်လကျော်ကျော်လောက် ရှိပြီ။ ငွေ ၁၀/– ကျန်နေတာ အခုညမှပဲ ရခဲ့ပေတော့တယ်။ ဒီမိန်းမက အင်မတန်

လက်ခက်တဲ့မိန်းမ မောင်ရဲ့။ သူက ရစရာရှိရင်လား အစိမ်းဝါးပြီး စားတော့မယ့် အတိုင်းပဲ”

“ဘယ်က မိန်းမကြီးလဲခင်ဗျ”

“မောင်တို့နေတဲ့ တိုက်ရှင်ကုလားမကြီးပေါ့။ ကုလားသူဌေး ဂူလတန်ရဲ့ မိန်းမလေ…”

“သြော်…”

“ကဲ– ဦး ပြန်ဦးမယ်…”

“ကောင်းပါပြီ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်”

ပွဲစားကြီး ဦးဘထွား ပြန်သွားပြီးနောက် ကိုစိန်လွင်သည် မိမိအိတ်ထဲတွင် ထည့်ထားသော ငွေစက္ကူခေါက်ကလေးကို ထုတ်ယူလိုက်ပြီးနောက် “ကြံကြံဖန်ဖန် ဖြစ်မှ ဖြစ်တတ်ပလေကွယ်။ အင်း… လိမ်တယ်ဆိုတာ နောက်ဆုံးကျတော့ ကိုယ့်ပြန်ထိတတ်စမြဲပဲ။ သံသရာလည်တယ်ဆိုတာလည်း ဒါမျိုးပဲ ထင်ပါရဲ့။ ကံခေတဲ့ ငနဲ မွဲတာပဲကောင်းတယ်”

ကိုစိန်လွင်သည် ပက်လက်ကုလားထိုင်ပေါ်သို့ ကိုယ်ကိုပစ်လှဲကာ သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ငွေစက္ကူခေါက်ကလေးကို အစိတ်စိတ် အမြွာမြွာ ဆုတ်ပစ်လိုက်လေသည်။

**ငွေတာရီမဂ္ဂဇင်း**

**၁၉၆၉ ခုနှစ်၊ မေလ**

# ၁၁ နာရီ အော်သံ

သူတို့၌ စိတ်ထဲတွင် တစ်စုံတစ်ရာ ဒွိဟ ရှိနေခဲ့သော်လည်း ထိုဒွိဟကို မေ့လျော့ပစ်လိုက်ခြင်းဖြင့်လည်းကောင်း၊ နှစ်ခုအနက် တစ်ခုကို ရွေးချယ်ပြီးလျှင် ၎င်း၏ အကျိုးသက်ရောက်မှုများနှင့် လိုက်လျောကာ ချိန်ကိုက်ခြင်းအားဖြင့်လည်းကောင်း ထိုစိတ်၏ ပဋိပက္ခမှုကို နှိမ်နင်းနိုင်၏။

စိတ်မနံ့သူများမှာမူ ရုတ်တရက် မေ့လျော့ပျောက်ပျက်သွားခြင်းလည်း မရှိ၊ နှစ်ခုအနက် တစ်ခုကို ရွေးချယ်နိုင်ခြင်းလည်း မရှိသောကြောင့် စိတ်ပင်ပန်းဆောက်ကျိုလာပြီးလျှင် 'ရူးသွပ်သည်'ဟူသော အခြေအနေသို့ ရောက်ရှိကြရ ရှာလေသည်။

တစ်စုံတစ်ရာ ဖြစ်ပေါ်လာသော စိတ်တစ်ခုသည် အလားတူ အခြားယှဉ်ပြိုင်ဖြစ်ပေါ်လာသည့် စိတ်တစ်ခုဖြင့် တပ်တပ်မတ်မတ် ချိန်ကိုက်မှု ရှိမှသာလျှင် အထက်ပါအတိုင်း အမြင်မှန်ကို ရနိုင်လေသည်။

ဥပမာအားဖြင့် ဝက်အူရစ်ရှိသော ဘူးတစ်ခုကို ဝက်အူရစ်ရှိသော အဖုံးဖြင့် ပိတ်မှသာ လုံခြုံသကဲ့သို့ ကျွန်ုပ်တို့စိတ်သည်လည်း အတွေးအဆတွင် အံမချော်စေဘဲ ချိန်ကိုက်အောင် စဉ်းစားနိုင်မှသာ အမြင်မှန်သို့ ရောက်နိုင်လေသည်။

အချို့လူများ၌ ဝက်အူရစ်များ တုံး၍နေသော ပုလင်းနှင့် ဘူးဆို့ကဲ့သို့ တစ်ခါတစ်ရံလည်း အံကျ၍ သွားတတ်၏။ သို့ဖြစ်၍ အချို့လူသတ်မှုများတွင်

တရားခံသည် ရူးသွပ်သောကြောင့် "သတ်မိပါသည်"ဟူသော ခုခံချက်ကို စဉ်းစားရာ၌ တရားခံသည် အချိန်ပြည့် ရူးသွပ်နေသူ ဖြစ်သလော သို့မဟုတ် သူ၏စိတ်သည် တစ်ခါတစ်ရံ 'အံကျ'လျက် တစ်ခါတစ်ရံတွင် 'အံချော်'ခြင်း ရှိလေသလော၊ ထိုလူသတ်မှုကို ကျူးလွန်စဉ်အခါက ထိုအချိန် နှစ်ချိန်အနက် မည်သည့်အချိန်၌ 'ကျူးလွန်လေသနည်း'ဟူ၍ ဆန်းစစ် စဉ်းစားရလေသည်။ အကယ်၍ တရားခံသည် 'အံချော်'နေသည့် အခိုက်အတန့်၌ သတ်ဖြတ်ခဲ့ပါမူ ရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာမရောက်ဟု ဥပဒေက ကင်းလွတ်ချက် ပေးထားလေသည်။

ကျွန်ုပ်တို့ ယခု ရေးသားအံ့သော ဝတ္ထု၌ ရေးအင်္ဂလိပ်ခေတ်တွင် စစ်မှုထမ်းခဲ့ဖူးသော 'စစ်ဗိုလ်ဟောင်း အငြိမ်းစား အရာရှိ ဦးအံ့ကျော်'ဆိုသူမှာ အသက် ၅၅ နှစ်ခန့်မျှ ရှိပြီဖြစ်၍ လူရိုးလူအေးကြီးတစ်ယောက် ဖြစ်သော်လည်း မကြာခဏ စိတ်အံချော်တတ်သူတစ်ယောက် ဖြစ်၏။ ဇနီးဖြစ်သူ ဒေါ်မြခင်မှာမူ အသက် ၄၉ နှစ်မျှသာ ရှိသေး၍ ခေတ်ပညာတတ် အမျိုးသမီးကြီးတစ်ယောက် ဖြစ်၍ အရာရာတွင် စဉ်းစားနိုင်းချိန်၍ လုပ်တတ်သူတစ်ယောက် ဖြစ်ပြီးလျှင် လင်ယောကျ်ားကိုလည်း ရိုသေကိုင်းရှိုင်းသူတစ်ယောက် ဖြစ်လေသည်။

သူတို့သည် ရန်ကုန်၌ အေးချမ်းစွာ နေထိုင်သွားရန် မန္တလေးမြို့မှ ပြောင်းရွှေ့လာကြသူများဖြစ်၍ အသိမိတ်ဆွေများအိမ်တွင် ခေတ္တ တည်းခို နေထိုင်ပြီးနောက် လောင်းဝစ်လမ်း၌ အတော်အတန် ကျယ်ဝန်းသော ခြံနှင့် အိမ်ကြီးတစ်လုံးကို ငှားရမ်းရရှိသောအခါ ထိုအိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြ၏။ ဇနီးမောင်နှံတို့မှာ သားသမီး မထွန်းကားသဖြင့် ဒေါ်မြခင်ဘက်မှ တူမဝမ်းကွဲတော်စပ်သူ မုဆိုးမတစ်ယောက်နှင့် အိမ်တွင် တောက်တိုမယ်ရ ခိုင်းရန် သူငယ်လေးတစ်ယောက်သာ ပါရှိခဲ့လေသည်။

အိမ်ကြီးမှာ ထားဝယ်မြို့မှ သတ္တုတွင်း သူဌေးတစ်ဦးပိုင်၍ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က ဆောက်လုပ်ထားခဲ့သော တိုက်ခံအိမ်ဟောင်းကြီးတစ်လုံး ဖြစ်၏။ နှစ်ပေါင်းတာရှည်စွာ တည်ရှိခဲ့သော်လည်း သစ်မှန်သစ်ကောင်းများဖြင့် ဆောက်လုပ်ထားသောကြောင့် အတော်ပင် ဟောင်းနွမ်းနေပြီ ဖြစ်သော်လည်း အပျက်အစီးများ မရှိလှသေးချေ။ ထို့ပြင် သူဌေး၏ကိုယ်စားလှယ်ဖြစ်သူ ဦးအောင်စိန် ဆိုသူကလည်း ထိုအိမ်ကြီးအတွက် အိမ်ငှား ချထားရုံမျှမက

အိမ်ကြီးကိုလည်း အချိန်အခါအရ သင့်လျော်သလို ပြုပြင်ပေးနေသဖြင့် ပျက်စီးယိုယွင်းခြင်း မရှိလှသေးဘဲ ဤမျှလောက် အချိန်ကြာသည့်တိုင်အောင် တည်ရှိနေခဲ့ခြင်း ဖြစ်၏။ ဦးအံ့ကျော်မှာ မြို့ထဲတွင် တိုက်ခန်းများကို အလွယ်တကူ ငှားရမ်းရရှိနိုင်သော်လည်း လူရှုပ်၍ စိတ်အေးချမ်းမှု မရဟုဆိုကာ ဤအိမ်ကြီးကို လခ ၁၅၀/–နှင့် ကိုယ်စားလှယ် ဦးအောင်စိန်ထံမှ ငှားရမ်းခဲ့ခြင်း ဖြစ်လေသည်။

ထိုအိမ်ကြီးကို ငှားရမ်းရရှိသောအခါ ဦးအံ့ကျော်ဇနီးမောင်နှံတို့မှာ လွန်စွာပင် ဝမ်းမြောက်ကြလျက် အိမ်ငှားစာချုပ်ကို ချုပ်ဆိုသည့်နေ့၌ပင် အိမ်ကြီးနှင့်တကွ ခြံဝင်းကိုပါ အမှိုက်သရိုက် လှဲကျင်းသုတ်သင်ပြီးလျှင် နောက်တစ်နေ့၌ အိမ်ထောင်မှု ပရိဘောဂများကို လော်လီကားတစ်စီးဖြင့် တင်ကာ ပြောင်းရွှေ့ခဲ့ကြ၏။

အိမ်ကြီးသို့ နေ့လည်ခင်းတွင် ရောက်ရှိ၍ ဇနီးမောင်နှံနှင့်တကွ အိမ်သားများပါ အိမ်ထောင်ပရိဘောဂများကို သူ့နေရာနှင့်သူ နေသားတကျ ရှိစေရန် ပြင်ဆင်ထားသိုလျက် ရှိကြရာ ညဉ့်ဦးအချိန်သို့ပင်တိုင် ရောက်ခဲ့လေသည်။ ထိုနေ့ညစာကို အိမ်တွင် ချက်ပြုတ်၍ မစားနိုင်ဘဲ တူမဖြစ်သူ မလှရီနှင့် အိမ်ဖော်သူငယ်လေး မြမောင်တို့အား ထမင်းဆိုင်တစ်ဆိုင်သို့ သွားရောက်ဝယ်ယူစေပြီးလျှင် စားသောက်ကြရ၏။ ထိုနေ့၌ ဓာတ်မီးများလည်း ဆက်သွယ်ခြင်း မပြုရသေးသဖြင့် ရေနံဆီမှန်အိမ်များ၊ မီးခွက်များနှင့် ဖယောင်းတိုင်များ ထွန်းကာ ဖြစ်သလို နေကြရလေသည်။

အိမ်ကြီးအောက်ထပ်မှာ တမံတလင်းပင် ဖြစ်သော်လည်း လျှာထိုးပျဉ်များ ခင်းထား၏။ အိမ်ရှေ့ဧည့်ခန်း၏ နောက်ဘက်တွင် အိပ်ခန်းတစ်ခန်းစီ ရှိ၏။ သို့နှင့် ဦးအံ့ကျော် ဇနီးမောင်နှံတို့က ခေါင်းရင်းဘက်အိပ်ခန်း၌ အိပ်ပြီးလျှင် မလှရီက ခြေရင်းဘက်အိပ်ခန်း၌ အိပ်ရန် ပြင်ဆင်ထား၏။ မြမောင်အတွက်ကိုမူ အိမ်ရှေ့ခန်းတွင် အိပ်ရန်နေရာ ပေးထားလေသည်။

အပေါ်ထပ်၌ကား ခေါင်းရင်းဘက်တွင် အိပ်ခန်းမရှိဘဲ ခြေရင်းဘက်၌သာ လှေကားတည့်တည့် အခန်း ၂ ခန်း ရှိ၏။ ရှေ့ခန်းမှာ အိပ်ခန်းပြုလုပ်နိုင်သော်လည်း အိမ်ရှင်ပိုင် အိမ်ထောင်ပရိဘောဂများ ရှိသဖြင့် မကျယ်ဝန်းလှချေ။ နောက်ခန်းမှာမူ စတိုခန်းဖြစ်၍ အတွင်း၌ သံကုတင်ဟောင်းတစ်လုံး

နှင့် စားပွဲဝိုင်းတစ်လုံးသာ ရှိ၏။ နေ့လည်တွင် အိမ်ကို ရှင်းလင်းကြစဉ်အခါက ထိုအခန်းများကို လှဲကျင်းသုတ်သင်ခြင်း မပြုသဖြင့် ဖုန်နှင့်သောသော ရှိနေကြ၏။ အောက်ထပ်မှ အိမ်ခန်းများ ခြေရင်းခေါင်းရင်း ရှိနေသည့်ပြင် အထွက်အဝင်၊ အသွားအလာလည်း လွယ်ကူသဖြင့် အိမ်သားအားလုံးပင် အောက်ထပ်၌ အိပ်ရန် ဦးအံ့ကျော်က ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

တစ်နေ့လုံး အလုပ်လုပ်ကြသဖြင့် အတော်ပင် မောပန်းကြပြီ ဖြစ်သောကြောင့် ညဥ့် ၉ နာရီခန့်တွင် အနီးဆုံး လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ မြမောင်အား ကော်ဖီကို ချိုင့်ဖြင့် ဝယ်စေပြီးနောက် အိမ်သားများအားလုံး သောက်ကြ၏။ ကော်ဖီများ သောက်ပြီးနောက် မလှရီနှင့် မောင်မြမောင်တို့မှာ တစ်နေ့လုံး မောပန်းထားသဖြင့် ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် တစ်ဖြုံင်နက် အိပ်ပျော်သွားကြသော်လည်း ဦးအံ့ကျော်နှင့် ဒေါ်မြခင်တို့မှာ ၁၀ နာရီခန့်မှ အိပ်ရာသို့ ဝင်၍ အိပ်ကြလေသည်။

ဦးအံ့ကျော်မှာ အတွေးသမားတစ်ယောက် ဖြစ်သည့်ပြင် နေ့လည်ကလည်း များစွာပင်ပန်းလှသဖြင့် ရုတ်တရက် အိပ်မပျော်သေးဘဲ ရှိနေရာမှ မိမိတို့ရှေ့တွင် နေရေးထိုင်ရေးကိုလည်းကောင်း၊ မိမိစိတ်တိုင်းကျ အလွယ်တကူ ငှားရမ်းရရှိသော အိမ်ကြီးကိုလည်းကောင်း၊ ညဥ့်ည တိတ်ဆိတ်သာယာပုံကိုလည်းကောင်း စဉ်းစားရင်း ရုတ်တရက် အိပ်မပျော်သေးဘဲ အိပ်ရာ၌ ဘယ်ပြောင်းညာပြန် ရှိနေ၏။ တိုင်ကပ်နာရီမှ ၁၀ နာရီခွဲသံတစ်ချက် ကြားရပြီးနောက် မိမိ၏စိတ်ထင် မိနစ်နှစ်ဆယ် အစိတ်ခန့်အကြာတွင် အိမ်ပေါ်မှ အသံတစ်သံ ကြားလိုက်ရ၏။ အသံမှာ မိန်းမတစ်ယောက် ဝေဒနာ ခံစားရသဖြင့်သော်လည်းကောင်း၊ အလွန်အမင်း ကြောက်လန့်၍သော်လည်းကောင်း ဟစ်အော်လိုက်သော အသံတစ်သံ ဖြစ်ရမည်ဟု ထင်မိ၏။ ဦးအံ့ကျော်သည် အိပ်ရာမှ ခေါင်းထောင်၍ ထမိ၏။ ထို့နောက် မိမိအနီးတွင် ယှဉ်၍အိပ်နေသော ဒေါ်မြခင်၏ပခုံးကို ခပ်ဆတ်ဆတ်ကလေး ပုတ်၍နှိုးလေသည်။ ထိုအချိန်၌ ဒေါ်မြခင်မှာ အိပ်ပျော်ရာမှ ကပျာကရာ လန့်နိုးကာ–

"ဘာလဲ ကိုအံ့ကျော်… ဘာဖြစ်လို့လဲ အလန့်တကြား…"

"အိမ်ပေါ်က အော်သံကြားလို့ မြရဲ့…"

"ဘာအော်သံလဲ။ ကျွန်မ မကြားရပါကလား"

http://www.cherrythitsar.org

"ဘာသံရယ်လို့တော့ မပြောတတ်ဘူး... မိန်းမအသံလိုလိုပဲ... အော်လိုက်တာကွယ် စူးစူးဝါးဝါး..."

"ရှင် စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်..."

"မဟုတ်ပါဘူးကွယ်... သေသေချာချာ ငါ ကြားလိုက်ရတာပါ...။ ငါ အိပ်မပျော်သေးပါဘူးကွဲ့။ အိပ်ရာကလည်း ပြောင်း... ပြီးတော့ ဟိုတွေး ဒီတွေးနဲ့"

"ရှင်ကတော့ နေ့ပဲဖြစ်ဖြစ်၊ ညပဲဖြစ်ဖြစ် တတွေးတည်း တွေးနေတတ်တာပဲ။ ဒါကြောင့် အရင်တစ်ခါလည်း နက်နက်နဲနဲ မတွေးဖို့အကြောင်း ဆရာဝန်ကပြောပြီ... ခုထက်ထိ ရှင် ဒီအကျင့်ကို မဖျောက်သေးဘူး... နေပါဦး ဘာတွေများ တွေးနေရတာတုန်း..."

"ဘာရယ်လို့ မဟုတ်ပါဘူးကွယ်... နေရေး, ထိုင်ရေး, လုပ်ရေး, ကိုင်ရေး ဆိုသလိုပေါ့"

"နေရေး–ထိုင်ရေး ဆိုတာလည်း အခု အိမ်ငှားပြီးလို့ အခြေကျပြီ။ ဘဏ်တိုက်မှာထားတဲ့ ငွေနဲ့ဆိုရင် တစ်လ တစ်ထောင်, ကိုးရာ ရနေပြီဟာ... လုံလောက်ပြီပဲ ကိုအံ့ကျော်ရဲ့... ဘာများ ပူစရာရှိသေးလို့လဲ..."

ဦးအံ့ကျော်မှာ အိမ်ပေါ်ထပ်သို့ပင် နားစွင့်ကာ ရှိနေပြီးလျှင် တစ်ကိုယ်လုံးလည်း တုန်တုန်ရင်ရင် ဖြစ်၍နေလေသည်။

"နေပါဦး... အသံက ဘယ်လိုကြားရလို့လဲ"

"မိန်းမတစ်ယောက်အသံလိုပါပဲကွယ်... အားမယ်လေးဆိုပြီး စူးစူးဝါးဝါးအော်လိုက်တာ မင်းသာ မနိုးတယ်။ ငါ့နားထဲတော့ ဆူညံသွားတာပဲ"

"မဟုတ်တာတော်... ကျုပ်လည်း ဒါလောက် အအိပ်မကြီးပါဘူး။ ဒီလိုဆိုရင် ကျုပ်လည်း ကြားမှာပေါ့။ ရှင့်စိတ်ထဲက ထင်လို့ ဖြစ်ပါလိမ့်မယ်"

"မဟုတ်ဘူး... မဟုတ်ဘူး... ငါ သေသေချာချာ ကြားရတယ်ကွဲ့။ အိမ်ပေါ်ထပ် နောက်ဖေးဘက် စတိုခန်းကလေးနားက လာတဲ့အသံ"

"လှရီက တစ်ခါတစ်ခါ ယောင်ပြီး အော်တတ်တယ် ကိုအံ့ကျော်ရဲ့။ လှရီ ယောင်အော်တာများ ဖြစ်ရောလား"

"မဟုတ်ပါဘူးကွယ်... လှရီအသံ ငါ သိပါတယ်။ ပြီးတော့ လှရီက အောက်ထပ်မှာ အိပ်တာပဲ။ အခုကြားရတဲ့ အသံက အပေါ်က စတိုခန်းနားဆီကကို ကြားရတာ"

သို့နှင့် ဦးအံ့ကျော်သည် စိတ်မကျေသေးသည်နှင့် ခေါင်းအုံးအောက်မှ သေနတ်ကလေးကို ခါး၌ ထိုးခဲ့ပြီးလျှင် ၃ ထောင့်ထိုး လက်နှိပ်ဓာတ်မီးကို ကိုင်ကာ အပေါ်ထပ်သို့ တက်သွားလေရာ ဒေါ်မြခင်ကလည်း လက်ဆွဲမှန်အိမ် တစ်လုံးကို ထွန်း၍ နောက်မှ လိုက်ပါသွားလေ၏။ အပေါ်ထပ်သို့ ရောက်၍ အခန်းနှစ်ခန်းနှင့်တကွ နောက်ဖေးဆောင်ပါ အခန်းတွင်းရှိ ကုတင်အောက်များ ပါမကျန် လိုက်လံကြည့်ရှုကြရာ မည်သည့်အရာကိုမျှ မတွေ့ကြရချေ။ ထိုအခါ ဒေါ်မြခင်သည် ဦးအံ့ကျော်၏ 'အတွေးလွန်ခြင်း' 'နက်နဲစွာကြံဆတတ်ခြင်း' များကိုသာ မြတ်တွန်တောက်တီးလျက် ရှိလေရာ ဦးအံ့ကျော်ကမူ အိပ်မပျော် သေးသည့်အချိန်၌ ကိုယ်တိုင် နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည်ဆိုကာ ခုခံငြင်းခုန်လျက် ရှိလေ၏။

ရက်သတ္တပတ်ခန့် ကြာသောအခါ ဦးအံ့ကျော်နှင့် ဒေါ်မြခင်တို့မှာ အတော်အတန် နေသားကျလျက် ရှိကြပြီဖြစ်ရာ ဒေါ်မြခင်မှာလည်း ခြံနီး နားချင်းများနှင့်ပင် အတော်အသင့် သိကျွမ်းခဲ့လေပြီ။ ဦးအံ့ကျော်မှာ နံနက်ခင်း လမ်းလျှောက်ခြင်း၊ ညနေခင်းများတွင် ရွှေတိဂုံစေတီတော်ကြီးရင်ပြင်သို့တက်၍ အာရုံပြုခြင်း၊ နေ့လည်နေ့ခင်းများ၌ တစ်ခါတစ်ရံ ပျင်းရိသောအခါများတွင် မြို့တွင်းရှိ မိတ်ဆွေသင်္ဂဟများထံ သွားရောက်လည်ပတ်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေ။

ညဥ့် ၁၁ နာရီတွင် အိမ်အပေါ်ထပ်မှ အော်သံ ကြားရသည်ဆိုသောနေ့ နောက်တစ်နေ့၌ပင် ဒေါ်မြခင်သည် ဦးအံ့ကျော်အား အသိမပေးဘဲ 'ဥပါယ် တံမျဉ်'ဖြင့် မြို့ထဲသို့ သွားရောက်ကာ ဆရာဝန်တစ်ဦးနှင့် တိုင်ပင်၍ ဦးအံ့ကျော် အတွက် အိပ်ဆေးများကို ဝယ်ခဲ့၏။ ဦးအံ့ကျော်မှာ ညဥ့် အိပ်ရာဝင်ခါနီးတွင် ကော်ဖီ (သို့မဟုတ်) ဟောလစ် တစ်ခွက် သောက်ပြီးမှ အိပ်ရာသို့ ဝင်လေ့ရှိရာ ထိုအိပ်ဆေးမှာ ဦးအံ့ကျော် သောက်သော ကော်ဖီထဲတွင် အိပ်ခါနီး၌ ထည့်၍ တိုက်ရန် ဖြစ်လေသည်။ သို့နှင့် ဦးအံ့ကျော်မှာ အိပ်ရာသို့ ၉ နာရီခွဲအချိန်တွင် ဝင်ပြီးနောက် မိနစ်အနည်းငယ်အတွင်းတွင် အိပ်ပျော်သွားတတ်သဖြင့် ထိုရက် များအတွင်း၌ တစ်စုံတစ်ရာ အနှောင့်အယှက် မရှိခဲ့ချေ။

ဒေါ်မြခင်မှာ ဦးအံ့ကျော် အိပ်ပျော်နေစဉ် ညဥ့် ၁၁ နာရီအထိ စောင့်၍ နားထောင်သော်လည်း အိမ်ပေါ်ထပ်မှလည်းကောင်း၊ အခြားနေရာ

များမှလည်းကောင်း မည်သည့်အသံမှ မကြားရသဖြင့် ဦးအံ့ကျော် ကြားသည်ဆိုသော အသံမှာ သူ၏ စိတ်အထင်မှားမှု (သို့မဟုတ်) ဖောက်ပြန်မှုကြောင့်သာ ဖြစ်ရမည်ဟု ယုံကြည်ခဲ့လေသည်။ သို့သော် ယခုထက်ပို၍ သံသယ ကင်းရှင်းစေရန် ခြံနီးနားချင်းများအား တီးခေါက်စုံစမ်းကြည့်ဦးမည်ဟု တစ်နေ့သော ညနေစောင်းတွင် လက်ယာဘက်ကပ်လျက်ရှိသော ခြံမှ အသက် (၅၀)ကျော်ခန့်ရှိ အဒေါ်တစ်ယောက်အား စုံစမ်းကြည့်မိလေသည်။

"ဪ... ဒါထက် အစ်မကြီးကို မေးရဦးမယ်... အခု ကျွန်မတို့နေတဲ့ အိမ်မှာ အရင်က လူငှားတွေ ဘယ်နှစ်ဆက်လောက် နေသွားသလဲ အစ်မကြီးရဲ့..."

"အစ်မတို့ရောက်မှဖြင့် ၃–၄ ဆက်လောက် ရှိပါပြီ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး အစ်မကြီးရယ်... ညမှာ အိမ်ပေါ်ထပ်က ခြေသံလိုလို ဘာလိုလို ကြားရတယ်ပြောလို့ မေးတာပါ"

"အစ်မကြီးတို့တော့ ဘာမှ မကြားဖူးပါဘူး ညီမရယ်... ခြေသံကြားတယ်ဆိုတာ ညီမ ကြားတာလား..."

"ကျွန်မ မကြားပါဘူး အစ်မကြီးရယ်။ အိမ်ခိုင်းတဲ့ ကောင်လေးပါ"

"ဟိုတစ်နေ့က အိမ်လာပြီး မုန့်ဟင်းခါးပေးတဲ့ သူငယ်လေးလား"

"ဟုတ်ပါတယ်... ကောင်လေးက အိမ်မှုံစုံမွှားနဲ့ ကြားတာလားတော့ မပြောတတ်ဘူး အစ်မကြီးရေ့..."

"ဟုတ်ပါလိမ့်မယ် ညီမရယ်... ခြောက်တယ်ပြတယ်ဆိုရင် အစ်မကြီးတို့ ကြားမှာပေါ့။ သည်တော့ ဘာမှပြောသံ မကြားပါဘူး။ တကယ်ဟုတ်ရိုးမှန်ရင် အစ်မကြီးတို့ မသိဘဲနေပါ့မလား..."

"ဟုတ်ပါတယ် ကျွန်မလည်း မကြားပါဘူး..."

"စိတ်ချသာနေပါ ညီမရယ်... ကောင်လေးက တော်ရမ်းပြောတာနဲ့ တူပါတယ်။ ပြီးတော့ ဒီအိမ်ကြီးက လူမနေတာ အတော်ကြာသွားပြီ မဟုတ်လား။ ဒီတော့ အိမ်ပေါ်မှာ ကြွက်တွေ၊ လင်းနို့တွေ ရှိချင်ရှိမှာပေါ့..."

"ဟုတ်တယ် အစ်မကြီးရေ... ကျွန်မတို့ ပြောင်းလာတုန်းက အိမ်ပေါ်ထပ်မှာ အပေါက်ဖြစ်နေတဲ့ မျက်နှာကျက်ထဲက လင်းနို့ နှစ်ကောင်,သုံးကောင် ပျံသွားတာတောင် တွေ့ရတယ်။ ကြွက်တွေဆိုတာတော့ မပြောနဲ့တော့"

"ဟုတ်ပါတယ် ညီမရယ်... ဒီအကောင်တွေနဲ့ တူပါတယ်"

နောက်တစ်နေ့တွင် စိတ်မကျေသေးသည်နှင့် ဒေါ်မြခင်သည် နောက်ဖေးဘက် ခြံဝင်းချင်းဆက်လျက်ရှိသော အိမ်မှ အိမ်ရှင့်အား မေးမြန်းစုံစမ်းရာ အိမ်ရှင်ဖြစ်သူက မိမိတို့ ဤနေရာသို့ လာရောက်နေထိုင်သည်မှာ ၅ နှစ်ကျော် ၆ နှစ်မျှ ရှိပြီဖြစ်ကြောင်း၊ ဒေါ်မြခင်တို့နေထိုင်သော အိမ်ကြီးနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ခြောက်လှန့်သည်ဟူ၍ မကြားရဖူးကြောင်း၊ သို့သော် မိမိတွင် လွန်ခဲ့သော တစ်နှစ်ခန့်က ကွယ်လွန်သွားသော အစ်မတစ်ယောက်ရှိကြောင်း၊ ထိုအစ်မမှာ အသက် ၈၂ နှစ်မျှ ရှိပြီဖြစ်ရာ ထိုအခါက စားနိုင်သောက်နိုင် ကျန်းမာသန်စွမ်းလျက် ရှိသော်လည်း "သူငယ်ပြန်"သကဲ့သို့ အကျိုးအကြောင်း ဆင်ခြင်တုံတရားမရှိဘဲ တစ်ခါတစ်ရံ ပြောချင်ရာပြော၊ ဆိုချင်ရာဆို ပြုမူတတ်ကြောင်း၊ သို့ပြုလုပ်ခြင်းမှာ စိတ်ဖောက်ပြန်သည့် အခါများ၌သာ ပြုမူပြောဆိုတတ်ခြင်းဖြစ်၍ အခြားအချိန်များတွင် လူကောင်းပကတိဖြစ်ကြောင်း၊ ယင်းကဲ့သို့ စိတ်ဖောက်ပြန်သည့် အချိန်များ၌ ဒေါ်မြခင်တို့နေသော အိမ်ကြီးပေါ်မှ ညဥ့်သန်းခေါင်မတိုင်မီ အော်သံ ကြားရသည်ဟု ၂ ကြိမ်၊ ၃ ကြိမ်မျှ ပြောဖူးကြောင်း၊ အသံမှာ မိန်းမသံဖြစ်သည်ဆိုကြောင်း၊ သို့သော် ထိုအသံကို အမယ်ကြီးမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မကြားရကြောင်းဖြင့် ပြောဆိုလေ၏။

သို့သော် ဒေါ်မြခင်မှာ အတန်ငယ် သံသယဖြစ်၍လာမိ၏။ နောက်ဖေးအိမ်မှ ပြောပြချက်ကို ထောက်သဖြင့် အသံကြားရသည်ဆိုသော အချိန်မှာ ဦးအံ့ကျော် ပြောသည့်အတိုင်း ၁၁ နာရီခန့် ဖြစ်မည်ထင်ရကြောင်း၊ သူငယ်ပြန်သောသူများမှာ စိတ်မနှံ့သူနှင့် အတူတူပင်ဖြစ်ကြောင်း၊ စိတ်မနှံ့သည် ဆိုခြင်းမှာလည်း အမြဲတမ်း စိတ်မနှံ့၍နေသူနှင့် တစ်ခါတစ်ရံမှသာ စိတ်မနှံ့သူ ရှိသကဲ့သို့ သူငယ်ပြန်ခြင်းမှာလည်း ထို့အတူပင် ဖြစ်ရမည်ဟု တွေးမိ၏။ သို့သော် ညဥ့်သန်းခေါင်ယံ မတိုင်မီအချိန်၌ အိမ်အပေါ်ထပ်မှ ကြားရသည် ဆိုခြင်းသည်လည်းကောင်း၊ အသံမှာ ယောကျ်ားသံ မဟုတ်ဘဲ မိန်းမသံတစ်သံ ဖြစ်သည် ဆိုခြင်းသည်လည်းကောင်း တိုက်ဆိုင်လွန်းလှသည်ဟုလည်း အောက်မေ့မိ၏။

ဦးအံ့ကျော်အား ဆေးဝါးကုသရန်မှာ သူ့အား အသိပေး၍ ဖြစ်မည် မဟုတ်ပေ။ စိတ်ပညာဘက်တွင် ကောင်းစွာနားလည်သည့် ဆရာတစ်ဦးနှင့် သူမသိဆောင် ကုသမှ ဖြစ်ပေမည်။ သို့နှင့် တစ်နေ့သော တနင်္ဂနွေနေ့တွင် ဒေါ်မြခင်သည် မြို့ထဲသို့သွား၍ မိတ်ဆွေတစ်ယောက်နှင့် တိုင်ပင်လေရာ ထိုသူက မိမိနှင့် အလွန်ရင်းနှီးသော **Ph.D** ဘွဲ့ရ ဦးမြဘူးဆိုသူ ဆရာဝန်ကြီး တစ်ယောက်ရှိကြောင်း၊ ထိုဆရာဝန်ကြီးမှာ ယခင်က တက္ကသိုလ်တွင် စိတ္တဗေဒ ပါမောက္ခ လုပ်ခဲ့ဖူး၍ လွန်ခဲ့သော ၃ နှစ်ခန့်က တက္ကသိုလ်မှ ထွက်ခဲ့ပြီးလျှင် စိတ္တဗေဒဆေးရုံ၌ ဆရာဝန်ကြီးအဖြစ် လုပ်ကိုင်ခဲ့ကြောင်း၊ သို့သော် အသက် ကလည်း ကြီးသည့်ပြင် ကျန်းမာရေးချို့တဲ့မှု ရှိလာသဖြင့် လွန်ခဲ့သော လ အနည်းငယ်က တစ်ခါတည်း အငြိမ်းစားယူလိုက်ကြောင်း၊ ဦးမြဘူးမှာ ယခု အခါ အင်းလျားလမ်းတွင် အေးချမ်းစွာ နေထိုင်လျက်ရှိရာ မိမိနှင့် အလွန် ခင်မင်ရင်းနှီးသဖြင့် ၎င်းထံ သွားရောက်ပြီးလျှင် အကြံဉာဏ်တောင်းရင် ကောင်းကြောင်းဖြင့် အကြံပေးလေ၏။ သို့နှင့် ဒေါ်မြခင်သည် ထိုမိတ်ဆွေနှင့် အတူ အင်းလျားလမ်းရှိ ဒေါက်တာမြဘူးအိမ်သို့ ချက်ချင်းပင် သွားရောက်လေ သည်။

ဒေါက်တာမြဘူးသည် ဧည့်သည်များအား ကောင်းစွာဧည့်ခံပြီးနောက် ဒေါ်မြခင်က မိမိယောက်ျား ဦးအံ့ကျော်အကြောင်းနှင့်တကွ အိမ်နီးချင်းများထံမှ ကြားသိရသော သတင်းများပါ ရှင်းလင်းပြောပြလေ၏။

ဘူး။ "ညီမယောက်ျား ဦးအံ့ကျော် ဖြစ်တာက စိတ္တဗေဒ ရောဂါတစ်မျိုး ပဲ။ အကြမ်းဖျင်း စိတ္တဗေဒလို့ ခေါ်ထားပေမယ့် 'ဆိုက်ကိုလောဂျစ်' **(Psychologist)** ဆိုတာက တစ်မျိုး၊ 'ဆိုင်ချယ်ထရစ်' **(Psychiatrist)** ဆိုတာက တစ်မျိုး ရှိတယ် ညီမရဲ့... ကျုပ်တို့က နှစ်ဖက်စလုံး ကျွမ်းကျင်ပေမယ့် လူချင်းတွေ့ပြီး လူကို အကဲခတ်၊ သူ စကားပြောပုံ,ဆိုပုံ၊ သူ ဝါသနာပါတဲ့ အလုပ်၊ သူဝတ်တဲ့ အဝတ်အစား၊ သူကြိုက်တဲ့ အသွေးအရောင်၊ အဲဒါတွေ သေသေချာချာ ကြည့်ရှုအကဲခတ်ပြီးမှ သူ့ဦးနှောက်မှာ တစ်ခါတစ်ခါ ဖြစ်ပေါ် လာတတ်တဲ့ ဝေဒနာရဲ့ ဇစ်မြစ်ကို စုံစမ်းရတယ်။ ဒီအခါကျမှ အဲဒီဝေဒနာရဲ့ သင့်လျော်တဲ့ ဦးနှောက်ဆေးများကို ပေးရတယ်"

မြ။ "ဟုတ်ကဲ့ဆရာ... ဒါထက် ဦးအံ့ကျော်က ညဥ့် ၁၁ နာရီလောက်မှာ အိမ်ပေါ်ထပ်က မိန်းမတစ်ယောက်အော်သံ ကြားတယ်ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ ဆရာ..."

"ဒါတော့ မကောင်းဆိုးဝါး မဟုတ်ဘူး မမြခင်... ဦးအံ့ကျော်ရဲ့ စိတ်ဖောက်ပြန်မှုပါပဲ"

"နောက်ဖေးဘက်ခြံက သူငယ်ပြန်နေတဲ့ အမယ်ကြီး ကြားရတယ်ဆိုတာကကော ဆရာ..."

"ဒါလည်း စိတ်ဖောက်ပြန်မှုပေါ့။ သူငယ်ပြန်တယ်ဆိုတာနဲ့ စိတ်ဖောက်ပြန်တယ်ဆိုတာ အတူတူလိုပါပဲ။ ဒါပေမယ့် သူငယ်ပြန်တာရော၊ စိတ်ဖောက်ပြန်တာရော သူ့အချိန်နဲ့ သူ ဖြစ်လာတတ်တယ်။ ဦးအံ့ကျော်ဟာ အချိန်ပြည့်ဖောက်ပြန်နေတာ မဟုတ်ဘူး။ သူငယ်ပြန်တဲ့ အသက်ရှစ်ဆယ်ကျော် အမယ်ကြီးဟာလည်း အချိန်ပြည့် သူငယ်ပြန်မယ် မဟုတ်ဘူး။ ဒါကြောင့် သူတို့ ဒီအချိန် ဒီအခါလောက်မှာ ကြားရတယ်ဆိုတဲ့ အသံဟာ 'ကြိုတင်သိမြင်မှု'များ ဖြစ်နေရော့သလား မပြောတတ်ဘူး။ ဗမာလိုတော့ ကျုပ် ရှင်းလင်း မပြနိုင်ဘူး။ ကြိုတင်သိမြင်မှုဆိုတာ နောင်တစ်စုံတစ်ရာ ဖြစ်မှာကို အခုပစ္စုပ္ပန်မှာ လာပြီး ကြိုတင်သိမြင်နေတယ်။ ကြိုတင်သိနေတယ်ဆိုတဲ့ သဘောပဲ။ အဓိပ္ပာယ်က ခင်ဗျားတို့လို လူပြိန်းတစ်ယောက် နားလည်အောင် ရှင်းလင်းပြဖို့ ဒီထက်ပိုပြီး ကျွန်တော် မပြောတတ်ဘူး။ ဒါပါပဲ မမြခင်။ ဒီတော့ ကျွန်တော် ပြောတဲ့အတိုင်း ဦးအံ့ကျော်နဲ့ ကိုယ်တိုင်တွေ့ပြီး သူ့ကို ပထမ အကဲခတ်၊ နောက်မှ သူနဲ့သင့်လျော်တဲ့ ဆေးဝါးပေး။ ဒီလိုလုပ်မှ ဖြစ်လိမ့်မယ်ထင်တယ်"

"ဟုတ်ကဲ့ ဆရာ... ၃-၄ ရက်အတွင်း ကျွန်မတို့အိမ်ကို ဆရာ ရောက်လာအောင် ဟောဒီက အစ်ကိုကြီးနဲ့ ကျွန်မ ကြည့်ပြီးစီစဉ်ပါ့မယ်... အခုတော့ ကျွန်မပြောတဲ့အတိုင်း ၁၀ နာရီ ၁၁ နာရီမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်အောင် သူ သောက်တဲ့ ကော်ဖီထဲကို အိပ်ဆေးတစ်လုံး ခပ်တိုက်နေရတာပဲ ဆရာ"

"အေးလေ ကောင်းပါတယ်... အခု အခိုက်အတန့်အားဖြင့်တော့ ဒါအကောင်းဆုံးပဲ"

ထို့နောက် ခဏမျှ ဆက်လက် စကားပြောကြပြီးလျှင် အိမ်သို့ ပြန်ခဲ့ကြလေ၏။

→ → →

ဒေါ်မြခင်သည် အတော်မိုးချုပ်မှ အိမ်သို့ ပြန်ရောက်လာ၏။

ညစာ စားသောအခါ ထမင်းပွဲတွင် ဒေါ်မြခင်က သူ အလည်အပတ်ရောက်ခဲ့သော အိမ်များအကြောင်းကို စကားပလ္လင်ခံပြီးနောက် ဘားလမ်းမှ ဝတ်လုံတော်ရ ဦးတင်မောင်၏ဇနီး မိမိကြီးမှာ အတော်ပင် မကျန်းမမာဖြစ်နေကြောင်း၊ အင်္ဂလိပ်ဆရာဝန်အမျိုးမျိုးဖြင့် ကုသော်လည်း ကောင်းစွာ မသက်သာသဖြင့် မြန်မာဆရာများဘက်သို့ လှည့်ပြီးလျှင် ကုသပြန်ကြောင်း၊ ဤသို့ ကုသရာတွင် ရောဂါ အမြစ်မပြတ်သဖြင့် ယခုအခါ မြန်မာသဘာဝ ဆေးပညာဆရာကြီးတစ်ဦးနှင့်ကုသကြောင်း၊ ရောဂါမှာ သူ၏ ကလေးအငယ်ဆုံးအသက် ၅ နှစ်ရွယ် သူငယ်လေးတစ်ယောက် ရုတ်တရက် ကားတိုက်သေဆုံးသွားသဖြင့် ထိုအချိန်မှစ၍ စိတ်ကို ထိခိုက်ဖြစ်ပေါ်လာသော ရောဂါဖြစ်ကြောင်း၊ ထိုသဘာဝဓမ္မဆရာကြီးက မိမိ၏မိတ်ဆွေ ဒေါက်တာဘွဲ့ရ ဆရာဝန်ကြီးတစ်ဦးနှင့် တိုင်ပင်ပြီးလျှင် နှစ်ယောက်ပေါင်း၍ ကုသရာ ထိုစိတ်ကိုထိခိုက်၍ ပတ်သက်သော ရောဂါမှာ ယခုအခါ လုံးဝ ပျောက်ကင်းသွားပြီဖြစ်ကြောင်း၊ ထိုဒေါက်တာကြီးမှာ ဆေးပညာသာမက စိတ်ပညာများကိုလည်း ကောင်းစွာ နားလည်သူဖြစ်၍ ငယ်စဉ်က **Ph.D** ဘွဲ့ ရသူဖြစ်ကြောင်း၊ မိမိတို့ကျန်းမာရေးအတွက် မည်သည့်ဆေးဝါးများကို အမြဲမှီဝဲသွားရမည့်အကြောင်း တိုင်ပင်ရန် ထိုဆရာကြီးအား တစ်နေ့တွင် အိမ်သို့ဖိတ်ခေါ်၍ ထမင်းကျွေးမည် စိတ်ကူးထားကြောင်း၊ ပထမ စကားခင်း၍ ပြောလေ၏။ သို့ ပြောင်းခြင်းမှာ ဦးအံ့ကျော်၏ ရောဂါကို အကဲခတ်ရန် ရည်ရွယ်၍ စကားပလ္လင်ခံခြင်းပင် ဖြစ်လေသည်။

ကျော်။ "တို့ ဘာမှမဖြစ်ဘဲကွယ်... ဘာဖြစ်လို့ ခေါ်ရမှာလဲ"

မြ။ "ရှင်တို့ ကျုပ်တို့ အသက်လည်း ကြီးပြီမဟုတ်လား။ ရှင်ဆိုရင် ယခုနယုန်လမှာ ၅၇ နှစ် ပြည့်တော့မယ်။ လူဆိုတာ မျက်မြင် ဘာရောဂါမှ မရှိဘူး ဆိုပေမယ့် လူတစ်ယောက် ရောဂါတစ်မျိုးစီတော့ ရှိတတ်ကြတာပဲ မဟုတ်လား။ ကျုပ်တို့ မန္တလေးက ပြောင်းမလာခင် ကျောက်သွေးတန်းက မမြမေ ကြည့်ပါလား... ဘာရောဂါမှမရှိဘဲ နည်းနည်းပါးပါး စားမကောင်း

သောက်မကောင်းဖြစ်နေပြီး ၄–၅–၆ လလောက်ကြာတော့ တီဘီဆိုပြီး ဆေးရုံ တင်လိုက်ရတာ တစ်ပတ်ပဲကြာတယ် သေရှာတယ်မဟုတ်လား... ဒါကြောင့် ဒီလို ဒေါက်တာကြီးတွေနဲ့ အသိအကျွမ်း ဖြစ်ထားတော့ ထစ်ခနဲရှိရင် ချက်ချင်း သိရတာပေါ့ ဦးအံ့ကျော်ရဲ့... ဒီလိုပုဂ္ဂိုလ်ကြီးတွေနဲ့ မိတ်ဆွေဖြစ်ရတာ ကိုယ့် ဘက်က မနာပါဘူး...”

“အေး... ငါလည်း အခုတလော ညအိပ်ရာဝင်ခါနီးကျရင် ရင်ခုန်ချင် တယ်”

“အင်း... ဟုတ်တာပေါ့... အသက်ကလည်း ကြီးလာပြီကိုး... ကျုပ်တောင် ညတိုင်း ထမင်းစားရတာ အစာမကြေချင်သလို ဘာလို ဖြစ်ချင် တယ်”

“အေးကွယ်... မိတ်ဖွဲ့တဲ့အနေနဲ့ ထမင်း ခေါ်ကျွေးတာတော့ မမှားပါ ဘူး။ ဒီအခါကျတော့ ကိုတင်မောင်တို့အိမ်လည်း တစ်အိမ်လုံး ဖိတ်နော်”

“ဒါတော့ ဖိတ်မှာပေါ့ ကိုအံ့ကျော်ရယ်”

ထိုညဥ့်၌ ၈ နာရီခွဲခန့် ရှိသောအခါ ဦးအံ့ကျော်က ကော်ဖီသောက်ရ သည်မှာ ငြီးငွေ့သည်ဟုဆိုကာ... မြမောင်အား ဆိုင်သို့လွှတ်၍ လက်ဖက်ရည် အဝယ်ခိုင်းပြီးလျှင် လက်ဖက်ရည် သောက်လေ၏။

မမြခင်မှာ ဦးအံ့ကျော် သောက်သော လက်ဖက်ရည်ထဲတွင် အိပ်ဆေး ခတ်ရန် အခွင့်အရေး မရလိုက်တော့ချေ။ အဘယ့်ကြောင့်ဆိုသော်... ဦးအံ့ကျော် သည် နောက်ဖေးမှ လက်ဖက်ရည်ပန်းကန်ကို အယူခိုင်းပြီးလျှင် မိမိမျက်စိ အောက်တွင် ချိုင့်ထဲမှ လောင်းထည့်စေသောကြောင့်ပေတည်း။ သို့နှင့် ဒေါ်မြခင် မှာ အိပ်ဆေး မခတ်လိုက်ရသည့်အတွက် နေမထိ ထိုင်မသာ ဖြစ်၍နေရှာ၏။

၉ နာရီခွဲလတ်သော် မလှရီသည် အိပ်ရာသို့ ဝင်လေရာ မြမောင်မှာ တစ်ရေးနိုးချိန်သို့ပင် ရောက်၍နေလေပြီ။ တိုင်ကပ်နာရီကြီးမှ ၁၀ နာရီထိုးသော အခါ မမြခင်သည် ဦးအံ့ကျော်အား အိပ်ခန်းထဲသို့ဝင်ရန် ချော့မော့ယုယ၍ ခေါ်ခဲ့ရှာ၏။ အိပ်ရာထဲသို့ ရောက်သောအခါ မမြခင်က ဦးအံ့ကျော်၏ပခုံးနှင့် လက်မောင်းများကို နှိပ်နယ်ပေးရင်း–

“ဘယ့်နှယ်လဲ ဒီကနေ့ညတော့ ရင်ခုန်သေးသလား”

“ခုန်တာပဲ မြရဲ့... စမ်းကြည့်ပါလား...”

မမြခင်သည် ဦးအံ့ကျော်၏ ရင်ဘတ်ပေါ်သို့ လက်ဝါးကို အသာဖြန့်၍ တင်ကြည့်ရာ ဦးအံ့ကျော်မှာ မောပန်းနေသူတစ်ယောက်ကဲ့သို့ ရင်များ တဆတ်ဆတ်ခုန်နေသည်ကို တွေ့ရလေ၏။ သို့နှင့် မမြခင်သည် ဦးအံ့ကျော်အား ခြေဆုပ်လက်နယ်ပြုရင်း စိတ်ပျော်ရွှင်ဖွယ်ကောင်းသော စကားများကို ပါးစပ်မှ အဆက်မပြတ် တတွတ်တွတ်ပြောဆိုလျက် ရှိလေ၏။ တခဏမျှအကြာတွင် တိုင်ကပ်နာရီကြီးမှ ၁၀ နာရီခွဲသံ ကြားရပြီးနောက် စိတ်ထင် ၁၀ မိနစ် ၁၅ မိနစ်ခန့် ရှိသောအခါ ဦးအံ့ကျော်မှာ မျက်စိများမှိတ်ကာ အတော်ပင် ငြိမ်သွားပြီဖြစ်၍ မမြခင်သည် ဦးအံ့ကျော် အိပ်ပျော်ပြီအထင်နှင့် ခေါင်းအုံးအောက်မှ လက်နှိပ်ဓာတ်မီးကိုယူကာ အခင်းငယ်သွားရန် နောက်ဖေးတံခါးမှ အပြင်သို့ တခဏမျှ ထွက်၍သွားလေ၏။

နောက်ဖေးသို့ထွက်ခဲ့ရာ ၁၀ မိနစ်ခန့် ကြာခဲ့၏။ ထိုအခါမှ မမြခင်သည် ၁၁ နာရီ ထိုးလုပြီဖြစ်ကြောင်း သတိရသဖြင့် အိမ်ထဲသို့ ကပျာကယာ ပြန်၍ဝင်ခဲ့ပြီးလျှင် အိပ်ရာထဲသို့ ရောက်သောအခါ ဦးအံ့ကျော်ကို မတွေ့ရတော့ချေ။ ခေါင်းအုံးအောက်တွင်ထားသော လက်ပတ်နာရီကို ကြည့်လိုက်ရာ ၁၁ နာရီထိုးရန် ၁ မိနစ်မျှသာ လိုတော့၏။ မမြခင်သည် အိပ်ရာထဲမှ ပြေးထွက်လာခဲ့ပြီးလျှင် အိမ်ရှေ့တံခါးကြီးလည်း ပွင့်၍မနေ၊ နောက်ဖေးဘက်သို့လည်း မလာသဖြင့် ဦးအံ့ကျော်မှာ အိမ်ပေါ်ထပ်သို့ တက်သွားကောင်း တက်သွားလိမ့်မည်ထင်ကာ အပေါ်ထပ်သို့ ပြေးတက်သွားလေ၏။ အပေါ်ထပ်၌ကား လူမနေသော်လည်း လိုရ,မယ်ရ ထားသော အလယ်ခန်းရှိ ဖယောင်းတိုင် ၁၆ တိုင်အားရှိ ဓာတ်မီးပွင့်ကလေးသည် လင်းလျက်ရှိ၏။ အိမ်ရှေ့နှင့် ခေါင်းရင်းဘက်တွင် တစ်စုံတစ်ရာ မမြင်ရသဖြင့် ရှေ့ဘက်ရှိ အခန်းကြီးကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ ထိုအခန်း၌လည်း မရှိချေ။ သို့နှင့် မမြခင်သည် စတိုခန်းကလေးဘက်သို့ လာခဲ့၏။

စတိုခန်းကလေး တံခါးမှာ ပွင့်နေသဖြင့် မမြခင်သည် အတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။ ဦးအံ့ကျော်ကား အလွန်မောပန်းသည့်ဟန်ဖြင့် တစ်ယောက်အိပ် သံကုတင်ပေါ်တွင်ထိုင်ကာ လက်ထဲတွင် ဓားမြှောင်တစ်လက် ကိုင်ထားသည်ကို တွေ့မြင်ရသဖြင့် စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ အခန်းထဲတွင်းသို့ ခြေတစ်လှမ်း ဝင်လိုက်ရာ "ဟဲ...ဟဲ...ဟဲ..."ဟူသော

ဦးအံ့ကျော်၏ ရယ်မောသံကြီးကို ကြားလိုက်ရလေသည်။ ဦးအံ့ကျော်သည် မမြခင်အား မည်သည့်အခါမျှ မတွေ့ဘူး၊ မမြင်ဘူးသော မိန်းမတစ်ယောက်ကဲ့သို့ မျက်လုံးများ ပြူး၍ကြည့်ကာ–

"ဟား...ဟား...ဟား... တယ် နေရာကျသကွယ်... ဒီကိုလာစမ်း"

"ကိုအံ့ကျော်... ကိုအံ့ကျော်... ညဥ့်နက်သန်းခေါင် ဒီမှာလာပြီး ဘာလုပ်နေတာလဲ... ကိုအံ့ကျော်ရယ်"

"ဘာမှလုပ်တာ မဟုတ်ဘူး... ခါတိုင်းကြားနေကျ အသံကို မကြားရလို့ အခုလုပ်ပေးရမှာ... ဒါပဲ"

"အလိုလေး... ဘုရား...ဘုရား"

"ကဲကွယ် ပြောနေကြာတယ်... ဒီကိုလာစမ်း"

ပြောပြောဆိုဆိုနှင့်ပင် ဦးအံ့ကျော်သည် မမြခင်၏လည်ကုပ်ကို လှမ်း၍ဆွဲလိုက်ရာ မမြခင်သည် ဦးအံ့ကျော်၏ဖေါင်ပေါ်သို့ အလိုက်သင့် လဲကျသွားရှာလေ၏။ ထိုအခါ ဦးအံ့ကျော်လည်း ဓားမြှောင်ကို မြှောက်ကာ မမြခင်၏ရင်ဝသို့ တအားစိုက်ချလိုက်ရာ... "အမယ်လေး..."ဟု သေခါနီး ဝေဒနာ ခံစားရသည့် အသံနက်ကြီးဖြင့် စူးရှစွာ ဟစ်အော်လိုက်လေသည်။ ထိုအခါမှ ဦးအံ့ကျော်လည်း ဟက်ဟက်ပက်ပက် ရယ်မောကာ..."အင်း... ဒီအသံပဲ၊ ဒီအသံပဲ ငါကြားနေရတာ... တကယ့်ကို ဒီအသံကြီးပဲ"ဟု ပါးစပ်မှ အသံများ ထွက်အောင် ရေရွတ်ပြီးနောက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

မမြခင်၏အော်သံကြောင့် မလှရီသည် အိပ်ယာမှနိုးလာပြီးလျှင် အိမ်ပေါ်သို့ ပြေးတက်လာရာ ရင်ဝတွင် ဓားမြှောင်တန်းလန်းဖြင့် စတိုခန်းအတွင်းရှိ ကြမ်းပြင်ပေါ်တွင် လူးလိမ့်လျက်ရှိသော ဒေါ်မြခင်ကိုလည်းကောင်း၊ သံကုတင်ပေါ်တွင် ဟက်ဟက်ပက်ပက် ရယ်မောလျက်ရှိသော ဦးအံ့ကျော်ကိုလည်းကောင်း မြင်ရသဖြင့် ကြောက်လန့်ကာ အောက်ထပ်သို့ ပြန်၍ဆင်းပြေးပြီးလျှင် မြမောင်ကို နှိုးလေ၏။ ထို့နောက် အိမ်ရှေ့တံခါးကို ဖွင့်ကြပြီးလျှင် လမ်းဘက်သို့ထွက်၍ အိမ်နီးပါးများထံ အကူအညီတောင်းရာ အိမ်နီးချင်းများနှင့်တကွ ရပ်ကွက်ထဲမှ လူ ၃–၄ ယောက် ပြေးလာ၍ ၎င်းတို့နောက်မှ ရဲပတ္တရောင်များ လိုက်လာကြ၏။

http://www.cherrythitsar.org


အိမ်ပေါ်ထပ်သို့တက်၍ ဦးအံ့ကျော်အား ဖမ်းဆီးသောအခါ ဦးအံ့ကျော်က "ဟုတ်တယ် ဒီအသံပဲ... ကျုပ် မကြာ မကြာ ကြားနေရတာ ဒီအသံအစစ်ပဲ..."ဟု ပြောကာ ဟက်ဟက်ပက်ပက် ရယ်မောလျက်ပင် ရှိလေသည်။ သို့သော် ဂါတ်တဲသို့ရောက်၍ ကောင်းစွာ သတိရလာသောအခါ ဦးအံ့ကျော်မှာ ယူကျုံးမရဖြစ်ကာ ပြင်းစွာ ငိုကြွေးရှာတော့၏။

အထက်ပါ ဦးအံ့ကျော်၏အမှုကို ရုံးသို့ စွဲဆိုတင်ပို့သောအခါ တူမဖြစ်သူ မလှရီ၊ အိမ်စေ မြမောင်နှင့်တကွ ဒေါ်မြခင် မသေမီက စုံစမ်းခဲ့ဖူးသော အိမ်နီးချင်းများ၊ ဝတ်လုံ ဦးတင်မောင်နှင့်တကွ စိတ္တဗေဒပါရဂူကြီး ဒေါက်တာမြဘူးတို့ကပါ သက်သေခံကြရ၏။

တရားသူကြီး၏ စီရင်ချက်၌ ဦးအံ့ကျော်မှာ ဒေါက်တာမြဘူး၏ အစစ်ခံချက်အရ ထူးဆန်းသော စိတ္တဇရောဂါရှိကြောင်း၊ ထိုရောဂါမှာ စစ်တပ်ထဲမှ ထွက်လာသည့် အချိန်ကပင် ပါလာဟန်တူကြောင်း၊ ၎င်းမှာ တစ်စုံတစ်ခုကို အပြင်းအထန် စွဲလမ်းနေခြင်းဖြစ်၍ ထိုစွဲလမ်းမှုသည်လည်း အမြဲတစေဖြစ်ပေါ်နေခြင်း မဟုတ်၊ ရံဖန်ရံခါသာ ဝင်ရောက်လာတတ်ကြောင်း၊ သို့သော် တစ်ခါတစ်ရံတွင် အချိန်မှန် ဝင်ရောက်တတ်သည်ဆိုကြောင်း၊ ဦးအံ့ကျော်သည် လူရိုးလူအေးတစ်ယောက်ဖြစ်၍ ဇနီးသည် ဒေါ်မြခင်ကိုလည်း အလွန်ချစ်ခင်သူဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေါ်မြခင်အား ဓားမြှောင်ဖြင့် ထိုးသတ်စဉ်က ထိုရောဂါ အမြင့်ဆုံးဒီဂရီသို့ တက်နေချိန်တွင် သတ်သည်ဟု ယူဆရန် အကြောင်းရှိကြောင်း၊ ဒေါက်တာမြဘူး၏ ထွက်ဆိုချက်အရ ထိုရောဂါ တက်နေသည့်အချိန်တွင် "အမှားအမှန် ဝေဖန်ပိုင်းခြားတတ်သည့်ဉာဏ်" လုံးဝကင်းမဲ့နေတတ်ကြောင်း၊ တရားခံ၏ အပြုအမူမှာ ယင်းကဲ့သို့ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်သည့် ဉာဏ်နှင့် ဆင်ခြင်တုံတရား ကင်းမဲ့နေချိန်တွင် ကျူးလွန်ခြင်းဖြစ်သည်ဟု ရုံးတော်က ယူဆကြောင်း၊ သို့ဖြစ်၍ တရားခံအား စိတ္တဇဆေးရုံသို့ ပို့ရန် ညွှန်ကြားကြောင်းဖြင့် ရေးသားဖော်ပြထားလေသည်။


**ကာနယ်ဇင်းမဂ္ဂဇင်း**

**၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ**

●

**ဒဂုန်ရွှေမျှား**

Quality Publishing House


စိတ်နှင့်